
# မြတ်ဘုရားရွှေတိဂုံ





မြတ်ဘုရား ရွှေတိဂုံ

# မြတ်ဘုရားရှေ့တိုရံ

မောင်ဆုရှင်

ရေးသည်

စာပေဗိမာန်

၁၉၇၂ ခု၊ အုပ်ရေ ၁၁၅၀၀

ရန်ကုန်မြို့၊ ၅၂၉-၅၃၁ ကုန်သည်လမ်း၊ စာပေဗိမာန် အုပ်ချုပ်ရေးအဖွဲ့၊
အုပ်ချုပ်ရေးမှူး ဦးထင်ကြီး (မှတ်ပုံတင်အမှတ် ၀၄၈၀) က တာဝန်ခံထုတ်ဝေသည်။

ဘာသာရေးဆိုင်ရာ စာပေခွင့်ပြုချက် အမှတ် ၅၇၇၀

စာပေဗိမာန်ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၃၂) ၃၆၁-ပြည်လမ်း၊
ရန်ကုန်မြို့တွင် ဦးကျော်အုံးက ရိုက်နှိပ်သည်။

# မာတိကာ


နိဒါန်း

ကျေးဇူးတင်လွှာ

| | | |
|---|---|---|
| ၁။ | အံ့ချီးဘွယ် ရွှေတိဂုံ | ၁ |
| ၂။ | ရွှေတိဂုံသမိုင်း | ၂၀ |
| ၃။ | ရှေးခေတ်ရွှေတိဂုံ | ၃၉ |
| ၄။ | ခေတ်သစ်ရွှေတိဂုံ | ၆၃ |
| ၅။ | ကမ္ဘာကျော် ဗိသုကာလက်ရာ | ၁၄၇ |
| ၆။ | မြန်မာ့ လူမှုရေးအချက်အချာ | ၁၇၆ |
| ၇။ | ထိန်းသိမ်းစောင့်ရှောက်ရေး | ၂၁၇ |
| ၈။ | ရင်ပြင်တော်လမ်းညွှန် | ၂၃၉ |
| | နိဂုံး | ၂၉၃ |


## နောက်ဆက်တွဲ


| | | |
|---|---|---|
| ၁။ | နိုင်ငံခြားအသံလှယ်အမည်နှင့်ဝေါဟာရများ | ၂၉၉ |
| ၂။ | စေတီတော်ဆိုင်ရာ ကိန်းဂဏန်းများ | ၃၀၂ |
| ၃။ | ဘာသာရေးနှင့် စောင့်ရှောက်ရေး အသင်းအဖွဲ့များ | ၃၀၅ |
| ၄။ | စေတီတော် သမိုင်းရက်စွဲများ | ၃၀၇ |
| ၅။ | ရွှေတိဂုံပွဲစာများ | ၃၂၀ |
| ၆။ | မှတ်စုများ | ၃၃၇ |
| | ကျမ်းကိုးစာရင်း | ၃၄၆ |
| | အက္ခရာဝလိ | ၃၅၀ |

# နိဒါန်း

မြန်မာနိုင်ငံတွင် အကျော်တပါးဖြစ်သော ကမ္ဘာသိထင်ရှားသည့် ရွှေတိဂုံစေတီတော်မြတ်ကြီး၏ အကြောင်းကို စာတအုပ်ပြုစု၍ ထုတ်ဝေပါသည်။

ယင်းသို့ ထုတ်ဝေရာတွင် ဗုဒ္ဓဘာသာဝင် တိုင်းရင်းသားအပေါင်းတို့ ကြည်ညိုသဒ္ဓါပွားနိုင်စိမ့်သောငှာရင်း၊ ဗုဒ္ဓဘာသာဝင်မဟုတ်သည့် ယဉ်ကျေးမှု သုတေသီများအတွက်လည်း လေ့လာ ဆည်းပူးရာ၌ အထောက်အကူ ဖြစ်စိမ့်သောငှာရင်း အတတ်နိုင်ဆုံး ပြည့်စုံအောင် စုဆောင်းအားထုတ် ရေးသား၍ တင်ပြထားပါသည်။ ထို့ကြောင့် ဤစာအုပ်၌ ဘုရားသမိုင်းပါ ရွှေတိဂုံစေတီတော်အကြောင်းကိုရင်း၊ မြန်မာနိုင်ငံသမိုင်းနှင့်ယှဉ်သော စေတီတော်မြတ်ကြီး၏ ခေတ်သစ်သမိုင်းကိုရင်း ရေးသားတင်ပြပါသည်။

ရွှေတိဂုံ စေတီတော်ကြီးသည် မြန်မာနိုင်ငံသူ နိုင်ငံသားတို့၏ လောကုတ္တရာရေးအတွက် အားထားမှီခို ကြည်ညိုဆည်းကပ်ရာသာမကသေး၊ လောကီရေးတွင်လည်း အရိပ်အာဝါသပေးရာ ခိုလှုံရာ အချက်အချာ နေရာကြီးဖြစ်ကြောင်းကို မြန်မာ ပြည်သူ ပြည်သားတို့၏ နယ်ချဲ့ဆန့်ကျင်ရေး အမျိုးသား လွတ်မြောက်ရေးသမိုင်းနှင့်ယှဉ်၍ ဖော်ထုတ် တင်ပြထားပါသည်။

ထို့ပြင်တဝ မြန်မာဗိသုကာလက်ရာမှန် အဆောက်အအုံကြီးအဖြစ် မြန်မာနိုင်ငံသားတို့ ခေတ်အဆက်ဆက် ပြုပြင်ခဲ့ကာ လက်ရာမြောက် တည်ထားခဲ့ကြသည့်အကြောင်းကို ထင်ရှားစေရန် ဗိသုကာ ဆိုင်ရာအခန်းတွင် တင်ပြထားပါသည်။

စေတီ ရင်ပြင်တော် မြေသို့ အဖူးအမြော်ရောက်သူတို့အတွက် စုံစေ့အောင် ဖူးမြော်ရင်း လှည့်ပတ်ကြည်ညို လေ့လာနိုင်ရန် ဘုရားဖူး လမ်းညွှန်တရပ်ကိုလည်း တခန်းဖွဲ့၍ ရေးသားထားပါသည်။

စာအုပ်၏ နောက်ဆက်တွဲ၌ ဤ စေတီတော်ကြီးနှင့်ပတ်သက်သော အတိုင်းအတာ အချက်အလက်များကို လွယ်လင့်တကူ သိရှိနိုင်ရန် စာရင်း ဂဏန်းများကိုရင်း၊ သမိုင်းရက်စွဲများနှင့် မှတ်စုများကိုရင်း၊ စောင့်ရှောက်ရေး အသင်းအဖွဲ့များ စာရင်းကိုရင်း၊ စေတီတော်ကြီးကို ကြည်ညိုရင်း ပညာရှိများ ဖွဲ့ဆိုဦးခိုက်ခဲ့သောကဗျာလင်္ကာများကိုရင်း လက်လှမ်းမှီသမျှ စုဆောင်းတင်ပြပါသည်။ ရုပ်ပုံ၊ မြေပုံများမှာ ဘုရားဖူးတို့ လေ့လာ ကြည်ညိုရန်နှင့် လမ်းညွှန်အဖြစ် အသုံးချရန် သီးခြားထည့်သွင်း၍ထားပါသည်။

# ကျေးဇူးတင်လွှာ

ပြည်ထောင်စု မြန်မာနိုင်ငံအစိုးရ၊ ပြန်ကြားရေးဝန်ကြီးဌာနက မြတ်ဘုရားရှေ့တော်ကို စာအုပ်ပြုစုထုတ်ဝေရေးကို စီစဉ် ဆောင်ရွက်ခဲ့ရာတွင် အချက်အလက် ရှာဖွေစုဆောင်းခြင်းမှ အစ ဓာတ်ပုံရိုက်ကူးခြင်း၊ အကြံဉာဏ်ပေးခြင်း၊ ပုံနှိပ်ခြင်းတို့အထိ စာအုပ်ဖြစ်မြောက်ရေးတွင် ပါဝင်ကူညီခဲ့သူ အားလုံးအား အထူး ကျေးဇူးတင်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

အထူးသဖြင့် စာအုပ်ပြုစုရန် ညှိနှိုင်းစီစဉ်ရာတွင် ပြန်ကြားရေး ဝန်ကြီးဌာနမှ ဒု-ဗိုလ်မှူးကြီး တင်ထွန်းအမှူးပြုသော ကော်မီတီ၌ ပါဝင်ဆောင်ရွက်ခဲ့ကြသော ဦးဝင်းဖေ (ဝန်ကြီးချုပ်ရုံး)၊ ဒေါက်တာအောင်ကြီး (ရန်ကုန် စက်မှုတက္ကသိုလ်)၊ ဦးမျိုးမြင့်စိန် (ရန်ကုန် စက်မှုတက္ကသိုလ်)၊ ဒေါ်ကြန် (မြန်မာနိုင်ငံသမိုင်း ကော်မီရှင် ဦးစီးဌာန)၊ ဦးအောင်သော် (ရှေးဟောင်း သုတေသန ဦးစီးဌာန)၊ ဦးသန်းထွတ် (ယဉ်ကျေးမှုဗိမာန် ဦးစီးဌာန)၊ ဦးစောအောင် (ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း ကော်ပိုရေးရှင်း)၊ ဦးထင်ကြီး၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း ကော်ပိုရေးရှင်း (စာပေဗိမာန်)၊ ဦးကျော်အုံး၊ ပုံနှိပ်ရေးနှင့် စာအုပ် ထုတ်ဝေရေး လုပ်ငန်း ကော်ပိုရေးရှင်း (စာပေဗိမာန်)၊ ဦးမဏိ (ပုံနှိပ်ရေးနှင့် စာအုပ် ထုတ်ဝေရေး လုပ်ငန်း ကော်ပိုရေးရှင်း)၊ ဦးလှမြိုင် (လုပ်သား ပြည်သူ့နေ့စဉ် သတင်းစာတိုက်)၊ ဦးမျိုးသန့်၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း ကော်ပိုရေးရှင်း (စာပေဗိမာန်)၊ ဦးသန်းဖေ (သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း ကော်ပိုရေးရှင်း)၊ ဦးမြင့်ကြွယ် (ပြန်ကြားရေးဝန်ကြီးဌာန)တို့အား ကျေးဇူးတင်ရှိပါသည်။

အထက်ပါ ကော်မီတီ၏ ဦးဆောင်မှုဖြင့် အဖွဲ့ဝင်တဦးဖြစ်သူ ဦးမျိုးသန့်(မောင်ဆုရှင်) က ပြုစုရေးသားပါသည်။ ပြုစုရေးသားပြီးသော စာမူမှ အစိတ်အပိုင်းအချို့ကို ဖတ်ရှုလျက် ဆွေးနွေးခွင့်ပေးသော ဆရာ ဦးသိန်းဟန် (ဇော်ဂျီ)အားရင်း၊ ပန်းချီ ဦးနန်းဝေအားရင်း၊ သိလိုသောအချက်အချို့ကို မိန့်ကြားသော မင်းကွန်းဝိဟာရကျောင်းမှ ဘုန်းတော်ကြီး ဦးသီဟ၊ (ဗိသုကာ ဆရာဆိုင်၏သား လူအမည် ဦးသက်တင်) အားရင်း၊ သမိုင်းအချက် အလက်အချို့နှင့် မွန်ဘာသာ အသုံးအနှုန်းများကို ကူညီရှင်းလင်းပေးသော ယဉ်ကျေးမှု ဦးစီးဌာနမှ နိုင်ပန်းလှ နှင့် ဦးမောင်စိန်တို့အားရင်း ကျေးဇူးတင်ရှိပါသည်။

# ကျေးဇူးတင်လွှာ

လိုအပ်သော စာအုပ်စာတမ်းများကို ရှာဖွေငှားရမ်းသော တက္ကသိုလ်များ ဗဟို စာကြည့်တိုက်မှ ဦးသော်ကောင်းအားရင်း၊ စာမူကို ပြုစုစဉ်က ဗုဒ္ဓသာသနိကကျမ်းများမှ အချက်အလက်များကို ရှာဖွေပေး၍ စက်တင်ပုံနှိပ်ရာတွင် အထူးလုံ့လပြု၍ ဖတ်ရှုစစ်ဆေးပေးသော ဦးသိန်းနိုင် (စာပေဗိမာန်)အားရင်း၊ စာအုပ်အဆင်အပြင် သရုပ်ဖော်ရာ၌ကူညီသော ဦးခင်ဦး (စာပေဗိမာန်)နှင့် အဖွဲ့အားရင်း ကျေးဇူးတင်ပါသည်။

စေတီတော်ကြီး၏ ဓာတ်ပုံများကို ရိုက်ကူး မှတ်တမ်းတင် ခဲ့ကြသူများတွင် ဦးမောင်မောင်လေး (ခင်လေးမောင်)၊ ရန်ကုန်စက်မှုတက္ကသိုလ်မှ ဦးမျိုးမြင့်စိန်၊ ဦးကောင်းညွန့်၊ လုပ်သားပြည်သူ့နေ့စဉ်သတင်းစာမှ ဦးအေး၊ ဦးလှမြင့်၊ ဦးသန်းအောင်၊ ဦးသာဦးမောင်၊ ဦးစိုးမြင့်၊ ဦးသိန်းကြည်၊ ကြေးမုံသတင်းစာမှ ဦးလှအေး၊ ဦးစံဝင်း၊ ဦးခင်မောင်ထွေး၊ ဦးသွင်အေး၊ မြန်ကြားရေးဌာနခွဲမှ ဦးလေးနီ၊ ဦးမောင်မောင်စိုး၊ ဦးတင်အေး၊ ဦးမြ၊ ဦးလှအေး၊ ဦးစံဝင်း၊ ဦးခင်မောင်ထွေး၊ စာပေဗိမာန်မှ ဦးထင်ကြီး၊ ကိုမောင်မောင်အုန်းတို့အား ကျေးဇူးတင်ရှိပါသည်။ ရောင်စုံပုံများကိုရိုက်ကူးပေးသော ဦးသွင်အေး (ကြေးမုံ)၊ ဦးမောင်မောင်တင်၊ ဦးတင်မောင်အေးနှင့် ကူညီစုဆောင်းပေးသော ဦးခင်မောင်ကြီး (ရုပ်ရှင်မြင့်တင်ရေး) တို့အားလည်း ကျေးဇူးတင်ရှိပါသည်။ ရုပ်ပုံ ဓာတ်ပုံများကို ငှားရမ်းကူညီသော အမျိုးသားစာကြည့်တိုက်၊ တပ်မတော်မော်ကွန်းတိုက်၊ မြန်မာနိုင်ငံသမိုင်းကော်မရှင် ဦးစိုးဌာနနှင့် မြူနီစပါယ်မင်းကြီးဟောင်း ဦးထွန်းအုံတို့အားလည်း ကျေးဇူးတင်ရှိပါသည်။

ထိုမှတပါး စေတီတော်ကြီးအား ထီးတော် စစ်ဆေးပြုပြင်စဉ်က ပါဝင်ကူညီ၍ ဉာဏ်တော် အတိုင်းအတာများ တိုင်းတာခြင်း၊ ဆည်းလည်းများ စစ်ဆေးမှတ်တမ်းတင်ခြင်းတို့ကို ပြုလုပ်ခဲ့ကြသည့် အသင်းအဖွဲ့ ဌာနအသီးသီးတို့အားလည်း ယင်းတို့ စစ်ဆေး လေ့လာကြည့်ရှုခဲ့သည့် အချက်အလက်များကို ဤစာအုပ်တွင် ထည့်သွင်း အသုံးပြုနိုင်ခဲ့သဖြင့် ကျေးဇူးတင်ရှိပါသည်။

ရွှေတိဂုံ စေတီတော်မြတ်ကြီး၏ သမိုင်းကို ရေးသားပြုစုရာတွင် လိုအပ်သော အကူအညီများကို ဂရုတစိုက်ပေးခဲ့သော စေတီတော် ဂေါပကအဖွဲ့ကြီးအားလည်း လေးမြတ်စွာ ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်ပါသည်။

မြန်ကြားရေးဝန်ကြီးဌာန

# တောင်းဆုပြည့်စုံ ရွှေတိဂုံ

ရွှေထီးတင်၍၊ ရွှေစင်ရောင်လျှံ၊
ရွှေပြားမံလျက်၊ ထက်ယံတိမ်ခွင်၊
ကောင်းကင်ဝင်းဝင်း၊ မိုးလုံးလင်းမျှ၊
နေမင်းစကြာ၊ သူရိယာလျှင်၊
ထွန်းဝါပြောင်ပြောင်၊ ခြည်တထောင်နှင့်၊
တိမ်မှောင်လင်းပျောက်၊ ပြန်လာရောက်သို့၊
ကျော်ချောက်နတ်ရွာ၊ ဗြဟ္မာကစ၊
ထိုမှအများ၊ သုံးဘုံသားတို့၊
ခုနစ်ပါးရတနာ၊ ကိုယ်စီပါလျက်၊
များစွာဖျော်ဖျော်၊ ပူဇော်ကြလှာ၊
လိုရာယူလိုင်း၊ ဆုကြီးခိုင်းက၊
တောင်းတိုင်းပြည့်စုံ၊ တန်ခိုးဖုံသည်၊
တိဂုံစေတီ လှ၏တည်း။ ။

— ရွှေတိဂုံပျို (ပေမူ)

အခန်း ၁

# အံ့ချီးဘွယ် ရွှေတိဂုံ

လေးဆူဓာတ်ပုံရွှေတိဂုံ စေတီတော်ကြီးသည် ဗုဒ္ဓဘာသာဝင်တို့၏ အထွတ်အမြတ်ထားရာဖြစ်သည်။ ထို့ပြင် မြန်မာနိုင်ငံ၏ ကျက်သရေဆောင် အဓိက အဆောက်အအုံ တခုလည်း ဖြစ်ပေသည်။

ဤ ဘဒ္ဒကမ္ဘာ၌ပွင့်ခဲ့ပြီးသော ဘုရားလေးဆူတို့၏ ဝတ္ထုပစ္စည်းများနှင့်ဆံတော်ဓာတ်တို့ ကိန်းအောင်းရာ ဖြစ်သောကြောင့် လေးဆူဓာတ်ပုံ ရွှေတိဂုံ ဟူ၍ ခေါ်ဝေါ်ကြခြင်းဖြစ်သည်။

နိုင်ငံ၏ဗဟိုအချက်အချာဖြစ်သော ရန်ကုန်မြို့တွင် တည်ရှိသည့်အလျောက် ပင်လယ်ရေကြောင်းမှဖြစ်စေ၊ လေကြောင်းမှဖြစ်စေ ရန်ကုန်မြို့တော်သို့ ငေ၁ရောက်ကြသော ခရီးသွားများသည် ပဲခူးရိုးမတောင်စွယ်ပေါ်တွင်တည်ထားလျက်ရှိသော ရွှေတိဂုံစေတီတော်ကြီးကို မိုင် ၃၀ ခန့်အကွာအဝေးမှပင် မြင်တွေ့နိုင်လေသည်။

စေတီတော်ကြီးသည် ပြည်တွင်းပြည်ပ ထွက်ဝင်သွားလာကြသူတို့အား "ဤဌာနေကား မြန်မာတိုင်းရင်းသားတို့မှီတင်းရာမြေ" ဟူ၍ ခရီးရောက်မဆိုက်ပြောကြားနေသယောင်ရှိသည်။ တောအုပ်စိမ်းစိမ်းထက်မှ ရွှေရောင်တဝင်းဝင်းဖြင့် ပကတိ တင့်တယ်လျက်ရှိသောစေတီတော်မှာ အဝေးမှကြည့်လျှင် တိမ်ဗိုက်ာန်တို့ ဆိုင်းကြက်ထားသော ပန်းချီကားချပ်ကြီးနှင့်လည်း တူပေသည်။



စေတီတော်ကြီး၏ အရှေ့မုခ် အာရုံခံ တန်ဆောင်းရှေ့မှ လွန်ခဲ့သော နှစ်ပေါင်း ၁၅၀ ခန့်က ပန်းချီ ရေးဆွဲထားသော အင်္ဂလိပ်ပန်းချီဆရာတဦး၏ အမြင်

ဤ စေတီတော်မြတ်နှင့် ဤ ရေမြေတောတောင် နောက်ခံတို့၏ စပ်ဟပ်လျက်ရှိသော ရှုခင်းကိုမြင်ရသူတို့သည် မြင်စဉ်ခဏ၌ပင်လျှင် စိတ်ချမ်းမြေ့ခြင်းပီတိကို ခံစားရပေလိမ့်မည်။ ထိုမှတပါးမြန်မာ့သဘာဝ၊ မြန်မာ့ဓလေ့စရိုက်တို့နှင့် စပ်လျဉ်း၍ တွေးကြံ မျှော်ခေါ်ကြည့်လိုလျှင် ဤရှုခင်းမှ သိသာထင်ရှားသော သဘော သရုပ်တို့ကို မလွဲမသွေ ထင်မြင် ဆင်ခြင်မိလာနိုင်ပေသည်။

ထိုသဘောသရုပ်တို့ကား အဘယ်အရာများ ဖြစ်ပါသနည်း။

တိဂုံဆံတော်ရှင်သည် သိင်္ဂုတ္တရတော်အပြည့်အဝဖြင့် ငြိမ်းချမ်းတည်ကြည်သော အသွင်ကို ဆောင်ကာ ရပ်တည်လျက် ရှိခြင်း၊ ရွှေရောင် ပြောင်ဝင်းသော ကိုယ်တော်၌လွတ်လပ်ပြည့်ဖြိုးသော သဘောလက္ခဏာ ပေါ်လွင်နေခြင်း၊ ထို့အတူ ပြေပြစ်စည်းလုံးသည့် ပုံသဏ္ဌာန်အနေ အထားမှာလည်း ထင်ရှားလျက် ရှိနေခြင်းတို့ဖြစ်သည်။

ဤကဲ့သို့ စေတီတော်ကြီး၏ ငြိမ်းချမ်းခြင်း၊ လွတ်လပ်ခြင်း၊ စည်းလုံးခြင်းသဘောလက္ခဏာများကို ရန်ကုန်မြို့တော်ဝန်းကျင်မှ လုပ်သားပြည်သူတို့သည်၎င်း၊ မြန်မာနိုင်ငံအညာအကြေ အရှေ့အနောက်မှ အခါအခွင့်ရသလို လာရောက်ဖူးမြော်ကြသော တိုင်းရင်းသားလူမျိုးပေါင်းစုံတို့သည်၎င်း သဘောပေါက်မိကြမည်သာဖြစ်သည်။ သဘော မပေါက်သေးလျှင် သဘောပေါက်စေအောင် ဤစေတီတော်ကြီးက တည်ငြိမ်စွာရပ်တည်ရင်း ဖော်ပြလျက်ရှိသည်ဟု ယူမှတ်ဘွယ်ရာဖြစ်ပေသည်။

ထို့ကြောင့် တိဂုံဆံတော်ရှင် စေတီမြတ်သည် မြန်မာနိုင်ငံတွင် ကိုးကွယ်ယုံကြည်မှုတရပ်၏ အမှတ်အသားသာမဟုတ်။ မြန်မာ့အားမာန်၊ မြန်မာ့သရုပ်၊ မြန်မာ့မျှော်မှန်းချက်တို့ကိုလည်း ဖော်ပြနေသည်ဟု ဆိုထိုက်လှပေသည်။

## ဧည့်သည်တို့အမြင်


### ဦးစွာ မှတ်တမ်းတင်ခဲ့သူတဦး

ဤစေတီတော်ကြီးသို့ အဖူးအမြော် အလေးအမြတ်ပေးရန် ရောက်ရှိခဲ့သူတို့သည် မိမိတို့၏ ထင်မြင်ချက်များကို မှတ်တမ်းရေးထားခဲ့ကြသည်။ ကဗျာလင်္ကာများ ရေးဖွဲ့ခဲ့ကြသည်။

ဥရောပတိုက်သားတို့က ရေးသားခဲ့ကြသော မှတ်တမ်းများတွင် ၎င်းတို့ချက်ဝါး ထင်ထင် ရှုမြင်ခဲ့ရသော ရွှေတိဂုံစေတီတော်ကြီး အကြောင်းကို ဖော်ပြရာ၌ ''ကမ္ဘာပေါ်တွင်အလှပဆုံးနေရာဌာန ဖြစ်ပါပေသည်'' ဟူ၍၎င်း၊ ''နိုးကြွ၍ တဖျပ်ဖျပ် တောက်ပလျက်ရှိသော အံ့ဘွယ်တရပ်'' ဟူ၍၎င်း၊ ''သိင်္ဂါရွှေရည်မင်းသမီးတပါး'' ဟူ၍၎င်း၊ ''အလျှံညီးညီးဖြစ်သော ပိရမစ် အဆောက်အအုံကြီး '' ဟူ၍၎င်း တင်စားပြောဆို၍ အံ့ချီးမကုန်ဖြစ်ခဲ့ကြသည်။

နိုင်ငံခြားသားထဲမှ မြန်မာနိုင်ငံသို့ရောက်ရှိလာပြီး ရွှေတိဂုံစေတီတော်၏ အကြောင်းကို ဦးစွာရေးသား မှတ်တမ်းတင်ခဲ့သူတဦးမှာ ဂတ်စပရိုဗာလဗီ ဖြစ်သည်။ ဗာလဗီသည်

စေတီတော် ဘိနပ်တော်ရင်းမှ မနုဿီဟနှင့် ခြင်္သေ့ရုပ်တို့ကို
နှစ်ပေါင်း ၁၂၀ ခန့်က မြင်ရသော ဓာတ်ပုံ



ခရစ်နှစ် ၁၅၈၃ ခု၊ နိုဝင်ဘာလဆန်းတွင် ဒလ(တွံတေး)မှတဆင့် ရန်ကုန်သို့ ရောက်ရှိလာပြီး ရွှေတိဂုံစေတီတော်ရင်ပြင်သို့ တက်ရောက်ခဲ့သည်။ မြစ်ဆိပ်မှအတက်တွင် လက်ဝဲလမ်းနှင့် လကျာ်လမ်းနှစ်သွယ် ရှိသည့်အနက် လက်ဝဲလမ်းကိုလိုက်လျှင် ''ဒဂုန်'' ဘုရားကြီးသို့ ရောက်ကြောင်း၊ ဘုရားကြီး၏ ရင်ပြင်သို့ရောက်ရန် လှေကားထစ်ပေါင်း ၉၀ ရှိသည့် လှေကားနှစ်ဆင့်ကို တက်ရကြောင်း။ အောက်ဖက်လှေကားထိပ်တွင် ကျောက်ခြင်္သေ့ကြီး နှစ်ကောင် ရှိကြောင်း၊ အထက်ဖက် လှေကားထိပ်တွင် ကျောက်ဖြင့် ထုလုပ်ထားသည့် နတ်ရုပ်များ ရှိကြောင်း၊ စေတီကြီးကို ရွှေချထားကြောင်း၊ ဘုန်းတော်ကြီးများ တရားဟော ရာစရပ်တွင် အတွင်း အပြင် ရွှေပိန်း ချထားကြောင်း၊ နှစ်စဉ်ကျင်းပသော ဘုရား ပွဲတော်မှာ အလွန်စည်ကားပြီး ဘုရားပွဲတော်ဈေးမှာ ကုန်မျိုးစုံကြောင်း၊ ဘုရင်၊ မိဖုရားတို့ ကိုယ်တိုင် ကြွရောက်သောပွဲဖြစ်ကြောင်း၊ ရင်ပြင်တော်ပေါ်တွင် ရွှေချထားသော တန်ဆောင်းထဲ၌ ခေါင်းလောင်းကြီး တခုကိုလည်း တွေ့ရကြောင်းတို့ကို မှတ်တမ်းတင် ထားခဲ့သည်။

အီတလီပြည်၊ ဗင်းနစ်မြို့သား ဗာလဗီနှင့် တချိန်တည်းလိုလိုတွင် ရောက်ရှိခဲ့သော အင်္ဂလိပ်အမျိုးသား ရပ်ဖစ်ချ် ကလည်း ''ပဲခူးမှနှစ်ရက်ခရီးသွားရသော ဒဂုန်ဘုရားကြီး'' အကြောင်းကို မှတ်တမ်းတင်ခဲ့သည်။

ရပ်ဖစ်ချ်က ''ပဲခူးသားတို့ ဘုရားဖူးသွားရာဖြစ်သော ဒဂုန်ဟုခေါ်သည့် ဘုရားကြီး သည် အံ့သြလောက်အောင် ကြီးမားသည်။ အထက်မှ အောက်ခြေအထိ ရွှေချထားသည်။ ၎င်း၏အနီးတွင် ဘုန်းကြီးများတရားဟောရာဖြစ်သော အိမ်တအိမ် (စရပ်)ရှိသည်။ အနီး အနားတွင် ဘုရားဖူးများ လဲလျောင်းနားနေနိုင်သော လှပသည့်အိမ်များရှိသည်။ တရား ဟောရန် အခြားအိမ်ကောင်းများလည်း ရှိသေးသည်။ ၎င်းတို့အထဲတွင် ယောကျာ်းရုပ်၊ မိန်းမရုပ် အားလုံးကို ရွှေချထားသည်။ ကျွန်ုပ်၏အထင်အားဖြင့် ကမ္ဘာပေါ်တွင်ရှိသမျှ နေရာ ဒေသများအနက် အလှပဆုံးဖြစ်သည်။ ၎င်းသည် အလွန်လည်းမြင့်မားသည်။ ဘုရား ကြီးသို့တက်ရန် လမ်းလေးသွယ်ရှိရာ၊ လမ်းများတလျှောက်တွင် သီးစားပင်များတန်း၍ စိုက်ထားသဖြင့် နှစ်မိုင်ခန့်ခရီးကို အရိပ်ထဲမှ လျှောက်သွားနိုင်သည်'' ဟူ၍ ရေးသားထားခဲ့ လေသည်။

ခရစ်နှစ် ၁၇၉၅ ခု၊ ဧပြီလတွင် ရောက်ရှိလာသော အင်္ဂလိပ်သံ မိုက်ကယ်ဆိုင်းက စေတီတော်ကြီး၏ ကြီးကျယ်ခမ်းနားပုံကို မှတ်တမ်းတင်ခဲ့ရာတွင်

ရန်ကုန်မြို့၏မြောက်ဖက် နှစ်မိုင်ခွဲခန့်တွင် ခန့်ညားတင့်တယ်သော အဆောက် အအုံကြီးဖြစ်သည့် ရွှေတိဂုံစေတီတည်ရှိ၏။ စေတီတော်အား ရှုချင့်

ဟီရမ်ကောက် ကြုံခဲ့သော ဘုရားပွဲနေ့

စဘွယ်ဖြစ်အောင် လှပတင့်တယ်စွာ အမျိုးမျိုးမွမ်းမံထားသည်။ ရင်ပြင်တော်တွင် ကျောက်ပြား အပြည့်ခင်းထားသည်။ တောင်ကုန်းသည် ထိုနေရာတွင် အမြင့်ဆုံးဖြစ်သည်။ ကုန်းကိုတက်ရန် ကျောက်လှေကားထစ် ၁၀၀ ကို ပြုလုပ်ထားသည်။ ထီးတော်ကို ရွှေအပြည့်ချထားသဖြင့် နေရောင်တွင် တဝင်းဝင်းနှင့် ရှုမောဘွယ်ဖြစ်သည်။ ကုန်းတော်ပေါ်မှ မြင်ရသော ပတ်လည်ဝန်းကျင် ရှုခင်းကား လှပ၏။ ဆိပ်ကမ်းမှ စေတီတော်သို့ သွားသောလမ်းမကျယ်ကြီးကို မိုးရေမဝပ်စေရန် အလယ်ကမြင့်ထားပြီး ဘေးတဖက်စီတွင် ဆင်ခြေလျှောပြုပြီး သေချာစွာ ဖောက်လုပ်ထား၏။ လမ်းဘေးနှစ်ဖက်တွင် မရေမတွက်နိုင်သော စေတီငယ်များအပြင် ဘုန်းကြီးကျောင်းများရှိ၏။

စသည်ဖြင့် မှတ်တမ်းတင်ခဲ့လေသည်။

မိုက်ကယ်ဆိုင်း၏နောက် ခရစ်နှစ် ၁၇၉၆ ခု၊ နိုဝင်ဘာလတွင် ရောက်ရှိခဲ့သော အင်္ဂလိပ်သံ ဟီရမ်ကောက် ကလည်း ရွှေတိဂုံစေတီတော်၏အကြောင်းကို မှတ်တမ်းရေးခဲ့ဘူးသည်။

ဟီရမ်ကောက်သည် ရွှေတိဂုံဘုရားပွဲနေ့နှင့် ကြုံကြိုက်သဖြင့် ပွဲစားတဦး၏ စီစဉ်ပေးချက်အရ ဘုရားကြီးခြေရင်းရှိ စရပ်တဆောင်ရှေ့မှထိုင်၍ ဘုရားဖူးများ ဆင်းကြတက်ကြသည်ကို သွား၍ကြည့်ခဲ့သည်။

ယောကျာ်း၊ မိန်းမ ပရိသတ်များ အလွန်တရာများပြားလှသည်ကို နေထွက်သည်မှ ၁၀ နာရီထိုးသည့်တိုင်အောင်တွေ့ရသည်။ လူတိုင်းတွင်စေတနာသဒ္ဓါတတ်အားရှိသမျှ လှူဘွယ်ဝတ္ထုများကို ကိုင်ဆောင်သွားကြသည်။ အချို့မှာ အဝတ်အထည်၊ ကွမ်းသီးနှင့် ဘုန်းတော်ကြီးများအတွက် လိုအပ်သောအသုံးအဆောင်များကို ပဒေသာပင်သီး၍ ယူဆောင်သွားကြသည်။ အချို့မှာကား ဆင်ရုပ်၊ မိကျောင်းရုပ်၊ ဘီလူးရုပ်များကို စက္ကူဖြင့်ပုံချိုး၍ သယ်ဆောင်သွားကြသည်။ ထိုထိပ်ချွန်းပုံအရုပ်များကို ရောင်စုံစက္ကူဖြင့်ပြုလုပ်ထားပြီး မီးအိုး၊ မီးပန်းများ၊ အဝတ်များ၊ သစ်သီးများကို သပ်ရပ်စွာချိတ်ဆွဲထားကြသည်။ အစိုးရအရာရှိများနှင့် ငွေကြေးတတ်နိုင်သောသူတို့မှာ တီးဝိုင်းအဖွဲ့များကိုရှေ့ကထား၍တက်ကြသည်။ အားလုံးမှာ ဝတ်ကောင်းစားလှနှင့် ဖြစ်သည်။ ပြည်တွင်းဖြစ်

> ပိုးထည်များကို ဝတ်ဆင်ထားကြသည်။ ထိုအထည်များသည် မည်သည့် ဂုဏ်သရေရှိ အသိုင်းအဝိုင်းတွင်မဆို ဝင်ဆံ့ပေလိမ့်မည်။ ထိုသူအားလုံးကို ကြည့်ရသည်မှာ တိုင်းကြီးပြည်ကြီးသားပီသလှသည်။ တိုးဝှေ့ခြင်း၊ နောက်ပြောင်ခြင်းမရှိ၊ အားလုံးသည် ကြည်သာရွှင်ပျ၍ ဣန္ဒြေ သိက္ခာရှိသည်။

ဟု သူမြင်သမျှကို ရေးသားမှတ်တမ်းတင်ခဲ့သည်။ ဟီရမ်ကောက်သည် ညနေချမ်းတွင် တကြိမ် သွားရောက် ကြည့်ရှုသောအခါ ဖယောင်းတိုင်ထုပ် ကိုယ်စီကိုင်၍ ဘုရားကို တက်ကြသော မနက်ပိုင်းကထက် များပြားသည့် ဘုရားဖူးများကို တွေ့ခဲ့ပေသည်။

မြန်မာနိုင်ငံသို့ ခရစ်နှစ် ၁၇၅၂ ခုက ရောက်ရှိလာသော အိန္ဒိယဘုရင်ခံချုပ် လော့ဒ် ဒါလဟိုဇီ၏ မှတ်ချက်တခုတွင် “ကျွန်ုပ်ရောက်ရှိဘူးသမျှ အိန္ဒိယပြည် အနှံ့တွင်ရှိသော အဆောက်အအုံများတွင် တာ့ဂျ်မဟာမှလွဲ၍ သွားရောက်ကြည့်ရှုရန် အကောင်းဆုံးသော နေရာဖြစ်ပေသည်” ဟု ရွှေတိဂုံစေတီတော်ကို ရည်ညွှန်း၍ ပြောဆိုထားလေသည်။

မြန်မာနိုင်ငံ အားလုံးကို အင်္ဂလိပ်တို့ သိမ်းပြီးစ ခရစ်နှစ် ၁၈၈၆ ခု၊ ဖေဖော်ဝါရီ လတွင် ရုရှားပါဠိပညာရှင် မိနေယဖ် ဆိုသူသည် မြန်မာနိုင်ငံသို့ရောက်ရှိ၍ ရွှေတိဂုံစေတီ တော်ကို အဖူးအမြော်တက်သည်။ ၎င်း၏ရေးသားချက်တရပ်တွင်

> ရထား စီးသွားလျှင် ကုန်းတော်ခြေရင်းသို့ ရောက်၏။ လုပ ဆန်းကြယ်စွာ ထုလုပ်ထားသော စောင်းတန်း တလျှောက်တွင် လူမျိုးစုံ တွေ့ရ၏။ ကျစ်ဆံမြီးနှင့် တရုပ်များ၊ ပန်ချာပီစစ်သားများ၊ အင်္ဂလိပ်သင်္ဘော သားများ၊ သီလရှင်များစသည်တို့ကိုတွေ့ရ၏။ ရင်ပြင်တော်တွင် ပါဠိ ဘာသာ၊ အင်္ဂလိပ်ဘာသာကို ကောင်းစွာတတ်သော သီဟိုဠ်ဘုန်းကြီး သုံးပါးနှင့် စကား လက်ဆုံကျ၏။ အရုပ်ဆိုးသည်ကား ကုန်းတော် အနောက်ခြမ်းကိုခံတပ်ပြုလုပ်ထားခြင်းဖြစ်သည်။

ဟူ၍ရေးသားခဲ့လေသည်။

ဤသို့လျှင် မြန်မာနိုင်ငံသို့ ရောက်ရှိခဲ့ကြသော နိုင်ငံခြားသား အများအပြားက ရွှေတိဂုံစေတီတော်အကြောင်းကို ချီးမွမ်းထောမနာ၍ ရေးသားခဲ့ကြသည်။ ရှေးခေတ်က မြန်မာပြည်ကို ရောက်ခဲ့ဘူးသူများသာမဟုတ်၊ အင်္ဂလိပ်လက်အောက်သို့ ရောက်ပြီးနောက်

## နိုင်ငံခြားသားတို့အမြင်

ခေတ်သစ်ပိုင်း ၂၀ ရာစုနှစ်များသို့အဝင်တွင် ရောက်ရှိလာကြသူများကလည်း အလားတူ မှတ်ချက်မှတ်တမ်းများရေးထားခဲ့ကြသည်။

**မိုးသားလွှမ်းသော အရှေ့တိုင်း** ဟူသော အမည်ဖြင့် မြန်မာနိုင်ငံအကြောင်းကို ခရစ်နှစ် ၁၉၀၄ ခုက စာအုပ်ထုတ်ဝေခဲ့သော ဗြိတိသျှအမျိုးသား စကော့အိုကော်နာ ဆိုသူက ''မြန်မာနိုင်ငံတွင် ရှိသမျှအခြားအရာဝတ္ထုပစ္စည်းများ အကယ်၍ပျက်စီးဆုံးပါးသွားသည့်တိုင်အောင် ရွှေတိဂုံစေတီကိုသာ အထင်အရှားကျန်ရစ်အောင် ထိန်းသိမ်းထားနိုင်မည်ဆိုပါက မြန်မာလူမျိုးတို့၏ ဓလေ့စရိုက် အမူအယူများအကြောင်းကို ကမ္ဘာသို့ ပြောပြရန် လုံလောက်သော အရာများ ကျန်ရစ်နေပေလိမ့်ဦးမည်''ဟုဆိုခဲ့လေသည်။

ခရစ်နှစ် ၁၉၀၉ ခု၊ အောက်တိုဘာလတွင် ထုတ်ဝေသော အမေရိကန်ပြည်မှ **အမျိုးသားပထဝီအသင်း မဂ္ဂဇင်း**၌ သောမတ်ဘာတာ ဆိုသူ ခရီးသွားတဦးက ဆောင်းပါးတစောင်တွင် ''မြန်မာပြည် အကြောင်းမှတ်စုများ'' အမည်ဖြင့် ရေးသားထားရာ၌ ''ကမ္ဘာလှည့်ခရီးသည်တဦးသည် အိန္ဒိယပြည်ဖက်မှတဆင့် မြန်မာပြည်သို့ ကူးရာ၌ သပ်ရပ်ရှင်လန်းသော မြန်မာလူမျိုးများကို တွေ့လိုက်ရလျှင် စိတ်မကြည်လင်ပဲ မနေနိုင်ပါ။ အထူးသဖြင့်ထင်ရှားသည့် အပြောင်းအလဲမှာ ရွှေတိဂုံစေတီတော်ကို ဦးစွာတက်ရောက်ဖူးမြော်ရသောအခါ ဖြစ်ပေသည်''ဟုဆိုသည်။

ထိုပုဂ္ဂိုလ်ကပင် ရွှေတိဂုံစေတီတော်အကြောင်းကို ရေးသားရာတွင်''စိမ်းလန်းသောတောင်ကုန်းငယ်အထက်၌ အေးချမ်းသည့် သစ်ရိပ်ဆာယာအောက်တွင် ဗုဒ္ဓဘာသာဝင်တို့ တည်ထားသောအထိမ်းအမှတ်အဆောက်အအုံများအနက် ကြီးကျယ်ခမ်းနားသည့်အဆောက်အအုံတခုရှိသည်။ ယင်းသည် အင်ဒိုချိုင်းနား ဒေသတခွင်တွင် တန်ခိုးအကြီးဆုံးနှင့် အထင်ရှားဆုံးဖြစ်သည်။ မြန်မာနိုင်ငံ၏အနုပညာနှင့် ဗိသုကာလက်ရာများတွင် အဆင့်အတန်းအလွန်မြင့်မားသောလက်ရာတခုဖြစ်ပေသည်''ဟု ဆိုခဲ့ပေသည်။ ထိုစေတီ ''အထုအထည်၏အထွတ်မှာ လန်ဒန်မြို့ရှိ စိန့်ပေါ်ဘုရားရှိခိုးကျောင်းကြီးထက်ပင် မြင့်သေးသည်'' ဟုလည်း ဖော်ပြခဲ့လေသည်။

ဗုဒ္ဓဘာသာဝင် မဟုတ်သော နိုင်ငံခြားသားတို့၏ အမြင်တွင်ပင် ဤမျှ ညွှတ်နူးကြည်ညိုဘွယ်ရှိပါမူ ဗုဒ္ဓဘာသာဝင်ဖြစ်သော မြန်မာ တိုင်းရင်းသား အများစုအတွက်မူကား အထူးဆိုဘွယ်ရာမရှိပေ။ ရွှေတိဂုံစေတီတော်သည် ခေတ်အဆက်ဆက်မှစ၍ ဖူးမြင်ရသူတို့၏ စိတ်နှလုံးကို ယူကျုံးသွေးဆောင်စေသည့် တင့်တယ် သပ္ပါယ်သော အသွင်ကို ဆောင်ခဲ့သည်သာဖြစ်သည်။

# မြတ်ဘုရား ရွှေတိဂုံ

## စာဆိုတို့အမြင်

စာဖွဲ့တတ်သော စာဆိုတို့သည် စေတီတော်ကို အဝေးမှရင်း၊ အနီးမှရင်း၊ ကြည်ညို ဦးခိုက်ရုံဖြင့် အားမရ၊ အခွင့်ရတိုင်း စာဖွဲ့ခဲ့ကြသည်။ ဖွဲ့ကြသော စာများတွင် ဂါထာစီ၍ ထားသော ဘုရားရှိခိုးမှအစ၊ စေတီတော်ဘွဲ့၊ ပိုဒ်စုံရတု၊ လေးချိုး၊ တေးထပ်များနှင့် မယ်ဘွဲ့မောင်ဘွဲ့၊ ဘုရားတိုင်ရတုများအထိ ပါဝင်လေသည်။ အရပ်ထဲနှင့် ပွဲလမ်းသဘင်များတွင် သီဆိုသည့်သီချင်းကဗျာများလည်း ပါဝင်သေးသည်။

စာဖွဲ့သူပုဂ္ဂိုလ်အကျော်အမော်တို့မှ ထင်ရှားသူတို့၏ လက်ရာအချို့ကို ပြရလျှင် မောင်းထောင်သာသနာပိုင်ဆရာတော်၏အဖွဲ့ဂါထာများ၊ နဝဒေးကြီး၊ ဝန်ကြီးပဒေသရာဇာ၊ ကျည်းကန်ရှင်ကြီး၊ စာဆိုတော် ဦးမင်း၊ ကင်းဝန်မင်းကြီး၊ လယ်တီပဏ္ဍိတ ဦးမောင်ကြီး စသူတို့၏ အဖွဲ့ကဗျာများ ဖြစ်သည်။

သက္ကရာဇ် ၁၁၅၅ ခုနှစ်တွင် မောင်းထောင်ဆရာတော်သည် နောက်ပါ ရဟန်းရှင်လူ တထောင်ကျော် ခြံရံလျက် ရွှေတိဂုံစေတီတော်ကို အဖူးအမြော် တက်ရောက်ခဲ့ရာတွင် ဘုရားကြီးအား ကြည်ညိုသောစိတ်ဖြင့်

ယော ဒီပင်္ကရ မူလမှိ၊ ပဒံဟတ္ထဂတံ စဇိ။
သမ္မာ သမ္ဗောဓိ မာကင်္ခံ၊ ဝန္ဒေ တဿ သိရောရုဟံ။

အစရှိသော ပါဠိဘာသာ ထောမနာ ၁၂ ဂါထာကို ရေးဖွဲ့ခဲ့သည်။



## နဝဒေးကြီး၏ ဘုရားဘွဲ့

အစိပ္ပါယ်မှာ

> ဒီပင်္ကရာ ဘုရားရှင် ခြေတော်ရင်း၌ သမ္ဗုဒ္ဓဘုရားဆုကို အလိုရှိတော်မူသည်ဖြစ်၍ လက်တော်သို့ ရောက်လုဆဲသော နိဗ္ဗာန်ချမ်းသာကို စွန့်တော်မူသော မြတ်စွာဘုရား၏ ဆံတော်ခေတ်ကို အကျွန်ုပ် ရှိခိုးပါ၏။

ဟူ၍ ဖြစ်သည်။

ခရစ်နှစ် ၁၅၆၀ ခန့်တွင် ထင်ရှားခဲ့သော တောင်ငူခေတ် စာဆို နဝဒေးကြီးကမူ ရင်းရေးဖွဲ့သော ''ဒဂုံမွေရှင်'' ချီဘုရားတိုင်ရတု၌

> ဒဂုံမွေရှင်၊ သိဂုံကုတ်တွင်၌၊ ရှင်ပင်သာဂ္ဂ၊ ပွင့်သောခါဝယ်၊ ခြောက်ဌာနလှန်၊ တဖန်ရက်စေ့၊ပြည့်သည်နေ့၌၊ကြုံတွေ့လျှင်းအောင်၊ မြတ်ညီနောင်လျှင်၊ ရည်စောင်ကြည်ဖြူ၊ ပျားဆုပ်လှူ၍၊ မဥ္စူဆံမွေ၊ ကိုးကွယ်စေက၊ ထိပ်ဗွေဆောင်ရွက်၊ သည်ဒတောင်ထက်ဝယ်၊ ကျိုက်ပွက်ကြေညာ၊ ကျော်ဝှန်ဝါသား၊ ဌာပနာတွေ၊ တည်ဘွဲ့ပေသည့်၊ ဆံမွေရိုးဗူး၊ သဗ္ဗညုကို....

အစရှိသဖြင့် သိဂုံတ္တရကုန်းတွင် တဖုဿ ဘလ္လိကညီနောင်တို့ ဘုရားထံမှ ယူဆောင်လာသော ဆံတော်များကို တည်ထားကိုးကွယ်ပုံကို ဖွဲ့ဆိုထားပြီးလျှင်၊ ဒုတိယပိုဒ်၌

> မစုံပေချင်၊ ချက်တွေ့မြင်က၊ ရွှေစင်စတော၊ မြေကပ္ပိုးမောက်၊ ပေါက်တို့



ရန်ကုန်မြစ်လယ်မှ မူးမြင်ရသော ရွှေတိဂုံစေတီတော်ကြီး ပုံ ခရစ်နှစ် ၁၈၂၄ ခုနှစ်တွင် ရန်ကုန်မြစ်တွင်းရှိ အင်္ဂလိပ် သင်္ဘောတစင်းပေါ်မှ ကြည့်ရှုရေးဆွဲထားသော ပန်းချီလက်ရာဖြစ်သည်။

သလော၊ တွေးတောမူးမော်၊ အောက်မေ့သော်မူ၊ ရှုမြော်မရဲ၊ တလဲလဲ
လျှင်၊ မစဲမညည်း၊ ရွှေတိလျှံမျှ....

ဟူ၍ စေတီတော်ကြီးအား ရွှေတောင်ကြီး မြေကပေါက်လာဘိသကဲ့သို့ ရှုမြော်ဖူးမြင်၍ မဝနိုင်ပုံကို ရေးသားခဲ့သည်။ နဝဒေးကြီးသည် အခြားဘုရားတိုင် ရတုများတွင်လည်း ဒဂုံဆံတော်ရှင်အကြောင်းကို စာဖွဲ့၍ ကြည်ညိုခဲ့လေသည်။

ဝန်ကြီး ပဒေသရာဇာကမူ

သိင်္ဂုတ္တရ၊ ကုန်းလုမြတ်စွာ၊ အမည်မှာမူ သတ္တာဘုမ္မိ၊ ဘူရိဒတ္တ၊ ပေါက္ခရဝတီ၊
သီဟရာဇာ၊ တမ္ဗာဂုတ္တ၊ တိဂုမ္ဘဟု၊ သတ္တနာမံ၊ ကမ္ဗည်းခံ၏၊
ကုန်းရံကိုးဆယ်၊ ကုန်းကိုးသွယ်ရှင့်....

ဟူ၍ သိင်္ဂုတ္တရကုန်း၏ အမည်ခုနစ်ပါးဖြင့် အစချီလျက် **ရွှေတိဂုံသမိုင်းလင်္ကာ**ကို ခရစ်နှစ် ၁၇၅၁ ခုတွင် ရေးဖွဲ့ခဲ့သည်။

ကျည်းကန်ရှင်ကြီး ရှင်နန္ဒမေဓကလည်း

(၀၁)အမြိုင်အမြိုင် ဆံတော်ရင်းမှာ၊
အပြိုင်အပြိုင် လှူဘွယ်ခင်းလို့၊
အလှိုင်အလှိုင် ပုသ်သီတင်းနှင့်၊
ဝါတွင်းဝါပ ကုသိုလ်ယူ၊
နတ်ရွာနိဗ္ဗူ ဘယ်မှာပုန်းမလဲ၊
တိဟိတ်ကုသိုလ် စဉ်လာထုံးနှင့်၊
ရဟန်းရှင်လူ ယူကာကျုံးချည့်၊
ပလုတ်တုတ်သံ ပြုတ်ပြုတ်ဖြုန်းနှင့်၊
ဆိုင်းသံစည်သံ ညံညံအုန်းစ၊
ပရိသတ်တွေ ခြိမ့်ခြိမ့်အုန်းနှင့်၊
ကြီးကြီး ငယ်ငယ် တမြို့လုံးပင်၊
နိဗ္ဗာန်ယူမည် ယုံကြည်တုန်းမို့၊
နှလုံးမွေ့လျော် ပျော်ဘွယ်ရှိထသော....

စသည်ဖြင့် ရန်ကုန်တဝိုက်နေ လူများ၏ ရွှေတိဂုံတွင် ကုသိုလ်သိလယူကာ ကြည်ညိုဆောက်တည်ကြပုံကို ရေးဖွဲ့ခဲ့သည်။ထိုကဗျာမှာ သိင်္ဂုတ္တရေသခံရမွေ့....စသည်ဖြင့် ကျည်းကန်ရှင်ကြီး

## တိဂုံ စေတီတော် ဆိုင်ရာအမေးအဖြေ

ရေးဖွဲ့ခဲ့သော **ပဏ္ဍာမပတ္ထနာပါဠိဂါထာ**မှ''ရမ္မေ'' ပုဒ်၏အနက် မြန်မာပြန် တစိတ်တဒေသ ဖြစ်လေသည်။

ထို့ပြင် မင်းကွန်းတောရဆရာတော် အရှင်ပဏ္ဍိတသနှင့် မန်လည်မြို့မ မင်းကျောင်း တိုက်နေ ဘဒ္ဒန္တဇာဂရမဟာထေရ် (မန်လည်ဆရာတော်) တို့ အပြန်အလှန် အမေးပုစ္ဆာ ထုတ်၍ ဖြေဆိုထားသော **သတပဒိက ပုစ္ဆာ ဝိသဇ္ဇနာကျမ်း**တွင် ရွှေတိဂုံ စေတီတော်ကြီး၏ အချင်း၊ အဝန်း၊ စေတီရပ်၊ ထီးရပ်၊ ထီးဝ၊ ထီးဝန်း စသောအတိုင်းအထွာများကို တွေ့ရ ပြန်သည်။

ကုန်းဘောင်ခေတ်တွင် ကျည်းကန်ရှင်ကြီး မေး၍ ကျီးသဲလေးထပ်ဆရာတော် ဖြေဆို သော **စွယ်စုံကျော်ထင်ကျမ်း**တွင်လည်း ရွှေတိဂုံစေတီတော်နှင့် စပ်လျဉ်းသော သိမှတ်ဘွယ် အကြောင်းတို့ကို တွေ့ရသေးသည်။ ထိုအမေးအဖြေများမှာ ရွှေတိဂုံသမိုင်းနှင့်အကျုံးဝင် လေသည်။ ပုံစံပြရသော်

သပိတ်လေးလုံး၊ လက်နှိပ်ဖုံး၊ တလုံးတည်းဖြစ် ဘယ်နေ့နည်း။
နတ်လေးယောက်လုံး၊ လှူစည်းရုံး၊ မြင့်ဆုံးဘယ်နတ်သပိတ်နည်း။
ပျားမုံ့ဆုပ်ဆွမ်း၊ ပေးလှူကမ်း၊ ဝန်ထမ်းကုန်သည် ဖြစ်လိမ့်နည်း။
ရွှေဆံတော်တည်၊ ညီနောင်သည်၊ အတည်ခြား၍ တည်လိမ့်နည်း။

စသည်တို့ ဖြစ်လေသည်။ ဤသည်မှာ စေတီတော်နှင့် စပ်လျဉ်းသောအကြောင်းများသည် ရာဇဝင်များ၌သာမက သုတစာပေကျမ်းများ၌လည်း ပါဝင်ခဲ့ကြောင်း သာဓက ဖြစ် ပေသည်။

ကုန်းဘောင်ခေတ်စာဆိုတော်တဦးဖြစ်သော ဦးမင်းကမူ သူ၏လေးချိုး၌ ရွှေတိဂုံ တည်ရာကုန်းတော်ကို ဖွဲ့ရာတွင်

မောက်လို့သာကဲတော့တယ်၊
တောက်ဆဲသူရိန်လို၊
ဘူမိန္ဒာမြေရိုက်တွင်မှ၊
ရွှေသိုက်စောင် ပေါ်ထွန်းလို့၊
မော်ကွန်းအောင်သံကွန့်ပါဘိ၊ တောင်ညွန့်ရင်....

ဟူ၍ရင်း၊ ဘုရားရှင် ကိုယ်တော်နှင့် တင်စား၍ဖွဲ့ဆိုရာတွင်

ဘုန်းမကိုဠ်ပေမို့၊ သုံးတိုက်စက်ခွင်ကို
မဂ္ဂင်ပျို ဖောင်မှန်နှင့်၊
ဆောင်ညွှန်ဆန်ကူးမယ်လို့၊
ဥာဏ်ထူးဗျာဆင်တဲ့၊ မာရင့်မုံ....
ဟူ၍၎င်း ကြည်ညိုဘွယ်ဖြစ်အောင် ဖွဲ့ဆိုခဲ့လေသည်။

ကင်းဝန်မင်းကြီးသည် ခရစ်နှစ် ၁၈၇၄ ခုတွင် ပြင်သစ်ပြည်၊ ပါရစ်မြို့တော်သို့ သံတော်အဖြစ် အသွား၌ ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီကို ဝင်ရောက် ဖူးမြော်ရင်း ဆွမ်းကပ်လှူသည်။ ထို့နောက် ရန်ကုန်ဆိပ်ကမ်းမှ မီးသင်္ဘောဖြင့် ပင်လယ်သို့ အထွက်တွင် အဝေးမှလှမ်း၍ ဖူးမြော်ရသော ဒဂုန်ဆံတော်ရှင်အား

တက်တုံတဲ့ သက်တုံ ပွါးအကွန့်၊
ဖျားညွှန့်သက်စုံခတယ်၊ လေးပါးခေတ်ပုံ။
ဟူ၍ကြည်ညိုသောစိတ်ဖြင့် စာဖွဲ့ကာဦးခိုက်ခဲ့လေသည်။

လယ်တီပဏ္ဍိတ ဦးမောင်ကြီးကမူ

ယမိုက်မှောင်ချော၊ တဝေဝေတည့်၊ မီးရေစုံသား၊ ဂုဏ်တော်အားဖြင့်၊ မြတ်ဖျားဇေယျ၊ တိဂုံဘ၏၊ ကေသဆံတော်၊ ကိန်းဝပ်ပျော်သည်၊ အကျော်ထင်ရှား၊ နောင်တော်များဟု၊ ဘုရားဘုန်းလူ၊ မြတ်သုံးဆူတို့၊ နှုန်းယူဘက်ကင်း၊ ခေတ်မွေမင်းတို့၊ သီတင်းသုံးရာ၊ မှန်လှစွာတည့်၊ ကမ္ဘာမကိုဋ်၊ ဘုံသုံးတိုက်မှ၊ ဦးခိုက်ခိုလှုံ၊ ရွှေတိဂုံဟု၊ သံ-ဂုံ-ပ-မ၊ လေးဘွဲ့ရသည်၊ ထူပအကျော်၊ စေတီတော်ကို....

စသည်ဖြင့် **မဟာဝဇီရ မကုဋမင်္ဂလာ စိန်ဖူးတင် ဩဘာရတုပိုဒ်စုံကို** ခရစ်နှစ် ၁၉၃၁ ခုတွင် ရေးဖွဲ့ခဲ့သည်။

**အမျိုးသားယဉ်ကျေးမှု အမွေအနှစ်**

ဤသို့ ပြည်ပခရီးသည်များနှင့် ပြည်တွင်းနေ တိုင်းရင်းသားများက အဆန်းတကြယ် အထူးအမြတ်ပူဇော်ရသော စေတီတော်သည် ဗုဒ္ဓဘာသာဝင်တို့၏ ဦးထိပ်ထားရာ သာမက မြန်မာနိုင်ငံ၏ ပန်းဘဲ၊ ပန်းရွှေ၊ ပန်းထိမ်၊ ပန်းတဉ်း၊ ပန်းတမော့၊ ပန်းရံ၊ ပန်းပု စသည့် အနုပညာ ယဉ်ကျေးမှုအပေါင်းတို့၏ ခဩင်းရာ အမွေအနှစ် ဘဏ္ဍာတိုက်ကြီးလည်းဖြစ်သည်။

## ခေတ်အဆက်ဆက် ပြည်သူတို့၏ ဒါနအဆောက်အအုံ

စေတီတော်ကြီး၏ ငှက်မြတ်နားနား၊ စိန်ဖူး၊ ထီးတော် အစရှိသည့်တို့တွင် တင်လှူထားသော စိန်၊ ရွှေ၊ မြ၊ ပတ္တမြား စသော ကျောက်မျက် နဝရတ်ရတနာများ၏ တန်ဖိုးကား ခေတ်ကာလတန်ဖိုးကိုလိုက်၍ ခန့်မှန်းရန်ပင် ခက်ပေသည်။ ခရစ်နှစ် ၁၉၇၀ ပြည့်တွင် လျှော်ဒဏ်ကြောင့် အတန်ငယ် စောင်းသွားသော ပိန္နဲတိုင်ကို မဘည့်မတ်မိအချိန်အထိ ငှက်ပျောဖူးမှအစ ထီးတော်၊ စိန်ဖူးတော်တို့ရှိ ရတနာတို့၏တန်ဖိုးမှာ သိန်း ၄၀ ကျော်မျှ ဖြစ်သည်ဟုဆိုသည်။ စေတီတော်ကြီးရှိ ရတနာအစုစုကို တန်ဖိုးသင့်သော် ကုဋေနှင့်ချီ၍ ရှိပေလိမ့်မည်။

စေတီတော်ကို လွန်ခဲ့သောနှစ်ပေါင်း ၂၅၀၀ ကျော်ဖြစ်သော မဟာသက္ကရာဇ် ၁၀၃ ခုနှစ်တွင် တည်စဉ်က စေတီတော်အမြင့်ပေ ၆၀ (၄၄ တောင်) မြင့်သည်။ ယခုအခါ၌မူ ဒါယကာအဆက်ဆက်တို့၏ပူပြင်လှူဒါန်းသောကောင်းမှုကြောင့် ဘိနပ်တော်မှ စိန်ဖူးအထိ ဥာဏ်တော် ၃၂၆ ပေ အမြင့်ရှိသည်။ ပင်လယ်ပြင်မှ အထက် ၁၉၀ ပေမြင့်သော သိင်္ဂုတ္တရ ကုန်းတော်ထိပ်တွင် တည်ထားသောစေတီ၏ ဘိနပ်တော်ပတ်လည်သည် ၁၄၂၀ ပေရှိ၏။ စေတီရံ ၆၄ ဆူနှင့် မုတ်လေးဝရှိ မုတ်ဦးစေတီကြီး လေးဆူဖြင့်ဝန်းရံထား၏။ ဘိနပ်တော်မှ စိန်ဖူးတော်အထိ ရွှေပိန်းချထားလေသည်။

ရွှေတိဂုံစေတီတော်ရှိ ကောင်းမှုအစုစု အဖိုးတန်လက်ရာရတနာတို့မှာ တခေတ်တချိန်တွင်သာ ပေါ်ပေါက်ခဲ့သော လူများ၏ ကောင်းမှုမဟုတ်ပေ။ မြန်မာ့သမိုင်းတွင် ခေတ်အဆက်ဆက်က မင်းနှင့်ပြည်သူပြည်သားတို့ပြုခဲ့ကြသော ကုသိုလ်ဒါန အဆောက်အအုံကြီးပင် ဖြစ်လေသည်။

မြန်မာနိုင်ငံကို ''စေတီပုထိုးတို့၏နိုင်ငံ'' ဟူ၍တင်စားပြီးခေါ်ဝေါ်ရေးသားခဲ့ကြသည်။ ထိုစေတီပုထိုးအမျိုးမျိုးတို့ကို ဗုဒ္ဓဘာသာ၌ သက်ဝင်ယုံကြည်၍ ဗုဒ္ဓဘာသာအဆုံးအမအရ ဒါနကုသိုလ်၏ အကျိုးဆက်ကို သဘော ပေါက်ကြသော သူတို့က လူအား၊ ငွေအား၊ ပစ္စည်းအားဖြင့် စုပေါင်း တည်ထားဆောက်လုပ်ခဲ့ကြခြင်းဖြစ်သည်။ စေတနာနှင့်အင်အားကို လိုက်၍ သဲစေတီ၊ ထုံးသင်္ကန်းဖွေးဖွေးနှင့် အုတ်စေတီမှသည် ရွှေရောင်ဝင်းပြောင်သော ရွှေသင်္ကန်းနှင့် စေတီအမျိုးမျိုးအထိဖြစ်သည်။ မြန်မာနိုင်ငံ၏ မြို့တကာ နယ်တကာတွင် ဒေသသမိုင်း နောက်ခံများအရ အထူးပြု ကိုးကွယ်စောင့်ရှောက်ကြသော တန်ခိုးကြီး ဘုရားများ ရှိတတ်ကြမြဲဖြစ်သော်လည်း ရွှေတိဂုံစေတီတော်မှာမူကား တတိုင်းပြည်လုံးရှိ တန်ခိုးကြီးစေတီအဆူဆူတို့တွင် အကျော်အမော်တပါးဖြစ်သည်။


ရွှေတိဂုံစေတီသည် ခင်ကြီးပျော်ဆရာတော် မှတ်သားထားသည့် တန်ခိုးကြီးဘုရား ၂၈ ဆူတွင် ဇောတိစိန္တေဘုံရ စေတီတော်လည်းဖြစ်သည်။

## မြတ်ဘုရား ရွှေတိဂုံ

ရွှေတိဂုံဘုရားပွဲတော် ရာသီဖြစ်သော တပေါင်းလပြည့် အခါများ၌ ရှေးမြန်မာ မင်းများလက်ထက်ကပင်စည်ကားမြဲဖြစ်သည်။ ခေတ်ကာလအလျောက် ခြိမ့်ခြိမ့်သဲသဲကျင်းပ ကြသော ဘုရားပွဲတော်ကြီးသို့ တကူးတကလာရောက်၍ ကုသိုလ်ပြုကြသည်။နောက်ပိုင်းတွင် ဤသို့ လာရောက်ကြသောဘုရားဖူးတို့သည် နိုင်ငံအတွင်းမျှသာမဟုတ်၊ နိုင်ငံအပဖြစ်သော ဗုဒ္ဓဘာသာဝင်တိုင်းပြည်များမှ ရဟန်းပုဂ္ဂိုလ်၊ လူပုဂ္ဂိုလ်များလည်း ပါဝင်ကြသည်။ ယင်း တိုင်းပြည်များမှာ အိန္ဒိယ၊ သီဟိုဠ်၊ ယိုးဒယား၊ လော၊ ကိုရီးယားစသည့် အရှေ့တောင် အာရှတခွင်မှ တိုင်းပြည်များဖြစ်လေသည်။

### မြန်မာ့သမိုင်းကြောင်း၏ သက်သေ

လွန်ခဲ့သောနှစ်ပေါင်း ၃၀၀ ကျော်အထက်က အထက်မြန်မာနိုင်ငံတွင် စိုးစံခဲ့သော မင်းများသည် အောက်ပြည်အောက်ရွာဖြစ်သော ရန်ကုန်မြို့သို့ ဗိုလ်ပါအလုံးအရင်းနှင့် လာရောက်၍ စေတီတော်ကြီးကို ထီးတော်တင်ခဲ့ကြသည်။ ငလျင်ဒဏ်၊ ရာသီဒဏ်တို့ကြောင့် ပျက်စီးသည့်အစိတ်အပိုင်းများကိုလည်း အကြိမ်ကြိမ်မွမ်းမံပြင်ဆင်ခဲ့ကြလေသည်။



တောင်ဖက်မုတ်မှ ဘုရားကြီးသို့ တက်သောအုတ်လမ်းကို အင်္ဂလိပ်ပန်းချီဆရာ၏အမြင်ဖြင့် ရေးဆွဲထားသည်။
လမ်း၏ ဝဲယာရှိ စရပ်များ၌ အင်္ဂလိပ်တို့နှင့် ပထမစစ်ပွဲအတွင်း အင်္ဂလိပ်တပ်များ
တပ်စွဲခဲ့ဘူးသည်။



မြန်မာနိုင်ငံအောက်ပိုင်းကို အင်္ဂလိပ်တို့သိမ်းပိုက်ပြီးနောက် ကုန်းတော်မြေကိုခံတပ်အဖြစ် အခိုင်အမာ ထပ်မံ ပြုလုပ်ထားခဲ့သည့် လက်ရာများကို ယနေ့တိုင်တွေ့နိုင်သည်။

ခရစ်နှစ် ၁၅၀၀ ပြည့်လွန်သောအခါတွင် မြန်မာနိုင်ငံသို့ နယ်ချဲ့အရင်းရှင်များ စတင်လာရောက်ခြေကုပ်ယူလေသည်။ စေတီတော်ကုန်းမြေတည်ရာအရပ်သည် စစ်ကြောင်းကျ၍ အခိုင်အမာပြုလုပ်ရန်ကောင်းသဖြင့် အင်္ဂလိပ်-မြန်မာ ပထမစစ်ပွဲနှင့် ဒုတိယစစ်ပွဲများ အတွင်းစစ်တလင်းဖြစ်ခဲ့ရသေးသည်။

ခရစ်နှစ် ၁၈၂၄ ခု၊ မေလတွင်စတင်ဖြစ်ပွါးသော အင်္ဂလိပ်-မြန်မာ ပထမစစ်ပွဲတွင် အင်္ဂလိပ်စစ်တပ်များက ရွှေတိဂုံစေတီတော်ကို တက်ရောက်သိမ်းပိုက်၍ အခိုင်အမာ နေလိုက်ကြသည်။ ထိုအချိန်မှ ခြောက်လအတွင်း ရွှေဘိဂုံ စေတီတဘိုက်နှင့် ကြည့်မြင်တိုင်ဖက်၊ သံလျင်၊ ဒလဖက်တို့ဘွင် မြန်မာတို့နှင့်တိုက်ပွဲများဖြစ်ပွါးခဲ့သည်။ မြန်မာဗိုလ်မှူးဖြစ်သော မင်းကြီးမဟာဗန္ဓုလသည် စေတီတော်မြောက်ဖက်ရှိ တောအုပ်မှနေ၍စနေ်းချပြီး အင်္ဂလိပ်တို့ကို ဝိုင်းဝန်းတိုက်ခိုက်ခဲ့သည်။

ရန္တပိုစာချုပ်ဖြင့် အင်္ဂလိပ် - မြန်မာ ပထမ စစ်ပွဲ ပြီးသောအခါ စစ်ပြေငြိမ်းစာချုပ် အရ ရွှေတိဂုံစေတီတော်ကို အင်္ဂလိပ်တို့၏ လက်မှ ပြန်၍ ရသည်။ ဘုရားကြီးမှာ စစ်ဘေးဒဏ်ကြောင့် အပျက်အစီးများလှသဖြင့် မြန်မာတို့က အကြီးအကျယ် ထပ်မံ၍ ပြင်ဆင်ရလေသည်။

# မြတ်ဘုရား ရွှေတိဂုံ

ခရစ်နှစ် ၁၈၅၂ ခု၊ ဧပြီလတွင် အင်္ဂလိပ် - မြန်မာ ဒုတိယ စစ်ပွဲဖြစ်ပွါးသောအခါ မြန်မာတပ်များသည် ရွှေတိဂုံစေတီတော်ကို အခိုင်အလုံပြုထားကြသည်။ အင်္ဂလိပ် တပ်များသည် စေတီတော်ကြီးအနီးသို့ ကိုက် ၈၀၀ အကွာမှ ချဉ်းကပ်ပြီးလျှင် အရှေ့မုတ်မှတက်၍ သိမ်းရန် အားထုတ်ကြသည်။ မြန်မာတို့ကလည်း အင်္ဂလိပ်တပ်များအား ကုန်းတော်ပေါ်မှ အမြောက်ဖြင့် ပစ်ခတ်ကြသည်။ ထို့နောက် အနီးကပ်တိုက်ပွဲဖြစ်ပွါးရာ မြန်မာတို့က အကျိတ်အနယ် ခုခံသော်လည်း အားချင်းမမျှသဖြင့် လက်လျှော့လိုက်ရသည်။ ၎င်းကုန်းကို သိမ်းသော အင်္ဂလိပ်တပ်များသည် ရွှေတိဂုံကုန်းတော်ကို အရှေ့မုတ်မှ အနောက်မုတ်အထိ မုတ်သုံးဖက်၌ တပ်စွဲလိုက်ကြသည်။ မြန်မာ ဘုရားဖူးများအား တောင်ဖက်မုတ်ကိုသာ အသုံးပြုခွင့်ပေးခဲ့သည်။

အနောက်မုတ်ကို ပိတ်ထားသည့် ကိစ္စအတွက် ဘိလပ်ရှိ အင်္ဂလိပ်အစိုးရ တိုင်အောင် တက်၍ အရေးဆိုခဲ့ရသည်။ ခရစ်နှစ် ၁၈၃၉ ခု ခန့်ကစပြီး အရေးဆိုခဲ့ရာ ခရစ်နှစ် ၁၉၂၈ ခုတွင်မှ စစ်တပ်ကို မင်္ဂလာဒုံသို့ ရွှေပေးသည်။ အနောက်ဖက် စောင်းတန်းမှာ မြန်မာပြည် လွတ်လပ်ရေး မရမီ ၁၈ နှစ် အလိုဖြစ်သော ၁၉၃၀ ပြည့်နှစ် တွင်မှ အခမ်းအနားဖြင့် ပြန်လည်ဖွင့်လှစ်ခဲ့ရလေသည်။

မြန်မာ့ဥသျှောင်သဖွယ် ဖြစ်သော ရွှေတိဂုံစေတီတော်ကြီးသည် ဤသို့ နိုင်ငံ ကိစ္စဖြစ်သော စစ်မက်အရေးတို့၌ ကြုံကြိုက်ခဲ့ရသည့်နည်းတူ သဘာဝဘေးရန်ဖြစ်သော ငလျင်ဒဏ်များကိုလည်း အကြိမ်ကြိမ်ခံခဲ့ရသည်။

ရွှေတိဂုံစေတီတော်ကြီးသည် မြန်မာနိုင်ငံသမိုင်းကြောင်း၏ သက်သေအရာ၌လည်း တည်ခဲ့ပေ၏။ နယ်ချဲ့ကိုလိုနီစံနစ်ကျင့်သုံးသူတို့ မြန်မာနိုင်ငံတွင်အမြတ်ထုတ်ရန်မတရားမင်းပြု အုပ်စိုးခြင်း လောကဓံများကို မြင်တွေ့ခဲ့ရသည့်နည်းတူ နယ်ချဲ့စနစ် ကိုလိုနီစနစ်တို့ကို မြန်မာတို့က ခုခံတော်လှန်ရန် စည်းလုံးအားထုတ်ကြသော အဖြစ်အပျက်များကို ကြုံကြိုက်ခဲ့ရသည်။ မြန်မာပြည်သူတို့သည် စေတီတော်ကြီး၏ အရိပ်အာဝါသ၌ပင် နယ်ချဲ့သမားတို့ကိုဆန့်ကျင်၍ လွတ်လပ်ရေးတိုက်ပွဲဝင်ရန် အောင်မြေနင်းခဲ့ကြလေသည်။ ၁၉၂၀ ခုနှစ်တွင် တက္ကသိုလ် အက်ဥပဒေကို သပိတ်မှောက်ခဲ့ကြသော ကောလိပ်ကျောင်းသားများ၊ ၁၉၃၆ ခုနှစ် သပိတ်မှောက် ကျောင်းသားများ၊ ၁၉၃၉ ခုနှစ် ရေနံမြေမှ သပိတ်မှောက် အလုပ်သမားများတို့သည် ရွှေတိဂုံကုန်းတော်ပေါ်၌ လာရောက်ခိုလှုံခဲ့ကြသည်။

နယ်ချဲ့ ဆန့်ကျင်ရေး၊ အမျိုးသား လွတ်မြောက်ရေးကို ဦးတည်ချက် ရှိသော အမျိုးသားနေ့အခမ်းအနားများ၊ စည်းဝေးပွဲ၊ ဆွေးနွေးပွဲများမှာ အနောက်မုတ်တွင်၎င်း၊



လေယာဉ်ပေါ်မှ ကြည့်ညိုဘွယ်ရာ ဖူးတွေ့ရသော ရွှေတိဂုံစေတီတော်ကြီးနှင့် ကုန်းတော်ဝန်းကျင် တစိတ်တဒေသ

ကုန်းတော်ပေါ်တွင်၎င်း၊ ကုန်းတော်ပတ်လည်ရှိ ပစ္စယာအဆင့်ဆင့်တွင်၎င်း အမြောက်အမြားပြုလုပ်ခဲ့ကြသည်။

ဗိုလ်ချုပ်အောင်ဆန်း မကွယ်လွန်မီ ခရစ်နှစ် ၁၉၄၆ ခု ဇန္နဝါရီလက လွတ်လပ်ရေးတောင်းဆိုသံများ တက်ကြွနေသောအချိန်တွင် ဖဆပလပြည်လုံးကျွတ် ညီလာခံ သဘင်ကြီးကို အလယ်ပစ္စယာ၌ ကျင်းပပြုလုပ်ခဲ့သည်။ ဘုရားကြီး၏ခြေတော်ရင်း အနောက်တောင်ဖက်ဆီမှ လှမ်း၍တစိမ့်စိမ့် ဖူးမြော်နိုင်သော နေရာဖြစ်သည့် ကန်တော်မင်ပန်းခြံခေါ် ယခု

ဦးဥတ္တမ ပန်းခြံတွင်လည်း လူထုစည်းဝေးပွဲများ၊ တရားပွဲများကို အကြိမ်ကြိမ် ပြုလုပ်ခဲ့လေသည်။

ဤသို့လျှင် စေတီတော်ကြီးသည် မြန်မာနိုင်ငံသားတို့၏ ကောင်းမှု ဆိုးမှု ကံကြမ္မာအနိမ့် အမြင့်တို့ကို တွေ့မြင်ခဲ့ရသည်။ ထိုအခက်အခဲ အကျပ်အတည်း အမျိုးမျိုးတို့မှ တိုင်တည်ရာ၊ အားထားရာ၊ အရိပ်အာဝါသပေးရာလည်း ဖြစ်ခဲ့သည်။ ထို့ကြောင့် မြန်မာနိုင်ငံသားတို့၏ ဘဝနှင့်တသားတည်းသဖွယ် ရှိခဲ့လေသည်။

ဒုတိယ ကမ္ဘာစစ်ကြီးအစ အင်္ဂလိပ် ဆုတ်ခွါ၍ ဂျပန်အဝင်နှင့် စင်္ကာလတလျှောက်လုံးတွင် ရန်ကုန်မြို့၌ လူနေစည်ကားသောနေရာမှာ ရွှေတိဂုံကုန်းတော်နှင့် ကုန်းတော်၏ အရှေ့စောင်းတန်းနှင့် တဆက်တည်းဖြစ်သော ဗဟန်း၊ ရွှေဂုံတိုင်ရပ်ကွက်တို့ဖြစ်ခဲ့သည်။

## ပြည်သူပြည်သားအားလုံး၏ကောင်းမှု

ဤစေတီတော်ကြီး၏ တည်ရာမြေသည် မူလကမွန်တို့ အခြေစိုက်ရာဒေသတွင် တည်ရှိခဲ့သည်ဖြစ်သော်လည်း အထက်အညာမှ မင်း၊ မှူးမတ်၊ ပြည်သူတို့လည်း စုန်ဆင်းပူဇော်ခဲ့ရသောနေရာမြတ်ဖြစ်သည်။ မွန်ဘုရင်တို့၏ ကောင်းမှုများရှိသည့်နည်းတူ မြန်မာဘုရင်တို့၏ ကောင်းမှုများလည်းရှိသည်။ ရန်ကုန်မြို့သည် ဒုတိယ အင်္ဂလိပ်-မြန်မာစစ်ပွဲအပြီးတွင် အင်္ဂလိပ်လက်အောက်သို့ လုံးလုံးလျားလျား ကျရောက်သွားသောအခါ စေတီတော်ကြီး၏ ဝေယျာဝစ္စများကို မွန်အမျိုးသား ဦးထော်လေးက ဆက်လက်စောင့်ရှောက်ပြုပြင်ခဲ့သည်။

ဆင်ဖြူရှင်မင်းတရား ကောင်းမှုဖြစ်သော ထီးတော်ကြီးယိုယွင်း၍ ပြုပြင်မည်ရှိသောအခါ အင်္ဂလိပ်လက်အောက်မှ မွန်-မြန်မာတို့သည် မန္တလေးမြို့ရှိ မင်းတုန်းမင်းတရားကြီးထံ အကြောင်းကြားလျှောက်ထား၍ မင်းတုန်းမင်း၏ ထီးတော်နှင့် အောက်သူအောက်သားများ၏ ရွှေ၊ ငွေ ဝတ္ထုအစုစုတို့ ပူးပေါင်းကာ ထီးတော်တင်ပွဲကြီးကို ခရစ်နှစ် ၁၈၇၁ ခု၌ ပြုလုပ်နိုင်ခဲ့ကြသည်။ ဤသည်မှာ တိုင်းပြည်ကြီး နှစ်ပိုင်းနှစ်ခြမ်းပင် ဖြစ်နေသော်လည်း ရွှေတိဂုံစေတီတော်ကြီးကိုအကြောင်းပြု၍ အထက်အောက် မြန်မာနိုင်ငံသားတို့ စည်းလုံးနိုင်ခဲ့သော သာဓကတရပ်ပင်ဖြစ်သည်။

ရွှေတိဂုံ စေတီတော်ကြီးကို အကြောင်းပြု၍ မွန်၊ ကရင်နှင့် မြန်မာတို့စုပေါင်းဆောင်ရွက်၍ ကုသိုလ်ယူကြသည်သာမက၊ ပြည်ထောင်စုအတွင်းနေ တိုင်းရင်းသားများ၏ စုပေါင်း ပါဝင်မှုလည်းရှိခဲ့ပေသည်။ မင်းတုန်းမင်းတရားကြီး လှူဒါန်းသော ထီးတော်ကို

## ပြည်ထောင်စု လူမှုအဖုံဖုံ ရောရှက်ပေါင်းဆုံရာ

တင်စဉ်အခါက ရှမ်းအမျိုးသားများလည်း အများအပြားပါဝင်ကြသည်။ ရှမ်းအမျိုးသား သုံးဦးတို့မှာ ထီးတော်တင်စဉ် ဆိုင်းကြိုးပြတ်၍ရိုက်မိသဖြင့် ငြမ်းပေါ်မှ လိမ့်ကျသေဆုံးခဲ့ရသော အမှတ်အသားရှိသည်။ စေတီ ကုန်းတော်ရင်ပြင်တွင် ခရစ်နှစ် ၁၇၇၉ ခုက ကယား စော်ဘွား စောလဖော် လှူထားခဲ့သော စေတီတော်တဆူရှိသည်။ ရင်ပြင်ပေါ်၌ပင် ရှမ်းထီးကြီးများ စိုက်ထူ လှူဒါန်းထားလေသည်။

ရွှေးဟောင်းခေတ်မှစ၍ ကုန်းဘောင်ခေတ်အထိ မြန်မာနိုင်ငံ၏ ယဉ်ကျေးမှုသည် ဗုဒ္ဓဝါဒ ဩဇာလွှမ်းမိုးသော ယဉ်ကျေးမှုဖြစ်ခဲ့သည်။ မြန်မာ့ လူ့အဖွဲ့အစည်းကို စည်းလုံးစေခဲ့၍ အားမာန်ကိုပေးခဲ့သော ဗုဒ္ဓဘာသာယဉ်ကျေးမှု၏ အဆောက်အအုံများအနက် ဤစေတီတော်ကြီးသည် တခုအပါအဝင်ဖြစ်လေသည်။ ဤသို့လျှင်ကျွန်ုပ်တို့ပြည်ထောင်စု၏ လူမှုအဖုံဖုံတို့ ရောရှက်ပေါင်းဆုံရာ အဆောက်အအုံ ဖြစ်ခြင်းကား စေတီတော်ကြီး၏ ထူးခြားချက်တနည်းဖြစ်ပေသည်။

### ရွှေတိဂုံသမိုင်း

စေတီတော်ကြီး၏ အတိတ်သမိုင်းကို ပြန်လည် လေ့လာသည့်အခါ ရွှေတိဂုံစေတီတော်ကျောက်စာနှင့် မှန်ရာဇဝင်၊ ဘုရားသမိုင်းစာအုပ်များ၌ ရွှေတိဂုံစေတီတော်ကို မြတ်စွာဘုရား သက်တော်ထင်ရှားရှိစဉ်က တည်ထားခဲ့သည်ဟု ဆိုကြသည်။ စေတီတော်ကြီး၏ သမိုင်းနှင့်စပ်လျဉ်း၍ ဤမျှရှည်လျားသော နောက်ကြောင်းရှိခဲ့ရာတွင် နိုင်ငံသမိုင်း၌ စာနှင့်ပေနှင့် အခိုင်အလုံတွေ့ရှိရသော အဖြစ်အပျက်များမှာ ခရစ်နှစ် ၁၃၇၂ ခု၊ ဘုရင် ဗညားဦး လက်ထက်မှစတင်ပေသည်။ ထိုအချိန်တိုက်မှစ၍ ပြုပြင် မွမ်းမံမှုများကြောင့် စေတီတော်ကြီးသည် ယခုကဲ့သို့ မဟာစေတီကြီးဖြစ်လာခဲ့လေသည်။

ဤမဟာစေတီကြီး၏ဖြစ်တော်စဉ်ကို မြန်မာ့သမိုင်းမှ ထုတ်နုတ်ဖော်ပြခြင်းမပြုမီ ဂေါတမဘုရားရှင် လက်ထက်တော် နှစ်ပေါင်း ၂၅၀၀ ကျော်က အဦးအစ ပြုခဲ့သည့် အပိုင်းကို "ရွှေတိဂုံသမိုင်း" ဟု တခန်းဖွင့်၍ဆိုပါမည်။



အခန်း ၂

# ရွှေတိဂုံ သမိုင်း

ရွှေတိဂုံစေတီတော်မြတ်သည် ဂေါတမမြတ်စွာဘုရား သက်တော်ထင်ရှားရှိစဉ်အချိန်ကပင် တည်ရှိခဲ့သည်။ စေတီတော်တည်ထားရာ နေရာဒေသသည် သိင်္ဂုတ္တရကုန်းတော်တွင် ဖြစ်သည်။ တည်ထားခဲ့ကြသော ဒါယကာတို့သည် ဥက္ကလာပမြို့ကို စိုးစံသော ဥက္ကလာပမင်းကြီးနှင့် တိုင်းသူပြည်သားများဖြစ်ကြသည်။ စေတီတော်တွင် ထည့်သွင်းဌာပနာထားသည်တို့မှာကား တဖုဿနှင့် ဘလ္လိကကုန်သည်ညီနောင်တို့ မဇ္ဈိမဒေသမှ ပင့်ဆောင်လာခဲ့ကြသော ဂေါတမမြတ်စွာဘုရား၏ ဆံတော်ဓာတ်ရှစ်ဆူဖြစ်သည်။ ယင်းဆံတော်များနှင့်အတူ ကကုသန်မြတ်စွာဘုရား၏ တောင်ဝှေးတော်၊ ကောဏဂုံမြတ်စွာဘုရား၏ ဓမ္မကရိဏ်ရေစစ်တော်၊ ကဿပမြတ်စွာဘုရား၏ ရေသနုပ်သင်္ကန်းတော်တို့ကို ထည့်သွင်းဌာပနာထားခဲ့ကြသည်။

ရွှေတိဂုံစေတီတော်ကြီးနှင့် စပ်လျဉ်း၍ ပညာရှိရဟန်းပုဂ္ဂိုလ်၊ လူပုဂ္ဂိုလ်တို့ ရေးသားကြသော မွန်ရာဇဝင်၊ မြန်မာရာဇဝင်နှင့် စေတီတော်သမိုင်းဟောင်း၊ သမိုင်းသစ်တို့၌ အချုပ်အားဖြင့် အထက်ပါအတိုင်း ဆိုခဲ့ကြသည်။

ယင်းအဆိုများသည် ကျမ်းဂန်အကိုးအကား၊ သမိုင်းအကိုးအကားတို့နှင့် ညှိနှိုင်းဆက်စပ်၍ ရသည်လည်းရှိသည်။ ညှိနှိုင်းဆက်စပ်၍ မရနိုင်သေးသည်လည်းရှိသည်။ အဖြစ်အပျက် အမှတ်အသားတို့သည် အသေးစိတ်အားဖြင့် တခုနှင့်တခု တူကြသည်လည်းရှိသည်။ မတူကြသည်လည်းရှိပေသည်။ ဤအစဉ်အလာ ပြောဆိုခဲ့ကြသည့် စေတီတော်သမိုင်းကို ဖော်ပြရသော် အောက်ပါအတိုင်းဖြစ်ပါသည်။

## ဘုရားပွင့်တော်မူခြင်း

ဂေါတမမြတ်စွာဘုရားသည် မဟာသက္ကရာဇ် ၁၀၃ ခုနှစ်၊ ကဆုန်လပြည့်နေ့တွင် မဇ္ဈိမဒေသ၌ ဘုရားအဖြစ်သို့ ရောက်ရှိတော်မူလေသည်။

ဘုရားဖြစ်တော်မူပြီးနောက် ဘုရားရှင်တို့၏ဓမ္မတာတော်အတိုင်း ပလ္လင်တော်၊ အနိမိသ၊ စင်္ကမ၊ ရတနာဃရ၊ အဇပါလ၊ မုစ္စလိန္ဒာ၊ ရာဇာယတန ဟူသောခုနစ်ဌာနတွင် တဌာနလျှင် ခုနစ်ရက်ကျဖြင့် ၄၉ ရက်တိတိ သတ္တဋ္ဌာန စံနေတော်မူလေသည်။

ထိုသတ္တဋ္ဌာနတွင် ခုနစ်ရက်၊ ခုနစ်ကြိမ်ဖြစ်သော ''သတ္တသတ္တာဟ'' ကာလပတ်လုံး ဈာနသုခ၊ ဖလသုခတို့ဖြင့်သာ လွန်တော်မူသည်။ ၄၉ ရက်ခေ့၍ အရုဏ်တက်သောအခါ၌ မြတ်စွာဘုရားသခင်သည် မျက်နှာသစ်လိုသော နှလုံးတော်ဖြစ်သည်ကို သိကြားမင်းသိ၍ ဆေးကိစ္စကိုပြီးစေတတ်သော ကြစုသီး၊ ကွမ်းရိုးဒန်ပူ၊ အနဝတတ် မျက်နှာသစ်ရေတို့ကို ကပ်လှူလာလေသည်။ ဘုရားရှင်သည် ကြစုသီးကို ဘုဉ်းပေးတော်မူသော် ကိုယ်တော်သုတ်သင်ခြင်း ကိစ္စပြီး၏။ ထို့နောက် ကွမ်းရိုးဒန်ပူ၊ အနဝတတ်ရေတို့ဖြင့် မျက်နှာသစ်တော်မူလေသည်။

### တဖုဿ နှင့်ဘလ္လိက ညီနောင်

ထိုအချိန်တွင် ရာမညတိုင်း ပေါက္ခရဝတီအမည်ရှိသော အသိတဉ္ဇန နဂိုရ်ပြည်မှ တဖုဿနှင့် ဘလ္လိကကုန်သည်ညီနောင်တို့သည် ကုန်ကူးရန်အလို့ငှာ ဘုရားရှင်ပွင့်တော်မူရာသို့ ရောက်ရှိလာကြသည်။

ကုန်သည်ညီနောင်တို့သည် သင်္ဘောဖြင့်၎င်း၊ လှည်း ၅၀၀ ဖြင့်၎င်း ခရီးစဉ်အတိုင်းလာကြခြင်း ဖြစ်သည်။ ထိုကုန်သည် ညီနောင်တို့၏ လှည်း ၅၀၀ သည် မြတ်စွာဘုရား သီတင်းသုံးရာ တောအုပ်အနီးသို့ ရောက်သည့်၌ တဖုဿနှင့် ဘလ္လိကတို့၏ ရှေးဘဝက အဆွေအမျိုးဖြစ်ခဲ့ဘူးသောနတ်သည် လှည်းများ၏ရှေ့မှနေ၍ လှည်းများကို မလည်မသွားတတ်အောင် ချုပ်လေသည်။ ကုန်သည်တို့သည် အကျိုးအကြောင်းကို သိရှိရအောင် ဗလိနတ်စာပေးခြင်း၊ ပသခြင်းတို့ကို ပြုကြရသည်။

ထိုအခါနတ်က ''အချင်းကုန်သည်တို့၊ ဘုရားသခင်သည်ပွင့်တော်မူ၍ လင်းလွန်း



ကုန်သည် ညီနောင်တို့ မတိုင်မီ မြတ်စွာဘုရား
အား သုဇာတာ နို့ဆွမ်းဆက်ကပ်နေပုံ
ပန်းပုရုပ်လုံး

ပင်ရင်း၌ ရှိတော်မူ၏။ သင်တို့မှာ ပါသောကြွက်ကျစ်မုံ့ ပျားဆုပ်မုံ့များတို့ဖြင့် သွားရောက် လုပ်ကျွေးကြလေ''ဟု ဆိုလေ၏။

တဖုဿနှင့် ဘလ္လိကကုန်သည် ညီနောင်တို့သည် ထိုနတ်ပြောဆို ညွှန်ပြသည့်အတိုင်း မြတ်စွာဘုရား သီတင်းသုံးရာသို့ သွားရောက်ကြသည်။ မြတ်စွာဘုရားသည် ရောင်ခြည်တော် ခြောက်သွယ် အံ့ဩဘွယ်ဖြင့် သပ္ပါယ်စွာ စံနေတော်မူသည်။ ယင်းအခါ၌ ကုန်သည်ညီနောင်တို့သည် ပျပ်ဝပ်ရှိကျိုး ရှိခိုးပူဇော်ကြ၏။ ကြွက်ကျစ်မုံ့ ပျားဆုပ်မုံ့တို့ကိုလည်း ဆက်ကပ်လှူဒါန်းကြသည်။

ဤအချိန်တွင် ဘုရားရှင်၌ သုဇာတာ လှူဒါန်းသော ရွှေသပိတ်ကွယ်ပြီးဖြစ်သဖြင့် စတုမဟာရာဇ်နတ်မင်းကြီးလေးပါး လှူဒါန်းသော ပဲနောက် အဆင်းရှိ သပိတ်လေးလုံးကို ခံယူတော်မူသည်။ ယင်းတို့ကို ထပ်ဆင့်စီတင်၍ ရွှေလက်တော်ဖြင့် ကိုင်နှိပ်ရာ သပိတ်လေးလုံးသည် အနားလေးရစ်ရှိသော တလုံးတည်းသော သပိတ် ဖြစ်လေ၏။ ထိုသပိတ်ဖြင့် တဖုဿနှင့် ဘလ္လိကတို့ လှူဒါန်းသောမုံ့များကို ခံယူဘုဥ်းပေးတော်မူလေသည်။ ဘုဥ်းပေးသုံးဆောင်တော်မူပြီးလျှင် ကုန်သည်ညီနောင်တို့အား သင့်တင့်လျောက်ပတ်သော အနုမောဒနာတရားကို ဟောကြားတော်မူလေသည်။ ထိုအခါကုန်သည်ညီနောင်တို့သည် မြတ်စွာဘုရားကို၎င်း၊ တရားတော်ကို၎င်း ကိုးကွယ်ရာဟူ၍ ဆည်းကပ်ကြကုန်လျက် ဒွေဝါစိက သရဏဂုံတည် ဥပါသကာများ ဖြစ်ကြကုန်၏။

**ဆံတော်များ ပင့်ဆောင်လာခြင်း**

ထို့နောက် ကုန်သည် ညီနောင်တို့က မြတ်စွာဘုရားအား ကိုးကွယ် ပူဇော်ရန် ပူဇနီယဖြစ်သောဝတ္ထုကိုပေးသနားပါရန် တောင်းပန်လေသည်။ ထိုအခါမြတ်စွာဘုရားသည် လက်ျာလက်တော်ဖြင့် ဦးခေါင်းတော်ကို သုံးသပ်၍ ဆံတော်ရှစ်ဆူရသည်ကို ကုန်သည် ညီနောင်တို့အား ပူဇော်ရန်ပေးအပ်တော်မူသည်။



ကုန်သည်ညီနောင်တို့၏ လှည်းငါးရာအား နတ်က တားဆီး၍ ဘုရားထံညွှန်ပြနေပုံ ပန်းပုရုပ်လုံး

ဘုရားရှင် ပေးသနားတော်မူလိုက်သော ဆံတော်တို့သည် ကုန်သည်ညီနောင်တို့၏ ဦးထိပ်တွင် တင်၍ နေသည်နှင့်တပြိုင်နက် တောတောင်အလုံး အုပ်ဖုံးရောင်ရှက် တလက်လက်ဖြင့် ပြိုးပြက်တောက်လောင် တပြောင်ပြောင်ရှိကုန်၏။

မဟာပထဝီ မြေကြီးသည် ပွဲတင်ရိုက်ဟည်း သိမ့်သိမ့်ကြည်းလျက် ပြင်းစွာလှုပ်လေသည်။ မဟာသမုဒ္ဒရာသည် လှိုင်းတံပိုးများ ထကြွ၍ ပြင်းစွာ ချောက်ချား၏။ မြင့်မိုရ်တောင်သည် ဘုရားရှင်ရှိရာသို့ ဦးခိုက်ညွတ်ကျိုး၏။ နတ်ဗြဟ္မာ အပေါင်းတို့ကလည်း "သာဓု၊ သာဓု၊ သာဓု" ဟူ၍ သုံးကြိမ်ဟစ်ကြွေး ကောင်းချီးပေးကြလေသည်။

ထို့နောက် ကုန်သည်ညီနောင်တို့သည် မိမိတို့တိုင်းပြည်သို့ ပြန်ရန် မြတ်စွာဘုရားအား အခွင့်ပန်ကြား၍ လာခဲ့ကြသည်။ ဆံတော်ကိုရကြသော ကုန်သည်တို့သည် ဝမ်းမြောက်ဝမ်းသာဖြင့် ပါသမျှကုန်လှည်း ၅၀၀ တို့ကို စုံမက်လိုချင်ခြင်း မရှိ။ မရောင်းမချပဲ မြင်မြင်သမျှ လူတို့အား သဒ္ဓါလွန်ကဲစွာဖြင့် စွန့်ကြဲပေးကမ်းကြသည်။

ကုန်သည်ညီနောင်တို့အား ပေးအပ်လိုက်သော ဘုရားရှင်၏ဆံတော်မြတ်တို့ ကိန်းဝပ်ရန်အတွက် နတ်တို့၏ဘုရင် သိကြားမင်းသည် ပတ္တမြားကြုတ်ကို ပြုလုပ်ဖန်ဆင်း၏။ ယင်းပတ္တမြားကြုတ်ကို ထည့်ရန် နဝရတ်ကိုးပါး ပြာသာဒ်ကိုလည်း ဖန်ဆင်း၏။ ထို့နောက် ကုန်သည်ညီနောင်တို့သည် ဆံတော်ကြုတ်ပါသော ပြာသာဒ်ကို ဦးခေါင်းအက်၌ တင်ပြီးသော် လှည်း ၅၀၀ နှင့်အတူ ပြန်ခဲ့ကြ၏။

သိကြားမင်းသည် ဆံတော်ကိုပင့်ဆောင်သွားကြသော ကုန်သည်ညီနောင်တို့၏ပြန်ရာလမ်းခရီးတွင် အတင့်အတယ်ဖြစ်စေသောငှါ ဝိသကြုံနတ်သားကို စေလွှတ်၍ ပြင်ဆင်မွမ်းမံစေ၏။ တဖုဿ ဘလ္လိက ညီနောင်တို့လည်း နတ်တို့ဖန်ဆင်းသော လမ်းအတိုင်း ဆံတော်

ကြုတ်နှင့် ပြာသာဒ်ကိုဆောင်ယူ၍ ပြန်ခဲ့ကြသည်။ သိကြားမင်းသည် ခုနစ်ရက်ခရီးတိုင်အောင် ကုန်သည်တို့အား လိုက်လံပို့ဆောင်သည်။

ပင်လယ်ဆိပ်ကမ်းသို့ ရောက်ကြသောအခါ ပြာသာဒ်နှင့်တကွ ကြုတ်တော်ကို သိကြားမင်းဖန်ဆင်းသော ရွှေသင်္ဘောတွင်တင်၍ ပြန်ခဲ့ကြသည်။

ထိုသို့ ဆံတော်ဓာတ်မြတ်ကို ပင့်ဆောင်ခဲ့ကြရာ လမ်းခရီးတွင် အဇ္ဈုတ္တနဂရမြို့သို့ ဆိုက်ကပ်သည်။ အဇ္ဈုတ္တနဂရမင်းသည် တပုဿနှင့် ဘလ္လိကတို့အား တောင်းပန်၍ ဆံတော်တို့ကို ပူဇော်လေသည်။ မင်းကြီးမိဖုရားနှင့်တကွ ပြည်သူပြည်သားတို့သည် ဆံတော်တို့ကို ပူဇော်ကြရသဖြင့် မရေတွက်နိုင်သော သဒ္ဓါဟုန်ဖြစ်လေသည်။ ထို့ကြောင့် “အမောင်ကုန်သည်တို့၊ ငါတို့အား ဆံတော်မြတ် နှစ်ဆူကို ကိုးကွယ်စရာ ပေးခဲ့ပါ” ဟု တောင်း၏။ ကုန်သည်တို့ကလည်း “မြတ်စွာဘုရား၏ ဗျာဒိတ်တော်ကို ပယ်ရှားရာကျမည်။ မပေးဝံ့” ဟူ၍ ဆိုကြသည်။ သို့သော်လည်း မင်းကြီးသည် ဆံတော်ကြုတ်ကိုဖွင့်၍ ဆံတော်ရှစ်ဆူအနက် နှစ်ဆူကို ကိုးကွယ်ပူဇော်ရန်အတွက် အနိုင့်အထက်ယူထားလိုက်လေသည်။

ကုန်သည် ညီနောင်တို့သည် ငိုယိုကာပင် ကျန်သည့်ဆံတော်ခြောက်ဆူကို ပတ္တမြားကြုတ်ဖြင့် ပင့်ဆောင်လျက် သင်္ဘောခရီးဆက်ခဲ့ကြသည်။ သင်္ဘောလွင့်၍ လာကြရာ နာဂရာဇ်မော် (မော်တင်စွန်း) သို့ ရောက်သည်။ ထိုနေရာတွင် လေမိုး အခန့်မသင့်သဖြင့် တည၌မျှ ကျောက်ချရပ်နားရ၏။ ထိုအခါ ဆံတော်ဓာတ်များ တန်ခိုးပြာဋိဟာပြသည်ကို ရေသတ္တဝါများနှင့် တောင်ခြေရင်းနဂါးတို့ ပူဇော်ကြရသဖြင့် နဂါးတကောင်သည် လူယောင်ဖန်ဆင်း၍ ဆံတော်နှစ်ဆူကို အမှတ်မဲ့ယူပြီးလျှင် ဇေယျသေန နဂါးမင်းရှိရာ ဘုမိန္ဓရနဂါးပြည်သို့ ဆောင်ယူသွားလေသည်။

တပုဿနှင့် ဘလ္လိကတို့သည် ဆံတော်နှစ်ဆူ ပျောက်ကြောင်းသိရသဖြင့် ဝမ်းနည်းပက်လက် ငိုယိုလျက် စိတ်နှလုံးမကြည်မသာနှင့်ပင် ခရီးဆက်ခဲ့ကြပြန်သည်။ ထို့နောက်ကုန်သည်တို့၏ သင်္ဘောသည် ပေါက္ခရဝတီမြို့သို့ ဆိုက်ရောက်ကြသည်။ မြို့တံခါးအနီးတွင် ဆံတော်ပြာသာဒ်ကို ပင့်ချ၍ သုံးရက်တိုင်တိုင် ပွဲလမ်းသဘင်ခံပြီးလျှင် မြို့သူမြို့သားတို့ ပူဇော်ကြလေသည်။ ထိုသို့ ဆံတော်များ ရောက်ရှိကြောင်းကို ဥက္ကလာပမင်းကြီးထံ အကြောင်းကြားသောအခါ မင်းကြီးသည် ကြည်ညိုသဒ္ဓါသောစိတ်ဖြင့် များစွာနှစ်ထောင်းအားရဖြစ်လေသည်။ ထို့နောက် “ဇမ္ဗူဒိပ်ကျွန်းအပြင်တွင် ငါကဲ့သို့မင်း ရှိသေး၏လော။ အဘယ်မင်းသည် ငါ၏နည်းတူ ဆံတော်ဓာတ်မြတ်ကို ကိုးကွယ်ရန်ရရှိပါသနည်း” ဟူ၍ ကြုံးဝါးတော်မူလေသည်။

## ဥက္ကလာပမင်းကြီး

ဥက္ကလာပမင်းကြီးသည် အမျိုးအနွယ် အားဖြင့် သိကြားမင်း၏ သားဖြစ်သည်။ မိခင်ဖြစ်သူမှာ မယ်လမု ဖြစ်သည်။ တရံရောအခါ သိင်္ဂုတ္တရကုန်းတွင် နေထိုင်သောရသေ့သူမြတ်တဦးသည် ဆွမ်းခံရာမှအပြန် မြစ်ကမ်းတွင် လမုပင်မှ အဖူးကြီးတခုကို တွေ့၍ ဆွတ်ခူးလာခဲ့၏။ ထိုအဖူးကြီးမှ သံသေဒဇအားဖြင့် အမျိုးသမီးတဦး ဖွားမြင်ခဲ့၏။ အမည်အားဖြင့် မွန်ဘာသာ မိကမု၊ မြန်မာဘာသာ မယ်လမု ဟုတွင်သည်။



အနောက်မြောက်ဖက် ပထမ ပစ္စယာစိန်တောင်မှ ဥက္ကလာပမင်းကြီးရုပ်တု

ရုပ်ရည်ဆင်းပြင် တင့်တယ်လှပသော မယ်လမုသည် အရွယ်ရောက်လတ်သော် တာဝတိံသာ၌ သိကြားမင်း၏ ပဏ္ဍုကမ္ဗလာ မြကျောက်ဖျာသည် တင်းမာခြင်းဖြစ်သောကြောင့် လူ့ပြည်သို့ ရှုကြည့်သည်တွင် လူနတ်ဗြဟ္မာတို့၏သခင် ဘုရားရှင် ပွင့်တော်မူမည့်အကြောင်း၊ ထိုဘုရားရှင်၏ လက်ထက်တော်တွင် ရှေးနောင်တော်ဘုရားတို့၏ ဓာတ်မွေပစ္စည်းများနှင့်အတူ ဆံတော်ရှစ်ဆူကို ဌာပနာလိမ့်မည် ဖြစ်ကြောင်း၊ ဌာပနာတည်ထား ကိုးကွယ်မည့် ဒါယကာမှာ သိင်္ဂုတ္တရကုန်း၏ အရံကုန်းတို့၌ မွေ့လျော်သော ရသေ့သူမြတ် မွေးထားသည့် မယ်လမုက မွေးဖွားသည့် သားမှသာ ဒါယကာ ဖြစ်နိုင်မည့်အကြောင်း။ ထိုမယ်လမုအား ရတနာပုတ္တ မွေးဖွားရလေအောင် မနုဿလူတို့ သန္ဓေပေးခြင်းငှာမထိုက်တန်၊ တာဝတိံသာမှ နတ်တို့၏ သေဋ္ဌနင်း သိကြားမင်း သန္ဓေပေးမှ အရေးပုံလှမည့်အကြောင်းများကို ထင်ရှားသိမြင်လေသည်။

ထိုကြောင့် သိကြားမင်းသည် လူအသွင်ဖန်ဆင်းပြီး ရှင်ရသေ့နှင့် မယ်လမုတို့ထံ ဆင်းသက်၍ သမီးလှကိုတောင်းယူပြီး ရှင်ရသေ့ကြီး၏ သဘောတူညီချက်ဖြင့် ထိမ်းမြားပြီးနောက် ရသေ့ကြီးထံတွင် အပ်နှံထားခဲ့၍ တာဝတိံသာသို့ ပြန်လေ၏။ တာဝတိံသာမှ နတ်ကျေးလုလင်စေလွှတ်ပြီး နတ်ရေစင်တိုက်ကျွေးသည်တွင် မယ်လမု၌ သန္ဓေတည်၍ လရက်စေ့သော် သားငယ်တဦးကို ဖွားမြင်လေသည်။ ထိုသားငယ်ကို အရွယ်ရောက်သော အချိန်တွင် သိကြားမင်းဆင်းသက်လာ၍ ဥက္ကလာပဘွဲ့အမည်နှင့် တိုင်းပြည်ထီးနန်း တည်လုပ်အပ်နှင်းတော်မူသည်။



ထို့နောက် ဥက္ကလာပ ပြည်ကြီးကို အစိုးရသော မင်းသည် မြတ်စွာဘုရားသခင်၏ ဆံတော်ရှစ်ဆူကို ရလိမ့်မည်။ သိင်္ဂုတ္တရကုန်းတော်၌ ဌာပနာရမည်။ သာသနာ့ဒါယကာ ဖြစ်ဦးမည်။ ထိုအခါ၌ သိကြားမင်းသည် နတ်အပေါင်းများ စွာနှင့် လာတော်မူဦးမည်ဟု မှာကြားခဲ့ပြီး တာဝတိံသာသို့ ပြန်လေ၏။

**ဆံတော်များကိုပူဇော်ခြင်း**

ဥက္ကလာပမင်းကြီးသည် ဆံတော်များကို သယ်ဆောင် ရန်အတွက် သင်္ဘောဆိပ်မှသည် နန်းတော်အရောက် လမ်းမ ကြီးကို ပြုပြင်၏။ သဲဖြူရာဇမတ်ကာ၏။ ငှက်ပျောပင်၊ အုန်း ပင်၊ ကြံပင်တို့ကိုစိုက်၏။ ပန်းခိုင်ပန်းဆိုင်းများကိုလည်း ချိတ် ဆွဲစေ၏။ အလံတံခွန်အမျိုးမျိုးကိုလည်း လွှင့်ထူ၏။ ထီးများ ကိုလည်း လမ်းတလျှောက်၌ စိုက်မိုးစေသည်။

ထို့နောက်တွင် မင်းကြီးသည် သင်္ဘောသို့ဆင်းလျက် "ငါသည် ဆံတော်များကို ဤသင်္ဘောဦးတွင်ပင် ပတ္တမြား ကြုတ်ကို ဖွင့်လျက် ရှိခိုးပူဇော်အံ့" ဟု ဆို၏။ ထိုအခါ ကုန် သည်ညီနောင်တို့က ဗုဒ္ဓမြတ်စွာထံမှ ရရှိခဲ့သော ဆံတော်များ အနက် လမ်းခရီးတွင် ဆံတော် လေးဆူ ပျောက်ဆုံးခဲ့ပုံ အ ကြောင်းများကို မင်းကြီးအား လျှောက်ထားလေသည်။ ထိုအခါ မင်းကြီးက "ဤသို့ဖြစ်လျှင် ယင်းဆံတော်လေးဆူ တို့ ပျောက်ဆုံးခြင်းကို သင်တို့ အဘယ်သို့ ထုချေ လျှောက် တင်မည်နည်း" ဟု မေးလေ၏။

ကုန်သည် ညီနောင်တို့ကလည်း "အရှင် မင်းကြီး၊ ကျွန်ုပ်တို့အား အစိစ္စာန်ပြုရန် အခွင့်ပေး တော်မူပါ၊ အကယ်၍ ဗုဒ္ဓမြတ်စွာဘုရားသခင်၏

**အနောက်တောင်ဖက် ပထမ ပစ္စယာ စိန်တောင်မှ သိကြားမင်းနှင့် မယ်လမုရုပ်တု**

ဗျာဒိတ်တော်အတိုင်း ဆံတော်များကို တည်ထားကိုးကွယ်ရမည် မှန်ပါက အဇ္ဈတ္တမင်းနှင့် နဂါးမင်းတို့ ယူဆောင်သွားသော ဆံတော်များသည် ပြန်လည်ရရှိပါစေမည်''ဟု လျှောက်ထားတောင်းပန်ကြသည်။

ထို့နောက် တဖုဿ ဘလ္လိကတို့သည် ဘုရားရှင်ကိုယ်တော်မြတ်အား အာရုံပြုလျက် ''ဘုရားတပည့်တော်တို့သည် အရှင်ဘုရား၏ အလိုဆန္ဒအတိုင်း ဆံတော်များကို တည်ထားကိုးကွယ်ရန် အပ်နှံခြင်းခံရသောသူများ စစ်မှန်ပါက မူလပေးသနားလိုက်သော ဆံတော်များသည် ပကတိအတိုင်း ရှစ်ဆူပြန်၍တည်ပါစေသား''ဟု အဓိဋ္ဌာန်ပြုလေသည်။ ထိုသို့ အဓိဋ္ဌာန်ပြီးသည်နှင့် တပြိုင်နက် ဆံတော်များသည် မူလအတိုင်း ရှစ်ဆူပကတိ ပတ္တမြားကြုတ်တွင်း၌ ပြန်လည်ကိန်းအောင်းလျက်ရှိသည်ကို ထူးဆန်းစွာတွေ့ရလေသည်။ ကုန်သည်ညီနောင်တို့ကလည်း ဝမ်းသာအားရဖြင့် ဆံတော်များ အပြည့်အဝ ပြန်လည် ကိန်းဝပ်နေပါကြောင်း ဥက္ကလာပမင်းကြီးအား လျှောက်ထားကြလေသည်။

ထိုအခါ ဥက္ကလာပမင်းကြီးသည် ဆံတော်ထည့်သွင်းထားသော ပတ္တမြားကြုတ်ကို ဖွင့်လှစ်၍ဖူးတော်မူသည်။ ဆံတော်များကိုဖူးမြော်ရစဉ်ဇဏ္ဍပင်လျှင် ကြည်ညိုသဒ္ဓါလွန်ကဲသော အဖြစ်ကြောင့် မိမိ၏ဦးခေါင်းကိုဖြတ်၍ ပူဇော်လိုသောဆန္ဒမှာ ပြင်းစွာ ဖြစ်လေတော့သည်။ ထိုအခါ အနီးရှိ မိဖုရားကြီးက သံလျက်ကိုကိုင်ထားသော မင်းကြီး၏လက်ကို ဆွဲငင်၍ ''အရှင်မင်းကြီး။ သတိထားတော်မူပါ၊ အရှင်မင်းကြီး၏ အသက်နှင့်ကိုယ် မြဲနေပါမှ ဤဗုဒ္ဓဆံတော်မြတ်များကို တည်ထားကိုးကွယ်မည့်သူ ရှိပါလိမ့်မည်။ အရှင်မင်းကြီး လွန်လေသော် ဆံတော်မြတ်ကို ဘုရား ဗျာဒိတ်တော်အတိုင်း တည်ထား ကိုးကွယ်မည့် ဒါယကာ မရှိဖြစ်ပါလိမ့်မည်'' ဟု လျှောက်တင်လေသည်။

ဥက္ကလာပမင်းကြီးသည် မိဖုရားကြီးသတိပေးချက်ကိုကြားလေသော် ဘုရားဗျာဒိတ်တော်နှင့် ဖခင်သိကြားမင်း၏ မိန့်မှာချက်တို့ကို အမှတ်ရ၍ မိမိဦးခေါင်းကို ဖြတ်၍ပူဇော်ခြင်းမပြုတော့ပဲ ပတ္တမြားကျောက်မျက်စီခြယ်သည့် မကိုဋ်ကိုချွတ်၍ဆံတော်များအား လှူဒါန်းပူဇော်လေသည်။

## သိင်္ဂုတ္တရကုန်းတော်ကိုရှာခြင်း

ထို့နောက်မင်းကြီးသည် ''သိင်္ဂုတ္တရကုန်းကိုသိသောသူကားဘယ်သူဖြစ်သနည်း'' ဟု မေးမြန်းစုံစမ်းလေသည်။ ခုနစ်ရက်မျှ မောင်းကြေးနင်းခတ်၍ ကြေညာစုံစမ်းသော်လည်း ကုန်းတော်တည်ရာကို သိသူတဦးတယောက်မျှ မတွေ့ရပေ။ တဖုဿနှင့် ဘလ္လိကတို့ကလည်း

''ကုန်းတော်ကိုရှာ၍ မတွေ့ပါက အဘယ်အရပ်၌ဌာပနာရပါအံ့နည်း။ အခြားတပါးသော အရပ်၌ ဌာပနာရပါက ဘုရားရှင်၏ မိန့်မှာချက်နှင့်ဆန့်ကျင်နေပါလိမ့်မည်''ဟု ညည်းတွား မြည်တမ်းကြလေသည်။

ဆံတော်များကို တည်ထားရန်အတွက် သိင်္ဂုတ္တရကုန်းတော်ကို ရှာဖွေမတွေ့နိုင်ဖြစ်နေသောအခါ သိကြားမင်းစံရာ တာဝတိံသာ၌ ပဏ္ဍုကမ္ဗလာမြကျောက်ဖျာသည် စည်မျက်နှာပြင်ကဲ့သို့ တင်းမာလေ၏။ သိကြားမင်းသည် နတ်တို့တန်ခိုးဖြင့် ရှုကြည့်သုံးသပ်သည်ရှိသော် အကြောင်းစုံကိုသိ၍ သိင်္ဂုတ္တရကုန်းတည်ရာကို ငါကိုယ်တော်တိုင်ကူညီညွှန်ပြမှဖြစ်တော့မည်ဟု စဉ်းစားမိလေသည်။ ထို့ကြောင့် ဝိသကြုံနတ်သားအား လူ့ပြည်သို့ ဆင်းသက်ရန် စေလွှတ်လိုက်လေသည်။ ဝိသကြုံနတ်သားသည် လူ့ပြည်သို့ရောက်သော် သစ်များ၊ ဝါးများ၊ ချုံနွယ်များ ပိတ်ဖုံးနေသော ကုန်းတော်ကို ညီညွတ်သောမြေအပြင်ဖြစ်အောင် သုတ်သင်ရှင်းလင်းလေသည်။

### အမည်ခုနစ်ပါးရှိသောကုန်းတော်

သိင်္ဂုတ္တရကုန်းတော်သည် အမည်ခုနစ်ပါးဖြင့် တွင်၏။ တရိဟကုမ္ဘ၊ သတ္တဘုမ္မိ၊ မဏ္ဍဝတီ၊ ပေါက္ခရဝတီ၊ ဘူရိဒတ္တ၊ သီဟရာဇာ၊ သိင်္ဂုတ္တရဟူသော အမည်ခုနစ်ပါးဖြစ်သည်။

တရိဟကုမ္ဘဟုတွင်သည်ကား ဟိမဝန္တာတောင်၏ အဆုံးဖြစ်သော တောင်စွယ်တောင်ထိပ်သုံးလုံးတို့သည် ဤကုန်းကို ညွတ်တွားဦးခိုက် နေဘိသကဲ့သို့ ရှိသောကြောင့် ဖြစ်၏။ သတ္တဘုမ္မိဟုတွင်သည်ကား ရွှေ၊ ငွေ၊ အနီ၊ အဖြူ၊ အမည်းအဆင်းများနှင့် ချိုသော၊ ဖန်သော အရသာများရှိသည့် မြေခုနစ်မျိုးပါဝင်သော ကုန်းတော်ဖြစ်သောကြောင့် ဖြစ်၏။ မဏ္ဍဝတီဟုတွင်သည်ကား ကောက်နှံ၊ ရတနာပစ္စည်း၊ သစ်ပင်၊ ပန်းမန်တို့ ပေါများကြွယ်ဝသောကြောင့် ဖြစ်၏။ ပေါက္ခရဝတီဟုတွင်သည်ကား သိင်္ဂုတ္တရကုန်းတော်ကို ၉၉ ကုန်းရံ၍ နေသောကြောင့်ဖြစ်၏။ ဘူရိဒတ္တဟုတွင်သည်ကား ဤကုန်းသို့ရောက်လာသော သတ္တဝါတို့သည် ရန်သူပင် ဖြစ်သော်လည်း ရန်ပြေငြိမ်းစေတတ်သောကြောင့် ဖြစ်၏။ သီဟရာဇာဟုတွင်သည်ကား ထိုကုန်းကိုမြင်လျှင် ရဲရင့်ခြင်းနှင့် ပြည့်စုံသောကြောင့် ဖြစ်၏။ သိင်္ဂုတ္တရဟုတွင်သည်ကား ထိုအရပ်၌ တခုသောကင်းကြီးသည် ဆင်များကိုသတ်ဖြတ်စားသောက်၍ အစွယ်များကို စုပုံထားရာဖြစ်သောကြောင့် ကင်းကြီးနှင့် ဆင်စွယ်များကို အကြောင်းပြု၍ မှည့်ခေါ်ခြင်းဖြစ်၏။

ဤသိင်္ဂုတ္တရကုန်းတော်ကို သိကြားမင်း၏ အမိန့်ဖြင့် ဝိသကြုံနတ်သား ရှင်းလင်းသောညဉ့် တဖုဿနှင့်ဘလ္လိကညီနောင်တို့သည် တောင်ကုန်းကို မိမိတို့ကိုယ်တိုင် တွေ့ရှိ

ရပြီဟု အိပ်မက်မြင်မက်ကြလေသည်။ နံနက်မိုးသောက်သည်နှင့် ထိုနေရာသို့သွားကြသော အခါ စည်မျက်နှာကဲ့သို့ ညီညာပြန့်ပြူးစွာ ရှင်းလင်းထားသော ကုန်းမြေကို အံ့ဘွယ် တွေ့ရှိ ရလေသည်။ ထိုအကြောင်းကို ဥက္ကလာပမင်းကြီးထံ သွားရောက် လျှောက်ကြားကြသည်။ ညီနောင်နှစ်ဦးတို့က တောချုံတို့အလယ်တွင် ရှင်းလင်းထားသော ကုန်းပြင်ကြီးကို တွေ့ခဲ့ရ ပါကြောင်း လျှောက်တင်ကြသည်ကိုမင်းကြီးသည်မယုံကြည်နိုင်ပေ။ ထို့ကြောင့် ''ဟုတ်တိုင်း မှန်ရာကိုသာ တင်ကြလော့'' ဟု ထပ်၍ မိန့်ကြားလေသည်။ ကုန်သည် ညီနောင်တို့ ကလည်း မင်းကြီးအား အမှန်အကန်ကိုသာ လျှောက်တင်ပါကြောင်း ထပ်လောင်း ပြောကြားကြပြန်သည်။ ထိုအခါ ဥက္ကလာပမင်းကြီးသည် မင်းချင်းလုလင်ဘဦးအား ဤအတိုင်း မှန်မမှန် တောင်ကုန်းနေရာမြေအခင်းကို သွားရောက်ကြည့်ရှုစေ၏၊

စေလွှတ်လိုက်သော မင်းချင်းလုလင်သည် လျှောက်တင် ပြောဆိုသည့်နေရာ၌ တောင်ကုန်းကို အခက်အခဲမရှိပဲ ထင်းထင်းလင်းလင်း တွေ့မြင်ခဲ့ရသည်။ မင်းချင်းသည် ထိုကုန်းကိုမြင်၍ ကြည်ညိုသောစိတ်ဖြစ်၏။ ထို့နောက် ''သိင်္ဂုတ္တရကုန်းတော်ကို တွေ့ရှိ ကြောင်း လျှောက်ထားလျှင် မင်းကြီးသည် ငါ့အား ပြည့်စွာ ဥစ္စာ၊ ရတနာ၊ ရွှေ၊ ငွေ တို့ကို ဆုချလတ္တံ့။ ငါသည် ဘုရားရှင်၏ ဆံတော်ဓာတ်ထားရာ အရပ်ကို သိမြင်သည်ကား အကျွတ်တရားကို ရပေတော့မည်'' ဟု ဝမ်းမြောက်ရွှင်လန်းသောစိတ်ဖြင့် ရင့်ကြွေး၏။ မိမိကိုယ်မှ ဝတ်လဲကိုချွတ်၍ ကုန်းတော်မြတ်အား လှူခဲ့လေသည်။

မင်းချင်းလုလင်သည် နန်းတော်သို့ ပြန်ရောက်သည်ရှိသော် တောင်ကုန်းနေရာကို ထင်ရှားစွာတွေ့ခဲ့ကြောင်း လျှောက်တင်လေသည်၊ ထိုအခါ ဥက္ကလာပမင်းကြီးသည် ကုန်းတော်ရှိရာသို့ ဆင်ဖြင့်ထွက်ခဲ့၍ ကုန်းတော်မြေကို ဦးညွှတ်ပူဇော်သောအားဖြင့် လက်ျာရစ် သုံးကြိမ် လှည့်လေသည်။ မင်းကြီး၏ စိတ်ထဲ၌ ဤမျှကျယ်ဝန်းသော တောအထု နှင့် မြေအပြင်ကို စည်မျက်နှာကဲ့သို့ ညီညွတ်အောင် တညတွင်း ခုတ်ထွင်ရှင်းလင်း၍ ညီညာအောင်ညှိရန်မှာကား လူသာမန်တို့အင်အားဖြင့် မည်သို့မျှမတတ်နိုင်။ နတ်သိကြားတို့ သာလျှင် ဖြစ်ရမည်ဟု ဆင်ခြင်မိလေ၏။

## ဓာတ်တော်မွေတော်များကိုရှာခြင်း

ထိုအခါ ဥက္ကလာပမင်းကြီးသည် ကုန်သည် ညီနောင်တို့အား ''ဆံတော်များကို ပင့်ဆောင်ကြချေလော့။ ဤကုန်းမြတ်တွင် ဌာပနာ၍ ကိုးကွယ်ကြမည်'' ဟု စေခိုင်းလေ၏။ ထိုသို့စေခိုင်းသော် ကုန်သည်တို့က ''အရှင်မင်းကြီး၊ မြတ်စွာဘုရား၏ အလိုတော်အရမှာ သိင်္ဂုတ္တရကုန်းတော်ပေါ်တွင် ရှေးရှေးက သုံးဆူသောဘုရားရှင်တို့၏ ဓာတ်မွေတော်များ

ကိန်းဝပ်ရာနေရာတွင်သာ ဆံတော်များကို ဌာပနာရန် မိန့်မှာတော်မူသည်။ ယခုထိုနေရာကို မသိရသေးပါ။ အသက်အရွယ် ကြီးရင့်သိမြင်သူပုဂ္ဂိုလ် တဦးဦးအား ခေါ်ယူမေးမြန်းမှ တော်ပါလိမ့်မည်''ဟု ထပ်မံ လျှောက်ထားကြလေသည်။

မင်းကြီးသည် အသက်အရွယ် အလွန်အိုမင်းလှပြီဖြစ်သော သူအိုတဦးအား ခေါ်ယူ၍ စုံစမ်းမေးမြန်းသည်။ သို့ရာတွင် ထိုအဘိုးအိုသည် သူတို့သိလိုသောအချက်ကို မဖြေကြားနိုင်ချေ။ ထို့ကြောင့်မင်းကြီးနှင့်တကွ ကုန်သည်ညီနောင်တို့သည်စိတ်ပျက်အားလျော့၍ ငိုကြွေးကြလေ၏။ ထိုအခါ တာဝတိံသာနတ်ပြည်၌ သိကြားမင်း၏ မြကျောက်ဖျာသည် တကြိမ် တင်းမာပြန်လေသည်။ ထို့ကြောင့် သိကြားမင်းသည် နတ်အခြွေအရံအပေါင်း ခြံရံလျက် ဧရာဝဏ်ဆင်ကိုစီးပြီးလျှင် သိင်္ဂုတ္တရကုန်းရှိရာအရပ်သို့ ဆင်းသက်တော်မူလေသည်။ အခြားသောနတ်ဗြဟ္မာသူတော်စင်အပေါင်းတို့လည်း သိင်္ဂုတ္တရကုန်းတော်သို့ပင် ဆင်းသက်လာကြ၏။

သိကြားမင်းနှင့် နတ်အပေါင်းစုံညီရောက်ရှိသောအခါ စကြဝဠာ တကျွန်းလုံးသည် ဆီမီးတန်ဆောင်ထွန်းသကဲ့သို့ ထွန်းလင်းပြီးလျှင် လူသတ္တဝါ အပေါင်းတို့မှာ ဝမ်းမြောက် ဝမ်းသာရှိကြကုန်သည်။ ကုန်သည်ညီနောင်တို့လည်း သိကြားမင်းထံချဉ်းကပ်၍ ''ဆံတော်များကိုးကွယ်တည်ထားရမည့် ဘုရားသုံးဆူတို့၏ ဓာတ်တော်ထားရာကို သိပါ၏လော'' ဟု တောင်းပန် မေးမြန်းကြလေသည်။ သိကြားမင်းလည်း ''ကုန်သည်ညီနောင်တို့၊ ငါ၏ အသက်မှာ နတ်တို့အရေအတွက်အားဖြင့် တထောင်၊ လူတို့ အရေအတွက်အားဖြင့် အနှစ် သုံးကုဋေခြောက်သန်း မျှသာရှိ၏။ ငါ့ထက် အသက်ကြီးသော နတ်သားတယောက်ကို မေးဦးမည်'' ဟုဆို၏။

သိကြားမင်းသည် မိမိထက်အသက်ကြီးသော သဖန်းပင်စောင့်နတ်အား ဖိတ်ကြား၍ မေးမြန်းသည်။ သို့ရာတွင် သဖန်းပင်စောင့်နတ်သည် ''အရှင်သိကြားမင်း၊ ကျွန်ုပ် မသိ။ ကျွန်ုပ်၏အသက်ကား အန္တရကပ် ထက်ဝက်သာ ရှိသေးသည်။ ကျွန်ုပ်ထက်အသက်ကြီးသော နတ်များကိုမေးတော်မူလော့'' ဟုဆိုလေသည်။ ထိုအခါသိကြားမင်းသည် အန္တရကပ် သုံးကပ်ခွဲမျှ အသက်ရှည်သော ဆူးလေနတ်၊ ရောဟဏီနတ်၊ ဒက္ခိဏနတ်နှင့် အမြဲသခေါ် မှော်ဘီနတ်ကြီးတို့ထံ စုံစမ်းလေသည်။ နတ်ကြီးများတွင် ဆူးလေနတ်ကြီးသည် အသက်အရွယ် အကြီးဆုံးဖြစ်လေသည်။

## နတ်ကြီးများကညွှန်ပြခြင်း

ဆူးလေနတ်ကြီးသည် ကကုသန်ဘုရားရှင်လက်ထက်၌ ဘီလူးဖြစ်ခဲ့ဘူး၏။ သူသည် နေ့စဉ် ဆင်တကောင်ကျ စား၏။ တနေ့၌ ထိုသို့စားသောက်ရန်အစာကို ဆာလောင်မွတ်သိပ်

## နတ်ကြီးများ၏ ပြောကြားသော အခြင်းအရာ

စွာ ရှာစဉ် ဘုရားရှင်နှင့်တွေ့၍ ဘုရားရှင်ကိုပင် အစာအမှတ်နှင့် စားရတော့မည်ဟု အကြံပြု၏။ ကကုသန်ဘုရားရှင်သည် သူ့အား တားမြစ်ဆုံးမပြီးနောက် ခုနစ်နှစ်မျှ ငါးပါးသီလမြဲရန် ဝန်ခံကတိပြုစေ၏။ ဆူးလေနတ်ကြီးက ခုနစ်နှစ်မှာ များလွန်းပါသည်ဟု ပြန်၍လျှောက်၏။ ထိုအခါဘုရားရှင်က သို့ဖြစ်လျှင် ငါးပါးသီလကို ခုနစ်ရက်မျှ ဆောက်တည်ရမည်ဟု မိန့်တော်မူ၏။ ထိုအချိန်မှစ၍ ဆူးလေနတ်ကြီးသည် ဘီလူးဘဝမှ ကျွတ်၍ ကကုသန်ဘုရားရှင်၏ တပည့်သားတဦးဖြစ်လာ၏။ ဘုရားရှင်သည် ဆူးလေနတ်ကြီးအား မိမိ၏တောင်ဝှေးကို ပေးသနားတော်မူသည်။ ထိုအချိန်က ဆူးလေနတ်ကြီးနေသောအရပ်မှာ ကျိုက္ကမိဖြစ်ပြီး၊ ကကုသန်ဘုရားရှင်၏ တောင်ဝှေးတော်ကို လက်ခံရရှိသည့်နေရာမှာ '' ဒဂုန် '' အရပ်ဖြစ်သည်ဟု ဆိုလေသည်။

ရေဟဏီနတ်ကြီးကား မော်ဘီတောတွင် ကောဏဂုံ မြတ်စွာဘုရားရှင်လက်ထက်၌ ဘီလူးကြီးဖြစ်ခဲ့၏။ ထို့နောက် ဘုရားကို ဖူးတွေ့ရသဖြင့် အစွယ်လေးချောင်းကျွတ်ပြီးနောက် အကျွတ်တရားရရှိပြီး ကောဏဂုံဘုရားရှင်၏ တပည့်သားတဦးဖြစ်ခဲ့သည်။ သူ့အား ကောဏဂုံဘုရားရှင်က ရေစစ်တော်ကို ပေးသနားခဲ့သည်။

ဒက္ခိဏနတ်ကြီးကား ကဿပဘုရားရှင်လက်ထက်၌ ဘီလူးကြီးဖြစ်ခဲ့၏။ ဘုရားရှင်ကို ဖူးတွေ့၍ အကျွတ်တရားရရှိပြီး တပည့်သားတဦးဖြစ်ခဲ့၏။ သူသည် ကဿပဘုရားရှင်၏ ရေသနုပ်သက်န်းကို အမွေရရှိလိုက်သည်။

မော်ဘီနတ်ကြီးကမူကား မိမိသည် ကမ္ဘာတည်သရွေ့ကာလပတ်လုံး အထက်ဘုရားရှင်သုံးဆူတို့၏ တောင်ဝှေး၊ ရေစစ်၊ ရေသနုပ်များနှင့်တကွ ဂေါတမဘုရားရှင်၏ ဆံတော်မြတ်တို့ကို စောင့်ကြပ်ထိန်းသိမ်းရန် တာဝန်ရှိသူ ဖြစ်ပါသည်ဟု သိကြားမင်းအား ပြောကြားလေသည်။

နတ်ကြီးများပြောကြားသော အခြင်းအရာအဖြစ်အပျက်တို့ကို ကြားရသော လူ နတ်ဗြဟ္မာပရိသတ်အပေါင်းတို့သည် များစွာအံ့သြခြင်းဖြစ်ကြရသည်။ ထို့နောက်တွင် သိကြားမင်း၏ စေခိုင်းချက်အရ အလျား၊ အနံ၊ အစောက်အားဖြင့် ၄၄ တောင်စီရှိသော တွင်းကြီးကို နတ်တို့တူးဖော်ကြသည်။ ထိုတွင်းကြီးထဲမှ တောင်ဝှေးကိုရင်း၊ ရေစစ်ကိုရင်း၊ ရေသနုပ်သက်န်းကိုရင်း ကောင်းစွာတူးဖော်ရရှိကြ၏။ ရှေးကပွင့်ခဲ့သော ဘုရားသုံးဆူတို့၏ ဓာတ်တော် မွေတော်ဖြစ်သောပစ္စည်းများကို ဖူးမြင်ရသူအားလုံးတို့သည် များစွာနှစ်ထောင်းအားရ ကြည်ညိုသဒ္ဓါဖြစ်ကြလေသည်။

## ဆံတော်များကိုဌာပနာ၍ စေတီတည်ထားကိုးကွယ်ခြင်း

ထို့နောက် သိကြားမင်းသည် တာဝတိံသာနတ်ပြည်မှ ကျောက်ဖျာကြီး ခြောက်ချပ်ကို ဆောင်ယူစေ၏။ ငွေအဆင်းရှိသော ကျောက်ဖျာကြီးကို အောက်မှခင်း၍ စိန်အဆင်းရှိသော ကျောက်ဖျာကြီးကို ဥမင်၏ အရှေ့ဖက်မျက်နှာ၊ မြအဆင်းရှိသောကျောက်ဖျာကြီးကို အနောက်မျက်နှာ၊ပုလဲအဆင်းရှိသော ကျောက်ဖျာကြီးကို မြောက်ဖက်မျက်နှာ၊နီလာအဆင်းရှိသော ကျောက်ဖျာကြီးကို တောင်ဖက်မျက်နှာတို့၌ အသီးသီးကာရံစေသည်။ ပတ္တမြားအဆင်းရှိသော ကျောက်ဖျာကြီးကိုမူကား ဥမင်အထက်မှ အဖုံးပြုလုပ်ရန်ထားသည်။

လေးဆယ့်လေးတောင် အတိုင်းအရှည်ရှိသော ဥမင်ကြီး၏ ထောင့်လေးထောင့်တွင် ဖယောင်းတိုင်ကြီးလေးတိုင်ကို အဆက်မပြတ် ထွန်းလင်းနေအောင် ထွန်းညှိသည်။ ထို့နောက် ဥမင်ထဲတွင် ရတနာခုနစ်ပါးကို ဒူးဆစ်ထိနစ်မြုပ်အောင်ထည့်သည်။ ထိုရတနာများပေါ်တွင် ရတနာအတိပြီးသော သင်္ဘောထက်၌ ပတ္တမြားပြာသာဒ်လေးဆောင်ကို ထားသည်။ ပတ္တမြားပြာသာဒ်တဆောင်စီ၌ ကကုသန်၊ ကောဏာဂုံ၊ ကဿပဘုရားရှင်တို့၏ တောင်ဝှေး၊ ရေစစ်၊ ရေသနုပ်တို့ကို ထည့်သွင်းသည်။ ကျန်တဆောင်တွင် လက်ရှစ်သစ်အလျားပမာဏရှိသော ဂေါတမမြတ်စွာဘုရား၏ ဆံတော်ရှစ်ဆူကို ပတ္တမြားကြုတ်၌ ထည့်၍ ထိုပတ္တမြားကြုတ်ကို တဖုဿနှင့် ဘလ္လိကတို့၏ ရွှေရုပ်များက ထမ်းလျက် ဌာပနာ၏။ ဗြဟ္မာမင်း၊ သိကြားမင်း၊ ဥက္ကလာပမင်း၊ မယ်တော်မိဖုရားတို့၏ ရွှေသားအချပ်၊ ပတ္တမြားပန်းခက်၊ စိန်ပန်းခက်၊ မြပန်းခက်များနှင့် ဘေးပတ်လည်မှ ဆံတော်ကို ပူဇော်ဟန်လည်း ဌာပနာ၏။

ထို့နောက် ဆံတော်နှင့် ဓာတ်တော်မွေတော်များ ဌာပနာရာဥမင်၏ လေးမျက်နှာတွင် မီးစက်၊ ရေစက်၊ လှံ့ဓား၊ စက်ယန္တရားနှင့် ထားပြီးသော် သံကွန်ချာခုနစ်ထပ်အုပ်၏။

ဆံတော်များကို ဌာပနာတိုက်သို့ မသွင်းမီ သိကြားမင်း ဥက္ကလာပမင်းနှင့် မှူးမတ်အပေါင်းတို့သည် လေးစင်းသော နဒီရေဖြင့်ဆေးမည်ဟု ကြံ၏။ နောက်မှတဖန် လျှော်ကန်မည်ဟုမထင် ကုန်းတော်ပေါ်တွင် ရေတွင်းတူး၍ ထွက်သောရေဖြင့် ဆေးမှ လျှော်ကန်မည်ဟု ရေတွင်းတူးစေသည်။ ရေတွင်းမှ သန္တာမြသား ပတ္တမြားအရောင်အဆင်း ရှစ်ကွမ်းစားရေထွက်သဖြင့် ဆံတော်ကို ရေသပ္ပါယ်ကြကုန်၏။

သိကြားမင်းသည် ဆံတော်များကို ရေသပ္ပါယ်ရန်ဟူ၍ ပတ္တမြားကြုတ်မှ ထုတ်ယူပင့်ဆောင်လိုက်သောအခါ လူနတ်ဗြဟ္မာတို့သည် သောသောညံအောင် ကောင်းချီးပေးကြကုန်၏။ ဆံတော်မြတ်တို့သည်လည်း ထန်းပင်ခုနစ်ပြန်မျှရှိသော အမြင့်သို့ ပျံတက်၍

ကိန်းဝပ်ရပ်တည်လေ၏။ ယင်းဆံတော်တို့မှ ကွန့်မြူး ပေါ်ထွက်လာသော ရောင်ခြည်တော်တို့သည် လောကဓာတ်အလုံးသို့တိုင် ပျံ့နှံ့ကုန်၏။ ပြိတ္တာတို့သည်လည်း လူတို့ကိုမြင်ရကုန်၏။ လူတို့သည်လည်း ပြိတ္တာတို့ကိုမြင်ရကုန်၏။ မျက်စိမမြင်သောသူတို့သည်လည်း မြင်ကုန်၏။ နားမကြားသောသူတို့သည်လည်း ကြားကုန်၏။ ကိုယ်လက်ချည့်နဲ့ကောက်ကွေးနေသူတို့လည်း အကောင်းပကတိဖြစ်ကြလေသည်။ ဆွံ့သော၊အသောသူတို့သည် ပီသစွာပြောဆိုနိုင်ကြကုန်၏။ ပထဝီမြေအထုသည် ပြင်းစွာလှုပ်ရှား၏။ သမုဒ္ဒရာပြင်၌ လှိုင်းတံပိုးများထကြ၏။ မြင့်မိုရ်တောင်သည်လည်း ညွတ်၏။ တောင်စဥ်ခုနစ်ထပ်တို့လည်း တပြိုင်နက်လှုပ်ကြကုန်၏။ လျှပ်နွယ်လျှပ်စီးများသည် ကောင်းကင်၌ ဝင်းလက်ကြ၏။ ရတနာကိုးပါးဖြင့်ပြီးသော မိုးကြီးလည်းရွာ၏။ တောတောင်တို့၌ ရှိသောပန်းတို့သည် အခါရာသီမဟုတ်ပဲ ပွင့်ကြသီးကြကုန်၍ မြတ်စွာဘုရား၏ ဆံတော်ရှစ်ဆူကို ပူဇော်ကန်တော့ကြလေ၏။

သိကြားမင်းသည်လည်း ရတနာအပေါင်းစီ၍ထားသော မကိုဋ်ကိုလှူ၏။ သိကြားမင်း၏မိဖုရားလေးပါးတို့သည် ဝတ်ပန်းပုဆိုး ပတ္တမြားနားတောင်း၊ မကိုဋ်တန်ဆာ၊ ပတ္တမြားဆံကျင်တို့ကို လှူ၏။ လူအပေါင်းတို့လည်း ဘယက်လည်ဆွဲ တည်းဟူသော ရွှေ၊ ငွေ ကျောက်သံပစ္စည်းတို့ဖြင့် ပူဇော်ကုန်၏။ လှူဒါန်းကြသော ရတနာဝတ္ထုအစုစု၏များပြားခြင်းမှာ ရတနာမိုးကြီးရွာဘိသကဲ့သို့ဖြစ်၏။ ထိုအခါ ကောင်းကင်မှ ဆံတော်များသည် အောက်သို့သက်ဆင်း၍ တဖုဿနှင့် ဘလ္လိကညီနောင်တို့၏ ဦးခေါင်းထက်၌ တည်လေသည်။

စေတီတော် ဌာပနာဥမင်ကို အထက်ပါအတိုင်း စီရင်လျက် အထက်က ပတ္တမြားအဆင်းရှိသော ကျောက်ဖျာကြီးကို ပိတ်မည်ပြုသောအခါ တဖုဿနှင့် ဘလ္လိက ညီနောင်တို့မှာ ဆံတော်မြတ်သည် "ငါတို့နှင့်ကင်းချေတော့မည်တကား" ဟူ၍ ရင်တီးလက်ခတ်ပြု၍ ငိုမြည်တမ်းကြကုန်၏။ အစစ အဆင်သင့် ဖြစ်သောအခါ ဌာပနာ ဥမင်ကို အထက်က ကျောက်ဖျာကြီးဖြင့် သိကြားမင်းကိုယ်တိုင် ပိတ်ဖုံးလိုက်လေသည်။

## စေတီတော်ခုနစ်ထပ်

ဌာပနာဥမင်၏ အထက် ကျောက်ဖျာပေါ်၌ ရွှေစေတီကိုတည်၏။ ရွှေစေတီကို ငွေစေတီမျို၍တည်၏။ ငွေစေတီကို ကြေးဖြူစေတီမျို၍တည်၏။ ကြေးဖြူစေတီကို ကြေးနီစေတီမျို၍တည်၏။ ကြေးနီစေတီကို သံလွဲစေတီမျို၍တည်၏။ သံလွဲစေတီကို ကျောက်ဖြူစေတီမျို၍ တည်၏။ ကျောက်ဖြူစေတီကို သံအုတ်စေတီမျို၍ တည်၏။ ဤသို့ ရွှေအုတ်၊ ငွေအုတ်၊ ကြေးဖြူအုတ်၊ ကြေးနီအုတ်၊ သံလွဲအုတ်၊ ကျောက်ဖြူအုတ်၊ သံအုတ်၊ မြေအုတ်နှင့် တက္က ထုံး၊ သဲ၊ ကျဲကော်၊ နရပတေ၊ အင်္ဂတေတို့ဖြင့် ကောင်းမွန် ခိုင်ခံ့အောင် တည်ပြီး

သော စေတီတော်ကို ဘိနပ်တော်မှ ငှက်ပျောဖူးအထိ ရတနာမျိုးစုံဖြင့် မွမ်းမံသည်။ ထိုအခါ ဉာဏ်တော် ၄၄ တောင်အမြင့် ဖြစ်လေသည်။

ထိုအခါ သိကြား၊ ဗြဟ္မာ၊ ဥက္ကလာပမင်းကြီးနှင့် များစွာသော နတ်လူအပေါင်းတို့သည်ရှင်း၊ နဂါး၊ ဂဠုန် ရေနေကြည်းနေအပေါင်းတို့သည်ရှင်း ထီး၊ တံခွန်၊ ပန်းပေါက်ပေါက်တို့ဖြင့် ပူဇော်ကြကုန်၏။

ဂေါတမ မြတ်စွာဘုရားသခင်သည် မဟာသက္ကရာဇ် ၁၀၃ ခုနှစ်၊ ကဆုန်လပြည့်၊ ဗုဒ္ဓဟူးနေ့တွင် ဘုရားအဖြစ်သို့ ရောက်တော်မူရာတွင် တဖုဿ ဘလ္လိက ညီနောင်တို့အား ထိုနှစ်ဝါဆိုလဆန်း ၅ ရက်၊ ဗုဒ္ဓဟူးနေ့တွင် လင်းလွန်းပင်ရင်း၌ ဆံတော်မြတ် ရှစ်ဆူကို ပေးသနားတော်မူသည်။ ဆံတော်များကို ဌာပနာ၍ စေတီတည်ထားကိုးကွယ်သည့်နေ့မှာ မဟာသက္ကရာဇ် ၁၀၃ ခု၊ တပေါင်းလပြည့်၊ ဗုဒ္ဓဟူးနေ့ ဒီရေတက်ချိန်တွင် ဖြစ်သည်ဟု စေတီတော်သမိုင်းများ၌ ဆိုလေသည်။

ကျမ်းဂန်များ၊ သမိုင်းများတွင်ပါရှိပုံ

ရွှေတိဂုံစေတီတော်ကြီး သမိုင်းနှင့်စပ်လျဉ်း၍ ပါဠိပိဋကတော်များ၌ တဖုဿနှင့် ဘလ္လိက ကုန်သည်ညီနောင်တို့အကြောင်းကို တွေ့ရသည်။ အင်္ဂုတ္တရနိကာယ်တေဒဂ္ဂဝဂ်၌ တဖုဿ ဘလ္လိကတို့သည် ဂေါတမမြတ်စွာဘုရား၏ ရှေးဦးတပည့်များ ဖြစ်ကြောင်းပါရှိသည်။ ဝိနယပိဋက မဟာဝဂ္ဂ ရာဇာယတနကထာတွင် မြတ်စွာဘုရားထံသို့ တဖုဿနှင့် ဘလ္လိကညီနောင်ရောက်ရှိလာပုံ၊ မုန့်များ ဆက်ကပ်ပုံ၊ဒွေဝါစိက သရဏဂုံတည်ကြပုံပါရှိသည်။

မဟာဝဂ္ဂအဋ္ဌကထာ၌ ဆံတော်ပေးသနားပုံ ပါရှိ၍ အင်္ဂုတ္တရအဋ္ဌကထာ၊ ဇာတကအဋ္ဌကထာ၊ ဇာတတ္ထကီတို့၌ကား ကုန်သည်ညီနောင်တို့သည် မြတ်စွာဘုရားထံ ရောက်ရှိ၍ ဆံတော်များကို ရယူပင့်ဆောင်ကာ စေတီတည်ထားကိုးကွယ်ကြကြောင်း ပါရှိလေသည်။

အထက်ပါဠိတော်နှင့် အဋ္ဌကထာများကို အမှီပြု၍ နောက်ပိုင်းတွင် ရေးသားဖော်ပြကြသော မြန်မာ ဗုဒ္ဓဝင်နှင့် မှန်၊ မြန်မာရာဇဝင်စာဟောင်းများ၌ ကုန်သည်ညီနောင်တို့ ကုန်ကူးသွားကြပုံ၊ မြတ်စွာဘုရားအား တွေ့ဆုံဖူးမြော်ပုံ၊ ကိုးကွယ်ပူဇော်ရန် ဆံတော်များ တောင်းကြပုံ၊ ဆံတော်များ ပင့်ဆောင်လာပုံ၊ ဥက္ကလာပမင်းကြီးနှင့်တကွ စေတီတော် တည်ထားပုံတို့ကို ကြည်ညိုဘွယ်ရာဖြစ်အောင် အကျယ်တဝင့်ရေးသားကြသည်ကို ဖတ်ရှုရလေသည်။

## သာသနာတော် ဆင်းသက်ရာ အဦးအစ

ရွှေတိဂုံစေတီတော်ကြီးကို တည်ထားကိုးကွယ်ခြင်းသည် မြန်မာနိုင်ငံ၌ ဗုဒ္ဓဘာသာ သာသနာ အဦးဆုံး ရောက်ရှိသောဖြစ်ရပ်တခုပင်ဖြစ်လေသည်။ မဟာဓမ္မသင်္ကြန်အမတ် ရေးသားပြုစုသော **သာသနာလင်္ကာရစာတမ်း** ၌ "အာဒိစ္စဝံသ မြန်မာ့ဦးစွန်း မင်းအဆက်ဆက် လက်နက်နိုင်ငံဖြစ်သော သုဝဏ္ဏဘုမ္မိတိုင်း၌လည်း အသိတဥ္စန ပေါက္ခရဝတီမြို့သား တဖုဿ ဘလ္လိက ညီနောင်ကိုစွဲ၍ ဘုရားသခင်လက်ထက်တော်ကပင် သာသနာတော်မြတ် ဆင်းသက်စမူ၏'' ဟူ၍ ရေးသားထားလေရာ ဤစေတီတော်မြတ်ကြီးကို အကြောင်းပြု၍ ဗုဒ္ဓဘာသာဝင်တို့ ဂုဏ်ယူဘွယ်ရာဖြစ်ပေသည်။

ဆံတော်ရှင်စေတီတော်ကြီးအား ကြည်ညိုကိုးကွယ်သူ ဗုဒ္ဓဘာသာဝင်တို့အတွက် မှတ်သားစရာစကားတရပ်မှာ "တတော တတ္ထတတ္ထ ဓာတုယော သက္ကာရသမ္မာနံ....'' အစရှိသဖြင့် အင်္ဂုတ္တိုရ်အဋ္ဌကထာ ဒုတိယပမာဒါဒိဝဂ်၌ လာရှိသည်။ အဓိပ္ပါယ်မှာ "အနာဂတ် ကာလတွင် ဓာတ်တော်များသည် ထိုထိုတည်ရှိရာ အရပ်ဒေသတို့၌ ရှိသေပူဇော်ခြင်းကို မရကုန်သည်ရှိသော် မြတ်စွာဘုရားတို့၏ အဓိဋ္ဌာန်အစွမ်းဖြင့် ရှိသေပူဇော်ခြင်းကို ရရှိရာ အရပ်သို့ ကြွသွားကုန်အံ့'' ဟူ၍ဖြစ်ပေသည်။

### စေတီတော်၏ ဘွဲ့မည်များ

ရွှေတိဂုံစေတီဟူ၍ တွင်သည်မှာ ဒဂုန် ဟူသော မွန်တိုဒေသကိုအစွဲပြု၍ ခေါ်ဝေါ်ခဲ့ကြခြင်းဖြစ်သည်။ သိင်္ဂုတ္တရကုန်းတော်ဟူသော စကား၏ အနက်မှာလည်း ရွှေတိဂုံဟူ၍ပင် ယူနိုင်သည်ဟုဆိုသည်။ ရှေးက "တြိဟကုမ္ဘ" ဟူ၍ ခေါ်တွင်သည်မှာ စေတီတော်တည်ရာကုန်းမြင့်သည် အနီးရှိ အခြားကုန်းနှစ်ခုနှင့်အတူ ဆင်ဦးကင်းကဲ့သို့ ဖိုခနောက်ဆိုင် ကုန်းမြင့်သုံးခု တည်နေသောကြောင့်ဖြစ်သည်။ "တြိဟကုမ္ဘ'' မှ "ဟ'' အက္ခရာပြုတ်၍ တြိကုမ္ဘ၊ တြိကုမ္ဗ၊ တိကုမ္ဗဟူ၍ ဆင့်ကဲပြောင်းလဲလာသည်။ ထို့ပြင် တိဂုမ္ဗ၊ တိဂုမ္ဘဟူ၍လည်း ရေးသားကြသည်။ မွန်ဘာသာတွင် တိကုမ္ဗမှ "တိကုံ'' ဟူ၍၎င်း၊ "လဂုင်" ဟူ၍၎င်း ပြောင်းလဲသုံးနှုန်းလာကြသည်။ ဒဂုန်၊ ဒဂုံ စသည်တို့မှာ နောက်ပိုင်း ခရစ်နှစ် ၁၆ ရာစုခန့်မှ စသော အရေးအသား အသုံးအနှုန်းများဖြစ်သည်။

စေတီတော် တည်ရှိနေရာ သိင်္ဂုတ္တရကုန်းကိုအစွဲပြု၍ ဌာနူပစာအားဖြင့် သိင်္ဂုတ္တရ စေတီဟူ၍၎င်း၊ တိဂုမ္ဗစေတီဟူ၍၎င်း ခေါ်ဝေါ်သုံးနှုန်းခဲ့ဘူးသည်။

ဓမ္မစေတီမင်း ရေးထိုးခဲ့သော ရွှေတိဂုံကျောက်စာများ၌ တမ္ဗကုတ္တတောင်တော်၊ တမ္ဗကုတ္တတောင်ဟူ၍ သုံးနှုန်းထားသည်။ အဓိပ္ပါယ်မှာ "ကြေးနီဖြင့် စောင့်ကြပ်ခြင်း''ဟု



ဓမ္မစေတီမင်းလက်ထက် စိုက်ထူသည့် ရွှေတိဂုံ စေတီတော်ကြီး၏ သမိုင်းကို ရေးထိုးထားသော
ကျောက်စာတိုင်ကြီးများ

ရသောကြောင့် ဆံတော်များကို ဌာပနာ၍ တည်ထားခဲ့စဉ်က သမိုင်းကြောင်းနှင့် ဆက်စပ်နေဘွယ်ရာရှိသည်။

## စေတီတည်ထားပြီးနောက်

ဆံတော်များကို ပင့်ဆောင်လာခဲ့ကြသည့် တဖုဿနှင့် ဘလ္လိကတို့သည် ဥက္ကလာပမင်းကြီးနှင့်အတူ ဆံတော်ရှင်စေတီကို ဆက်လက်ကိုးကွယ်ခဲ့ကြသည်။ နောင်အခါတွင် ထိုညီနောင်တို့သည် ဇေတဝန်ကျောင်းတော်၌ သွားရောက်နေထိုင်ကြ၏။ ဘုရားသခင် ရာဇဂြိုဟ်ပြည်၌ သီတင်းသုံးသောအခါ ဘုရားသခင် ထံတော်သို့ သွားရောက် ဖူးမြော်ကြပြီး၊ မြတ်စွာဘုရား၏ တရားတော်ကို နာယူဆောက်တည်ကြရသဖြင့် တဖုဿသည် သောတာပန်အဖြစ်၌တည်၏။ ညီတော်ဘလ္လိကသည် ဘလ္လိကထေရ်မည်သောဘွဲ့ဖြင့် ရဟန္တာဖြစ်လေသည်ဟု ရွှေတိဂုံစေတီတော်မှန်၊ မြန်မာကျောက်စာနှင့် ထေရာဘာသာပြန်တို့တွင် ဖော်ပြထားလေသည်။

## သီရိမာသောကမင်းကြီး

ရွှေတိဂုံစေတီတော်မြတ်အား ထိုအချိန်မှစ၍ ဥက္ကလာပမင်းဆက် ၃၂ ဆက်တို့က ဆက်လက်၍ စောင့်ရှောက်ကြည်ညိုခဲ့ကြသည်။ ထိုမင်းဆက်တို့လွန်သောအခါ စေတီတော်မှာ စောင့်ရှောက်ထိန်းသိမ်းမည့် ဒါယကာမရှိ ဖြစ်လေသည်ဟုဆိုလေသည်။

ရွှေတိဂုံမှန်ကျောက်စာအလိုအရ ဗုဒ္ဓမြတ်စွာ၏ ဆံတော်များကို ထည့်သွင်းဌာပနာထားသည့်အကြောင်းကို သိသောသူတို့၏အစဉ်အဆက်ပြတ်လေပြီးနောက် မွန်တို့၏ဒေသတွင် ဗုဒ္ဓသာသနာလည်း မထွန်းကားသေးသဖြင့် ဆံတော်များ ကိန်းဝပ်သည့် စေတီတည်ရှိရာကို သိသောသူတို့သည်၎င်း၊ ဆည်းကပ်ကိုးကွယ် စောင့်ရှောက်မည့် သူတို့သည်၎င်း မရှိကြတော့ပေ။ ထိုအခါ စေတီတော်မှာ ချုံနွယ်ပိတ်ပေါင်းတို့ဖြင့် လွှမ်းလျက်ရှိ၏။ မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုပြီး၍ နှစ်ပေါင်း ၂၃၆ နှစ်မျှကြာသောအခါ သောဏထေရ်နှင့် ဉတ္တရထေရ်တို့သည် သုဝဏ္ဏဘူမိတိုင်းသို့ သာသနာပြုရောက်ရှိလာရာတွင် ဗုဒ္ဓဘာသာ၌ သက်ဝင်ယုံကြည်သူ ရဟန်းရှင်လူတို့ ပေါ်ပေါက်လာကြ၏။ ထိုအခါ သီရိမာ သောကမင်းကြီးက သာသနာပြု မဟာထေရ်မြတ်နှစ်ဦးအား တပည့်တော်တို့မှာ မြတ်စွာဘုရား၏ တရားဓမ္မနှင့် သံဃာတော်အရှင်မြတ်တို့ကို ကိုးကွယ်ရန်ရှိပါပြီ။ ဘုရားရှင်၏ မွေတော်ဓာတ်တော်ကိုကား ကိုးကွယ်ရန်မရှိသေးပါ၊ ကိုးကွယ်ပါရစေဟု လျှောက်ကြားသဖြင့် မထေရ်မြတ်နှစ်ပါးက

တဖုဿနှင့်ဘလ္လိကတို့ ပင့်ဆောင်လာသောဆံတော်ရှင်မှာ တမ္ဗဂုတ္တ တောင်ထိပ်တွင် ဌာပနာတည်၍ ထားကြောင်း၊ သစ်ပင်ချုံနွယ်တို့ ပိတ်ပုံးနေကြောင်းကို ညွှန်ပြသဖြင့် သိရိမာသောကမင်းက စေတီကိုပြင်ဆင်ပြီး စေတီယာဃရဖြစ်သော စေတီအိမ်ပြာသာဒ်နှင့်တကွ ကိုးကွယ်ထားသည်။ ထိုအခါမှစ၍ မွန်တို့ဒေသတွင် ရွှေတိဂုံစေတီကို လာရောက်ကြည်ညို ဖူးမြော်သူတို့ အစဉ်မပြတ်ရောက်ရှိလာကြသည်။

ဒုတ္တပေါင်မင်းကြီး

သရေခေတ္တရာပြည်ကို အုပ်စိုးသော ဒုတ္တပေါင် မင်းကြီးသည် ခရစ်နှစ် ၅ ရာစုတွင် ဆံတော်များကို ပင့်ဆောင်ယူငင်ရန်အတွက် စစ်သည်ဗိုလ်ပါများဖြင့် လာရောက်လေသည်။ ဆံတော်များကိုပင့်ဆောင်၍ မရသည်နှင့် စေတီတော်၏ အရှေ့ တောင်ထောင့်တွင် ထီးတော်တစင်းကို စိုက်ထူပူဇော်သည်။ ထိုထီးတော်၏ အရိုးမှာမြသားဖြင့် ပြီး၍ အရွက်များ၌ စိန်စီထားလေသည်။ ဒုတ္တပေါင်မင်းကြီးသည် ဆံတော်ကို ပင့်ဆောင်ရန်ကြိုးစားရာတွင် လေပြင်းမုန်တိုင်း အကြီးအကျယ် ကျလာသောကြောင့် ဆံတော်ကိုပင့်ဆောင်ရန် အကြံကို လက်လျှော့သွားရကြောင်းဖြင့် မွန်သလာပတ်ရာဇဝင်များတွင် ဖော်ပြလေသည်။

အနော်ရထာမင်းစော

ပုဂံပြည်ကို အုပ်စိုးသော အနော်ရထာမင်းကြီးသည် ဒဂုန်သို့ဆံတော်များကိုပင့်ဆောင်ရန် ရောက်ရှိဘူးသည်ဟူသော အမှတ်အသားကိုလည်း မွန်သလာပတ်ရာဇဝင်များ၌တွေ့ရသည်။ အနော်ရထာမင်းစောသည် ဆံတော်များကိုတူးဖော်ပင့်ဆောင်ရန် ကြံရွယ်ချက်ဖြင့် ခရစ်နှစ် ၁၀၀၀ ကျော်အချိန်တွင် ပုဂံပြည်မှ စုန်ဆင်းလာခဲ့သည်။လူသူ ၅၀ မျှတို့သည် တူးရှင်းများဖြင့် တူးဖော်နေကြစဉ် ကြောက်မက်ဘွယ် ကောင်းသော လေပြင်းမုန်တိုင်းကျရောက်လာသဖြင့် စစ်သည်ဗိုလ်ပါများနှင့်တကွ အစောင့်အနေတို့မှာ ကြောက်၍ ထိတ်လန့်ကြရသည်။ ထို့နောက်အနော်ရထာမင်းသည် ရွှေထီး၊ ငွေထီးများ ဆက်ကပ်၍ စေတီတော်၏ အရှေ့မြောက်ဖက်တွင် ဝေပုလ္လတောင်၌သာ တွေ့ရှိနိုင်သော ပတ္တမြားတလုံးကို ထည့်သွင်း ပူဇော်လျက် ပုဂံနေပြည်သို့ ပြန်လည် ထွက်ကြွသွားသည်ဟူ၍ ဆိုလေသည်။

ဤသို့လျှင် ရွှေတိဂုံစေတီတော်ကြီး၏သမိုင်းကို အစဉ်အဆက် ပြောဆိုမှတ်သားခဲ့ကြနလေသည်။

## အခန်း ၃

# ရှေးခေတ်ရွှေတိဂုံ

ဆံတော်ရှင်စေတီတော်မြတ်အား ရှေးမင်းအစဉ်အဆက်တို့သည် သဒ္ဓါကြည်ညို မပျက် ဆက်လက်ပူဇော်ခဲ့ကြ၏။ ရာမညတိုင်းကို အစိုးရသော သဒ္ဓါတရားရှိသည့် မင်းများ လက်ထက်သို့ရောက်သောအခါ ယိုယွင်းပျက်စီးသောစေတီကို အဆက်ဆက်လွှမ်းခြုံထပ်ဆင့်၍ တည်ထားကိုးကွယ်ခဲ့ကြရာ ယခုကဲ့သို့ မဟာစေတီကြီးဖြစ်လာလေသည်။

ရွှေတိဂုံစေတီတော်တည်ရာ သိင်္ဂုတ္တရကုန်း၏ အရှေ့ဖက်တွင် ကျောက်စာတိုင်ကြီး သုံးချပ်ကို စိုက်ထူထားသည်။ ယင်းကျောက်စာတိုင်ကြီးများမှာ လက်ရှိရင်ပြင်တော်၏ အောက် ပေ ၅၀ ခန့် နိမ့်သောနေရာ အရှေ့ဖက်စောင်းတန်း၏ဘေးတွင် တည်ရှိသည်။ ကျောက်စာတိုင်ကို ဓမ္မစေတီမင်းလက်ထက် ခရစ်နှစ် ၁၄၈၅ ခုတွင် ရေးထိုးခဲ့သည်။ ပါဠိ၊ မွန်၊ မြန်မာဘာသာတို့ဖြင့် ရေးထိုးခဲ့သော ထိုကျောက်စာတိုင်များ၌ ရွှေတိဂုံစေတီ တည်ထားပုံသမိုင်းနှင့် ဗညားဦးမှစသော မင်းများ၏ကောင်းမှုကိုလည်း ရေးသားထားလေသည်။

### ဗညားဦးလက်ထက်

ဗညားဦးဘုရင်သည် ဟံသာဝတီ (ပဲခူး) တွင် ခရစ်နှစ် ၁၃၅၃ ခုမှ ၁၃၈၅ ခု အထိနန်းစံသည်။ ထိုမင်းသည် ၁၃၇၂ ခုတွင် ဒဂုန်သို့ကြွရောက်၍ ပျက်စီးနေသော ရွှေတိဂုံ စေတီတော်ကို ပြုပြင်မွမ်းမံခဲ့ရာ စေတီတော်၏ဉာဏ်တော်မှာ ပေ ၆၀ (အတောင် ၄၀) ဖြစ်သည်ဟုသိရသည်။

ရွှေတိဂုံမွန်ကျောက်စာတွင် ဗညားဦးအစရှိသော မင်းစဉ်မင်းဆက်တို့၏ ကောင်းမှုကို ညွှန်းထားသည်မှာ —

> ထိုမှစ၍ မွန်တိုင်းဒေသ၌ နေကြကုန်သော သူအပေါင်းတို့သည် အစဉ်အတိုင်း လာရောက်ပူဇော်ကြကုန်၏။ ထို့နောက် သဒ္ဓါတရားရှိကုန်သော မွန်တိုင်းသခင်ဘုရင်တို့သည် ဤစေတီအိမ်သည် အမြဲထာဝရဖြစ်လတ္တံ့ဟုမှတ်၍ စေတီအိမ်ကိုပယ်ပြီးလျှင် ငံ့၍ ကြီးစွာသော စေတီကို တည်ရကား အစဉ်အတိုင်း မဟာစေတီကြီးဖြစ်လာ၏။

> ဤတမ္ဘကုတ္တတောင်ထိပ်၌ တပုဿ ဘလ္လိကတို့ ဌာပနာထားသော မြတ်စွာဘုရား၏ ဆံတော်ဓာတ်စေတီကို ဓမ္မစေတြလောကျနာထ ရာဇာဓိရာဇ်အမည်ယိုသော ဆင်ဖြူရှင်မင်းပြုသော ကာလ၌ စေတီအိမ်ဖြစ်သော ပြာသာဒ်ကိုပယ်၍ ကြီးမြင့်အောင် ထပ်မံတည်ထားပြန်၏။ ထိုသော အခါ အတောင် ၄၀ မြင့်သတည်း။

ဟူ၍ဆိုသည်။ ဤကျောက်စာ၌ ဖော်ပြသော ဆင်ဖြူရှင်ဆိုသည်မှာ ဟံသာဝတီ ဆင်ဖြူရှင် ဗညားဦးဖြစ်လေသည်။ ဘုရင်ဗညားဦး၏အစ်မတော်ဖြစ်သော မဟာဒေဝီမင်းသမီးမှာဒဂုန်မြို့စားဖြစ်သဖြင့် တခါတရံတွင် ထိုမြို့စားမင်းသမီးသည် ဒဂုန်တွင်ပင် စံနေလေသည်။

## ဗညားနွဲ့နှင့် ဒဂုန်

နောင်အခါ ရာဇာဓိရာဇ်ဟုထင်ရှားမည့် ဗညားနွဲ့သည် အသက် ၁၆ နှစ်အရွယ်တွင် နှမဝမ်းကွဲတော်စပ်သူ တလမည်ဒေါနှင့် ရည်ငံ၍ ဟံသာဝတီမှ ဒဂုန်သို့ ခိုးယူထွက်ပြေးလာခဲ့ဘူးသည်။ ခမည်းတော်ဗညားဦးက လိုက်လံဖမ်းဆီး၍ ဟံသာဝတီသို့ ပြန်လည်ခေါ်ဆောင်သွားလေသည်။

ဗညားနွဲ့သည် ဒဂုန်သို့ နောက်တကြိမ် ထွက်ပြေးလာခဲ့ရပြန်သည်။ အကြောင်းမှာ သူ့ခမည်းတော်၏အစ်မ အရီးတော်အပျိုကြီး မဟာဒေဝီက သူ၏ယောက်ဖတော် သမိန်မရွှေနှင့် ပူးပေါင်း၍ ဗညားနွဲ့ကိုရင်း၊ သမိန်မရွှေ၏ဇနီး ဗညားနွဲ့၏နှမတော်ကိုရင်း သတ်ဖြတ်ပြီး သမိန်မရွှေကို နန်းတင်၍ မဟာဒေဝီက မိဖုရားခေါင်အဖြစ် နန်းတက်ရန်ကြံစည်သောကြောင့်ဖြစ်သည်။ ဤတကြိမ်တွင် ဗညားနွဲ့၌ နောက်တော်ပါ လူယုံ ၃၀ ခန့် ပါလာသည်။

## ဗညားနွဲ့မင်းသား ဘုရားဖူးတက်ခြင်း

ဒဂုန်တွင်ရှိသော အရိုးတော် ဒဂုန်မြို့စား မဟာဒေဝီ၏ လူယုံများကိုဖယ်ရှားပြီး ဒဂုန်မြို့သူမြို့သားများကို မိမိဖက်သို့ပါဝင်အောင် စည်းရုံးနိုင်ခဲ့သည်။

ဗညားနွဲ့သည် ဒဂုန်သစ်တပ်မြို့တွင် ပြ၊ ကျုံးတို့ကိုပြင်၍ အခိုင်အခံ့ ပြုသည်။ နောင်တော်ဒလမြို့စား မညီဂံခေါင်ထံစာရေး၍ အကူအညီတောင်းသည်။ ကျိုက်အသုတ်ဘုရားတွင် တိုင်ပင်ပွဲ ရိုးတဲဆောက်လုပ်၍ လုပ်ရေးဆောင်တာတို့ကို တိုင်ပင်ဆွေးနွေးသည်။ ဗညားနွဲ့သည် ရွှေတိဂုံစေတီသို့ တက်၍လည်း မင်းဖြစ်ထိုက် မဖြစ်ထိုက်သစ္စာကျမ်းကြည့်တော်မူသည်။

ဗညားနွဲ့မင်းသား ရွှေတိဂုံစေတီသို့ ကက်ရောက်ဖူးမြော်ခြင်းနှင့် စပ်လျဉ်း၍ ထင်ရှားသော ဖြစ်ရပ်တခုရှိလေသည်။ တနေ့နံနက်တွင်မင်းသားသည် စေတီတော်သို့တက်ရောက်ဖူးမြော်၍ ပြန်အဆင်းတွင် ရုပ်ဆင်းရူပကာ တင့်တယ်၍ ကိုယ်လုံးကိုယ်ထည်အချိုးကျပြေပြစ်သော မိန်းကလေးတဦးကို စောင်းတန်းတွင် တွေ့မြင်မိသည်။ ထိုမိန်းမငယ်သည် စေတီတော်ပေါ်တွင် ပန်းရောင်းသော ပန်းသည်ဖြစ်သည်ဆို၏။ စာရေး မပည့်ငယ်ဆိုသူ ခင်ပွန်းရှိကြောင်းသိရလေသည်။ မင်းသားသည်ငယ်ရွယ်သူဖြစ်၍ မဆင်ခြင်နိုင်ပဲ မွေ့မနိတ်(မယ်မဏိ)အမည်ရှိသော ထိုမိန်းကလေးအား မကြာမီ ကောက်ယူသိမ်းပိုက်လေသည်။ ယင်းအဖြစ်အပျက်ကို မှန်ပညာရှိ ဆရာဝေကာ စာဆိုခဲ့ရာ ထိုကဗျာမှာ –

ရွယ်နုချိန် ယွင်းမှားခဲ့ရှာရ၊ မင်းသားငဲ့ကုမ္မာ၊
ဗညားနွဲ့ကြုံလာသည်၊ ဒဂုန်မှာစံမွေ့။ ။

ဆံစိန္တေ့ ထွတ်ဖျားရှင်ကို၊ ညွှတ်တွားဆင် ဖူးတက်သည့်နေ့။ ။

စသည်ဖြင့်ဖြစ်သည်။ ဗညားနွဲ့သည် အရေးတော်အောင်မြင်၍ ရာဇာဓိရာဇ်ဘွဲ့ဖြင့် ပဲခူးတွင် နန်းတက်သောအခါ ဒဂုန်မြို့သူ မွေ့မနိတ်သည် ပိယဒေဝီဘွဲ့ခံယူရသော မိဖုရားဖြစ်လာခဲ့လေသည်။

### ရာဇာဓိရာဇ်နှင့် မင်းကြီးစွာစော်ကဲ

ရာဇာဓိရာဇ်၏နန်းတက်သောနှစ်မှာ ခမည်းတော်ဆင်ဖြူရှင် ဗညားဦး နတ်ရွာစံသည့် ၇၃၇ ခုနှစ်ဖြစ်သည်။ ဤမင်းလက်ထက်တွင် ရွှေတိဂုံစေတီတော်နှင့် ရွှေမော်ဓောစေတီတော်တို့ကို ပြုပြင်တည်ဆောက်သည်။ သို့ရာတွင် နန်းသက်တလျှောက်လုံးလိုလို စစ်မက်တိုက်ခိုက်နေရလေသည်။ စစ်ဖြစ်ရသည်မှာ ရာဇာဓိရာဇ်မင်းသားဘဝကပင် မသင့်

မမြတ်ဖြစ်ခဲ့သော ဦးရီးတော် မြောင်းမြစား လောက်ဖျားက ဟံသာဝတီကို မကျိုးနွံပဲ အင်းဝရှိ မင်းကြီးစွာစော်ကဲနှင့် သားတော် မင်းခေါင်တို့နှင့်ပေါင်း၍ ပဲခူးကိုတိုက်ခိုက်သောကြောင့်ဖြစ်သည်။ တိုင်းပြည်တွင်း၌ အချင်းချင်းမညီညွတ်ပဲ စည်းလုံးမှု ပျက်ပြားလျက် နိုင်ငံအေးချမ်း တည်ငြိမ်မှုမရှိသောခေတ် ဖြစ်ပေသည်။

ထိုစစ်မက်အရေးများသည် အနှစ် ၄၀ ခန့်အထိ ကြာခဲ့လေသည်။ တဦးနှင့်တဦး အရှုံးအနိုင်မသဲကွဲပဲ ရေစီးတခါ ရေသာတလှည့်ဖြစ်နေခဲ့သည်။ ထိုစစ်ပွဲများတွင် အထက်နှင့် အောက် အစုန်အဆန်များရှိခဲ့ရာ အင်းဝမှ မင်းကြီးစွာစော်ကဲသည် မြောင်းမြစား လောက်ဖျားက ဖိတ်ခေါ်သဖြင့် ပဲခူးသို့ အလုံးအရင်းနှင့်လာရောက်တိုက်ခိုက်သည်။ ထိုမှ လှိုင်မြစ်ကြောင်းအတိုင်း ဆင်း၍တိုက်ပြန်ရာ ဒဂုန်ကိုလည်း အခြားဒေသများနည်းတူ ဝင်ရောက်တိုက်ခိုက်ဘွယ် ရှိလေသည်။

ရွှေတိဂုံသမိုင်းသစ်၏ အဆိုအရ မင်းကြီးစွာစော်ကဲသည် ဆံတော်များကိုပင့်ဆောင်ရန် ဒဂုန်သို့ရောက်ရှိလာကြောင်း၊ သို့သော် မအောင်မြင်ပဲ လက်လျှော့၍ ပြန်ရကြောင်း၊ မင်းကြီးနှင့် စစ်သည်ဗိုလ်ပါတို့သည် ယခုကြည့်မြင်တိုင်အရပ်ရှိရာဒေသသို့ အရောက်တွင် "ဤနေရာမှ ရွှေတိဂုံစေတီတော်ကို ပြည့်ဝစွာဖူးမြင်နိုင်ပေပြီ။ ဤနေရာမှာပင် ရပ်တန့်နားနေကြမည်" ဟုဆိုလျက် ရွှေတိဂုံစေတီတော်မြတ်အား ပူဇော်ကြောင်း၊ ထိုသို့ချရပ်ကြည့်မြင်သောနေရာကိုအစွဲပြု၍ ကြည့်မြင်တိုင်ဟုခေါ်ကြောင်း၊ မင်းကြီးစွာစော်ကဲသည် ထို့နောက် အင်းဝသို့ ပြန်လည်ကြွချီကြောင်း ရေးသားထားလေသည်။ မင်းကြီးစွာစော်ကဲသည် ဒဂုန်ကိုဝင်၍ တိုက်ရာမှမအောင်မြင်သဖြင့် မြစ်ကမ်းအနီးစခန်းချရပ်ပြီးနောက် ပြန်လည်ဆုတ်ခွါသွားသည်ဟု ယူဆနိုင်ဘွယ်ရှိသည်။

ထိုစစ်ပွဲများအပြီး၌ လောက်ဖျားလည်း အရေးနိမ့်၍ ရာဇာဓိရာဇ်လက်သို့ပါသည်။ ရာဇာဓိရာဇ်သည် ဦးရီးတော်သူ လောက်ဖျားကို အသက်ချမ်းသာပေး၍ ရွှေတိဂုံဘုရားမှာပင် သိတင်းသီလ ဆောက်တည်နေစေရာ မျှားမကြာမီပင် ကွယ်လွန်သွားလေသည်။ ရာဇာဓိရာဇ်မင်းသားဘဝကပင် အကြံပေးပုဂ္ဂိုလ်ဖြစ်ခဲ့သော ရာဇမန္တဲ့ခံ၊ မင်းကံစီအမည်ရှိ အမတ်ကြီးသည် ပုသိမ်တိုက်ပွဲတွင် ကျဆုံးလေသည်။ ထိုအမတ်ကြီး၏ အလောင်းကို ကောင်းစွာသင်္ဂြိုဟ်၍ အရိုးကို ရွှေအိုးတွင်ထည့်လျက် ဒဂုန်သို့ ယူဆောင်လာပြီး ရွှေတိဂုံရင်ပြင်ပေါ်တွင် မြှုပ်နှံထားစေသည်။

ဘုရင်ရာဇာဓိရာဇ် နတ်ရွာစံပြီးသည့်နောက်ပိုင်းတွင် ရွှေတိဂုံစေတီတော်တွင်အများအပြားကုသိုလ်ကောင်းမှုပြုလုပ်သူမှာ ရာဇာဓိရာဇ်၏သမီးတော် ဘုရင်မကြီးရှင်စောပုဖြစ်

သည်။ သို့သော် ရှင်စောပုမတိုင်မီ ရာဇာဓိရာဇ်ကိုဆက်ခံသော မင်းများ၏ ကောင်းမှုကုသိုလ်များလည်းရှိသေး၏။ ထိုမင်းများ၏ကောင်းမှုကြောင့်ပင်စေတီတော်ကြီးမှာယခုပုံပန်းအတိုင်းဖြစ်လာရသည်။ ရာဇာဓိရာဇ်၏ကောင်းမှုကို ရွှေတိဂုံ မှန်ကျောက်စာ၌ –

> သုရှင်သုတသောမ ရာဇာဓိရာဇ်မင်းပြုသော နောက်ကာလ၌လည်း ကြီးစွာငံ့၍ တည်ထားပြန်၏။ ကြီးစွာငံ့၍တည်ထားပြီးလျှင်........အထွတ်ထီးတင်တော်မူ၏။ စေတီ၏အတွင်း၌ ကြေးပြားခံ၍ အပြင်ဘက်က ရွှေချတော်မူသည်မှာ—အထွတ်တိုင်အောင် ပြည့်စေ၏။

ဟူ၍ ဖော်ပြထားလေသည်။ ရာဇာဓိရာဇ်မင်း နတ်ရွာစံသောအခါ သားတော် ဗညားဓမ္မရာဇာ ဆက်ခံသည်။

## ဗညားရန်၊ ဗညားဗရူး၊ ဗညားကင်းဒေါ တို့၏ကောင်းမှု

စေတီတော်ကို နောက်ထပ် မွမ်းမံပြင်ဆင်သူ ဒါယကာမှာ ဗညားဓမ္မရာဇာကို ဆက်ခံသော ညီတော် ဗညားရန်မင်း (ခရစ်နှစ် ၁၄၂၆ – ၁၄၄၆) ဖြစ်သည်။ ဗညားရန်ခိုက်မင်းဟုလည်း ခေါ်ကြသည်။

ထိုမင်းသည် ကုသိုလ်ကောင်းမှုပြုလုပ်ရန် စိတ်ထက်သန်လှသည်။ ဆံတော်ရှစ်ဆူ တည်ထားကိုးကွယ်သော စေတီတော်ကို မင်းကြီးမြင်သောအခါ ကုန်းတော် ရင်ပြင်ကျယ်လှသည်ဟု အကြံရလျက် စေတီတော်ကို ပြင်ဆင်မွမ်းမံရန် စီစဉ်သည်။ ကုန်းတော်ကိုဖို့၍ မြေညှိသည်။ ကုန်းတော်ရင်ပြင်ကို အဆင့်ငါးဆင့်ပြုပြင်ပြီးနောက် စေတီတော်ကိုလည်း ဥာဏ်တော်ခြောက်တောင်တိုးမြှင့်၍ တည်ထားလေသည်။ စေတီတော်ကို ပြင်ဆင်သော အချိန်မှာ (ခရစ်နှစ် ၁၄၄၃) သက္ကရာဇ် ၈၀၅ ခုနှစ်ဖြစ်၍ အပြီးမသတ်နိုင်ခဲ့ပေ။

ဗညားရန်ပြင်ဆင်ရခြင်းမှာ ၁၄၃၆ ခုနှစ်တွင် ငလျင်ကြီးလှုပ်သောကြောင့် ခေါင်းလောင်းအထိ စေတီတော်ပြို၍ပြင်ဆင်ရသည်။ ရွှေတိဂုံ မှန်ကျောက်စာတွင်–

> ထိုနောက် ရာမညာဇာဓိရာဇ်မင်းပြုသောကာလ သက္ကရာဇ် ၇၉၈ ခုနှစ်၌၊ ဤဆံတော်ဓာတ်စေတီသည် ခေါင်းလောင်းပခုံးရောက်ရာအထက်မှ ပြိုကျ၍ နာရာဇဒေဝီ မိဖုရားနှင့် တကွ သူရှင်သည် 'သာမ်လာမ်' မင်းသားကိုစေခိုင်း၍ ညီညာအောင်.... ....ညှိ.......တည်လုပ်စေပြန်၏။

> တည်ပြီးလျှင် အင်္ဂတေလိမ်းကျံစေ၏။ ထိုအခါစေတီသည် ငယ်လွန်းသည်ဟူ၍ အောက်ခြေပစ္စယာကြီးမှင့်ပြီးလျှင် တည်လုပ်စေပြန်ရာ ၎င်းတည်၍ မပြီးမီ သူရှင်ရာမရာဇာဓိရာဇ်သည် နတ်ရွာစံလေ၏။

ဟူ၍ ရေးထိုးထားလေသည်။

ကုန်းတော်ကိုပြို၍ မြေညှိရသည်မှာ ဘုရင်မင်းမြတ် တည်ထားလိုသော စေတီ၏ အချွယ်ပမာဏနှင့် ကုန်းထိပ်မြေမှာ မမျှသောကြောင့် ကုန်းတော်မြေကျယ်ဝန်းသွားစေရန် အတွက် ညှိယူခြင်းဖြစ်သည်။

ဗညားရန်၏ကောင်းမှုကို ဗညားဗရူး (ခရစ်နှစ် ၁၄၄၆ – ၁၄၅၀) က အရိုက်အရာဆက်ခံရင်း ဆက်လက် တည်ပြန်သည်။ သို့ရာတွင် ကုသိုလ်တော် မပြီးစီးမီပင် ကွယ်လွန်ပြန်သဖြင့် ဗညားကင်းဒေါ် (ဗညားကျန်း) (ခရစ်နှစ် ၁၄၅၀ – ၁၄၅၃) ၏ လက်ထက်တွင်မှပြီးစီးလေသည်။ ဗညားရန်၊ ဗညားဗရူး၊ ဗညားကင်းဒေါ် ဟူသော မင်းသုံးပါးတို့ လက်ဆက် အဆက်ဆက်ပြင်ဆင်ခဲ့ပြီးနောက်တွင် စေတီတော်၏အဖျားတော်မှာ ၃၀၂ ပေ ဖြစ်လာလေသည်။

စေတီတော် ဒါယိကာမ ရှင်စောပု

ဗညားဗရူးနှင့် ဗညားကင်းဒေါ်တို့၏ ကောင်းမှုပြုလုပ်ပြင်ဆင်သော အချိန်၌ ရှင်စောပု၏ ကြပ်မဆောင်ရွက်မှုပါဝင်သည်။ ထိုကောင်းမှုကို ဗွေတိဂုံမှန်ကျောက်စာတွင် ဖော်ပြရာ၌ –

> ထိုနောက်ဇယဒ္ဒိသရာဇာဓိရာဇ်မည်သောသူရှင်ဗညားဗရူးသည်''ရာယ်''အမည်ယိုသော မိဖုရားကြီးနှင့်တကွ များစွာသောအသပြာကိုစွန့်၍ ၎င်း၍တည်စေ၏။ ထိုသို့တည်ရာ၌ မယ်တော်ဝိဟာရဒေဝီမိဖုရားကြီးသည် မိုမင်း ''ယောဂရာတ်'' နှင့်တကွ ကျေးကျွန်အခြံအရံပရိဝါအပေါင်းနှင့် ချီ၍ အားထုတ်သမှုလှုံ့လပြုကြ၏။ တည်၍မပြီးမီ သူရှင်ဇယဒ္ဒိသရာဇာဓိရာဇ်သည် နတ်ရွာစံခဲ့လေ၏။ ထိုနောက်ဓမ္မဇေတြလောကျနာထရာဇာဓိရာဇ် မည်သော သူရှင်ဗညားကင်းဒေါ်မင်းပြုသော အခါ၌ ဝိဟာရဒေဝီမည်သော မယ်တော်မိဖုရားကြီးတည်၍ပြီးလေလျှင် တည်ပြီးသောစေတီကို ဓမ္မဇေတြလောကျနာထမည်သော သူရှင်ဗညားကင်းဒေါ် အင်္ဂတေလိမ်းကျံစေ၍ ထီးအထွတ် တင်တော်မူ၏။

ဟု ရေးထိုးထားလေသည်။

## ဝိဟာရ ဒေဝီဟုတွင်သော ရှင်စောပု

ဤကျောက်စာအရဆိုသော် ဗညားကင်းဒေါ (ဗညားကျန်း)မင်းသည် ဘုရင့် မယ်တော်ကြီး ဝိဟာရဒေဝီ ပြုပြင်ပြီးစီးသော ကောင်းမှုကို အင်္ဂတေလိမ်းကျံခြင်းနှင့် ထီးတော်တင်ခြင်းတို့ကိုသာ ပြုလုပ်သည်ဟု နားလည်ရပေသည်။ မယ်တော် ဝိဟာရဒေဝီမိဖုရားကြီးဆိုသည်မှာ ရာဇာဓိရာဇ်၏သမီး၊ ဗညားရန်၏နှစ်မ၊ ဗညားဗရူး၏မိခင် ဖြစ်သော ခရစ်နှစ် ၁၄၅၃ ခုနှစ်တွင် ထီးနန်းတက်သည့် ရှင်စောပုပင် ဖြစ်ပေသည်။

ရွှေတိဂုံစေတီတော်သည် ဆင်ဖြူရှင်ဗညားဦး၏နောက် ဟံသာဝတီတွင် ဆက်လက်အုပ်ချုပ်သော ဤမင်းများ၏လက်ထက် ဘာသာ သာသနာရေး၌ ကိုင်းရှိုင်းလှသော ရှင်စောပု၏ ပါဝင်ကူညီသော ကောင်းမှုကြောင့်ပင် ဉာဏ်တော်မြင့်မားလာရုံမက အရေးပါအရာရောက်မှုလည်း တိုးတက်ခဲ့လေသည်။

ဗညားကင်းဒေါ၏ နောက်ပိုင်းတွင် ဟံသာဝတီ၌ မင်းဆက်ပြတ်သကဲ့သို့ ရှိသည်။ ဗညားကင်းဒေါ၏ ညီအစ်ကိုဝမ်းကွဲတော်သူ မော်ဓော (လိတ်မွတ်ထော်)သည် ခုနှစ်လမျှ စိုးစံသည်။ မော်ဓောဘုရင်လွန်ပြန်သော် ရာဇာဓိရာဇ်မင်းဆက်မှ ထီးနန်းဆက်ခံနိုင်သူမှာ သမီးတော် ရှင်စောပု သာ ရှိလေသည်။ ထိုအခါ သူ့ကိုပင် ကေရီဘုရင်မကြီး အဖြစ် တင်မြှောက်လိုက်ကြလေသည်။ ရှင်စောပုထက်စော၍ နန်းတက်သောဗညားရန် (ဗညားရန်ခိုက်)မှာ ရှင်စောပု၏ အစ်ကိုတော်ဖြစ်သည်။ ထို့နောက်နန်းတက်သော ဗညားဗရူးမှာ ရှင်စောပု၏သားတော်ဖြစ်လေသည်။ ဗညားကျန်းမှာ ရှင်စောပု၏မောင်ဝမ်းကွဲဖြစ်သည်။

ဘုရင်မကြီးရှင်စောပုသည် တိုင်းပြည်အုပ်ချုပ်မင်းလုပ်သော အချိန်တလျှောက်လုံးတွင် တိုင်းသူပြည်သားများအား တရားသဖြင့် ကြင်နာစွာအုပ်ချုပ်သည်ဟု ထင်ရှားသည်။ ရွှေတိဂုံ စေတီတော်ကို မွမ်းမံပြင်ဆင်ခဲ့သည့် ကောင်းမှုအစုစုတို့အတွက်လည်း နာမည်ထင်ရှားလေသည်။

ရှင်စောပုသည် ရာဇာဓိရာဇ်နှင့် မိဖုရားသုဒ္ဓမာယာတို့မှဖွားမြင်သော ရုပ်ဆင်းအင်္ဂါ တင့်တယ်သည့်သမီးတော်ဖြစ်သည်။ အသက် ၂၀ အရွယ် (၁၄၁၅ ခုနှစ်) က ခမည်းတော်ရာဇာဓိရာဇ်၏တူတော် သမိန်စည်သူ (ဗညားဗြဲ) နှင့် စုံဘက်သည်။ သမိန်စည်သူနှင့် ငါးနှစ်မျှပေါင်းသင်း၍ သား ဗညားဗရူး၊ သမီး နှဲတကာတော်၊ နှဲတကာသင် တို့ကို မွေးဖွားပြီးနောက် မြောက်သားတော်ကံကုန်၍ မောင်တော် ဗညားရန်နှင့် အတူနေထိုင်ရာမှ အင်းဝဆင်ဖြူရှင် သီဟသူသို့ဆက်သဖြင့် အင်းဝသို့ပါသွားသည်။

ရှင်စောပုသည် မိုးညှင်းမင်းတရားလက်ထက် ခရစ်နှစ် ၁၄၃၀ ပြည့်နှစ်တွင် အင်းဝမှ



ခရစ်နှစ် ၁၈၅၀ ပြည့် တဝိုက်က စေတီတော်ကြီးပုံ
ဘုရင်မကြီး ရှင်စောပု မြှင့်မြင်ခဲ့သော ကုန်းတော်မြေ ပစ္စယာအဆင့်များကို တွေ့မြင်နိုင်သည်။

မွန်ရဟန်း ရှင်မမှုညာဏ၊ မမွဓရတို့၏ အကူအညီဖြင့် အောက်ပြည်ဟံသာဝတီသို့ စုန်ခဲ့လေသည်။ မောင်တော်ဗညားရန်က ရှင်စောပုအား ဝမ်းမြောက် ဝမ်းသာ ကြိုဆိုလက်ခံသည်။ သမိန်စည်သူနှင့် ရသောသားတော် ဗညားဗရွှမှာ အင်းဝတွင်ရှစ်နှစ်မျှကြာခဲ့သော မယ်တော်ကို ပြန်၍တွေ့သောအခါ မိခင်မှန်းမမှတ်မိတော့ချေ။ အသက် ၂၉ နှစ်အရွယ်တွင် အင်းဝသို့ပါသွားသည်မှာ အသက် ၃၆ နှစ်အရွယ်တွင်မှ ဟံသာဝတီထီးနန်းသို့ ပြန်လည်ရောက်ရှိလေသည်။

ရှင်စောပုသည် ဗညားထော(မင်းအို)ဘွဲ့အမည်ကိုခံယူသော်လည်း ဘုရင်မရှင်စောပု၊ ကေရီရှင်စောပုဟူ၍ လူသိများလေသည်။ မြန်မာ့သမိုင်းတွင်တဦးတည်းသော ဘုရင်မကြီးလည်း ဖြစ်ပေသည်။ ဘုရင်မကြီး၏ အခြားဘွဲ့မည်တရပ်မှာ သီရိတြိဘဝနာ ပြမအဂ္ဂ ဓမ္မရာဇာဓိရာဇာ မဟာဒေဝီဖြစ်ပေသည်။

ဘုရင်မကြီးသည် ဟံသာဝတီတွင် ၁၄ နှစ်မျှသာ စိုးစံလေသည်။ ထိုနောက် သက်တော် ၆၆ နှစ်အရွယ် ခရစ်နှစ် ၁၄၆၀ ပြည့်တွင် သားမက်တော်အိမ်ရှေ့မင်း ဓမ္မစေတီအား

မြို့နန်းကို လွှဲအပ်လေသည်။ ဓမ္မစေတီမှာ အင်းဝမှ ဘုရင်မကြီးနှင့်အတူ စုန်ဆင်းခဲ့သော ရဟန်းနှစ်ပါးအနက် ရှင်ဓမ္မဓရလူထွက် ဖြစ်လေသည်။ ဘုရင်မကြီးသည် ဓမ္မစေတီအား မြို့နန်းကို လွှဲအပ်ပြီးလျှင်လိုက်ပါလိုသော မှူးမတ်၊ သေနာပတိ၊ ရဲမက်အပေါင်းခြံရံလျက် ဒဂုန်မြို့သို့ ချီထွက်သွားရောက်နေထိုင်လေသည်။

ဘုရင်မကြီး ရှင်စောပု၏ ကောင်းမှုများတွင် ဘုရားကြီးဝေယျာဝစ္စအတွက် ကျွန် ၅၀၀ ကိုလှူကြောင်း။ ရွှေကို ကိုယ်အလေးချိန်ပြည့် ၂၅ ပိဿာ (၉၁ ပေါင်) စက်၍ လှူဒါန်းကြောင်းတို့ကို တွေ့ရသည်။ ရှင်စောပုသည် ရွှေတိဂုံကုန်းတော်နှင့် ပစ္စယာများကိုလည်းပြုပြင်မွမ်းမံသည်။ အုတ်တန်တိုင်းခတ်သည်။ ဘုရားကြီးအတွက် ကျယ်ဝန်းသော ဝတ္ထကမြေများကိုလည်း လှူဒါန်းခဲ့လေသည်။ ရှင်စောပု၏ ကောင်းမှုကို **ရွှေမော်ဓောရာဇဝင်သမိုင်း** ၌ အောက်ပါအတိုင်း ရေးသားထားလေသည်။

> ရွှေ ကိုယ်လေးချိန်၍ မျက်ပါးခတ်ပြီးလျှင် ဒဂုံဆံတော်ရှင်ကို ရွှေသင်္ကန်းအပြည့်ကပ်လှူမ်းတော်မူ၏။ နယ်မြေလေးရပ်နှင့် ကျွန်သီးတော် ငါးရာကိုလည်း လှူတော်မူသည်။ နယ်မြေမှာ စေတီတော်က အရှေ့ကို ကျတ်ကနက်ဘုရားထိ၊ မြောက်ကို ကျတ်မိုးရပ်ဘုရားထိ၊ တောင်ကို ကျတ်နတ်ဘုရားထိ၊အနောက်ကို ကျတ်မြောင်းဘုရားထိ ၎င်းစေတီတော် ပတ်ပတ်လည်မြေကို ဝတ္ထုကံ ပရိဗ္ဗေဒပြု၍ လှူတော်မူသည်။
>
> မဟာရံတံတိုင်း ခုနစ်ထပ် အတွင်း၌လည်း အုန်း၊ ထန်း ပေ၊ ကံ့ကော်၊ သရက်၊ ပိန္နဲ စသည်တို့ကို အပြည့်စိုက်တော်မူသည်။ ကျွန်သီးတော်ငါးရာတို့မှာ အရှေ့မျက်နှာက ဇေယပတ္တ အမတ်ကြီးက စီရင်ခန့်ခွဲရသည်။ ထို့အတူ ဝိသုကမ္မ အမတ်ကြီးက တောင်မျက်နှာ၊ မာတလိ အမတ်ကြီးက အနောက်မျက်နှာ၊ ဗညား အိမ် အမတ်ကြီးက မြောက်မျက်နှာ အသီးသီး လူပေါင်း ၁၂၅ ယောက် ကျ ထိန်းသိမ်းကြည့်ရှု၍ စေတီတော်၏ ဗုဒ္ဓကိစ္စတော်ကို ပြုစုစေသည်။ ကြေးအချိန်ပိဿာ ၁၇၀၀ ကိုလည်း ခေါင်းလောင်းသွန်း၍ ဆံတော်ဓာတ်ကို လှူတော်မူသည်။
>
> ရင်ပြင်တော် ပတ်လည်မှာလည်း ကျောက်ဖျာအပြည့် ခင်းတော်မူသည်။ စေတီတော် ပတ်လည်၌လည်း မီးထွန်းကျောက်တိုင် ကျောက်ထီး တတိုင်စီ ခြားလျက် စိုက်ဆောက် စေသည်။ ထီးဖြူ

## ဝတ္တကနယ်မြေချူ၍ ခေါင်းလောင်းကြီးလှူခြင်း

မမွှေစေတီမင်းလက်ထက်တွင် ဗုဒ္ဓဂါယာသို့ အဖွဲ့တဖွဲ့စေလွှတ်၍ ဗောဓိပင်နှင့် သာသနိက အဆောက်အအုံများအတွက် လှူဒါန်းဘွယ်ရာတို့ကို ပို့ဆောင်လှူဒါန်းသည်။ သီဟိုဠ်ရှိ ဗုဒ္ဓဘာသာ အဆောက်အအုံများအတွက် အလှူဒါနနှင့်တကွ သီဟိုဠ်မင်းသို့ လက်ဆောင်များကို ခရစ်နှစ် ၁၈၇၅ ခုတွင် ပို့လွှတ်သည်။ သီဟိုဠ်နှင့် မြန်မာနိုင်ငံမှာ ဆက်ဆံရေး သင့်မြတ်သဖြင့် ရဟန်းသံဃာများအတွက် သီဟိုဠ်ရှိ ကလျာဏီမြစ်ကမ်းတွင် ကံဆောင်စေသည်။ ထိုရဟန်းများ ခရစ်နှစ် ၁၈၇၆၊ (သက္ကရာဇ် ၂၃၈ ခု)၊ မဟာပဝါရဏာ နေ့တွင် သီဟိုဠ်မှ ပြန်လာသောအခါ မင်းကြီးကိုယ်တိုင် ဒဂုန်မှဆီးကြို၍ သုံးရက်တိုင် အလှူပေးသည်။ ထို့နောက် ပဲခူးတွင် ကလျာဏီသိမ်တော်ကြီးကို သမုတ်လေသည်။

မမွှေစေတီမင်းသည် ဘုရင်မကြီး ရှင်စောပုလှူဒါန်းခဲ့သော ဝတ္တကမြေနယ်နိမိတ်ကို ကျူးယ်လွန်းလှသည့်အတွက် ပြန်၍ချူခဲ့လေသည်။ ထိုသို့ ပြုလုပ်ရသည့်အတွက် ဘုရားကြီးအား ရွှေအစားလှူဒါန်းလေသည်။ သံလျင်ရာဇဝင် တွင် ဤအကြောင်းကိုဖော်ပြထားရာ၌ ထိုအခါမှစ၍ ဝတ္တကမြေမှာ အရှေ့မြောက်ဖက်တွင် သစ်သက်နီးတောင်အထိ၊ အရှေ့ဖက်တွင် ငမိုးရိပ်ချောင်းအထိ၊ အရှေ့တောင်ဖက်တွင် ငမိုးရိပ်ချောင်းဝနှင့် ပန်းအလှဲချောင်းအထိ၊ တောင်ဖက်တွင် စေတီတော်၏မြေသည် ထုံးဘိုဆိပ်ကမ်းအထိဖြစ်၍ ဒလနယ်မြေနှင့် ကျောခိုင်း၍နေကြောင်း၊ အနောက်တောင်ဖက်တွင် ကံကြီးကင်းအထိ၊ အနောက်ဖက်တွင် ကြည့်မြင်တိုင်ကင်းစခန်းနှင့် အင်းဝပေါက်ချောင်းအထိ၊ အနောက်မြောက်ဖက်တွင် မှော်ဘီချောင်းဝအထိ၊ မြော က်ဖက်တွင် ဒေါသံထင်ရွာမှ မုံကလောက်ချောင်းအထိဖြစ်သည်ဟု ဖော်ပြထား၏။ မမွှေစေတီမင်းကြီးသည် ထိုသို့ဝတ္တကမြေနယ်ဝန်းကို ချူလိုက်ရသဖြင့် မိမိကိုယ်နှင့်တကွ မိဖုရားကြီး၏ကိုယ်တို့ကိုချိန်တွယ်၍ ထိုနှစ်ရပ်ပေါင်းအလေးချိန်နှင့်ညီမျှသော ရွှေကို ရွှေပုဇွန်ခွံခတ်၍ လှူဒါန်းခဲ့သည်။ ထို့ပြင်လည်း အလေးချိန်ပိဿာ ၁၀,၀၀၀ မျှရှိသော ကြေးခေါင်းလောင်းကြီးကို သွန်းလုပ်၍ စေတီတော်သို့ လှူတော်မူသည်။ ခေါင်းလောင်းကြီးသည် အဝရှစ်တောင်၊ စောက် ၁၂ တောင်ရှိလေသည်။ ထိုခေါင်းလောင်းကြီးမှာ ခရစ်နှစ် ၁၆၁၂ တွင် သံလျင်၌ကြီးစိုးသော ငဇင်ကာက သံလျင်သို့ သယ်ယူရာ ဒေါပုံမြစ်တွင်းသို့ ကျလေသည်။ ထိုအခါမှစ၍ ဆယ်ယူမရတော့ချေ။

ထို့ပြင် မမွှေစေတီမင်းကြီးသည် အလေးချိန်ပိဿာ ၅၀၀ မျှစီးသော ခေါင်းလောင်းငယ်တလုံးကိုလည်း သွန်းလုပ်စေ၍ ဘုရားကြီးအား အလှူဒါနပြုသောအခါ ရိုက်ထိုးလှူဒါန်းပြီး စေတီတော်အထက်ပစ္စယာတွင် ထားရှိသည်။ ဤကောင်းမှုတွင် ဒဂုန်မြို့သူမြို့သားများက ရွှေငါးပိဿာနှင့် ကြေးချိန်ပိဿာ ငါးထောင် အလှူပါဝင်လေသည်။

## စေတီရံတည်သူနှင့် နဝရတ် ရွှေသပိတ်တို့ လှူသူဒါယကာများ

ဓမ္မစေတီမင်းသည် ဒဂုန်မြို့နေဘုရင်ခံအား ဝါကျွတ်သည့်အချိန်သို့ ရောက်တိုင်း ပဒေသာပင် ၂၅ ပင်ဖြင့် နှစ်စဉ်ပူဇော်ရန် အမိန့်ချမှတ်ထားလေသည်။ ထိုအစဉ်အလာကို နောက်မင်းများကလည်း ဆက်လက်ကျင့်သုံးခဲ့ကြလေသည်။

### ဗညားရန်စည်မင်း

ဓမ္မစေတီမင်းလွန်သည့်နောက် ဒုတိယဗညားရန်ခေါ် ဗညားရန်စည်မင်း (ခရစ်နှစ် ၁၄၉၂ – ၁၅၂၆) လက်ထက်တွင် လေပြင်း မိုးပြင်း ကျသဖြင့် ထီးတော်သည် အနောက် မြောက်ဖက် တတိုင်ခန့်အကွာသို့ ပြုတ်ကျမြေခရာ ခရစ်နှစ် ၁၄၉၄ ခုတွင် နန်းသစ်တည်ပြီး ထီးတော် မြေခရာသို့ သွား၍ ထီးတော်ကို ကောက်ယူသည်။ မှူးမတ်ဗိုလ်ပါများနှင့်တကွ ထီးတော်သစ် ပြင်ဆင်ပြီး ပွဲလမ်းသဘင် ပြုလေသည်။ ဗညားရန်စည်မင်းသည် စေတီတော်၏ အောက်ကလပ်ခြေကို လှည့်ဖွင့်ချဲ့လုပ်သည်။ ပထမ ပစ္စယာပလ္လင်အထက်၌ မိမိ၏သက်တော် ၄၈ နှစ်ကိုအစွဲပြု၍ စေတီရံ ၄၈ ဆူကို တည်တော်မူသည်။ ထိုမင်းလက်ထက်တွင် ရွှေတိဂုံ စေတီတော်မြတ်အား ရွှေဝေါတော်တွင် ရွှေသပိတ်တင်၍ နေ့စဉ်မပြတ် သင်ပုတ်တော် တင်ရန်အတွက် လူရှစ်ယောက် လှူတော်မူခဲ့သည်။

### သုရှင်တကာရွတ်ပိ

ဗညားရန်မင်း၏သားတော် သုရှင်တကာရွတ်ပိ (အတိတ္တောရာဇာ) လက်ထက်တွင် လည်း ရွှေတိဂုံဆံတော်ရှင် စေတီတော်မြတ်ကို ပတ္တမြားတလုံး၊ စိန်တလုံး၊ နီလာတလုံးနှင့် နဝရတ်ကိုးပါးတို့ အများအပြား လှူတော်မူသည်။ ဆင်ပေါက် ဆင်မ၊ လှူကျော်ကျေးနှစ်ကျိပ် ရွှေသပိတ်တလုံးကိုလည်း လှူဒါန်းခဲ့သည်။ သုရှင်တကာရွတ်ပိမင်းသည် ၁၅၂၆ ခုနှစ်တွင် နန်းတက်၍ နန်းစံ ၁၂ နှစ်အကြာ ခရစ်နှစ် ၁၅၃၉ ခုနှစ်တွင် မင်းတရားရွှေထီး ပဲခူးကိုသိမ်း ရာ၌ ပြည်သို့ တိမ်းရှောင်၍ ကွယ်လွန်လေသည်။ သုရှင်တကာရွတ်ပိလက်ထက်တွင် ဟံသာ ဝတီမွန်မင်းဆက်ပြတ်၍ တောင်ငူမှမင်းများ ဟံသာဝတီသို့ဆင်း၍ နန်းစံသည်။

### တောင်ငူမင်းဆက် တပင်ရွှေထီးနှင့် ဘုရင့်နောင်တို့ကောင်းမှု

တောင်ငူမင်းဆက်ဖြစ်သော မင်းတရားရွှေထီးသည် ဟံသာဝတီထီးနန်းကို ခရစ်နှစ် ၁၅၃၉ ခုတွင် သိမ်းယူအုပ်ချုပ်သည်။ ခရစ်နှစ် ၁၅၄၂ ခုတွင် မင်းတရားရွှေထီးသည်

## မြတ်ဘုရားရွှေတိဂုံ

ဒဂုန်သို့ကြွရောက်၍ ဆံတော်ရှင်စေတီမြတ်အား မကိုဋ်တင်လှူတော်မူသည်။ ကိုယ်အလေးချိန် အတိုင်း ရွှေကို မျက်ပါးခတ်၍ ချရားသိးမှ ကလပ်ခြေမြေအထိ ရွှေလုံးပြည့်ကပ်လှူလေသည်။ အရိယာသံဃာတော်တို့အား ရက်လည်အောင် ဆွမ်းကျွေး၍ သဘင်ကြီးစွာခံတော်မူသည်။ ဤမင်းသည် မိဖုရားကြီးအား စေတီတော်သို့ လှူဒါန်းပြီးနောက် ရွှေချိန်ပိဿာ ၁၀ ဖြင့် ကပ်လှူ၍ မိဖုရားကြီး၏ ကိုယ်ကို ပြန်လည်ရွေးနုတ်ယူလေသည်။

ခရစ်နှစ် ၁၅၅၀ ပြည့်သို့ရောက်သောအခါ သမိန်ထောဆိုသူကို မင်းလောင်းမြှောက်၍ ဒဂုန်တွင် ဆူပူလှုပ်ရှားကြသည်။သမိန်ထောကို ဘုရင့်နောင်က နှိမ်နင်းသည်။တချိန်တည်းလိုမှာ ပင် သမိန်စောထွတ်ဆိုသူ မင်းလောင်းပေါ်လာပြန်သည်။ သမိန်စောထွတ်သည် ဒဂုန်ဆံတော် ရှင်စေတီကို ထီးတော်တင်ပြီး ကျောက်မျက်ရတနာအမျိုးမျိုးတို့ဖြင့် ပူဇော်သည်ဟု ဆိုလေ သည်။

ခရစ်နှစ် ၁၅၆၄ ခုနှစ်တွင် လျှင်လှုပ်သောကြောင့် စေတီတော်ပြိုလေသည်။ထိုသို့ပြို ပျက်သောစေတီကို ဆင်ဖြူရှင် ဘုရင့်နောင်က ဗညားအိန္ဒ၊ ဗညားရံနှင့် ဘယသကြဲ့ကနော တို့ကို အကြီးအမှူးခန့်၍ ပြင်ဆင်စေသည်။ ခရစ်နှစ် ၁၅၇၂ ခုတွင် မင်းတရားကြီးသည် စေတီတော်မြတ်အား ရွှေကိုယ်လုံးပြည့်ကပ်လှူခြင်း၊ မကိုဋ်တော်ကို ချတ်၍လှူခြင်း၊ ထီးတင် ခြင်းစသော ကောင်းမှုများကိုပြုသည်။ ထိုအလှူပွဲ၌ သံဃာတော် ၇၀၀ တို့အား ပစ္စည်း ပရိက္ခရာ အပြည့်အစုံ လှူဒါန်း၍ ရက်လည်အောင် ပွဲသဘင် ခံတော်မူသည်။ ထိုအချိန်အခါ တွင် ဒဂုန်မြို့စားမှာ အောက်ဗျစက္ကိဆိုသူဖြစ်သည်။

### နန္ဒဘုရင်နှင့် ဥရောပတိုက်သားများ


ဘုရင့်နောင်၏နောက်တွင် ဟံသာဝတီ ထီးနန်းကို သားတော်နန္ဒဘုရင်က ဆက်လက် စိုးစံသည်။ ထိုမင်း၏ ၁၆ နှစ်မျှ နန်းသက်အတွင်း စေတီတော်ကြီးအား ထီးတော်သစ် တင်လှူခဲ့သေးသည်။ နန္ဒဘုရင်သည် ဗညားဒလအမတ်ကြီးအားစေလွှတ်၍ ရွှေအလေးချိန် ငါးပိဿာကိုကပ်လှူပြီး ငှက်ပျောဖူးမှအထက်ကို ရွှေချသည်။ ခွက် ၄၀ အလေးချိန်ရှိသော ကြေးခေါင်းလောင်းတလုံးကိုလည်း သွန်းလုပ်လှူဒါန်းစေခဲ့သည်။

၁၆ ရာစုအဝင် ခရစ်နှစ် ၁၅၀၀ စွန်းသောအချိန်၌ ဥရောပတိုက်သားများသည် မြန်မာနိုင်ငံအပါအဝင် အရှေ့တောင်အာရှသို့ ရွေးကထက်ပို၍ အရောက်အပေါက်များလာ ကြသည်။ ပဲခူးကို အိပ်ကမ်းပြုသော မြန်မာနိုင်ငံတွင်လည်း ပြည်တွင်း ပြည်ပကုန်သွယ်မှု

များတိုးတက်လာလေသည်။ နိုင်ငံခြားသားများသည် အောက်မြန်မာနိုင်ငံသို့ ရောက်ရှိလာကြပြီး၊ ပဲခူး၊ ဒဂုန်တို့အကြောင်းကို မှတ်တမ်းများ ရေးသားခဲ့ကြသည်။ ပဲခူးမြို့၏ ကြီးကျယ်ပုံ၊ စေတီပုထိုးပေါများပုံများလည်း ပါဝင်လေသည်။

နန္ဒဘုရင်ဟံသာဝတီတွင် အုပ်စိုးနေသော အချိန်၌ မြန်မာနိုင်ငံသို့ နိုင်ငံခြားသားများ ရောက်ရှိလာကြသည့်အထဲတွင် ဂတ်စပရိဗာလဗီ နှင့် ရပ်ဖစ်ချ် ဆိုသူတို့လည်း ပါဝင်သည်။ သူတို့သည်ရွှေတိဂုံစေတီတော်၏ ကြည်ညိုသပ္ပါယ်ဘွယ်ရာအကြောင်းကို မှတ်တမ်းတင်ခဲ့ကြသည်၊၊

ဂတ်စပရိဗာလဗီသည် ခရစ်နှစ် ၁၅၇၃ ခုတွင် မြန်မာနိုင်ငံသို့ရောက်ရှိသည်။ နန္ဒဘုရင်ထံကိုလည်း အဖူးအမြော်ဝင်ရောက်ခဲ့သည်။ ရပ်ဖစ်ချ်မှာ အင်္ဂလိပ်လူမျိုးထဲမှ မြန်မာနိုင်ငံသို့ ပထမဦးစွာ ရောက်ရှိလာသောသူ ဖြစ်သည်ဟုဆိုရမည်။ အိန္ဒိယမှတဆင့် ရခိုင်ကမ်းရိုးနှင့် နေဂရေအငူမှပတ်၍ ပုသိမ်၊ မြောင်းမြတို့မှတဆင့် ဒလသို့ရောက်သည်။ ထိုကမှ သံလျင်သို့ ရောက်သည်။ ရွှေတိဂုံစေတီတော်ကိုလည်း တက်၍ဖူးသည်။ သူ၏မှတ်တမ်း၌ ရွှေတိဂုံစေတီ



စေတီတော်ကြီးအား ဘုရင်မကြီး ရှင်စောပု၏ နန်းတော်သိမှ ဖူးမြင်ရသောရှုခင်းသည် ယနေ့ တော်လှန်ရေးပန်းခြံအနီးမှ ဖူးမြင်ရသော ရှုခင်းနှင့် ခြားနားလှမည်မဟုတ်ပေ။

တော်ရင်ပြင်ပေါ်တွင် သီးပင်စားပင်များရှိကြောင်း၊ ဘုရားပုထိုးအများအပြား တွေ့ရကြောင်း ရွှေစေတီကြီးဖြစ်ကြောင်းတို့ကို ဖော်ပြထားလေသည်။

## ပြည်သူတင်သည့် ထီးတော်

မုတ္တမတွင် ပတ္တမြားတောဇော ဟု တွင်သော မုတ္တမမြို့စား ဗညားဒလ အုပ်ချုပ်လျက်ရှိစဉ် ခရစ်နှစ် ၁၆၀၈ ခု (သက္ကရာဇ် ၉၇၀) ၌ စေတီတော်ကြီးမှာ ငလျင်ဒဏ်ကို တကြိမ်ခံရပြန်သည်၊ မြေငလျင်ကြောင့် တိဂုံဆံတော်ရှင် စေတီ၏ ချူရားသီး၊ ဖောင်းလုံး၊ ဖောင်းမ အကုန်မြေသို့ကျ၍ ခေါင်းလောင်းပုံသာ ကျန်လေသည်။ ထိုသို့အပျက်အစီးရှိသည်များကို ၁၈၁၀ ပြည့်နှစ်၊ ဇူလိုင်လတွင် အင်္ဂဗုတ်ဆရာတော်နှင့် လစေး ဆရာတော်တို့ကြီးမှူးလျက် ဝန်ကုန်မှ သူဌေး၊ သူကြွယ်၊ ပြည်သူ ပြည်သားအပေါင်းနှင့် သိင်္ဂုတ္တရကုန်းတော်သို့လာ၍ ရွှေ၊ ငွေ၊ မိုးကြိုး၊ ကြေးမြူ၊ ကြေးဝါ၊ ကျောက်၊ မြေအုတ်တို့ဖြင့် စေတီတော်အား မူလပကတိအတိုင်း တည်ရှိစေရန် ပြုပြင်ပြီးလျှင် ပွဲလမ်းသဘင်ခံ၍ ရွှေထီးတင်ကြလေသည်။ ဤအကြိမ်သည် ပထမအကြိမ် လူထုအားဖြင့် ထီးတော်တင်ခြင်းဖြစ်သည်။ ထီးတော်တွင် ကျောက်သံပတ္တမြားလုံးရေ ၃၅၀ ပါရှိခဲ့လေသည်။

## ဒဂုန်မြို့ထင်ရှားလာခြင်း

နန္ဒဘုရင် ဟံသာဝတီကို အုပ်စိုးသောအချိန်ခန့်တွင် ပဲခူးချောင်းမှာ တိမ်ကောစပြုလေသည်။ မြစ်ဝကျွန်းပေါ်ရှိမြစ်ကြောင်းများမှာ ကာလအလိုက် အပြောင်းအလဲရှိခြင်းဖြစ်သည်။ ခရစ်နှစ် ၁၅၅၀ ပြည့် ကျော်လွန်သောအခါ ပဲခူးချောင်းသည် ယခင်ကကဲ့သို့ မုတ္တမပင်လယ်ကွေ့ဆဲသို့ မစီးဆင်းတော့၊ အနောက်ဖက်သို့ ပြန်စီး၍ သံလျင်မှတဆင့်ပင်လယ်သို့ ထွက်လေသည်။ သို့သော် မြို့တော်လည်းဖြစ်၊ ကုန်စည်ဖလှယ်ရာလည်းဖြစ်သော နေရာမှာ ပဲခူးဖြစ်နေသဖြင့် ကုန်စည်များကို ပင်လယ်ခရီးသွား သင်္ဘောများ ဝင်နိုင်သော သံလျင်တွင် ဆိုက်ကပ်၍ ကုန်ချပြီးနောက် သံလျင်ကမှတဆင့် ပဲခူးသို့ ပို့ရသည်။ ဤသို့ဖြင့် သံလျင်မှာ လူသူ အရောက်အပေါက်များလာပြီး လုပ်ငန်းတွင်ကျယ်၍လာ၏။ ထိုအတူ သံလျင်နှင့် မလှမ်းမကမ်းရှိ ဒဂုန်မြို့မှာလည်း ထက်ချပ်ဆိုသလိုပင် ထင်ရှားလာရပေသည်။ ခရစ်နှစ် ၁၆၅၀ သို့ရောက်သောအခါ သံလျင်၊ ဒဂုန် စသော ဒေသများသည် နိုင်ငံခြားသားများ ရေးသားထုတ်ဝေသော မြေပုံများတွင် အထင်အရှား ပါလာရပေသည်။ ဒဂုန်မြို့ ထင်ရှားလာခြင်းသည် ရွှေတိဂုံ စေတီတော်မြတ်ကြီး၏ ဂုဏ်သတင်း ပွင့်လင်းဘို့အကြောင်းပင် ဖြစ်တော့သည်။

# ဓမ္မစေတီလှူသည့် ခေါင်းလောင်းကြီးကိုဖြုတ်ယူခြင်း

## ငဇင်ကာ

ဟံသာဝတီတွင် အနောက်ဖက်လွန်မင်းတရား(ခရစ်နှစ် ၁၆၀၅—၂၈) အုပ်ချုပ်လျက်ရှိစဉ်သံလျင်စား ငဇင်ကာခေါ် ဖိလစ်ဒီဗရစ်တိုသည် သံလျင်ကိုဗဟိုပြု၍ဟံသာဝတီ ၃၂ မြို့ကိုအနိုင်အထက်စိုးမိုးချယ်လှယ်လျက်ရှိသည်။ ထိုသူသည် သင်္ဘောသားငယ်အဖြစ်နှင့်လိုက်ပါခဲ့ရာမှ နောက်ပိုင်းတွင် သံလျင်တွင် တမင်းတချင်းဖြစ်လာသောအခါ အိန္ဒိယပြည်၊ ပေါ်တူဂီပိုင် ဂိုအာနယ်မှ ဘုရင်ခံချုပ်က အသိအမှတ်ပြုခြင်းကို ခံရသည်။ ဘုရင်ခံချုပ်၏ တူမနှင့်လည်း လက်ဆက်ရသည်။ ဒီဗရစ်တိုသည် သံလျင် ဒဂုန်တဝိုက်တွင် နိုင်ငံခြားမှလာသမျှသင်္ဘောများမှ အကောက်ခွန်များကို မလွတ်ဘမ်းရရှိအောင် ကောက်ခံသည်။ ထို့မျှမကဘုရားပုထိုးတို့ကို ဖျက်ဆီး၍ အဖိုးတန် ဌာပနာပစ္စည်းများကို ထုတ်ယူသည်။ သူသည်ဘုရားများမှ ရွှေကို ခွါ၍ အရည်ကျိုပြီး၊ ရွှေပြားခတ်လျက် ရောင်းစားသည်။ ဘုရားပုထိုးတို့မှ ကြေးခေါင်းလောင်းများကို အမြောက်သွန်းလုပ်ရန် ဆောင်ယူလေသည်။ ရွှေတိဂုံစေတီတော်မှ ဓမ္မစေတီလှူသည့် ခေါင်းလောင်းကြီးကို ဤအချိန်တဝိုက်တွင် ဖြုတ်ယူလေသည်။ သို့သော် သယ်ယူသောလှေကွဲသဖြင့် ဒေါပုံမြစ်တွင်ကျ၍ နစ်မြုပ်သွားသည်။ ထိုခေါင်းလောင်းကြီးကို မြစ်ထဲ၌ ရေကျချိန်တွင် ပုစွန်တုပ်ကွေးပေါင်းကိုင်းကြီး ပေါ်နေသည်ကို ယခင်က မြင်ကြရသည်ဟု ဆိုလေသည်။

## အနောက်ဖက်လွန်မင်း

အနောက်ဖက်လွန်မင်းတရားသည် ခရစ်နှစ် ၁၆၁၃ ခုတွင် သံလျင်စား ငဇင်ကာကို အောင်မြင်တော်မူပြီးနောက် ဒဂုန်မြို့သို့လာ၍ ခေါင်းလောင်း ဆွဲလှူသည်။ ဆံတော်ရှင်စေတီကို စောင့်ရှောက်ရန် လူသူ ၄၂၀ ကိုလည်း လှူသည်။

နောက်ခြောက်နှစ်အကြာ ၁၆၁၉ ခုနှစ်၊ ဖေဖော်ဝါရီလတွင် စေတီတော်အား အနောက်ဖက်လွန်မင်းတရား၏ကောင်းမှု ထီးတော်သစ်ကိုတင်လှူသည်။ ထီးတော်တွင် စိန်နှစ်ပိဿာ၊ ပတ္တမြားလုံးရေ ၂၀၀၀ နှင့် ရွှေနှစ်ပိဿာနှင့် ၅၅ ကျပ်သားရှိ၏။ အနောက်ဖက်လွန်၏ မှန်အမတ်ကြီးများဖြစ်သော ပုညကာမ က အချိန် ငါးပိဿာ ငါးကျပ်ခွဲသားရှိသော ငွေခေါင်းလောင်း ၁၂ လုံးကိုလှူသည်။ ဗညားဇုတ်လာလီက အချိန် နှစ်ကျပ်သားရှိသော ရွှေညောင်ရွက်နှစ်ရွက်နှင့် အချိန် ၃၀ ပိဿာနှင့် ၇၅ ကျပ်သားရှိသော ငွေခေါင်းလောင်း နှစ်လုံးကိုလှူ၏။

## မြတ်ဘုရားရွှေတိဂုံ

အနောက်ဖက်လွန်မင်းတရားလက်ထက် ၁၆၂၀ ပြည့်နှစ်၊ နိုဝင်ဘာလတွင် လျှော်ကကြိမ်လှုပ်ရာ စေတီတော်တွင် အပျက်အစီးရှိပြန်သည်။ ထိုအပျက်အစီးများကို ၁၆၂၂ ခုနှစ်၊ မတ်လတွင် ပြန်လည်ပြင်ဆင်၍ ထီးတော်သစ် တင်လှူကြပြန်လေသည်။ ထိုအချိန်က အပျက်အစီးများမှာ စေတီတော်၏ အလွတ်ပြိုကျသည်။ ပစ္စယာများလည်း ပျက်စီးသည်။ အရှေ့မြောက်ဖက်မှ အုတ်တန်တိုင်းမှာ ကိုးတောင်(၁၃ ပေခွဲ)မျှပြိုကျသည်။ အရှေ့တောင်ဖက်မှ တန်တိုင်းမှာ သုံးဆယ့်ငါးတောင်(၅၂ ပေခွဲ)ပြိုကျသည်။ ဤအပျက်အစီးများကို ပြုပြင်သည်။ သဘင်ကြီးစွာခံ၍ထီးတော်တင်သည်။

ထိုထီးတင်ပွဲမှစ၍ အနောက်ဖက်လွန် မင်းတရားသည် ရွှေတိဂုံ စေတီတော်အား သီတင်းကျွတ်လနှင့် တပေါင်းလပွဲတော်အခါတို့တွင် နှစ်စဉ်မပြတ်လှူဒါန်းသည်။ စေတီတော် လေးဖက်လေးတန်တို့တွင် ဆီမီးပူဇော်ရန်ကျောက်မီးတိုင်လေးခုတို့ကို စိုက်ထူလှူဒါန်းသည်။ ရွှေပန်းခိုင်များ၊ ရွှေဆိုင်းများ၊ ရွှေဖယောင်းတိုင်များ၊ ငွေဖယောင်းတိုင်များဖြင့်လည်း ပူဇော်သည်။ နှစ်စဉ် ထီးပြူနှစ်စင်းကိုင်း၊ ရွှေသင်္ကန်း ကပ်လှူဒါန်းခြင်းကိုင်း ပြုလုပ်တော်မူလေသည်။

၁၆၂၈ ခုနှစ်တွင် အနောက်ဖက်လွန်မင်း၏ သားတော် မင်းရဲဒိဗ္ဗ နန်းတက်သည်။ ထိုမင်းသည် ကြာရှည် မအုပ်စိုးရသော်လည်း ရွှေဝိဂုံစေတီတော်ကြီးအတွက် ကျောက်မီးတိုင်၊ ရွှေဖယောင်းတိုင်၊ ငွေဖယောင်းတိုင်နှင့် ထီးမြူများ ကပ်လှူပူဇော်သည်။ စေတီတော်ကို ထုံးအင်္ဂတေကိုင်လေသည်။

### သာလွန်မင်း

မင်းရဲဒိဗ္ဗ၏နောက် ခရစ်နှစ် ၁၆၂၉ ခုတွင် ဦးရီးတော် သာလွန်မင်း နန်းတက်သည်။ ထိုသာလွန်မင်းတရားသည် စေတီတော်ကို ထီးတော်ဘင်လှူသည်။ ထို့ပြင်စေတီတော်ကြီး အား တနှစ်လျှင်နှစ်ကြိမ် သီတင်းကျွတ်လနှင့် တပေါင်းလတို့တွင် ရွှေပန်းခိုင်၊ ငွေပန်းခိုင် တို့နှင့် ထီးပြူနှစ်စင်းကို ဆက်ကပ်ပူဇော်လေ့ရှိသည်။

ခရစ်နှစ် ၁၆၄၄ ခု၊ ဒီဇင်ဘာလ ၂၆ ရက်၊ နေဝင်ချိန်တွင် လျှော်ပြင်းစွာလှုပ်၍ ထီးတော်မြေခရာ သာလွန်မင်းတရားကြီး ထီးဟောင်းကို ပြုပြင်လှူဒါန်းသည်။ ထီးတော် အတွက် ရွှေသုံးပိဿာ၊ ငါးကျပ်ခွဲသားအပြင် ကျောက်လုံးရေ ၆၅၈ လုံးကို စိုက်ထုတ် လှူဒါန်းပြီး စေတီတော်ကို ရွှေအဘိမွမ်းသည်။

## စေတီတော်အထွတ်ပြို၍ ထီးတော်မြေခြင်း

### ငလျင်အကြိမ်ကြိမ်

သာလွန်မင်းတရားလက်ထက်တွင် နေပြည်တော်ကို ဟံသာဝတီမှ အင်းဝသို့ ပြောင်းရွှေ့လေသည်။ ထိုမင်းမတိုင်မီနှင့် ထိုမင်း၏နောက်တွင် စိုးစံကြသော မင်းတို့၏ လက်ထက်၌ အောက်ပြည် အောက်ရွာရှိ ရွှေတိဂုံ စေတီတော်ကြီးအား ကုသိုလ်ကောင်းမှုအစုစု ပြုကြသည်ကို တွေ့ရလေသည်။ အထူးသဖြင့် ခရစ်နှစ် ၁၅၆၄ မှစ၍ နှစ်ပေါင်း ၁၀၀ ခန့်အတွင်း အကြိမ်ကြိမ် လှုပ်ခဲ့သော ငလျင်များ၏ ဒဏ်ကြောင့် ပျက်စီးခြင်းများကို ပြုပြင်ရင်း ကုသိုလ်ဒါန ပြုကြခြင်းက များလေသည်။ ငလျင်လှုပ်ခဲ့သော အကြိမ်များမှာ ခရစ်နှစ် ၁၅၆၄၊ ၁၆၂၀၊ ၁၆၂၈၊ ၁၆၄၄၊ ၁၆၄၉၊ ၁၆၅၂၊ ၁၆၆၁၊ ၁၆၆၄၊ ၁၆၇၉ စသည်ဖြင့် အကြိမ်ကြိမ်ရှိခဲ့လေသည်။

### ပင်းတလဲမင်း နှင့် ပြည်မင်း

ပင်းတလဲမင်း( ၁၆၄၈ – ၁၆၆၁ )လက်ထက် ၁၆၄၉ ခုနှစ်တွင် ထီးတော်တိမ်းစောင်းသွားသဖြင့် ပင်းတလဲမင်းက ပြုပြင်သည်။ ၁၆၅၂ ခုနှစ်၊ မေလတွင် ငလျင်ကြောင့် ထီးတော်မြေသဖြင့် ပဲခူးသို့ပို့၍ ပြုပြင်ရသည်။ ၁၆၆၁ ခုနှစ်တွင် ငလျင်လှုပ်ပြီး လေပြင်းမုန်တိုင်း ကျသဖြင့် ထီးတော်သုံးဆင့်မှာ လွင့်စဉ်၍မြေသည်။ ထီးတော်အပျက်အစီးကို အင်းဝသို့ယူ၍ နှစ်နှစ်ကြာသောအခါ ပြည်မင်း ( ၁၆၆၁ – ၁၆၇၂ ) က ပြုပြင် လှူဒါန်းသည်၊ ထီးတော်ကို တင်လှူသောအခါ မင်းရဲစည်သူဒကျိုပ်နှင့် သရလာဟူသောအမတ်ကြီးများက ကြီးမှူး၏။ ပြည်မင်းသည် မှူးမတ်အပေါင်းနှင့်အတူ စေတီတော်အား ရွှေပန်းခိုင်တရာ၊ ငွေပန်းခိုင်တရာ၊ ထီးဖြူရှစ်စင်း၊ ရွှေဖယောင်းတိုင်ကြီး လေးတိုင်၊ အငယ်ဆယ်တိုင်၊ ငွေဖယောင်းတိုင်ကြီးလေးတိုင်၊ အငယ်ဆယ်တိုင်၊ စိန်တံခွန် ရှစ်ခုနှင့် စိန်ပန်းခိုင် ရှစ်ခိုင်တို့ကို လှူဒါန်းပြီးလျှင် သံလျင်၊ ပဲခူး၊ ဒဂုန်တို့မှ သံဃာတော်များ အပါအဝင် သံဃာတော်အပါး ၈၀ ကို စေတီ ရင်ပြင်ပေါ်၌ ဆွမ်းလုပ်ကျွေးဘော်မူလေသည်။

ပြည်မင်းလက်ထက် ၁၆၆၄ ခုနှစ်၊ ဒီဇင်ဘာလတွင် တဖန်ငလျင်လှုပ်ရာ ထီးတော်မြေသည့်ပြင် စေတီကြီးပါ ပြိုလေသည်။ စေတီအထက်ပိုင်းသည် ဘုရားကြီး၏ အရှေ့တောင်ဖက် ရင်ပြင်ပေါ်သို့ ကျသည်။ ငါးတောင်နှင့် နှစ်လက်ဝါးမျှသော ပုဏ္ဏားတိုင်သည် ကျိုး၍ ခေါင်းလောင်းပုံ အနောက်ဖက် ထိပ်နားသို့ ကျသည်။ ထီးတော်သည် အနောက်မြောက်ဖက်သို့ လျောကျသည်။ စိန်ဖူးတော်မှာ ဆိုင်းကြိုးများနှင့် အတူ ထီးတော် ထိပ်တွင်ပင်ရှိလျက် အရှေ့တောင်ဖက်သို့ လဲလျောင်းသည်။ ငှက်ပျောဖူးမှ အင်္ဂတေများ ပြို၍

ကွာကျသည်။ ကြာဖူးမှ ပွင့်ဖတ်သုံးခုသည် ကွာ၍ အရှေ့တောင်သို့ ကျသည်။ ကျန်ကြာဖူးများအနက် မြောက်ဖက် ကြာဖူးခြောက်ဖူးမှ အုတ်များလည်း ကွာ၍ကျသည်။ ဆိုင်းကြိုးများလည်း ပြတ်၍ ခေါင်းလောင်းပုံပါ အောက်ခြေသို့ ပြိုကျရာ အဝေးသို့ လွင့်စဉ်ကုန်လေသည်။

ထိုသို့စေတီတော်ပြိုကျပြီး တနှစ်အကြာတွင် ကိုယ်လုံးပြည့်အင်္ဂတေကိုင်၍ ပြင်ဆင်ပြီးစီးသည်။ နောက်တနှစ် ၁၆၆၇ ခု၊ ဖေဖော်ဝါရီလတွင် ထီးတော်သစ်ကို အခမ်းအနားဖြင့် တင်လှူလေသည်၊ စေတီတော်ကိုပြုပြင်ရာ၌ ကာကာမစေတီ၊ ဒေန်မှူနှင့် အမွှက်မှူးဟူသော အရာရှိများက ကြီးကြပ်လုပ်ဆောင်ရသည်။ ထီးတော်၏ အလေးချိန်မှာ ရွှေ ၁၂ ပိဿာ ရှိ၍ ကျောက်မျက်ရတနာလုံးရေ ၁၈၀၀ ကို စီခြယ်၍ မြှုပ်ထားသည်။ ထီးတင်ပွဲ၌ သံဃာတော် ၂၄၀ ကို ဆွမ်းလုပ်ကျွေး၍ ကြီးစွာသော အလှူအမျိုးမျိုးကိုလည်း ပြုလုပ်သည်။ ပွဲလမ်းသဘင် ဆင်ယင်၍ တီးမှုတ် ဖျော်ဖြေရာတွင် ဆိုင်းဝိုင်း နှစ်ခု၊ ကခြေသည် ၁၀ ဦး ပါဝင်သည်၊ ထိုပွဲတော်မှာ သုံးရက်တိုင်တိုင် ခြိမ့်ခြိမ့်သဲသဲကျင်းပလေသည်။

၁၆၇၉ ခုနှစ်၊ နိုဝင်ဘာလတွင် ငလျင် တကြိမ်လှုပ်ပြန်သည်။ ထိုအချိန်မှာ အင်းဝတွင် မင်းရဲကျော်ထင် အုပ်ချုပ်လျက် ရှိသည်။ ငလျင်ကြောင့် ပျက်စီးသည်များကို ဗုဒ္ဓဘာသာမြန်မာတို့ ဝိုင်းဝန်း၍ ပြုပြင်ကြလေသည်။

## ဘုရားပွဲတော်များ

ထိုအချိန်တွင် ရွှေတိဂုံစေတီတော်ကြီးကို အကြောင်းပြု၍ ဒဂုန်မြို့သည် ထင်ရှားမြဲထင်ရှားနေခဲ့မည်သာ ဖြစ်သည်။ သံလျင်မှာမူကား ဆိပ်ကမ်းမြို့ဖြစ်၍ ကူးသန်းရောင်းဝယ်ရာ အချက်အချာနေရာ၌ ရှိနေသည်။

ခရစ်နှစ် ၁၇၀၀ ပြည့် လွန်သောအခါ ဟယ်မီလတန်အမည်ရှိ အင်္ဂလိပ် ခရီးသည်တဦးသည် သံလျင်သို့ ရောက်ရှိလာသည်။ ၁၇၄၄ ခုနှစ်တွင် ထုတ်ဝေသော ထိုသူ၏မှတ်တမ်းထဲ၌သံလျင်မြို့အနီးတွင် ဘုရားနှစ်ဆူရှိကြောင်း တဆူမှာ ကျိုက်ခေါက်အမည်ရှိ၍ တောင်ဖက်ခြောက်မိုင်ကွာခန့်တွင် ရှိကြောင်း။ အခြားတဆူမှာ သံလျင်၏ မြောက်ဖက် မြေနိမ့်လွင်ပြင်တွင်ရှိပြီး ဒဂုန်ဟု အမည်တွင်ကြောင်း၊ နှစ်စဉ်ကျင်းပသော ဘုရားပွဲတော်များလည်း ရှိကြောင်း၊ ဘုရားပွဲများ၌ စေတနာသဒ္ဓါတရားရှိသလို လှူဒါန်းကြကြောင်း ရေးသားထားလေသည်။ ဟယ်မီလတန်သည် သူမှတ်တမ်းတွင် ဘုရားနှစ်ဆူ၏စနစ်ပုံကို ရေးဆွဲ

ပြထားရာ၌ စေတီအတွင်းသို့ ဝင်ပေါက်ရှိလေဟန် ရေးဆွဲခဲ့သည်။ အတွင်းသို့ဝင်ရန် အပေါက်များကို အမြဲပိတ်ထားသည်ဟုလည်း မှားယွင်း၍ဖော်ပြထားလေသည်။

ထိုခေတ်ထိုအချိန်က ရွှေတိဂုံဘုရား၏ ဝါကျွတ်၊ တပေါင်း၊ ကဆုန် စသည့်ပွဲတော် အခမ်းအနားများကို သံလျင်ရာဇဝင်၌ အသေးစိတ်ဖော်ပြထားသည်။ ထိုပွဲတော်များတွင် မြို့ဝန်မင်းကိုယ်တိုင် ရွှေနန်းတော်ကြီးမှ ပေးပို့သော လှူဘွယ်ဝတ္ထုများကို သယ်ဆောင်၍ နောက်လိုက်နောက်ပါတို့နှင့် ဘုရားဖူးတက်လေသည်။ ယင်းအခမ်းအနားတို့မှာ —

## ဝါကျွတ်ပွဲတော်

အလှူတော် ရွှေပန်းခိုင်၊ ငွေပန်းခိုင်ကို အမျှားစု၊ စာရေးစုလူတို့ကိုင်ရသည်၊ ရွှေဖယောင်းတိုင်၊ ငွေဖယောင်းတိုင်ကို အကြီးစု၊ ဆားချက်စုတို့ကိုင်ရသည်။ ထီးတမ်းခွန်ကုက္ကားမှာ ကုန်းဘောင်စစ်ကွပ် နဲနတ်လူစုတို့ကိုင်ရသည်။ အလှူတော်ပွဲသဘင်၊ လက်ဖွဲ့၊ လက်ပမ်း၊ လက်ရိုက် သုံးရက်စေ့အောင် ပွဲတော်ခံရသည်။ ဆုချရန်ဖျင်လဘက်ကို ပွဲစား၊ ပွဲကောက်၊ ပွဲစာရေး၊ လှေတိုင်၊ လှေစာရေးတို့ကပေးရသည်။ ရွှေနေတို့ဆုတော်ကို ကိုင်၍ချရသည်။ အလှူတော်ဘုရားကို တင်သည်။

သီတင်းကျွတ်ပွဲတော် မြို့ဝန်ဘုရားတက်သည့်ကာလ၊ တပ်ခင်းကျင်း၍ တက်ရသည်မှာ အမြောက်ကို အရှေ့၊ ၎င်းနောက် သူရဲ၊ ၎င်းနောက် သေနတ်၊ ၎င်းနောက် စစ်ကွပ်ကုန်းဘောင်၊ ၎င်းနောက် လှေစီး၊ ၎င်းနောက် ယွန်းစစ်ကဲ၊ ၎င်းနောက် လှေခေါင်းတို့ စစ်ဝတ်တန်ဆာ အစုံနှင့်စွဲကိုင်မြဲလက်နက်တို့ကိုကိုင်၍လိုက်ရသည်။ ၎င်းနောက်ယပ်ကိုင်၊ တစဉ်၊ ၎င်းမြား၊ တက္ကလတ်အိတ်စွပ်၊ နောက် မြို့ဝန်မင်း၊ သည်နောက် ကွမ်းခွက်၊ ခမောက်တင်၊ နေရောင်စွပ်၊ လဘက်အိုး၊ တငင်းပုပ်၊ အုန်းပန်း၊ သင်ဖြူး၊ အမွှမ်းအဆောင် တဘက်လိုက်ရသည်။ အဆောင် နီမှာ အဲမောင်းလှံရှည်၊ သေနတ်၊ တုတ်၊ မြား၊ နီပါးထည်စွပ်၍ တဘက်က လိုက်ရသည်။

## တပေါင်းပွဲတော်

တပေါင်းလ အလှူတော်ရောက် မြို့ဝန်မင်းဘုရားတက်။ ၎င်းနည်း၊ ဘုရားရှင်စောင်းတန်းလေးမျက်နှာ ပွဲတော်သုံးရက်ကိုလည်း စစ်ကဲယွန်း

စစ်ကွပ်ယွန်းသား၊ လေ့စီးစစ်ကွပ်သေနတ်သားတို့ လက်နက်အစုံနှင့် လိုက်စေရသည်။ ပန်းအလှဲချောင်း ရှင်မွေးနွန်းကျွန်းတွင်၊ ရဲလှေနှင့် ရေစစ်ကဲလှေခေါင်း၊ လှေစီး၊ ယွန်း၊ စစ်ကဲ၊ စစ်ကွပ်၊ ကုန်းဘော်၊ နဲနတ်၊ သရိုင်မိုင်းမော၊ ယွန်းသူရဲ၊ သေနတ်အမြောက် လက်နက် တန်းဆာအစုံနှင့် ပွဲတော်သုံးရက်စေအောင်နေရသည်။

## ကဆုန်ညောင်ရေပွဲတော်

ကဆုံလ မင်းကေရာင်ကိုယ်စားတော် သဃ်ာတိုင်း ညောင်ရေသွန်းအလှူ တော်ကို ခံရသည်မှာ၊ ကဆုံလဆန်းလျှင် ကျောင်းစာရေးတို့က မည်သည့် ဂိုဏ်းအုပ်၊ မည်သည့် သံဃာဝါတော်၊ အမည်စာရင်းရုံးတော် တွင် စာရေးကြီးတို့ကို စာရင်းချပေးရသည်။ စာရေးကြီးတို့က မည်သည့်ကျောင်းနေ၊ မည်သည့်သံဃာတော်၊ ဝါတော်အမည်စာတို တခုစီရေး၍ မင်းကေရာင်ကိုယ်စားတော်၊ သံဃာတပါးလျှင် သက်န်း တစုံ၊ ဆွမ်းတသပိတ်၊ သဘော့ချ၊ တကောင်း၊ ထွေးအင်၊ ကိုယ်စား တော်လှူရသည်မှာ မြို့ဝန်မင်း၊ ဝါကြီးသက်န်း ၄၊ သည်အောက်ရေဝန် မင်း ၄၊ သည်အောက်စစ်ကဲတော် ၃ ပါးစီ၊ နားခံစာရေးကြီးတို့ ၂ ပါး စီ။ ကျန်သည်သံဃာတော်တို့ကို အမှုထမ်းကြီးငယ်၊ မြို့ရွာအရပ် ကြီးငယ်တို့ကိုထောက်၍ သံဃာတော်တို့ အမည်တင်သွင်းသည့်စာတို့ကို ကုန်စင်အောင်ပေးဝေပြီးမှ ရင်းလပြည့်ကျော် ၄ ရက်။ လက်ဝှေ့ လက်ပမ်း လက်ဝှက် ဆုချပွဲခံမှုစ၍ ရင်းတပေါင်းလနည်းတူ ပွဲတော်ခံရ သည်။

မြို့ဝန်မင်း ညောင်ရေတော်ကိုလိုက်ရသည်မှာ အရပ်တွင် တအိမ်ကိုညောင်ရေ အိုးတလုံး၊ ရေသင်းအမွှေးအကြိုင်ပန်းမှန်နှင့်၊ မြို့ဝန်မင်းရှေ့ပွဲစုံနှင့် ခင်းကျင်းစီရင်သွားသည်။ နောက်မြို့ဝန်မင်း ရင်းသိတင်းကျွတ်ပွဲတော် နည်း၊ လက်နက်ကရိယာအစုံနှင့် တပ်ခင်းကျင်း၍ လိုက်ရသည်။ ညောင်ရေတော် အခါစောင့် ပုဏ္ဏားတို့က အခါရပြီအကြောင်းနှင့် ဝန်စစ်ကဲဘို့ကို အစီရင်ခံပြီးမှ၊ ရုပ်တုတော် စေတီတော်တို့ကိုညောင်ရေ တော် သွန်းလောင်းပြီးလျှင် ဝါကြီးဝါငယ်တို့ကိုထောက်၍ သံဃာ တော်တို့ ညောင်ရေတော် အလှူတော်တို့ကိုခံရသည်။

## ပြည်သူတို့၏ပူဇော်ဒါန အဖုံဖုံ

အထက်ပါသမိုင်းမှတ်တမ်းအရ မြို့ဝန်က ဘုရားဖူးတက်သည်မှာ ဘုရင်မင်းမြတ်၏ ကိုယ်စားအဖြစ် တက်ရောက်၍ ကပ်လှူပူဇော်ရခြင်း ဖြစ်သည်။ အခမ်းအနား စီတန်း၍ သွားရာတွင် စာရေးတော်ကြီးနှင့် အဆောင်ကိုင်များက ရွှေပန်းခိုင်၊ ငွေပန်းခိုင်များကို သယ်ဆောင်လျက် သမာဓိလူကြီးများ၊ ဆားချက်သူများက ရွှေနှင့်ငွေ ဖယောင်းပဒေသာ တိုင်များကိုင်ရ၏။ စစ်ကဲတော်ကြီးများက ထီးတော်များ၊ ကုက္ကားများ၊ စိပ်ပုတီးများကို ကိုင်ဆောင်ရ၏။ ပူဇော်ပွဲတွင် သုံးရက်တိုင် နပမ်းလက်ဝှေ့သမားများက ဖြေဖျော်၏။ အကောက်ခွန်အုပ်များနှင့်ပွဲခွန်အုပ်များက လက်ဝှေ့သမားများအား ဆုများကိုချီးမြှင့်ရ၏။ မြို့ဝန်မင်းကြွရောက်လာသည့်အခါ ရွှေဆုံးမှအမြောက်၊ မားကိုင်၊ သေနတ်ကိုင်၊ စစ်ကဲကြီး၊ လှေတော်သား၊ ယွန်းစစ်ကဲ၊ ပဲ့နင်းကြီးများ၊ ယပ်တောင်ကိုင်များ၊ မောက်တိုမောက်ရှည် ဆောင်းသူများ၊ ကွမ်းအစ်ကိုင်၊ လက်ဖက်ရည်ကိုင်များ၊ အုန်းလက်၊ သင်ဖြူးဖျာချောများ ကိုင်ဆောင်၍ တက်ကြပုံကို မြင်ယောင်ဖွယ်ဖြစ်လေသည်။ ရွှေတိဂုံဘုရားကို ပွဲတော် အခမ်းအနားနှင့် ကပ်လှူပူဇော်သည့်နည်းတူ တန်ခိုးကြီးဘုရားတဆူဖြစ်သော သံလျင် ကျိုက်ခေါက်စေတီတော်ကိုလည်း ဤသို့ပင်လှူဒါန်းပူဇော်ရသည်။ မြို့ဝန်မင်း အဖူးအမြော် ထွက်ချီသောအခါ ပါဝင်သော အခမ်းအနား အစီအစဉ်များမှာ ပွဲတော်တခုနှင့်တခု အတူတူလိုပင်ဖြစ်လေသည်။

### ခေတ်သစ်သို့ကူးသော်

ဤသို့လျှင် ခရစ်နှစ် ၁၄၀၀ ပြည့်ခန့်က ဟံသာဝတီ ဗညားဦးတို့ခေတ်မှ စတင်၍ အကြိမ်ကြိမ်ပြုပြင်မွမ်းမံခဲ့သော စေတီတော်ကြီးသည် ဥဏှီတော်အမြင့်ပေ ၃၀၀ ကျော် ရှိသောမဟာစေတီတော်ကြီးဖြစ်လာခဲ့၏။ ဘုရင်မကြီး ရှင်စောပုလျှင် အမှူးရှိသော သဒ္ဓါ ကြည်ညိုသူတို့၏ကောင်းမှုများဖြင့် စေတီတော်ကြီးမှာ ဘုရားပွဲများ၊ဘုရားဖူးများဖြင့် နှစ်စဉ် ထွက်ဝင်စည်ကားရှိခဲ့ရာတွင် တပင်ရွှေထီး၊ ဘုရင့်နောင်၊ အနောက်ဖက်လွန်၊ သာလွန်၊ ပင်းတလဲ၊ ပြည် စသော မင်းများကလည်း စေတီတော်ကြီး၌ လျှောင်အကြိမ်ကြိမ်ခဲ့သည် များကို ပြုပြင်လှူဒါန်းပူဇော်ခဲ့ကြသည်။

ဤသို့ လှူဒါန်းပူဇော်ခဲ့ရာတွင် နှစ်ပေါင်း ၄၀၀ နီးပါးမျှ အချိန်အတွင်း၌ ဉာဏ်တော် တိုးမြှင့်တည်ထားရုံမက ပန်းတင်ခုံကို လှည့်ဖွင့်ချဲလုပ်ခြင်း၊ စေတီရံများ တည်ခြင်း၊ ရွှေ သက်န်းကပ်ခြင်း၊ ခေါင်းလောင်းကြီးငယ်များ လှူခြင်း၊ ကုန်းတော်ပစ္စယာနှင့် စောင်း တန်းလှေကားများကို ပြုပြင်ခြင်း၊ ဝတ္တကမြေလှူခြင်း၊ အစောင့်အနေထားခြင်း စသော ဒါနမှုများကို ပြုလုပ်ခဲ့ကြသည်။ လျှောင်ကြောင့် ပျက်ယွင်းသည့်အခါ ပြုပြင်ခြင်း၊ ထီးတော် စိန်ဖူးတော်တို့ကို ကပ်လှူခြင်း၊ ဆွမ်းလုပ်ကျွေးခြင်း၊ အလှူပေးခြင်း၊ ပွဲခံခြင်းတို့ကိုလည်း ပြုလုပ်ခဲ့ကြသည်။

# မြတ်ဘုရားရွှေတိဂုံ

အထူးသဖြင့် ခရစ်နှစ် ၁၆၁၀ ခုနှင့် ၁၆၇၉ ခုနှစ်များ၌ စေတီတော်ကြီးအား လျှောင်းဇက်ကြောင့် ပြုပြင်ထီးတင်ရန်ရှိသည်များကို ဗုဒ္ဓဘာသာဝင်ပြည်သူပြည်သားတို့၏ စုပေါင်းအင်အားဖြင့် ပြုလုပ်ခြင်းသည် တိုင်းသူပြည်သားလူထုအများက ဦးဆောင်ဦးရွက်ပြုလုပ်သော အလေ့အထအစဉ်အလာကို ထူထောင်ခဲ့သည်ဖြစ်သောကြောင့် နှစ်ထောင်းအားရဖွယ်ရှိလှပေသည်။

ရွှေတိဂုံစေတီတော်မြတ်ကြီးတည်ရာ ဒဂုန်မြို့မှာ ခရစ်နှစ် ၁၇၅၀ ကျော်အချိန်တွင် ရန်ကုန်ဟူသော အမည်သစ်ဖြင့် ထင်ရှားလာသောအခါ စေတီတော်ကြီးသည်၎င်း ဗုဒ္ဓသာသနာ ရောင်ဝါသည်၎င်း နေတဆူလပမာ ထင်ရှားရန်အကြောင်းများ ဆက်လက်ဖြစ်ပေါ်ခဲ့လေသည်။



အခန်း ၄

# ခေတ်သစ် ရွှေတိဂုံ

ခရစ်နှစ် ၁၇၅၀ လွန်သောအခါ ရွှေတိဂုံစေတီ တည်ရှိရာ ဒဂုန်မြို့သည် အမည်သစ်ဖြင့် တင်ရှားရန် အကြောင်းဆိုက်ခဲ့လေသည်။ ထိုအချိန် တပိုက်၌ အင်းဝတွင် စနေမင်း တနင်္ဂနွေမင်းတို့ အုပ်စိုးပြီးနောက်၊ မဟာဓမ္မရာဇာဓိပတိလည်း ထီးနန်းကျသည်။ အောက်မြန်မာနိုင်ငံတွင် ၁၇၄၀ ပြည့်နှစ်မှစ၍ တမင်းတချင်းပြန်လည်ထူထောင်ကြသဖြင့် တိုင်းပြည်မှာ မငြိမ်းချမ်းနိုင်ပဲရှိလေသည်။ ဤတွင် ရွှေဘိုဟု နောင်အခါ ထင်ရှားမည့် မုဆိုးဘိုရွာမှ ဦးအောင်ဇေယျသည် မြန်မာနိုင်ငံအလုံးကို စည်းရုံးရန် စတင်အားထုတ်လေသည်။ ထိုသို့ တိုက်ခိုက်စည်းရုံးရင်းဖြင့် အောက်မြန်မာနိုင်ငံသို့လည်း ရောက်ရှိခဲ့လေသည်။

### ဒဂုန်မှ ရန်ကုန်သို့

အလောင်းဘုရား ဒဂုန်ကို သိမ်းမိသောအချိန်မှာ ခရစ်နှစ် ၁၇၅၅ ခု မေလအတွင်းဖြစ်လေသည်။ ရန်အပေါင်းကုန်သော နိမိတ်ဖြင့် ရန်ကုန်ဟု မြို့သစ်သမုတ်ပြီးနောက် ၁၇၅၅ ခုနှစ်၊ ဇွန်လ ၂၃ ရက်နေ့တွင် ဆွေတော်မျိုးတော်၊ မှူးမတ်၊ ဗိုလ်ပါအပေါင်းခြံရံလျက် ရွှေတိဂုံစေတီတော်ကို အဖူးအမြော်တက်ရောက်လေသည်။ ကုန်းတော်ပေါ်တွင် ဂုဏ်တော်ကိုးပါးကို တထောင်ပြည့်အောင် ရွတ်ဆိုလျက် ဆီမီးစသည်တို့ဖြင့် ပူဇော်လေသည်။ စေတီတော်တွင် စရပ်ကြီးလေးဆောင်ကိုလည်း လှူဒါန်းလေသည်။

## မြစ်ဘုရားရွှေတိဂုံ

အလောင်းဘုရားတည်သော ရန်ကုန်မြို့သည် အကျယ်အားဖြင့် တာဝန်း ၁၁၁၉ တာ ရှိသည်။ သစ်မြို့ဖြစ်သည်။ ထိုသစ်မြို့ကို ကျုံး၊ မြောင်း၊ တံခါး၊ ပြအိုး စသော မြို့အင်္ဂါများ ပြည့်စုံစွာ ခုနစ်ရက်နှင့်အပြီး တည်လုပ်စေသည်ဟု သိရသည်။ ထိုမြို့ကွက်တွင် ရွှေတိဂုံစေတီတော် မပါဝင်ပေ။ ယခု မြို့လယ်ရပ်ကွက်ရှိ ဆူးလေစေတီတော်ပင်လျှင် ရန်ကုန်သစ်တပ်မြို့ရိုး၏ အပြင်ဖက်တွင်ရှိသည်။ ထိုရန်ကုန်၏ နယ်နိမိတ်မှာ မြောက်ဖက်တွင် ဆူးလေဘုရား၊ တောင်ဖက်တွင် မြစ်၊ အရှေ့ဖက်တွင် ကုန်သည်လမ်း ပတ်ဝန်းကျင်ရောက်၊ ဂျူဒါအီစကယ်လမ်း၊ အနောက်ဖက်၌ လမ်း ၃၀၊ သို့မဟုတ် စစ်ကဲမောင်ဆော်လေးလမ်းလောက်ဖြစ်သည်။ ရန်ကုန်သစ်တပ်မြို့ကို ရေပတ်လည် ဝိုင်းလျက်ရှိသည်။ ဆူးလေစေတီတော်မှာ ယခုအခါ မြို့လယ် ကုန်းခေါင်ခေါင်အရပ်တွင် ဖူးတွေ့နေရသော်လည်း ရှေးအခါကမူ ရေပတ်လည် ဝိုင်းလုမတတ်ရှိသော ကုန်းမြေတွင်တည်ရှိနေကြောင်း အလောင်းဘုရား၏ ရန်ကုန်မြို့ မပျက်စီးမီက ရောက်ရှိဘူးသူ နိုင်ငံခြားသားတဦး ရေးဆွဲထားသော မြို့စံနစ်ပုံကြမ်းတွင် တွေ့ရလေသည်။

### အလောင်းဘုရားကောင်းမှု

အလောင်းမင်းတရားသည် ရန်ကုန်ကို အနိုင်အမာပြုလျက် ဒလကို သိမ်းသွင်းပြီးနောက် ရန်ကုန်မြို့စောင့်အဖြစ် တိုက်လှေငါးရာ၊ မြင်းတထောင်၊ သေနတ်သုံးထောင်၊ စစ်သား သုံးသောင်းပေး၍၊ မင်းလှ မင်းခေါင်စသော ဗိုလ်မှူးများကို စီမံခန့်ထားသည်။ မိုးလေစဲသောအခါမှ သံလျင်၊ ပဲခူးတို့ကို သိမ်းယူမည်ဟု နေပြည်တော်သို့ ခရစ်နှစ် ၁၇၅၅ ခု ဇွန်လအတွင်း၌ ပြန်လည်ကြွချီလေသည်။

နောက်တနှစ် (၁၇၅၆) ဇူလိုင်လတွင်တဖန် စုန်ဆင်းခဲ့၍ ဒဂုန်မှနေပြီး၊ သံလျင်ကို သွားရောက်သိမ်းပိုက်သည်။ နောက်တနှစ် (၁၇၅၇) မေလတွင် ပဲခူးကို သိမ်းသွင်းနိုင်လေသည်။ ထိုနှစ် ဇူလိုင်လတွင် အလောင်းမင်းတရားကြီးသည် ရွှေတိဂုံစေတီကို အဖူးအမြော်တက်ရောက်ပြန်လေသည်။

ဤအကြိမ်တွင် ရွှေတိဂုံစေတီတော်၌ ရွှေအပြည့်မွမ်းမံခြင်း၊ လက်သမား ၁၀၀၊ လွှသမား စိတ္တသိရိနှင့် လူ ၃၀၀ ခန့်ထား၍၊ ဇရပ်ကြီးများ ဆောက်လုပ်ခြင်းစသော ကောင်းမှုများကို ပြုလုပ်လေသည်။ အချို့အမှုထမ်းများကိုလည်း ဘွဲ့အမည်အရည် ပေးသနားတော်မူလေသည်။ ထို့နောက် ရဲဘက်တော် မြောက်ကျိပ်လေးယောက် အပါအဝင် ငယ်မည် ဦးရွှေရည်ခေါ် မင်းကျော်စည်သူဘွဲ့ရ ပုဂ္ဂိုလ်အား နေမျိုးနော်ရထာဟူသောဘွဲ့သစ်ပေး၍၊ ရန်ကုန်

မြို့ဝန် ခန့်ထားသည်။ ရန်ကုန်တွင် လက်နက်ကိုင်လူ ၃,၀၀၀၊ သေနတ် ၅၀၀၊ အမြောက်ကြီး ၇၀ နှင့် ထားတော်မူခဲ့ပြီး နေပြည်တော်သို့ ပြန်လေသည်။

အလောင်းမင်းတရားသည် ခရစ်နှစ် ၁၇၅၈-၅၉ တို့အတွင်း ရန်ကုန်သို့ဆင်းသက်၍ တိုင်းပြည် အေးချမ်းအောင် ဆက်လက်စီမံရသေးသည်။ ထို့နောက် ယိုးဒယားသို့ စစ်ချီလေသည်။ ထိုသို့ စစ်ချီတက်ရာလမ်းမှ ရွှေတိဂုံ စေတီတော်အား အလှူဒါနပြုလုပ်ရန် အမိန့်ထုတ်ပြန်ခဲ့သေးသည်။ ခရစ်နှစ် ၁၇၆၀ ခု ဇန်နဝါရီလ ၁ ရက်နေ့တွင် ထုတ်ပြန်သော အမိန့်တရပ်၌ "ဒဂုံရွှေဆံတော် မုခ် ၄ မျက်နှာတွင် ဝတ်လဲတော်ကို ထုလုပ်သည်။ ဘုရားရုပ်တု ၄ ဆူကို သွတ်သွင်း၍ အရှေ့မျက်နှာ ရေနံသာ၊ တောင်မျက်နှာ သွတ်နံ့သာ၊ အနောက်မျက်နှာ ဇမ္ဗူသား၊ မြောက်မျက်နှာ ပေါင်နံ့သာ ကမ္ဗည်းတပ်လှူ၍ သွတ်သွင်းကိုးကွယ်တော်မူသည်"ဟု တွေ့ရသည်။ ထိုအလှူမှာ အလောင်းမင်းတရား၏ ဝတ်လဲတော်ကို အသုံးပြု၍ ထုလုပ်ထားသော ရုပ်တုတော် လေးဆူကို ကမ္ဗည်းများတပ်၍ လှူခြင်းဖြစ်လေသည်။

အလောင်းမင်းတရားကြီး ယိုးဒယားသို့ ချီတက်ခါနီး၌ ရန်ကုန်မြို့၏ အခြေအနေကို စိန္တကျော်သူ ဦးဩ၏ ရတုပိုဒ်စုံ၌ ထည့်သွင်းဖွဲ့ဆိုထားသည်ကို တွေ့နိုင်ပေသည်။ယင်းရတုပိုဒ်စုံ၏ "ရန်ကုန်ရွှေပြည်၊ သိကြားတည်သား" ချီရတုတွင် –

> သံလျင်ဟံသာ၊ သဥ္စးသည်ကပင်၊ နာမရင်းဖြုတ်၊ မှည့်သမုတ်၍၊ ကျူးထုတ်ပတ်ရစ်၊ မြို့သစ်ထူးဆန်း၊ အောင်နန်းစိုက်တည်၊ စံခဲ့သည်နှင့်၊ နှစ်ရှည်မကြာ၊ ခုတခါလျှင်၊ ထောင့်ညာနောက်ယွန်း၊ ဟိုင်းကြီးကျွန်းလည်း၊ နစ်မွန်းသည်ထက်၊ ထွားထွားပျက်၏၊ ဖိုလ်မင်ရည်ရွယ်၊ ဆံတော်ဝယ်လည်း၊ လေးသွယ်မုခ်တပ်၊ မှန်လျှိုးလျပ်နှင့်၊ စရပ်လေးမြှာ၊ သုခမ္မာကို၊ ခေါ်သာဓုပွဲ၊ စည်ဆဲဆဲသာ၊ ရိုးရဲနီတွတ်၊ ကသစ်ဆွတ်သား၊ နတ်သဘင်ထက်၊ ဆယ်ဆတက်၏၊ ကနက်စိုက်ထောင်၊ နန်းဆောင်ဆောင်ဝယ်၊ တောင်မိဖုရား၊ သမီးသားနှင့်၊ ထံပါးညွတ်တုပ်၊ ရံဝန်းအုပ်သည်....

စသည်ဖြင့် ဖွဲ့ဆိုထားလေသည်။

### သံလျင်မှ ဒဂုန်သို့

ထိုအချိန်မှစ၍ တိဂုံဆံတော်ရှင် တည်ရှိရာ ရန်ကုန်မြို့သည် ရှေးကထက် ပို၍ထင်ရှားလာချေသည်။ ထင်ရှားလာရသော အကြောင်းများတွင် သံလျင်သည် ဆိပ်ကမ်းမြို့အဖြစ်

သင်္ဘောများ ဆိုက်ကပ်ရပ်နားရန် ဆိပ်ကမ်းကောင်းမဟုတ်တော့ပဲ မြို့အနီးတွင် သဲသောင်ထွန်းလာသောကြောင့် ဖြစ်သည်ဟုဆိုသည်။ ခရစ်နှစ် ၁၇၈၂ ခုတွင် မြန်မာနိုင်ငံသို့ ရောက်ရှိခဲ့သော နိုင်ငံခြားသားတဦး၏ မှတ်တမ်းတွင် ထိုအချိန်၌ သံလျင်မြို့မှာ အထင်အရှားမရှိတော့ကြောင်း ဖော်ပြထားလေသည်။ ထိုအခါ ရန်ကုန်မြို့သည် ပထဝီအနေအထားအရ ဆိပ်ကမ်းမြို့ဖြစ်လာရလေသည်။ ဆိပ်ကမ်းမြို့ဖြစ်လာခြင်းသည် ဆံတော်ရှင်စေတီအားဝေးနီးရပ်ခြား ထင်ရှားသည်ထက် ထင်ရှားစေရန် အကြောင်းဖန်လိုက်သကဲ့သို့ ရှိပြန်သည်။

## မြို့ဝန်းကျင်နှင့် စေတီတော်သို့တက်ရာလမ်း

ထိုအချိန်တပိုက်က ရန်ကုန်သစ်တပ်မြို့မှ မြစ်ဆိပ်ဖက်သို့ မဟုတ်ပဲ အခြားတပါးသို့ ထွက်ရာလမ်း သုံးလမ်းရှိသည်ဟု ဆိုလေသည်။ အနောက်ဖက် ကြည့်မြင်တိုင်သို့ ထွက်သောလမ်းမှာ မြောင်းကိုကျော်ရသည်။ ရွှံ့ညွန်ထူထပ်သော မြေပြင်နှင့် ချောင်းများကိုဖြတ်ရသည်။ ထိုလမ်းတွင် လေးညှို့သားများ ရွာတည်ထားသော ရွာတရွာကိုဖြတ်ရသည်။ ထိုလမ်းနှင့် ရန်ကုန်မြစ်တို့စပ်ကြား မြေကွက်မှာ ဆန်စပါးစိုက်ပျိုးသော လယ်ကွင်းများနှင့် ချုံပုတ်များရှိသည်။ ရန်ကုန်သစ်တပ်မြို့၏ မြောက်ဖက်၌မူ ရွှေတိဂုံစေတီတော်သို့သွားသော လမ်းနှစ်လမ်းရှိသည်ဟု သိရသည်။ ထိုလမ်းနှစ်လမ်းအနက် အနောက်ယွန်းယွန်းကျသောလမ်းသည် ယခု ဘားလမ်းတလျှောက်နေရာတွင် ဖြစ်သည်။ ထိုလမ်းသို့ရောက်ရန် သစ်တပ်မြို့တွင်းမှ မသာတံခါးကို ဖြတ်ရသည်။ ထိုတံခါးသည် ယခုတရားရုံးချုပ် (ယခင်ဟိုက်ကုတ် အဆောက်အအုံ)နေရာ ဗန္ဓုလပန်းခြံအနီးတွင်ရှိသည်။ ထိုလမ်းသည် အနောက်ဖက်သို့ထွက်လာပြီး တရုပ်တန်းဆိပ်ကမ်းမှ မြောက်ဖက်ရှိဘုရားကြီးသို့တက်သည်။ ပထမတွင် ကုန်စျေးတန်းလမ်းအတိုင်း တက်ပြီးနောက် ယခု ရွှေတိဂုံဘုရားလမ်းတလျှောက်အတိုင်း ဘုရားကြီးအရောက် သွားနိုင်လေသည်။ ထိုလမ်း၏ လက်ဝဲဖက်တွင် မြို့တွင်းမှအထွက်၌ ဆူးလေစေတီသို့ သွားသော သစ်သားတန်တားတခု ရှိသေးသည်ဟု သိရသည်။ ထိုတန်တားသည် ရွှံ့ကွက်များကို ကျော်၍ ဆောက်ထားသော တန်တားဖြစ်လေသည်။

ဘုရားကြီးသို့တက်သော အခြားလမ်းတခုမှာ ယခုလှူစုလမ်းအတိုင်း မြောက်ဖက်သို့ တက်သွားသောလမ်းဖြစ်သည်။ ထိုလမ်းသို့ရောက်ရန် မြို့တွင်းရှိ ဝန်ကြီးတံခါးမှ ထွက်ရသည်။ ထိုလမ်းကို ဝန်ကြီးလမ်းဟုလည်းခေါ်သည်။ ဤအမည်တွင်ခြင်းမှာ မြို့ဝန်အိမ်ရှေ့မှဖြတ်လာသောလမ်း ဖြစ်သောကြောင့်ဟု ဆိုလေသည်။ ထိုလမ်းသည် ဘုရားကြီးအရောက် မြောက်ဖက်သို့ တက်သွားရာတွင် အနောက်သို့ အတန်ငယ်ယိမ်း၍သွားပြီး ယနေ့အလံပြဘုရားလမ်းအတိုင်း ဘုရားကြီးသို့ရောက်လေသည်။

## နှစ်ပေါင်း ၂၀၀ ကျော်က ဆင်နေကျွားအောင်း တောကြီးများ

အထက်ပါ မြောက်ဖက်တံခါးများမှ ရွှေတိဂုံစေတီတော်သို့ ဘုရားဖူးတက်ရာလမ်းများကို အုတ်စီ၍ ခင်းထားသည်။ အုတ်စီသူ ဒါယကာမှာ ဗုဒ္ဓဘာသာဝင် ဖြစ်လာသော မွတ်စလင်ကုန်သည်တဦး ဖြစ်သည်ဟု ဆိုလေသည်။

ဘုရားသို့တက်ရောက်ရန် ထိုလမ်းများတလျှောက်တွင် စေတီများ၊ စရပ်များ အစီအရီတန်းလျက်ရှိလေသည်။ ထိုသို့ အစီအရီရှိခဲ့သည်မှာ ၁၅၀၀ ပြည့်အလွန် အချိန်များမှပင် စတင်ခဲ့သည်။ ပထမအင်္ဂလိပ်-မြန်မာ စစ်ပွဲအတွင်းက ရောက်ရှိခဲ့သူတဦး၏ မှတ်တမ်းတွင် ဘုရားဖူးတက်ရာ လမ်းတလျှောက်၌ ဘုန်းကြီးကျောင်းများ၊ စေတီပုထိုးများကိုတွေ့ရသည်။ ထိုကျောင်း၊ ပုထိုးစသော အဆောက်အအုံများတွင် အနုစိတ် သစ်သားပန်းပုလက်ရာအမျိုးမျိုးကိုတွေ့ရသည်။ တနေရာနှင့် တနေရာ မတူအောင် သစ်ဆန်းသော ရုပ်တု၊ အပြောက်အမွှမ်းများကို တွေ့နိုင်သည်။ ထိုလက်ရာများထဲတွင် နတ်ရုပ်၊ ယောကျ်ားရုပ်၊ မိန်းမရုပ်၊ မျောက်ရုပ်၊ မြင်းရုပ်၊ ဆင်ရုပ်၊ ငှက်ရုပ်နှင့် အမျိုးအမည် မဖော်ပြနိုင်သည့် အခြားသော အရုပ်အမျိုးမျိုးတို့ စုဝေးလျက်ရှိသည်ကို တွေ့ရသည်။ ဘုရားကြီးဖက်သို့ နီးလာလေလေ ပို၍အလုံးအထည်ကြီးမားပြီး၊ စိတ်ကူးယဉ် အဆန်းတကြယ် ဖြစ်သော အရုပ်များကို မြင်ရလေလေဖြစ်သည်ဟု ဖော်ပြထားလေသည်။

ဘုရားကြီးကို လွန်သော် ယခုအင်းလျားကန်ရှိရာ မြေနိမ့်ပိုင်းကိုဖြတ်၍ လက်ရှိ ဝင်ဒါမီယာလမ်းတလျှောက်နှင့် တောင်စွယ်၏ အရှေ့ခြမ်း ကုန်းစောင်းဖြစ်သော ယခု ပြည်လမ်းမကြီးရှိရာ လမ်းအတိုင်း တန်တားကလေး၊ တန်တားကြီးတို့ကိုဖြတ်၍ သွားနိုင်သည်။ ထိုလမ်းသည် လှည်းလမ်းကြောင်းမျှသာ ဖြစ်သည်ဟုဆိုသည်။

ထိုအချိန်က ဘုရားကြီး၏ အနောက်ဖက်တခွင်မှာ တောဖုံးလျက်ရှိသည်။ ယခုပြည်လမ်းနှင့် အနောက်မုတ်စပ်ကြား ဂေါက်သီးကွင်းဟောင်းနေရာ၊ အစိုးရဂေဟာနေရာနှင့် အလုံရပ်ကွက်တဝိုက်တို့ ဖြစ်လေသည်။ ခရစ်နှစ် ၁၇၀၀ ပြည့် ကျော်မှ ရောက်ရှိလာသော နိုင်ငံခြားသားတို့၏ မှတ်တမ်းများတွင် ထိုတောထဲ၌ ကျားများ၊ ဆင်များပင် ရှိသည်ဟု ဆိုလေသည်။ ဘုရားကြီး၏ အရှေ့ဖက်တွင်မူ ကန်တော်ကြီး၊ ကန်တော်ကလေးတို့ရှိ၍ ထိုမှလွန်သော် မြေနိမ့်ပိုင်းမှ ချောင်းမြောင်းများသည် ပုဇွန်တောင် ချောင်းထဲသို့ စီးဝင်ကြလေသည်။

ဤသည်မှာ အလောင်းမင်းတရားတည်သော ရန်ကုန်မြို့နှင့် ရွှေတိဂုံစေတီတော်ကြီး၏ အနေအထား ဝန်းကျင်ကို မြို့တည်သည်မှစ၍ အင်္ဂလိပ် - မြန်မာစစ်ပွဲများ ဖြစ်ပွားသော အချိန်အတွင်း နှစ်ပေါင်း ၇၀ ခန့်၌ တည်ရှိနေပုံ ဖြစ်လေသည်။

## ဆင်ဖြူရှင်မင်းကောင်းမှု
## ထီးတော်တင်ခြင်း

အလောင်းဘုရား၏နောက် ရွှေတိဂုံစေတီတော်ကို ကောင်းမှု ကုသိုလ်ပြုသူမှာ ခရစ်နှစ် ၁၇၆၃ ခုတွင် နန်းတက်သော ဆင်ဖြူရှင်မင်းတရားကြီးဖြစ်သည်။ ဆင်ဖြူရှင်၏ သားတော် စဉ့်ကူးမင်း ရွှေနားတော်သွင်း ချောင်း(ပလိပ်စားချောင်း)၌ "တိဂုံဆံရှင်၊ အသစ်ပြင်ဟု၊ ရွှေစင်ထီးချက်၊ သိကြားဆက်က၊ ရွှေစက်ဖြန့်ချီ၊ နတ်ပေါင်းညီ၍၊ ရွှေနီဖလံ၊ ပုဏ္ဏန်ခံဖြင့်၊ မွမ်းမံပြင်ဆင်၊ ရွှေထီးတင်သည်" ဟူ၍ ဆင်ဖြူရှင်၏ကောင်းမှုကိုရေးဖွဲ့ထားသည်။

## စေတီတော်ပြုပြင်ပုံ

ခရစ်နှစ် ၁၇၆၈ ခု၊ ဧပြီလ ၉ ရက် (၁၁၃၀ ပြည့်နှစ်၊ နယုန်လပြည့်ကျော် ၁၃ ရက်၊) တွင် လျှပ်ပြင်းစွာလှုပ်သဖြင့် ဒဂုန်ဆံတော်ရှင်စေတီတွင် ဆတ်သွားဖူးမှစ၍ ပထမဖောင်းအထိ ပြိုလေသည်။ ထီးတော်လည်းလျောကျသည်။ ထိုသို့အပျက်အစီးရှိကြောင်း ရန်ကုန်မြို့ဝန်က ဆင်ဖြူရှင်မင်းထံ လျှောက်ကြားသည်ကို ပြင်ဆင်လုပ်ဆောင်စေရန် အမိန့်တော်ရှိသည်။ ထိုအချိန်တွင် စေတီတော်၏ ပစ္စယာပန်းတင်ခုံပါ ပျက်စီးသဖြင့် မူလပန်းဘင်ခုံဟောင်းတွင် စတုရန်းသံတောင် ၉၀၀ ဖွင့်ပြီး ပန်းတင်ခုံအသစ်ကို ပြင်ဆင်ကြရသည်။ ပြုပြင်မှုအစုစုမှာ ခြောက်နှစ်မျှကြာမြင့်သည်။

စေတီတော်ကို သပိတ်မှောက်အထက် ပထမဖောင်းကစ၍ ပြင်ဆင်သည်တွင် စေတီပြိုရာမှ ရရှိသည့် ပစ္စည်းများကိုလည်း ပြန်လည်ဌာပနာသည်။ ထိုပစ္စည်းများတွင် ရွှေဆင်းတု ၆၂၅ ဆူ၊ ငွေဆင်းတု ၇,၇၄၆ ဆူ ပါဝင်သည်။ ယင်းဆင်းတုတော်များကို ကုသိုလ်တော် ရွှေဆင်းတု၊ ငွေဆင်းတုများနှင့် ရွှေစေတီ၊ ငွေစေတီများတွင် သရီရဓာတ်တော်မွေတော်များကို ပတ္တမြားကြုတ်နှင့် ထည့်သွင်းဌာပနာသည်။ ထို့ပြင် ရွှေပန်းခိုင်၊ ငွေပန်းခိုင်၊ ရွှေတန်ဆောင်း၊ ငွေတန်ဆောင်း၊ ရွှေပေါက်ပေါက်၊ ငွေပေါက်ပေါက်၊ ရွှေထီး၊ ငွေထီး၊ ရွှေတံခွန်၊ ငွေတံခွန်များကိုပါ ဌာပနာလေသည်။

စေတီတော်ကို ပြုပြင်ရာ၌ သပိတ်မှောက်အထက်လည်သီးကြိုးသုံးရစ်မှ ဆတ်သွားဖူးကုန်းအထိ သံတောင် ၈၇ တောင်နှင့် နှစ်မိုက်ဖြစ်သည်။ စေတီတော်ပြိုပျက်ရာတွင် ကမွည်းပါသော ကြေးအုတ်ချပ်ရေ ၁၄၆ ချပ်၊ အလေးချိန် ၆၅၉ ပိဿာနှင့် ၅၀ ကျပ်၊ ကမွည်းမပါသော ကြေးအုတ်ချပ်ရေ ၆၅၈ ချပ်၊ အချိန် ၄၂၇ ပိဿာနှင့် ၁၀ ကျပ်၊ စုစုပေါင်း ကြေးအုတ်ချပ်ရေ ၈၀၄ ချပ်ကို ရရှိသည်။ ယင်းတို့ကို ကုသိုလ်တော်ရွှေအုတ်

## အဆင့်ဆင့် ပြင်ဆင်တည်ဆောက်ပုံ အတိုင်းအတာများ

ချပ်ရေ ၃,၅၃၈ ချပ်၊ ငွေအုတ်ချပ်ရေ ၅,၀၀၀၊ အခြားသော အုတ်ချပ်ပေါင်းများ စွာနှင့် ပူးပေါင်း၍ ပြင်ဆင်ခြင်းဖြစ်လေသည်။ အုတ်များကို အင်္ဂတေ၊ သရွတ်တို့ဖြင့် စေ့စပ်သေချာစွာ ကြေးတသိန်း၊ သံတသိန်းတို့နှင့် ကွပ်၍၊ ကြေးမှို၊ သံမှိုစွဲပြီးလျှင် စေတီရံ ၃၀၀၊ ခြသေ့် ၂၈ စီးနှင့်တကွ သေချာခိုင်ခံ့အောင် လုပ်ဆောင်လေသည်။

ထိုအချိန်က စေတီတော်ကြီးအား ပြင်ဆင်ပုံအဆင့်ဆင့်ကို ကုန်းဘောင်ဆက် မဟာရာဇဝင်ကြီး၌ ဖော်ပြထားသည်မှာ –

> စေတီတော်မှာ သပိတ်မှောက်အထက် လည်သီးသုံးဆင့်၊ အမြင့်သံတတောင့်တမိုက်လေးသစ်၊ ၎င်းအထက်ပြေ့အမြင့်လေးတောင်၊ အချင်းသုံးဆယ့်ငါးတောင့်နှစ်မိုက်၊ ၎င်းအထက်လည်သီးကြိုးသုံး၊အမြင့်တတောင့်တမိုက်၊ လေးသစ်၊ ၎င်းအထက် ပထမဖောင်း အမြင့် နှစ်တောင့်လေးသစ်၊ အချင်း သုံးဆယ့်နှစ်တောင့်သုံးသစ်၊ ၎င်းအထက်လည်သီးကြိုးသုံး၊ အမြင့် တတောင့်တမိုက်လေးသစ်၊ ၎င်းအထက်ပြေ့အမြင့် သုံးတောင့်နှစ်မိုက်၊ အချင်းသံတောင်သုံးဆယ့်တမိုက်ဘသစ်၊ ၎င်းအထက်လည်သီးကြိုးသုံး၊ အမြင့်တတောင့်တမိုက် လေးသစ်၊ ၎င်းအထက် ဒုတိယဖောင်းလုံးအမြင့် နှစ်တောင်၊ အချင်း ၂၆ တောင့်တမိုက်၊ ၎င်းအထက်လည်သီးကြိုးသုံး အမြင့် တတောင့်တမိုက် လေးသစ်၊ ၎င်းအထက်ပြေ့အမြင့် သံသုံးတောင်၊ အချင်း နှစ်ဆယ့်လေးတောင် နှစ်မိုက်၊ ၎င်းအထက် လည်သီးကြိုး အမြင့်သံ တတောင့်တမိုက်လေးသစ်၊ ၎င်းအထက်တတိယ ဖောင်းလုံးအမြင့် သံနှစ်တောင်၊ အချင်း ၂၄ တောင်၊ ၎င်းအထက်ကြိုးအမြင့်တမိုက်၊ ၎င်းအထက်အလင်အမြင့် သံနှစ်တောင့်နှစ်မိုက်၊ ၎င်းအထက်ကြိုး အမြင့်နှစ်မိုက်၊ ၎င်းအထက်ကြာနုအမြင့်သံနှစ်တောင့်နှစ်မိုက်လေးသစ်၊ ၎င်းအထက်ကြိုးအမြင့်သံတတောင်၊ ၎င်းအထက်ကြာရင်းအမြင့်သံငါးတောင်၊ အချင်းသံတောင်နှစ်ဆယ့်တမိုက်လေးသစ်၊ ၎င်းအထက်ကြိုးသုံးအမြင့် သံတတောင့်တမိုက်၊ ၎င်းအထက်ရွှဲလုံးအချင်းသံသုံးတောင်၊ ၎င်းအထက်ကြိုးသုံး၊ အမြင့်တတောင့်နှစ်မိုက်၊ ၎င်းအထက်ကြာရင်းအမြင့် လေးတောင့်နှစ်မိုက်၊ အချင်းသံတဆယ့်ငါးတောင်၊ ၎င်းအထက်ကြိုးနှစ်မိုက်၊ ၎င်းအထက်ကြာနုအမြင့်နှစ်တောင်၊ ၎င်းအထက်ကြိုးနှစ်မိုက်၊ ၎င်းအထက်ဆတ်သွားဖူးအမြင့်သံသုံးဆယ့်ခြောက်တောင် အချင်းတဆယ့်ခြောက်တောင်နှစ်မိုက်

ဟူ၍ ဖြစ်ပေသည်။

ဆင်ဖြူရှင်မင်းတရားသည် လျောင်ကြောင့် ပျက်စီးသောအပျက်အစီးများကို ပြုပြင်စေပြီးသောအခါ မိမိကိုယ်အလေးချိန်ဖြစ်သော ရွှေချိန် ၄၇ ပိဿာနှင့် ၃၅ ကျပ်သား (ပေါင်ချိန် ၁၇၀)ကို မျက်ပါးခတ်စေပြီး စေတီတော်ကြီးအား ဆတ်သွားဖူးမှ ဘိနပ်တော်အထိ ရွှေအပြည့်မွမ်းမံစေသည်။

ထီးတော်သစ်

အသစ်တင်လှူရန်ထီးတော်ကိုလည်း သံတထပ်၊ ကြေးတထပ်ကို ကြေးမှို၊ သံမှိုစွဲ၍ နေပြည်တော်၌ သေချာခိုင်ခံ့အောင် လုပ်ဆောင်သည်။ ထိုထီးတော်တွင် ဘုံခုနစ်ဆင့်ပါရှိ၍ ပထမဘုံ၏ အချင်းမှာ ကိုးတောင့်နှစ်မိုက်ရှိလေသည်။

ထီးတော်၏ဘုံ ခုနစ်ဆင့်နှင့်တကွ ဆတ်သွားဖူး၊ စိန်ပျံ၊ ငှက်မြတ်နားများကို နန်းတွင်းအသုံးအဆောင် ရတနာများဖြစ်သော ကြုတ်ခွက်၊ ဖောင်းတော်၊ ကွမ်းအုပ်တော် စသည်တို့မှ အစုစုအချိန်ပိဿာ ၂၇၀ ရှိသော ရွှေများဖြင့် ပုဇွန်ခွံခတ်ပြီးမှ မွမ်းမံသည်။ ပတ္တမြားစသော နဝရတ်ကိုးပါးကျောက်လုံးရေ ၁၅,၀၃၈ လုံးတို့ဖြင့် စီခြယ်သည်။ ထို့ပြင်ရွှေဆည်းလည်း၊ ငွေဆည်းလည်းအချိန် ပိဿာ ၂၀၀၊ စေတီတော်ပြိုရာမှရသော ရွှေဆည်းလည်း ၁၄ လုံး၊ ငွေဆည်းလည်း ၃၄၁၊ ပဥ္စလောဟာဆည်းလည်း ၁၊ စုစုပေါင်း ဆည်းလည်းလုံးရေ ၃၅၆ လုံးတို့ဖြင့် ထီးတော်တွင် ချိတ်ဆွဲသည်။ ယင်းထီးတော်၏အမြင့်မှာ ရောင်လျှံအထိ ၂၅ တောင်၊ နှစ်မိုက်နှင့်လေးသစ် (၃၈ ပေ၊ ၆ လက်မ) ဖြစ်လေသည်။

ဆင်ဖြူရှင်မင်းတရားသည် ထီးတော်သစ်ကို စီမံပြင်ဆင်ပြီးသောအခါ ဘုံ ၁၁ ဆင့်ရှိသော ရတနာဒွာရဝိတ်ရွှေဖောင်ဖြင့်တင်၍ ဆွေတော် မျိုးတော် မှူးမတ်အပေါင်းခြံရံလျက် ၁၇၇၅ ခုနှစ်၊ ဇနဝါရီလ (သက္ကရာဇ် ၁၁၃၆ ခုနှစ်၊ ပြာသိုလဆန်း ၈ ရက်၊ တနင်္ဂနွေနေ့)တွင် အင်းဝနေပြည်တော်မှ ရန်ကုန်မြို့သို့ စုန်ဆင်းလေသည်။ လမ်းခရီးတွင် ပုဂံရွှေစည်းခုံနှင့် ပြည် ဆံတော်ရှင် ဘုရားတို့၌ ရပ်နားကုသိုလ်ပြုပြီးလျှင် တပေါင်းလဆန်း ၁ ရက်နေ့၌ ရန်ကုန်သို့ ရောက်ရှိလေသည်။

ရန်ကုန်မြို့တွင် မြို့၏အနောက်မြောက်ယွန်း၊ တာ ၆၀၀ ခန့်အကွာ သိင်္ဂုတ္တရကုန်းတော်၏အနောက်ဖက်တွင် စံနန်းတော်နှင့် စံနေလေသည်။ ထီးတော်ကိုလည်း စံနန်းတော်အရှေ့တွင် ဘုံငါးဆင့်ရှိသော တန်ဆောင်းပြာသာဒ်နှင့် ထားတော်မူ၍ ပွဲလမ်းသဘင်ကြီးစွာ ခံတော်မူသည်။ ထိုစံနန်းတော်တွင်စံနေတော်မူစဉ် မင်းတရားကြီးသည် သံဃာတော် ၁,၀၀၀


အား ဆွမ်းခဲဘွယ်ဘောဇဉ် အပြည့်အစုံလုပ်ကျွေးသည်။ ပရိက္ခရာအစုံနှင့်တကွ ပဒေသာပင် ၁,၀၀၀ ကိုလည်း လှူဒါန်းလေသည်။

ထီးတော်ကိုမူ ၁၇၇၅ ခုနှစ်မတ်လ ၁၅ ရက် (၁၁၃၆ ခုနှစ်၊ တပေါင်းလဆန်း ၁၅ ရက်၊ ဗုဒ္ဓဟူးနေ့၊ မြန်မာလေးချက်တီးကျော်အချိန်)တွင် စေတီတော်၏ မြောက်အရပ်မှ ယန္တရားစက်ဖြင့် တင်လှူ၍ ရေစက်သွန်းချ လှူဒါန်းလေသည်။ ထို့နောက် မေလ ၃ ရက်နေ့တွင် နေပြည်တော်သို့ ဆင်ဖြူရှင်မင်းတရားပြန်၍ ကြွချီလေသည်။

## စဉ့်ကူးမင်း ခေါင်းလောင်းကြီး

ဆင်ဖြူရှင်၏ သားတော်စဉ့်ကူးမင်းသည် ခရစ်နှစ် ၁၇၇၆ ခုတွင် အင်းဝ၌ ဆက်လက်စိုးစံသည်။ ထိုမင်းသည် ရန်ကုန်မြို့ရှိ တိဂုံဆံတော်ရှင် စေတီတော်မြတ်ကို ရွှေမျက်ပါး သက်န်းဖြင့် ကိုယ်လုံးပြည့်ကပ်လှူတော်မူသည်။ ရတနာအမျိုးမျိုးတို့ဖြင့်လည်း ပူဇော်သည်။ စေတီရင်ပြင် လေးမျက်နှာမုတ်ဦး၌ တန်ဆောင်းပလ္လင်နှင့်တကွ ဘုရားလေးဆူကို ရည်မှတ်၍ ပဥ္စလောဟာ ဆင်းတုလေးဆူကို သွန်းလုပ်လှူဒါန်းတော်မူလေသည်။

အင်္ဂလိပ် - မြန်မာ ပထမ စစ်ပွဲအတွင်းက အင်္ဂလိပ်စစ်ဗိုလ်တဦး ရေးဆွဲခဲ့သည့် စေတီတော်ရင်ပြင် ထိုစဉ်က စဉ့်ကူးမင်း ခေါင်းလောင်းကြီး ချိတ်ဆွဲထားဟန်ကို တွေ့နိုင်သည်။



စဥ့်ကူးမင်း၏ ထင်ရှားသော ကုသိုလ်ကောင်းမှုတရပ်မှာ ခေါင်းလောင်းတော်ကြီးကို ရေစက်ချလှူဒါန်းခြင်းဖြစ်သည်။ ယင်းခေါင်းလောင်းတော်ကြီးကို မဟာဃဏ္ဍာဘွဲ့ပေး၍ စေတီတော်၏အနောက်မြောက် (ရာဟုထောင့်) တွင် သဒ္ဒါနအဖြစ် တန်ဆောင်းနှင့်တကွ တင်ထားလှူဒါန်းလေသည်။ ထိုခေါင်းလောင်းတော်ကြီးမှာ ခမည်းတော်ဆင်ဖြူရှင်မင်းတရားလက်ထက်က လှူဒါန်းရန် သွန်းလုပ်ခဲ့သော ခေါင်းလောင်းတော်ကြီးဖြစ်သည်။ ဆင်ဖြူရှင်၏ ထီးတော်ကို တင်လှူချိန်၌ သွန်းလုပ်၍ မပြီးသေးသဖြင့် ပြီးအောင် သွန်းလုပ်ရမည်ဟု ပန်းတဉ်းဝန် ပညာဒေဝကို ထားတော်မူခဲ့သည်။ စဥ့်ကူးမင်းလက်ထက်တွင်မှ ပြီးစီး၍ ရေစက်သွန်းချ လှူဒါန်းရသည်။

ခေါင်းလောင်းတော်ကြီးမှာ ကြေးစင် အချိန်ပိဿာ ၁၅၅၅၅ ရှိလေသည်။ ခေါင်းလောင်းတော်အရွယ်မှာ အချင်းငါးတောင်၊ အရပ်ခုနစ်တောင် နှစ်မိုက်၊ လုံးပတ် ၁၅ တောင်၊ အထု နှစ်မိုက် ငါးသစ်၊ (အရပ် ၁၁ ပေ ၃ လက်မ၊ အဝလုံးပတ် ၂၂ ပေခွဲ၊ ထု ၁ ၃/၄ ပေ) ရှိလေသည်။ သွန်းလုပ်ပြီးစီးသောအချိန်မှာ သက္ကရာဇ် ၁၁၄၀ ပြည့် တပို့တွဲလဆန်း ၁၁ ရက် ဗုဒ္ဓဟူးနေ့ ဖြစ်သည်ဟု ခေါင်းလောင်းစာအရ သိရသည်။

စဥ့်ကူးမင်းလက်ထက်တွင် တင်လှူသောကြောင့် ''စဥ့်ကူးမင်းခေါင်းလောင်း'' ဟု တွင်သော ထိုခေါင်းလောင်းတော်ကြီးကို ပထမ အင်္ဂလိပ်-မြန်မာ စစ်ပွဲ (၁၈၂၄) တွင် ရွှေတိဂုံကုန်းတော်ပေါ်ကို တက်ရောက်သိမ်းပိုက်မိသော အင်္ဂလိပ်တို့သည် မိမိတို့ နိုင်ငံသို့ အောင်ပွဲအထိမ်းအမှတ်အဖြစ် ယူဆောင်သွားရန် စေတီရင်ပြင်တော်မှ ဖြုတ်ယူကြလေသည်။ ဖြုတ်ယူပြီးနောက် သင်္ဘောပေါ်သို့ တင်ရာတွင် မြစ်ထဲသို့ ကျလေသည်။ အင်္ဂလိပ်တို့သည် ခေါင်းလောင်းကြီးကို အမျိုးမျိုးကြိုးစား၍ ဆယ်ယူသော်လည်း မရသဖြင့် လက်လျှော့ထားခဲ့ရသည်။

ရန်ကုန်မြစ်ထဲတွင် ကျလျက်ရှိသော ခေါင်းလောင်းကြီးကို အင်္ဂလိပ်-မြန်မာ ပထမစစ်ပွဲ ပြီးသည့်နောက်တွင် မြန်မာတို့က ပြန်လည် ဆယ်ယူရရှိလေသည်။ ဆယ်ယူပုံမှာ ရန်ကုန် မြစ်တွင်း၌ ရေကျစဉ် ခေါင်းလောင်းကြီးကို ကျောက်သံကြိုးနှစ်ပင်ဖြင့် မြဲအောင် ချည်နှောင်၍ထား၏။ ထိုကျောက်ကြိုးကို ခေါင်းလောင်းပေါ်တွင် ရပ်တန့်လျက်ရှိသော သင်္ဘောနှင့်ဆက်ချည်၍ ထားသည်။ ရေတက်လာသောအခါ သင်္ဘောမြင့်တက်ပြီး ခေါင်းလောင်းကြီးသည် မြစ်တွင်းမှကြွ၍ပါလာသဖြင့် ကမ်းနားသို့ယူဆောင်လေသည်။ ထို့နောက်တွင် ခေါင်းလောင်းကြီးကို အခမ်းအနားဖြင့် သယ်ယူ၍ မူလရှိရင်းနေရာ ဖြစ်သော စေတီတော်ရင်ပြင်သို့ ၁၈၂၆ ခုနှစ်တွင် ပြန်လည် ပို့ဆောင်လေသည်။

## သာယာဝတီမင်း အဖူးအမြော် စုန်ဆင်းလာခြင်း

### ဘိုးတော်ဘုရား စစ်ချီရာမှအပြန်

ထိုမင်းများ၏နောက် အလောင်းမင်းတရား၏ စတုတ္ထ သားတော်ဖြစ်၍ ခရစ်နှစ် ၁၇၈၂ ခုမှ ၁၈၁၉ ခုနှစ်တွင် အမရပူရ၌ စိုးစံသော ဘိုးတော်ဘုရား (ဗဒုံမြို့စား) သည် ယိုးဒယားသို့ စစ်ချီရာမှအပြန် ခရစ်နှစ် ၁၇၈၆ ခုတွင် တိဂုံဆံတော်ရှင်အား ဝင်ရောက် ဖူးမြော်ပြီး ခေါင်းလောင်းလှူဒါန်းသည်။ စေတီတော်ရှေ့၌ ကြေးနီအုတ်ကြွပ်မိုး ရွှေစရပ် ကိုလည်း ဆောက်လုပ်လှူဒါန်းသည်။

### သာယာဝတီမင်းနှင့် မိဖုရားမမြကလေးကောင်းမှု

အမရပူရ၌ ၁၈၃၇ ခုနှစ်တွင် နန်းတက်သော ရွှေဘိုမင်း ခေါ် သာယာဝတီမင်းသည် ခရစ်နှစ် ၁၈၄၁ ခုတွင် ရန်ကုန်မြို့သို့ ဆံတော်ရှင်စေတီတော်ကိုဖူးမြင်လှူဒါန်းရန် စုန်ဆင်းလာ ခဲ့သည်။ ရန်ကုန်မြို့သစ်ကိုတည်ရန်အတွက်လည်း ဖြစ်သည်။ မင်းနှင့်အတူ မိဖုရား၊ မှူးမတ်တို့ အစုံအလင်ပါရှိလေသည်။ စုန်ဆင်းရာခရီးလမ်းတွင် မြဝတီမင်းကြီးဦးစက "ဘုံဆောင်မြင့်" ၏ ဖောင်လားကြိုး၊ "ဇေယျာမြို့" ၏ ဖောင်ငင်ကြိုး၊ "စိမ်းလဲ့ညိုပြာ" ၏ ဖောင်ဆိုက် ကြိုးများကို ရေးသားဆက်သွင်းသည်။

မင်းမိဖုရားတို့ စံမြန်းရန် ရွှေတိဂုံစေတီတော်၏ အနောက်ဖက်တွင် တာဝန်းတထောင့် ရှစ်ရာရှိသော "အောင်မြေရန်နိုင်"မြို့ကို အသည်ဝန်ထောက်မင်းကြီး မဟာစည်သူအား ကြိုတင်စေလွှတ်၍ ဆောက်လုပ်စေသည်။ သာယာဝတီမင်းသည် ၁၈၄၁ ခုနှစ်၊ အောက်တို ဘာလ ၂ ရက်(၁၂၀၃ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၃ ရက်နေ့)တွင်ရန်ကုန်ဆိပ်ကမ်းသို့ ဆိုက်ရောက်သည်။ နောက်တနေ့တွင် နန်းတော်သို့ တက်ရောက်ပြီးနောက် ထိုနေ့တွင်ပင် ရွှေတိဂုံစေတီသို့ အဖူးအမြော်တက်သည်။ ရန်ကုန်မြို့တွင် စံနေတော်မူစဉ်အတွင်း တိဂုံ ဆံတော်ရှင်သို့ အကြိမ်ကြိမ် တက်ရောက်ဖူးမြော်လေသည်။

သာယာဝတီမင်းသည် ရွှေကျပ်ချိန် ၃,၂၀၀ ကို အမရပူရမြို့တွင် မျက်ပါးခတ်လုပ် စေခဲ့ပြီး ဆံတော်ရှင်စေတီတော်အား ဘိနပ်တော်မှငှက်မျှော်ဖူးအထိ ရွှေသင်္ကန်းကပ်လှူသည်။ ရွှေသင်္ကန်းကပ်လှူပွဲသို့ ရပ်ဝေးရပ်နီးမှ ဘုရားဖူးများလာရောက်ကြသည်။ လက်ဆွေ့၊ လက်ပမ်း၊ ဇာတ်ရုပ်စုံပွဲများကို ခံလေသည်။

သာယာဝတီမင်း၏ မိဖုရားဖြစ်သော အနောက် နန်းမတော် မိဖုရား မမြကလေး

ကလည်း ဘုရားကြီး၏ အနောက်ဖက်စောင်းတန်း ဆောက်လုပ်ရန် သစ်၊ ပျဥ်နှင့် လက်ခများ လှူဒါန်းသဖြင့် ထိုအလှူကို မင်းနှင့် မိဖုရားတို့ ရေစက်သွန်းချ လှူဒါန်းသည်။

သာယာဝတီမင်းသည် ၁၈၄၂ ခုနှစ်၊ ဇန္နဝါရီလ ၂၀ ရက် (ထိုနှစ် တပို့တွဲလဆန်း ၁၀ ရက်နေ့) တွင် အဖူးအမြော် တက်ရောက်သောအခါတွင်လည်း ဘိုးတော်မင်းတရား လက်ထက်တွင် ထိုးလုပ်သည့် သံသေကို ရွှေနီ၊ ရွှေဖြူ၊ ငွေဖြူတို့နှင့် ရောစပ်ပြုလုပ်ပြီး အချိန် တပိဿာခုနစ်ဆယ်ရှိ ဆည်းလည်းတလုံးနှင့် အချိန် တပိဿာငါးဆယ့်ငါးကျပ်ရှိ ဆည်းလည်း တလုံးတို့ကို လှူဒါန်းသည်။ မိဖုရား၊ မှူးမတ်တို့ လှူဒါန်းသော ရွှေဆည်းလည်းများကိုလည်း လှူဒါန်းခဲ့လေသည်။

သာယာဝတီမင်းသည် ဥက္ကလာပတွင်စံနေ၍ ငါးလကျော်မျှ ကြာညောင်းသွားသော အခါ အတူလိုက်ပါလာခဲ့သော မင်းမှူးမတ်တို့က နေပြည်တော်သို့လွမ်းဆွတ်၍ ပြန်လို ကြလေသည်။ ထို့ကြောင့် မြင်စည်မင်းသားက "တောင်ယံတောက၊ မောလေအောင်" ချီ တောတောင်ဘွဲ့ မွန်သီချင်းကိုရေး၍ နေပြည်တော်ကို တမ်းတသည်။ မြဝတီဝန်ကြီးက "စိန်ခြယ်ညီးလင်း" မွန်သီချင်းကိုရေးသည်။ ယင်းသီချင်းတွင် "နှင်းယွန်းသာပေမန်၊ လေပြန်လောင်း၊ ပြောင်းမည်ဟန်၊ မှန်နန်းကွာဝေး၊ ဆွတ်ပျံ့သည်လွမ်းရေး...." စသည်ဖြင့် ဥက္ကလာပမှနေ၍ နေပြည်တော်ကိုလွမ်းရဟန် ဖွဲ့ဆိုဆက်သွင်းလေသည်။

ထို့ကြောင့် သာယာဝတီမင်းသည် ၁၂၀၃ ခု၊ တပို့တွဲလဆန်း ၁၂ ရက်နေ့ (၁၈၄၂ ခု၊ ဇန္နဝါရီလ ၂၂ ရက်) တွင် ရန်ကုန်မြို့မှ အမရပူရသို့ ရေကြောင်းဖြင့် ပြန်လည် ကြွချီလေသည်။

## သာယာဝတီမင်း၏ခေါင်းလောင်း

မင်းကြီး၏ အခြားကုသိုလ်တော်တရပ်မှာ "မဟာတိသဒ္ဒဃဏ္ဍာ"ဘွဲ့ရ ခေါင်းလောင်း ကြီးကို သွန်းလုပ်စေ၍ လှူဒါန်းခြင်းဖြစ်သည်။

ထိုခေါင်းလောင်းတော်ကြီး၏ အရပ်မှာ ၉ တောင် ၁ မိုက် ၃ သစ်၊ အနားလုံးပတ် ၁၅ တောင်၊ ခါးစည်းလုံးပတ် ၁၃ တောင် ၁ မိုက် ၄ သစ်၊ အဝအချင်း ၅ တောင်၊ ထု ၂ မိုက် ၄ သစ် ဖြစ်သည်။ ခေါင်းလောင်းတော်ကြီး၏ အလေးချိန်မှာ ကြေးစင်ပိဿာ ၂၅,၉၄၀ နှင့် ၄၉ ကျပ်သား (တန်ချိန် ၄၀ ခန့်) ရှိသည်။ ပေါင်းကိုင်းတွင် နရသိဟခြင်္သေ့

၄ စီးပါရှိသည်။ ခေါင်းလောင်းတော်ကြီးကို ဘုရင့်အမိန့်ရ သွန်းလုပ်ကြသော ပုဂ္ဂိုလ်များမှာ ကြေးသွန်းအတတ်၌ ကျွမ်းကျင်သော ဝန်ထောက်မင်းကြီး မဟာစည်သူ၊ ပန်းတဉ်းဝန်၊ လက်နက်တိုက်ဝန် မင်းကြီးမဟာမင်းကျော်သခ်ယာတို့ဖြစ်သည်။ ခေါင်းလောင်းသွန်းလုပ်ရာ၌ ကြေးသွန်း အမှုထမ်း ၅၀ ကျော် ပါဝင်လုပ်ကိုင်ရသည်။ ထိုခေါင်းလောင်းကြီးကို သာယာဝတီမင်းပြန်လည်ကြွချီသွားပြီးနောက် ခရစ်နှစ် ၁၈၄၃ ခု၊ ဖေဖော်ဝါရီလ ၁၉ ရက်နေ့တွင် စေတီတော်ရင်ပြင် အရှေ့မြောက်ဖက် (တနင်္ဂနွေဒေါင့်)၌ တန်ဆောင်း၊ ပြာသာဒ်နှင့်တကွ ဆွဲထားလှူဒါန်းလေသည်။

သာယာဝတီမင်း ရန်ကုန်သို့ဆင်း၍ ကောင်းမှုပြုစဉ်က စေတီတော်ကြီး၏ ဥဏှိတော်မှာ သံတောင် ၁၈၆ တောင် ၁ မိုက်နှင့် ၄ သစ်ဖြစ်၍၊ ဘိနပ်တော်အဝန်းမှာ သံတောင် ၉၀၀ ဖြစ်သည်ဟု သိရလေသည်။

ထိုအချိန်က သာယာဝတီမင်း၏ ဖောင်တော်မှ ဘုရား အနောက်ဖက်ရှိ ဥက္ကလာပ နန်းတော်သို့ တက်သည့်လမ်းကို ''လမ်းမတော်''ဟု ယခုတိုင် ခေါ်ဆိုကြလေသည်။

## အင်္ဂလိပ်-မြန်မာစစ်ပွဲများ

အမရပူရတွင် ဘကြီးတော်ခေါ် စစ်ကိုင်းမင်းအုပ်စိုးသော လက်ထက်နှင့်တူတော် ပုဂံမင်းလက်ထက်တို့တွင် အင်္ဂလိပ်နှင့် မြန်မာတို့စစ်ပွဲနှစ်ကြိမ်ဖြစ်ပွါးခဲ့သည်။ ထိုစစ်ပွဲများအတွင်း စေတီတော်တည်ရှိရာ ရန်ကုန်မြို့မှာ စစ်လမ်းကျခဲ့သဖြင့်၎င်း၊ စေတီတော်ကုန်းမြေမှာ စစ်စခန်းဆောက်လုပ်ရန် အခိုင်အမာအချက်အချာ ဖြစ်သဖြင့်၎င်း နှစ်ဦးနှစ်ဖက်မှ တပ်များသည် ကုန်းတော်ပေါ်၌ပင် တပ်စွဲ၍ စစ်မက်ခင်းခဲ့ကြသည်။

တိုင်းပြည်မငြိမ်မသက် စစ်မက်ခင်းကျင်းကြရသည်ကို အကြောင်းပြု၍ သာသနာ ညှိုးမှိန်စရာ အကြောင်းဖြစ်ခဲ့လေသည်။ ဗုဒ္ဓဘာသာဝင်တို့၏ အထွတ်အမြတ်ဖြစ်သော ရွှေတိဂုံစေတီတော်ဘည်ရှိရာ သိင်္ဂုတ္တရ ကုန်းအထက်သို့ အင်္ဂလိပ်စစ်တပ်များသည် ပထမ အင်္ဂလိပ်-မြန်မာစစ် (ခရစ်နှစ် ၁၈၂၄)တွင်၎င်း၊ ဒုတိယအင်္ဂလိပ်-မြန်မာစစ်(ခရစ်နှစ် ၁၈၅၂) တွင်၎င်း၊ အုပ်စီးမိအောင် အခိုင်အမာပြု၍ တက်ရောက်သိမ်းပိုက်ခဲ့ကြသည်။ ထိုကုန်းတော်ပေါ်မှနေ၍ မြန်မာတိုင်းရင်းသား စစ်သည်များကို အမြောက်စိန်ပြောင်း မိုးရွာချခဲ့ကြသည်။ ယင်းစစ်ပွဲများအတွင်း ရွှေတိဂုံစေတီတော်ကြီးကို ဗဟိုပြု၍ တိုက်ခိုက်ခဲ့ကြသော တိုက်ပွဲများမှာ ခြင်းချန်မထားသင့်သောအကြောင်းများ ဖြစ်လေသည်။

ပထမ စစ်ပွဲအတွင်း

အင်္ဂလိပ်တို့သည် ရခိုင်စစ်မျက်နှာတွင် မြန်မာတပ်များနှင့် တိုက်ခိုက်နေရာမှ ခရစ်နှစ် ၁၈၂၄ ခု၊ မေလ ၁၁ ရက်နေ့တွင် ရန်ကုန်မြို့သို့ ရေလမ်းမှ သင်္ဘောများဖြင့် ရုတ်တရက်လှည့်၍ ဝင်လာကြသည်။ ရန်ကုန်မြို့သို့ရောက်ပြီး နောက်တနေ့တွင် အချက်အချာဖြစ်သော ရွှေတိဂုံစေတီပေါ်တွင် တပ်စွဲလိုက်ပြီးနောက် ဘုရားကြီးသို့တက်သော လမ်းနှစ်သွယ်တလျှောက်၌ စစ်တပ်များချထားလိုက်လေသည်။ ထိုတပ်များကို ဗိုလ်ချုပ်အာချီဘော်ကင်းဘဲလ်က ဦးစီးသည်။

မြန်မာတပ်များကလည်း အင်္ဂလိပ်တို့ကိုခုခံတိုက်ထုတ်ရန် ကြည့်မြင်တိုင်တွင် ခံတပ်ကို အခိုင်အမာ ပြုလုပ်ကြသည်။ ပုဇွန်တောင်၊ တာမွေ၊ ကန်ဘဲ့ စသည့် အရပ်များတွင်လည်း အရံတပ်များကို ချထားသည်။ ထိုတပ်များကို ကျော်ဝန်ကြီး (ဝန်ကြီးသတိုးမင်းကြီး မဟာမင်းခေါင်)နှင့် စကြာဝန်ကြီး (ဝန်ကြီးသတိုးမဟာသေနာပတိ)တို့က ကွပ်ကဲအုပ်ချုပ်သည်။


အင်္ဂလိပ်တို့က လက်ဦးအောင်တပ်စွဲထားသော ရွှေတိဂုံကုန်းတော် ရင်ပြင်သည် အုန်းထန်းတို့ဖြင့် အရိပ်အာဝါသကောင်းသော နေရာဖြစ်သည်။ အရပ်လေးမျက်နှာသို့ မျှော်ကြည့်လျှင် ရန်ကုန်မြို့နှင့်တကွ နီးနားပတ်ဝန်းကျင်ကို သဲကွဲစွာစီး၍ မြင်နိုင်၏။ တောင်ဖက်တွင် သံလျင်ရှိ ကျိုက်ခေါက်စေတီနှင့်တကွ၊ ပဲခူးမြစ်၊ လှိုင်မြစ်တို့ဆုံရာနှင့် ပင်လယ်ဝ တလျှောက်ကို မြင်နိုင်သည်။ အရှေ့မြောက်ဖက်တွင် ငမိုးရိပ်ချောင်းနှင့်တကွ ကွင်းပြင်ကျယ်များ၊ တောအုပ်များ ဟိုတစု သည်တစု ရှိနေသည်တို့ကို မြင်နိုင်၏။ ရှုခင်းမှာ အလွန်လှပတင့်မောဖွယ်ဖြစ်သည်။ ရန်ကုန်မြစ်တွင်းမှ လှေသင်္ဘောတို့ကိုလည်း မြင်နိုင်သည်။ မြစ်ဖက်မှတက်လာသော် ဘုရားလမ်းတလျှောက် စေတီ၊ ကျောင်း၊ ဇရပ်တို့ အဆင့်ဆင့်ကို တွေ့နိုင်သည်။ မြင်တဖက် ဒလသို့လည်း လှမ်းမျှော်နိုင်သေးသည်။

ထို့ကြောင့် အင်္ဂလိပ်တပ်တွင် ပါလာခဲ့သော ဗိုလ်ကြီး လော်ရီက

> ရန်ကုန်မြို့ကို ပင်တိုင်ထား၍ကြည့်လျှင် ဒဂုန်ဘုရားကြီးသည် စစ်စခန်းတခုအနေဖြင့် အလွန့်အလွန် အရေးပါသော နေရာဖြစ်သည်။ အုတ်စီထားသော ပစ္စယာသည် ခံတပ်ကောင်းတခုအဖြစ် ပို၍ ထိရောက်စေသည်။ ထို့ပြင် အပေါ်စီးကြည့်နိုင်သော နေရာဖြစ်ခြင်းကြောင့်လည်း ကျွန်ုပ်တို့၏ တပ်စခန်းချမှုတွင် သော့ချက်နေရာ ဖြစ်စေသည်။ ထို့ကြောင့် ဘုရားကြီးထဲတွင် တပ်ခွဲနှစ်ခု၊ ကုန်းတော် ခြေရင်းတွင် ရဲဂျီးမင့်နှစ်ခုကို စခန်းချထားသည်။

ဟု ရေးသားခဲ့လေသည်၊

## မြန်မာတပ်များက ချဉ်းကပ်တိုက်ခိုက်ခြင်း



ပထမစစ်ပွဲတွင် အင်္ဂလိပ်တပ်များက ရန်ကုန်မြို့သို့ ရေကြောင်းမှ ချီတက်၍ လာပြီးနောက် ရန်ကုန်ဆိပ်ကမ်းရှိ မြန်မာတပ်များကို တိုက်ခိုက်သည်။ ထို့နောက် ရွှေတိဂုံစေတီတော်ကြီးနှင့် စေတီတော်သို့တက်ရာ လမ်းတလျှောက်တွင် ဝင်ရောက်တပ်စွဲသည်။

အင်္ဂလိပ်တပ်များသည် ဘုရားလမ်းတလျှောက်ရှိ သစ်သား စရပ်များ၊ ကျောင်းများတွင် စခန်းချသည်။ အချို့တပ်များသည် ရန်ကုန်သစ်တပ်မြို့အတွင်း၌ တပ်စွဲရသည်။ ကျောင်းများ၊ စရပ်များသည် ခပ်မြင့်မြင့်ဆောက်လုပ်ထားပြီး သက်ကယ်မိုး၊ အုတ်ကြွပ်မိုးများဖြစ်သောကြောင့် မိုးဥတုဒဏ်မှ ကာကွယ်ရန် အကောင်းဆုံးနေရာများ ဖြစ်သည်ဟု အင်္ဂလိပ်တို့က သဘောရသည်။


ကုန်းတော်ပေါ်ရှိ ကင်းမျှော်စင်မှ မျက်နှာဖြူတပ်များသည် ဘုရားကြီးနှင့် မနီးမဝေး တောအုပ်များအတွင်းမှ မီးခိုးတလူလူ တွေ့သောနေရာကို မြန်မာတပ်များ၏ ကတုတ်များ၊ ကင်းများနေရာဟု ကောင်းစွာခန့်မှန်းနိုင်ကြသည်။ ညအခါတွင် ထိုနေရာများဆီမှ မြန်မာတပ်တို့၏ သစ်ပင်များခုတ်လှည်းသံ၊ တဦးကိုတဦးခေါ်သံတို့ကို ကြားရတတ်၏။

ပထမတွင် မြန်မာတပ်များသည် ရွှေတိဂုံကုန်းတော်ကို ခြေကုပ်ယူထားသော အင်္ဂလိပ်တပ်များအား ချဉ်းကပ်တိုက်ခိုက်ကြသည်။ အင်္ဂလိပ်တို့က ကုန်းတော်တဝိုက်မှငင်း၊

မြစ်ထဲရှိ စစ်သင်္ဘောများမှငင်း နှစ်ဖက်ညှပ်၍တိုက်သဖြင့် မြန်မာတို့ နောက်ဆုတ်ရပြီး ကြည့်မြင်တိုင်ခံတပ်ကို အရှိုင်အလုံပြုရသည်။

အင်္ဂလိပ်တို့သည် မြန်မာတို့၏ ခံကတုတ်စစ်ဆင်ရေးကို အထင်ကြီးကြရသည်။ တပ်နေရာချသည်ဆိုသည်နှင့်ပင် မြန်မာတို့သည် ဓား၊ လုံ၊ သေနတ်တို့ကိုချ၍ ကတုတ်ကျင်းများကို သွက်လက်လျင်မြန်စွာ တူးကြ၏။ ကျင်းတကျင်းလျှင် တပ်သားနှစ်ယောက် နေနိုင်သည်။ ကတုတ်ကျင်းမှာရန်သူတို့၏ပစ်ခတ်မှုကိုကာကွယ်ရင်း ရာသီဥတုဒဏ်ကိုပါ ကာကွယ်ရန်ဖြစ်သည်။ ကျင်းအတွင်းသို့ ဗုံးတလုံး၊ အမြောက်ကျည်ဆံတခု ကျရောက်ပေါက်ကွဲလျှင် အများဆုံးတပ်သားနှစ်ယောက်သာ သေဆုံးနိုင်သည်။ ကတုတ်ကျင်းတိုင်းတွင် ဆန်၊ ရေနှင့် ထမင်းတို့ကို ဖုံးလုံအောင်ပေးထား၏။ ကတုတ်ကျင်းအတွင်း ကောက်ရိုးများ၊ သို့မဟုတ် သစ်ရွက်ချုံကိုင်းများကို ခင်းထားသည်။ တယောက်က စောင့်ရန် အလှည့်ကျစဉ်၊ ကျန်တယောက်က ထိုအခင်းပေါ်တွင် အိပ်နိုင်လေသည်။ ကတုတ်ကျင်းတန်းတခု တူးပြီးသည့်နောက် ဒုတိယကျင်းတန်းတူးရန် ညမှောင်ကိုခို၍ ရှေ့သို့တက်သွားသောအခါ နောက်တန်းလူများက ရှေ့သို့ တဆင့်ပြီး တဆင့်တက်၍ နေရာယူကြသည်။

ကြည့်မြင်တိုင်တိုက်ပွဲကို အင်္ဂလိပ် ပန်းချီဆရာတဦး၏ အမြင်မြင့် ရေးဆွဲထားပုံ



## ကုန်းတော်ကိုသိမ်းရန် မြန်မာတို့ အကြံအစည်ပျက်သောပွဲ

ရွှေတိဂုံစေတီတော်ကုန်းမြေတွင် တပ်စွဲထားသော အင်္ဂလိပ်ဗိုလ်ချုပ် ကင်းဘဲလ်သည် ကြည့်မြင်တိုင်သို့ ရေကြောင်း၊ ကုန်းကြောင်းသွားရောက်ကာ နှစ်ဖက်ညှပ်၍ တိုက်သည်။ ဇွန်လ ၁၁ ရက်နေ့တွင် ကြည့်မြင်တိုင်ခံတပ်ကို သိမ်းမိသည်။ ထိုအခါ မြန်မာတို့သည် ကမာရွတ်ခံတပ်သို့ ဆုတ်၍ခံကြသည်။

အင်္ဂလိပ်တပ်များမှာ မိုးရာသီဖြစ်သောကြောင့် စွတ်စိုသောရာသီဥတု၏ဒဏ်ကို မခံနိုင်ပဲ အဖျားအနာ အလွန်များသည်။ မြန်မာတို့က လူသူကအစ၊ ကျွဲနွားများကို ဝေးရာသို့ ပို့ထားသဖြင့် လတ်ဆတ်စွာမစားသုံးရသောကြောင့် ဝမ်းကိုက်ရောဂါများလည်း ဖြစ်ပွါးနေလေသည်။ ထို့ကြောင့် အင်္ဂလိပ်တို့မှာ ရိက္ခာအတွက်ငှင်း၊ နယ်မြေကို မကျွမ်းကျင်သဖြင့် လမ်းပန်းဆက်သွယ်မှုအတွက်ငှင်း များစွာအခက်အခဲတွေ့ရလေသည်။

မြန်မာတို့သည် ကမာရွတ်ခံတပ်မှနေ၍ အင်္ဂလိပ်တို့ အခိုင်အမာ တပ်စွဲရာ ရွှေတိဂုံကုန်းတော်ကို ဆက်လက်တိုက်ခိုက်ကြရန် ကြိုးပမ်းနေလေသည်။ ဇူလိုင်လ ၁ ရက်နေ့တွင် မြန်မာတပ်များသည် စစ်ကြောင်းသုံးကြောင်းခွဲ၍ အင်္ဂလိပ်များဆီသို့ ချီတက်လာကြသည်။ မြန်မာတို့၏ ဗဟိုစစ်ကြောင်းမှာ ကြည့်မြင်တိုင် ခံတပ်မှ ရွှေတိဂုံ ဘုရားအထိ တပ်ဖြန့်လျက် ချီတက်လာကြသည်။ တောအုပ်ကို အကာအကွယ်ပြု၍ ချီတက်လာပြီးနောက် မြန်မာလက်ဝဲစစ်ကြောင်းသည် အင်္ဂလိပ်တို့၏ ကင်းစခန်းအနီးရှိ တောင်ကုန်းငယ်တခုကို သိမ်းပိုက်ထားလိုက်ကြသည်။ ထိုနေရာမှနေ၍ အင်္ဂလိပ်တို့ဖက်သို့ ထိထိရောက်ရောက် ပစ်ခတ်တိုက်ခိုက်ကြသည်။ အင်္ဂလိပ်တို့ကလည်း မြေပြင်ပစ် အမြောက်တလက်နှင့် ဟော်ဝစ်ဇာ အမြောက်တလက်ဖြင့် တောင်ကုန်းငယ်တွင် တပ်စွဲနေသော မြန်မာတပ်ကို ပြန်လှန်တိုက်ခိုက်ကြသည်။ ထိုအခါ မြန်မာတပ်ဦးသည် သစ်တောအတွင်းသို့ ပြန်လည်ဆုတ်ခွါကြရသည်။

ဤတိုက်ပွဲတွင် ရွှေတိဂုံ ကုန်းတော်ကို ကျူးကျော်ရေးတပ်များ၏လက်မှ ပြန်လည်သိမ်းရန် မြန်မာတို့ အကြံအစည်ပျက်ခဲ့ရလေသည်။

မြန်မာတို့ဖက်မှ အသေခံတပ်တတပ်သည် ဩဂုတ်လ ၃၀ ရက်နေ့ ညသန်းခေါင်ယံအချိန်၌ ရွှေတိဂုံစေတီတော်ကြီးရှိ အင်္ဂလိပ်စစ်ဌာနချုပ်သို့ ရုတ်တရက်ဝင်၍စီးကြသည်။ ထိုအသေခံတပ်သားများသည် မြောက်ဖက်မုတ်ခြေရင်းအထိ ရောက်ရှိလာကြသည်။ သူတို့လက်ထဲတွင် ဓားများသေနတ်များစွဲကိုင်ထားကြသည်။ တန်ဆောင်းထိပ်အုတ်လှေကားထစ်များသို့ ရောက်ရှိသောအခါမှ အင်္ဂလိပ်တို့က သဲသဲမဲမဲ ပြန်လည်ပစ်ခတ်ကြသဖြင့် ဆုတ်ခွါသွားကြရလေသည်။

## မဟာဗန္ဓုလ ချီလာခြင်း

ခရစ်နှစ် ၁၈၂၄ ခုအတွင်း ဗိုလ်မှူး ဝန်ကြီး သတိုးသုဓမ္မမဟာဗန္ဓုလသည် နေပြည်တော်မှ စုန်ဆင်းလာခဲ့ရာ နိုဝင်ဘာလ နောက်ဆုံးအပတ်ထဲတွင် လှိုင်မြစ်ပေါက် မော်ပီကျွဲကူးဆိပ်မှ တက်၍ ဂုကြီး ကျိုက္ကလို့မှတဆင့် တန်တားကြီးအရပ်အထိ ချီတက်တပ်စွဲလေသည်။

မဟာဗန္ဓုလသည် အင်္ဂလိပ်တို့အား စစ်ဆင်ရန် စစ်ကြောင်းကြီး ငါးကြောင်းခွဲသည်။ ထိုစစ်ကြောင်း ငါးကြောင်းအနက် အတွင်းဝန်ကြီး မဟာမင်းလှရာဇာ၏ စစ်ကြောင်းမှာစစ်သည် ၃၀၀၀ နှင့် သိင်္ဃုတ္တရကုန်းရှိအင်္ဂလိပ်တပ်များအား တိုက်ခိုက်ရန်ဖြစ်သည်။ အခြားစစ်ကြောင်းများမှာ ပုဇွန်တောင်၊ ဒံတော်ကြီးလမ်း၊ ကြည့်မြင်တိုင်၊ ဒလမှတိုက်ခိုက်ရန်ဖြစ်သည်။

ထိုစစ်ကြောင်းအသီးသီးတွင် ပါဝင်သော မြန်မာတပ်များသည် နိုဝင်ဘာလ ၃၀ ရက်နေ့ညတွင် အင်္ဂလိပ်များတပ်စွဲရာ စစ်မျက်နှာရှေ့ရှိ ကျယ်ဝန်းလှသော သစ်တောအုပ်အတွင်း၌ နေရာယူထားလိုက်ကြသည်။ မြန်မာတပ်များသည် ဂဏန်းလက်မသဏ္ဌာန်၊ သို့မဟုတ် ပစောက်ပုံသဏ္ဌာန်ဖြင့် အင်္ဂလိပ်တို့တပ်စွဲထားရာ ရွှေတိဂုံကုန်းတော်ကို ဗဟိုပြု၍ အနောက်ဖက်တွင် ကြည့်မြင်တိုင်အထက်ဆီမှရင်း၊ အရှေ့ဖက်တွင် မြန်မာမြို့ဝန်၏အိမ်ဖြူရှိရာ ပုဇွန်တောင်အထိရင်း၊ ကျယ်ပြန့်စွာ ဝိုင်းရံထားလိုက်သည်။ မြစ်တဖက်တွင် ဒလမှ မြန်မာစစ်ကြောင်းတခုရှိနေသည်။

ဒီဇင်ဘာလ တရက်နေ့ နံနက် အရုဏ်တက်တွင် မြန်မာတပ်များက ကြည့်မြင်တိုင်ခံတပ်ကိုစ၍ တိုက်ကြသည်။ ကြည့်မြင်တိုင်ခံတပ်ကို မြန်မာတို့ ဗြောသံပေး၍ ဟစ်အော်ကြွေးကြော်၍ တိုက်ခိုက်နေကြသည်များကို နှစ်မိုင်မျှဝေးသော ရွှေတိဂုံကုန်းတော်ပေါ်ရှိ အင်္ဂလိပ် ပင်မစစ်ဌာနချုပ်ကပင် ကြားနေရလေသည်။

ထိုနေ့နံနက်လင်းသောအခါ အင်အားကြီးမားသော မြန်မာတပ်များသည် တောအုပ်အစွန်းမှထွက်လာပြီး ကြည့်မြင်တိုင် ခံစစ်ကြောင်း၏ ဝဲယာဆီသို့ တပ်ဖြင့်ချီတက်သွားကြသည်။ မွန်းတည့်အချိန်လောက်တွင် ကျိဝန်ကြီးဦးစီးသောတပ်များကလည်း ဒလဖက်မှ နေ၍ အမြောက်ကြီးများဖြင့် မြစ်တွင်းရှိ အင်္ဂလိပ်သင်္ဘောများကို လှမ်း၍ ပစ်ခတ်လေသည်။

နေ့ခင်းပိုင်းတွင် မြန်မာစစ်တပ်ကြီးတတပ်သည် ရွှေတိဂုံအရှေ့ဖက် တမိုင်ကွာရှိ သစ်တောကြီးအတွင်းမှ ချီတက်လာနေသည်။ တပ်ဦးတွင် အလံမျိုးစုံ စစ်တံခွန်မျိုးစုံကို

လှုင့်ထူလာကြ၏။ ထိုတပ်ဖွဲ့များ တတပ်ပြီးဘတပ် နေရာယူလိုက်ကြရာ ရွှေတိဂုံစေတီတော်၏ အရှေ့တောအုပ်စွန်းမှသည် မြို့နှင့် အမြောက်တကမ်းအကွာ ပုဇွန်တောင်မြစ်ကမ်းအထိ တပ်ချင်းဆက်သွားလေသည်။ တဖက်တွင်လည်း ရွှေတိဂုံစေတီတော် အနောက်ဖက်မှ ကြည့်မြင်တိုင်မြစ်ကမ်းအထိ ဆက်နေသော လကျာ် စစ်ကြောင်းကြီး ရှိသည်။ ဗဟိုစစ်ကြောင်းမှာ ရွှေတိဂုံစေတီတော်မြောက်ဖက်ရှိ တောအုပ်အတွင်း၌ရှိနေသည်။

မြန်မာတို့က ဝိုင်းရံထားသောနေရာမှာ အင်္ဂလိပ်စစ်ကြောင်းနှင့် အလှမ်းဝေးနေသဖြင့် ကတုတ်ကျင်းများတူး၍ ချဉ်းကပ်ကြသည်။ တပ်ချလျှင်ချချင်း စစ်ကြောင်းတလျှောက် ကတုတ်ကျင်းများတူးကြသည်မှာ နှစ်နာရီအတွင်းမှာပင် မြန်မာစစ်ကြောင်းကြီးတခုလုံး ပျောက်ကွယ်သွား၍ စစ်ကြောင်းတလျှောက် လှုည့်လည်စစ်ဆေးနေသော ရွှေထီးဆောင်းတပ်မှူးကြီးများကိုသာ အင်္ဂလိပ်တို့က လှမ်း၍ မြင်ရတော့သည်။

## ကင်းဘဲလ်က ဆင်းတိုက်ခြင်း

ဤသို့ မြန်မာတပ်များသည် ကွင်းပြင်ကိုဖြတ်သန်း၍ တက်လာမည့်အခြေကို ရိပ်မိသွားသော ဗိုလ်ချုပ် ကင်းဘဲလ်သည် အမြောက်အလက် ၂၀ ဖြင့် ဘုရားကြီးကုန်းတော်ပေါ်မှ အသင့်ပြင်ထား၏။ စောင့်ဆိုင်းနေလျှင် အင်္ဂလိပ်တပ်ခြေသို့ ရောက်လာလိမ့်မည်ကို တွေးမိသဖြင့် ဆင်း၍တိုက်ရန် ဆုံးဖြတ်လိုက်လေသည်။

သို့ဖြင့် ထိုနေ့မွန်းတည့်အချိန်ခန့်တွင် အင်္ဂလိပ်တပ်များက ဆင်း၍ တိုက်ရာ ဤသို့ စတင်တိုက်ခိုက်လာလိမ့်မည်ဟု မထင်သော မြန်မာတပ်သားများသည် ခပ်လှမ်းလှမ်းသို့ ရောက်မှ သိရှိပြီး မြေကတုတ်ကျင်းများ တူးနေရာမှ ဆီး၍ ပြန်လည်တိုက်ခိုက်ကြသည်။ ထိုနေရာတွင် အနည်းငယ် ရှုပ်ရှုပ်ထွေးထွေးတိုက်လိုက်ရပြီးနောက် သွေးတိုးလာစမ်းသော အင်္ဂလိပ်တပ်များသည် စခန်းသို့ ပြန်ဆုတ်သွား၏။ မြန်မာတို့လည်း ညနေပိုင်းတွင် ထိုကတုတ်ကျင်းများတွင်ပင် ပြန်လည်နေရာယူရင်း ပြင်ဆင်နေကြ၏။

ထို ဒီဇင်ဘာလတရက်နေ့ နေဝင်ချိန်တွင် မြန်မာတိုက်ကင်း တပ်ဖွဲ့တခု ရွှေတိဂုံကုန်းတော် အရှေ့မြောက်ထောင့်သို့ လာရောက်တိုက်ခိုက်ရာ အင်္ဂလိပ်တို့က ပြန်လည်တိုက်ခိုက်သည်။ မြန်မာတို့ တောတွင်းသို့ ပြန်ဆုတ်သွားကြ၏။

ဒီဇင်ဘာလတရက်နေ့ ညတညလုံး မြန်မာစစ်ကြောင်း၏ အလယ်ဗဟိုမှ တပ်များသည် တိတ်တဆိတ်ချီတက်လာ၍ ရွှေတိဂုံစေတီတော် မြောက်ဖက်မုတ်ဝရှေ့ရှိ တောင်ကုန်းငယ်

တခုတွင် တပ်စွဲထားလိုက်သည်။ ထိုသို့ နီးကပ်စွာ လာရောက်တပ်စွဲသည်ကို အင်္ဂလိပ်တပ်တို့သည် ဒီဇင်ဘာလ နှစ်ရက်နေ့ နံနက်တွင်မှ သိရှိရလေသည်။ သေွးဆေးကန်တဖက်ရှိ ယင်းတောင်ကုန်းတွင် မြန်မာတို့တပ်စွဲနေသည်ကို အင်္ဂလိပ်တို့က ဆင်း၍ တိုက်ကြ၏။ မြန်မာတို့ကလည်း အမြောက်ကြီးများဖြင့် လှမ်း၍ ပစ်ခတ်၏။ ထိုကြောင့် ထိုနေရာတဝိုက်တွင် တိုက်ပွဲများ အကြိမ်ကြိမ်ဖြစ်ပွားနေသည်။ သို့သော် မြန်မာတို့အား ရောက်ရှိပြီးသော နေရာမှ ဆုတ်ခွါသွားရန် အင်္ဂလိပ်တို့မတတ်နိုင်ကြချေ။

## မီးကုန်ယမ်းကုန် တိုက်ပွဲ

မြန်မာတပ်များမှာ အင်္ဂလိပ်တပ်များနှင့် အလွန်နီးနေသဖြင့် မြန်မာတို့ပစ်ခတ်လိုက်သော ကျည်ဆံများသည် အင်္ဂလိပ်စစ်သားတို့ အိပ်သော အိပ်ရာထဲသို့ပင် သွားရောက် ထိမှန်သည်။

ဒီဇင်ဘာလသုံးရက်နှင့် လေးရက်နေ့များတွင် ရွှေတိဂုံကုန်းတော်သို့ အဖက်ဖက်မှ ဝိုင်းရံ၍ သဲသဲမဲမဲ အားသွန်ခွန်စိုက်တိုက်ခိုက်ကြသည်။ ဘုရားကုန်းတော်ပေါ်တွင် တလူလူလွင့်နေသော ဗြိတိသျှအလံကို မျက်မုန်းကျိုးကျိုးနှင့် တိုး၍ ပစ်ခတ်ကြသည်။ သေွးဆေးကန်တဖက်မှ မြန်မာတပ်များသည် အင်္ဂလိပ်စစ်တန်းလျားများဆီသို့ ပစ်ခတ်ကြသည်။

ထိုအချိန်တွင် ဒလဖက်မှ မြန်မာတပ်များကလည်း အင်္ဂလိပ် သင်္ဘောများကို ပစ်ခတ် တိုက်ခိုက်သည်။ ကြည့်မြင်တိုင်ရှိ အင်္ဂလိပ် တပ်စခန်းကိုလည်း သဲသဲမဲမဲ တိုက်ကြသည်။ မြစ်ညာမှနေ၍ မီးဖောင်များကိုလည်း အချိန်ကိုက်၍ မျှောချလေရာ အင်္ဂလိပ် သင်္ဘောများမှာ စိုးရိမ်ဘွယ်ရာ အခြေနှင့် ရင်ဆိုင်ရ၍ အစွမ်းကုန် ကာကွယ်ရသည်။ တကြိမ်တွင် တိမ်မောက်ခေါ် အင်္ဂလိပ်သင်္ဘောကို မီးစွဲလောင်သဖြင့် ခက်ခက်ခဲခဲ ငြိမ်းသတ်ရလေသည်။

မြန်မာတို့က မီးကုန်ယမ်းကုန် တိုက်ခိုက်နေသည်ကို သိဂ်ုတ္တရ ကုန်းတော်ပေါ်ရှိ အင်္ဂလိပ်တပ်များကလည်း စစ်အင်အားကြီးမားစွာဖြင့် ခုခံနေသောကြောင့်သာ သိဂ်ုတ္တရ ကုန်းကို မတက်နိုင်သေးပဲ ရှိသည်။ မြန်မာတို့သည် မြို့ကွက်နှင့် နီးသည်ထက် နီးကပ်လာပြီ ဖြစ်သောကြောင့် တဲအိမ်များအတွင်း ဖြစ်သလိုထားရသော အင်္ဂလိပ်တို့၏ လက်နက်ခဲယမ်းမီးကျောက်များမှာ စိုးရိမ်ရသဖြင့် ပြန်လည်ထိုးစစ်ဆင်ရန် ဗိုလ်ချုပ်ကင်းဘဲလ်က ဆုံးဖြတ်လိုက်ရသည်။

## အပြင်းအထန် အကျိတ်အနယ်တိုက်သော တိုက်ပွဲ

ဒီဇင်ဘာလ ငါးရက်နေ့နံနက်တွင် ဗိုလ်မှူးစလေနှင့် ဗိုလ်မှူးဝေါကာတို့ ဦးစီး၍ရင်း၊ မြန်မာစစ်ကြောင်း၏ လက်ဝဲတောင်ပံကို ဝင်ရောက်တိုက်ခိုက်သည်။ ဗိုလ်မှူးဝေါကာသည် ရှေ့ဆုံးရှိ မြန်မာကတုတ်ကျင်းကို တိုက်ခိုက်ရာတွင် ကျဆုံးသည်။ အင်္ဂလိပ်ပယ်သားအများ အပြားလည်းကျဆုံးသည်။ အင်္ဂလိပ်တို့သည် လှံစွပ်တိုက်ပွဲဆင်၍တိုက်ကြသည်။ မြန်မာတို့၏ လက်ဝဲတောင်ပံကျိုးသဖြင့် ဆုတ်သွားရသည်။

ထိုနေ့တိုက်ပွဲပြီးဆုံးပြီးနောက် ဒီဇင်ဘာလခြောက်ရက်နေ့တွင် စစ်သူကြီး မဟာဗန္ဓုလ သည် မြန်မာစစ်ကြောင်း၏ ဝဲတောင်ပံကို ပြန်လည်စုရုံးဖွဲ့စည်း၍အင်အားဖြည့်လျက်နေသည်။

ဒီဇင်ဘာလခုနစ်ရက်နေ့တွင် ရွှေတိဂုံဘုရားကုန်းတော် မြောက်ဖက်ခြေရင်းနားအထိ ကတုတ်ကျင်းများတူး၍ ချဉ်းကပ်မိနေကြသည်။ မြန်မာ့ရှေ့တန်းသည် အင်္ဂလိပ်တပ်နှင့် အ လွန်နီးကပ်နေပေရာ မြန်မာတို့၏ စစ်ကြေးကြော်သံများ၊ အော်ဟစ်ကြိမ်းမောင်းသံများကို အင်္ဂလိပ်စစ်စခန်းမှ အတိုင်းသားကြားနေရ၏။

ထိုနေ့တွင် အင်္ဂလိပ်တို့ဖက်ကလည်း စစ်ဆင်မှုတိတိကျကျ အဖြေသိသာစေရန် တိုက် စစ်ကြောင်း လေးကြောင်းခွဲ၍ တိုက်စေသည်။ ဗိုလ်မှူးကြီးမောလက်ဦးစီးသောစစ်ကြောင်း သည် မြန်မာလကျ်ာတောင်ပံကိုတိုက်သည်။ ဗိုလ်မှူးကြီးဘရိုဒီ ဦးစီးသောစစ်ကြောင်းသည် မြန်မာလက်ဝဲတောင်ပံကိုတိုက်သည်။ ဗိုလ်မှူးကြီး ပါလဘီနှင့် ဗိုလ်ကြီး ဗီလဆင်တို့၏ ကျန် စစ်ကြောင်းနှစ်ခုက စေတီတော် မြောက်ဖက်စောင်းတန်းမှဆင်း၍ ရေကန်၏တဖက် တချက်မှ မြန်မာတို့၏ ဗဟိုစစ်ကြောင်းသို့ ချီတက်သွားကြပြီးလျှင် ကတုတ်တွင်းရှိ မြန်မာ ရှေ့တန်းတပ်များနှင့် တိုက်ပွဲဖြစ်ပွါးလေသည်။

### မြန်မာတို့ဆုတ်ခွါရခြင်း

ဤတိုက်ပွဲတွင်အင်္ဂလိပ်တို့က စစ်သင်္ဘောပေါ်မှသယ်ယူလာသောအမြောက်ကြီးများ ဖြင့်ထုထဲစွာပစ်ခတ်ပေးသည်။ စစ်ကြောင်းကြီးတလျှောက်လုံးတွင် ဗိုလ်ချုပ် မင်းကြီး မဟာ မင်းလှရာဇာ ကွပ်ကဲသောတပ်များသည် အပြင်းအထန်ခုခံတိုက်ခိုက်ကြသော်လည်း ရန်သူ တို့၏ ဗုံး အမြောက် အပစ်အခတ်ထူထပ်သဖြင့် အုပ်စည်းမပျက် ဆုတ်ခွါပြီးလျှင် ကန်ဘဲ့ နှင့် တာမွေ ဝါးပိုးတပ်မှ ရပ်ခံ၍နေကြသည်။

အင်္ဂလိပ်တို့သည် မြန်မာတို့စွန့်ခွါသွားသော ကတုတ်ကျင်းများအတွင်း၌ ကုန်းတော် ကိုတက်ရန် လှေကားများကိုတွေ့ရသည်။ ဘုရားကြီးကို တက်ရောက်သိမ်းပိုက်ရန် အခြား

အစီအစဉ်များကိုလည်းတွေ့ရသည်။ ထိုညတွင် မြစ်တဖက်ကမ်းမှ မြန်မာခံတပ်ကို အင်္ဂလိပ်တို့က ဒီရေအတက်တွင် ချက်ကောင်းယူ၍ တက်ရောက်တိုက်ခိုက်သိမ်းပိုက်လေသည်။

မြန်မာတို့သည် ရွှေတိဂုံတွင် ကျူးကျော် တပ်စွဲလျက်ရှိသော အင်္ဂလိပ်စစ်စခန်းကို သိမ်းပိုက်နိုင်ရန် စေတီတော်မြောက်ဖက် စစ်မျက်နှာတိုက်ပွဲတွင် စစ်သည်အများအပြား အသေခံ၍ တိုက်ခဲ့ကြသည်။ ဒီဇင်ဘာလတရက်နေ့မှ ရှစ်ရက်နေ့အထိ တိုက်ပွဲပြီးသည့်နောက် ကန်ဘဲ့၊ တာမွေ၊ ဝါးပိုးတပ်တွင် မြန်မာတပ်သား အင်အား ၂၀,၀၀၀ ခန့်စုရုံးမိကြသည်။ မဟာဗန္ဓုလသည် အခြေအနေအရ ထိုးစစ်မှခံစစ်သို့ကူးပြောင်းစစ်ဆင်ရန် စတင်ဆောင်ရွက်လေသည်။

ဒီဇင်ဘာလငါးရက်နေ့တွင် ကန်ဘဲ့ရှိ မြန်မာခံတပ်သို့ အင်္ဂလိပ်စစ်ကြောင်းနှစ်ကြောင်းက ရှေ့နောက်ညှပ်၍ လာရောက်တိုက်ခိုက်သည်။ ဦးစီးလာသူများမှာ ဗိုလ်ချုပ်ကင်းဘဲလ်နှင့် ဗိုလ်မှူးချုပ် ကော့တွန်တို့ဖြစ်သည်။ မြန်မာတို့က ရွပ်ရွပ်ချွံချွံ ပြန်လည်ခုခံ ကြသော်လည်း အင်အားချင်းမမျှ၍ ထိုခံတပ်ကို လက်လွှတ်လိုက်ရသည်။ စစ်သူကြီးမဟာဗန္ဓုလသည် အချို့တပ်များကို ဆက်လက်တပ်စွဲ ရပ်ခံနေစေပြီးနောက် ဓနုဖြူခံတပ်ကို အခိုင်အလုံပြုလုပ်တိုက်ခိုက်ရန် စီစဉ်လေသည်။

ထိုအချိန်မှ ငါးလခန့်အကြာ ခရစ်နှစ် ၁၈၂၅ ခု၊ ဧပြီလ ၁ ရက်နေ့တွင် စစ်သူကြီး မဟာဗန္ဓုလသည် ရန်သူ့ဗုံးပျံကျည်သင့်၍ ကျဆုံးသည်။ အင်္ဂလိပ်နှင့် မြန်မာတို့သည် ၁၈၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက်နေ့တွင် စစ်ပြေငြိမ်းစာချုပ်ကို ချုပ်ဆိုကြသည်။

## ကုန်းတော်ပြန်ရခြင်း

ရွှေတိဂုံစေတီကုန်းတော်ကိုမူကား မြန်မာတို့က အင်္ဂလိပ်တို့အား စစ်လျော်ကြေး ဒုတိယအရစ်ပေးပြီးမှ ခရစ်နှစ် ၁၈၂၆ ခု၊ ဒီဇင်ဘာလ ၉ ရက်နေ့တွင် လွှဲပြောင်းပေးသည်။ ထိုနေ့တွင် ဟံသာဝတီဝန်ကြီး မင်းကြီးမဟာမင်းလှရာဇာ၊က အခမ်းအနားဖြင့် လက်ခံယူသည်။ အမြောက်သုံးချက်ပစ်ဖောက်သည်။ အလျား ၁၃ ပေခွဲ၊ အနံ ၉ ပေရှိ ပိတ်ဖြူတွင် အလယ်အနီသွတ်၊ ဥဒေါင်းရုပ်ပန်းခက်ကိုက် မြန်မာဒေါင်းလံကြီးကို လွှင့်ထူသည်။ အတီးအမှုတ် အကအခုန်များလည်း ပါလေသည်။

အင်္ဂလိပ်တို့ ထွက်ခွါသွားပြီးနောက် ရွှေတိဂုံစေတီတော် ခံတပ်ကို စားတော်ဝန် မင်းလှမင်းခေါင်၏တပ်က ဝင်ရောက်တပ်စွဲလေသည်။

## ရဲတင်းသော မြန်မာစစ်သည်များ

မြန်မာတို့သည် ကျူးကျော်လာသော အင်္ဂလိပ်တို့အား လက်နက်အင်အားနှင့် ဖွဲ့စည်းလေ့ကျင့်မှု ကွာခြားသောကြောင့် အရှုံးပေးလိုက်ရသော်လည်း မြန်မာစစ်သည်များ၏ လျင်မြန်မှု သွက်လက်မှု သတ္တိရှိမှုတို့ကို ရန်သူအင်္ဂလိပ်များကပင် ကိုယ်တွေ့မှတ်တမ်းတင်ခဲ့ရလေသည်။

ပထမစစ်ပွဲအတွင်း အင်္ဂလိပ်တို့ ကုန်းတော်ပေါ်တွင် တပ်စွဲနေစဉ် မေလ၌ မြန်မာစစ်သည်များသည် အင်္ဂလိပ်တပ်များကို ညစဉ်ညဆက်ဆိုသလို ရဲရဲတင်းတင်း လာရောက်အနှောင့်အရှက်ပေးသည်။ မြန်မာတို့သည် အင်္ဂလိပ်တို့၏ မျက်ကွယ်ဖြစ်စေရန် တောအုပ်ကိုခို၍လာခဲ့ပြီးလျှင် ဘုရားကြီးအနီးသို့ ကတုတ်ကျင်းများတူး၍ ချဉ်းကပ်ကြသည်။ အင်္ဂလိပ်ကင်းစခန်းများကို လာ၍ ပစ်ခတ်သည်။ အင်္ဂလိပ်တပ်စခန်းအနီးသို့ ချဉ်းကပ်လာပြီးလျှင် အစောင့်စစ်သားကို လုပ်ကြံ၍ ညအမှောင်အောက်တွင် ပျောက်သွားတတ်သည်။ တခါတရံတွင် မြန်မာစစ်သားတို့၏ လက်သို့ သေနတ်နှင့်စစ်လွယ်အိတ်များပင် ပါသွားလေ့ရှိသည်။

အင်္ဂလိပ်စစ်ဗိုလ် လော်ရီက ခရစ်နှစ် ၁၈၂၄ ခု၊ ဇူလိုင်လ ၂ ရက်နေ့ ညတညအကြောင်းကို မှတ်တမ်းတင်ထားရာတွင် ဘုရားကြီးကုန်းတော်ပေါ်၌ မြန်မာတို့ လျင်မြန်ဖျတ်လတ်ပုံကို ထင်ရှားစေသော အဖြစ်အပျက်တရပ်ကို ဖော်ပြခဲ့သည်မှာ —

> စစ်သားများသည် ယခင် ညပေါင်း အတော်များများကပင် လက်နက်အချို့ပျောက်ဆုံးခဲ့သည်။ မိမိတို့၏ သေနတ်များကို ဘေးတွင်ချ၍ အိပ်လေ့ရှိပြီး တံခါးဝတွင် ကင်းစောင့်ရှိနေပါလျက် ပျောက်ဆုံးရခြင်းဖြစ်သည်။ ယခုညတွင် တပ်သားတိုင်းကို သတိပေး နှိုးဆော်ထားသည်။ ကင်းစောင့်အပိုချထားသည်။ ထို့ပြင် လုယက်နှောင့်ရှက်မည့်သူများရန်မှ ကာကွယ်နိုင်မည့် အစီအစဉ်ဟူသမျှကိုလည်း ပြုလုပ်ထားသည်။ ထိုညတွင် ရုတ်တရက် အချက်ပေးခေါင်းလောင်းသံ ကြားလိုက်ရသောအခါ တာဝန်ကျအရာရှိသည် စရပ်တခုအတွင်း နား၍နေရာမှ တံခါးပေါက်သို့ ပြေးသွားလျက် အခြေအနေကို စုံစမ်းသည်။ မြက်ခင်းထဲတွင် စစ်ကျောပိုးအိတ်တလုံးကိုသာ တွေ့ရကြောင်း သတင်းရပြီး လူသူအငွေ့အသက်မျှပင်မတွေ့ရကြောင်း သိရသည်။ ထိုသူသည် ပြန်၍လဲလျောင်းမည်ဟု လှည့်လာသောအခါ သူ့အိပ်ရာမှာ ထူးဆန်းစွာ ပျောက်ချင်းမလှ ပျောက်နေပေတော့သည်။ စရပ်ထဲတွင် မီးတိုင်ရှိသည်။ အစေခံတဦးမှာ

> အနီးတွင် အိပ်နေသည်။ သို့တိုင်အောင် မှောင်ခို၍လာသူများက ခြင်းတောင်းတလုံးကို ပစ္စည်းအပြည့်နှင့် သယ်သွားသေးသည်။ ထိုသို့ လာရောက်ယူငင်သူများမှာ ကမာရွတ်တပ်မှ မြန်မာစစ်သားများ ဖြစ်သည်ဟု သိရသည်။ သူတို့သည် ကျွန်ုပ်တို့က ချီးကျူးထိုက်အောင် သူတို့လုပ်ရပ်များဖြင့် ကျွန်ုပ်တို့ကို သရော်နိုင်ခဲ့ပေသည်။

ဟု ရေးသားထားလေသည်။

## ဒုတိယ အင်္ဂလိပ်-မြန်မာစစ်ပွဲအတွင်း

ဒုတိယအကြိမ် မြန်မာပြည်ကို တိုက်ခိုက်သိမ်းယူရန်လာသော အင်္ဂလိပ်တပ်များ၏ တပ်ပေါင်းစုမှူးမှာ ဗိုလ်ချုပ်ဂေါ့ဒ်ဖြစ်သည်။

ခရစ်နှစ် ၁၈၅၂ ခုတွင် စစ်ပွဲဖြစ်တော့မည့်အခြေအနေကို မြန်မာတို့ဖက်ကလည်း ရိပ်မိ၍ အသင့်ပြင်ထားကြသည်။ ရန်ကုန်မြို့နှင့် ရွှေတိဂုံစေတီတော်ကြီးကို အခိုင်အခံ့ ပြုလုပ်ထားကြသည်။ ဤတကြိမ်တွင် စေတီကုန်းတော်မှာ မြန်မာတို့လက်ထဲတွင်ရှိနေသည်။ ကုန်းတော်မြေ ပစ္စယာသုံးဆင့်တွင် ရင်ပြင်နှင့်တညီတည်း အပေါ်ဆုံးအဆင့်၌ အဝေးပစ် အမြောက်ကြီးများကိုတင်ထားပြီး အလယ်နှင့်အောက်ပစ္စယာအဆင့်များတွင် အမြောက်ငယ်များကို တပ်ဆင်ထားလေသည်။

ရန်ကုန်စစ်မျက်နှာ (ဟံသာဝတီစစ်ကြောင်း) ကို ဦးစီးသော မြန်မာတပ်မှူး ဗိုလ်ချုပ်မှာ ရန်ကုန်မြို့ဝန် သတိုးမင်းကြီး မဟာမင်းလှမင်းခေါင်ကျော် (ဦးမှုန်) ဖြစ်သည်။

မြန်မာတို့သည် ကာကွယ်ရေးအတွက် ခံတပ်များကို အပူတပြင်း ဆောက်လုပ်ကြသည်။ ရွှေတိဂုံကုန်းတော်၏ အနောက်တောင်ဖက်တွင် စစ်တန်းလျားများကို ဆောက်လုပ်ထား၏။ မြို့သစ်နေရာတွင် အမြင့် ၁၅ ပေ၊ ထိပ်အကျယ် ၁၂ ပေ ရှိသော မြေကတုတ်ခံတပ်များကို ပတ်ပတ်လည်ဆောက်လုပ်၏။ ခံကတုတ်ခြေရင်းပေ ၂၀ ခန့် အကွာတွင် အကျယ် ပေ ၂၀၊ အနက် ၁၂ ပေခန့်အထိရှိသော ကျုံးခြောက်များရှိသည်။

ရွှေတိဂုံကုန်းတော်ပေါ်ရှိ သစ်တပ်ခံတပ်၏တောင်ဖက်၊ အရှေ့ဖက်နှင့် အနောက်ဖက် မျက်နှာများတွင် အမြောက်ကြီး ရှစ်လက်စီ နေရာယူထားသည်။ မြောက်ဖက်မျက်နှာတွင် အမြောက်ကြီးတလက်သာ ထားရှိသည်။ အထူးသဖြင့် တောင်ဖက်မျက်နှာတွင် အမြောက်အရေအတွက် အများဆုံးဖြစ်သည်။

## ရန်သူတို့ ရန်ကုန်မြစ်တွင်းဝင်လာပြီး စတင်တိုက်ခိုက်ခြင်း


အင်္ဂလိပ်စစ်တပ်များသည် ခရစ်နှစ် ၁၈၅၂ ခု၊ ဧပြီလတရက်နေ့တွင် ရန်ကုန်မြစ်ဝသို့ ရောက်ရှိလာကြသည်။ စစ်သင်္ဘော ၁၅ စင်း၊ လူစီးမီးသင်္ဘော ၁၅ စင်းပါရှိပြီး အမြောက် ၃၅ လက် ပါရှိသည်။ ထိုရေကြောင်းတပ်စုကို ရေတပ်ဗိုလ်ချုပ် ချားစ်အော်စတင်က ကြီးကြပ်အုပ်ချုပ်၍လာသည်။

ဧပြီလ ၁၀ ရက်နေ့သို့ရောက်သောအခါ အင်္ဂလိပ်စစ်သင်္ဘောများ ရန်ကုန်မြစ်အတွင်းသို့ဝင်လာပြီး မြို့ကိုလှမ်း၍ အမြောက်များဖြင့် ပစ်ခတ်သည်။ ထိုသို့ပစ်ခတ်သောကြောင့် ရန်ကုန်မြစ်ကမ်းရှိ မြန်မာတို့၏ခံတပ်များမှ ၁၈ ပေါင်ဒါအမြောက်ကြီး ကိုးလက်ပျက်စီးသွားပြီး ရွှေတိဂုံစေတီတော် အနောက်တောင်ဖက်ရှိ မြန်မာ စစ်တန်းလျားအချို့လည်း အမြောက်ကျည်မှန်၍ မီးလောင်လေသည်။ အင်္ဂလိပ်တို့သည် ဒလဖက်မှခံတပ်ကြီးကိုလည်း ပစ်ခတ်ဖျက်ဆီးကြသည်။ အချို့ ရေတပ်သင်္ဘောများက ကြည့်မြင်တိုင်ဖက်သို့ ဆန်တက်၍ တိုက်ခိုက်သည်။

ဧပြီလ ၁၂ ရက်နေ့နံနက် လေးနာရီတွင် အင်္ဂလိပ်သင်္ဘောများက ရန်ကုန်မြို့တွင်းသို့ အမြောက်များဖြင့် ထူထပ်စွာပစ်ခတ်ပေးသည်။ ထိုစဉ်တွင် အင်္ဂလိပ်တပ်များသည် ကမ်းသို့စ၍ တက်ကြလေသည်။

အင်္ဂလိပ် - မြန်မာ ဒုတိယစစ်ပွဲ အချိန်က ရွှေတိဂုံစေတီတော်အား မြောက်ဖက်မုတ်ရှိ သစ်တပ်များ
အနီးမှ ဓာတ်ပုံရိုက်ကူးထားပုံ





ဒုတိယ စစ်ပွဲအတွင်းတွင် မြန်မာတပ်များက သိမ်ဖြူခံတပ်၌ အခိုင်အလုံ ပြုထားသည်။ အင်္ဂလိပ်တပ်များမှာ အလွယ်နှင့် မထိုးဖောက်နိုင်သဖြင့် သင်္ဘောမှ အမြောက်ကြီးများကို သယ်ယူ၍ တိုက်ခိုက်သော အခါမှ သိမ်ဖြူခံတပ်ကို သိမ်းမိသည်။

## သိမ်ဖြူခံတပ်နှင့် ရွှေတိဂုံကုန်းတော်တိုက်ပွဲ

အင်္ဂလိပ်တို့သည် ကမ်းနားမှ ရွှေတိဂုံစေတီတော်ကြီးသို့ တိုက်ရိုက် ရောက်နိုင်သောလမ်းမှ တက်လိမ့်မည်ဟု မြော်လင့်ထားသည်။ သို့သော်လည်း ထိုလမ်းက မတက်ပဲ မြို့၏ အရှေ့လမ်းမှ သိမ်ဖြူကိုဝင်တိုက်သည်။ သိမ်ဖြူခံတပ်တွင် မြန်မာတို့က ပြင်းထန်စွာ ခုခံနေသည့်ပြင် ရွှေတိဂုံဘုရားမှလည်း အမြောက်ကြီးများဖြင့် လှမ်း၍ အင်္ဂလိပ်တပ်များကို ပစ်ခတ်လျက်ရှိသည်။ ထို့ကြောင့် အင်္ဂလိပ်တို့က ၂၄ ပေါင်ဒါ ဟောဝစ်ဇာ အမြောက်ကြီးများကို သယ်ယူ၍ ပစ်ခတ်သောအခါမှ သိမ်ဖြူခံတပ်ကို သိမ်းမိတော့သည်။ ထိုခံတပ်ကို ညတွင်းချင်းပင် အင်္ဂလိပ်တို့က မီးရှို့ဖျက်ဆီးပစ်ကြသည်။

နောက်တနေ့ ၁၃ ရက်နေ့တွင် အင်္ဂလိပ်တို့မှာ လက်နက်ပြင်ဆင်၊ ရိက္ခာပြင်ဆင်ရင်း အလုပ်များနေကြသည်။ ဧပြီလ ၁၄ ရက်နေ့ နံနက်တွင် ငါးနာရီအချိန်မှစ၍ အင်္ဂလိပ်များ ရွှေတိဂုံခံတပ်ကို တိုက်ရန် သိမ်ဖြူဖက်မှ တပ်ချီလာပြီးနောက် ဘုရားကြီးရှေ့ရှိ မြန်မာတပ်ကို တိုက်လေသည်။ စေတီတော်ကုန်းမြေမှ မြန်မာတပ်များကလည်း အမြောက်များဖြင့် ပြန်လည်ပစ်ခတ်သည်။

## အရှေ့မုတ်မှတက်၍တိုက်ခြင်း

သိမ်ဖြူဖက်မှတက်လာသော အင်္ဂလိပ်တပ်များသည် စေတီတော်နှင့် ကိုက် ၈၀၀ အကွာ နေရာသို့ရောက်လာကြရာ ထိုနေရာမှနေ၍ ဟော်ဝစ်ဇာ အမြောက်များဖြင့် စတင်ပစ်ခတ်သည်။ တိုက်ပွဲစချိန်မှာ နံနက် ၁၀ နာရီခန့်တွင် ဖြစ်သည်။ တနာရီခွဲမျှ တိုက်ခိုက်ပြီးသောအခါ ကုန်းတော်ပေါ်မှခံတပ်ကို အင်္ဂလိပ်တို့ မဖြိုနိုင် ဖြစ်နေလေသည်။ မြန်မာတို့က အထက်စီးမှ စိန်ပြောင်းဖြင့်ရင်း၊ အမြောက်များဖြင့်ရင်း ပြန်လည် ပစ်ခတ်ကြသည်ကို ငံ့၍ခံနေကြရသည်။

ဤသို့ အခက်အခဲဖြစ်နေစဉ် နံနက် ၁၁ နာရီခန့်၌ အစောင့်အနေ ထူထပ်သော တောင်ဖက်မှ တိုက်၍မနေပဲ အစောင့်အနေပါးသော အရှေ့မုတ်ဖက်မှ ဝင်၍တိုက်ရန် ကရစ် ဆိုသူက အကြံပေးသည်။ ထိုသူကတဆင့် ဗိုလ်ကြီး လတ္တာ ဆိုသူကိုပြော၍ ဗိုလ်ချုပ် ဂေါ်ဒွင်ထံသို့ အမိန့်တောင်းပြီးနောက် အရှေ့မုတ်မှ အသေခံ၍တက်ရန် တပ်ခွဲလေးခုကို ရွေးချယ်စုစည်းသည်။ ထိုတပ်ခွဲလေးခုကို ဗိုလ်မှူးကြီးကွတ်က အုပ်ချုပ်ရသည်။ ကရစ်နှင့် ဗိုလ်ကြီး လတ္တာတို့လည်း ပါဝင်သည်။

### အင်္ဂလိပ်သူလျှို ကရစ်

အရှေ့မုတ်မှတက်၍ တိုက်ရန် အကြံပေးသော ကရစ်ဆိုသူမှာ အင်္ဂလိပ်ကုန်သည် တဦး ဖြစ်သည်။ အမည်အပြည့်အစုံမှာ စီ၊ အမ်၊ ကရစ် ဖြစ်သည်။ စစ်ပွဲမဖြစ်မီကပင် ရန်ကုန်မြို့နှင့် ရွှေတိဂုံစေတီတော်ကြီးတွင် မြန်မာတို့ဖက်မှ ခံတပ် အမြောက် စသည်တို့ကို မည်သည့်နေရာတွင် မည်မျှထားရှိကြောင်း လျှို့ဝှက်သတင်း ပေးနေခဲ့သူဖြစ်သည်။ စစ်သူလျှို တပိုင်း ကုန်သည်တပိုင်း လုပ်နေသော ကရစ်သည် စေတီတော်ကြီးကို ချဉ်းကပ်တိုက်ခိုက် သော တိုက်ပွဲတွင် လိုက်ပါလာခြင်းဖြစ်သည်။ သူ့ဖခင်မှာ မေဖလားဝါးကရစ် အမည်ရှိ ကုန်သည်တဦးဖြစ်၍ မော်လမြိုင်နှင့် ရန်ကုန်တို့တွင် ကုန်တိုက်များ ဖွင့်ထားသည်။ မေဖလားဝါးကရစ်သည်လည်း မြန်မာနှင့်အင်္ဂလိပ်တို့ ဒုတိယအကြိမ် စစ်ဖြစ်ကြတော့မည်ကို ရိပ်မိသောအခါ လက်နက်ခဲယမ်းများကို သင်္ဘောတစီးတိုက် တင်သွင်းလာပြီး ရန်ကုန် မြို့ဝန်ကို ရောင်းချသည်။ မြန်မာတို့ထံမှ လက်နက်ဖိုး ငွေမရသောအခါ အင်္ဂလိပ် ရေကြောင်းဗိုလ် ကိုဒိုမိုလင်းဘတ်ထံသို့သွား၍ မိမိကို မြန်မာတို့က မတရား ပြုလုပ်ထား ကြောင်း မျက်နှာပြောင်ပြောင်နှင့် တိုင်တန်းလေသည်။

အင်္ဂလိပ်တို့ ဒလကြမ်းတက်ရန် ကြံရွယ်သည့် အရှေ့မုတ်ဖက်တွင် မြန်မာအမြောက် ရှစ်လက်သာရှိလေသည်။ အင်္ဂလိပ်တပ်သည် အရှေ့မုတ်တံခါးကြီးတခုကို တွန်းထိုး၍ဖွင့်သည်။

တံခါးကြီးဖွင့်သည်နှင့် လှေကားထစ်များအတိုင်း လှုံ့စွပ်တပ်ထားသော သေနတ်များကို ကိုင်၍ ဒလကြမ်းတက်သည်။

မြန်မာတို့ကလည်း မိုးသီးမိုးပေါက်ရွာချသည့်ပမာ ဒလကြမ်း ပြန်လည်ပစ်ခတ်တိုက်ခိုက်သည်။ လက်တကမ်းမှီသောအခါ ဓားနှင့်ခုတ်ပိုင်းချသည်။ အရှေ့မုတ်မှအတက်၌ ဗိုလ်ဒိုရန်နှင့် တပ်သားနှစ်ဦးကျဆုံးသွားသည်။ ဦးစီးသည့် ဗိုလ်မှူးကြီးကွတ် ဒဏ်ရာရသွား၏။

မွန်းတည့် ၁၂ နာရီကျော်ခန့်တွင် အင်္ဂလိပ်တို့ ကုန်းတော်ရင်ပြင်ကို စီးမိသောအခါ မြန်မာတပ်များသည် တောင်ဖက်နှင့် အနောက်ဖက်စောင်းတန်းတို့မှ ဆုတ်ခွါသွားကြသည်။ ကြည့်မြင်တိုင်ဖက်သို့ ဆုတ်သွားကြခြင်း ဖြစ်လေသည်။ အင်္ဂလိပ်တပ်များက လိုက်လံတိုက်ခိုက်သေးသော်လည်း တပ်စခန်းချရာ နေရာများကိုသာ တွေ့ရသည်။ မြန်မာတို့၏ ဆုတ်စစ်ကြောင်းကို မမှီလိုက်တော့ချေ။

အင်္ဂလိပ်တို့သည် ထိုနေ့မှစ၍ ရွှေတိဂုံကုန်းတော်ပေါ်တွင် တပ်စွဲထားလိုက်ကြသည်။ ရွှေတိဂုံစေတီတော်ကို သိမ်းပိုက်မိခြင်းသည် နယ်ချဲ့တို့ မြန်မာနိုင်ငံအောက်ပိုင်းကို အုပ်စီးမိခြင်းပင်ဖြစ်တော့သည်။

## စစ်ပွဲနှစ်ပွဲတွင်း စေတီတော်တွင် လုယက်ဖောက်ထွင်းမှုများ

စစ်ကာလတွင် ရွှေတိဂုံစေတီတော်ကြီး၏ ရင်ပြင်ပေါ်၌ စစ်ဘိနပ်များ ခြေရာချင်းဘပ်ခဲ့၏။ ရင်ပြင်တော်မှာ တိုက်ပွဲများမှ ဗုံး၊ အမြောက်၊ စိန်ပြောင်းတို့၏ဒဏ်ထက် ကျူးကျော်ရေးစစ်သားများ၏ လုယက်ဖျက်ဆီးမှုကို ပို၍ခံခဲ့ရလေသည်။

ပထမစစ်ပွဲအတွင်းတွင် ဗြိတိသျှစစ်သားတဦးသည် စေတီတဆူအတွင်း ဌာပနာထားသော ရွှေဆင်းတု၊ ငွေဆင်းတုအချို့ကို တွေ့ရှိရာမှ အခြား စေတီများတွင်လည်း အလားတူ ဘိုးတန်ပစ္စည်းများ ရှိလိမ့်မည်အထင်နှင့် စစ်သားများက စေတီများစွာကို လိုက်လံဖျက်ဆီး၍ ရတနာသိုက်ရှာကြလေတော့သည်။ ဤသို့ တူးဆွဖျက်ဆီးလိုက်သည်မှာ ရွှေတိဂုံ စေတီတော်ကြီးမှလွဲ၍ ကြီးကြီးကျယ်ကျယ် တူးဖောက် ဖျက်ဆီးခြင်း မခံရသော စေတီ အဆောက်အအုံဟူ၍ မရှိသလောက်ဖြစ်ပေတော့သည်။

ကုန်းတော်ပေါ်တွင်တပ်စွဲနေသော တပ်စွဲတခုမှ တပ်သားများသည် ကညအတွင်း တူးဖျက်ရှာဖွေမှုရုံနှင့် အိန္ဒိယသုံးကျပ်ပြား ၃၀၀ ဖိုးမျှသော ရွှေဆင်းတု၊ ငွေဆင်းတုများ

ကို ရသည်။ ထိုငွေမှာ ၎င်းတို့၏ အထက်အရာရှိတဦးသို့ ရောင်းချ၍ ရခြင်းဖြစ်သည်။ ထို အရာရှိက ဝယ်ယူပြီး၊ အိန္ဒိယပြည် ကာလကတ္တားမြို့သို့ တဆင့်ပြန်ရောင်းရာ အကြီး အကျယ် အမြတ်ရလေသည်။

ဤသို့မြင်မြင်ရာ စေတီပုထိုးဟူသမျှအား တူးဖောက်နေသည်ကို ကုန်းတော်ပေါ်၌ မျက်မြင်တွေ့ရှိရသော နိုင်ငံခြားသားတဦးက မှတ်တမ်းတင်ထားသည်မှာ ''ရန်ကုန်မြို့ တဝိုက်တွင် စေတီပုထိုးကလေးပေါင်းများစွာရှိသည်။ ယင်းတို့အားလုံးကို ဥရောပတိုက်သား များက ငွေဖြင့်ပြုလုပ်ထားသော ဂေါတမဘုရား ဆင်းတုကလေးများရရှိရန် ရွေးချယ် ဖောက်ထွင်းကြသည်။ ရွှေတိဂုံစေတီကြီးပတ်လည်ရှိ ဘုရားစေတီငယ်များကို ပရမ်းပတာ ဖျက်ဆီးထားသော မြင်ကွင်းကို မြင်ရသည်မှာ စိတ်မကောင်းစရာပင် ဖြစ်ပေသည်။ ထောင်ပေါင်းများစွာသော စေတီများ ဖျက်ဆီးခံရသည့်အနက် ရွှေတိဂုံ စေတီတော်ကြီး တခုတည်းသာ ကင်းလွတ်ပေသည်'' ဟုရေးသားထားသည်။

## အင်္ဂလိပ်စစ်သား၊ စစ်ဗိုလ်များ ရတနာသိုက်ရှာကြပုံ

ကုန်းမြေပေါ်တွင် ထိုသို့တူးဖောက် လုယူနေကြသော စစ်သားများ၏ လုပ်ရပ်ကို ဗြိတိသျှ စစ်အာဏာပိုင်တို့က တားလည်းမတားဆီး၊ ရပ်တန့်ကရပ်ရန်လည်း မညွှန်ကြားခဲ့ ကြပေ။ ထိုသို့ မညွှန်ကြားကြသည်သာမက ကိုယ်တိုင်ပါဝင် တူးဖောက် ယူငင်ကြခြင်းဖြင့် အားပေးအားမြှောက် ပြုခဲ့ကြလေသည်။

အင်္ဂလိပ် စစ်ဗိုလ်ချုပ် ကင်းဘဲလ်သည် ''ရွှေတိဂုံ စေတီတော်ကြီး၏ ဝမ်းပိုက် အတွင်းသို့ အဖိုးတန် ရတနာများ ရရှိလိမ့်မည်ဟူသော မြှော်လင့်ချက်ဖြင့် ထွင်းဖောက်ခဲ့ရာ မြှော်လင့်ချက်မရှိသလောက်တွေ့ရမှ လက်လျှော့သွားခဲ့လေသည်'' ဟူ၍ ဂျေ၊ ဘတ္တလာ ဆိုသူက ၎င်း၏စာအုပ်ထဲတွင် ဖွင့်ထုတ်ရေးသားခဲ့လေသည်။

ထိုပထမစစ်ပွဲအတွင်း ၁၈၂၄ ခု ဧပြီလအတွင်းကပင် အင်္ဂလိပ်တို့သည် စဉ့်ကူးမင်း ခေါင်းလောင်းကြီးကို စူဠာမဏိသင်္ဘောဖြင့် ယူဆောင်သွားရန် ကြိုးပမ်းခဲ့ကြလေသည်။

ဒုတိယစစ်ပွဲတွင် အင်္ဂလိပ်တပ်များက ကုန်းတော်မြေကို သိမ်းပိုက်မိသောအခါ၌လည်း ပထမစစ်ပွဲမှာကဲ့သို့ပင် စေတီပုထိုးများ၏ ဌာပနာကို ဖောက်ဖျက်၍ ရတနာသိုက် ရှာခဲ့ကြ ပြန်သည်။

ကုန်းတော်ကို သိမ်းပိုက်မိပြီး၍ နှစ်ရက်သုံးရက်အတွင်း ဘုရားကြီး ရင်ပြင်ပေါ်ရှိ အဖိုးထိုက်အဖိုးတန် ဟူသမျှ ရှာဖွေဖြုတ်ယူပြီး သယ်ဆောင်လာကြသည်။ ရွှေ၊ ငွေ ချထားသော သစ်သားဆင်းတု၊ ကျောက်ဆင်းတု၊ ကြေးဆင်းတု စသည်များ၊ ရွှေချထားသော သေတ္တာများ၊ ဘီရိုများမှာ ကုန်းတော်ပေါ်တွင်ပြန့်ကြဲနေသည်။ အချို့မှာ ထူးခြားသော အဖိုးတန်လက်ရာများဖြစ်သည်ဟု ဧပြီလ ၁၈ ရက်နေ့တွင် အင်္ဂလိပ်စစ်ဗိုလ် လော်ရီက မှတ်တမ်းတင်သည်။

ဗိုလ်လော်ရီကပင် ဆက်လက်၍

ကုန်းတော် အထက်ပစ္စယာတွင် ရုပ်တုများပြန့်ကြဲနေပုံကို ကြည့်ရသည်မှာ ထူးဆန်းနေသည်။ စစ်သားတယောက်သည် ရဲတင်းတလက်ဖြင့် ရွှေဆင်းတုကြီးတဆူကို ပေါက်ဖျက်နေပုံမှာ ခံကတုတ်ကျင်း တခုကို စိတ်အေးလက်အေး တူးဖော်နေသကဲ့သို့ရှိသည်။ ထိုသူသည် ရွှေ၊ ငွေ ဆင်းတုကလေးများကို သော်၎င်း၊ ကျောက်သံပတ္တမြားကိုသော်၎င်း ရှာဖွေနေခြင်းဖြစ်ပြီး ရသမျှကို ဈေးကောင်းကောင်းဖြင့် ရောင်းစားရန် ဖြစ်သည်။

ဟူ၍ ရေးသားထားလေသည်။

ဤတကြိမ်တွင်လည်း ဘုရားကြီးကို တူးဖောက်ကြသူများမှာ လက်အောက်ခံ အကြပ်တပ်သားတို့မျှသာ မဟုတ်ပေ။ စစ်အရာရှိကြီးများလည်းပါကြသည်။ ဘုရင့် အင်္ဂလိပ် နီယာ တပ်မှ ဗိုလ်မှူး ဖရေဇာသည် ဘုရားကြီး၏ ဝမ်းပိုက်တော်အတွင်းသို့ ပေ ၁၀၀ မျှ နက်အောင် ထိုးဖောက်ထွင်းကြည့်ခဲ့သည်။ အဘယ်ကြောင့် ဤသို့လုပ်ရသည်ကို သူ့အား မေးမြန်းသောအခါတွင် လက်နက်ခဲယမ်းတိုက်နေရာအဖြစ် ပြုလုပ်၍သင့်မသင့် စမ်းသပ် ကြည့်ခြင်းဖြစ်သည်ဟု ဆိုလေသည်။ အမှန်အားဖြင့်ကား ယင်းဗိုလ်မှူးသည် ဘုရားကြီး၏ ဘဏ္ဍာတော်များကို တွေ့လိုတွေ့ငြား ရည်ရွယ်ချက်ဖြင့် တူးခြင်းဖြစ်လေသည်။

ဤသတင်းများကိုကြားရသော ဘုရင်ခံချုပ် လော့ဒ် ဒါလဟိုဇီက အမိန့်တရပ် ထုတ်ပြန်လိုက်သည်။ အမိန့်တွင် ပဲခူး (ဟံသာဝတီ)နယ်အတွင်း လူအများ ကိုးကွယ် ဆည်းကပ်ရာ စေတီပုထိုးတို့အား ဖျက်ဆီးနှစ်နာစေသည်ကို စိတ်မချမ်းသာစွာနှင့်မကျေနပ်စွာ သိရှိရကြောင်း။ စစ်ပွဲကာလတွင် ထိုလုပ်ရပ်မျိုးမှာ တားဆီးကာကွယ်၍ လုံးဝ မရကောင်း သော်လည်း ယခုကဲ့သို့ ဆက်လက် ကျင့်ကြံနေခြင်းသည် ကျွန်ုပ်တို့လူမျိုး၏ ကိုယ်ကျင့် သိက္ခာ ညှိုးနွမ်းလိမ့်မည်ကို လေးနက်စွာထင်မြင်ကြောင်း။ ထို့ကြောင့် ဘုရင်ခံချုပ်က အစိုးရအမှုထမ်းအားလုံးသို့ သိစေအပ်သည်မှာ ဤအပြုအမူမျိုးကို ယခုမှစ၍ ဆက်လက်၍ မပြုလုပ်ရ။ ပြုလုပ်သူအား ပြင်းထန်စွာ ချက်ချင်းအရေးယူမည်ဖြစ်ကြောင်း။ (ဟံသာဝတီ)

ပဲခူးနယ်အတွင်း အမှုထမ်းလျက်ရှိသော နယ်ဘက်၊ စစ်ဘက်အရာရှိအားလုံးသည် ယခုထုတ်ပြန်လိုက်သော အမိန့်ကို တည်မြဲအောင် အထူး ကြပ်မတ်ဆောင်ရွက်ရမည်ဖြစ်ကြောင်းဖြင့် ဖော်ပြပါရှိလေသည်။

မြန်မာတို့သည် ဤကဲ့သို့ မိမိတို့တိုင်းပြည်ကို ကျူးကျော် လာရောက် သိမ်းပိုက်ပြီး ရွှေတိဂုံ စေတီတော်ကြီး၌ ဌာပနာ ဖောက်နေကြသူတို့အား အလွန် ခံပြင်းကြသည်။ သူ့လက်အောက် ရောက်နေရသော်လည်း မဟုတ်မခံသောစိတ်ဓာတ်ဖြင့် ဆန့်ကျင်ခဲ့ကြလေသည်။

## လက်နက်တိုက်ပေါက်ကွဲခြင်း

ခရစ်နှစ် ၁၈၅၂ ခု နိုဝင်ဘာလ ၁ ရက်နေ့တွင် ကုန်းတော်ပေါ်၌ ပေါက်ကွဲမှုကြီး တခု ဖြစ်ပေါ်သည်။ အမြောက်သံ၊ မိုးချုန်းသံမှက မြည်ဟည်းသော တုန်လှုပ် ချောက်ချားဘွယ် အသံကြီးတခုဖြစ်သည်ဟု ဗိုလ်လော်ရီက မှတ်တမ်းတင်သည်။ ထိုအသံကြီးမှာ ကုန်းတော်တောင်ဖက်စောင်းရှိ အင်္ဂလိပ်တပ်မှ လက်နက်ခဲယမ်းတိုက်တခု ပေါက်ကွဲရာမှ ပေါ်ထွက်လာခြင်း ဖြစ်သည်။ ပေါက်ကွဲမှုကြောင့် ကြီးမားသော မီးတောက်မီးလျှံကြီးများပေါ်လာပြီး အနီးရှိ ကျောင်းတဆောင်ကို မီးကူးစက်သည်။ စစ်သားများသည် အနောက်ဖက်ရှိ ယမ်းတိုက်ကြီးကို တဆင့် မီးကူးစက်မည်စိုးသဖြင့် ရေပုံးကိုယ်စီဖြင့် ဝိုင်းရံငြိမ်းသတ်ရသည်။ ပေါက်ကွဲမှုကြောင့် လူ ငါးဦးမျှ ဒဏ်ရာရသည်။ ကျည်ဆံလုံးများ၊ အမြောက်ကာပတ်များ၊ သစ်သားစများ မိုးပေါ်သို့ အရှိန်ပြင်းစွာ လွင့်တက်သွားသည်။ အထက်ပစ္စယာရှိ လက်နက်တိုက်တွင် အစောင့်ကျနေသော မျက်နှာဖြူစစ်သားတဦးမှာ မြေပြင်မှ အထက်သို့ အတန်မြင့်အောင် မြောက်တက်သွားသည်။

ထိုအချိန်မှ ၁၂ လမျှကြာသောအခါ မြန်မာတို့သည် ရွှေဘိုဂုံစေတီတော်ကြီးကို လုယူမည်ဟု သတင်းဖြစ်လိုက်သည်။ အစီအစဉ်မှာ ကုန်းတော်ပေါ်သို့ တက်ရောက် သိမ်းပိုက်ပြီး ကုန်းတော်ပေါ်မှ အမြောက်သံပေးလိုက်လျှင် တမြို့လုံးရှိ မွန် မြန်မာ ကရင်တို့က ထကြွဘို့ဖြစ်လေသည်။ ထိုအကြံအစည်မှာ ပေါက်ကြားသွားသဖြင့် ၁၈၅၃ ခု၊ နိုဝင်ဘာလ ၂၂ ရက်နှင့် ၂၃ ရက်နေ့ညများတွင် အစိုးရက အရေးကြီးသော နေရာများ၌ စစ်တပ်အစောင့်အရှောက်များကို ချထားလေသည်။ ကုန်းတော်ကို စီးမည် ကြံစည်ထားသူများမှာလည်း ထိုအစီအစဉ်ကို လက်လျှော့လိုက်ရလေသည်။

ထိုအခါ ကုန်းတော်ပေါ်တွင် အမြောက်လမ်း၊ သေနတ်ပေါက်၊ တန်တိုင်း၊ ကျုံး

မြောင်း၊ တံခါး၊ တန်တားများပြုလုပ်ထားရှိလေသည်။ အနောက်ဖက်ကုန်းတော်တခြမ်းတွင် ယမ်းတိုက်နှင့် စစ်တပ်အဆောက်အအုံများ ပြုလုပ်ထားလေသည်။ စစ်ပွဲများပြီးသောအခါ အနောက်ဖက်စောင်းတန်းဘေးနှစ်ဖက်တွင် အကာထားလျက် ဘုရားဖူးများဝင်ထွက်သွားလာသောအခါတွင် ဆေးလိပ်မသောက်ရ ဟု အစောင့်အကြပ်များက တားမြစ်ကြသည်။ ထို့ကြောင့် အသွားအလာ နည်းပါးကြသည်။ ထိုအချိန်တွင်ပင် စနေထောင့်တွင် သံတံခါးကြီးတခု၊ အနောက်စောင်းတန်းတွင် သံတံခါးငယ်တခု၊ ရာဟုထောင့်တွင် သံတံခါးကြီးတခု နှင့် ကုန်းတော်အလယ်ထပ်၌ တောင်ဖက်စောင်းတန်းနှင့် မြောက်ဖက်စောင်းတန်းတို့တွင် သံတံခါးကြီးတခုစီ ထား၍ ပိတ်လိုက်ကြလေသည်။

## ရင်ပြင်ပေါ်မှ အင်္ဂလိပ်သင်္ချိုင်း

အင်္ဂလိပ်တို့သည် ထိုအချိန်က မြန်မာတို့လက်ချက်ဖြင့် ကျဆုံးသော စစ်ဗိုလ်၊ စစ်သားတို့၏ အလောင်းများကိုလည်း ရင်ပြင်တော် အရှေ့မြောက်ထောင့်တွင် မြှုပ်နှံ၍ သင်္ချိုင်းပြုလုပ်ထားခဲ့ကြသည်။ စာရင်းတွေ့ရှိရသော ကျဆုံးသူတို့၏ အမည်မှာ လက်ဖတင်နင် အဘဲ၊ ဒုရန် အမှတ် ၁၈၊ ဘုရင့်အိုင်းရစ်ဟပ်။ ဂျေ၊ အမ်၊ တေလာ အမှတ် ၉၊ မဒရပ်ခြေမြန်တပ်။ ''ဝင်ချက်စတာ'' သင်္ဘောမှ ကပ္ပိတန် စီ၊ ဂျီ၊ လေ့ တို့ ဖြစ်ကြသည်။ ထိုစစ်သင်္ချိုင်းများကိုလည်း ခရစ်နှစ် ၁၉၂၉ ခု၊ ဇန်နဝါရီလ ၂၂ ရက်နေ့တွင်မှ ကန်တိုမင်စစ်သင်္ချိုင်းသို့ ရွှေ့သွားလေသည်။

## ဦးထော်လေး ကြီးမှူး၍ပြုပြင်ခြင်း

ဦးထော်လေးသည်မြန်မာနိုင်ငံအောက်ပိုင်းအင်္ဂလိပ်လက်အောက်သို့ရောက်ပြီးနောက် ရွှေတိဂုံစေတီတော်ကြီးကို ပထမဆုံးစောင့်ရှောက်ရသော ဂေါပကလူကြီးတဦးဖြစ်သည်။

ဦးထော်လေးသည် ခရစ်နှစ် ၁၇၇၆ ခုတွင် ပဲခူးမြို့၌ဖွားမြင်သည်။ ဘကြီးတော်မင်းလက်ထက်တွင် မင်းကျော်သီဟသူဘွဲ့ရ၍ ဒလမြို့ထိန်းရာထူးဖြင့် မုတ်ကျွန်းကိုစားရသည်။ အင်္ဂလိပ်-မြန်မာ စစ်ပွဲအပြီး ခရစ်နှစ် ၁၈၂၇ ခုတွင် သံလျင်မြို့ဝန် မောင်စပ်ခေါ် သမိန်ဗရမ်းနှင့် ဓမ္မရက္ခ(ခေါ်) ငဒွေးငယ်တို့ဦးဆောင်၍ နိုင်ငံခြားသားများ၏ ပယောဂကြောင့် တော်လှန်ပုန်ကန်ရာ အင်းဝမှစစ်သည်များ ဆင်းလာ၍ ငြိမ်ဝပ်အောင်နှိမ်နင်းလေသည်။ ထိုအခါ သမိန်ဗရမ်းသည် ထွက်ပြေးတိမ်းရှောင်ရသည်။ ဦးထော်လေး သည်လည်း နောက်လိုက်နောက်ပါ လှေ ၅၀၀ ကျော်၊ လူနှစ်သောင်းခန့်ဖြင့် မော်လမြိုင်သို့ ဘေးရန်

## စစ်ကြောင့်ပျက်စီးသမျှကို ပြုပြင်ခြင်း

တိမ်းရှောင်ရင်း ပြောင်းရွှေ့နေထိုင်ရသည်။ မော်လမြိုင်မြို့ကို တောကြီးဘဝမှ ခုတ်ထွင်ရှင်းလင်း၍ မြို့သစ်တည်ထောင်ပြီး နေထိုင်ကြခြင်းဖြစ်သည်။ မော်လမြိုင်မြို့တွင် စစ်ကဲမောင်ထော်လေး နေထိုင်သွားသောအရပ်သည် ယခုအခါ စစ်ကဲကုန်းဟုတွင်လေသည်။

မော်လမြိုင်မြို့သစ်ကို တည်ထောင်နေထိုင်သူ ဦးထော်လေးအား အင်္ဂလိပ်အစိုးရက ကျိုက္ခမိမှ မော်လမြိုင်သို့ ပြောင်းရွှေ့ရုံးစိုက်သောအခါ ခရစ်နှစ် ၁၈၃၅ ခု ဇူလိုင်လတွင် စစ်ကဲရာထူးဖြင့် ခန့်အပ်သည်။

ခရစ်နှစ် ၁၈၅၂ ခုတွင် အင်္ဂလိပ်စစ်တပ်များက ရွှေတိဂုံစေတီ ကုန်းတော်ပေါ်တွင် ဌာပနာတိုက်များကို ဖောက်ယူသည်ကြားရသောအခါ ဦးထော်လေးသည် မော်လမြိုင်မြို့မှ လိုက်လာသည်။ ထိုအချိန်၌ ဦးထော်လေးတွေ့ရှိရသော စေတီတော်ကြီးကို ဖောက်ထွင်းထားသည့် အပျက်အစီးများမှာ အရှေ့ဖက်မျက်နှာ ပထမပလ္လင်အထက်မှ အလျားလေးတောင် အနံသုံးတောင်ရှိ တွင်းကြီးသည် ၆၆ တောင် အနက်ရှိသော လိုဏ်ခေါင်းကြီးဖြစ်နေပြီး အတွင်းရှိ ကျောက်စေတီသို့ရောက်သည်။ ထိုအကြောင်းကို ဘိလပ်သို့ရောက်အောင် စာချွန်ပို့သဆက်သွင်း၍ တိုင်ကြားသဖြင့် ဘုရားကြီးပေါ်တွင် ဤသို့မတရားပြုလုပ်မှုများ ရပ်တန့်သွားစေလေသည်။

စေတီတော်ကြီး၏ ပျက်စီးသမျှကို ပြန်လည်ပြုပြင်လိုကြောင်း အင်္ဂလိပ်အစိုးရသို့ လျှောက်ထားသည်ကိုလည်း တန့်တိုင်းခုနစ်တန်အတွင်း ပြုပြင်ထိန်းသိမ်း ကြပ်မတ်စေဟူ၍ ဟံသာဝတီ ဝန်ရှင်တော်မင်းကြီး ဖယ်ရာ၏ လက်မှတ်ဖြင့် ခွင့်ပြုချက် ထုတ်ပေးသည်။ ဦးထော်လေးသည် ကျောင်းဒါယကာ ဦးလူးဆိုသူနှင့် တိုင်ပင်၍ စေတီတော်ကြီးအား ပြုပြင်ဘွယ် ကိစ္စများကို ဆောင်ရွက်သည်။ ပြည်သူပြည်သား လူအများထံမှလည်း ဒါနကုသိုလ်ပါဝင်ရန် နှိုးဆော်၍ ကောက်ခံလေသည်။

### ထီးတော်ပြုပြင် ဆည်းလည်းတင်

အလှူဒါနများ စုဆောင်းပြီးစီးသောအခါ စေတီတော်ကြီးကို ပြုပြင်ရန်အတွက် ခရစ်နှစ် ၁၈၅၅ ခုတွင် ငြမ်းဆင်သည်။ ထို့နောက် စေတီတော်အထက်ပိုင်းတွင် ပေါက်ရောက်နေသော ညောင်ပင်များကို နုတ်ပစ်သည်။ ပဲ့ပျက်သွားသော နေရာများ၌ ပန်းရန်သမားများ၏အကူအညီဖြင့် အုတ်အင်္ဂတေကိုင်၍ သားရိုးသစ်စေးတို့ဖြင့် မူလအတိုင်းရှိအောင် ပြင်ဆင်သည်။

ထို့နောက် ထီးတော်ကြီးတွင် ရစ်ဆင်၍ ကွပ်ထားသည့် ရွှေပြား ငွေနန်းတို့ကို စစ်ဆေးကြည့်ရှုလေသည်။ ပျက်စီးနေသောနေရာများတွင် ရွှေအစားထည့်၍ ပြုပြင်သည်။ ရွှေချိန် တပိဿာနှင့် ၄၀ သားမျှရှိသည်။ ထီးတော် ပြင်ဆင်မွမ်းမံသည့် လုပ်ငန်းကို ပန်းထိမ်သမား ၂၀ ကျော်တို့အား လုပ်ကိုင်စေသည်။

ယင်းသို့ပြင်ဆင်ရာတွင် စေတီတော်အထက်မှ ဆည်းလည်းများကိုလည်း စာရင်းတိကျအောင်ပြုလုပ်သည်။ နောက်ထပ်အသစ်လည်း သွန်းလုပ်လှူဒါန်းသည်။ ရွှေဆည်းလည်း၊ ငွေဆည်းလည်း၊ သံသေမိုးကြိုးဆည်းလည်း၊ ကြေးဆည်းလည်းအပါအဝင် စုစုပေါင်း ဆည်းလည်းလုံးရေ ၉၃၂ လုံးဖြစ်သည်။ ပိဿာချိန်အားဖြင့် ၈၂၈ ပိဿာဖြစ်လေသည်။ ထိုဆည်းလည်းများကိုဖြုတ်ပြီး ပြန်လည်တပ်ဆင်ရန်အတွက် မှန်စီဆရာ ဆရာရိုး ဆိုသူကိုအပ်နှံသည်။ ခရစ်နှစ် ၁၈၅၅ ခု၊ (သက္ကရာဇ် ၁၂၁၆ ခု၊ တပေါင်းလဆန်း ၁၂ ရက်) တွင် ဆရာဦးရိုးတီထွင်ပြုလုပ်သော နတ်ပန်းရထားဖြင့် ဆည်းလည်းတော်များကို ပြန်လည်တင်လှူသည်။ ထီးတော်ပြုပြင်ခြင်းနှင့် ဆည်းလည်းများ ပြန်လည်ဆက်ကပ်ခြင်းပြုချိန်၌ ပွဲလမ်းများကို ခြိမ့်ခြိမ့်သဲသဲ ကျင်းပသည်။ ထိုပွဲသည် သုံးရက်မျှ ကြာလေသည်။

## ဉာဏ်တော်နှင့် အတိုင်းအတာ

ဆည်းလည်းများကို ပြုပြင်တင်လှူသော နှစ်တွင်ပင် ဦးဇော်လေးသည် မိမိ၏ သားမက်ဖြစ်သည့် ရန်ကုန်မြို့နေ အခွန်ဝန် ဦးအုန်းရွှေအား စေတီတော်ကြီး၏ ဉာဏ်တော်နှင့်တကွ အစိတ်အပိုင်းများကို တိုင်းတာစေသည်။ ထိုသို့တိုင်းတာရာတွင် ပထမပလ္လင်ခုံမှ ငှက်ပျောဖူးအဆုံးအထိ ၂၁၈ တောင်၊ ထီးတော်အမြင့်မှာ ၂၆ တောင်နှင့် ၁၄ လက်မ၊ ပလ္လင်အောက်ခုံမှ ထီးတော်ဖျားအထိ ၂၄၇ တောင်နှင့် ၅ လက်မ၊ ငှက်မြတ်နားအလျားမှာ ၄ တောင်၊ အနံ ၂ တောင်ဖြစ်သည်ဟု သိရသည်။

ရင်ပြင်တော် ပလ္လင်ခုံမှ တောင်ဖက်တန်တိုင်းအထိ ၁၀၆ တောင်နှင့် ၁၆ လက်မ၊ မြောက်ဖက်တန်တိုင်းအထိမှာ ၂၈၇ တောင်၊ အရှေ့ဖက်တန်တိုင်းအထိမှာ ၁၀၂ တောင်၊ အနောက်ဖက်တန်တိုင်းအထိမှာ ၈၉ တောင်ဖြစ်သည်။ ရင်ပြင်တော်၏အကျယ်မှာ တောင်မှ မြောက်သို့ ၆၅၉ တောင်နှင့် ၁၃ လက်မ၊ အရှေ့နှင့်အနောက်မှာ အတောင် ၄၂၀ ဖြစ်သည် ဟု ဆိုလေသည်။

အခွန်ဝန်ဦးအုန်းရွှေတို့ တိုင်းတာချက်အရ စေတီကြီး၏ဉာဏ်တော်မှာ ၂၄၇ တောင်နှင့် ၅ လက်မ ဖြစ်လေသည်။ ထိုအချိန်တွင် စေတီတော်ကြီး၏ အရံစေတီမှာ ၆၄ ဆူရှိ

နေလေပြီ။ ဦးထော်လေးသည် ပန်းရန်နှင့် မှန်စီဆရာ ဦးရိုးကို ထိုစေတီများအားလည်း ပြုပြင်မွမ်းမံစေသည်။ အနီးဝန်းကျင်ရှိ တင်ပျဉ်ခွေ ရုပ်ပွါးဆင်းတုတော် ၅၀၀ ကျော် ကိုလည်း ပြုပြင်မွမ်းမံစေသည်။ အခြားစေတီ ၉၀ ကျော်ကိုလည်း ပြုပြင်မွမ်းမံစေသည်။

ဤသို့ပြည်သူပြည်သား အများကောင်းမှုဖက်စပ်ပါဝင်၍ ဦးထော်လေးနှင့် ကျောင်း ဒါယကာဦးလူးတို့က ကမ္မကတပြုလျက် မွမ်းမံပြင်ဆင်လိုက်သောအခါ စေတီတော်ကြီးတွင် စစ်ဘေးစစ်ဒဏ်ကြောင့်ဖြစ်ရသော ဒဏ်ရာဒဏ်ချက်တို့ကွယ်ပျောက်၍ နကိုပကတိအတိုင်း သပ္ပါယ်စွာ ဖူးတွေ့ရလေတော့သည်။

## သံသေဆည်းလည်းတလုံး မြေခ၍ပြုပြင်ခြင်း

ဆည်းလည်းပေါင်း ၉၃၂ လုံးကို စေတီတော်ကြီးသို့ ပြန်လည်ဆက်ကပ်စဉ်က ထိုအထဲတွင် ဘိုးတော်မင်းတရားလက်ထက်ထိုးလုပ်သည့် ခရစ်နှစ် ၁၈၄၂ ခုတွင်သာယာဝတီ မင်းလှူဒါန်းခဲ့သော ကောင်းမှုတော် သံသေဆည်းလည်း နှစ်လုံးပါလေသည်။ ယင်းဆည်း လည်းနှစ်လုံး၏အလေးချိန်မှာ သုံးပိဿာသုံးဆယ့်ငါးကျပ်သားရှိသည်။ ဆည်းလည်းများ ကို တင်လှူပြီး၍ မကြာမီပင် သံသေဆည်းလည်းနှစ်လုံးအနက် တလုံးသည်မြေသို့ခလေသည်။ ထိုဆည်းလည်း၏ အလေးချိန်မှာ တပိဿာနှင့် ခုနစ်ဆယ်သားရှိသည်။

ထိုအကြောင်းကို မြိတ်မြို့အလယ်ကျွန်းရပ်နေ၊ မြင်းခြံရွှာဇာတိ ငယ်မည်မောင်ချင်း၊ ကြီးမည် မောင်သိုင်းဆိုသူက စစ်ကဲဦးထော်လေးထံ တင်ပြသည်။ ''သုံးလူ့ ကြေးမုံ၊ ရွှေတိဂုဏ်၏၊ ထီးအုံဝန်းချက်၊ ရောင်လျှံထက်က၊ ဆင်းသက်မြေမှာ၊ တည်ပေလာသည်၊ သံသာကျော်သည်း၊ ဤဆည်းလည်း'' အကြောင်းကို စစ်ကဲကြီးကတဆင့် ရတနာပုံနန်းစံ မင်းတုန်းမင်းတရားကြီးထံသို့ သံတော်ဦးတင်လျှောက်ကြသည်။ ရန်ကုန်မြို့မှ ထွက်သော မြမန်းစကြာမီးသင်္ဘောတွင် သံတော်ဦးတင်စာနှင့်အတူ မြေခသော သံသေဆည်းလည်းကို တင်၍ ဆက်သလိုက်သည်။ ယင်းတို့ကို လက်ခံဆောင်ယူသွားကြသူတို့မှာ ''ကပ္ပိတန် သင်္ဘောတော်မှူး ရွှေတိုက်စိုးမင်းလှမင်းထင်ရာဇာနှင့် ရွှေတိုက်စိုးမင်းလှနရသူ'' တို့ ဖြစ်ကြ လေသည်။

မင်းတုန်းမင်းထံသို့ ဦးထော်လေး၏ သံတော်ဦးတင်စာတွင် ရာမညတိုင်းမှမွန်အမျိုး သားတို့သည် တရားတော်ပစ်ချသည့်အလျောက် အောက်မြို့ဒေသတွင် နေထိုင်ကြရ သော်လည်း ဗုဒ္ဓကိစ္စ၊ ဓမ္မကိစ္စ၊ သံဃကိစ္စတို့ကို အရှင်မင်းမြတ်ကိုယ်စား ကုသိုလ်တော်ပွား

ဆောင်ရွက်ပါကြောင်း။ ထို့ပြင် ရာမညတိုင်းကို ပိုင်စိုးသောမင်းတို့ထံခွင့်ပန်ရာ အခွင့်ရရှိ၍ ရွှေတိဂုံစေတီတော်ကြီး၌ ရှေးသူဟောင်းတို့စိုက်ထူထားသော စေတီရံ ၆၄ ဆူကို မြဲမြံခိုင်ခံ့အောင် မွမ်းမံခဲ့ပါကြောင်း။ ၎င်းပြင် မိမိ၏ ဆွေမျိုးဉာတိများနှင့်တကွ မြတ်စွာဘုရားသာသနာတော်ကို ကြည်ညိုသောသူတို့အား နှိုးဆော်၍ စေတီတော်ရင်ပြင်မုတ်ဦး၌ ထူးမြတ်သော စုလစ်မွမ်းချွန်တို့ဖြင့် တင့်တယ်စွာ အသပြာများစွာ အကုန်ခံ၍ အရုဏ်ခံတန်ဆောင်း ဆောက်လုပ်ပါကြောင်း။ ဆံတော်ရှင်စေတီ ထီးတော်တွင် ဆည်းလည်းလုံးရေ ၉၃၂ လုံးကို ပူပြင်တင်ဆက်ရာတွင် အရှင့်ဘေးလောင်းတော်ဘုရား၏ ကောင်းမှု သံသေ ဆည်းလည်း နှစ်လုံးမှ တလုံးသည် ‘မြေသို့ခသဖြင့် အမေ့တော်ခံဖြစ်သော ဘိုး အိမ်ရွှေမြေးတော်က ထပ်မံပြင်ဆင်တော်မူပါရန် သံသေဆည်းလည်းနှင့်တကွ တင်ဆက်ပါသည်ဟူ၍ ဖော်ပြပါရှိသည်။

၎င်းသံတော်ဦးတင်လျှောက်ချက်ကို မင်းတုန်းမင်းတရားကြီး ကြားသိရသောအခါ ဝမ်းမြောက်ဝမ်းသာဖြစ်တော်မူသည်။ ထို့နောက် အမိန့်တော်ရှိသည်မှာ

> မြတ်စွာဘုရား သာသနာတော်ကို ကော်ရော်ကြည်ညိုသော စိတ်ဇောနှင့် ဩဇာညောင်းအုံသောသူ တလိုင်း-မြန်မာ လူမျိုးထည်းက မရမရှိနိုင်သောကြောင့် စေတီတော်ဘုရားကြီး ပျက်စီးတော့မည်ဟူ၍ ငါထင်တော်မူလေသည်။ ယခု ဦးထော်လေးဆိုသသူသည် ကြည်ညိုသောစေတနာနှင့် ဝါယာမအားထုတ်၍ ပြုလုပ်အသစ် ဖြစ်ပေသည်။ ငါလည်း သာသနာပြုမင်း ဖြစ်သည်နှင့်အညီ စေတီတော်မြတ်ကို သက်နီးတော်ကပ်ရာ၌ နိဗ္ဗလံရွှေကောင်း အဆိုင်းပေါင်း နှစ်ထောင်၊ ယခုဆောင်ခဲ့သည်။ ဆည်းလည်းသံသေဝယ် ရွှေတပိဿာခုနစ်ဆယ် ရောစပ်၍ နှစ်ခုရအောင် သွန်းလုပ်မည်။ ၎င်းသွန်းလုပ်ပြီးသည်ကာလမှ အမိန့်တော်မှတ်သား၍ နေရာကျထားစိမ့်မည်။

ဟု ဆိုလေသည်။

မင်းတုန်းမင်းတရားကြီးအမိန့်အရ သံသေဆည်းလည်းကို ပန်းတဉ်းဆရာတို့ထံ အပ်နှံ၍ သွန်းလုပ်စေသည်။ သံသေဆည်းလည်းမှာ သံသေကို ရွှေနီ၊ ရွှေဖြူ၊ ငွေဖြူတို့နှင့်စပ်လုပ်ထားခြင်းဖြစ်ရာ၊ ယခု ပြန်လည်ဆောင်ယူလာသော ဆည်းလည်းတွင် ရွှေစင်တပိဿာနှင့် ၇၀ ကျပ်ဖြည့်ထည့်ပြီး ဆည်းလည်းနှစ်လုံးရအောင် ဘုရင့်အမိန့်အရ သွန်းလုပ်လေသည်။

ထို့နောက် ဆည်းလည်းတော်တွင် အောက်ပါအတိုင်း ကမ္ပည်းထိုး၍ တံဆိပ်နာမခတ်နှိပ်လေသည်။

## သံသေဆည်းလည်းများ ပြုပြင်တင်လှူပြီးနောက် ရွှေသင်္ကန်းကပ်ခြင်း

> ရတနာပုံရွှေမြို့တော်ကြီးတည် ဘဝရှင် မင်းတရားကြီးဘုရား၊ ဘေးတော်၊ ခမည်းတော်တို့ ရိုက်ရာတော်ခံဖြစ်တော်မူသည့်အတိုင်း ဘေးတော်ဘုရား သံသေဓာတ်နှင့် ခမည်းတော်ဘုရား ၁၂၀၃ ခုနှစ်၊ ပဉ္စလောဟာစပ်နှော လှူတော်မူသည့်ဆည်းလည်းတော်မြေသို့သက်ကျရှိသည်ကို ဆက်သလာ၍ ၁၂၂၃ ခုနှစ်၊ တပို့တွဲလဆန်း ၁၅ ရက်နေ့ ဆည်းလည်းရင်း ၁၇၀ ကျပ်တွင် ရွှေစင်ကျပ်ချိန် ၁၇၀ ကျပ်ဖြည့်၍ ဆည်းလည်းတော် ၂။ တလုံးလျှင် ၁၇၀ ကျပ်ကျ ရွှေတိဂုံဘုရားရှင်အား သွန်းလုပ်လှူတော်မူသည့်ကုသိုလ်တော်

ဟူ၍ ဖြစ်ပေသည်။ သံသေဆည်းလည်းနှစ်လုံးကို ပြန်လည်တင်လှူသောအချိန်မှာ ခရစ်နှစ် ၁၈၆၂ ခု၊ ဖေဖော်ဝါရီလ ၁၃ ရက်နေ့ဖြစ်လေသည်။ ယင်းဆည်းလည်းများကို သဘော်တော်စီး ရွှေတိုက်စိုး မင်းလှနရသူအား စာနှင့်အတူ ပေးအပ်လိုက်လေသည်။ အင်္ဂလိပ်အရေးပိုင် ဝန်ရှင်တော်မင်းကြီးထံသွား၍ ပေးစာကိုတင်ပြပြောဆိုပြီး စောင်မဆွဲလှူရမည်ဟူ၍လည်း ဝန်ရှင်တော် မကွေးမြို့စား၊ သတိုးမင်းကြီး မဟာမင်းလှ သီဟသူထံမှ စာဖြင့် မင်းတရားကြီး၏အမိန့်ကို မှာကြားလိုက်သည်။ ဦးထော်လေးဝတ်ဆင်ရန်အတွက် အဖိုးထိုက်သော ပုဆိုးအထည်များကိုလည်း မင်းတရားကြီးက ဆုပေးတော်မူလိုက်လေသည်။

### ရွှေသင်္ကန်းကပ်ခြင်း

သံသေဆည်းလည်းတော်များကို ပြန်လည်တင်လှူချိန်တွင် စေတီတော်ကြီးအား ထီးတော်အောက် ငှက်ပျောဖူးမှစ၍ ရွှေသင်္ကန်းကပ်လှူသည်။ ရွှေဆိုင်းပေါင်း နှစ်သောင်းသုံးထောင်ကျော်ရသည်။ မန္တလေးနေပြည်မှ မင်းတုန်းမင်းတရား လှူဒါန်းလိုက်သော ရွှေဆိုင်းပေါင်း နှစ်ထောင်လည်းပါဝင်လေသည်။ ထိုအချိန်၌ ရွှေသင်္ကန်း ကပ်လှူပြီးသော စေတီတော်ကြီးအား ညအခါ ဆီမီးထွန်းညှိပူဇော်ရာတွင် ကြည့်မြင်တိုင်အရပ်မှ ဒါယကာ ဒါယိကာမများက အထူး အားထုတ်လုပ်ကိုင်ကြလေသည်။

ဦးထော်လေးသည် စေတီတော်ရင်ပြင်ရှိ နောင်တော်ကြီးစေတီတော်နှင့် ရန်ကုန်မြို့လယ်ရှိ ဆူးလေစေတီတော်တို့ကိုလည်း ပြုပြင်ရာ၌ ကမကထပြုလုပ်ခဲ့လေသည်။ ဥာဏ်တော်အတောင် ၈၀ ရှိ နောင်တော်ကြီး စေတီကိုပြုပြင်ရာတွင်လည်း ပန်းပဲဆရာ ဦးကန်တေးနှင့် မောင်လင်း ဆိုသူ နှစ်ဦးအား စေခိုင်းအပ်နှံလေသည်။

ဦးထော်လေးသည် ခရစ်နှစ် ၁၈၆၉ ခု၊ အသက် ၉၃ နှစ်အရွယ်တွင် တွံတေး (ဒလ)မြို့၌ ကွယ်လွန်အနိစ္စရောက်ခဲ့လေသည်။

## မင်းတုန်းမင်းတရား ထီးတော်တင်ရန်စီမံခြင်း

ဦးထော်လေးကွယ်လွန်သည့် ၁၈၆၉ ခုနှစ်တွင်ပင် ရန်ကုန်မြို့နေ ဗုဒ္ဓဘာသာဝင် ရဟန်းရှင်လူတို့သည် စေတီတော်ကြီးအား ထီးတော်သစ်တင်လှူရန် တိုင်ပင် ဆွေးနွေးကြလေသည်။ ထိုအချိန်က ဘုရားကြီး၏ဝေယျာဝစ္စများကို အလယ်တောရ ဘုန်းတော်ကြီး ဦးပြားက ဆက်လက်စောင့်ရှောက်ခဲ့ရာ၊ ရဟန်းများနှင့် မလျော်ကပ်သော အနာမသ အသုံးအဆောင်များအတွက် အရပ်သူအရပ်သားများထဲမှ ဂေါပိတရကဏ္ဍအဖြစ် ရွေးချယ်ခန့်အပ်ရန် စီစဉ်လေသည်။ ထို့နောက် ရန်ကုန်မြို့သူမြို့သားများနှင့်တိုင်ပင်၍ ဂေါပက လူကြီးခြောက်ဦးတို့ကို တင်မြှောက်ထားကြသည်။

ထိုအချိန်တွင် ဆင်ဖြူရှင်မင်းတရား ၁၇၇၅ ခုနှစ်က တင်လှူခဲ့သော ထီးတော်မှာ သက်တမ်းအားဖြင့် ၉၅ နှစ်မျှရှိပေပြီ။ ၁၈၆၉ ခုနှစ်၊ နိုဝင်ဘာလ ၁၁ ရက်နေ့တွင် ဘုန်းတော်ကြီးဦးပြားနှင့် ရန်ကုန်မြို့နေ ဂုဏ်သရေရှိ လူကြီးလူကောင်းများတို့သည် စေတီတော်ကြီးအား ထီးတော်သစ်တင်ရန်ကိစ္စကို ညှိနှိုင်းတိုင်ပင်ကြသည်။ ထီးတော်သစ်တင်ရန် အတွက် ငွေသုံးသောင်းနှစ်ထောင်ကျော်ကို ကောက်ခံထားသော်လည်း မိမိတို့အင်အားမျှဖြင့် ပြီးပြေအောင် စွမ်းဆောင်နိုင်မည် မဟုတ်ကြောင်း၊ မန္တလေးမြို့နေ မင်းတုန်းမင်းတရားကြီးက အရင်းမူလပြု၍ ကုသိုလ်လှူဒါန်းလျှင် အပြီးသို့ရောက်နိုင်ရန်ရှိသဖြင့် ထီးတော်ဒါယကာခံယူပါရန် ယင်းသို့တင်ဆက်လျှောက်ကြားရလျှင် လျှော်ကန်မည် ထင်ကြောင်း၊ ရန်ကုန်မြို့၊ ကုန်သေးတန်းရပ်မှ လူကြီးများက အကြံပေးကြသည်။ ထိုအကြံဥာဏ်ကို အစည်းအဝေးသို့ တက်ရောက်လာကြသော ရဟန်းရှင်လူ ပရိသတ်တို့ကလည်း သဘောတူနှစ်သက်ကြသည်။ မန္တလေးမြို့တော်သို့ သွားရောက်လျှောက်ထားရန်ကိစ္စကို ပုဆိုးတန်းရပ်နေ ကျောင်းဒါယကာ ဦးထွန်းအောင်ဆိုသူအား လူထုကိုယ်စားလှယ်အဖြစ် တာဝန် လွှဲအပ်ကြသည်။ ဦးထွန်းအောင်သည် ရန်ကုန်မြို့နေ လူကြီးများ၏ထီးတော်ပြင်ရန်ကိစ္စ သံတော်ဦးတင်စာကို မင်းတုန်းမင်းကြီး ရွှေတော်မှောက်၌ တင်သွင်းရန်ယူဆောင်သွားလေသည်။

မင်းတုန်းမင်းတရားကြီးထံ ပထမအကြိမ် ပို့ဆက်သော သံတော်ဦးတင်လွှာတွင် ဓမ္မသည်းတော် သာယာဝတီမင်း၏ တိဂုံဆံတော်ရှင်စေတီမြတ်အား ပြုလုပ် လှူဒါန်းခဲ့သည့် ရွှေချခြင်း၊ ဝေါင်းလောင်းတော်သွန်းလုပ်ခြင်းတို့ကိုဖော်ပြ၍ ယခုအခါ ထီးဘုရားအဆက်

ဆက်က "ကုသိုလ်တော်သမ္ဘဒါန်သည် အတိတ်သခ်ါရဟိတ်ခံ၍ ရောင်လျံပြကတော့ ရွှေလျှောမတည် ဖြော့တော့မှေးညစ်ရှိသည့်ပြင် ထက်ခွင်ရစ်သိုင်း လေမုန်တိုင်းဖြတ်ပိုင်း ဆောင်ယူသဖြင့် မြင့်ခေါင်ဝေးခြား ပျက်ပြားလွင့်ပါးသော ရွှေသားတမ္ဘတ် ထီးထွတ်ငှက်မြတ်နားကို ဟံသာဝတီ ဝေရက္ခယ ရာမညတိုင်းနေ ဆင်းရဲသား ကျွန်တော်မျိုးတို့ သည်ပိုးမတတ်နိုင် စိတ်ဝမ်းနှလုံး ညှိုးချုံးပူပန်ရှိနေကြသည် ဖြစ်ပါသောကြောင့် ရာဇဝံသာ စဉ်လာမပျက်စေရ ဘုန်းတော်အလွန်ကြီးမြတ်တော်မူလှသော ဘုရားကိုယ်တော်စားရည်မှတ်၍ စေတီတော်မြတ်ကို ဘိနပ်တော်မှစ၍ ငှက်မြတ်နားတိုင် ထီးဖျားစိန်ဖူးထိ ရွှေလုံးပြည့်ကပ်လှူပူဇော်ပါလျှင် ဘုန်းသစ်ဆော်နှိုး၍ ဘုန်းတော်တိုးပါမည်" စသည်ဖြင့် လျှောက်ကြားတင်ပြသည်။

ထို့ပြင် ရဟန်းရှင်လူ သဒ္ဓါသူတို့ထံမှ ပန်ကြားနှိုးဆော်၍ အလှူခံရရှိသောအသပြာငွေ ကျပ်သုံးဒင်္ဂါး နှစ်သောင်းကျော်နှင့် ဘုရားဝတ္တက နယ်မြေအတွင်း ကောက်ခံရငွေတသောင်းနှစ်ထောင်ကို အခြားလုပ်ခင်းဆောင်ဘွယ် နုတ်ယူသုံးစွဲခြင်းမရှိစေရပဲ ဘဏ်တိုက်တွင် အပ်နှံထားကြောင်း၊ ၎င်းသပြာငွေဒင်္ဂါးများကို ဘုရားရွှေဘုန်းတော်မြတ်ကို ခိုလှုံဆက်သပြီးလျှင် ၎င်းငွေများကို မျက်ပါးရပ်၌ ရွှေဆိုင်းခတ်လုပ်ပြီး ဘုရင်မင်းမြတ်ကုသိုလ်ထဲသို့ ထည့်သွင်း၍ ဒဂုန်စေတီတော်မြတ်ဘုရားကြီးလုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူပြီးမှ ရတနာအပေါင်းတို့ဖြင့် ခြယ်လှယ်စီမံ၍ ထီးတော်မြတ်တင်တော်မူပါမည့်အကြောင်း ဖော်ပြပါရှိလေသည်။

ထိုသံတော်ဦးတင်လွှာကို ဆက်သပြီးသောအခါ မင်းတုန်းမင်းတရားကြီးကလည်း ကုသိုလ်တော် ပြုလုပ်ရန် ဝမ်းမြောက်ဝမ်းသာ လက်ခံလေသည်။ ထို့နောက် ကျောင်းဒါယကာ ဦးထွန်းအောင်အား သံတော်ဆင့် နေမျိုးရာဇစည်သူထံမှတဆင့် အောက်ပါအမိန့်တော်စာကို ပေးအပ်လိုက်လေသည်။

ဘုန်းတော်အလွန်ကြီးမြတ်တော်မူလှသော ရေမြေအရှင် ဆဒ္ဒန်ဆင်မင်းသခင် ဆင်ဖြူများရှင် လက်နက်စကြာသခင် ပဋ္ဌမသံဂါယနာတင် အရှင်ဘဝရှင်မင်းတရားကြီးဘုရားအမိန့်တော် ပြန်လိုက်သည်။ ရန်ကုန်မြို့နေ ဆင်းရဲသား ကျွန်တော်မျိုးအပေါင်းတို့။ ရွှေသားထီးထွတ် ငှက်မြတ်နားကို သိင်္ဂီမင်းစံ အလျှံရွှန်းအိ ပကတိရွှေမြတ် နဝရတ်ကိုးသွယ် စီခြယ်မွမ်းမံတော်မူ၍ အသစ်လုပ်ဆောင်တော်မူမည်။ စေတီတော်အလုံး ရွှေမွမ်းမံရန်ရှိသည်ကိုလည်း ကျွန်တော်မျိုးတို့ ကုသိုလ်တော် ပွါးများလှူဒါန်းစုပေါင်းကြသည့်ငွေနှင့် မပြည့်မစုံ မလောက်မင ရှိသည်များကို

ငွေတော်ထုတ်ပေး၍ ရွှေမှုမ်းမံတော်မူမည် ဖြစ်သည်။ ကုန်ဝင်ရန် စာရင်းကို ဆက်သွင်း တင်လျှောက်ကြစေ။ ဘုရား့အမိန့်တော်မြတ် ရှိသည်ကို သက္ကရာဇ် ၁၂၃၁ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၈ ရက်နေ့ သံတော်ဆင့် နေမျိုးရာဇစည်သူမှတ်။

## မှတ်လွှာဖတ်ပွဲ

မန္တလေးမြို့တော်သို့ တက်၍သွားသော ဦးထွန်းအောင်သည် ရန်ကုန်မြို့သို့ပြန်ရောက်သောအခါ ဆိုင်ရာလူကြီးတို့ထံ အမိန့်တော်ကိုပြသည်။ ယင်းအမိန့်တော်မှတ်လွှာကို ရဟန်းရှင်လူတို့အား ဖိတ်ကြား၍ ရွှေတိဂုံစေတီတော် ရင်ပြင်တွင် မှတ်လွှာဖတ်ပွဲ ပြုလုပ်သည်။ ထိုအခမ်းအနားတွင် ရန်ကုန်မြို့သား ဦးလူကလေးက နာခံတော်ဝတ်စုံကိုဝတ်၍ မှတ်လွှာကို ဖတ်ကြားသည်။ ကြွရောက်လာကြသော ပရိသတ်များလည်း လွန်စွာဝမ်းသာပီတိ ဖြစ်ကြလေသည်။

## ထီးတော်စစ်ဆေးခြင်း

ဤသို့ဖြင့် ထီးတော်တင်ရေးကိုတာဝန်ရှိပုဂ္ဂိုလ်တို့က ဆက်လက်ဆောင်ရွက်ကြသည်။ ရတနာပုံနေပြည်တော်နှင့်လည်း အဆက်အသွယ်မပြတ်ပြုကြရင်းဖြင့် ထီးတော်တင်ပွဲကြီးဖြစ်မြောက်သည်အထိ လုပ်ကိုင်ကြသည်။

မင်းတုန်းမင်းတရားကြီးထံသို့ နောက်ထပ်သံတော်ဦးတင်လွှာများနှင့် မင်းတရားကြီးထံမှ နောက်ထပ် အမိန့်တော်များကိုလည်း ထုတ်ဆင့်သေးသည်။ ယင်းတို့မှာ ဝန်ကြီးဝန်ထောက်တို့အား ညွှန်ကြားချက်များနှင့် ရန်ကုန်မြို့ရှိ အင်္ဂလိပ်အစိုးရအရေးပိုင် ဝန်ရှင်တော်မင်းကြီး မေဂျာဂျင်နရယ်ဖိုက်ချ်၏ အကူအညီအတွက် စီစဥ်ရန်ကိစ္စများဖြစ်လေသည်။

ရန်ကုန်မြို့မှ လူကြီးများသည် ထီးတင်ရန်ကိစ္စအတွက် ဘုရားကြီးကို ငြမ်းဆင်၍ ငှက်မြတ်နားနှင့်ထီးတော်ကို တက်ရောက်စစ်ဆေးကြရာတွင် မိုးများ၍ သံချေးနှိပ်စက်သောကြောင့် သံပြားသံရှက်တို့ ပျက်စီးနေသည်ကို တွေ့ရသည်။ ထီးတော်တွင် ဆွဲထားသော ရွှေ၊ ငွေ၊ မိုးကြိုး၊ ကြေး၊ သံဆည်းလည်းများအနက် ပြင်ဆင်ရန်လိုအပ်သော ဆည်းလည်း အလုံးပေါင်း ၇၆၀ ကို ဖြုတ်ချသည်။ ယင်းတို့အနက်မှ ယခင် မင်း၊ မိဖုရားများ၊ သားတော် သမီးတော် ဆွေတော်မျိုးတော်များ လှူဒါန်းခဲ့ကြသည့် ကမ္ပည်းလိပ်မှတ်ထားသော ဆည်းလည်းများကို ပြင်ဆင်ရန် မန္တလေးမြို့တော်သို့ ပို့ပေးသည်။ စိန်ပွှင့်ငှက်မြတ်နားနှင့်

ဆတ်သွားဖူးတို့ကိုလည်း သဘောတော်ရှိရာ လုပ်ဆောင်ပြုပြင်ရန် ပို့ပေးသည်။ ကောက်ခံရရှိသော အလှူတော်ငွေများကိုလည်း ပို့ပေးလေသည်။

ထိုကဲ့သို့ မင်းတုန်းမင်းတရားကြီးထံ ထီးတော်ပြုပြင်လှူဒါန်းရန် ဆက်သွယ်ပြောဆိုနေသည့်အချိန်တွင် ရန်ကုန်မြို့၌နေထိုင်သောသူများက ထီးတော်ကြီးကိုလည်းကောင်း၊ ဆည်းလည်းများကိုလည်းကောင်း တဦးချင်း အလှူဒါနအဖြစ် ပြုပြင် လှူဒါန်းလိုသူများပေါ်ထွက်ခဲ့ကြသည်။ မဒရပ်မြို့မှ လာရောက်နေထိုင်သူ ဗုဒ္ဓဘာသာကိုးကွယ်သော ဟိန္ဒူလူမျိုး ကုန်သည်ကြီးဘဦးက ထီးတော်ကိုပြုပြင်လိုကြောင်း စာတင်ထားသည်။

ဆည်းလည်းပြုပြင်လှူဒါန်းလိုသူများကလည်း ဆည်းလည်းတလုံး ပြုပြင်ခွင့်ရလျှင် ရွှေဆိုင်း ၁၀ ဆိုင်း ထပ်မံလှူဒါန်းပါမည်ဟုပြောကြသည်။ ရှေးမင်းများအလှူတော်ဖြစ်သည့် ရွှေသား၊ ငွေသား၊ သံသေ ပတ္တမြား ကျောက်စီ ဆည်းလည်းများကို ပြုပြင်လှူဒါန်းခွင့်ရလျှင် ရွှေ ၁၀ ဆိုင်းမကပင် တိုးတက်ပေးလှူ ပြင်ဆင်လိုကြသူများ ရှိနေကြလေသည်။

## ထီးတော်တင်ပွဲ၏ထူးခြားချက်

ရွှေတိဂုံစေတီတော်ကြီး၏ သမိုင်းတွင် မင်းတုန်းမင်းတရားကြီး လှူဒါန်းသော ထီးတော်တင်ပွဲမှာ မှတ်မှတ်ရရရှိလေသည်။ မင်းတုန်းမင်းတရားကြီး၏ ကောင်းမှုဖြစ်သော ထီးတော်ကြီးကို အထက်မြန်မာနိုင်ငံ ရတနာပုံနေပြည်မှ အောက်မြန်မာနိုင်ငံ အင်္ဂလိပ်လက်အောက်ခံ ရန်ကုန်မြို့သို့ပေးပို့တင်လှူသောအချိန်တွင် မြန်မာပြည်တပိုင်း သူ့ကျွန်ဖြစ်ခဲ့ရသည်မှာ အနှစ် ၅၀ မပြည့်တတ်သေးချေ။ ထိုအချိန်တွင် မန္တလေးရတနာပုံ ရွှေမြို့တော်ကို မင်းတုန်းမင်းတရား တည်ထောင်စိုးအုပ်သည့်အချိန်မှာ ၁၄ နှစ်မျှ ရှိသေးသည်။

ဤထီးတော်တင်ပွဲ၏ ထူးခြားချက်မှာ မြန်မာပြည်သားတို့သည် တစိတ်တပိုင်းအားဖြင့် လွတ်လပ်ရေးကို ဆုံးရှုံးခဲ့ကြရပြီး အစိုးရနှစ်ခုအောက်တွင် တကွဲတပြားစီနေထိုင်ကြရသော်လည်း ကိုးကွယ်ယုံကြည်မှုကိစ္စ၌ တညီတညွတ်ဆောင်ရွက်ကြခြင်းဖြစ်သည်။ တနည်းပြောရလျှင် အထက်နှင့်အောက် မြန်မာနိုင်ငံသားတို့သည် ရုပ်ပိုင်းဘဝ၌ ခြားနားသော ပတ်ဝန်းကျင်တွင်ရှိကြသော်လည်း စိတ်ပိုင်းဘဝ၌မူ မကွဲမပြား တသားတည်းရှိနေကြခြင်းပင်ဖြစ်လေသည်။

## အင်္ဂလိပ်အစိုးရ စိုးရိမ်ကြောင့်ကြပုံ

ခရစ်နှစ် ၁၈၆၉ ခု၊ ဒီဇင်ဘာလတွင် ရတနာပုံနေပြည်တော်မှ ပဉ္စမ သံဂါယနာတင် မင်းတုန်းမင်းတရားသည် ရွှေတိဂုံစေတီတော်၏ထီးတော်ကို ပြင်ဆင်၍ အသစ်တင်ရန်သဘော

တူခြင်းကို အနောက်နိုင်ငံသမိုင်းဆရာတို့က ''ဤလုပ်ရပ်တွင် ရိုးရိုးဘာသာတရားကိုင်းရှိုင်းမှုထက် အမျိုးသားရေးအနေဖြင့် ဆောင်ရွက်လိုသော သဘောက ပိုဟန်ရှိသည်။ ၎င်းမှာ ဗုဒ္ဓဘာသာမြန်မာလူမျိုးတို့အား မိမိတို့၏ ရှင်ဘုရင်လက်အောက်တွင် တညီတညွတ် စည်းလုံးစေလိုသည့်ဆန္ဒပင်ဖြစ်သည်။ မည်သို့ပင်ဖြစ်စေကာမူ ဗြိတိသျှအာဏာပိုင်တို့က ရှင်ဘုရင်ကိုယ်တိုင်ကြွရောက်လာခြင်းမရှိစေရဟူသော တိကျသည့်နားလည်မှုယူ၍ ထိုအခမ်းအနားကို ခွင့်ပြုလိုက်ပေသည်'' ဟူ၍ ရေးသားထားသည်ကို တွေ့ရသည်။

ထိုအချိန်က မြန်မာနိုင်ငံအောက်ပိုင်းကို အုပ်စိုးနေသော ဗြိတိသျှတို့သည် ဘာသာရေးကို အကြောင်းပြု၍ တိုင်းပြည်ဆူပူလှုပ်ရှားမည်ကိုလည်းကောင်း၊ အထက်အောက် မြန်မာနိုင်ငံသားများ တစည်းတလုံး ပူးပေါင်းမိမည်ကိုလည်းကောင်း အထူးစိုးရိမ်ခဲ့ကြပေသည်။

ထီးတော်သစ် တင်လှူရန်အတွက် ထီးတော်စစ်ဆေးခြင်း၊ မန္တလေးနှင့် ဆက်သွယ်ခြင်းတို့ကို ပြုလုပ်နေချိန်၌ ဗြိတိသျှလက်ထက် အောက်မြန်မာနိုင်ငံရှိ လူထုမှာ အုတ်အုတ်ကျက်ကျက် ရှိနေကြသည်။ ထီးတော်ကိုတင်လှူခြင်းသည် မြန်မာဘုရင်၏ ဩဇာ အာဏာစက် ဖြန့်ကြက်ရာရောက်ကြောင်းကို အင်္ဂလိပ်တို့သည် ထီးတော်သစ် တင်ခွင့်ပြုပြီးမှ သဘောပေါက်မိကြသည်။ ထို့ကြောင့် ရန်ကုန်မြို့ရှိ မဟာဝန်ရှင်တော်မင်းကြီးက အိန္ဒိယအစိုးရ အတွင်းဝန်ကြီးထံ ပေးပို့သော အစီရင်ခံစာတွင် အောက်ပါအတိုင်း ဖော်ပြထားသည်။

> ဗြိတိသျှပိုင်နယ်မြေအတွင်း မည်သည့်ဘုရားစေတီ၌မဆို (မြန်မာ) ဘုရင်အား ထီးတင်ခွင့်ပေးမိခြင်းသည် အလွန်နောင်တရဖွယ်ရာသော ကိစ္စဖြစ်ပါသည်။ ခွင့်ပြုခြင်းမှာ အမှုမဲ့အမှတ်မဲ့ပြုလုပ်မိခြင်းဖြစ်ကြောင်း သံသယဖြစ်ဖွယ် မရှိပါ။ ထို့ပြင် ဘာသာရေးနှင့်စပ်လျဉ်းသော အကြောင်းသက်သက်မျှသာ ဖြစ်သည်ဟု ဘုရင်၏ဆန္ဒကို ဖီလာဆန့်ကျင် မပြုလိုသောကြောင့်လည်း ဖြစ်ပါသည်။ ဤအမှားကို လျင်မြန်စွာ သဘောပေါက်ခဲ့သော်လည်း ထိုလုပ်ငန်းပြီးစီးအောင်လုပ်ကိုင်ခြင်းကို ကျွန်ုပ်တို့အစိုးရက တားမြစ်ရန်မှာ အချိန်အလွန်နှောင်းသွားခဲ့ပါသည်။

ဟု တွေ့ရှိရသည်။

## ရေနန်းစကြာသဘော်ဖြင့် ထီးတော်ပင့်ဆောင်လာသော မြန်မာအဖွဲ့

ယင်းအစီရင်ခံစာ၌ပင် ထီးတော်တင်ပွဲကိစ္စသည် "ပြည်သူများ၏စိတ်၌ လှုပ်လှုပ်ရှားရှားဖြစ်ပြီး ကြောင့်ကြစိတ်စောနေစေသဖြင့် မကောင်းသောအကျိုးကို ဖြစ်စေပါသည်"ဟု ဖော်ပြထားသည်။ ထို့ကြောင့်ပင် မဟာဝန်ရှင်တော်မင်းကြီးသည် ရွှေတိဂုံစေတီတော်ကြီး၏ ထီးကို မြန်မာဘုရင်၏ ကိုယ်စားလှယ်များက မတင်စေရပဲ ဗြိတိသျှလက်အောက်ရှိ မြန်မာလူမျိုးများကတင်လှူစေရန် အစီအမံများကိုပြုလုပ်သည်။ ထီးတော်ရောက်သည်နှင့် လွှဲပြောင်းလက်ခံယူပြီး ထီးတော်တင်ပွဲကိစ္စပြီးသည်အထိ စီမံဆောင်ရွက်ရန် ကော်မီတီလူကြီး ငါးဦးကို ဖွဲ့ပေးသည်။ ထိုအဖွဲ့နှင့် ဆက်သွယ်ရန် အခွန်ဝန်မောင်အုန်းနှင့် သံလျင်မြို့အုပ် မောင်ဝိုက်တို့ကို ထည့်သွင်းလေသည်။

တဖက်ကလည်း မန္တလေးမြို့ရှိ ဗြိတိသျှသံကိုယ်စားလှယ်အား ထီးတော်သယ်ဆောင်လာမည့်အဖွဲ့တွင် လူများများစေလွှတ်ပေးဘို့ မလိုကြောင်း၊ ရန်ကုန်တွင် အစစစီမံထားပြီးဖြစ်ကြောင်း၊ မြန်မာ ဝန်ကြီး၊ မှူးကြီးတို့အား ကြားသိစေသည်။ ထိုအချက်ကို မင်းတုန်းမင်းတရားကြီးက သဘောတူလက်ခံသည်။

### ထီးတော် ပင့်ဆောင်လာသောအဖွဲ့

ရန်ကုန်မြို့ရှိ ဂေါပကအဖွဲ့က မင်းတုန်းမင်းတရားကြီးအား ထီးတော်ကိစ္စ လျှောက်တင်ရန်ဆုံးဖြတ်ကြသည်မှာ ခရစ်နှစ် ၁၈၆၉ ခု နိုဝင်ဘာလ ၁၁ ရက်နေ့ဖြစ်သည်။ ထိုလျှောက်တင်ချက်ကို ဦးထွန်းအောင်အား ကိုယ်စားလှယ်စေလွှတ်၍ တင်ဆက်ရာတွင် မင်းတုန်းမင်းတရားကြီးက ဝမ်းမြောက်ဝမ်းသာ ခွင့်ပြုတော်မူသည်မှာ ဒီဇင်ဘာလ ၂၆ ရက်နေ့ဖြစ်လေသည်။

ထို့နောက် နန်းတော်တွင်း၌ သံချက်ဝန်ပညာသိဒ္ဓိကျော်သူ (ဦးမို) ကို ကြီးမှူးစေ၍ ရွှေပန်းထိမ်များစွာဖြင့် ထီးတော်ကြီးကို ပြုလုပ်စီမံစေရာ ခရစ်နှစ် ၁၈၇၁ ခု၊ အောက်တိုဘာလ ၂ ရက်နေ့တွင် ထီးတော်ကြီး ပြီးစီးလေသည်။ ထိုအခါ မင်းတရားကြီးကိုယ်တိုင် မင်းမိဖုရားအစုံအညီဖြင့် မန္တလေးမြို့၌ ရေစက်သွန်းချ လှူဒါန်းလေသည်။

ထီးတော်ကြီးကို ရန်ကုန်မြို့သို့ သယ်ဆောင်ရန်အတွက် ပုပ္ပားဝန်ထောက်ကြီး မင်းကြီးမဟာ မင်းကျော်မင်းထင် ကြီးမှူးသောအဖွဲ့အား လိုက်ပါစေ၍ ရေနန်းစကြာသဘော်ဖြင့် စေလွှတ်လေသည်။ထိုအဖွဲ့တွင် အရာရှိကိုးယောက်ပါဝင်သည်။ အဖွဲ့ကိုကြီးကြပ်ခေါင်းဆောင်ရသော ပုပ္ပားမြို့စား မင်းကြီးမဟာမင်းကျော်မင်းထင်အပြင် ရွှေနန်းရှင်ဘုရား၏ စာရေးတော်ကြီး မင်းလှသိရိကျော်သူ၊ အင်ဂျင်နီယာအုပ် အသုံးစာရေး မင်းနေမျိုးသူရိန်၊ ရွှေတိုက်စိုးမင်း မင်းလှမင်းထင်ရာဇာ၊ ရွှေတိုက်စာရေးသိခ်စည်သူကျော်၊ ရန်ကုန်မြို့တွင် ကိုယ်စားလှယ်

တားသော သူဌေးမဟာသီရိဘောဂသာရ၊ သံချက်ဝန်မင်းပညာသီဒ္ဓိကျော်သူနှင့် စာရေးတော် မောင်သိန်း၊ မောင်ရိုးတို့ဖြစ်ကြသည်။

## ထီးတော်ဆိုက်ရောက်ခြင်း

ထီးတော်ကို ဆောင်ယူလာကြသောအဖွဲ့သည် ခရစ်နှစ် ၁၈၇၁ ခု၊ အောက်တိုဘာလ ၃ ရက် (၁၂၃၃ ခု၊ သီတင်းကျွတ် လပြည့်ကျော် ၅ ရက်) နေ့တွင် မန္တလေးမြို့တော် သံလျက်မော်ဆိပ်ကမ်းမှ ရေကြောင်းအတိုင်းထွက်ခွါခဲ့ကြသည်။လမ်းခရီးမြစ်စဉ်တလျှောက် တွင် မြို့၊ ကျေးရွာများက ပွဲလမ်းသဘင်များပြုလုပ်၍ ပူဇော်ကြသည်။ ထီးတော်သည် ရန်ကုန်ဆိပ်ကမ်းသို့ အောက်တိုဘာလ ၂၂ ရက်နေ့ နံနက်တွင်ရောက်ရှိ၍ ၁၀ နာရီ ၅ မိနစ် အချိန်တွင် ရန်ပုံခွင်း(ယခုလမ်းမတော်)တန်တား၌ ဆိုက်ကပ်၍ ကျောက်ချသည်။

ထီးတော်ဆိုက်ရောက်သည့် သတင်းကို အောက်တိုဘာလ ၂၇ ရက် (၁၂၃၃ ခု တန်ဆောင်မုန်းလဆန်း ၁၅ ရက်) သောကြာနေ့ထုတ်။ မြန်မာဂေဇက်သတင်းစာ တွင် ဖော်ပြထားသည်မှာ

> ထီးတော်တင်ယူခဲ့သော သင်္ဘော နံနက် ၈ နာရီအချိန်ကို ရန်ကုန်မြို့ မြစ်ဆိပ်သို့ ဝင်ရောက်သည်ကိုမြင်ကြလျှင် တမြို့လုံး အုန်းအုန်းကြွက်ကြွက် မြစ်နားသို့ဆင်း၍ လူချင်းအထပ်ထပ် တိုးဝှေ့မအား များစွာလာရောက် ကြို့ဆိုပူးမြော်ကြလေသည်။
>
> ထိုနောက် ၂ နာရီခွဲလောက် ကြာ၍ ၁၀ နာရီခွဲ အချိန်ခန့်တွင် အထက် အကောက်ဝန်မင်း ဒွေက် သခင်နှင့် ဝန်ထောက်တော် မောင်အုန်းတို့လာ ရောက်ကြို့ဆိုကြသည်။ သင်္ဘောသို့တက်၍ ကောင်းမွန် ယဉ်ကျေးစွာ မြန်မာမှူးတော်မတ်တော်များနှင့် ၎င်းစုံမက်မက် နှုတ်ဆက်လက်ဆွဲ ပြုကြ လေသည်။
>
> တလိုင်း-မြန်မာတို့သည် ထီးတော်ဖူးရအောင် သင်္ဘောသို့ကူးကြရာ အင်စပိတ် တော်နှင့် ပျာတာများ သင်္ဘောကနေ၍ မတက်ရဟု တားဆီးကြသည်။ မတားဆီးလျှင်လည်း သင်္ဘောနစ်အောင် တမြို့လုံး ဝိုင်း၍တက်ကြ လိမ့်မည်။

ဟု ရေးသားထားလေသည်။

## အရပ်ဇာတ်များနှင့် လုပ်အားရှင် အလှူရှင်များ

အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း မင်းတုန်းမင်း၏ ထီးတော်ကြီး ပင့်ဆောင်လှူဒါန်းသော ကိစ္စတွင် နိုင်ငံရေးအရ အရှုပ်အထွေးကိစ္စများ ဖြစ်ပေါ်လာမည်ကို စိုးရိမ်မကင်းရှိသဖြင့် မြန်မာမင်းကိုယ်တိုင်သော်လည်းကောင်း၊ မြန်မာမင်း၏ကိုယ်စားလှယ်ကသော်လည်းကောင်း၊ တိုက်ရိုက် ထီးတော် တင်ခွင့် မပေးပဲ အင်္ဂလိပ်အစိုးရ၏ အရာရှိတဦးဖြစ်သူ ဝန်ထောက် ဦးအုန်းကို ရာထူးတက်၍ပေးပြီး ထီးတော်တင်ပွဲကိစ္စ၌ ကြီးကြပ်လုပ်ကိုင်စေလေသည်။ အောက်မြန်မာပြည်ကိုအုပ်ချုပ်သော မဟာဝန်ရှင်တော်မင်းကြီးသည် သီတင်းကျွတ်လအတွင်း ထီးတော် ရောက်ရှိမည်ကို ကြားသိရပြီးနောက် ပဲခူးဝန်ထောက်၊ ရာဇဝတ်ဝန်၊ အကောက်ဝန်တို့ကို ခေါ်ယူ၍ ထီးတော်ရောက်ရှိလျှင် ညွှန်ကြားဆိုရန်၊ နေရာချထားရန် တာဝန်ပေးခဲ့သည်။ ထီးတော်အရာရှိများနှင့် အဖွဲ့သားများနေထိုင်ရန် သစ်လုံးတိုင်၊ ပျဉ်ကြမ်းခင်း၊ စကြောလေးဖက်ချ အိမ် ၁၁ လုံးကိုလည်း အလုံးရပ်တွင် ဆောက်လုပ်ထားရှိသည်။

### ပွဲတော်အတွက်ပြင်ဆင်ကြပုံ

ထီးတော်တင်ပွဲကြီးမှာ တသက်မှတခါဆိုသလို ကြုံကြိုက်ရသော ပွဲဖြစ်သဖြင့် ရန်ကုန်မြို့သူမြို့သားများသည် ဤပွဲတော်အတွက် အထူးတလည် ပြင်ဆင်ထားကြလေသည်။

အောက်မြန်မာပြည်ကို အုပ်ချုပ်သော မဟာဝန်ရှင်တော်မင်းကြီးက ပွဲမိန့်ပေးသဖြင့် ထီးတင်ပွဲ၌ ကပြဖြေဖျော်ကြရန် ကာလသားများက အရပ်ဇာတ်များ တိုက်ကြသည်။ ထီးတော်ကို သင်္ဘောပေါ်မှတင်၍ ရန်ကုန်မြစ်ဆိပ်တွင် ခေတ္တထားရှိရန် ထီးတော်ရုံအတွက် အလှူငွေစုပေါင်းထည့်ဝင်ကြသည်။ ထီးတော်ဘုံခုနစ်ဘုံကို မြစ်ဆိပ်မှ သိင်္ဂုတ္တရကုန်းတော်သို့ ပို့ဆောင်လိုသူအများအပြား အလုအယက် ဖြစ်နေသဖြင့် အဖွဲ့ခုနစ်ဖွဲ့က သယ်ဆောင်ရန် စာရေးတံမဲချ၍ စီစဉ်ခွဲဝေထားကြရသည်။

ထီးတော်သစ်တင်မည်ဆိုရာတွင် ဆင်ဖြူရှင်မင်းတရား၏ ထီးတော်ဟောင်းကိုချ၍ မင်းတုန်းမင်းတရား၏ ထီးတော်သစ်ကို တခေ့စီတင်ရမည်ဖြစ်ရာ စေတီတော်ကို ငြမ်းဆင်ဘို့ လိုအပ်လာလေသည်။ ငြမ်းဆင်ရန် လုပ်ငန်းအဝဝအတွက် သံလျင်မြို့အုပ် မောင်ဝိုက်နှင့် ဗိသုကာ ဦးရွှေလုပ်တို့က အဖိုးအခမယူပဲ ဆောင်ရွက်ပေးမည်ဟု ခွင့်ပန်ကြသည်။

ငြမ်းဆင်သည့်အခါတွင် ငြမ်းချည်သောလုပ်ငန်းအတွက် လုပ်အားပေးသူများလည်း အများအပြားပါဝင်ကြသည်။ ငြမ်းချည်လုပ်သားများအား ရန်ကုန်မြို့နေ တိုင်းရင်းသားအလှူရှင်များက ထမင်းဟင်းလျာချက်ပြုတ်၍ ကျွေးမွေးလှူဒါန်းကြသည်။

## မြတ်ဘုရားရွှေတိဂုံ

စေတီတော်သို့ ထီးတော်ရောက်သောအခါ စေတီအထွတ်သို့မတင်မီ ယာယီထားရှိရန်အတွက် ထီးတော်တန်ဆောင်း ဆောက်လုပ်လှူဒါန်းရန်ကို ရန်ကုန်မြို့နေ ရေနံလုပ်ငန်းပိုင်ရှင်၊ အသက် ၂၀ ကျော်ရှိ မဖွားက တာဝန်ယူသည်။ ယင်းတန်ဆောင်းမှာ ယခု စေတီယင်္ဂဏာအသင်းနေရာ၌ ရှိလေသည်။

ရန်ကုန်မြို့သူမြို့သားတို့သည် ထီးတော်မရောက်မီ နှစ်ပတ်ခန့်တွင် ထီးတော်ကြီးစုန်ဆင်းယူဆောင်လာရာ ရန်ကုန်မြစ်တွင်းသို့ လမ်းမတော်ဆိပ်ကမ်းမှနေ၍ မီးတိုင်များကို ပေါင်ဖွဲ့၍ မျှောချပူဇော်ကြသည်။ အလှူရှင်ပေါင်းစုံတို့၏ ဆီမီးတိုင် ၄၀,၀၀၀ ပါဝင်လေရာ မီးပေါင်အလျားမှာ အင်္ဂလိပ်တိုင် လေးတိုင်ကျော်ရှိလေသည်။

ထီးတော်ကိုဆောင်ယူလာသောအဖွဲ့တွင် ပန်းထိမ်၊ ပန်းဘဲ၊ ပန်းချီ၊ ဗိသုကာ စသည်တို့ပြင် လက်မှုပညာသည်နှင့် သင်္ဘောအမှုထမ်းပေါင်း ဦးရေ ၁၀၀ ခန့်ပါလာလေသည်။ ကြီးကြပ်အုပ်ချုပ်သော အရာရှိကိုးဦးတွင် မင်းလှမင်းထင်ရာဇာဘွဲ့ခံ ရွှေတိုက်စိုးမင်းမှာ သိုးဆောင်းလူမျိုး "ပြိတယ်ကာမာရဏ္ဍာ" ဖြစ်သဖြင့် အင်္ဂလိပ်ဘာသာစကားနှင့် ထုံးဓလေ့၌ ကျွမ်းကျင်သည်။ ထို့ကြောင့် အင်္ဂလိပ်အစိုးရဖက်မှ ပုဂ္ဂိုလ်များနှင့် ပြောဆို ဆက်သွယ်ရာတွင် လွယ်ကူလေသည်။

ထီးတော်ရောက်ရှိပြီးနောက် နောက်တနေ့ အောက်တိုဘာလ ၂၃ ရက်(တန်ဆောင်မုန်းလဆန်း ၁၁ ရက်နေ့)တွင် မဟာဝန်ရှင်တော်မင်းကြီး အာရှလီအီဒင်သည် မြစ်ဆိပ်သို့ဆင်း၍ ပုပ္ပားမြို့စား ဝန်ထောက်တော်ကြီးအားကြိုဆိုပြီး ရထားတဆူစီစီး၍ တက်ကြသည်။ ဝန်ရှင်တော်မင်းကြီးအိမ်တွင် မြန်မာအဖွဲ့အား ညှိခံပြုစုသည်။

ရွှေတိုက်စိုးမင်း ပြိတယ်ကာမာရဏ္ဍာသည် ပဲခူးဝန်ထောက် ဦးအုန်းအိမ်သို့လည်းအလည်အပတ်သွားရောက်လေသည်။

### ထီးတော်ပင့်ဆောင်ပူဇော်ခြင်း

နောက်တနေ့ အောက်တိုဘာလ ၂၄ ရက် (လဆန်း ၁၂ ရက်) တွင် ထီးတော်ပေါင်ကို တန်တားမှာကပ်ပြီး ထီးတော်တဘုံစီကို ဝန်ချီစက်နှင့် တင်လေသည်။ ထီးတော်ဘုံအဆင့်ဆင့်ကို တင်ယူနေစဉ် တန်တားဦး၌ မြန်မာဆိုင်း လက်ဝဲ၊ လက်ျာတီးမှုတ်လျက်ရှိသည်။ မြန်မာအရာရှိများနှင့်တကွ ထီးတော်ကိုဖူးမြော်ရန် လာကြသူများမှာ ကမ်းလုံးညွတ်မျှ ဖြစ်လေသည်။

## ထီးတော်ပေးအပ်ခြင်းနှင့် အပူဇော်ခံခြင်း

ထီးတော်ကို ကမ်းနားတန်ဆောင်းသို့ရောက်အောင် ကရင်၊ မွန်၊ မြန်မာများ အလှအယက် ထမ်းယူကြသဖြင့် တိမ်းယိမ်းမည်စိုးသောကြောင့် ဝန်ထောက်တော်မင်းက အထူးကြပ်မတ်ရသည်။ ထီးတော်တန်ဆောင်းအတွင်းသို့ ရောက်ပြီးသည့်အချိန်တွင် နေဝင်လေပြီ။ နေဝင်သော် လ,သာသည့်အခိုက် ပွဲလမ်းများ ခင်းကျင်းကြလေသည်။

ထီးတော်ကို ထမ်းယူသောအခါ၌ မြန်မာမှူးတော်များသည် အင်္ကျီဖြူ ဒုးဆစ်ကျအောင် ရှည်ရှည်ဝတ်၍ အင်္ကျီပေါ်က စလွယ်ရွှေကြိုးများကိုဆင်ယင်ပြီး မြန်မာထုံးစံအတိုင်း အစဉ်အလိုက် သိုက်မြိုက်ယဉ်ကျေးစွာ ဖြည်းဖြည်းသာသာ သွားကြလေသည်။ ထီးတော်တန်ဆောင်းအတွင်းသို့ ရောက်ရှိသွားသောအခါ၌လည်း ဗုဒ္ဓဘာသာဝင်လူမျိုးအားလုံးသည် ရှိသေသမှုဖြင့် ဘိနပ်မစီး၊ ထီးမဆောင်းပဲ ထွက်ဝင်သွားလာကြသည်။

ထိုနေ့ညတွင် ထီးတော်ကို ကမ်းနားတန်ဆောင်းအတွင်း၌ထား၍ အပူဇော်ခံသည်။ ထီးတော်၏ငှက်မြတ်နားမှာ အဖိုးများစွာ ထိုက်တန်သော ရတနာကျောက်မြတ်များပါဝင်သဖြင့် ဘဏ်ေါ်ဘဏ်တိုက်တွင် အပ်နှံ၍ သိမ်းဆည်းရမည်ဟု အင်္ဂလိပ်ရာဇဝတ်ဝန် မေဂျာဒန်းကင်းက အမိန့်ပေးသည်။ မြန်မာရွှေတိုက်စိုးမင်းက ထီးတော်၊ ငှက်မြတ်နားတော်နှင့်တကွ သုံးစွဲရန် ငွေတော် ငါးသောင်းကျော်ကို မိမိတဦးတည်း ထိန်းသိမ်းစောင့်ရှောက်၍ လာပါသည်။ ယခုလည်း ပျောက်ပျက်မည်စိုးလျှင် ကျွန်ုပ်ပင်ထိန်းပါမည်။ ရွှေနန်းရှင်ဘုရားအလိုအတိုင်း လူအများဖူးမြော်၍ ကုသိုလ်ယူကြစေချင်ပါသည်ဟု ပြန်လည်ပြောကြားသည်။ ထိုအခါ အကောက်ဝန် ဒွေက်၏ စီစဉ်ချက်အရ ငှက်မြတ်နားကို တန်ဆောင်းတွင်း၌ထား၍ မြို့လူကြီးငါးယောက်နှင့်တကွ မျက်နှာဖြူ ရာဇဝတ်အုပ်တဦးကို ရဲသားအများနှင့် အစောင့်ချထားပေးလေသည်။

ထီးတော်ထားရှိသော တန်ဆောင်းတွင် အတွင်းအပြင် ပိတ်ဖြူများကို မြေသို့ကျအောင် ပတ်ရစ်လွှမ်းကြက်သည်။ ဖန်မီးအိမ်လုံးရေ ၁၀၀ ခန့်ကိုလည်း ထွန်းညှိ၍ ပူဇော်ထားသည်။ ဖူးမြော်ရန်လာရောက်ကြသူတို့မှာ ည ၂ ချက်တီးကျော်သောအခါမှ အတန်ငယ်ပါးသွားလေသည်။ ထိုညတွင် တန်ဆောင်း၏ရှေ့ဖက်၌ ဘီလစ် မောင်ပုတ်နီနှင့် အခွန်စာရေး မောင်ဘအိုတို့ကြပ်မတ်၍ ရုပ်သေးပွဲကျင်းပပေးသည်။ မိုးလင်းခါနီးတိုင်အောင် ကပြကြလေသည်။

အောက်တိုဘာလ ၂၆ ရက် (တန်ဆောင်မုန်းလဆန်း ၁၄ ရက်နေ့) တွင် အင်္ဂလိပ်အစိုးရနှင့် မြန်မာအစိုးရတို့ဖက်မှ အတွင်းဝန်များရုံးတွင် စုံညီတွေ့ဆုံ၍ ထီးတော်ကြီးကို စာရင်းဇယားနှင့်တကွ လက်မှတ်ရေးထိုးအပ်နှင်းလေသည်။ အင်္ဂလိပ်မဟာမင်းကြီးကတဖန် အခွန်ဝန် မောင်အုန်းသို့ အပ်သည်။

### အလှူဒါနမျိုးစုံ

ထီးတော်တင်ပွဲကြီးတွင် ကျွေးမွေးရန်အတွက် အများဒါနဖြစ်စေရန် ငွေကြေးစုဆောင်းကြရာ အချို့မှာ ဆန်၊ စမဲပဟင်းလျာများကို ထည့်ကြသည်။ ထိုခေတ်သတင်းစာများအရ "ပုဆိုးတန်းရပ်နေ ကျောင်းတကာ ကိုဘိုးကလေးက ငွေ ၅၀၀ ကျပ် ထည့်လှူသည်၊ မလောက်သမျှကို ခံဝန်သည်"။ စတုဒိသာ ကျွေးမွေးရာတွင် "စာဆိုတန်းရပ်နေ ပွဲစားကြီး ကျောင်းတကာ ဦးဆောင်းက ချက်ပြုတ်သုံးဆောင်ရန် ရေ၊ လာသမျှပရိသတ်တို့သောက်ရန် ရေများကို လောက်ပြေည့်စုံအောင် လှူဒါန်းပါမည်"ဟု ကတိပြုသည်။

ဆန်ပွဲစား ကိုရွှေပြည့်ကား ထီးတော်ကိုယူကြသောအခါ မြစ်နားတန်ဆောင်းက ဘုရားပေါ်ထိ ပိတ်ဖြူခင်းပါမည်ဟု ခံဝန်လေသည်။

ဤအချိန်အတောအတွင်း၌ ထီးတော်ကြီးတွင်ကပ်လှူရန် ရွှေပြားများ၊ ချည်တုပ်ရန် ရွှေနန်းကြိုးများခတ်၍ လှူဒါန်းသူတို့ကလည်း တပွဲပွဲဖြစ်ကြသည်။ တန်ဆောင်မုန်းလဆန်း ၁၄ ရက်နေ့မှ လပြည့်ကျော် ၁၃ ရက်နေ့အထိ၊ ၁၅ ရက်အတွင်း ရွှေချိန်သပြာပေါင်း ၇၀၀ ကျော်ရသည်ဟု မြန်မာဂေဇက်သတင်းစာ က ဆိုလေသည်။ တဖန် တန်ဆောင်မုန်းလပြည့်ကျော် ၄ ရက်နေ့ကစ၍ နတ်တော်လဆန်း ၅ ရက်နေ့အထိ ၁၇ ရက်အတွင်း လှူဒါန်းသော ရွှေသည်များမှာ ဂ၄၂ ကျပ်၊ ခုနစ်မူး၊ တပဲဖြစ်သည်ဟု ယင်းသတင်းစာ နတ်တော်လဆန်း ၆ ရက် (၁၇-၁၁-၁၈၇၁)နေ့ထုတ်တွင် စာရင်းတခု ထပ်မံဖတ်ရှုရသည်။

ထီးတော်ကြီးတွင် တပ်ဆင်တင်လှူရန် ရွှေ၊ ငွေ၊ စိန်၊ ကျောက်၊ မြတို့ဖြင့် ပြီးသော လက်စွပ်၊ လက်ကောက်၊ ပုတီး၊ နားတောင်း အစရှိသည်တို့မှာကား ရွတ်ခြည်း ချိန်တွယ် အပိုးမဖြတ်နိုင်သေး၍ စာရင်းစု၍သာ ထားရလေသည်။အချို့ကလည်း မိမိတို့၏အပိုးတန် လက်ဝတ်ရတနာများထဲမှ အကောင်းဆုံးကိုရွေးပြီး လှူဒါန်းကြသည်။ "ပန်းဆိုးတန်းရပ်နေ ကျောင်းအမ မယ်ဘား၊ မယ်စာတို့ညီအစ်မနှစ်ယောက်က အရင်းတည်၍ ဆွေမျိုးတို့နှင့်တကွ စုရုံးကြပြီးလျှင် ထီးတော်တွင် သင့်လျော်ရာ၌ ရွှေနန်းကြိုးခတ်၍ထည့်ရန် အိန္ဒိယတိုင်းကြီးက လုပ်ဆောင်သော စိန် ၄ လုံး၊ မြ ၅ လုံးစီဘပ်၍ပါသော ရွှေပတိုင်းပွင့်" လှူဒါန်းပူဇော်ကြောင်းသတင်းကိုရင်း။ "ကျောက်တံတားရပ်နေကျောင်းတကာကြီး ဦးရွှေသွယ်က သမီးများဝတ်ဆင်သည့် ပတ္တမြား ကျောက်စီခြယ်သော နားတောင်းရံစုံကို ထီးတော်ကြီးမှာ ထည့်လှူလေသည်" ဟူသော သတင်းကိုရင်း၊ မြန်မာဂေဇက်သတင်းစာတွင် ဖတ်ရလေသည်။

## ထီးတော်ကို ကုန်းတော်သို့ သယ်ဆောင်ခြင်း

အချို့ စေတနာသဒ္ဓါတရားရှင်များမှာ လုပ်အားသက်သက် လှူကြသည်။ အချို့မှာ လုပ်အားဖြင့်ရသောငွေကို ဝတ္ထုပစ္စည်းပြုလုပ်၍ လှူကြသည်။ ပန်းဘဲတန်းရပ်နေ ကျောင်းဒါယကာ ဦးစနှင့် ဦးညိုတို့က တပည့်အရပ်သား ၁၀ ယောက်နှင့် အတူ ထီးတော်အောက်ခံ၊ သံကိုင်း၊ သံလက်များကို လုပ်ဆောင်၍ပေးသည်။ ပန်းထိမ်တန်းသားတို့က ကောက်ခံရငွေကို ရွှေဆည်းလည်းသွန်း၍ လှူရန်ပြင်ဆင်ကြသည်။

### အင်္ဂလိပ်အစိုးရ ညွှဝတ်မကြေ

ထိုအချိန်အတွင်း၌ ရတနာပုံနေပြည်မှလာသော ထီးတော်အဖွဲ့ဝင်တို့အား အင်္ဂလိပ်ကုန်သည် "ဂျော်ဒေါ်ဆင်" က ဖိတ်၍ညွှန့်ခံကျွေးမွေးသည်။ မြန်မာအဖွဲ့သည် ဝန်ထောက်တော်မင်း ခေါင်းဆောင်လျက် သွေးဆေးကန် ဆရာတော်ကြီး ဦးပြားထံသို့ မင်းတုန်းမင်းတရားက လှူဒါန်းသော သင်္ကန်းနှင့်လှူဘွယ်ဝတ္ထုများကို သွားရောက်ဆက်ကပ်သည်။

ရန်ကုန်မြို့ရှိ အင်္ဂလိပ်အစိုးရသည် ထီးတော်ပင့်ဆောင်လာသောအဖွဲ့ကို ညွှန့်သည်အဖြစ် လက်ခံပြုစုထားသော်လည်း မြို့တွင်းနှင့်ဘုရားကြီးသို့ လွယ်လင့်တကူသွားလာခြင်းကို မလိုလားဟန်ရှိသည်။ အကြောင်းမှာ ထီးတော်သစ်တင်ရန် ပြင်ဆင်နေဆဲအချိန်၌ မြန်မာအဖွဲ့ခေါင်းဆောင် ပုပ္ပားဝန်ထောက်မင်းသည် မိမိတည်းခိုရာအိမ်မှ ဘုရားကြီးသို့သွားလိုသဖြင့် ရထားငှားရန်ရှာဖွေစေရာ ရထားမရနိုင် ဖြစ်နေသည်။ အချိန်မှာလည်း နံနက် ၁၁ နာရီခွဲခန့် ရှိလေပြီ။ ထိုအခါ အနီးအနားသို့ရောက်လာသော ညွှန့်သည်ပါသည့်ရထားတစီးကို ရပ်တန့်ပြောဆို၍ ငှားရမ်းရသည်။ ပုပ္ပားဝန်ထောက်က "ခရီးလည်းဝေးသည်၊ နေလည်းပူပြင်းလှသည်၊ ငါလည်း အိုမင်းသည်ဖြစ်၍ မသွားနိုင်"ဟု ပြောဆိုသည်ကို ညွှန့်သည်က အားနာ၍ ရထားကိုပေးလိုက်ပြီး နေပူထဲတွင်လမ်းလျှောက်၍ ပြန်သွားရလေသည်။

### ထီးတော်ဟောင်းအချ

အောက်တိုဘာလ ၂၈ ရက်၊ စနေနေ့တွင် ထီးတော်ကို ကုန်းတော်သို့ ယူမည်ဖြစ်၍ လမ်းမတော်ကို ယာဉ် ရထား ဆင် မြင်း မရှိစေရန် ဖယ်ရှားထားသည်၊ ထို့နောက် ပိတ်ဖြူခင်းထားသော လမ်းအတိုင်း အဖွဲ့ ခုနစ်ဖွဲ့က နံနက် ရှစ်နာရီတွင် စတင်သယ်ဆောင်၏။ စည်တော်နှင့် အကအခုန် အတီးအမှုတ်များပါရှိသည်။ နံနက် ၁၁ နာရီတွင် ကုန်းတော်ပေါ်ရှိ မဖွားတန်ဆောင်းသို့ရောက်သည်။ ထိုနေ့တွင် ဘုရားဖူးပရိသတ် ငါးသောင်းကျော်

လာရောက်၏။ ရွှေ ငွေ စိန်ထည်များကို လှူဒါန်းကြ၏။ အချို့မှာ စေတနာထက်သန်လွန်းသဖြင့် ဆံပင်ကိုဖြတ်၍ လှူကြသည်။

ထီးတော်တွင် ကြပ်မတ်၍လုပ်ဆောင်သူမှာ ဗိသုကာကြီး ဦးလုပ် ဆိုသူ ဖြစ်သည်။ ထီးတော်ဟောင်းတွင် ကြေးဝါကတော့စွပ်၍ အရှင်ဆက်ထားသော သံတိုင်ကို တွေ့ရှိရသဖြင့် ထီးတော်အတင်အချ လွယ်ကူလိမ့်မည်ဟု ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြလေသည်။

ထီးတော်ဟောင်းချ၍ ထီးတော်သစ်တင်ရန်အတွက် ရက်ကန်းစင် (ရထားပျံ) ကို စက်ကြိုးနှင့်တပ်၍ စမ်းကြည့်သည်။ ရက်ကန်းစင်ကို ဘုရားကြီး၏ မြောက်ဖက်တန်တိုင်းမုတ်ဝမှ စက်တိုင်ထား၍တင်သည်။ စေတီတော်၏ဖောင်းရစ်အထက် ကြာအိုး ခွဲလုံးကိုထိမှ ရက်ကန်းစက်ရပ်သည်။ ရင်းခွဲလုံးနားမှတဆင့် ချယားသီးနှင့် ဆပ်သွားဖူး၏ ထိပ်ပျားရှိ ထီးတော်ဘုံဆင့်များကိုဝန်ချီမောင်းနှင့်ယူ၍ရက်ကန်းစက်ပေါ် သို့ချရသည်။ နေရာမကျယ်သောကြောင့် အထက်ဘုံငယ်နှစ်ဆူကို ရှမ်းအမျိုးသားများ လက်ဆင့်ကမ်း၍ ချကြသည်။ အကျိုးအပဲ့များကို တောင်းနှင့်ယူ၍ချရသည်။

ထီးတော်ကြီးကိုတင်ရန် ချရန်အတွက် ယန္တရားနှင့် ကရဝိတ် ငှက်ရုပ်ကြီးတခုကို စာဆိုတန်းရပ်နေ ပွဲစား ဦးလူကြီးက လှူဒါန်းသည်။ အလွန်ဆန်းကြယ်သော ငှက်ရုပ်ကြီး ဖြစ်၍ လူအများ ချီးမွမ်းအံ့သြကြရသည်။

ထီးတော်ဟောင်းကိုချရန်အတွက် ရက်ကန်းစင်ချောမောစွာ တက်သောအခါ ပထမချ၍ပြီးသော တတိယဘုံ၏အောက်မှနေ၍ ဒုတိယဘုံကိုချ၍ ယူကြသည်။ ရက်ကန်းစင်ဖြင့် ထီးတော်ချပုံကို အင်္ဂလိပ်မဟာဝန်ရှင်တော်မင်းကြီး လာရောက်ကြည့်ရှုလေသည်။ ထီးတော်ဟောင်းကို နိုဝင်ဘာလ ၁၄ ရက်နေ့မှစ၍ချရာ ၁၈ ရက်နေ့တွင် ပြီးစီးလေသည်။ ထီးတော်ကြီးတခုလုံး ရင်ပြင်ပေါ် သို့ရောက်သောအခါ ထမ်းယူခါနီးတွင် ဘုရားပေါ် ရှိ ပရိသတ်ကြီးက

အောင်ဘာလေ သပြေပန်းနှင့် ရေချမ်းလောင်း၊
ဘုန်းတော်ကြီး သက်တော်ရှေ၊ ဒီတတွေမှာ ရေချမ်းအိုး

ဟူသောသီချင်းကို ဝိုင်းဝန်းသီဆိုကြရာ အနီးအနားဝန်းကျင်တခုလုံး ပွဲတင်ထပ်သွားလေသည်။ ထို့နောက် အကအခုန်များဖြင့် ပျော်ရွှင်စွာကခုန်ကြသည်။ ထီးတော်ဟောင်းကြီးကို ဘုရားရှေ့ကပတ်၍ တောင်ဖက်မုတ်သို့ သယ်ဆောင်သွားပြီး နေရာချထားသည်။

## ခမ်းနားစည်ကားလှသော ကြုံတောင့်ကြုံခဲထီးတင်ပွဲ

**ထီးတော်သစ်အတင်**

ထီးတော်ဟောင်းကို စနေနေ့တွင် အောင်မြင်စွာ ချပြီးသွားသောအခါ တနင်္ဂနွေနေ့ (ခရစ်နှစ် ၁၇၇၁ ခု၊ နိုဝင်ဘာလ ၁၉ ရက်) တွင် ထီးတော်သစ်ကို ရက်ကန်းစက်နှင့်ပင် တင်၍ လှူဒါန်းလေသည်။ ထီးတော်သစ်တင်၍ လှူဒါန်းရာတွင် ရုတ်တရက် မအောင်မြင်ပဲ အခက်အခဲ တွေ့ရလေသည်။

ညနေ ၄ နာရီခန့်တွင် ထီးတော်သစ်၏ ပထမဘုံကို ရက်ကန်းစက်ဖြင့် တင်လိုက်ရာ အထက်သို့ ရောက်ခါနီး အတောင် ၂၀ ခန့်အကွာတွင် အရှေ့ဖက် လက်ဝဲ အစွယ်မှ အထက်ဆုံး စက်ကြိုးပြတ်၍ သွားလေသည်။ ထို့ကြောင့် ရက်ကန်းစက်သည် အရှေ့ဖက်သို့ စောင်း၍ ထိုနေရာကမတက်ပဲ ရပ်နေသည်။ အောက်မှ ကြိုးနှစ်ကြိုးက ခိုင်ခံ့သောကြောင့်သာ ပြုတ်မကျပဲရှိသည်။ ထိုနေရာတွင် အောက်ကိုလည်း မချနိုင်၊ အထက်ကိုလည်း မတင်နိုင်ပဲရှိရာ ငြမ်းကကြိုးနှင့်ဆွဲ၍ ဤအတိုင်းထားရသည်။ နိုဝင်ဘာလ ၂၀ ရက်၊ တနင်္လာနေ့တွင် တဖန်ပြင်ဆင်ပြီး စမ်းသပ်ပြန်ရာ စက်ဘီးသွားကျပ်၍ ကြိုးပြတ်သဖြင့် ငြမ်းအဆင့်ပေါ်တွင်ရပ်နေကြသော ရှမ်းအမျိုးသားသုံးဦးမှာ ကြိုးနှင့်ရိုက်မိပြီး ပစ္စယာပေါ်သို့ကျ၍ ဆုံးရှာ၏။

ထိုနောက် အင်္ဂါနေ့(နိုဝင်ဘာလ ၂၁ ရက်)ညနေ ၃ နာရီခန့်တွင် ရက်ကန်းစက်ပေါ်ရှိ ထီးတော်ကို ကြိုးနှင့်ချည်၍ အထက်က မောင်းနှစ်ဆင့်ဖြင့် ဆွဲ၍ယူကြရာ ငြမ်းပေါက်ဝသို့ ထီးတော်ရောက်ရှိသည်။ နာရီဝက်ခန့်အကြာတွင် ငြမ်းအတွင်းသို့ဝင်၍ ထီးတော်ကို ကြေးစလောင်းသံတိုင်မှာ တပ်ထားလိုက်နိုင်လေသည်။ ထီးတော်တွင်ပထမဘုံ(အောက်ဆုံးဘုံ)မှာ အကြီးဆုံးဖြစ်သဖြင့် ထိုဘုံကိုနေရာတကျ တပ်ဆင်ပြီးသောအခါ အခက်အခဲမရှိ ပြီးစီးနိုင်တော့မည်ဖြစ်သဖြင့် ဝမ်းမြောက်ဝမ်းသာဖြစ်ကြ၏။ "အောင်ဘာလေ" ဟုလည်း သီချင်းသံပြိုင် ကြွေးကြော်ကြလေသည်။

ထီးတော်တင်သည့်ပွဲသို့ လာရောက်ကြည့်ရှုကြသူ ပရိသတ်မှာ အလွန့်အလွန်ပင် စည်ကားများပြားလှပေသည်။ ထီးတော်တင်ပွဲ၏ ခမ်းနားစည်ကားပုံမှာ ကြုံတောင့်ကြုံခဲလည်းဖြစ်သည်။ ထို့ကြောင့် ထီးတင်ပွဲသို့ လာရောက်သောသူများက –

ငါတို့မှတ်မိသည့် အနှစ် ၇၀ အတွင်း အမရပူရမြို့တည် ဘေးတော်ဘုရား
လက်ထက် ဆဒ္ဒန်ဆင်ကို ကျူးသွင်းသောပွဲနှင့် ဘကြီးတော်ဘုရား
လက်ထက် အမရပူရမြို့ မြောက်ပြင်စေတီတော်ပွဲများမှာ လူတဖြစ်တွင်

> မမြင်ဘူးအောင် စည်ကားသည်။ ဤပွဲမျိုးကို မတွေ့နိုင်ပြီဟု အောက်မေ့သည်။ ယခု ထီးတင်ပွဲတော်မှာ ထိုပွဲမျိုးထက်သာ၍ လူများသည်။

ဟု ပြောကြလေသည်။

စေတီကုန်းတော်ပြင်တွင် မတိုးမဝှေ့ပဲ သွားချိရသောနေရာဟု မရှိတော့ပေ။ ထိုလူအုပ်ကြီးထဲတွင် တီးမှုတ် ကခုန်နေသူတို့မှာလည်း အလွန် များပြားလှသည်။ ဘုရားဖူးလာသမျှလူများအနက် ခြောက်ပုံ ပုံလျှင် တပုံမျှသောသူတို့ကသာ မကမခုန်ပဲ နေသည်။ ကျန်လူတို့မှာ ကခုန်ကြသည်ဟု ဆိုလေသည်။

ထီးတော်ကြီး၏ ပထမဘုံကိုတင်၍နေစဉ် ဗိုလ်တထောင်အရပ်တွင် မိုးကြီးလောင်သည်။ အိမ်ခြေပေါင်း ၂၀၀ ကျော်ပါသွားသည့်အထဲတွင် ဘုရားပေါ်သို့ လာရောက်ခဲ့ကြသော ပရိသတ်ထဲမှ ဘုရားဖူးတို့၏ အိုးအိမ်ပစ္စည်းများလည်း ပါဝင် ဆုံးပါးသွားခဲ့သည်။ မီးဘေးသင့်သောရပ်ကွက်မှ ဘုရားဖူးတို့သည် မီးသင့်သည်ကိုပဓာနမထားပဲ ''ထိုမီးလောင်ရာပါသမျှပစ္စည်းကား ထီးတော်ကို လှူလိုက်ပါ၏'' ဟူ၍ပင် ပြောဆိုလျက် မပင်မပန်း ရွှင်လန်းရယ်မောလျက်သာ နေကြလေသည်။

အချို့ ကြည်ညိုသဒ္ဓါရှိကြသူများမှာလည်း မိမိတို့ကိုယ်ကို နာကျင် ပင်ပန်းမည်ကို ပဓာနမထားပဲ ထီးတော်တင်ရာတွင် သက်စွန့်ကြိုးပမ်းလုပ်ကိုင်ကြသည်။ ရက်ကန်းစင်ပေါ်မှ ထီးတော်ကို အထက်သို့တင်ရန် ကြိုးပြင့်ဆွဲ၍ ယူသောအခါ ထီးတော်ကို ငြိမ်းနှင့်ထိခိုက်မည် စိုးသောကြောင့် ရှမ်းအမျိုးသားများသည် ပခုံးဖြင့်ထမ်း၍ ကျောနှင့်ခံပြီးတက်ကြလေသည်။

ဤသို့ဖြင့် ရွှေတိဂုံစေတီတော်သို့ မင်းတုန်းမင်းတရားကြီးလှူဒါန်းသော ထီးတော်နှင့် အောက်မြန်မာနိုင်ငံရှိ ဗုဒ္ဓဘာသာတို့ လှူဒါန်းသော ရွှေငွေရတနာအစုစုတို့သည် အများ စိုင်းဝန်းကြိုးပမ်း လုပ်ဆောင်ကြသည့် အကျိုးကြောင့် စေတီတော်၏အထွတ်တွင် စံပယ် နိုင်ခဲ့လေသည်။ ထီးတော်ပထမဘုံတင်၍ ပြီးစီးသည့်အချိန်ကို မြန်မာဂဇက်သတင်းစာ က

> သာသနာတော် ၂၄၁၅ နှစ်၊ ကောဇာသက္ကရာဇ် ၁၂၃၃ ခု၊ နတ်တော်လဆန်း ၁၀ ရက်၊ အင်္ဂါနေ့၊ ၃ ချက်တီးကျော်၊ ၁ နာရီ၊ ၂ ပါဒ်၊ ၁၄ ဗီဇနာ၊ ၄ ပြန်၊ ၂ ခရာ၊ မိဿလဂ်၊ မိန်စန်း၊ အင်္ဂါတြင်း၊ အင်္ဂါနဝင်း၊ လက်စီးနက္ခတ်၊ ၁ ပါဒ်ပြည့်၊ အစွန်း ၁ တိ ၇၅၊ ထိုနာရီ၏ ဘဝါးသော်ကား ၁၆ ဘဝါးပြည့် အချိန်တွင် ထီးတော်ကြီး ပထမဘုံတင်၍ အပြီးတိုင်သည်

ဟု မှတ်တမ်းတင်ထားလေသည်။

## ထီးတော်ကြီး၏ ဘုံဆင့်များ
## အတိုင်းအတာနှင့်တန်ဖိုး

မင်းတုန်းမင်းတရား၏ ထီးတော်မှာ ဘုံခုနစ်ဆင့်ရှိရာတွင် ပထမဘုံဟုခေါ်သော အောက်ဆုံးဘုံမှာ အဝ ၁၄ ပေနှင့် ၉ လက်မရှိ၍ အရပ် ၃ ပေနှင့် ၆ လက်မရှိသည်။ ဒုတိယ ဘုံမှာ အဝ ၁၀ ပေနှင့် ၆ လက်မရှိ၍ အရပ် ၂ ပေနှင့် ၉ လက်မရှိသည်။ တတိယဘုံမှာ အဝ ၇ ပေနှင့် ၆ လက်မရှိ၍ အရပ် ၂ ပေနှင့် ၆ လက်မရှိသည်။စတုတ္ထဘုံမှာ အဝ ၆ ပေနှင့် ၃နှံ လက်မရှိ၍ အရပ် ၂ ပေရှိသည်။ ပဥ္စမဘုံမှာ အဝ ၅ ပေရှိ၍ အရပ် ၂ ပေရှိသည်။ ဆဋ္ဌမဘုံမှာ အဝ ၄ ပေနှင့် ၃နှံ လက်မရှိ၍ အရပ် ၁ ပေနှင့် ၉ လက်မရှိသည်။ ထိပ်ဆုံးဘုံဖြစ်သော သတ္တမဘုံမှာ အဝ ၃ ပေနှင့် ၄ဒ္ဒ လက်မရှိ၍ အရပ် ၂ ပေနှင့် ၆ လက်မရှိသည်ဟု ကုန်းဘောင်ဆက် မဟာရာဇဝင်၌ အမှတ်အသား တွေ့ရလေသည်။

ထီးတော်ကြီး၏ အထက်ကလပ် ဆတ်သွားဖူးမှ ငှက်မြတ်နားနှင့် စိန်ဖူးအထွတ်အထိအရှည်မှာ ၂၁ ပေနှင့် ၅ဒ္ဒ လက်မ ရှိလေသည်။ ထီးတော်ကြီး၏အရပ်နှင့် စိန်ဖူးအထိဖြစ်သော ပိန္နဲတိုင်၏ အရပ်တို့ကို ပေါင်းသော် ဥာဏ်တော်စုစုပေါင်း ၃၃ ပေနှင့် ၆ လက်မရှိလေသည်။



မင်းတုန်းမင်းတရားကြီး လှူဒါန်းခဲ့သော
ထီးတော်ကို ယနေ့ ဖူးမြင်ရပုံ

ရတနာပုံရွှေမြို့တော်တွင်ပြုလုပ်သော ထီးတော်ကြီးတွင် ရွှေသားချိန် ၂၀,၂၂၉ ကျပ်နှင့် ၄ မူးသား ပါဝင်သည်။ ကျောက်ကောင်း ကျောက်မြတ်နှင့် နဝရတ်ကိုးပါး ပါဝင်သော ကျောက်မျက်အလုံးပေါင်း ၃၆,၄၁၁ လုံးပါဝင်လေသည်။

ထီးတော်ကြီး၏ ထိုခေတ်ကာလတန်ဖိုးမှာ စုစုပေါင်းကျပ် ၁,၄၀၀,၄၇၀ နှင့် ၉ မူး (၁၄ သိန်းကျော်)ဖြစ်သည်။ ထိုအလှူတန်ဖိုး အစုစုတွင် မင်းတုန်းမင်းတရားကြီး၏ အလှူတော်မှာ ၉၄၁,၄၅၂ ကျပ်၊ ၆ မူး။ ထီးတော်ဟောင်းမှ ရရှိသော ရတနာတို့၏ တန်ဖိုးမှာ ၁၂၆,၃၂၈ ကျပ်၊ ၅ မူး၊ ၁ ပဲ နှင့် အောက်မြန်မာနိုင်ငံ လူထုကောင်းမှု တန်ဖိုးမှာ ၃၃၂,၆၇၉ ကျပ်၊ ၇ မူးနှင့် ၁ ပဲ ဖြစ်သည်ဟု အမှတ်အသားရှိလေသည်။

## မြတ်ဘုရားရွှေတိဂုံ

ထို့နောက် ခရစ်နှစ် ၁၇၇၁ ခု၊ နိုဝင်ဘာလ ၂၂ ရက်၊ ဗုဒ္ဓဟူးနေ့ မွန်းတည့်ခန့်မှစ၍ ထီးတော်၏ ဒုတိယဘုံ၊ တတိယဘုံ၊ စတုတ္ထဘုံလေးဘုံတို့ကို ချောမောစွာတင်ခဲ့ရာ ညနေ ၆ နာရီခန့်တွင် ပြီးစီးသည်။ နိုဝင်ဘာလ ၂၃ ရက်နေ့တွင် တဖန် ရက်ကန်းစက်ကြီးကိုချတ်၍ ရက်ကန်းစင်ငယ်ဖြင့်စက်တပ်ပြီးလျှင်ထီးဘုံငယ်များကိုတင်ရာ ထိုနေ့တွင် အလုံးစုံစေတီတော်ပေါ်သို့ ရောက်လေသည်။ ထီးတော်ကြီးတခုလုံး စိန်ဖူး ငှက်မြတ်နား အပါအဝင် နိုဝင်ဘာလ ၂၆ ရက်နေ့တွင် အောင်မြင်စွာတင်လှူ၍ပြီးသဖြင့် ပြည်သူပြည်သား စေတနာရှင်အများမှာ ရွှေးကနည်းတူပင် ကခုန်ကြလေသည်။

ရွှေတိဂုံစေတီတော်ကြီး၏ ထီးတော်ကို တင်လှူသော ဒါယကာမှာ မင်းတုန်းမင်းတရားကြီးပင်ဖြစ်သည်။ သို့ရာတွင် ထီးတော်ကြီး ရန်ကုန်မြို့သို့ရောက်ရှိသည့်အခါ ရန်ကုန်မြို့သူမြို့သားတို့က ထိုထီးတော်ကြီးနှင့်အတူ စေတီတော်အထွတ်သို့တင်လှူရန် ကြည်ညိုသဒ္ဓါထက်သန်စွာဖြင့် ရွှေငွေ ကျောက်သံပတ္တမြားတို့ကို အများအပြားပင်လှူဒါန်းပြန်သည်။

ထိုအလှူ့ရှင်တို့၏ သဒ္ဓါဗလဝကြည်ညိုစွာလှူဒါန်းကြသည်ကို တားမြစ်၍မသင့်လျော်သဖြင့် ထီးတော်ကြီးကို မန္တလေးမြို့မှ တာဝန်ယူ ပင့်ဆောင်လာခဲ့ရသော ပုပ္ပားဝန်ထောက်မင်းသည် ရန်ကုန် မြို့သူမြို့သားတို့ လှူဒါန်းကြသော ရွှေ ငွေ ပစ္စည်းများကို ငှက်မြတ်နားတော်တွင် ထိုးဖောက်ချိတ်ဆွဲ၍ လှူဒါန်းခွင့်ကို အကြည်အသာ ခွင့်ပြုခဲ့ရလေသည်။

မြန်မာဂဇက်သတင်းစာအရ ဘုရားကုန်းတော်ပေါ်တွင် ကြီးကြပ်လုပ်ဆောင်လျက်ရှိသော လူကြီးများကို ပုပ္ပားဝန်ထောက်မင်းက ပြောကြားသည်မှာ –

> ဘုန်းတော် ကြီးလှသော မြန်မာတိုင်းကြီးသခင် ဘဝရှင် မင်းတရားကြီးဘုရားကလှူဒါန်းတော်မူလိုက်သော ငှက်မြတ်နားတော်ကို ထိုးဖောက်၍ ထည့်လှူကြစေဟု ဘုရားအမိန့်တော်မြတ်ကို ဦးထိပ်ထက်ဆင ရွက်ခဲ့ရသည်မဟုတ်၊ ယခုမှာမူကား သဒ္ဓါတရားအားကြီးလှသော လူအမျိုးမျိုးသူတော်ကောင်းတို့က ပုလဲ၊ ပတ္တမြား၊ စိန်၊ မြ အစရှိသော ရတနာကျောက်မြတ်များကို ငှက်မြတ်နားတော်၌ ဖောက်ထွင်းတပ်ထားထည့်လှူကြသည်များကို ကျုနုပ်လည်းအလွန်ဝမ်းသာရှိလှ၍မတားဆီးမပြောဆိုပြီ။ အသက်အရွယ်လည်း ကြီးရင့်ပြီ ဖြစ်၍ ငှက်မြတ်နားတော်ကိုထိုးဖောက်တပ်ထား ထည့်လှူစေသောအတွက်ကြောင့် ကျုနုပ်ကိုဘဝရှင်မင်းမြတ် ကွပ်မျက်တော်မူလျှင်လည်း ခံတော့မည်

ဟု ဖြစ်လေသည်။

## ထီးတော်တင်ပွဲမှ သံချပ်များနှင့်ရတုများ

ထိုနှစ် ခရစ်နှစ် ၁၈၇၁၊ ဖေဖော်ဝါရီလ (၁၂၃၃ ခု၊ တပေါင်းလပြည့်နေ့)တွင် ကျင်းပပြုလုပ်သော ရွှေတိဂုံဘုရားပွဲမှာ ထီးတော်တင်သောနှစ်နှင့် ကြုံကြိုက်သဖြင့် ခါတိုင်းနှစ်များထက်ပင် စည်ကားလေသည်။ ဘုရားဖူး ပရိသတ်များ၊ စတုဒိသာကျွေးမွေးလှူဒါန်းကြသော အလှူဒါနများမှာလည်း များပြားလှသည်။

ထီးတော်တင်ပွဲကြီး ပြီးစီးသွားသည့်နောက် အောက်မြန်မာနိုင်ငံထုတ် မြန်မာသတင်းစာများတွင် ထီးတော်တင်ပွဲအတွင်းက ရွတ်ဆိုကြသော သံချပ်များ၊ ထီးတော်တင်ပွဲအကြောင်း စပ်ဆိုရေးသားသော ရတုများ၊ ဆည်းလည်းတော်သံ တေးထပ် လင်္ကာများကို ရေးသားဖော်ပြကြသည်။

**သံချပ်များတွင်**

" ရေလိုတော့ မြို့ရန်ကုန်၊ သိကြားဘုံနှင့်ပေးလို့မလဲ "
" ထီးတော်ပွဲမို့ နွဲ့ပျော်ရှင်၊ ခြောက်ရွာနတ်ခွင် ရောက်လိမ့်မလွဲ "
" နေရောင်လျှပ်သည့် ထီးတော်ရှင်၊ မတင်ခင်က ပွဲတခြိမ့်ခြိမ့် "
" မကြုံဘူးတဲ့ ဂုဏ်ထူးတွေ၊ သေသူကိုပင် တရသည့်ပွဲ "
" လေးမွေ့မြန်းတဲ့၊ နန်းတိဂုံ၊ အကမျိုးစုံလှူလိုက်ကြစို့ "
" ကတွင်းလဲလို့ သေချင်သေ၊ ငါမနေဘူး မတားကြနှင့် "

စသည်တို့ ဖြစ်သည်။ ထို့ပြင် ဘာသာဘာဝ ပျော်ကြပါးကြ၊ တဦးနှင့်တဦး စောင်းမြောင်းပြက်ရယ်ကြသော သံချပ်အချို့ကိုလည်းတွေ့ရသည်။

" စိန်နားတောင်းနှင့် မျက်ခုံးထူ၊ လူလိုသူလို လင်များနေလို့ "
" အသားမဲကို အရောင်တင်၊ ထီးတော်တင်နှင့် ဘာဆိုင်သလဲ "
" စွန်တောင်မြှောက်လို့တကောက်ပေါ်၊ မင်းကတော်ယောင် ဖိုးရိုးဘွားရား "

စသည်တို့ ဖြစ်လေသည်။

ညောင်တုန်းမြို့နေ မောင်ကျော်ရန်ဆိုသူက ဘုရားထီးတော်တင်ရာတွင် ကြီးကြပ်သော လူကြီးငါးဦးကိုရည်စူး၍ ဩဘာသံ ပိုဒ်စုံရတုဖွဲ့သည်။ ထားဝယ်မြို့ကလာ၍ ရန်ကုန်မှာ စာဆိုသော မောင်ဆုသာကလည်း ရတုဖွဲ့သည်။ မောင်ဆုသာက —

တင့်ဆန်းထွေလာ၊ ခြောက်ရောင်ဖြာသား၊ တေဇာဖြိုးညွန့်၊ တန်ခိုးကွန့်သည်၊ မိုဃ်းဝှန့်အောက်မြေ၊ ကိုးဂုဏ်ဝေလျက်၊ ဆံကေပျော်လျောင်း၊

မွှေသည့် ကျောင်းကို၊ အပေါင်းသတ္တဝါ၊ မင်းဖြူဟွာနှင့်၊ ဗုန္နာလူနတ်၊
ကိုးရည်မှတ်လျက်၊ မြတ်သမုဒ်ိန်၊ ကေရိန်၏၊ လှူရှိန်ရောင်ညီး၊ တင်ရွှေ
ထီးသည်၊ ကြိုးဆီးဗိုလ်ထု နှုးအောင်သော။ ။

ဟူ၍ ပိုဒ်စုံတွင် ပထမပိုဒ်၌ ဤသို့စပ်ခဲ့သည်။

ဆည်းလည်းတော်သံ ဝေးသပ်များရေးဖွဲ့ရာတွင် "နောင်နောင်" ဆိုသူက မြန်မာ

ဂေဇက်သတင်းစာ၌ —

နောင်နောင်နှင်နှင် ဘဝင်စိမ့်၊ နောင်နှင်မြူးငြိမ့် သံသာသာ၊
ဘောင်ရင်မူးစိမ့် တိတ်ချိန်ခါဝယ်၊ နိဗ္ဗာန်မြတ် ကူးတို့မူး၊
ပန်ဆုညောင်းသည့်၊ လောင်းဗုဒ္ဓဝင်ကို၊
မကြာမီပင် ပွင့်ကြောင်းဘန်လို့ကြူး

စသည်ဖြင့် ရေးဖွဲ့စပ်ဆိုသည်။

## မင်းတုန်းမင်းတရားကြီး၏ နောက်ထပ်ကောင်းမှုများ

မင်းတုန်းမင်းတရားကြီးသည် ခရစ်နှစ် ၁၈၇၂ ခု၊ မတ်လတွင် စေတီတော်ကို ဘိနပ်တော်အထိ ရွှေချရန်အတွက် ရွှေဆိုင်းပေါင်း ၁၈,၀၀၀ နှင့် သစ်စေးအချိန် တသောင်း ထပ်မံပေးပို့ လှူဒါန်းလေသည်။

၁၈၇၃ ခုနှစ်တွင် ဘုရားကြီး အရှေ့ဖက် စောင်းတန်းအဆင်း ဗဟန်းရပ်ကွက်တွင် ကျောင်းတော်ရာ မြေကိုလည်း ရယူလှူဒါန်းသည်။ ၁၈၇၅ ခုနှစ်တွင် မန္တလေးသို့ သွား ရောက်သော ဂေါပကလူကြီး ဦးဖိုးညွှန်းမှတဆင့် မုတ်ဦးစေတီလေးဆူနှင့် စေတီရံ ၆၄ ဆူ အတွက် ပုံတော်မှီရွှေဆိုင်း ၅၀၀၀ နှင့် သစ်စေး ၁၈၀၀ ကိုလည်းလှူဒါန်းလိုက်လေသည်။

## မြန်မာအဖွဲ့ နေပြည်တော်သို့ ပြန်ပြီးနောက်

ထီးတင်ပွဲပြီးသည်နောက် နိုဝင်ဘာလ ၂၇ ရက်နေ့တွင် ပုပ္ပါးဝန်ထောက်နှင့် အဖွဲ့ကို မန္တလေးနေပြည်သို့ ပြန်ရန် ရန်ကုန်ဆိပ်ကမ်းသို့ လိုက်ပါ ပို့ဆောင်ခဲ့ကြသည်။ ထိုအခါ တွင်မှ အင်္ဂလိပ်အစိုးရ၏ ရင်ထဲတွင် တစ်ဆို့နေသော အလုံးကြီး ကျသွားလေသည်။ ထီးတော်တင်ပွဲအကြောင်းကို အိန္ဒိယအစိုးရထံသို့ တင်ပြအစီရင်ခံသော မဟာဝန်ရှင်တော် မင်းကြီး၏ စာတွင် —

ငြိမ်းချမ်း၍ စည်ကားသော ကုသိုလ်တော်ပွဲ

> ထီးတော်ကိစ္စအတွက် အုတ်အော်သောင်းသဲဖြစ်ရသည့်ကိစ္စမှာ လုံးဝမပေါ် ပေါက်ခဲ့လျှင် ပိုမိုကောင်းမွန်လိမ့်မည်ဟု မဟာဝန်ရှင်တော်မင်းကြီးက ထင်မြင်ပါသည်

ဟု ဖော်ပြပြီးနောက် အဆိုးထဲမှ အကောင်းထွက်ပေါ်လာပုံကို ထပ်မံဝန်ခံထားသည်။

> ဤကိစ္စကြောင့် တိုင်းသူပြည်သားများတွင် အထူးကျေနပ်ဖွယ် အခြေအနေများ ပေါ်ပေါက်ခဲ့ပါသည်။ ယင်းတို့၏ ယုံကြည်အားထားမှုကိုလည်း ပြည့်ဝစွာ ပြန်လည်ဖန်တီးနိုင်ခဲ့ပါသည်။ တိုင်းပြည်အနှယ်နယ်အရပ်ရပ်မှ လူများသည် ရန်ကုန်မြို့သို့ တစုတဝေး ရောက်ရှိလာခဲ့ကြပြီး စိစဉ်တကျ ငြိမ်းချမ်းစွာ အုပ်ချုပ်ထားခြင်းကို တွေ့မြင်သိရှိသွားခဲ့သည့်အားလျော်စွာ ကျွန်ုပ်တို့၏ အင်အားနှင့်တကွ ကျွန်ုပ်တို့က (မြန်မာ) ဘုရင်အပေါ်တွင် အကြည်အသာ ဆက်ဆံသည်ဆိုသော အချက်ပေါ်တွင် ယခင်ကထက် အထင်အမြင်ကောင်း၍ သွားကြောင်း သံသယဖြစ်ဖွယ် မရှိပါ

ဟူ၍ရင်း၊

> လူအများ စုဝေးလာရောက်ကြသည့် အချိန်အတွင်း (ရန်ကုန်)မြို့သည် မှုခင်းကိစ္စ၌ မည်သည့်အခါကနှင့်မျှ မတူအောင် ချေမ်း ငြိမ်သက်လှပါသည်။ သို့သော် ကျွန်ုပ်တို့မြော်လင့်ထားခဲ့သည်ကား ခြားနားသောအခြေအနေများဖြစ်ပါသည်

ဟူ၍ ဆက်လက်ရေးသားထားခဲ့သည်။

အင်္ဂလိပ်လက်အောက်ရှိ မြန်မာလူထုမှာ သူတို့တွေးထင်သကဲ့သို့ နိုင်ငံရေး ဆူပူလှုံ့ဆော်မှုများကို အာရုံမပြုအား။ ကုသိုလ်ရေးမှို့ ချွေးတလုံးလုံး ဆိုသကဲ့သို့ ရွှေတိဂုံစေတီတော်ကြီး၏ အလှူပွဲအတွက် ကြည်ညိုမှု၊ သဒ္ဓါမှု၊ ဒါနမှု၊ ကုသိုလ်မှုတို့ဖြင့် မအားမလပ်အောင် ရှိနေကြသည်။

ရန်ကုန်သို့ ရောက်ရှိနေသော ဘုရားဖူး လူထုပရိသတ်ကြီး၏ အခြေအနေကို စောင့်ကြည့်နေရသော အင်္ဂလိပ် ရာဇဝတ်ဝန် မေဂျာဒန်းကင်းက သူ့အစီရင်ခံစာတွင် အောက်ပါအတိုင်း ဖော်ပြသည်။

> ထိုမျှများပြားသော လူထုပရိသတ်ကြီး လာရောက်ကြခြင်းကြောင့် ရာဇဝတ်မှုခင်းများနှင့် ကသောင်းကနင်း ကိစ္စများကို ကြုံတွေ့စရာ ရှိသည်ဟု ကြိုတင်ပူပန်ထားမိပါသည်။ သို့သော်ထိုသို့မဖြစ်ဘဲ စိတ်ချမ်းသာဘွယ်ရာ လုံးလုံးလျားလျား တဘာသာအားဖြင့် ကြုံတွေ့ခဲ့ရသည်။ ထီးတော်ကို တင်ခြင်း၊ လှူဒါန်းလည်ခြင်းနှင့် ကုန်းတော်ပေါ်တွင် အရေးပါသော နေ့ရက်များ၌ မည်သည့်အနှောက်အယှက် ရုန်းရင်းဆန်ခတ်မှုမျှ မဖြစ်ပွားခဲ့ပါ။ ခိုက်ရန်ဒေါသဖြစ်ခြင်း၊ ဂိုဏ်းဂဏစိတ်ထားခြင်း၊ သို့မဟုတ် နိုင်ငံရေးဆန္ဒပြခြင်းများ မည်သည့်ပုံစံဖြင့်မျှမဖြစ်ပွားခဲ့ပါ။ ဘာသာရေး သဒ္ဓါကြည်ညိုမှု ထက်သန်ခြင်းများကိုကား ထုံးစံအတိုင်း လွှန်လွှန်ကဲကဲ တွေ့ရှိရပါသည်။ အိုးစည်ဗုံမောင်းတီးခြင်း၊ ထင်သလို က,ကြ၊ ခုန်ကြခြင်းစသော အမှုများဖြင့် စိတ်နှောက်ကိုယ်ပါ အဆီးအတားမရှိ ပြုလုပ်ကြပါသည်။ သို့ရာတွင် ဆူညံခြင်း၊ စိတ်နှောက်ကိုယ်ပါ ပြုကြခြင်းအပြင် စည်းမဲ့ကမ်းမဲ့ လုံးဝမရှိပါ။ လူအများ၏ အပြုအမူမှာ ထူးထူးခြားခြားသေဝပ်ပြီး အကြီးအကဲများ၏ ထိန်းသိမ်းစိမံရာကို နာခံတတ်ကြောင်း တွေ့ရပါသည်။ မြို့မိမြို့ဖများ၊ အရပ်လူကြီးများကလည်း ချောချောမောမော ထမြောက်အောင်မြင်အောင် အားထုတ် စောင့်ရှောက်ကြပါသည်

ဟု ဖော်ပြထားလေသည်။

## ထီးတင်ပွဲအပြီး၌ရောက်လာသူ

မင်းတုန်းမင်းတရားကြီး၏ ထီးတော်တင်ပွဲတွင် လူထု ပရိသတ် တသိန်း ကျော် တက်ရောက်ခဲ့ကြသည်။ ထိုပွဲနှင့်ယှဉ်သော် အိန္ဒိယဘုရင်ခံချုပ် လော့ဒ်မေရိုး အောက်မြန်မာနိုင်ငံသို့ လာရောက်သောပွဲသည် ကြက်ပွဲ ငှက်ပွဲ တမျှသာဟုဆိုကြသည်။ ထီးတော်တင်ပွဲပြီးသည့်နောက် နှစ်လခန့်အကြာတွင် ဘုရင်ခံချုပ်မေရိုးသည် ရန်ကုန်သို့ ရောက်ရှိလာလေသည်။ ၎င်းအား ထီးတော်ကြိုသော ဆိပ်ကမ်းမှနေ၍ ထီးမြှူနှစ်စင်းဖြင့် မိုးရံ၍ကြိုဆိုသည်၊ ထီးတော်ကိုကြိုစဉ်က ကမ်းလုံး ညွှတ်မျှဖြစ်ရာ ဘုရင်ခံချုပ် လာရောက်သောအခါ ကြိုဆိုသူနည်းပါးနေသဖြင့် ဗြိတိသျှ အာဏာပိုင်တို့က မကျေနပ်သဖြင့် လက်အောက် မြန်မာအရာရှိများအား ထုချေလျှော့ တောင်းရသည်အထိဖြစ်ခဲ့သည်။

ထိုပွဲသို့ မြန်မာမင်းပိုင် အထက်မြန်မာနိုင်ငံကလည်း ချစ်ကြည်ရေးအလို့ငှါ မြန်မာ

## အချုပ်တန်း ဆရာဖေ၏ တေးထပ်

ဇာတ်သဘင်အဖွဲ့တဖွဲ့ကို စေလွှတ်ပေးသည်။ ထိုအဖွဲ့တွင် အချုပ်တန်းဆရာဖေက ကြီးကြပ်၍ လိုက်ပါလာရသည်။

ဘုရင်ခံချုပ်သည် ရန်ကုန်မြို့မှတဆင့် ခရီးဆက်၍ တကျွန်းဟုခေါ်သော အင်ဒမန်ကျွန်းသို့ ဝင်ရောက်စစ်ဆေးကြည့်ရှုရာ အကျဉ်းသားတဦးက ဘုရင်ခံချုပ်အား အမှတ်မဲ့ဝင်၍လုံးပြီး ဓားနှင့် နှစ်ချက်ဆင့်ထိုးလေသည်။ ထိုသတင်းကြားရသော မန္တလေးမြို့နေ အချုပ်တန်းဆရာဖေသည် အောက်ပါတေးထပ်ကို သီကုံးသည်။

ထီးဖြူရုံပြာသာဒ်နှင့်၊ မအပ်သည့်အရာ၊
လပ် (လော့ဒ်) ဆိုသည့်မိစ္ဆာ၊ ပိတ်ရှာပြီ ဇီဝိ။ ။
ဖုန်းမတန့်ဖုန်းတန့်ကြံတယ်၊ ဆုံးရပ်နံကြားတဲ့ဝိစိ။ ။
မင်းတုတုခွေးသေသေ၊ သွေးတွေတွေယိုဘိ၊
လပ်ရန်ကိုဆဒ္ဒန်ဖိ၊ နတ်ဖန်သည့်ဖုန်းတော်။ ။
ကျွန်းစကော်ပုတလွှား၊ ရွှေဓားသွား သတ်ရလိမ့်နော်။ ။
လှေကားထက်အပေါ်မှာ၊ ထီးဖြူတော် နှစ်လက်ကြောင့်၊
အသက်ထွက်လွယ်စေ၊ ဓားနှစ်ချက်မွေ့။ ။
လေးလက်ဖြင့် လေးချက်မွေ့မယ်၊ ဘေးသက်သေ လက်ငင်းကွဲလေး။ ။

အချုပ်တန်း ဆရာဖေသည် အရေးပိုင်ကာနယ်ဖိုက်ချ် နေပြည်တော်သို့ လာစဉ်ကပင် ထီးဖြူနှစ်လက်ဆောင်း၍ တက်သဖြင့် မျက်မုန်းကျိုးနေသူဖြစ်ရာ ယခုကဲ့သို့ ဘုရင်ခံချုပ်ကွယ်လွန်သွားသည်ကို သိသောအခါ မအပ်မရာ ထီးနှစ်လက်ဆောင်းခဲ့သောကြောင့် ဓားဖြင့်နှစ်ချက် အထိုးခံရသည်။ ထီးဖြူလေးလက်ဆောင်းပါက လေးချက်ပင် အထိုးခံရလိမ့်မည်ဟု အားရပါးရ ရေးလိုက်ပေသည်။

အချုပ်တန်း ဆရာဖေက ဤသို့စာဖွဲ့ကြောင်းကို အောက်မြန်မာပြည်မှ အင်္ဂလိပ်အစိုးရ ကြားသိသောအခါ မိတ်ဆွေအချင်းချင်းကို ဤသို့မဆိုသင့်ကြောင်း၊ စာဆိုသူကို အရေးယူပါရန် ကန့်ကွက်စာပေးပို့လေသည်။ ထိုအခါ မင်းတုန်းမင်းတရားကြီးက ဆရာဖေကို အကျယ်ချုပ်ဖြင့် ဖွားဘက်ကျော်တန်းတွင် ထားစေသည်။ ဆရာဖေက ဖြစ်ရပုံကို မကျေနပ်သဖြင့် "သမုတိအတွက် ဝေက်ကဒဏ်ခံ၊ အထက်ကအတန်တန်ကို၊ ကြံဖန်လို့မသိ....'' စသောတေးထပ်ဖြင့် မိမိအမှုတော်ထမ်းခဲ့ပုံ၊ အင်္ဂလိပ်လက်အောက် မြန်မာနိုင်ငံသို့ မင်းစေလွှတ်၍ သွားခဲ့ရပုံတို့ကို စကားနာထိုးကာ ရေးစပ်ဆက်သွင်းတော့မှ ဆရာဖေကို အချုပ်မှ လွှတ်စေခဲ့လေသည်။

ထိုခေတ် မြန်မာတို့သည် မိမိတို့တိုင်းပြည်ကို ကျူးကျော်သိမ်းပိုက်၍ တမင်းတချင်း ဝင့်ဝင့်ထယ်ထယ်နေကြသော သူများအား ဆန့်ကျင်ခဲ့သော သာဓကတရပ်ဖြစ်ပေသည်။

## မြန်မာနိုင်ငံ အင်္ဂလိပ်လက်အောက်သို့ ရောက်ပြီးနောက်

ခရစ်နှစ် ၁၈၈၆ ခု ဇန်နဝါရီလ ၁ ရက်နေ့တွင် မြန်မာနိုင်ငံကို အပြီးအပိုင် သိမ်းယူကြောင်း ဗြိတိသျှအစိုးရကကြေညာသည်။ ရွှေတိဂုံ စေတီကြီးတည်ရာ ရန်ကုန်မြို့ကား ၁၈၅၂ ခုနှစ်ကပင် အင်္ဂလိပ်အစိုးရ၏ လက်အောက်သို့ ရောက်ရှိနေခဲ့ပေသည်။ ၁၈၈၅ ခု၊ နိုဝင်ဘာလ ၂၉ ရက် (၁၂၄၇ ခု၊ တန်ဆောင်မုန်းလဆုတ် ၈ ရက်) နေ့တွင် မန္တလေးမှ အင်္ဂလိပ်တပ်များ ခေါ်ဆောင်ရာသို့ ပါတော်မူခဲ့ရသော မြန်မာတို့၏ နောက်ဆုံးဘုရင် သီပေါမင်းသည် ဒီဇင်ဘာလထဲတွင် ရန်ကုန်မြို့သို့ရောက်ရှိသောအခါ ရွှေတိဂုံစေတီတော်ကြီးအား မြစ်လယ်ရှိသင်္ဘောပေါ်မှသာ ဖူးမြော်ခဲ့ရလေသည်။

တိုင်းတပါးလက်အောက်မှ ဗုဒ္ဓဘာသာဝင်မြန်မာတို့သည် အမျိုးဘာသာ သာသနာကို ဆက်လက် စောင့်ရှောက် ခဲ့ကြရာ ရွှေတိဂုံ စေတီတော်ကြီးမှာလည်း ပြုစုစောင့်ရှောက် ကိုးကွယ်သူ ဒါယကာ ဒါယိကာမများ၏ အလှူဒါနနှင့် ပြုပြင်ထိန်းသိမ်းမှုများကြောင့် တင့်တယ်သပ္ပါယ်စွာ ဆက်လက်တည်ရှိခဲ့ပေသည်။

ထိုအချိန်တွင် ကုန်းတော်ပေါ်၌ အင်္ဂလိပ်စစ်တပ်များလည်း ရှိသေးသည်။ ဘုရားပေါ်သို့ ဖောင်းဘိဝတ် လူမျိုးခြားများသည် မြန်မာတို့ အလေးအမြတ်ပြုသော ထုံးနည်းအတိုင်းမဟုတ်ပဲ ဘိနပ်များစီး၍ တက်ရောက်သွားလာလျက် ရှိကြသေးသည်။ တခါတရံတွင် ဘုရားဆင်းတုများ၊ ပစ္စည်းများကို ဆက်လက်ခိုးယူ လုယက်ခြင်းကိုပင် ပြုလေသေးသည်။

ဘုရားပေါ်မှ ဆင်းတုတော် စသည့် အဖိုးတန်ပစ္စည်းများ ခိုးယူခံရခြင်းနှင့် စပ်လျဉ်း၍ ထိုအချိန်က ရန်ကုန်မြို့တွင် အင်္ဂလိပ်ဘာသာဖြင့် ထုတ်ဝေသော ရန်ကုန်ဂေဇက် သတင်းစာတွင် သာဓကတခု တွေ့ရသည်။ ၁၈၈၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၄ ရက်နေ့ထုတ် ထိုသတင်းစာ၌ ဘုရင့်စကော့ဝက်ဝံရေဦးထုပ်ဆောင်း တပ်ရင်း ၂၁ မှ တပ်သားနှစ်ဦး ဆင်းတုတော်တဆူစီကို ခိုးယူစဉ် ဘုရားစောင့်က တွေ့ရှိ လိုက်လံဖမ်းဆီးသဖြင့် စစ်သားနှစ်ဦးက လက်တုံ့ပြန်သောကြောင့် ဘုရားစောင့် သေဆုံးရသည့်ကိစ္စဖြစ်သည်။

ထိုသတင်းအကျယ်မှာ အထက်ပါတပ်ရင်းမှ ပေါ့တ်နှင့် လော့ဂလင် အမည်ရှိ တပ်သားနှစ်ဦးတို့သည် ၁၈၈၆ ခုနှစ်၊ ဒီဇင်ဘာလ ၁၁ ရက်နေ့ည သန်းခေါင်အချိန် ခန့်တွင်

ဘုရားပေါ်မှ ဆင်းတုတော်တဆူကို တိတ်တဆိတ်ယူငင်၍ ထွက်ပြေးကြသည်။ ဘုရားစောင့်က သံတုတ်ကိုင်၍ နောက်မှ ထပ်ချပ်လိုက်ရာ စစ်သားနှစ်ဦးသည် လက်ထဲတွင်ပါသွားသော ဆင်းတုတော်များကို ချထားခဲ့ကြသည်။ ဤတွင် ပေါ့တ် ဆိုသူက ထွက်ပြေးသွား၍ လေ့ဂလင်မှာ ဘုရားစောင့်၏လက်ထဲမှ သံတုတ်ကိုလုယူပြီး ပြန်၍ ရိုက်နှက်ရာ ဝမ်းဗိုက်ကိုထိလေသည်။ အစောင့်ကို ညတွင်းချင်း ဆေးရုံသို့ပို့ရာ တပတ်ခန့်ကြာသောအခါ ဝမ်းဗိုက်တွင် အတွင်းကြေ ကြေသောရောဂါဖြင့် သေဆုံးသွားလေသည်။

ထိုအင်္ဂလိပ်စစ်သားနှစ်ဦး၏အမှုကို ရန်ကုန်မြို့ စက်ရှင်ရုံးသို့ တင်၍စစ်သည်။ စွဲချက်မှာ လူသေမှု၊ ထိနိုက် နာကျင်ဘွယ်လက်နက်နှင့် လက်ရောက်ကျူးလွန်မှုတို့ ဖြစ်သည်။ တရားရုံးမှ မည်သို့ဆုံးဖြတ်သည်ဟူသော အမှတ်အသားမတွေ့ရပေ။

## စိန်ဖူးငှက်မြတ်နားတော်သစ် တင်ပွဲများ

စေတီတော်ကြီးမှာ ၁၈၈၈ ခုနှစ်၊ အောက်တိုဘာလ ၉ ရက်နေ့တွင် ငလျင်ဒဏ်ကို တကြိမ်ခံရပြန်သည်။ ထိုနေ့ည တနာရီခန့်အချိန်တွင် ငလျင်ပြင်းစွာလှုပ်ရာ ရွှေတိဂုံစေတီမှ ထီးတော်၊ ဆတ်သွားဖူးအထက် ပိန္နဲတိုင်ကျိုး၍ ငှက်မြတ်နားနှင့် စိန်ဖူးတော်ပါ အောက်သို့ ကျသည်။ ဘုရားကြီး၏ ကြာသပတေးနံထောင့်ရှိ ရွှံ၏အထက် ကြာလန်ကြာလက်နေရာမှ အင်္ဂတေများကွာကျသည်။ အလျား ၁၅ တောင်၊ အနံ ၅ တောင်ခန့်အကွက်ဖြစ်လေသည်။ ထိုငလျင်ကြောင့် ကုန်းတော်ပေါ်ရှိ နောင်တော်ကြီးစေတီလည်း ထီးတော်ပိန္နဲတိုင်ယိုင်၍ ချရားသီးအောက်မှ ကြာမှောက်ကြာလန် အကုန်ကျသည်။

ငလျင်ဒဏ်ကြောင့် ပြုတ်၍ကျသော ငှက်မြတ်နားကို ဘဏ္ဍာထိန်းလူကြီးများက တိုင်းပြည်သို့ကြေညာ၍ ပြင်ဆင်ပြီးနောက် ၁၈၈၉ ခုနှစ်၊ မတ်လ ၁၇ ရက်နေ့တွင် ပြန်၍ တင်လှူလိုက်လေသည်။

နောက်ထပ် ငလျင်ကြီးတခုမှာ ခရစ်နှစ် ၁၉၁၉ ခု၊ ဩဂုတ်လ ၁၉ ရက်နေ့၊ နံနက် ၁၀ နာရီ မိနစ် ၂၀ တွင် လှုပ်သောငလျင်ဖြစ်သည်။ ထိုငလျင် ဒဏ်ကြောင့် စေတီတော်၏ ပိန္နဲတိုင်မှာ အနောက်မြောက်ဖက်သို့ ယိုင်သွားသည်။ ထိုအခါ ငှက်မြတ်နားဟောင်းကို ၁၉၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၆ ရက်နေ့တွင်အောက်သို့ချပြီးပွဲလမ်းသဘင်ဖြင့် အသစ်ပြင်ဆင်သည်။ အသစ်ပြင်ဆင်ပြီးသော စိန်ဖူးငှက်မြတ်နားတော်ကြီးကို ထိုနှစ်မတ်လ ၁၆ ရက်နေ့တွင် စေတီတော်အထက်သို့ ပြန်၍တင်လှူသည်။ စိန်ဖူးနှင့်ငှက်မြတ်နားတော်ကို စေတီတော်အထက်သို့ ပြန်၍မတင်လှူမီ ဘုရားလူကြီးတို့က ကုန်းတော်ပေါ်တွင် မော်တော် သဘော်ပုံ

ပြုလုပ်၍ တပုသနှင့်ဘလ္လိကတို့ ဆံတော်ပင့်ဆောင်လာသည့်ဟန်ဖြင့် ကုန်းတော်ကိုလှည့်ပတ်၍ အပူဇော်ခံလေသည်။ ထို့နောက်တွင် နံနက် ၉ နာရီအချိန်၌ စက်ကြိုးရထားပျံဖြင့် တင်လှူလိုက်လေသည်။

ထိုသို့တင်လှူသော ငှက်မြတ်နားနှင့် စိန်ဖူးတော်တွင် ပါဝင်သောရတနာတို့၏စာရင်းကို ၁၉၂၁ ခုနှစ်၊ မတ်လထုတ်ဒဂုန်မဂ္ဂဇင်းတွင် ဖော်ပြထားရာ၌ –

> ၁၂၈၂ ခုနှစ်၊ တပေါင်းလပြည့်၊ ဗုဒ္ဓဟူးနေ့တွင်၊ ထိုရွှေတိဂုံဘုရားကြီး၏ ဂေါပကလူကြီးမင်းများကို အမှူးနာယကပြု၍၊ ကပ်လှူပူဇော်တင်တော်မူသော ငှက်မြတ်နားကြီးနှင့်စိန်ဖူးကြီးတွင်၊ တရာတန်၏အထက် ထပ်မံအသစ်လှူဒါန်းကြသောပစ္စည်းများမှာစိန်ဖူးတွင်စိန်လုံးရေ ၄,၃၅၂ လုံး၊ ရတီချိန် အားဖြင့် နှစ်ရာတပဲ၊ တန်ဘိုးငွေမှာ ၆,၉၆,၂၁၀ ကျပ်၊ ငှက်မြတ်နားကြီးတွင် စိန်လုံးရေ ၁,၀၉၇ လုံး၊ ရတီချိန် အားဖြင့် နှစ်ရာလေးဆယ်ငါးမူး၊ တန်ဘိုးငွေမှာ ၁၁,၀၈,၄၀၅ ကျပ်၊ ရွှေဆည်းလည်းဟောင်းလုံးရေ ၁၂၆ လုံး၊ ယခုအသစ် ၁,၀၈၀၊ မိုးကြိုးဆည်းလည်း ၇ လုံး၊ ငွေဆည်းလည်းအသစ်နှင့်အဟောင်း ၁,၃၇၆ လုံးဖြစ်လေသည်

ဟူ၍ဖြစ်သည်။

ယင်းငှက်မြတ်နားစိန်ဖူးတင် အခမ်းအနားကို ရည်စူး၍ ယောဂီဆရာကြီး မစ္စတာမောင်မှိုင်းအမည်ခံ ဆရာကြီးသခင်ကိုယ်တော်မှိုင်းက ''ဒဂုံဆံတော်ရှင်ဘုရားကြီးငှက်မြတ်နား စိန်ဖူး စိန်ဒေါင်းတင်ဘွဲ့မင်္ဂလာတေးထပ်''ဖြင့် ဒဂုန်မဂ္ဂဇင်း၌ပင် –

> နေ့ရာသီ တပေါင်းလ၊ ဒေါင်းကသည့် ဒိဠှုံ။ ကောင်းသမျှ နိမိတ်စုံသည် အတိတ်ပုံ နိဒါန်း။ ။စိန်ဒေါင်းငှက် တံခွန်တင်သည်၊ မွန်ပလ္လင်ကုန်း သိင်္ဂုတ်နန်း

ဟု အစပျိုး၍ ရေးသားဖော်ပြခဲ့သည်။ ယင်းတေးထပ်ကိုထောက်၍ စိန်ဖူးနှင့် ငှက်မြတ်နားတွင် စိန်ဒေါင်းရုပ်ထည့်သွင်း၍ လှူဒါန်းသည်ဟု သိရလေသည်။ ထိုပွဲတော် အခမ်းအနားကို ညွှန်း၍ ရေးဖွဲ့သော စာတပုဒ်တွင် –

> ''ထောင့်နှစ်ရာ ရှစ်ဆယ် ကြွပါလို့၊ နှစ်ကယ်က စွန်းလာ၊ ဆန်းတပေါင်း ငှစ်ရက်ခါတွင်၊ နေ့ဗုဒ္ဓါ အကျ၊ ကိုးချက်မောင်း နာရီအဆော်မှာ၊ စေတီတော်ပွဲညွန့်အစ။ ငှက်မြတ်နား စိန်ဖူးတော်သည် တိမ်ဦးပေါ်

အကြွ၊ အောင်ဇေယျာ အနေကဇရယ်ဟု၊ ပရမေဘုရားတင်ကာ၊ ပုဏ္ဏားတော်ဇာဂရှယ်က၊ စာပြု၍ဆက်သလိုက်ရာ၊ သောင်းတိုက်လုံး စကြဝဠာသည်၊ သွက်သွက်ခါတုန်ဟီးလို့၊ မြေကြီးလုံးခေါင်းထောင် ပမာ၊ ကောင်းကြီးကြော်ငြာ၊ အောင်ဘိသိက်မင်္ဂလာသည်၊ ဆင်ယင်ရာ နေ့ဦးမို့လေး။ ။''

ဟူ၍ ဖတ်ရှုရလေသည်။

ဤအခမ်းအနားအကြောင်းကို အဂ္ဂမဟာပဏ္ဍိတဆရာကြီး ဦးလင်းကလည်း ''စိန်ဖူး ငှက်မြတ်နားတင်မော်ကွန်း'' ဟူ၍ ရေးသားပြီး ရွှေတိဂုံဘဏ္ဍာထိန်းအဖွဲ့၏ သဘောတူညီ ချက်ဖြင့်ပုံနှိပ်ထုတ်ဝေခဲ့လေသည်။

## ဘုရားပေါ်သို့ကျားတက်ခြင်း

အထက် ငလျင်ကြီးနှစ်ခု၏ စပ်ကြားအချိန် ကာလတွင် အုတ်အော် သောင်းသဲ အဖြစ်အပျက်တရပ်မှာ ဘုရားကုန်းတော်ပေါ်၌ ပေါ်ပေါက်ခဲ့သည်။ ထိုအဖြစ်အပျက်မှာ ဘုရားပေါ်သို့ ကျားတက်ခြင်း ဖြစ်သည်။

ကျားတက်သောနှစ်မှာ ၁၉၀၃ ခု၊ မတ်လ ၂ ရက် (၁၂၆၄ ခု၊ တပေါင်းလဆန်း ၅ ရက်) တနင်းလာနေ့ ဖြစ်သည်။ ထိုအချိန်တွင် ဘုရားကြီးကိုရွှေချရန်အတွက် ငြမ်းများ ဆင်ထားလေသည်။ ကျားသည် ခေါင်းလောင်းပုံ အနားလန်စွန်းတွင် တက်၍ဝပ်နေသည်ကို ရင်ပြင်ပေါ်မှဘုရားဖူးများ မြင်ကြရသဖြင့် အုတ်အုတ်ကျက်ကျက် ဖြစ်နေကြသည်။

ထိုနေ့နံနက် ၈ နာရီခန့်တွင် ရန်ကုန်အရေးပိုင်၏စာဖြင့် ဗိုလ်မှူးကြီး အီး၊ လော့ဖို့ဒ် ဆိုသူကို ဘုရားလူကြီး တဦးဖြစ်သော ဦးရွှေဝိုင်းက သွား၍ခေါ်သည်။ ထိုအချိန်က ယင်း ဗိုလ်မှူးကြီးမှာ အပြင်မှပြန်၍အလာ လမ်းတွင်တွေ့ရှိရသည်။ ထို့ကြောင့် နီးရာအိမ်များ မှသေနတ်ရှာရာ ကပ္ပတိန်ဂျင်းနင်း ဆိုသူ၏အိမ်မှ နှစ်လုံးပူးသေနတ် တလက်ရ၍ ယူခဲ့သည်။ ဗိုလ်မှူးကြီး လော့ဖို့ဒ်နှင့် လိုက်ပါလာကြသူများမှာ ကပ္ပတိန် ဘီဗီးလ်နှင့် ကပ္ပတိန် ဂျင်းနင်းတို့ ဖြစ်ကြသည်။ ၎င်းတို့အဖွဲ့ ဘုရားပေါ်သို့ ရောက်သောအခါ လူအုပ်ကြီးမှာ တိုး မပေါက်လောက်အောင် များပြားနေပြီး ကျားရှိရာသို့ ဝိုင်းအော်ရင်း ငြသံပေး၍နေသည်။

ဗိုလ်မှူးကြီးနှင့်အဖွဲ့ ရောက်သွား၍ ကြည့်လိုက်သောအခါ ကျားမှာ တကောင်လုံး မမြင်ရပဲ ကျောကုန်း၊ နောက်ခြေထောက်နှင့် အမြီးတို့ကိုသာ မြင်ရသည်။ ထို့ကြောင့်

ကျားအား ကုန်းတော်ပေါ်မှပစ်၍ ချက်ကောင်းကို ထိမှန်နိုင်မည်မဟုတ်ပဲ ဒဏ်ရာဖြင့် ဆင်းလာပြီး ရင်ပြင်ပေါ်ရှိ ဘုရားဖူးများကို ရန်မူနိုင်သည်။

ဗိုလ်မှူးကြီး လောဖိုဒ်သည် ကပ္ပတိန်ဂျင်းနင်းအား တန်ဆောင်းတခုပေါ်သို့တက်စေ၍ နေရာယူခိုင်းသည်။ ထိုအချိန်တွင် ကပ္ပတိန်ဘီဗီးလ်အား လိဗဘူဘုရင့်တပ်ရင်းမှ ရိုင်ဖယ် သေနတ်ကိုင် စစ်သား ၁၀ ဦးမျှကို လာခဲ့ရန် ခေါ်ယူစေလိုက်သည်။ ရောက်လာကြသော စစ်သားများမှာ ၁၄ ဦးမျှ ဖြစ်သည်။ ထိုစစ်သားများကို နှစ်သုတ်ခွဲလိုက်ပြီး ကပ္ပတိန် ဂျင်းနင်းရှိသော တန်ဆောင်း၏တဖက်တချက်မှ နေရာယူခိုင်းလိုက်သည်။

သေနတ်ကိုင်ထားသောသူတို့ ဝိုင်းနေရာမှ အဆင်သင့်ဖြစ်ကြသောအခါ ဗိုလ်မှူးကြီး၏ အမိန့်ဖြင့် ကျားကိုပစ်စေသည်။ ကျည်ဆံအများမှာ ကျားဝပ်နေသောအစွန်းကို အများဆုံး သွား၍ မှန်သည်။ ထိုအခါ ကျားသည် ခေါင်းထောင်၍ထလိုက်ရာတွင် ကပ္ပတိန်ဂျင်းနင်း ပစ်လိုက်သောကျည်ဆံဖြင့် ရင်အုပ်တွင်၎င်း၊ ဘယ်နှင့်ညာ ပခုံးတို့တွင်၎င်း သွား၍ထိမှန် လေသည်။ ကျားသည်အမြီးကိုလှုပ်ရမ်းရင်း လူးချည် ပံ့ချည်ဖြစ်နေစဉ် ဆက်ပြီး ပစ်စေရာ ထိုနေရာတွင်ပင် ငြိမ်ကျသွားသည်။

ကပ္ပတိန်ဂျင်းနင်းသည် ကျားရှိရာသို့ ငြမ်းတွင်ချည်ထားသော ဝါးလှေကားဖြင့်တက် သွားရာ၊ အနီးသို့ရောက်လျှင် ကျားမှာမသေသေးပဲ ညည်းသံပြုနေသည်ကို တွေ့ရ၏။ ထို့ကြောင့် ရင်အုပ်တည့်တည့်သို့ နောက်ထပ်တချက်ဆင့်၍ပစ်လိုက်ရသည်။ ထို့နောက် ကျားကို အောက်သို့ဆွဲယူလာလေသည်။

ကျားသည် ကျားမဖြစ်၍ အသက်ငယ်ရွယ်သန်မြန်တုန်းဖြစ်သည်။ ကျား၏ကိုယ်ကို တိုင်းကြည့်သောအခါ ရှစ်ပေတိတိရှိကြောင်း တွေ့ရလေသည်။ ကျား၏ကိုယ်ပေါ်၌သေနတ် ဒဏ်ရာ ငါးချက်ကိုတွေ့ရသည်။ ပထမလေးချက်မှာ ကပ္ပတိန် ဂျင်းနင်း၏နှစ်လုံးပူး အိတ်စ် ပရက်ရိုင်ဖယ်နှင့်ပစ်လိုက်ခြင်းဖြစ်၍ ရင်အုပ်၊ ကျောရွှေ၊ ကျောနောက်နှင့် နှလုံးတည့်တည့် ဖြစ်သော ချက်ကောင်းနေရာများကို ထိမှန်သွားသည်။ အခြားငါးရာစစ်သားတို့ ပစ်လိုက် သောဒဏ်ရာမှာ တချက်သာတွေ့ရသည်။ နောက်ခြေထောက်နားမှပြတ်၍ အမြီးကိုမှန်ခြင်း ဖြစ်သည်။ အမြီးသည် အုတ်စွန်းတွင် ပြတ်၍ တွဲလောင်းကျနေသည်။

ထိုကျားသည် ရွှေတိဂုံစေတီပေါ်သို့ မတက်ရောက်ခင်က ပုဇွန်တောင် အမဲသတ်ရုံ အနီးရှိ တရုပ်လူမျိုးများ၏ ဟင်းရွက်ခင်းထဲသို့ ရောက်ခဲ့ကြောင်း ခြေရာများ တွေ့ရသည်။ ထို့နောက် ကုတ်ကိုင်းရောဂါဖက်ရှိခြံတခြံထဲတွင်နွားမတကောင်ကိုလည်း ကိုက်သတ်စားသွား

သေးသည်။ ဘောင်ဒရီလမ်းရှိအိမ်တအိမ်၏မီးဖိုချောင်အတွင်းသို့လည်းဝင်လာခဲ့သေးသည်ဟု သိရသည်။ ကျားသည် ပဲခူးရိုးမဖက်မှ လမ်းမှား၍ မြို့တွင်းသို့ ဝင်ရောက်လာဟန်တူသည်ဟု အင်္ဂလိပ်အမဲပစ်မုဆိုးများကဆိုကြပေသည်။ ထိုအချိန်တွင် ပဲခူးရိုးမတောင်စွယ်ရှိ လှော်ကားကန်မှာ တည်ဆောက်နေဆဲ အချိန်ဖြစ်သည်။

စေတီတော်တည်ရှိရာ ရန်ကုန်တဝိုက်မှာ တောထူထပ်သဖြင့် ရှေးကပင် ကျားများတွေ့ခဲ့ရဘူးသည်။ ခရစ်နှစ် ၁၈၂၄ ခုနှင့် ၁၈၅၂ ခုနှစ်၊ အင်္ဂလိပ်-မြန်မာ စစ်ပွဲများမစမီအချိန်က ရန်ကုန်တွင်ကျားဝင်၍ သတ်ဖြတ်ခဲ့ကြရသေးသည်။ ၁၈၈၀ ပြည့်နှစ်၊ ဒီဇင်ဘာလတွင် တဖန် စတီဗင်ဆင်လမ်း (ယခု လှည်းတန်း) နေရာသို့ ကျားဝင်လာသဖြင့် ဝိုင်း၍ပစ်ခဲ့ရသေးသည်ဟု သိရလေသည်။

ထိုစဉ်က ဘုရားပေါ်သို့ ကျားတက်သည့်အကြောင်းမှာ တနိုင်ငံလုံးတွင် ဟိုးလေးတကြော်ကြော် ဖြစ်ခဲ့ပေသည်။ ရွာသိမ်ရွာငယ်များအထိ ဘုရားကြီးသို့ ကျားတက်သည့်သတင်းပျံ့သွားပြီး အရပ်ရပ်မှဘုရားဖူးများ စည်ကားစွာရောက်လာကြသည်။ ကျားတက်ခြင်းအကြောင်းကို ထားဝယ်ဒိန်းသီချင်းများ ဖွဲ့ဆိုသည်။ အငြိမ့်၊ ဇာတ်များ၌ လူရွှင်တော်များက စည်းလွတ်၊ ကာရန်လွတ်သီချင်းများကိုဖွဲ့၍သီဆိုကြရာ ပရိသတ်တအုန်းအုန်း ပွဲကျသည်။ ၎င်းတို့သီဆိုသော စည်းလွတ်သီချင်းမှာ "ရွှေတိဂုံဘုရားမှာ ကျားတက်တာ၊ ငါးရက်ကြာ။ အို....ရွှေတိဂုံဘုရားမှာလ၊ ကျားတက်တာ ငါးရက်ကယ်ကြာဗျ၊ ဂေါ်ရာတွေဝိုင်း၊ သေနတ်နဲ့ပစ်၊ ကျားစင်းစင်းသေ"ဟူ၍ ဖြစ်လေသည်။

ဘုရားပေါ်သို့ ကျားကြီးတက်သည်ကို အရပ်ထဲတွင် မှော်ဘီနတ်ကြီး ဘုရားဖူးလာသည်ဟုလည်း ပြောဆိုကြသည်။ ထိုအချိန်က ဇာတ်စာအုပ်များ အလွန်ခေတ်စားချိန်ဖြစ်သောကြောင့် ဇာတ်ဆရာများက စာအုပ်ရေးကြသည်။ ရွှေတောင်ဆရာလွမ်း၊ ဓါးပိန်ယိမ်းဆရာ ဦးမောင်ကြီးတို့ကလည်း ဇာတ်စာအုပ်ရေးသည်။ ရွှေတောင် ဆရာလွမ်း၏ **ရွှေတိဂုံဘုရားအမှုကို ကျားအဖူးတက်သော ပြဇာတ်** မှာ လူကြိုက်များလှ၍ ရောင်းမလောက်ခဲ့ပေ။

## ရွှေပြားသက်န်းကပ်လှူပွဲ

ကျားတက်ပြီးနောက် ၁၉၀၄ ခု၊ မေလတွင် ရွှေတိဂုံစေတီတော်ကြီးကို ရွှေပိန်းချ၍ ကပ်လှူလေသည်။ မြန်မာပြည် ဘုရင်ခံနှင့် ဟံသာဝတီဂိုဏ်းအုပ် ငါးထပ်ကြီး ဆရာတော်

ဘုရားတို့သည် ရွှေပြားများ အခိုင်အခံ့ ကပ်လှူပြီးဖြစ်သော ငှက်ပျောဖူးကြီးကို ဖုံးလွှမ်းထားသည့်အဝတ်ကို စက်ခလုတ်ကြိုးဆွဲ၍ အခမ်းအနားဖြင့် ဖွင့်လှစ်ပေးခဲ့လေသည်။

ခရစ်နှစ် ၁၉၀၆ ခုတွင် မြန်မာနိုင်ငံသို့ တိုင်းခန်းလှည့်လည်ရင်း ရောက်ရှိလာသော (ပဥ္စမ ဂျော့ဘုရင်လောင်း) ဝေလမင်းသားနှင့် အိမ်ရှေ့မိဖုရားတို့သည် ရွှေတိဂုံစေတီကို တက်ရောက်ကြည့်ရှုရင်း ရွှေပြားလေးချပ် လှူဒါန်းသွားခဲ့လေသည်။ ထိုစဉ်က စေတီတော်ကို ကပ်လှူကြသော ရွှေပြားသက်နဲများမှာ စတုရန်းတပေကျော်လျှင် ရွှေငါးကျပ်သားစီးသည်။ ယင်း ရွှေပြားများကို ကြေးနီပြားဇယားကွက် အောက်ခံထား၍ ပူဇော်သည်။

စေတီတော်ကြီးကို ဤသို့ပြုပြင်မွမ်းမံခဲ့ပြီးနောက် ၁၉၂၇ ခု၊ စက်တင်ဘာလ ၁၀ ရက်နေ့တွင် လျှင်လှုပ်ပြန်သည်။ မွန်းတိမ်းအချိန် ၁၂ နာရီ ၅ မိနစ်၊ ၁၂ နာရီ ၄၇ မိနစ်နှင့် ညနေ ၄ နာရီ ၂၅ မိနစ်တို့တွင် သုံးကြိမ်လှုပ်ရာ စေတီတော်တွင် အကြီးအကျယ် အပျက်အစီးမရှိချေ။ စေတီတော်အထက်မှ ခေါင်းလောင်းငယ်အချို့ ပြုတ်ကျခြင်းနှင့် စေတီရံများတွင် အနည်းငယ်ပျက်စီးခြင်းမျှသာ ရှိသည်။

၁၉၃၁ ခု၊ စိန်ဖူးငှက်မြတ်နားသစ်

၁၉၃၀ ပြည့်နှစ်၊ မေလ ၅ ရက်နေ့ ည ၈ နာရီ ၁၈ မိနစ်တွင် လှုပ်သောလျှင်မှာ မှကား အတော်ပြင်းထန်သည်။ ဒုတိယ ပဲခူးလျှင်ဟုခေါ်ကြသည်။ ရွှေတိဂုံစေတီတော်ကြီးမှ စိန်ဖူးတော်ပြုတ်ကျပြီး၊ ထီးတော်အထက်ပိုင်းမှာ ပျက်စီးသွားလေသည်။ ထို့ကြောင့် ငှက်မြတ်နားကို မေလ ၇ ရက်နေ့တွင် အောက်သို့ချရသည်။ အောက်သို့ချရသော ငှက်မြတ်နားကို ၁၉၃၁ ခုနှစ်၊ ဧပြီလ ၃၀ ရက်(သက္ကရာဇ် ၁၂၉၃ ခု၊ ကဆုန်လ)နေ့တွင် ပြင်ဆင်ပြီး၍ စေတီတော်သို့ ပြန်လည်၍တင်လှူလေသည်။ ထိုစဉ်က စိန်ဖူးတင်အခမ်းအနားကို သက္ကရာဇ် ၁၂၉၃ ခု၊ ကဆုန်လဆန်း ၁၃ ရက်နေ့မှ လပြည့်နေ့အထိ သုံးရက်တိုင်တိုင် ကျင်းပသည်။

ယခင် ၁၉၂၁ ခုနှစ်၊ မတ်လ ၂၃ ရက် (သက္ကရာဇ် ၁၂၈၂ ခု၊ တပေါင်းလပြည့်)တွင် လျှင်ဘေးကြောင့် အသစ်ပြုပြင်တင်လှူခဲ့သော စိန်ဖူးနှင့်ငှက်မြတ်နားတော်သည် ထိုစဉ်က သတ်မှတ်ထားသောတန်ဖိုးအရ ၁၀,၁၇,၂၄၇ ကျပ်၊ ၇ ပဲတန်ဖိုးရှိသည်။ ယခုအသစ်ပြုပြင်၍ တင်လိုက်သော ငှက်မြတ်နားနှင့် စိန်ဖူးတို့တွင် တန်ဖိုးငွေ တသိန်းကျော်မျှ တိုးတက်လာသည်။

အသစ်ပြင်ဆင်ရသော လက်ခချည်းသက်သက် ငွေငါးထောင်ကျော် ပေးရသည်။

## စိန်ဖူး ငှက်မြတ်နားသစ်တင်ပွဲနှင့် စစ်တပ်ပြောင်းရွှေ့ခြင်း

စိန်ဖူးအဟောင်းထက်လည်း အရွယ်အစား ကြီးမားလာသည်။ စိန်ဖူးသစ်၏ အလေးချိန်မှာ ခွက် ၁၀ ရှိသည်။ ငှက်မြတ်နားသစ်၏ အလေးချိန်မှာ ခွက် ၃၀ ကျော်ရှိသည်။ စိန်ဖူး၏လုံးပတ်မှာ ၁၀ လက်မရှိ၍ တိုင်အရှည်မှာ သုံးပေရှည်၏။ ငှက်မြတ်နား၏အလျားမှာ လေး ပေနှင့် ရှစ် လက်မဖြစ်လေသည်။

ယင်းစိန်ဖူးနှင့် ငှက်မြတ်နားတော်တို့ကို ပြန်လည် တင်လှူရာတွင် ပထမနေ့၌ ဆတ်သွားဖူးနှင့်ကလပ်၊ ဒုတိယနေ့၌ စိန်ဖူးကိုအခမ်းအနားဖြင့် ဘုရားကြီးအား လှည့်လည်ပူဇော်၍ စေတီတော်အထွတ်သို့ တင်သောအခါ ဘဏ္ဍာတော်ထိန်းလူကြီးများက ရထားပုံဖြင့် ကြပ်မ၍ တင်ဆောင်သည်။

လပြည့်နေ့နံနက်တွင် စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်ကို နောက်ဆုံးမတင်မီ သံဃာတော်များအား ဆွမ်းကပ်၍ ရေစက်သွန်းချ အမျှပေးဝေလေသည်။ ထို့နောက် ဩဘာစာ ရတု တို့ကို ဖတ်ကြားသည်။ ပြီးမှ စိန်ဖူး ငှက်မြတ်နားတို့ကို ထုတ်ယူပင့်ဆောင်၍ တင်လှူကြလေသည်။ ယင်းအခမ်းအနားတွင် လယ်တီပဏ္ဍိတ ဦးမောင်ကြီးက “ယမိုက်မှောင်ချွေ” ချီ မဟာဝဇီရ မကုဋမင်္ဂလာ စိန်ဖူးတင် ဩဘာရတုပိုဒ်စုံကို ရေးသား တင်သွင်းသည်။

### ကုန်းတော်ပေါ်မှ ထင်ရှားသော အပြောင်းအလဲများ

ထိုသို့စိန်ဖူးငှက်မြတ်နားတင်လှူသောအချိန်တွင်စေတီတော်ကြီး၏ကုန်းတော်ပေါ်၌ ထင်ရှားသောအပြောင်းအလဲများ ပေါ်ပေါက်ပြီးချိန်ဖြစ်သည်။ ယင်းအပြောင်းအလဲများမှာ အခြားမဟုတ်၊ စေတီတော်ရင်ပြင်မှ စစ်သင်္ချိုင်းကို အစိုးရက ရွှေပြောင်းပေးခြင်းနှင့် စေတီတော်ကုန်းမြေတွင် စစ်တပ်စွဲထားခြင်းကို ဖယ်ရှားပေးခြင်းဖြစ်လေသည်။ ဤအဖြစ်အပျက်နှစ်ရပ်ကြောင့် မြန်မာဗုဒ္ဓဘာသာဝင်များမှာ အတိုင်းမသိ နှစ်သက်ဝမ်းမြောက်ကြရလေသည်။

ကုန်းတော်ပေါ်ရှိ တနင်္ဂနွေဒေါင့်မှ စစ်သင်္ချိုင်းကို ၁၈၂၉ ခုနှစ်၊ ဇန်နဝါရီလ ၂၂ ရက်နေ့တွင် ရွှေ့သွားသည်။ ရွှေ့ပြောင်းချိန်မှာ နံနက်ခုနစ်နာရီဖြစ်ပြီး မဆိုင်သူများအနားသို့ မကပ်ရပဲ လက်နက်ကိုင် အစောင့်အရှောက်များဖြင့် ကြီးကြပ် လုပ်ကိုင်သည်ဟု သိရသည်။ ထိုအလောင်းများကို ကန်တိုမင်အင်္ဂလိပ်သင်္ချိုင်းသို့ စစ်အခမ်းအနားဖြင့်ပို့လိုက်လေသည်။

ဤအတောအတွင်း၌ ဘုရားကြီးပေါ်တွင် စစ်တပ်စွဲ၍ထားခြင်းအတွက် အရေးဆို၊

မေတ္တာချပ်ခံခဲ့သော အကြိမ်များမှာ များလှပြီဖြစ်လျက် မြန်မာပြည်ဘုရင်ခံက ဘုရားလူကြီး များအား ခေါ်ယူတွေ့ဆုံရသော အဆင့်သို့ပင် ရောက်ရှိနေလေပြီ။ ၁၉၂၉ ခုနှစ်၊ နိုဝင်ဘာလ ၂၇ ရက်နေ့တွင် ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ထိန်း လူကြီးများသည် ဘုရင်ခံနှင့် သွားရောက် တွေ့ဆုံကြသည်။ ဘုရင်ခံက အစိုးရ၏သဘောထားကို ရှင်းလင်းပြောကြားပြီးနောက် စစ်တပ် များရွှေ့ပြောင်းပေးရန်နှင့် ခံတပ်အဖြစ် အသုံးပြုတော့မည်မဟုတ်ကြောင်း ပြောကြားလိုက် သည်။ ဘုရားလူကြီးများနှင့် ဘုရင်ခံတို့၏ သဘောတူညီချက်ကို ဂေါပကတော်ထိန်းအဖွဲ့ စက္ကရီတေရီ ဦးဘိုးမြက လက်မှတ်ရေးထိုး၍ ၁၉၂၉ ခုနှစ်၊ နိုဝင်ဘာလ ၂၇ ရက်နေ့တွင်ပင် တိုင်းပြည်သို့ကြေညာလိုက်လေသည်။

ဤသို့ဖြင့် ကုန်းတော်ပေါ်တွင်တပ်စွဲလျက်ရှိသော အင်္ဂလိပ်စစ်တပ်များသည် ထိုနှစ် နိုဝင်ဘာလ ၂၉ ရက်နေ့တွင် အပြီးအပိုင် ရွှေ့သွားကြလေသည်။ စစ်တပ်များ လုံးလုံး မရှိတော့သည့်နောက်တွင်ကား စစ်တပ်ရှိနေစဉ်က ပြည်သူများ တက်ရောက်ခွင့်မရခဲ့သော အနောက်ဖက် စောင်းတန်းကြီးကို ဖွင့်လှစ်ပွဲ ကျင်းပလေသည်။

အနောက်ဖက် စောင်းတန်းဖွင့်ပွဲ

အနောက်ဖက် စောင်းတန်းကြီးကို အခမ်းအနားဖြင့် ဖွင့်လှစ်သောနေ့မှာ ခရစ်နှစ် ၁၉၃၀ ပြည့်၊ မတ်လ ၂ ရက်(သက္ကရာဇ် ၁၂၉၁ ခု၊ တပေါင်းလဆန်း ၄ ရက်)တနင်္ဂနွေနေ့ ဖြစ်သည်။

စောင်းတန်းဖွင့်ပွဲတွင် သံဃာတော်လေးထောင်ကြွရောက်၍ မြို့သူမြို့သား လူပရိသတ် အများအပြား လာရောက်ကြသည်။ တပေါင်းလဆန်း ၁ ရက်နေ့မှ ၄ ရက်နေ့အထိ ပွဲလမ်း သဘင် ခင်းကျင်းလေသည်။

တပေါင်းလဆန်း ၄ ရက် တနင်္ဂနွေနေ့နံနက် ၈ နာရီအချိန်မှစ၍ အနောက်မုခ်တွင် ဆောက်လုပ်ထားသော မဏ္ဍပ်ကြီးတွင် သံဃာလေးထောင်တို့က ရှေးဦးစွာ သီလပေးသည်။ ထို့နောက် လယ်တီပဏ္ဍိတ ဦးမောင်ကြီးရေးသားသော မင်္ဂလာသြဘာစာကို ဆာဦးသွင်က ဖတ်ကြားသည်။ ထို့နောက် အမျိုးသားပညာဝန် ဦးစောလှိုင်က ရတုပိုဒ်စုံဖတ်ကြားသည်။ ရတု ဖတ်ကြားပြီးသည်နှင့် တပြိုင်နက် ခရုသင်းဖြင့် ကောင်းခြီးသြဘာပေးပြီး မင်္ဂလာ စည်တော်ယွန်းလေသည်။ အမြောက်လည်း ပစ်ဖောက်သည်။ ထို့နောက် တူရိယာမျိုးစုံတီး၍ သံဃာတော်တို့ စီတန်းကာ အနောက်ဖက် စောင်းတန်းမှ ကုန်းတော်ပေါ်သို့ တက်ပြီး လက်ျာရစ်လှည့်လည်ပူဇော်ကြသည်။စေတီတော်ကိုလှည့်လည်ပူဇော်ပြီး၍ပြန်လည်ဆင်းသက်

## စောင်းတန်းဖွင့်ပွဲပြီး၍ တနှစ်အကြာ၌ မီးခြင်း



အင်္ဂလိပ် အစိုးရက အနောက်မုတ်ကို ခံတပ်ပြုလုပ်ထားပြီးနောက် မြန်မာတို့က အကြိမ်ကြိမ် အရေးဆိုသဖြင့် နှစ်ပေါင်း ၇၀ ကျော်ကြာမှ စစ်တပ်များ ဖယ်ရှားပေးခဲ့သော အနောက်ဖက်မုတ်ကို ခရစ်နှစ် ၁၉၃၀ ပြည့်၊ မတ်လ ၂ ရက် တနင်္ဂနွေနေ့တွင် ပြည်သူလူထုက ခမ်းနားစွာ ဖွင့်လှစ်သည်။ ပုံမှာ အနောက်မုတ်ကွင်း အတွင်း ဆောက်လုပ်ထားသော မဏ္ဍပ်များ၏ တစိတ်တဒေသ ဖြစ်သည်။

လာသော သံဃာတော် အပေါင်းတို့အား မဏ္ဍပ်ကြီးအတွင်း၌ ဆွမ်း ခဲဘွယ် ဘောဇဉ်တို့ကို ဆက်ကပ်လေသည်။ ပရိသတ်များအားလည်း စတုဒိသာ ကျွေးမွေးသည်။

### အမှိုက်ကစ ပြာသာဒ်မီးလောင်ခြင်း

အနောက်ဖက်စောင်းတန်းကိုဖွင့်လှစ်ပြီး၍တနှစ်အကြာ ၁၉၃၁ ခုနှစ်၊ မတ်လ ၆ ရက် (သက္ကရာဇ် ၁၂၉၂ ခု၊ တပေါင်းလဆုတ် ၄ ရက်) နေ့တွင် စေတီတော်ကြီးသည် မီးခခြင်း ခံရလေသည်။

ထိုမီးကြီးကြောင့် စေတီတော်ပေါ်ရှိ အဆောက်အအုံပစ္စည်းများမှာ တန်ဖိုးအားဖြင့် သိန်း ၂၀ ဖိုးခန့် ပျက်စီးသွားလေသည်။

မီးစတင်လောင်ကျွမ်းသောနေရာမှာ အနောက်ဖက်မုတ်ရှိ အမှိုက်ပုံနှင့် ကိုင်းခြောက်တောမှ စတင်သည်။ ထိုကစသောမီးသည် အနောက်ဖက်စောင်းတန်းအနီးတွင် စောင်းတန်းဖွင့်ပွဲပြီးသည့်နောက် မဖျက်ပဲထားရှိသော ဦးနာဂိန္ဒ၏ ဝါးခနိမဏ္ဍပ်သို့ ကူး၍လောင်သည်။ ထိုကမှ ထန်းပင်များကို မီးကူးသည်။ ထန်းပင်က လောင်သောမီးသည် အနောက်ဖက်

စောင်းတန်းရှိ သိမ်ကြီးဈေးတန်ဆောင်းမှ ထုပိကာများကိုသွား၍ မီးစွဲသည်။ ထိုကမှတဖန် စေတီတော်ကြီးအားရွှေသင်္ကန်းကပ်ရန်ငြမ်းဆင်ထားသော ဖျာရိုင်ပတ်များကိုမီးစွဲပြီးနောက် ဦးအောင်ကြီးတန်ဆောင်းကို လောင်ကျွမ်းသည်။ထိုတန်ဆောင်းမှတဆင့်အနောက်မှအရှေ့သို့ ဆက်၍လောင်ကျွမ်းတော့သည်။ မီးလောင်သည်ကိုတွေ့၍ မြို့သူမြို့သားများနှင့် မီးသတ်များ အပြေးအလွှားလာရောက်ကြသည်။ မြန်မာလူငယ်များကလည်း အထူးအားသွန်ခွန်စိုက်ပြီး ဝိုင်းဝန်း၍မီးကိုငြိမ်းသတ်ကြသည်။ သို့သော် တန်ဆောင်း ၂၀ ခန့်၊ စရပ် ငါးဆောင်ခန့်နှင့် တံခွန်တိုင်ကြီး ငါးခုမှာ မီးစွဲလောင်ကျွမ်းသွားလေသည်။

မီးဘေးကြောင့် ကုန်းတော်တခုလုံးလိုလိုပင် ပြာကျသွားသည်ဟု ဆိုရမည်။ အနောက်ဖက်စောင်းတန်း၊ အရှေ့ဖက်စောင်းတန်းနှင့် ရင်ပြင်တော်မှ အမိုးတန်ပန်းပု လက်ရာများရှိသည့် တန်ဆောင်းများမှာ မီးကြောင့်ပျက်စီးခဲ့ရလေသည်။

မီးဘေးသင့်၍ ပျက်စီးသွားသော တန်ဆောင်း စရပ် စသည်တို့မှာ အနောက်ဖက်မှ ၁။ သိမ်ကြီးဈေး တန်ဆောင်း၊ ၂။ ဦးအောင်ကြီး တန်ဆောင်း၊ ၃။ ဒေါ်ဖွားသစ် ယွန်းတန်ဆောင်း၊ ၄။ ဒေါ်ဖွား ကြေးပြာသာဒ်တန်ဆောင်း၊ ၅။ ကိုအေးမောင် သစ်သား တန်ဆောင်း၊ ၆။ ဒေါ်ဆွဲမိ တန်ဆောင်း။ (အရှေ့ဖက်မှ)၇။ ဦးနေဒွန်း မုတ်ဦးတန် ဆောင်း၊ ၈။ ဒေါ်လှဗျော် တန်ဆောင်း၊ ၉။ ဦးအောင်မျှင် တနင်္ဂနွေ တန်ဆောင်း၊ ၁၀။ ဒေါ်ဘုတ်ဆုံ တန်ဆောင်း၊ ၁၁။ ဦးဝိဇ္ဇာ တန်ဆောင်း၊ ၁၂။ ဆာဘိုးသာ တန်ဆောင်း၊ ၁၃။ ဒေါ်ဆွဲမိ ဘုရားကျောင်း၊ ၁၄။ ဦးဘိုးခိုင် အရှေ့ဖက်မုတ်ဦးတန်ဆောင်း၊ ၁၅။ ဦး ရွှေလာ စောင်းတန်း၊ ၁၆။ ဦးရွှေတုတ် စောင်းတန်း၊ ၁၇၊ ၁၈။ ဦးဝိဇ္ဇာ၏ စောင်းတန်းနှစ် ဆောင်၊ ၁၉။ ကညင်ကုန်း ဦးဘိုးစိုး စောင်းတန်း၊ ၂၀။ ဒေါ်နှင်းပွင့် စောင်းတန်း။ (အရှေ့ ဖက် အလယ်ပစ္စယာမှ)၂၁။ ရွှေတိဂုံကျောက်စာရုံ တန်ဆောင်း၊ ၂၂။ ဦးသာငံ စရပ်၊ ၂၃။ ဦးဘိုးရင် စရပ် တို့ဖြစ်ကြလေသည်။

နယ်ချဲ့ဆန့်ကျင်ရေးခေတ်
အရိပ်အာဝါသပေးရာကုန်းတော်

ဤကဲ့သို့ စေတီတော်ကြီးတွင် ခေတ်သစ်ပိုင်းအတွင်း ထင်ရှားသော ဖြစ်ရပ်များ အစဉ်အဆက် ရှိခဲ့ရာတွင် ခရစ်နှစ် ၁၉၂၀ ပြည့် ကျောင်းသားသပိတ်မှစ၍ သည်ဖက် ခေတ်ပိုင်းအတွင်း ဖြစ်ပျက်သောကိစ္စများမှာ စေတီတော်ကြီး၏ အကြောင်းကိစ္စထက် မြန်မာတို့၏ နယ်ချဲ့ဆန့်ကျင်ရေး၊ အမျိုးသားလွတ်မြောက်ရေး လှုပ်ရှားမှုကိစ္စများက များပြားပေသည်။ ထိုအချိန်များ၌ ကုန်းတော်ရင်ပြင်တွင် အစည်းအဝေးများ၊ ကုန်းတော်

တဝိုက်နှင့် စောင်းတန်းများတွင် သပိတ်စခန်းများ၊ ကုန်းတော်ပစ္စယာတို့တွင် လူထုစည်းဝေးပွဲများ၊ ပြည်သူ့ဆန္ဒပြပွဲများက ပိုမိုများပြားလာသည်။ (အခန်း ၆၊ "မြန်မာ့လူမှုရေး အချက်အချာ" တွင် ရှုပါ။)

## ၁၉၇၀ ပြည့်နှစ်တွင် ထီးတော်စစ်ဆေးခြင်း

ခရစ်နှစ် ၁၉၇၀ ပြည့် စက်တင်ဘာလ ၅ ရက်နေ့မှစတင်၍ ရန်ကုန်မြို့ အနီးတဝိုက်၌ မြေငလျင်များလှုပ်ခဲ့သည်။ စက်တင်ဘာလ ၉ ရက်နေ့တွင် ထပ်မံလှုပ်သော ငလျင်မှာ အင်အားအတော်အတန်ကြီးမား၏။ ထိုငလျင်ဒဏ်ကြောင့် ထီးတော်အထက် ပိန္နဲတိုင်မှာ အနောက်မြောက်ဖက် ရာဟုထောင့် သို့ ၅.၂ ဒီဂရီ စောင်း၍သွားလေသည်။ စောင်း၍သွားသောနေရာမှာ ဌှန်းလေးဘုံအထက် ဒုတိယဘုံဆင့်နေရာတွင်ဖြစ်သည်။

မြေငလျင်လှုပ်၍ ပိန္နဲတိုင် စောင်းသွားသော အချိန်တွင် စေတီတော်ကြီးသို့ မင်းတုန်းမင်းတရားကြီး တင်လှူခဲ့သော ထီးတော်မှာ သက်တမ်းအားဖြင့် နှစ်ပေါင်း ၁၀၀ မျှ ရှိလေပြီ။ ထိုအပျက်အစီးကို အကြောင်းပြု၍ ဂေါပကအဖွဲ့က သံဃာ့ဩဝါဒ ခံယူလျက် ဗုဒ္ဓဘာသာဝင်များကို အသိပေးပြီးနောက် ထီးတော်ကြီး၏အခြေအနေကို တက်ရောက်စစ်ဆေးကြည့်ခဲ့လေသည်။

စေတီတော်ထိပ်ပိုင်းသို့ တက်ရောက် စစ်ဆေးကြည့်ရန်အတွက် ဝါးငြမ်းထိုးရသည်။ ငြမ်းထိုးရန် ဝါးလုံးပေါင်း ၉၃၅၀ ကို အသုံးပြုရပြီး၊ အုန်းဆံကြိုး ပေါင်ချိန် ၁၄၀၀ မျှ အသုံးပြုရသည်။ ငြမ်းဆရာ ကိုတင်လှသည် အဖွဲ့ဝင်ပေါင်း ၂၆ ဦးဖြင့် တလမျှ အချိန်ယူ၍ နှစ်ထပ်ငြမ်းကိုထိုးသည်။ ထိုငြမ်းမှာ စေတီတော်ကိုင်၍ ပုံတော်အတိုင်းထိုးရသဖြင့် ငြမ်းစေတီဟုပင် ခေါ်ကြသည်။

ငြမ်းဆင်၍ ထီးတော်ကို စစ်ဆေးရာတွင် ဗိသုကာ၊ အင်ဂျင်နီယာ ပညာရှင်များ ပါဝင်သောအဖွဲ့ကို ဖွဲ့စည်း၍ ကြီးကြပ်လုပ်ကိုင်သည်။ ပညာရှင်များအဖွဲ့သည် ငလျင်ကြောင့် စေတီတော်တွင် ပေါ်ပေါက်သောချွတ်ယွင်းမှုများကို စစ်ဆေးပြီးနောက် ထီးတော်ကို ချ၍ အသစ်တင်ရန်မလိုပဲ ယခုအတိုင်းပင် ပြင်သင့်သည်ကိုပြင်၍ အတတ်နိုင်ဆုံး ကြာရှည်ခံအောင် ပြုလုပ်ပေးခဲ့ကြသည်။

ပညာရှင်အဖွဲ့၏ ဆောင်ရွက်ချက်များမှာ စောင်းနေသော အချင်းနှစ်လက်မခွဲရှိ ပိန္နဲတိုင်ကို ၁၅ တန်အလေးချိန်ရှိသောဒုန်းကုလားဖြင့်တည့်မတ်ပေးသည်။ထီးတော်၏ငွေဆိုင်း



၁၉၇၀ ပြည့်၊ စက်တင်ဘာလတွင် မြေငလျင်များ အကြိမ်ကြိမ်လှုပ်သဖြင့် စေတီတော်အထက်မှ ဆည်းလည်းများ ပြုတ်ကျသည်။ ရွှေပြားအချို့ကွာသည်။ ပိန္နဲတိုင်မှာ စောင်းသွားသည်။ ထိုချွတ်ယွင်းမှုများကို စစ်ဆေးရန်အတွက် ဘဏ္ဍာတော်ထိန်းအဖွဲ့က ဩဝါဒါစရိယ ဆရာတော်ကြီးများနှင့် ပြည်သူပြည်သားများကို တိုင်ပင်၍ ထီးတော်ကို စစ်ဆေးရန် အစီအစဉ်များ ပြုလုပ်ခဲ့သည်။ ဤပုံမှာ ထီးတော်ကြီးကိုပါ၀င်၍ စေတီအပ်ငြမ်းဆင်ထားစဉ် ရှုမြင်ရပုံဖြစ်သည်။ ငြမ်းကို စေတီတော်၏ ပုံတော်အတိုင်း အလိုက်သင့် ထိုးသဖြင့် ငြမ်းစေတီဟုပင် ခေါ်ကြသည်။

ကြိုး ၂၉ ကို မိုးရေခံ သံမဏိဆိုင်းကြိုးများဖြင့် လဲလှယ် တပ်ဆင်ပေးသည်။ ထိုသံမဏိကြိုးများ၏ ပမာဏမှာ သုံးမူးလုံး (၇ လက်မ)ရှိသည်။

အလေးချိန်ပေါင် ၁၂၀ ရှိသော ငှက်မြတ်နားမှာ ပိန္နဲတိုင်ကို စွပ်ထားပြီး လေတိုက်ရာဖက်သို့ ရွှေလျားလည်ပတ်နိုင်စေရန် ပြုလုပ်ထားခဲ့ခြင်းဖြစ်ရာ ချောဆီများ ခြောက်သွေ့နေသဖြင့် မလည်ပတ်နိုင်တော့သည်ကို ဆီများထည့်၍ပေးခဲ့သည်။ ထို့ကြောင့် ကောင်းစွာလည်ပတ်နိုင်လာသည်။

ထီးတော်၏ဘုံဆင့်များတွင် ကွဲအက်နေသည်များကိုင်း၊ သံမှုလီ၊ ဇာဝိများပျက်စီးနေသည်ကိုင်း တွေ့ရှိရသောကြောင့် အသစ် ပြန်လည် တပ်ဆင်ပေးခြင်းဖြင့် ထီးတော်ကိုခိုင်ခံ့အောင် မွမ်းမံပေးသည်။

## လှူဒါန်းခွင့် ကြုံခြင်း

ထီးတော်ကို ဂေါပကလူကြီးများပါဝင်သော ပညာရှင်များအဖွဲ့ တက်ရောက်စစ်ဆေးချိန်တွင် ပြည်သူလူထုမှာလည်း ကြုံတောင့်ကြုံခဲ စေတီတော် အထက်သို့ တက်ရောက်ဖူးမြော်ခွင့်ရခဲ့လေသည်။ ထိုသို့ ကြည်ညိုခွင့် ရရှိသည်နှင့်အတူ ထီးတော်နှင့် ဗွန်းလေးဘုံအဆင့်တို့တွင် ချိတ်ဆွဲလှူဒါန်းရန် ရတနာပစ္စည်း အများအပြားကိုလည်း ထပ်မံလှူဒါန်းခဲ့ကြသည်။

မြန်မာပြည်အရပ်ရပ်မှ ဘုရားဖူးများ၊ အလှူရှင်များက လာရောက်ဖူးမြော်ရင်းကြည်ညို သဒ္ဓါဖြင့် လှူဒါန်းကြရာတွင် ရွှေငွေပစ္စည်း အစုစု၏ ပမာဏမှာ များလှစွာ၏။ ထီးတော်မှချ၍ ရောင်တော်ဖွင့်ပေးခဲ့သော ဆည်းလည်းများမှာ ရွှေဆည်းလည်း ၁,၃၄၄ လုံး၊ ကျောက်မျက် စီမြုပ်ထားသော ရွှေဆည်းလည်း ၁၅၀ လုံး၊ ငွေဆည်းလည်း ၃,၇၄၅ လုံးတို့ ပါဝင်ကြသည်။

လက်ဝတ်ရတနာပစ္စည်း အမျိုးမျိုးပါဝင်သော အလှူများမှာ ရွှေသက်သက် ၄,၃၈၀ ကျပ်သား၊ ကျောက်မျက်ပါသော ရွှေထည်ပစ္စည်းများမှာ ၁,၇၃၅ ကျပ်သား၊ ငွေထည်ပစ္စည်းများမှာ ၂၅,၁၇၃ ကျပ်သား ဖြစ်လေသည်။

ထိုအလှူများအပြင် ထီးတော်အထက်တွင် ရွှေပြားဟောင်းများအစားကပ်လှူသော အလေးချိန် ၁,၉၀၂ ကျပ်သားရှိ ရွှေပြားအသစ် ၃၁၇ ပြား၊ ထီးတော် အောက်ပိုင်းရှိ

ငှက်ပျောဖူးနှင့် ဖောင်းရစ်တို့တွင် ကပ်လှူသောအလေးချိန် ၁၈ဝ ကျပ်သားရှိ ရွှေပြားကြီး ၃ဝ လည်း ပါဝင်သည်။

ထီးတော်နှင့် ငှက်မြတ်နား၊ စိန်ဖူး စစ်ဆေးရေးလုပ်ငန်းတွင် ပြည်သူလူထုအတွင်းရှိ ဗုဒ္ဓဘာသာ အသင်းအဖွဲ့ပေါင်းစုံတို့က ပါဝင်ဆောင်ရွက်ကြသည်။ ဘာသာရေး အသင်းအဖွဲ့ပေါင်း ၂၇ ဖွဲ့ ပါဝင်ဆောင်ရွက်ကြရာတွင် ကမ္ဘာအေးစေတီတော်ဂေါပကထိန်းအဖွဲ့၊ ဆူးလေစေတီတော် ဂေါပကထိန်းအဖွဲ့၊ ဗိုလ်တထောင်စေတီတော် ဂေါပကထိန်းအဖွဲ့တို့လည်း ပါဝင်ကြလေသည်။

အစိုးရဌာနများအနက် ရန်ကုန်တိုင်း မီးသတ်တပ်ဖွဲ့က မီးဘေးလုံခြုံမှုအတွက် ကာကွယ်စောင့်ရှောက်ပေးသည်။ ပြည်သူ့ရဲတပ်ဖွဲ့က ဘုရားပူးများနှင့် စေတီတော်ဂေါပကများလုံခြုံရေးအတွက် လုံခြုံရေးအဖွဲ့ဝင် ၂ဝဝ နှင့်အတူ လာရောက် စောင့်ရှောက် ပေးသည်။ အစိုးရဌာနနှင့် တက္ကသိုလ်ကျောင်းများရှိ ဗိသုကာများ၊ အင်ဂျင်နီယာများက ထီးတော်စစ်ဆေးရေးပညာရှင်များအဖွဲ့တွင် ပါဝင်ဆောင်ရွက်သည်။ လက်တွေ့သုတေသန လုပ်ငန်းဌာနက ဆည်းလည်းများကို ရောင်တော်ဖွင့်ပေးသည်။ မြန်မာနိုင်ငံသမိုင်း ကော်မရှင်က ဆည်းလည်းစာများကို မှတ်တမ်းတင်သည်။ ပြန်ကြားရေးဝန်ကြီးဌာန၊ ဗဟိုရုပ်ရှင်ဌာနခွဲက ရုပ်ရှင်ရိုက်ကူး၍မှတ်တမ်းတင်သည်။

အထက်ပါ အသင်းအဖွဲ့များသည် ရွှေတိဂုံစေတီတော်ဂေါပကထိန်းအဖွဲ့နှင့်အတူ ပူးပေါင်းဆောင်ရွက်ကြလေသည်။ ဘုရားဖူးလာရောက်ကြသော အလှူရှင် အသီးသီးမှာလည်း ထီးတော်ကြီးကို ငြမ်းဆင်စစ်ဆေးသောအချိန်မှ ငြမ်းဖျက်သည့်အချိန်အထိ ခါတိုင်းထက် ထူးကဲများပြားစွာ လာရောက်လှူဒါန်းကြသည်။ ထီးတော်ပေါ်မှ ချထားသော ရှေးလက်ရာ အဖိုးတန်ပစ္စည်းအမျိုးမျိုးကို လာရောက်ကြည့်ရှုကြသည်။ ဂေါပကတော်ထိန်း အဖွဲ့ကလည်း အလှူရှင်များနှင့် ကြည်ညိုသူများအား ငြမ်းကြီးပေါ်သို့ တက်ရောက်ပူဇော်ခွင့် ပြုခဲ့လေသည်။

ခရစ်နှစ် ၁၉၇၀-၇၁ ခုအတွင်း ထီးတော်ကြီးစစ်ဆေးရေး၊ ပြင်ဆင်ရေး လုပ်ငန်းများတွင် တိုင်းပြည်နှင့်အဝှန်း ဝိုင်းဝန်းလှူဒါန်းကြသော အလှူဒါနအစုစုမှာ သိန်း ၁ဝဝ ဖိုးမျှရှိလေသည်။ ထိုဒါနအစုစုကို ခရစ်နှစ်၊ ၁၉၇၁ ခု၊ မတ်လ ၇ ရက်၊ (သက္ကရာဇ် ၁၃၃၂ ခု၊ တပေါင်းလဆန်း ၁၁ ရက်နေ့) တွင် စေတီကုန်းတော်ပေါ်၌ ဆရာတော်၊ သံဃာတော်များ ကြွရောက်၍ ဂေါပကထိန်းအဖွဲ့ဝင်များသည် ပြည်သူလူထုတွင်းမှ အလှူရှင်များနှင့်အတူ ရေစက်သွန်းချ လှူဒါန်းကြလေသည်။

## ခေတ်အဆက်ဆက်က တင်လှူခဲ့သော ဆည်းလည်းများ

**စေတီတော်ကြီး၏**
**ဆည်းလည်းများက**
**ဖော်ပြသော ခေတ်ကြေးမုံ**

ခရစ်နှစ် ၁၉၇၀ ပြည့်အတွင်း ထီးတော်ကြီးကို တက်ရောက်စစ်ဆေးရာတွင် စေတီတော်အထက်၌ တင်လှူထားသော ဆည်းလည်းများကိုလည်း ဖြုတ်ယူစစ်ဆေးခွင့် ကြုံခဲ့လေသည်။အလှူရှင်တို့ရေးထိုးထားသောဆည်းလည်းစာများမှာ ခေတ်အဆက်ဆက်၏ ကြေးမုံပြင်ကို ဖော်ပြနေသည်ကဲ့သို့ ရှိလေသည်။

ဆည်းလည်းဟူသည်မှာ လေတိုက်လျှင် လှုပ်ခတ်ရန် ညောင်ရွက်ဆွဲ အဆန်ထည့်ထားသော ခေါင်းလောင်းငယ်ဖြစ်သည်။ ဆွဲလွဲဟူ၍လည်း အသံထွက်အတိုင်း ခေါ်ကြသည်။ ခေါင်းလောင်းနှင့် ပုံပန်းမခြားသောကြောင့် ဆည်းလည်းကို ခေါင်းလောင်းဟူ၍လည်း ခေါ်ကြသေးသည်။

ဆည်းလည်းများကို ရွှေ၊ ငွေ၊ သံသေ (ပဉ္စလောဟာ) တို့ဖြင့် သွန်းလုပ်တင်လှူထားကြသည်။ ဆည်းလည်းများ လှူဒါန်းချိတ်ဆွဲခွင့်ရသည်မှာ ထီးတော်ပြင်ဆင်ခြင်း၊ စိန်ဖူး ငှက်မြတ်နားတင်ခြင်း၊ ရွှေသင်္ကန်းကပ်ခြင်း စသည်တို့ကို ပြုလုပ်သောအချိန်များတွင်မှ ကြုံကြိုက်မြဲဖြစ်လေသည်။

ဆည်းလည်းအများအပြား တင်လှူခဲ့သောအချိန်အခါများမှာ ခရစ်နှစ် ၁၇၇၁ ခု၊ ဆင်ဖြူရှင်ထီးတော်တင်ပွဲ၊ ၁၈၄၂ ခုနှစ် သာယာဝတီမင်း ရွှေသင်္ကန်းကပ်လှူပွဲ၊ ၁၈၅၅ ခုနှစ် စစ်ကဲဦးထော်လေးကြီးမှူးသော ထီးတော်ပြင်ဆင်ပွဲ၊ ၁၈၇၁ ခုနှစ် မင်းတုန်းမင်းထီးတော်တင်ပွဲစသည့် အထိကရအချိန်အခါများ တတိုက်တွင် ဖြစ်သည်။ ထိုအထိကရ ပွဲတော်များအကြားတွင် နှစ်စဉ်ကျင်းပသောဘုရားပွဲစသည်တို့တွင် တင်လှူကြသည်လည်းရှိ၏။

အင်္ဂလိပ်ခေတ်ပိုင်းသို့ ရောက်သောအခါ ခရစ်နှစ် ၁၈၈၇ ခု ရွှေသင်္ကန်း ကပ်လှူပွဲ၊ ၁၈၈၉ ခုနှစ်၊ ဧပြီလတွင် ငှက်မြတ်နားသစ် တင်လှူသောပွဲ၊ ၁၈၉၉ ခုနှစ်မှစ၍ ငှက်ပျောဖူး၌ ရွှေပြားများကပ်လှူပြီး ၁၉၀၄ ခုနှစ်တွင် ဘုရင်ခံနှင့် ဟံသာဝတီဂိုဏ်းအုပ်တို့ဖွင့်လှစ်ပေးသောပွဲ၊ ၁၉၂၁ ခုနှစ်၊ မတ်လတွင် စိန်ဖူးငှက်မြတ်နားတင်လှူသောပွဲ၊ ၁၉၂၅ ခုနှစ်နှင့် ၁၉၂၈ ခုနှစ်တွင် ကြာနုအောက်ဖောင်းပြင် ဖောင်းလုံး ရွှေပြားသင်္ကန်း ကပ်လှူသောပွဲများ၊ ၁၉၃၁ ခု၊ ဧပြီလ ၃၀ ရက်နေ့တွင် စိန်ဖူးငှက်မြတ်နားသစ်တင်လှူပွဲစသည့် အခါကြီးများ တတိုက်တွင် ဆည်းလည်းများ လှူဒါန်းကြသည်ကို တွေ့ရသည်။

## အစောဆုံးဆည်းလည်း

စစ်ဆေးကြည့်ရှုရသော ဆည်းလည်းပေါင်း ၁၄၀၀ ခန့်တွင် အစောဆုံးတင်လှူသော ဆည်းလည်းမှာ ခရစ်နှစ် ၁၇၇၁ ခုတွင် တင်လှူခဲ့သော ငွေဆည်းလည်းဖြစ်သည်။ အလေးချိန် ၇၀ ကျပ်သားရှိသည်။ အလှူရှင်မှာ ဘုန်းတော်ကြီး ဦးဝိသုဒ္ဓ ဖြစ်သည်။

ဆည်းလည်းများတွင် ရေးထိုးထားသောစာများမှာ မြန်မာဘာသာ၊ မွန်ဘာသာ၊ ရှမ်းဘာသာများဖြစ်ကြသည်။ ဆည်းလည်းစာများကိုကြည့်၍ အလှူရှင်အမည်များကို သိရသည်။ အလှူရှင်တို့၏အလုပ်အကိုင်၊ အသက်မွေးမှုတို့ကိုသိရသည်။အလှူရှင်တို့၏ နေရပ်ဌာနကိုကြည့်လျှင် ရွှေတိဂုံစေတီတော်အား မည်သည့်အရပ်ဒေသများမှ လာရောက်၍ ဖူးမြော်ကြည်ညို လှူဒါန်းကြသည်ကိုသိရသည်။ အလှူဒါနအင်အားကိုကြည့်၍ ခေတ်၏စီးပွါးရေးအခြေအနေများကို သိရလေသည်။

ဆင်ဖြူရှင်ခေတ်တွင် မင်း၊ မိဖုရား၊ မင်းဆွေမင်းမျိုးနှင့် မှူးမတ်အရာရှိများဖြစ်သော ပင်းဟလဲမင်းသား၊ မင်းတရားကြီး၏ မိဖုရားခေါင်ကြီး၊ သားတော်သမီးတော်များ၊ အလယ်နန်း မိဖုရား၏ သားသမီးတစု၊ ပုဂံမြို့သူကြီး၊ ပုသိမ်အခွန်ဝန် စသည်တို့အပြင် တိုင်းသူပြည်သားများထံမှ "ရန်ကုန်မြို့ တတ်ကလေးရပ်နေ လူပေါင်း ၇၀ ကျော်တို့တစု သဒ္ဒါန ဆည်းလည်း"၊ "ငွေအချိန် ကျပ် ၃ဝ ဦးပုတ်ဆောက် ဘုရားတကာမတစု ညီညွတ်၍ ကောင်းမှုပြုပါသည်" စသော ကမ္ပည်းဖြင့် အလှူများကို တွေ့ရသည်။

သာယာဝတီမင်း လက်ထက်တွင်လည်း မိဖုရားခေါင်ကြီး၊ အလယ်နန်းမိဖုရား၊ သာယာဝတီမင်း၏ ဝရီးတော်၊ ညီတော်၊ သမီးတော် ဗေဒင်ကျမ်းဂန်၌ တတ်ပွန်လိမ္မာသော မင်းသမီး၊ အတွင်းဝန်မင်းကြီး မဟာမင်းလှမင်းခေါင်နော်ရထာ၊ မိုးနဲ့ဗိုလ်မှူး၊ လှေတော်ပဲ့နင်း နေမျိုးစည်သူကျော်ခေါင်၊ မဟာသီရိ ဘောဂသာရသူဌေးစသည်တို့အပြင် စုဖုရားကြီး အထိန်းတော်အပျိုတော်တစု၊ ရှမ်းတန်တားရပ်နေ ဦးကြွက် အရပ်လူကြီးတစု၊ ဝါးတန်းရေမြုပ်တန်တားရပ်နေ လူတစုတို့၏ အလှူများကိုလည်း တွေ့ရသည်။

## စုပေါင်းဒါန

မြန်မာမင်းများလက်ထက်က မင်း၊ မိဖုရား၊ မှူးမတ်၊ မြို့စား စသည်တို့သည် ငွေကြေးတတ်နိုင်သောသူများဖြစ်၍ လှူကြတန်းကြသည်မှာ အံ့ဩဘွယ်မဟုတ်သော်လည်း ရပ်ကွက်



သက္ကရာဇ် ၁၁၃၆ ခု၊ တပေါင်းလပြည့်တွင် ဆင်ဖြူရှင် မင်းတရား၏ ညီတော် မဟာ သုသိရိ ဓမ္မရာဇာ မင်းသား လှူဒါန်းသည့် ငွေဆည်းလည်းပုံ


"ငွေစင် အတိပြီးသော ဆည်းလည်း လုံးချိန် ၁၂၆၀" ဟု ကမ္ပည်း တွေ့ရသည်။ သက္ကရာဇ် ၁၂၃၃ ခုနှစ် နတ်တော်လတွင် နေ့ဘင်းအလှူရှင်တို့က ထပ်မံပြင်ဆင်လှူဒါန်းသည်။

အလိုက် လူအမျာ:က လှူဒါန်းခြင်း၊ ဥပုသ်သည်တစုလှူဒါန်းခြင်း၊ သားသမီးရပ်ဆွေရပ်မျိုး တစုက လှူဒါန်းခြင်း စသည်တို့မှာ ကုသိုလ်မြောက်အောင် စုပေါင်းလှူဒါန်းကြသည့်အတွက် ကုသိုလ်ဒါနရေးတို့၌ စုစုပေါင်းပေါင်း စည်းစည်းလုံးလုံးရှိကြသည်မှာ အားရဘွယ်ဖြစ်သည်။ သူတို့လှူဒါန်းသော အလှူဒါနများသည် ထီးတော်အထက်တွင် မင်း၊ မိဖုရား၊ မှူးမတ်တို့နှင့် တန်းတူရည်တူ ချိတ်ဆွဲနိုင်ခြင်းမှာလည်း ဗုဒ္ဓဘာသာအဆုံးအမ၏အမြင်တွင် ဆုကြုံနိမ့်မြင့် မခွဲခြားတတ်ပုံကို ပေါ်လွင်စေဘိသကဲ့သို့ ရှိလေသည်။

### အလှူရှင်တို့၏ အလုပ်အကိုင်

နောက်ပိုင်းတွင် ဦးထော်လေးတို့ခေတ်မှစ၍ နှစ်ပေါင်း ၁၀၀ ကျော်မျှအတွင်း စေတီတော်တွင် ဆည်းလည်းအလှူရှင်များ၏ အမည်နာမ၊ အလုပ်အကိုင်တို့ကို ကြည့်ရခြင်းအားဖြင့် စီးပွားရေးပုံစံ၊ လူမှုရေးပုံစံတို့ ခေတ်အလိုက် ပြောင်းလဲလာပုံကို တွေ့ရလေသည်။

ဦးထော်လေးတို့ခေတ်မှစ၍ အင်္ဂလိပ်၏အုပ်ချုပ်ရေး စတင်ပြီးဖြစ်ရာ ဘုရားဒါယကာ၊ ကျောင်းဒါယကာ၊ စာတိုက်ဒါယကာ၊ သိမ်ကြီးဒါယကာတို့က လှူဒါန်းကြသည်ကို တွေ့ရ သကဲ့သို့ မြို့ဝန်ထောက်၊ မြို့အုပ်၊ မြို့သူကြီး၊ စာရေးကြီး၊ ရှေ့နေ၊ သဘော်သူကြီး၊ ပွဲစား၊ ကုန်သည်တို့ လှူဒါန်းကြသည်ကိုလည်း တွေ့ရသည်။ အရပ်သူ အရပ်သားများထဲမှ ကျောင်းဆရာ၊ လက်သမားဆရာ၊ ပန်းထိမ်၊ လေ့သူကြီး၊ စာထုဆရာ၊ ရွှေသည် စသည်တို့က လှူဒါန်းကြသည်ကိုလည်း တွေ့ရသည်။



ဤဆည်းလည်းသုံးလုံးမှာ ဘုရားဖူးများ အထူးစိတ်ဝင်စားကြသော သံသေဆည်းလည်း၊ ဦးအောင်ကောင်းမှု ဆည်းလည်းနှင့် မင်းပြတ်ကြောင်းကောင်းမှု ဆည်းလည်းများဖြစ်သည်။

မင်းတုန်း၊ သီပေါမင်းတို့ခေတ်တွင် အောက်မြန်မာနိုင်ငံ၌ မြို့အုပ်၊ တိုက်သူကြီး၊ ကြေးထမ်းကြီး၊ မြေတိုင်းစာရေးကြီး၊ မီးပြ စသည့် အလုပ်အကိုင်များကို တွေ့ရသည်။ ခရစ်နှစ် ၁၉၀၀ ပြည့်လွန်သော် ကုန်သည်ပွဲစား များလာသည်။ အလုပ်အကိုင်အမျိုးအမည် များလည်း ပိုမိုထွေပြားလာသည်။ မြူနီစီပါယ် စက္ကတေရီမင်း၊ အမိန့်တော်ရ ရှေ့နေ၊ တောအုပ်၊ ယစ်မျိုးဝန်ထောက်၊ မဂိုဂတ်အင်္ဂလိပ်စာဇင်၊ ငွေတိုက်စာရင်းကိုင်စသည့် အလုပ်အကိုင်များအပြင် ရေနံစက်သူဌေး၊ အာရက်ပွဲစား၊ သူဌေးကိုယ်စားလှယ်၊ စတီးဘရားသား ကုမ္ပဏီ ပင်စင်ရစာရေးကြီး စသည့် အလုပ်အကိုင်များကို တွေ့လာရသည်။





၁၉၇၀ ပြည့်နှစ်တွင် ဖြုတ်ယူစစ်ဆေးရာတွင် တွေ့ရှိရသော တိုင်းရင်းသားအလှူရှင်များ၏ ကောင်းမှုဖြစ်သည့် ရှမ်းစာပါသော ဆည်းလည်းနှင့် မွန်စာပါသော ဆည်းလည်းများကို တွေ့ရှိရပုံ။

ဤအလှူ့ရှင် အဆက်ဆက်ကို ကြည့်၍ မြန်မာနိုင်ငံသားတို့ ဖြတ်သန်းလာရသော ခေတ်များကို သိသာနိုင်လေသည်။

## အလှူ့ရှင်တို့နေရပ်

ဆည်းလည်းအလှူရှင်များမှာ ကုန်းဘောင်မြို့ (မင်းနေပြည်) ရန်ကုန်မြို့ ဟံသာဝတီ တဝိုက်မှ အများဆုံးဖြစ်သည်။ သို့ရာတွင် တပြည်လုံးရှိ မြို့ရွာဒေသများမှ အလှူရှင်တို့၏ ဆည်းလည်းများကိုလည်း တွေ့ရသည်။ အထူးသဖြင့် ရပ်ဝေးမှအလှူရှင်များမှာ မြန်မာ နယ်ခြားအပြင်ဖက် မိုင်းမောဒေသမှ တရုပ်လူမျိုး အလှူရှင်များ။ မြေလတ်ပိုင်းဖြစ်သည့် ပုဂံ၊ ရေနံချောင်း၊ ပြည်၊ သရက်၊ တောင်ငူစသည်များ၊ အညာဒေသမှ အလုံ၊ မုံရွာမြို့များ။ အောက်အရပ်မှ ပန်းတနော်၊ ညောင်တုန်း၊ ပဲခူး၊ ပုသိမ်၊ မော်ဘီ၊ ဒလ၊ တွံတေး၊ သံလျင်၊ ကွမ်းခြံကုန်း၊ သုံးခွ၊ ကျိုက်လတ် စသည့်မြို့များနှင့် ကျေးရွာကြီးများ။ မော်လမြိုင်ဖက်မှ ဘီလူးကျွန်း၊ ကျိုက္ခမီ စသည်များဖြင့် စုံလင်လှသည်။ အဝေးရပ်များမှ ရခိုင်ပြည် ပန်းဝါ၊ ရှမ်းပြည် နောင်မွန်၊ ကွတ်ခိုင် စသည်တို့ ဖြစ်လေသည်။

## တိုင်းရင်းသားအလှူရှင်များ

အလုပ်အကိုင်ကိုမလိုက်ပဲ လူမျိုးကိုလိုက်လျှင် ကရင်၊ မွန်၊ မြန်မာ၊ ရခိုင်၊ ရှမ်းစသည့် အလှူရှင်တို့ကိုတွေ့နိုင်သည်။ ဦးထော်လေးတို့ခေတ် ''ကမာဗျှတ်ရှာ၊ ကရင်မြန်မာ လူကြီး လူငယ်တစု'' ဟူသော ဆည်းလည်းမှာ တိုင်းရင်းသားတို့ ယှိုင်းပင်းကြပုံကို ဖော်ပြနေသည်။

## လှူပုံလှူနည်းနှင့် ဆည်းလည်းအမည်

ဆည်းလည်းသွန်းလုပ်၍ လှူပုံလှူနည်းမှာလည်း အချို့ကတဦးချင်းလှူသည်။ အချို့က ဆွေမျိုးသားချင်းတစုလှူသည်။ အချို့က ဇနီးမောင်နှံနှစ်ဦးအမည်နှင့်လှူသည်။ အချို့မှာ ရွာပေါင်း ၂၀ ပေါင်း၍ လှူသည်။ အချို့က ရပ်ကွက်အလိုက် လူငယ်များ စုပေါင်း၍ လှူကြသည်။ အချို့က ဘုန်းတော်ကြီးနှင့် ဒါယကာ၊ ဒါယိကာမများ စုပေါင်း၍လှူသည်။ ၁၉၂၀ ပြည့်နှစ် တက္ကသိုလ်သပိတ်မှောက် ကျောင်းသားများ လှူဒါန်းသော ဆည်းလည်း တလုံးပင် ပါဝင်သေး၏။



ရတနာပုံ ရွှေမြို့တော်ကြီးတည် မင်းတုန်းမင်းတရားကြီး ၁၂၂၃ ခုတွင် ပြုပြင်လှူဒါန်းသည့် တလုံးလျှင် ၁၇၀၀ ကျပ်သားရှိသော သံသေဆည်းလည်းနှင့် ၁၂၁၆ ခုတွင် လှူဒါန်းသည့် ''ကမာဗျှတ်ရှာ ကရင်မြန်မာ လူကြီးလူငယ်တစုနိဗ္ဗာန်ဆု''၊ ငွေချိန် ၃၉၀ ကျပ်သားရှိ ဆည်းလည်းများပုံ

## ဆည်းလည်းဒါနရှင်တို့၏ ကမ္ပည်းတင်ထားသော အမည်နှင့် ဆုတောင်းများ

ဆည်းလည်းများကို အမည်ပေးပုံမှာ အထိကရ သွန်းလုပ် လှူဒါန်းထားသော စဥ့်ကူးမင်း၊ သာယာဝတီမင်းတို့၏ခေါင်းလောင်းကြီးများကဲ့သို့ အလှူရှင်သည် မိမိတို့အလှူ ဒါနကို မြတ်မြတ်နိုးနိုး အမည်နာမများ ပေးထားကြသည်။ မဟာအတိသဒ္ဒ၊ မဟာဝိဇယဃဏ္ဍာ၊ အတုလဃဏ္ဍာ၊ သုဝဏ္ဏအတိသဒ္ဒ စသည်ဖြင့် တွေ့ရလေသည်။

### ထူးခြားသော ဆည်းလည်းများ

ယင်းဆည်းလည်းများအနက် ထူးထူးခြားခြား စိတ်ဝင်စားကြသော ဆည်းလည်း များမှာ ဟံသာဝတီမှ မင်းရဲနန္ဒမိတ် မိသားစုလှူသော "မင်းမြတ်စကြာ၊ နံသချာဖြင့်၊ သာသနာတော်၊ ထွန်းပေါ်သက္ကရာဇ်၊ ရောက်လစ်သောအခါ" ဟူ၍ လှူဒါန်းသောနှစ်ကို ဖော်ညွှန်းထားသော ဆည်းလည်းများနှင့် "မင်းမြတ်စကြာကောင်းမှု" ဟူသော ငွေ ဆည်းလည်း တလုံး၊ ထို့ပြင် ဗဒုံမင်းလက်ထက်၌ လှူသည်ဟု ယူဆရသော "ဦးအောင် ကောင်းမှု နိဗ္ဗာန်ဆု" ဟု ကမ္ပည်းပါသော ဆည်းလည်းတလုံး၊ ထို့ပြင် ပါဠိဘာသာ ကမ္ပည်းပါသော "မိုးခေါ်ဆည်းလည်း" ဟု နှောင်းခေတ်လူတို့ မှတ်ယူကြသည့် အလေးချိန် ငါးပိဿာကျော်ရှိ ငွေဆည်းလည်းကြီးတလုံးတို့ ဖြစ်ကြသည်။

ထူးခြားသော အခြားဆည်းလည်းများမှာ သာယာဝတီမင်းလက်ထက်တွင် တင်လှူ ခဲ့ပြီး မင်းတုန်းမင်း လက်ထက်တွင် ထပ်မံ ပြုပြင်လှူဒါန်းသော သံသေ ဆည်းလည်းများ ဖြစ်ကြသည်။

### အလှူ့ရှင်တို့ ဆုတောင်း

ဆည်းလည်းလှူသော ကုသိုလ်ရှင်တို့သည် များသောအားဖြင့် နိဗ္ဗာန် မဂ်ဖိုလ်ကို ရည်၍ သံသရာမှ လွတ်မြောက်ကြောင်း ကျွတ်ဆုတောင်းကြသော်လည်း အကွန့်ကလေး အညွှန့်ကလေးများ ပါပေသေးသည်။ အလှူရှင်တဦးက "သာသနာတော် ၅ ထောင် ပတ်လုံး သဒ္ဓဒါန ဖြစ်စိမ့်သောဌ်" ရည် ရွယ် လှူ ဒါန်း သည်။ အ ခြား တ ဦး က "မြတ်စွာဘုရား၏ ကျေးဇူးတော်ဂုဏ်တော်ကို သုံးဘော်လူနတ်လွှင့်ပတ် သိကြားစိမ့်သောဌ်" လှူဒါန်းသည်။ နောက်တဦးက "မြတ်စွာဘုရားဂုဏ်တော်မြတ်ကို လူတို့၏နှလုံး ပိုက်ကျုံးမိမိ သမာဓိဌ် ဖြစ်စိမ့်သောဌ်" လှူဒါန်းသည်။ ထိုရည်ရွယ်ချက်များအပြင် လှူဒါန်းရသော ဒါနကုသိုလ်အကျိုးဖြင့် ဘုရားဆုကိုပန်သည်။ အများမှီခိုနိုင်သော ပညာရှင်ယောကျ်ားဖြစ် လိုသောဆုကို ပန်သည်။



စေတီတော်ကြီး၏ အထက်၌ တင်လှူထားသော ဆည်းလည်းများမှာ တခေတ်နှင့်တခေတ် မတူဘဲ လက်ရာကွဲပြားကြသည်။ ဤပုံ၌ လက်ဝဲဘက်တွင် ဆင်ဖြူရှင်လက်ထက် လှူဒါန်းခဲ့သော ဆည်းလည်းကို စင်းလုံးချောပုံသဏ္ဍာန်တွေ့ရသည်။ လက်ျာဘက်တွင် မင်းတုန်းမင်းလက်ထက်ဆက်ကပ်သော ဆည်းလည်း၌ကား အဆင်တန်ဆာများ ပါလာသည်။ ဆည်းလည်းထိပ်နား၌ ဖောင်းကြွကြွာမောက်တန်းများ၊ ဝါးပန်းတန်ဆာဆင်မှုများ၊ အောက်နှုတ်ခမ်းနား၌ ဖောင်းကြွကြွာလန်များကို တွေ့ရသည်။

## ဆည်းလည်းပုံ အမျိုးမျိုး

ဆည်းလည်း ပုံသဏ္ဍာန်များမှာ ခေတ်ကိုလိုက်၍ ကွဲပြားကြလေသည်။ ဆင်ဖြူရှင်မင်းတရားလက်ထက်အချိန်က တင်လှူသော ခေါင်းလောင်းများမှာ စင်းလုံးချောများသည်။ ရဟန်းသုံး ရေစက်ကို မှောက်၍ထားသည့် ပုံသဏ္ဍာန်မျိုးရှိသည်။ ဆည်းလည်းကိုယ်တွင် အထက်ရစ်၊ အောက်ရစ်၊ အလယ်ရစ်မျှသာ ရိုးရိုးအရစ်ဖော်ထားသည်။ ဆည်းလည်း၏ အောက်နားမှာ အနည်းငယ် လန်သယောင်ရှိသော်လည်း များသောအားဖြင့် အောက်နား မလန်ချေ။

ဗဒုံမင်းလက်ထက်တွင် တင်လှူသော ဆည်းလည်းများ၌ ဆည်းလည်းကိုယ်ထည်တွင် အရစ်အကြောင်းအပြင် အဝိုင်းပုံများကိုပါ ဖော်လာသည်။ ဖောင်းကြွအရစ်များ ပါလာသည်။ စစ်ကိုင်းမင်းလက်ထက် ဆည်းလည်းများကား ထို့ထက်ပင် အဆင်တန်ဆာ အပြောက်

အမွှမ်းများပါလာ၏။ ဆည်းလည်းထိပ်နား၌ ဖောင်းကြွ ကြာမှောက်တန်းကို ထည့်သွင်းလာကြသည်။

သာယာဝတီမင်းလက်ထက်၌တင်လှူကြသောအခါ ဆည်းလည်းကိုယ်တွင် အထက်ရစ်ကြာမှောက်တန်းအပြင် အောက်ရစ်၌ ဖောင်းကြွ ကြာလန်များကို တွေ့ရသည်။ ခါးပန်းတန်ဆာဆင်မှုများကိုလည်း တွေ့ရသည်။

မင်းတုန်းမင်းတရားလက်ထက် ဆည်းလည်းများကား လက်ရာအမြောက်ဆုံးဖြစ်သည်။ ဆည်းလည်းတွင် အလှအပ တန်ဆာဆင်ခြင်းကို ဦးစားပေးထားသည်။ အောက်အနားမှာ သိသိသာသာ လန်လာပြီး ခေါင်းလောင်းပုံနှင့် တူလာသည်။

ဆည်းလည်းများတွင် ချိတ်ဆွဲရသောအပိုင်းကို ဆွဲချိတ်ဟုခေါ်သည်။ ဆွဲချိတ်များ၏ ပုံပန်းမှာလည်း ဆင်ဖြူရှင်လက်ထက်က တင်လှူသော ဆည်းလည်းများ၌ ရိုးရိုးကွင်းမျှသာဖြစ်သော်လည်း ဗဒုံမင်းလက်ထက်၌ ဆွဲချိတ်များသည် ကနုတ်ပန်းကွင်းများ ဖြစ်လာသည်။



စေတီတော်ကြီးတွင် ထီးတော်ကို စစ်ဆေး၍ ဆည်းလည်းများ ရောင်တော်ဖွင့်ပြီး ပြန်လည်ဆက်ကပ်စဉ်က စေတီတော်အထွတ်တွင် ဆည်းလည်းနှင့်ရတနာပစ္စည်း ချိတ်ဆွဲလှူဒါန်းလိုကြသော အလှူရှင်များမှာ လှူဘွယ်ဝတ္ထုများကို သွတ်ကင်ါကောင်း လာရောက် လှူဒါန်းကြသည်။

စစ်ကိုင်းမင်းလက်ထက်တွင် ရုပ်ပုံကလေးများဖြင့် သရုပ်ဖော်သည်။ မင်းတုန်းမင်းလက်ထက်၌ တင်လှူခဲ့သော ဆည်းလည်းများတွင်ကား ဆွဲချိတ်တွင် ခြင်္သေ့ရုပ်၊ နဂါးရုပ်၊ နရားရုပ်၊ ကိန္နရာရုပ်၊ ကရဝိတ်ရုပ်၊ မနုဿီဟရုပ်များကို အတော်အတန် လက်ရာမြောက်အောင် သရုပ်ဖော်၍ ထည့်သွင်းလာကြသည်ကို တွေ့ရလေသည်။

ဆည်းလည်းတင်လှူခြင်းမှာ ခရစ်နှစ် ၁၉၂၀ ပြည့်နောက်ပိုင်းတွင် နည်းပါးသွား၏။ တင်လှူသော ဆည်းလည်းများတွင်လည်း အဆောက်အထားယူနိုင်သော ကမ္ပည်းစာများ နည်းပါးသွားလေသည်။

ယင်းဆည်းလည်းများ လှူဒါန်းကြသော ခေတ်ကာလများ၊ လှူဒါန်းကြပုံများ၊ လှူဒါန်းသူများကို လေ့လာရခြင်းအားဖြင့် ရွှေတိဂုံစေတီတော်ကြီးသည် တပြည်လုံး၏ အာရုံခညောင်းရာ၊ ကြည်ညိုအားထားရာ၊ စည်းလုံးညီညွတ်မှုကို ဖန်တီးရာဖြစ်ကြောင်းမှာ ပေါ်လွင်နေပေတော့သည်။

ယင်းဆည်းလည်းများမှ ကမ္ပည်းစာများသည် ရွှေတိဂုံစေတီတော်ကြီး၏ သမိုင်းအတွက်သာမဟုတ်၊ နိုင်ငံသမိုင်းအတွက်ပါ အဖိုးတန် အသုံးဝင်မည့် အကြောင်းအချက်များဖြစ်သောကြောင့် သက်ဆိုင်ရာတို့က ကူးယူမှတ်သားထားခဲ့ကြသည်။ ဆည်းလည်းအားလုံးကို ရေစင်တော်ပွင့်ခြင်း၊ ပြင်ဆင်ခြင်းများ ပြုလုပ်ပြီးနောက် စေတီတော်အထက်တွင် ပြန်လည်ဆက်ကပ်ခဲ့ကြလေသည်။



အခန်း ၅

# ကမ္ဘာကျော်ဗိသုကာလက်ရာ

မြန်မာနိုင်ငံအကြောင်းကို ရေးသားပြောဆိုကြသည့် အခါတိုင်းတွင် ရွှေတိဂုံစေတီတော်ကြီးမှာ မပါလျှင်မပြီးသော အကြောင်းတရပ် ဖြစ်ပေသည်။ ထိုသို့ မပါလျှင်မပြီးသော မြန်မာနိုင်ငံ၏ မျက်နှာဖုံးအကြောင်းတရပ်ဖြစ်ခြင်းမှာ ထူးခြားထင်ရှားသော ပုံတော်လက်ရာကြောင့်လည်း ဖြစ်ပေသည်။

ရွှေတိဂုံ စေတီတော်ကြီးကို တည်ဆောက်သော လက်ရာသည် မြန်မာဗိသုကာလက်ရာဖြစ်သည်ဟု ဆိုနိုင်ပါသည်။ ရွှေတိဂုံစေတီကို တည်ဆောက်ခဲ့သော ဗိသုကာ၊ ပန်းရံတို့သည် မည်သူမည်ဝါများဖြစ်သည်ဟူ၍ကား အမှတ်အသားမကျန်တော့ပါ။ ထိုသို့မကျန်ရသည်မှာ နှစ်ကာလရှည်လျား၍ သော်လည်းကောင်း၊ အမှတ်အသားများ ပျက်စီး၍သော်လည်းကောင်း၊ ခေတ်ကာလအခြေအနေအလိုက် ဗိသုကာပန်းရံတို့၏အမည်ထက် အလှူ့ရှင်၊ အလှူ့ဒါယကာတို့၏ အမည်ကို ဦးစားပေး မှတ်တမ်းတင်ခဲ့ကြသောကြောင့်လည်းကောင်း ဖြစ်ဘွယ်ရှိပါသည်။ သို့ရာတွင် ရွှေတိဂုံ စေတီတော်ကြီးကို မြန်မာပြည်သား ဗိသုကာတို့ တည်ဆောက်ခဲ့ကြခြင်း ဖြစ်သည်ဆိုသော အချက်ကိုမူကား အခိုင်အမာ ပြောနိုင်ပေသည်။

### တဘာသာဖြစ်သော မြန်မာ့လက်ရာ

စေတီပုံတော်ကို ဖူးမြော်ကြည့်ပါ။ စေတီ၏ မူလအစိတ်အပိုင်းများတွင် အခြားဗုဒ္ဓဘာသာနိုင်ငံများရှိ စေတီပုထိုးတို့နှင့် တူညီသော အခြေခံလက္ခဏာ သွင်ပြင်များကို တွေ့ရ



ရင်ပြင်ပေါ်ရှိ စေတီများအကြားနှင့် သစ်ရိပ်များအောက်မှ ဖူးမြင်ရသော စေတီတော်

သော်လည်း ဤသို့ပြေပြစ်သော ပုံတော်မျိုးကိုမူကား အခြားနိုင်ငံများတွင် မတွေ့နိုင်ပါ။ ရွှေတိဂုံစေတီတော်ကို ယခု ပုံတော်အတိုင်းဖူးမြင်ရအောင်တည်ဆောက်ခဲ့သောအချိန်နှင့် ခေတ်ပြိုင်ဖြစ်သော အလားတူစေတီပုံပန်းမျိုးကို ပြည်ပ၌ရှာဖွေ၍ မတွေ့နိုင်ချေ။ ထို့ကြောင့် မြန်မာ့ဟန်၊ မြန်မာ့အနုပညာသဘောနှင့် မြန်မာ့လက်ရာတို့မှာ တဘာသာ ပေါ်လွင်လျက် ရှိလေသည်။

ရွှေတိဂုံစေတီတော်၏ ကြည်ညိုဘွယ်ရာ တင့်တယ်ပုံအကြောင်းကို ဆရာဇော်ဂျီ က အောက်ပါအတိုင်း ရေးသားခဲ့ဘူးပါသည်။

ရွှေတိဂုံ၏ပုံတော်သည် ပြေပြစ်သည်၊ နွဲ့နှောင်းသည်၊ စိတ်ချမ်းမြေ့ဘွယ်ဖြစ်သည်။ ရွှေတိဂုံကို မွမ်းမံတည်ဆောက်သောခေတ်သည် အကြေအရပ်တွင် စစ်မက်မငြိသောခေတ်ဖြစ်သည်။ တိုင်းသူပြည်သားတို့ စိတ်အေးလက်အေး နေကြရသောခေတ်ဖြစ်သည်။ ယခုခေတ် ဥက္ကာတော်နီးပါးအထိ ဦးဆောင်၍ မွမ်းမံတည်ဆောက်ကြသောသူတို့သည် ဟံသာဝတီမင်း ဗညားကျန်းနှင့် ဟံသာဝတီ ထီးနန်းကိုစွန့်ပြီးနောက် ဟံသာဝတီနေပြည်မှ ဒဂုံကျေးသို့ကြွလာ၍ တရားဘာဝနာနှင့် ငြိမ်းချမ်းစွာ နေလိုသော ဘုရင်မရှင်စောပုတို့ဖြစ်ကြသည်။ ရွှေတိဂုံစေတီတော်ကို ထိုသို့သောခေတ်တွင် ထိုသို့သောမင်းတို့က မွမ်းမံပြုပြင် တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

ရွှေတိဂုံစေတီတော်၏ ပုံတော်ပြေပြစ်ခြင်း၊ နွဲ့နှောင်းခြင်း၊ စိတ်ချမ်းမြေ့ဘွယ်ဖြစ်ခြင်းတို့သည် ထိုခေတ်၏သဘောကိုလည်းကောင်း၊ ထိုတိုင်းသူပြည်သားတို့၏သဘောကိုလည်းကောင်း၊ ထိုမင်းတို့၏သဘောကိုလည်းကောင်း၊ မလွန်ဆန်နိုင်သော ပန်းရံပုံတို့၏လက်ရာကြောင့်ဟူ၍ ဆိုနိုင်သည်။

ဟူ၍ ဖြစ်ပေသည်။

## ကိုးကွယ်ယုံကြည်မှုနှင့် အတူပါလာသော ယဉ်ကျေးမှုသဘောများ

မြန်မာတို့သည် ဗုဒ္ဓဘာသာ ယုံကြည်ကိုးကွယ်မှုကို အိန္ဒိယ၊ သီဟိုဠ်တို့မှတဆင့် ယူခဲ့သည်။ ထိုယုံကြည်ကိုးကွယ်မှုနှင့်အတူ ဗုဒ္ဓဘာသာယဉ်ကျေးမှုများလည်း ထက်ချပ်ပါ၍လာသည်။ ထိုယဉ်ကျေးမှုများတွင် ဗိသုကာပညာများလည်း ပါခဲ့လေသည်။ သို့ရာတွင် မြန်မာတို့လက်သို့ ရောက်သောအခါ၌မူကား မြန်မာ့သဘော၊ မြန်မာ့အမူအရာ၊ မြန်မာ့ဟန်ပန်တို့က ဆက်လက်လွှမ်းမိုး၍ တဘာသာဖြစ်သွားလေသည်။ ရွှေတိဂုံစေတီတော်၏ လက်ရာသည် ဤသို့ တဘာသာဖြစ်လာသော မြန်မာ့လက်ရာဖြစ်လေသည်။

အရှေ့တောင်အာရှနိုင်ငံများသည် အိန္ဒိယပြည်၊ တရုပ်ပြည်စသည်တို့မှ ယဉ်ကျေးမှု ဓလေ့ထုံးစံများရရှိခြင်းနှင့် စပ်လျဉ်း၍ ပြင်သစ်ပြည်မှ အရှေ့ဖျားယဉ်ကျေးမှုပါမောက္ခတဦးက ပြောဆိုဘူးသည်။ "ဤတိုင်းပြည်များသည် အိန္ဒိယနှင့် တရုပ်ပြည်တို့မှ ရရှိခဲ့သော အရာဟူသမျှကို သူတို့၏ ကိုယ်ပိုင်အနုပညာပါရမီဖြင့် လုံးဝဥဿုံပြောင်းလဲ၍ ယူလိုက်ကြသည်။ ထို့ကြောင့် သူတို့၏ဂုဏ်မြောက်လက်ရာများသည် တဘာသာ သီးခြားဆန်းသစ်၍နေကြသည်" ဟု ဆိုလေသည်။ ဤအချက်ကို ပညာရှင်အများကပင် သဘောတူ လက်ခံကြသည်။ ကမ္ဘောဒီးယားမှ ကမ္ဘာကျော် အင်ကောဝပ်ကျောင်းကြီးမျိုးကို အိန္ဒိယပြည်တွင် မတွေ့နိုင်သကဲ့သို့၊ ကမ္ဘာကျော် ရွှေတိဂုံ စေတီ၏ပုံတော် လက်ရာမျိုးကိုလည်း အိန္ဒိယတွင် မတွေ့နိုင်ချေ။

အိန္ဒိယနှင့်အရှေ့တိုင်းဆိုင်ရာ ဗိသုကာပညာ စာအုပ်ကိုရေးသားသူ ဂျိမ်း၊ ဖာဂပ်ဆင်ကလည်း သူ၏စာအုပ်တွင် မြန်မာတို့သည် အိန္ဒိယပြည်မှ ဗိသုကာပညာအများကို ယူငင်ခဲ့ကြောင်း၊ သို့ရာတွင် ကျွန်ုပ်တို့ယခုအခါ အကျိုးအကြောင်းဆက်စပ်၍ မပြောနိုင်သော ကွဲပြားမှုများဖြင့်ယူခဲ့ကြောင်း၊ ထိုပညာများကို ဘင်္ဂလားပြည်နယ်အောက်ပိုင်းမှ ခြောက်ရာစုနှစ်များမတိုင်မီကပင် ပြည်နှင့်ပဲခူးတို့သို့ ဆောင်ယူခဲ့ဘွယ်ရှိကြောင်း၊ သို့တည်းမဟုတ် အိန္ဒိယပြည် မြောက်ပိုင်းနှင့် တိဗက်ပြည်တို့မှ ဗိသုကာ အခြေခံများသည် မြန်မာပြည် မြောက်ဖက်ရှိ တောင်တန်းများမှနေ၍ ကျွန်ုပ်တို့ ယခုမှန်းဆ၍မရနိုင်သော တစုံတရာသော ခရီးလမ်းဖြင့် ဝင်ရောက်လာခြင်း ဖြစ်နိုင်ဘွယ်ရှိကြောင်းဖြင့် ရေးသားထားသည်။

ဖာဂပ်ဆင်ကပင် ဆက်လက်၍ မြန်မာနိုင်ငံရှိ စေတီပုထိုး အဆောက်အအုံအများကို ကြည့်ရခြင်းအားဖြင့် မြန်မာတို့သည် ဗုဒ္ဓဘာသာတရားနှင့်အတူ ဗိသုကာ သဘောများကိုလည်း အနည်းဆုံးအားဖြင့် အချို့အဝက်ကိုဖြစ်စေ ယူငင်ခဲ့သည်ဟူသောအကြောင်းကို လုံလောက်စွာ ညွှန်ပြနေသည်ဟု ယူဆဘွယ်ရာရှိသည်။ ယင်းတို့ကို မည်သည့်အရပ်ဒေသမှ ရရှိသည်။ မည်သည့်အချိန်ခန့်တွင် ရရှိသည်ဆိုသောအချက်ကိုကား ကျွန်ုပ်တို့ ပြောပြနိုင်ရန် ခက်ခဲကြောင်း ဟူ၍လည်း ရေးသားထားလေသည်။

## ပုထိုး စေတီ မှေသရိ

ဗုဒ္ဓဘာသာဝင် မြန်မာတို့ တည်ထားကိုးကွယ်သော ပုထိုး စေတီ မှေသရိတို့သည် ပုံတော်အားဖြင့် တဆူနှင့်တဆူ တူညီကြသည် မဟုတ်ပေ။ သို့သော်လည်း များစွာသော ပုထိုး စေတီတို့သည် သူ့နည်းနှင့်သူ သပ္ပါယ်ကြသည်ချည်း ဖြစ်ပေသည်။

ပုထိုးဟူ၍လည်းကောင်း၊ စေတီဟူ၍လည်းကောင်း၊ ပုထိုးစေတီဟူ၍ လည်းကောင်း ခေါ်ဝေါ်သုံးစွဲကြရာတွင် မြတ်စွာဘုရားအား ရည်မှတ်၍ တည်ထားကိုးကွယ်ကြသော အရာချည်းဖြစ်လေသည်။ ပုထိုးနှင့်စေတီကွဲပြားပုံမှာ ပုထိုးသည် မုတ်ပေါက်လိုဏ်ဂူ ပါသော ပုဂံမြို့ရှိ သဗ္ဗညု၊ အာနန္ဒာ၊ ကန်တော့ပလ္လင်စသော စေတီမျိုးနှင့် မုတ်ပေါက် လိုဏ်ဂူမပါသော ရွှေတိဂုံ၊ ရွှေစည်းခုံ၊ ရွှေဆံတော်စသော စေတီမျိုးဖြစ်သည်။ စေတီမှာမူ မုတ်ပေါက်လိုဏ်ဂူမပါသော စေတီမျိုးသာ ဖြစ်သည်ဟု အဆိုရှိလေသည်။ ပုထိုးစေတီဟူ၍ ခေါ်ကြခြင်းမှာ အားလုံးကိုခြုံ၍ ယေဘုယျခေါ်ဝေါ်ခြင်း ဖြစ်လေသည်။

## စေတီလေးမျိုး

စေတီတွင် အမျိုးအစားအားဖြင့် လေးမျိုး ခွဲခြားမှတ်သားကြသည်။ ပဌမစေတီ မျိုးမှာ မြတ်စွာဘုရားသခင်၏ ကိုယ်ခြင်တော်မှဖြစ်သော ဓာတ်တော်တို့ကို တည်ထား ကိုးကွယ်သော သာရီရိကစေတီဖြစ်သည်။ ဒုတိယစေတီမျိုးမှာ ဗောဓိပင်နှင့်တကွ မြတ်စွာ ဘုရား၏ အသုံးအဆောင်တော်ပရိက္ခရာစသည်တို့ကိုတည်ထားကိုးကွယ်သော ပရိဘောဂစေတီ ဖြစ်သည်။ တတိယစေတီမျိုးမှာ မြတ်စွာဘုရားကိုယ်တော်စား ရည်မှတ်၍ သွန်းလောင်း ရေးထု ပြုစုကိုးကွယ်အပ်သော ဆင်းတုတော်စသော ဥဒ္ဒိဿစေတီဖြစ်သည်။


စတုတ္ထစေတီမျိုးမှာ ပဋိစ္စသမုပ္ပါဒ်စသော တရားဒေသနာတို့ကို ပေ၊ ရွှေပြား၊ ငွေပြား စသည်များတွင် ရေးသား၍ သိုမှီးဌာပနာအပ်သော ဓမ္မစေတီဖြစ်လေသည်။

## စေတီ၏အစိတ်အပိုင်းများ

စေတီပုံတော်များမှာ တဆူနှင့်တဆူ ထပ်တူမဟုတ်ကြောင်းဆိုခဲ့ပြီ။ သို့ရာတွင် စေတီ တိုင်းလိုလိုတွင် တူညီသောအစိတ်အပိုင်းများ ရှိပေသည်။ ယင်းတို့မှာ မြန်မာဗိသုကာပညာ၏ အင်္ဂါရပ်များပင် ဖြစ်လေသည်။

## စေတီတော် အောက်ခြေမှ ပန်းတင်ခုံ

မြန်မာတို့တည်လေ့ရှိသော ကနဦးစေတီများတွင် အများအားဖြင့် အောက်ခြေ၌ ပန်းတင်ခုံတည်သည်။ ယင်းကိုပန်းတည်ခုံဟုလည်းခေါ်သည်။ ထိုအထက် ပစ္စယာ၊ ခေါင်းလောင်းပုံ သို့မဟုတ် သပိတ်မှောက်ပုံကို ဆင့်သည်။ ထိုနောက် ဖောင်းရစ်ကို ထည့်သည်။ ထိုနောက်



ဘိနပ်တော်၏ပတ်လည်ပန်းတင်ခုံ၌ ကျောက်ခြသေ့၊ ကြာသွတ်ဘို၊ သင်ပုတ်စင်နှင့် ဂန္ဓကုဋိတိုက် စေတီတို့ကို မှူးတွေ့နိုင်သည်။

ကြာမှောက်၊ ခွံ၊ ကြာလန်တို့ကို အဆင့်ဆင့်ထည့်သည်။ ယင်းတို့အထက်တွင် ; ချရားသီး၊ သို့မဟုတ် ငှက်ပျောဖူးကိုထည့်သည်။ စေတီ၏အထွတ်တွင်ကား ထီးကိုတင်သည်။ ထီး၏ အထက်ပိုင်း၌ ငှက်မြတ်နားရှိသည်။ ငှက်မြတ်နား၏အထက်၌ အထွတ်အများနေရာတွင် စိန်ဖူးရောင်လျှံကို ထည့်လေ့ရှိပေသည်။

## ရွှေတိဂုံစေတီတော်ကို တည်ဆောက်ထားပုံ

နှစ်ပေါင်း ၂၅၀၀ ကျော်က တည်ထားခဲ့သည်ဟု အစဉ်အလာမှတ်ယူသော စေတီကြီးကို ခေတ်အဆက်ဆက်၌ မည်သို့ပြုပြင် တည်ဆောက်ခဲ့ကြသည်ဟူ၍ ယခုအခါ အတပ်မဆိုသာတော့ချေ။ တပ်အပ်သေချာ ပြောဆိုနိုင်သော အချက်များမှာ မူလစေတီသည် ယခုဖူးမြင်ရသော စေတီကြီးထက် ငယ်လေသည်။ ထို့ပြင် ယခုဖူးမြင်ရသောစေတီကြီး၏ ဥာဏ်တော်နှင့် အချိုးအစားသို့ရောက်ရှိအောင် အကြိမ်ကြိမ် ပြုပြင် တည်ဆောက်ခဲ့ရခြင်းဖြစ်လေသည်။

ရွှေတိဂုံစေတီတော်ကြီးကို အင်္ဂလိပ်-မြန်မာ ပထမစစ်ပွဲအချိန်က အတွင်းပိုင်းသို့ ဥမင်တူး၍ကြည့်ခဲ့ရာတွင် စေတီခုနစ်ထပ်တွေ့ရသည် ဟု အင်္ဂလိပ် မှတ်တမ်းတစောင်က ဆိုလေသည်။ ထို့ကြောင့် အလှူ့ရှင်အဆက်ဆက်တို့ ပြုပြင် လှူဒါန်းခဲ့သော စေတီတော်ကြီးမှာ တကြိမ်ပြီးတကြိမ် ငုံ၍တည်ခဲ့သည်ဟု ယူဆနိုင်သည်။ ဥာဏ်တော်မှာလည်း မူလ ၄၄ တောင်မှ တဖြည်းဖြည်းမြင့်တက်ခဲ့လေသည်။

ယင်းသို့တည်ဆောက်ခဲ့ရာတွင် အပြင်စေတီသည် အတွင်းစေတီကို ငုံထားသော်လည်း အတွင်းစေတီကိုအားမပြုပဲ သူ့ဘာသာ သီးခြားစေတီကဲ့သို့ ထောက်ကန်အားပြု၍တက်သည်။ အတွင်းစေတီနှင့် အပြင်စေတီတို့စပ်ကြားတွင် အုတ်၊ အင်္ဂတေ စသော ဝမ်းစာများကို ထည့်သွင်းရလေ့ရှိသည်။ ယင်းသို့ငုံ၍တည်ထားခြင်းကြောင့် အချိန်ကုန်လူပန်းသက်သာပြီး အကုန်အကျမများပဲ မှုရင်းထက်ကြီးမားသော စေတီကြီးဖြစ်လာရပေသည်။

စေတီတော်၏ ကြည်းဝန်းအောက်ပိုင်း၌ ရှစ်မြှောင့်နှင့် ပစ္စယာများ ရှိ၏။ ပစ္စယာများအပိုင်း၌ ချွန်းထွက်နေသော ထောင့်စွန်းများကို ခိုနန်းချိုးဟု ခေါ်သည်။ ရှစ်မြှောင့် စွန်းများကြောင့် စေတီတော်အောက်ခြေမှာ လေးထောင့်စပ်စပ် မဟုတ်တော့ပဲ လေးထောင့်နှင့် စက်ဝန်းပုံတို့ ကူးပြောင်းသည့်နေရာတွင် ပုံတော်ကိုကြည့်ရှု၍ သပ္ပာယ်အောင် ပြေပေးသည်။ ပုံတော် အောက်ခြေကိုလည်း ပို၍ ခိုင်ခံ့တောင့်တင်းအောင် ပြုလုပ်ထားဘိသကဲ့သို့ရှိသည်။



တန်ဆောင်မုန်းလပြည့်နေ့ညဝ် ဖူးတွေ့ရသော စေတီတော်



စိန်ဖူးထိပ်တွင် စိန်လုံးများ
အုပ်ထားသော စိန်ကြီး





"မိုးပတ်ဝန်းကျင်
ထက်ကောင်းကင်ဝယ်
လွင်လွင်တိမ်ဦး
ထိန်ထိန်မြူးအောင်
စိန်ပုံးရုက်မြတ်နား
ထူးခြားဆန်းကြယ်
ထုံးကြွားလှယ်တို့ ..."

အဂ္ဂမဟာပဏ္ဍိတဆရာလင်း









“စိန်ပင်မြသား
ပတ္တမြားနှင့်
ပြယ်သားရောင်နှယ်
စီစဉ်ခြယ်လျက်...”
“အများကုသိုလ်
မိုးလုံးပြိုမျှ
စိမ်းညိုနီမြန်း
လျှပ်မိုးပန်းသို့...”

လယ်တီပဏ္ဍိတ ဦးမောင်ကြီး



ငှက်မြတ်နားတော်မှ ကျောက်မျက် နဝရတ်အမျိုးမျိုးတို့ကို ပတ္တမြားဆင်းတု၊ ပတ္တမြားကြာပွင့်၊ ပတ္တမြားခေါင်းရှုပ်သည်ဖြင့် တင့်တယ်အောင် လက်ရာမြောက်စီခြယ်ထားပုံကို အဆင့်ဆင့်တွေ့ရသည်။



ငှက်မြတ်နားအရင်းမက် အပေါ်ရှုန်းတွင် ပတ္တမြား လုံးချောစိန်ရွှေစေတီကို ပုံဖော်ထားသည်။ နီလာ၊ မြ စသော ကျောက်မျက်တို့အပြင် ပတ္တမြားကြာပွင့်၊ ရွှေ ပန်းပွင့်၊ ရွှေကြေးစည်တို့ ပါဝင်သည်။



ပိန္နဲတိုင်ဘေးတွင်ရှိသော ဟင်္သာရုပ်နှင့် ကျောက်စီဆည်း လည်းများ၊ သစ္စါထက်သန်သော အလှူရှင်တို့သည် ထီးတော် အစိတ်အပိုင်း၌ ရှုထားနေရာတွင် ချိတ်ဆွဲလှူဒါန်းကြရာ မိမိတို့ အမြတ်တနိုးထားကြသော ဆုတံဆိပ်များ တင်လှူထားသည် ကိုလည်း တွေ့ရ၏။




ခေတ်အဆက်ဆက်က တင် လှူခဲ့ကြသော ရွှေဆည်းလည်း များကို ဆောင်တော်ပွင့်ပြီး ပြန် လည်ဆက်ကပ်ထားပုံ၊



ထီးတော်၏ အောက်ပိုင်းသို့ ရှုးဝင်သွားသည့် ရွှေပြားများ ကပ်လှူထားသော ငှက်ပျောဖူး ကြီးကို နီးနီးကပ်ကပ် မော့်၍ဖူးရသည့်အခါ

လက်ရှိ ထီးတော်ကို စေတီ၏အထက်တွင် တင်ထားပုံမှာစိတ်ဝင်စားဘွယ် ကောင်းသည်။ တတန်နှင့် တမတ်မျှ အလေးချိန်ရှိသော ထီးတော်ကြီး၏ဒဏ်ကို စေတီအထက်ပိုင်းက ထမ်း၍ မထားရစေရန် ဥာဏ်ကွန့်၍ တင်လှူထားခြင်းကြောင့် ဖြစ်သည်။ များသော အားဖြင့် စေတီများတွင် ထီးတော်ကို စိုက်ထူရန်အတွက် စေတီထိပ်ရှိ သွယ်ရှူးနေသော အဖျားပိုင်း ဖြစ်သည့် ငှက်ပျောဖူးထဲသို့ ပိန္နဲတိုင်ကို ထိုးစိုက်လေ့ရှိသည်။ ထိုပိန္နဲတိုင်၏ ထိပ်တွင် ထီးတော်ကို စွပ်၍ ထားလေသည်။ ထီးတော်မှာ ဝန်လေးလည်းဖြစ်ပြန်၊ အလုံးအထည်အားဖြင့်လည်း စေတီထိပ်ပိုင်းထက် ကြီးမားနေပြန်သောကြောင့် ထီး၏ အလေးချိန်ကို စေတီထိပ်ပိုင်းက များများထမ်း၍ထားရသည်။ ထို့ပြင် ရာသီဥတုဒဏ်၊ လေပြင်း မိုးပြင်းဒဏ်၊ ငလျင်ဒဏ်တို့နှင့် ကြုံရသည့်အခါ စေတီထိပ်ရှိ ထီးကိုနှဲ၍ ပေးသကဲ့သို့ ရှိလေသည်။ ဤနည်းဖြင့် ထီးကိုစိုက်ထူခြင်းမှာ အရှည်လည်း မတည်တံ့နိုင်၊ စေတီကိုလည်းပြိုပျက်စေနိုင်လေသည်။ တည်ဆောက်ပုံ အားနည်းချက်ကြောင့် ထီးတော်များ ညွတ်ကျိုးမြေခ၍ သွားရသော အဖြစ်အပျက်များကို စေတီတော်ရင်ပြင်ရှိ အချို့စေတီငယ်များ၌ပင် တွေ့နိုင်လေသည်။

ရွှေတိဂုံစေတီတော်တွင်ကား စေတီထိပ်များသည် ထီးတော်၏ဝန်ကို သူချည်းထမ်း



ငှက်ပျောဖူး၏ထိပ်နှင့် ထီးတော်ကြီး၏အောက်ပိုင်း၌ ကြေးစလောင်း ရှိသည်။ ကြေးစလောင်းသည် ထီးတော်ကြီး၏ အလေးချိန်ကို သယ်ပိုးထားပြီး ပိန္နဲတိုင်ကို ထိန်းမတ်ပေးထားသည်။

မထားစေရ။ အောက်ပိုင်းရှိ ငှက်ပျောဖူးနေရာလောက်မှစ၍ အလေးချိန်ကိုမျှပြီး ခံထားစေသည်။ စေတီထိပ်မှစိုက်ထိုးထားသော ပိန္နဲတိုင်သည် ငှက်ပြတ်နားနှင့် စိန်ဖူး၏ဝန်ကိုသာ ထမ်းထားရသည်။ ထိုဝန်သည် ပေါင်ချိန် ၂၀၀ မျှသာ လေးပေသည်။

ထီးတော်ကြီးသည် ငှက်ပျောဖူးအထက်ပိုင်း၌ ငုံ၍တပ်ထားသော ကြေးခွေပေါ်တွင် ရပ်တည်နေသည်။ ယင်းကို ကြေးစလောင်း ဟုလည်း ခေါ်သည်။ ကြေးစလောင်းကြီးသည် ထီးတော်၏အလေးချိန်ကို သယ်ပို့၍ထားသည်။ ထို့ပြင် ပိန္နဲတိုင်၏ဝန်နှင့် တည့်မတ်မှုများ အတွက် ကြေးစလောင်းကပင် အောက်ခြေအမာခံအဖြစ် အထောက်အကူဖြစ်စေသည်။

ပိန္နဲတိုင်ကိုလည်း ငှက်ပျောဖူးထဲသို့ တောက်လျှောက်မဝင်စေပဲ ကြေးစလောင်း၏ အပေါ်၌ ကြေးဘွတ် အတွင်းတွင်ထည့်၍ စွပ်ထားသည်။ ယင်းပိန္နဲတိုင်ကို တည့်မတ်စေရန် သံမဏိသံချောင်း လေးချောင်းဖြင့် အောက်ခြေနားမှ ထောက်ထားသည်။ အပေါ်ပိုင်းတွင် ကြေးဆိုင်းကြိုးကြီး ၂၀ ဖြင့် ဆိုင်း၍ထားသည်။


ထို့ပြင် ထီးတော်အောက်မှနေ၍ ငှက်ပျောဖူးပေါ်သို့ ထောက်ထားသောထောက်တိုင်များလည်း ရှိသေးသည်။ထိုထောက်တိုင်များသည် သံထောက်တိုင်များဖြစ်သည်။ထီးတော်ခွေ အောက်ပတ်လည်မှ ငှက်ပျောဖူးအထက်ပတ်လည်ကို ထောက်ထားခြင်းဖြစ်သည်။ သံထောက်တိုင်ပေါင်း အချောင်း ၆၀ မျှရှိလေသည်။

၁၉၇၀ ပြည့်တွင် ထီးတော်ကို စစ်ဆေးသောအခါ ပိန္နဲတိုင်ကို တည့်မတ်ပေးပြီး ပို၍ ခိုင်မာစေရန်အတွက် အင်ဂျင်နီယာများက သံမဏိဖြင့် ပြုလုပ်ထားသော အင်အားပြည့် ထိန်းချုပ်ကရိယာ (ကော်ပလင်)ညှပ်ကို တပ်ဆင်ပေးသည်။ ယင်းထိန်းချုပ် ကရိယာကို ပိန္နဲတိုင်၌ မူလီများဖြင့် ဖမ်းထားလေသည်။ ဤသို့ဖြင့် စေတီတော်ကြီးရှိ ထီးတော်မှာ စေတီတော်အထွတ်တွင် တည်ငြိမ်စွာ ရပ်တည်၍ နေနိုင်လေသည်။

## ဘုံခုနစ်ဆင့်ထီးတော်

ထီးတော်ကြီးမှာ ဘုံခုနစ်ဆင့်ရှိသည်။ အောက်ဆုံးဘုံမှာအကြီးဆုံးဖြစ်၍ အထက်သို့ စေတီပုံအတိုင်း အချိုးအစားညီညွတ်စွာ ဘုံအဆင့်ဆင့် သေးငယ်၍သွားသည်။ ထီးတော်၏ အမြင့်သည် ၁၆ ပေနှင့် ၃ လက်မ ရှိသည်။ အောက်ဆုံးဘုံ၏ အချင်းမှာ ၁၄ ပေနှင့် ၁၁၃ လက်မ ရှိသည်။ အထက်ဆုံးဘုံ၏အချင်းမှာ ၃ ပေနှင့် ၆၃ လက်မရှိသည်။

ထီးတော်ဘုံများကို ခွေထားသော သံပြားများမှာ ဖြက် ၁ ၃ လက်မနှင့် အထူ



ရှေးပန်းတဉ်း၊ ပန်းထိမ် လက်ရာဖြစ်သော ထီးတော်ကြီး၏ ဘုံဆင့်များ၌ ရွှေပြားများကပ်၍ မွမ်းမံထားသည်။

လက်မဝက်ရှိသည်။ သံစိမ်းဖြင့် ပြုလုပ်ထားသည်။ ယင်းသံခွေများအပေါ်၌ ကြေးပြားနှင့် ရွှေပြားများ အုပ်၍ထားသည်။ ယင်းခွေများအပေါ်၌ ရှေးပန်းတဉ်း လက်ရာ၊ ပန်းထိမ် လက်ရာများကို ဖော်၍ထားသည်။

စေတီတော်ကြီး၏အထွတ်တွင် ထီးတော်၏အထက်ပိုင်း၌ ဆတ်သွားဖူး၊ ဆတ်သွားဖူး၏အထက်၌ ဇွန်းလေးဘုံ၊ ဇွန်းလေးဘုံ၏အထက်၌ ပိန္နဲတိုင်အစွန်းပေါ် ထွက်၍ ငှက်မြတ်နား ရှိသည်။ ငှက်မြတ်နားအထက်တွင် ရွှေဆည်းလည်းများ ချိတ်ဆွဲထားသော အဆင့်ရှိသည်။ ယင်း၏ အထက်တွင်မှ စိန်ဖူးတော်ဖြစ်လေသည်။

ဤသို့ အဆင့်ဆင့် တည်နေပုံမှာ စေတီတော်ကြီးအား အထက်နှင့်အောက် ဝန်မျှသွားစေရန် ပြုလုပ်ထားသော အစီအစဉ်ဖြစ်သည်။ ဦးစွာပထမ စေတီတော် အထက်ပိုင်း၏ ဝန်ထမ်းရာအခြေခံဖြစ်သော ငှက်ပျောဖူးကိုကြည့်ပါ။ ငှက်ပျောဖူးသည် တကဲ့ ငှက်ပျောဖူးကဲ့သို့ အောက်ပိုင်းတုတ်၍ အဖျားရှူးသွားသည်။ ထိုပုံစံမျိုးသည် အောက်သို့ ကျသော ဝန်ချိန်ကို မျှ၍ခံနိုင်သော ပုံမျိုးဖြစ်သည်။ တဖန် ငှက်ပျောဖူးအထက်ရှိ ထီးကိုကြည့်ပါ။ ထီးတော်သည် အောက်ခြေကျယ်၍ အဖျားတွင် ကျဉ်းသွားသော စေတီပုံအတိုင်းရှိသည်။

စေတီများတွင် စေတီတဆူလုံး၏ဝန်ကို ခံနိုင်စေရန် အချိုးအစားကျ တည်လုပ်ရသကဲ့သို့ ထီးတော်ကိုလည်း ဤသဘောအတိုင်း တည်လုပ်ထား၏။ ဤနည်းဖြင့် ထီးတော်ဘုံအဆင့်များသည် အထက်မှအောက်သို့ ဝန်ချိန်ကို အဆင့်ဆင့် လွှဲပြောင်းပေးထားလေသည်။

ထီးတော်၏ဝန်ချိန်သည် ငှက်ပျောဖူးထိပ်ရှိ ပိန္နဲတိုင်ရင်းသို့ ရောက်သည်။ သို့သော် ထိုနေရာတွင် ဝန်ပိမနေပဲ ငှက်ပျောဖူးပေါ်သို့ မျှ၍ဆင်းသည်။ ငှက်ပျောဖူးအထက်ပိုင်းတွင် ကြေးခွေကြီးလေးခွေ ပတ်၍ထားသေးသည်။ ထိုခွေများပေါ်သို့ ထီးတော်မှ ထောက်များကို ထောက်ထားသည်။

ငှက်ပျောဖူးသည် ထိုဝန်ကိုထမ်းထားနိုင်ရန် တောင့်တင်းစေဘို့အတွက် အစီအစဉ်တမျိုးရှိသေးသည်။ ယင်းမှာ ငှက်ပျောဖူးကို ကြေးပြားများအကွက်ရိုက်၍ ပတ်ထားခြင်းဖြစ်သည်။ ထိုအပေါ်မှ ရွှေပြားများဝက်အူစုပ်၍ တပ်ထားသဖြင့် ငှက်ပျောဖူးကို ကျစ်လစ်သိပ်သည်းစွာ ထုပ်ပိုးပေးထားသကဲ့သို့ ဖြစ်လေသည်။ သို့အတွက် ငှက်ပျောဖူး၏တောင့်တင်းမှုကို စိတ်ချနိုင်လေသည်။

### ပိန္နဲတိုင်

ငှက်ပျောဖူး၏အထက်မှ ထီးတော်၏အလယ်ဗဟိုကိုဖောက်၍ အထက်သို့ထွက်သော ပိန္နဲတိုင်မှာ ၄၃ ပေနှင့် ခြောက်လက်မရှိသည်။ ယင်းသည် သံမဏိတိုင်ဖြစ်သည်။ ယင်းပိန္နဲတိုင်သည် ထီးတော်၏အထက်နား သုံးပေခွဲခန့်မှစ၍ဆတ်သွားဖူး၏အတွင်းသို့ဝင်သည်။ ပိန္နဲတိုင်ကို ပန္နက်တိုင်ဟုလည်းခေါ်သည်။ ပန်းလည်တိုင်ဟုလည်း ခေါ်ကြသည်။

### ဆတ်သွားဖူး

ဆတ်သွားဖူးမှာ ထီးတော်ထိပ်မှ စိန်ဖူးသို့ တက်ရာတွင် ပြေ၍သွားစေရန် ဖန်တီးထားသော အစိတ်အပိုင်းဖြစ်သည်။ ယင်းသည် ထီးတော်၏အောက်မှ ငှက်ပျောဖူး၏ပုံနှင့် မတိမ်းမယိမ်းဖြစ်သည်။ အလုံးအထည်အားဖြင့်ကား သေးငယ်သွယ်ရှူး၍ သွားလေသည်။ ဆတ်သွားဖူးမှာ လုံးပိတ် မဟုတ်ပေ။ ထီးတော်ကဲ့သို့ပင် ဘုံဆင့်များဖြင့် ပုံပန်းဖော်၍ထားခြင်း ဖြစ်သည်။ ကြေးပြားခွေပေါင်း ၂၁ ဆင့်ကို အချိုးအစားအလိုက် တပ်ဆင်ထားသည်။ အောက်သိမ်၊ အေးကား၍ အထက်တွင် ပြေပြေညီညီ သွယ်ရှူး၍တက်သည်။ ဆတ်သွားဖူး၏အမြင့်မှာ ရှစ်ပေနှင့် နှစ်လက်မရှိသည်။


## အမြင်တင့်တယ်စေသော ဌန်းလေးဘုံနှင့် ငှက်မြတ်နား

ဆတ်သွားဖူး၏ ဘုံဆင့်ခွေများကို ရွှေပြားဖြင့် ပတ်ထားသည်။ ထိုဘုံဆင့်များတွင် ရွှေဆည်းလည်း၊ ငွေဆည်းလည်းနှင့် အခြားကျောက်မျက်ရတနာ အမျိုးမျိုးတို့ကို ဆွဲချိတ်၍ တင်လှူထားသည်။

### ဌန်းလေးဘုံ

ဆတ်သွားဖူး၏ အထက်သို့ တက်ပြန်သောအခါ စိန်ဖူးနှင့်ငှက်မြတ်နားရှိရာ အထွတ်အဖျားသို့ တဖြောင့်တည်း မတက်သေးချေ။ တဖြောင့်တည်း ပြေး၍ ရှုးသွားစေမည့်အစား မျက်စိအမြင် တင့်တယ်စေရန် နောက်တဆင့် ခံလိုက်သေးသည်။ ထိုတဆင့်မှာ ဌန်းလေးဘုံအဆင့် ဖြစ်သည်။

ဌန်းလေးဘုံသည် အထက်တွင် တဖြောင့်တည်း တန်း၍ စွင့်စွင့်တက်သွားမည့် ပိန္နဲတိုင်၏ မျဉ်းကြောင်းကို တင့်တယ်အောင် ဖြေပေးပြန်သည်။ ဖြေရာတွင် ထီးတော်ကဲ့သို့ စေတီပုံဟန် ဝိုက်ရှုး၍မသွား။ ငှက်ပျောဖူးနှင့် ဆတ်သွားဖူးတို့ ကဲ့သို့ အဖူးအငုံသဏ္ဌာန်လည်း မဟုတ်ချေ။ သာမန်မျှသာ ပြေး၍ တက်သည်။




ဆည်းလည်းကြိုးယယ်များ လျှုခါန်းထားသော ဌန်းလေးဘုံမှ အထက်သို့ မော်၍ဖူးသော် ငှက်မြတ်နားနှင့် စိန်ဖူးတော်တို့ကို ဖူးတွေ့ရသည်။

ဌန်းလေးဘုံဟု ဆိုသည့်အတိုင်း ဘုံလေးဆင့်ပါသော အစိတ်အပိုင်း ဖြစ်သည်။ ဌန်းလေးဘုံ၏ အောက်ဆုံးဘုံသည် အထက်ဘုံများနှင့် တပေခွဲမျှ ကွာဝေးသည်။ ကျန်သုံးဘုံမှာ တဘုံနှင့်တဘုံ တပေစီ ကွာဝေးလေသည်။ ဘုံများပေါ်တွင် ရွှေဆည်းလည်း၊ ငွေဆည်းလည်းနှင့် ကျောက်မျက်ရတနာ အမျိုးမျိုးတို့ကို တင်လှူချိတ်ဆွဲထားလေသည်။

### ငှက်မြတ်နား

ဌန်းလေးဘုံ၏ ထိပ်ဆုံးဘုံမှ သုံးပေနှင့် နှစ်လက်မမြင့်သောနေရာတွင် ငှက်မြတ်နားတော်ရှိသည်။ ငှက်မြတ်များ နားရာဖြစ်သောကြောင့် ငှက်မြတ်နားဟု ခေါ်တွင်ကြောင်း အဆိုရှိသည်။



အဖိုးတန် ကျောက်မျက်မျိုးစုံတို့ဖြင့် မွမ်းမံစီခြယ်ထားသော
ရတနာ ပန်းဆိုင်းကြီးဖြစ်သည့် ငှက်မြတ်နားတော်

ငှက်မြတ်နား၏အရင်းသည် ပိန္နဲတိုင်ကိုစွပ်လျက် ဆုံလည်နှင့်ဘောတပ်၍ ထားသည်။ ဘောစေ့ ၁၈ လုံးခံ၍ထားသဖြင့် လေတိုက်သောအခါ အရပ်ရှစ်မျက်နှာသို့ လည်ပတ်လေသည်။ ငှက်မြတ်နား၏ အရွယ်မှာ ပိန္နဲတိုင်မှနေ၍ အစွန်းသို့ လေးပေနှင့်နှစ်လက်မ ရှည်သည်။ ကြက်မှာ အကျယ်ဆုံးနေရာတွင် နှစ်ပေနှင့် ငါးလက်မခွဲ ရှိသည်။

ငှက်မြတ်နား၏ အလေးချိန် ၃၃ ပိဿာခန့်ကို ညီမျှစေရန်တဖက်မှ ၁၅ ပိဿာခန့်ရှိ သံမဏိချောင်းဖြင့် ပြန်ထိန်းချိန်သီးပြုလုပ်လျက် ထိန်းပေးထားသည်။

ငှက်မြတ်နားသည် စေတီ၏အထွတ်တွင် စိန်ဖူးတော်နှင့်အတူ အဖိုးတန် ကျောက်မျက် ရတနာ အလွန်များပြားသော အစိတ်အပိုင်းကြီး ဖြစ်သည်။ ရွှေသားပေါ်တွင် ရွှေပန်း ရွှေခက်များ၊ ကျောက်ပန်းကျောက်ခက်များ၊ စိန်ဒေါင်းနှင့် ကျောက်စီ ရုပ်ပွါးများဖြင့်

အတိုင်ပြီး၏။ အဖိုးတန် နဝရတ်ကျောက်မျက် အမျိုးမျိုးတွင် ပတ္တမြားလုံး၊ နီလာလုံး၊ မြလုံးကြီးများကို စိန်ကျောက်အမျိုးမျိုးဖြင့် စီခြယ်မွမ်းမံထားလေသည်။ ဝင်းအိနေသော ရွှေစင်ရွှေသားပေါ်တွင် ကျောက်ကောင်းကျောက်မြတ် ရောင်စုံတို့ကိုစီ၍၊ မြှုပ်၍၊ ကွင်း၍၊ ကွပ်၍ အရွက်နှင့် အသီးအပွင့်များ ဖော်ထားသည်မှာ ထူးခြားဆန်းကြယ်သော မြန်မာ့ အနုပညာ ပန်းထိမ်လက်ရာကို ဖော်ပြလျက် ရှိသည်။

စေတီတော်ကို ပြမ်းဆင်စဉ်က တက်ရောက်၍ အနီးကပ် ဖူးမြင်ရသော ငှက်မြတ်နားတော်ကြီးသည် နေခြည်အောက်တွင် ရောင်စုံတင့်တယ်စွာဖြင့် ပဏာရလှပေသည်။ ဆံတော်ရှင်စေတီအတွက် အဖိုးမဖြတ်နိုင်သော ရတနာပန်းဆိုင်းကြီးကို ကြည်ညိုလွန်းသော သဒ္ဓါဟုန်အထုအထည်ဖြင့် ကပ်လှူပူဇော်ထားသည့် သဘောမှာ ထင်ရှားပေါ်လွင်လှပေသည်။


ငှက်မြတ်နားတော်တွင် ကပ်လှူထားသောရတနာပစ္စည်းတို့မှာ ရှေးမင်းအဆက်ဆက်မှ တင်လှူခဲ့သည့် ကျောက်သံပတ္တမြားစသည့် အလှူဒါနများပါဝင်လေသည်။ ရတနာအစုစု၏ တန်ဖိုးမှာ အလွန်ကြီးမားလှသည်။ စိန်လုံးရေအားဖြင့် ၁၀၉၇ လုံး၊ ရတီ ၂၄၀ ကျော်နှင့် အခြား ကျောက်မျက်လုံးရေ ၁၃၃၈ လုံး ပါဝင်သည်။ လက်ရှိ ငှက်မြတ်နားတော်ကြီးမှာ ၁၉၃၀ ပြည့်နှစ်တွင် ပြုတ်ကျသော ငှက်မြတ်နားကို ၁၉၃၁ ခုနှစ်တွင် ပြန်လည်ပြုပြင်၍ တင်လှူထားသော ငှက်မြတ်နား ဖြစ်သည်။ ငှက်မြတ်နားနှင့် စိန်ဖူးတော်ကို ပြုလုပ်ပေးခဲ့သော ပန်းထိမ် ပညာရှင်မှာ ရန်ကုန်မြို့မှ ဦးဘရင်ဖြစ်သည်။

## စိန်ဖူးတော်

စိန်ဖူးတော်ကို ရောင်လျှံဟုလည်း ခေါ်ကြသည်။ ရွှေတိဂုံစေတီတော်မြတ်ကြီး၏ အထွတ်တွင် တင်၍ထားသော စိန်ဖူးတော်မှာ ငှက်မြတ်နားကဲ့သို့ပင် ၁၉၃၁ ခုနှစ်က တင်လှူခဲ့ခြင်း ဖြစ်လေသည်။

စိန်ဖူးတော်သည် ငှက်မြတ်နား၏အထက် ပိန္နဲတိုင်ထိပ်ဖျားတွင် တင့်တယ်စွာ စံပယ်လျက်ရှိသည်။ စိန်ဖူးတော်ဟုဆိုသည့်အတိုင်း စိန်ရွှေကျောက်မျက်များကို အင့်အဖူးပုံ၍ အတင့်အတယ် ဖြစ်အောင် စီမြှုပ်ထားသော ပန်းထိမ်လက်ရာ ဖြစ်သည်။ စိန်ဖူးတော်မှ ရွှေရောင်၊ စိန်ရောင်၊ ပတ္တမြားရောင်၊ နီလာရောင်တို့သည် နေ့အခါ၌ နေမင်းနှင့် အပြိုင် လင်းလက်လျက်ရှိပေသည်။ ထိုကျောက်မျက်ရောင်စုံတို့၏ရောင်ပြန်တို့ကို စေတီတော်ကြီးအား ခပ်လှမ်းလှမ်းမှ ဖူးရသောအခါ မြင်တွေ့နိုင်လေသည်။

ညအခါ ဆီမီးပူဇော်ထားသောအချိန် ဖြစ်ပါမူကား၊ ရင်ပြင်တော်ရှိ အချို့ထောင့်များမှနေ၍ မော်ကြည့်လျှင် ရဲရဲဝင်းဝင်း ပတ္တမြားအသွေးတို့ကို ဖူးတွေ့ရတတ်လေသည်။



**စိန်ဖူးတော်၏ အထွတ်တွင် မြုပ်၍ထားပြီး စိန်တန်းသုံးတန်းက မိုး၍ ကုပ်ထားသော ၇၆ ကာရက်ရှိ စိန်ကြီး**

စိန်ဖူးတော်၏ လုံးရပ်မှာ အချင်း ၁၀လက်မခွဲရှိသည်။စိန်ဖူးတော်သည်ကြက်ဥကဲ့သို့အလုံးကြီးဖြစ်သည်။ အတွင်း၌ အခေါင်းရှိသည်။ စိန်ဖူးဆီသို့တက်သော ပိန္နဲတိုင်ကို ချွေပြား ကွပ်ထားလေသည်။

စိန်ဖူးတော်၏ ခါးလယ်တွင် စိန်တန်း သုံးတန်းရစ်၍ထားသည်။ စိန်ဖူးတခုလုံး၏ မျက်နှာပြင် အနှံ့အစပ်တွင် စိန်များ၊ ကျောက်ကောင်း ကျောက်မြတ်များ၊ ကျောက်မျက်စီ ဒေါင်းရုပ်၊ လိပ်ပြာရုပ်၊ စေတီပုံ၊ ပန်းပွင့်ပုံ၊ သရဖူပုံတို့ကို အကွက်ကျကျ နေရာမလပ်အောင် ဖော်၍ထားလေသည်။ ဗုဒ္ဓရုပ်ပွားတော်ပုံ စီခြယ်၍ထားသော အရုပ်များလည်းရှိသည်။ စိန်လုံးရေအားဖြင့် အလေးချိန် ရတီ ၂,၀၀၀ ကျော်ရှိစိန် ၄,၃၅၁ လုံး၊ အခြား ကျောက်မျက် ၉၃ လုံးပါရှိသည်။ စိန်ဖူး၏ အထက်ဆုံးတွင်ကား ၇၆ ကာရက် (ဂ၃ ရတီ၊ ၁၂ ဘိုဋ္ဌာ) ရှိသော စိန်ကြီးတလုံးကို မြုပ်၍ ထားလေသည်။ ပိုခနောက်ဆိုင် ထိုစိန်တုံးကြီးကို စိန်တန်းသုံးတန်းက မိုး၍ကုပ်ထားသည်။

**လက်ရာမြောက် စေတီတော်အား**
**အသေးစိတ် ဖူးမြော်လျှင်**

ကျောင်း၊ ကန်၊ တန်ဆောင်းစသည်တို့ကို တည်ဆောက်သော ဗိသုကာတို့သည် စေတီပုထိုးတို့ကို တည်ဆောက်သော ဗိသုကာတို့ထက် မိမိတို့၏လက်ရာများကို ကွန့်ခွင့် ညွန့်ခွင့်ရလေသည်။ အကြောင်းမှာ ကျောင်း၊ ကန်၊ တန်ဆောင်း တို့တွင် အဆောက်အအုံ၏ အမိုး၌လည်းကောင်း၊ အဆောင်၌လည်းကောင်း၊ တိုင်လုံးများ၌လည်းကောင်း၊ မျက်နှာကြက်၌လည်းကောင်း လက်ရာအပြောက်အမွမ်းများကို အတင့်အတယ်ဖော်နိုင်သော အခွင့်အရေးကို

ရရှိကြသည်။ ဆောက်လုပ်ရသော အဆောက်အအုံကိုယ်၌က အတွင်းအပြင် နှစ်ဌာန ရှိနေသောကြောင့် ဖြစ်လေသည်။

စေတီပုထိုးတို့ကို တည်ဆောက်သော ဗိသုကာများမှာမူကား ကွန့်နိုင် ညွှန့်နိုင်သော အခွင့်အရေး နည်းပါးကြလေသည်။ အထူးသဖြင့် စေတီတည်ဆောက်ရသော ဗိသုကာတို့၌ လက်ရာကိုဖော်ရန် နေရာမှာ အပြင်ပန်း၌သာ ရှိသည်။ အတွင်း၌ မရှိချေ။ ထို့ကြောင့် ထုထည် လုံးချောထည်ကိုပင် ကိုင်တွယ်၍ ပုံပန်းဖော်ကြရသည်။ အတင့်အတယ်ဖြစ်အောင်၊ သဒ္ဓါကြည်ညိုဘွယ်ဖြစ်အောင် တည်ဆောက်ကြရသည်။ ဤသို့ ပြုလုပ်ရာတွင် စေတီ အဆောက်အအုံ၏ပုံပန်းကို မည်သို့သွယ်၍ရှူးစေသည်၊ ပြည့်ဖြိုးစေသည်၊ တည်ငြိမ်စေသည်ဟူသော အားထုတ်မှုများက ဗိသုကာ၏ လက်ရာမြောက်မှု၊ မမြောက်မှုတို့ကို သက်သေပြုလေသည်။

စေတီတည်ဆောက်သော ဗိသုကာတို့သည် ချင်းလင်းသော ထုထည်ပုံ၌ အလင်္ကာသဘောသက်ဝင်အောင် မျဉ်းကြောင်းများဖြင့် ဖန်ပါးယူရသည်။ ယိုသို့ ဖန်ပါးရာတွင် ဗိသုကာတဦးလိုက်နာရမည့် အကန့်အသတ်စည်းမျဉ်းများမှာ ရှိပြီးသား ဖြစ်သည်။ ယင်းအကန့်အသတ်များမှာ အခြားမဟုတ်။ အစဉ်အလာအရ စေတီတွင် ပါဝင်လေ့ရှိသော အစိတ်အပိုင်းများပင် ဖြစ်သည်။ ရှေ့ပိုင်း၌ ဖော်ပြခဲ့သည့်အတိုင်း စေတီ၏ပုံတော်တွင် ထုံးစံအားဖြင့် ပန်းတင်ခုံ၊ ပစ္စယာ၊ ရှစ်မြှောင့်၊ ကြည်းဝန်း၊ ခေါင်းလောင်း၊ သပိတ်မှောက်၊ ဖောင်းရစ်၊ ကြာမှောက်၊ ကြာလန်၊ ငှက်ပျောဖူး၊ ထီး စသည်တို့ရှိသည်။



ရွှေပြားပေါ်တွင် ပန်းခက်နွယ်များအကြားမှ ရုပ်ကြွဖော်ထားသော ဘုရားလေးဆူတို့၏ မတ်ရပ် ပုံတော်ပါရှိသည့် စိန်ဖူးတိုင်လုံး

## ဗိသုကာ၏ ပြဿနာ

ဗိသုကာသည် ယင်းအစိတ်အပိုင်းများတွင် ခေတ်သဘောနှင့်အညီ၊ မိမိ၏အကြိုက်၊ မိမိ၏ပညာရည် ပညာသွေးနှင့်အညီ ဗိသုကာလက်ရာကိုဖော်ထုတ်ရပေမည်။ ခေါင်းလောင်းနှင့် သပိတ်မှောက်တို့ကို အတင့်အတယ်ပြုမည်လော။ ကြာမှောက် ကြာလန်ပိုင်းကို တန်ဆာဆင်မည်လော။ ထိုသို့ စဉ်းစားလိုက်ပါမှ ထင်သလောက် လွတ်လပ်စွာ မကွန့်နိုင်၊ မညွှန့်နိုင်သော သဘောကို တွေ့ရမည်။ သို့ရာတွင် ကွန့်နိုင်၊ ညွှန့်နိုင်ပါမှလည်း ဗိသုကာ၏ တင့်တယ်သော ပင်ကိုယ်လက်ရာ ပေါ်လွင်ပေတော့မည်။

သို့ဖြစ်လျှင် ပြဿနာအလျောက် ဖောင်းသင့်သည်ကိုဖောင်း၍၊ ဖြေ

သင့်သည်ကိုဖြေ၍၊ ကြသင့်သည်ကိုကြ၍၊ သွယ်သင့်သည်ကိုသွယ်၍၊ ဝိုက်သင့်သည်ကိုဝိုက်၍ စေတီထုထည်၏ အချိုးအစားအလိုက် ရေလိုက်သင့် ငါးလိုက်သင့် ဖန်တီးသွားဘို့ ရှိတော့သည်။ ဤသို့ ညီညွတ်အောင် ပြုလုပ်နိုင်လျှင် ဗိသုကာလက်ရာရှင်၏ ပြဿနာသည် သူ့ဖာသာ အလိုအလျောက် ပြီးပြေသွားနိုင်ဘွယ် ရှိလေသည်။

ပြဿနာဟူ၍သာ ဆိုရသည်။ ဤအစိတ်အပိုင်း၊ ဤမျဉ်းကြောင်း၊ ဤထောင့်ချိုးတို့ဖြင့် ဤအစီအစဉ်များအတိုင်းလိုက်နာကာ စေတီပေါက်ခဲ့ကြသည်မှာ ခေတ်အဆက်ဆက်ကဖြစ်သည်။ မိမိတည်ဆောက်ရမည့် စေတီကို အများနည်းတူ သမားရိုးကျ မဖြစ်စေလိုလျှင် ပေးထားသော အစိတ်အပိုင်းတို့၌ အလင်္ကာရသလည်းပေါ်လေအောင်၊ ယေဘုယျစည်းကမ်းနှင့်လည်း မလွတ်လေအောင် ပညာစွမ်းပြဘို့ပင်ဖြစ်လေသည်။

ထိုအခါ စေတီအစိတ်အပိုင်းတို့၏ အချိုးအစားလည်း ပြေပြစ်ရမည်။ စေတီတော်တခုလုံးမှာလည်း အဝေး၊ အနီး၊ ခုလတ်တို့မှ ဖူးမြော်သည့်အခါတိုင်း သပ္ပါယ်စေရမည်။ ဗိသုကာ၏လက်ရာအစွမ်းကိုလည်း မြင်သာစေရမည်။ အားလုံးခြုံ၍ပြောရလျှင် စေတီတော်ကို တည်ဆောက်သော ဗိသုကာ၏လက်ရာသည် အလင်္ကာမြောက်ရပေမည်။ အလင်္ကာမြောက်ခြင်းသည်ပင်လျှင် စေတီတော်မြတ်အား ဗိသုကာက ပညာဖြင့်ပူဇော်ခြင်း ဖြစ်သည်ဟု ဆိုနိုင်ဘွယ်ရှိလေသည်။


ဗိသုကာ၏နေရာမှ ဝင်စားကြည့်လျှင် ဤသို့ ဤသို့သော ပြဿနာများရှိနေသည်ဟု ဆိုရချိမ့်မည်။ ထိုပြဿနာများကို ရွှေတိဂုံစေတီတော်အား တည်ဆောက်သော ဗိသုကာတို့သည် အဘယ်သို့ ဖြေရှင်းခဲ့ပါသနည်း။ ပုံတော်ကို ဖူးရင်း စဉ်းစားကြံဆကြည့်လျှင် ယုတ္တိတန်သောအဖြေကို ရှာ၍ တွေ့နိုင်ကောင်းမည် ထင်ပါသည်။

## ပလ္လင်ခံပေးသော ပန်းတင်ခုံ

ပန်းတင်ခုံကိုကြည့်ပါ။ စေတီတော်၏ ပန်းတင်ခုံသည် ၂၁ ပေမြင့်သည်။ လူ့အရပ်၏ သုံးပြန်ကျော်ပေသည်။ ပန်းတင်ခုံသည် ပန်းပုရပ်လုံးကိုတင်ထားသော အခြေ၊ သို့မဟုတ် အောက်ခုံကဲ့သို့ဖြစ်၏။ စေတီတော်အား ဖူးသာ မြင်သာ စေရန်နှင့် ရင်ပြင်ရှိ စကြံနှင့် တပြေးတည်း မဖြစ်လေအောင် ပလ္လင်ခံပေးသော အရာဖြစ်သည်။ ပလ္လင်ခုံဟုလည်း ခေါ်ကြသည်။

ထို့ပြင်တဝ ပန်းတင်ခုံကို ဤသို့မြင့်ထားခြင်းကြောင့် နောက်ကာလ၌ ကုသိုလ်ပွား

ပန်းတင်ခုံပတ်လည်ရှိ ဂြိုဟ်တိုင်၊ ရှမ်းထီး၊ ပန်းအိုးနှင့် တံခွန် ကုက္ကားများကို စေတီတော်ခြေရင်းပတ်လည်၌ တွေ့နိုင်သည်။



ကြသော စေတီတော် ခြေရင်းရှိ နတ်ရုပ်၊ ခြင်္သေ့ရုပ်၊ သင်ပုတ်စင်၊ ကျောက်သပိတ်၊ ကြာသွတ်အိုး၊ မနုဿီဟ၊ ရှမ်းထီး၊ ဂြိုဟ်တိုင်စသည်တို့က အောက်ခြေကို အကွယ်အကာ မဖြစ်ဘဲ ဝန်းရံလျက် ရှိသည်။ အထက်ပါရုပ် လုံးများ နှင့် ရှမ်း ထီး၊ ကြာသွတ်အိုး၊ ဂြိုဟ်တိုင်တို့က ပန်းတင်ခုံ၏ အောက်ခြေတွင် ရှိနေကြပြီး၊စေတီကိုယ်လုံးတော်မှာ ပန်းတင်ခုံပေါ်တွင် လွတ်လွတ် ကျွတ်ကျွတ် ရှိနေစေပေသည်။


စေတီတော်သည် ပန်းတင်ခုံ အထက်၌ တည်နေ၍ စေတီ၏ပတ်လည်တွင် ပေ ၂၀ ခန့် အကျယ်အဝန်းရှိပေသည်။ ထိုနေရာကို အထက် ပစ္စယာဟူ၍လည်း ခေါ်ကြသည်။ စင်စစ် စေတီတော်၏ ပထမပစ္စယာဖြစ်သည်။

ပန်းတင်ခုံပေါ်၌ စေတီကြီးကို ရံလျက်ရှိသော စေတီများတွင် မုတ်လေးဖက်၌ မုတ်ဦးစေတီကြီးလေးဆူ၊ ထောင့်လေးထောင့်၌ ယင်းစေတီများထက်ငယ်သော စေတီလေးဆူတို့ရှိသည်။ ယင်းတို့စပ်ကြားတွင် စေတီရံ ၆၀ သည် ပန်းတင်ခုံပေါ်တွင် စေတီတော်ကြီး၏ ခြေတော်ရင်း၌ တည်ရှိကြလေသည်။ ဤပစ္စယာစကြံသည် အမျိုးသားများသာ တက်ခွင့်ရသော နေရာဖြစ်သည်။

**ပစ္စယာသုံးဆင့်နှင့် ရှစ်မြှောင့်**

စေတီ၏ကိုယ်လုံးတော်သည် ဘိနပ်တော်မှ အထက်သို့ ပစ္စယာသုံးဆင့်ဖြင့် တက်လေသည်။ ပစ္စယာသုံးဆင့်၏အမြင့်မှာ စုစုပေါင်း ၆၂.၃၈ ပေ ရှိသည်။

ပစ္စယာသုံးဆင့်ကို လွန်သော် ရှစ်မြှောင့်တထပ်ခံ၍ ထားသည်။ ရှစ်မြှောင့်၏အမြင့်မှာ ၂၅.၈၅ ပေ ရှိသည်။ ထိုမှ လွန်သော် ကြည်းဝန်း ငါးရစ်က အထက်၌ရှိသည်။ ကြည်းဝန်း၏အမြင့်မှာ ၂၄.၀၂ ပေ ဖြစ်သည်။



အပေါ်စီးမှ ရှုမြင်ရသော စေတီအောက်ခြေရှိ ရှစ်မြှောင့်နှင့် ခိုနန်းချိုးအစွန်းများ၊ ပထမပစ္စယာဖြစ်သော အောက်ခြေပန်းတင်ခုံမှနေ၍ ဒုတိယပစ္စယာ၊ တတိယပစ္စယာတို့ကိုတက်ပြီးနောက် ရှစ်မြှောင့်သို့ ရောက် သည်။ ခိုနန်းချိုးများကိုလည်း သဲကွဲစွာ တွေ့မြင်နိုင်သည်။

ပစ္စယာ၊ ရှစ်မြှောင့်နှင့် ကြည်းဝန်းတို့၏ စုစုပေါင်းမှာ ဂ၈.၂၃ ပေ ရှိသည်။ ဤသုံးဆင့်၏အဆုံးတွင် စေတီအောက်ခံ ဗဟုဂံထောင့်များပုံနှင့် စေတီအထက်မှ စက်ဝန်းပုံတို့ ဆုံမိကြလေသည်။ မြန်မာစေတီများတည်ဆောက်ရာ၌ ဤသို့ အဆင့်ကူးပြောင်းသောအပိုင်းမှာ စိတ်ဝင်စားဘွယ် ရှိလှသည်။ တည်ဆောက်သော ဗိသုကာ၏လက်စွမ်းကို ဤနေရာ၌ အကူးအပြောင်းလုပ်ပုံတွင် အကဲခပ်ကြည့်နိုင်သည်။


အချို့ဘုရားစေတီများတွင် လေးထောင့်စပ်စပ် စတုရန်းပုံကို အောက်မှခံသည်။ အထက်သို့တက်သောအခါ စက်ဝန်းပုံသို့ရောက်အောင် ကူးပြောင်းရမြဲ ဖြစ်သည်။ မည်သို့ ကူးပြောင်းမည်နည်း။ အဆင်အပြေဆုံး ကူးပြောင်းနည်းမှာ စတုရန်းနှင့် စက်ဝန်းတို့၏ အကြားတွင် အဋ္ဌဂံ (ရှစ်ထောင့်) ကို ထည့်ပေးခြင်းဖြစ်သည်။ ထို့ကြောင့် စတုရန်းနှင့် စက်ဝန်းတို့ကူးပြောင်းသောနေရာသည် ရှစ်မြှောင့်ခိုနန်းချိုးနေရာ ဖြစ်ပေသည်။

ရွှေတိဂုံစေတီတော်၌ ဗဟုဂံအစိတ်အပိုင်းများသည် ပေ ဂ၀ ကျော်မြင့်အောင် တက် ထားသည်။ ဤသို့ပြုလုပ်ခြင်းဖြင့် ထောင့်ချွန်ပုံမှ စက်ဝန်းပုံသို့ ရုတ်ခြည်း ကူးပြောင်းမသွား စေပဲ ပြေပြေပြေရောက်သည်။ အမှန်စင်စစ် ကူးပြောင်းခြင်းကို စေတီတော် အောက်ခြေ

အထက်ပစ္စယာ ရင်ပြင်ရှုခင်း



ပစ္စယာ ခိုနန်းချီးများအနီးရှိ စေတီရံများကို အထက်မှ ရှုရပုံ



ပစ္စယာ ခိုနန်းချီးအစွန်းများကို စေတီရံများနှင့်အတူ ဘေးတိုက်မြင်ရပုံ

နားဆီတွင် မဖြစ်စေပဲ အများမြင်သာနိုင်သော အထက်သို့တင်ထားလေသည်။ ဤသည်ကပင် ပုံတော်ကို တမျိုးတပုံ သပ္ပါယ်စေရာကျပါသည်။

ဗိသုကာသည် မိမိ၏လက်ရာများကို ပစ္စယာအဆင့်မှ စေတီခေါင်းလောင်းနေရာသို့ တဆက်တည်းတက်လိုက်လျှင် ရနိုင်ပါသည်။ သို့သော် စေတီပုံတော်တွင် အဆက်အစပ် ပြေပြစ်တော့မည် မဟုတ်ပေ။

ပစ္စယာများနှင့် ရှစ်မြှောင့်သည် အလျားလိုက်ပြင်ညီဖြစ်ပြီး တည်ငြိမ်သော သဘော ဖြစ်သော်လည်း၊ အဆင့်ဆင့်တက်၍ ထားသောကြောင့် ထောင်လိုက်သဘော၊ မတ်ရပ် သဘောများလည်း သက်ရောက်နေသည်။ ရှစ်မြှောင့် ခိုနန်းချိုးများထွက်လာအောင် ဖန်တီး ပုံမှာလည်း စိတ်ဝင်စားစရာ ဖြစ်ပါသည်။

စေတီတော်ကြီး၏ မူလအောက်ခြေမှာ ညီတူသော အနားလေးဖက်ရှိသည်။ ထိုမြေညီ ပန္နက်၌ ထောင့်လေးထောင့် ရှိသည်။ ယင်း၏ မူလအနားတဖက်စီတွင် နောက်ထပ် အခြေမတူသော အနားလေးဖက်ကို ရှေ့နောက်ဆင့်၍ ထုတ်ထားလိုက်သည်။ အနားများမှာ ကြီးစဉ်ငယ်လိုက်ဖြစ်သည်။ ထိုအခါ အနားတဖက်စီ၏ လက်ဝဲလက်ျာတို့၌ ထောင့်လေး ထောင့်စီ ပေါ်၍လာပေသည်။ ဤသို့ ပေါ်လာသောအခါ စေတီတော်၏စံနစ်ပုံကို အပေါ်မှ စီး၍ကြည့်သော် တဖက်တဖက်စီတွင် ရှစ်ချိုးစီရှိသော ခိုနန်းချိုးများကို တွေ့ရလေသည်။

## ကြည်းဝန်း

စေတီကြည်းဝန်းများသည် ဗိသုကာသဘောအရ အတင့်အတယ်ကို ဖြစ်စေရုံမက ဗုဒ္ဓ ဘာသာဝင်တို့၏ အစဉ်အလာယူမှတ်ချက်အရမှာလည်း ကြည်းဝန်းအထက်မှ စေတီထိပ်ပိုင်းကို အလေးအမြတ်ပြု၍ ကြာကလပ်တင်ထားသကဲ့သို့ ရှိသည်။ အစ ပထမတွင် စေတီတို့၏ ကြည်းဝန်းနေရာသည် ကြာပွင့် ကြာပတ်ကဲ့သို့ ပြုလုပ်ထားသောနေရာဖြစ်သည်။ နောက်ပိုင်း တွင် ထိုသို့ မဟုတ်တော့ပဲ ကြည်းဝန်းအရစ်အခွေများသာ ကျန်လေတော့သည်။

## သပိတ်မှောက်နှင့် ခေါင်းလောင်း

ကြည်းဝန်း၏အထက်တွင် ခေါင်းလောင်းနှင့် သပိတ်မှောက်ရှိသည်။ ဤအပိုင်းသည် ရှေးက အိန္ဒိယနှင့် သီဟိုဠ်တို့တွင် တည်ထားကိုးကွယ်ကြသော စေတီများတွင် ပါရှိသည့် လုံးခြမ်း ပုံသဏ္ဍာန်၏ အခြေခံသဘောပင်ဖြစ်သည်။

## ပြည့်ဖြိုး၍ သွယ်ရှူးသော ပုံတော်

ခရစ်နှစ် ၁၆၃၆ ခုနှစ်တွင် တည်ဆောက်ခဲ့သော စစ်ကိုင်းကောင်းမှုတော်စေတီမှာ လုံးခြမ်း ပုံသဏ္ဍာန် ဖြစ်သည်။ အမှန်အားဖြင့် လုံးခြမ်းထက်ပင် မြင့်ပေသေးသည်။ ရွှေတိဂုံစေတီတော်၏ သပိတ်မှောက်နှင့် ခေါင်းလောင်းပုံမှာမူ လုံးခြမ်းပုံမဟုတ်တော့ပဲ ခေါင်းလောင်းပုံဖက်သို့ နွယ်၍ပြေပြစ်လာသည်။ ခုံးဝိုင်းဖြစ်နေသည်မှန်သော်လည်း ပုံပန်းသည် စက်လုံးခြမ်းကဲ့သို့ လေးလံ၍မနေတော့ပေ။ ဤတွင် ခေါင်းလောင်းပုံ၏ အနား (ခေါင်းလောင်းနား)၊ သို့မဟုတ် နှုတ်ခမ်းထူသည် လန်၍တက်သွားရာမှ ကြည်းဝန်း၏အရစ်များနှင့် ရောသွားသဖြင့် အမြင်မှာပို၍ပြေလေသည်။


### ရင်ဖွဲ့စည်း

ထိုမှ အထက်သို့တက်သော် ခေါင်းလောင်းသည် ရင်ဖွဲ့စည်းသို့အရောက် ပြန့်ကားရာမှ ကျဉ်း၍တက်သွားသည်။ ရင်ဖွဲ့စည်းကို အထက်မှသပိတ်မှောက်၊ အောက်မှ ခေါင်းလောင်းနားပုံတို့အကြားတွင် ထည့်၍ထားသည်မှာ အမြင်ရှင်းမည့်နေရာတွင် ဟာ၍မသွားအောင် ဖြည့်ပေးသော သဘောဟု ထင်စရာရှိပါသည်။

သပိတ်မှောက်၏အထက်တွင် ပန်းဆွဲများကိုဆင်၍ထားသည်။ ပန်းဆွဲပေါင်း ၁၆ ခု ဖြစ်လေသည်။ ကနုတ်ပန်းနွယ်များကို အဆိုင်းလိုက်ဆွဲထားသည့် ပန်းဆွဲထိပ်များသည် ခေါင်းလောင်းတော်၏အောက်ခြေသို့ စိုက်ညွှန်နေကြသည်။


ပန်းဆွဲနေရာသို့ ရောက်သည့်တိုင်အောင် စေတီ၏ ဥာဏ်တော်မှာ တဝက်မကျိုးသေးပေ။ စိန်ဖူးတော်ထိပ်ဖျားထိရောက်ရှိရန်၊ နောက်ထပ် ၁၆၈ ပေကို တက်ရဦးမည်။ သို့ရာတွင် သပိတ်မှောက်ပုံ၏ထိပ်၊ပန်းဆွဲနေရာသို့ရောက်သည်မှစ၍ စေတီ၏ပုံတော်မှာ သိသိသာသာကြီး သွယ်ရှူးသွားလေသည်။

ထိုအထက်တွင် ဖောင်းရစ်များနှင့် ကြာမှောက်၊ ကြာလန်တို့က စေတီအထွတ်မှ ထီးတော်အစိတ်အပိုင်းအတွက် ကြိုတင်ပြင်ဆင်ပေးသည်ဟု ဆိုရဘွယ်ရှိသည်။ ဤနေရာတွင် သပိတ်မှောက်နှင့် ခေါင်းလောင်းပုံတို့သည် အထက်ရှိဖောင်းနှင့် ကြာလန်၊ ကြာမှောက်မှ ပြင်ညီမျဉ်းများနှင့် အောက်ရှိကြည်းဝန်းမှ ပြင်ညီမျဉ်းများတို့စပ်ကြားတွင် ဝင်၍ဖြေပေးသော သဘောလည်း ရှိသည်။ သို့မှသာ စေတီတဆူလုံးကို ခြုံ၍ ဖူးလိုက်သောအခါ သွယ်ညိပြည့်ဖြိုးသော စေတီတွင် အချိုးအဆက်ကိုက်စွာ ဖူးမြော်ရဘွယ်ရှိပေသည်။



စေတီတော် အထွတ်အဖျား ပိုင်းတွင် အောက်မှ အထက်သို့ မော်ဖူးသော် ကြာနု၊ ကြာမှောက်၊ ရွှဲ၊ ကြာလန်နှင့် ကြာနုတို့ကိုမော်ထားပုံတွေ့မြင်နိုင်သည်။


ကြာမှောက် ကြာလန် အစိတ်အပိုင်း၌ တလုံးလျှင် ရွှေပြား ၁၉ ချပ်ရှိသော ရွှဲ လုံးကြီးများကို အနီးကပ် တွေ့မြင်ရပုံ (အောက်ပုံ)



## ဖောင်းရစ်များ

ဖောင်းရစ်များသည် ဗဟိုတူ စက်ဝိုင်းရစ်များဖြစ်သည်။ အောက်ဆုံး ဖောင်းမှာ ပန်းဆွဲ၏အထက်နားမှ စသည်။ အထက်ရစ်များနှင့် အတန်ငယ်ဝေးသည်။ အလယ်ရစ်များမှာ ငါးရစ်ဖြစ်သည်။ အထက်ဆုံးမှ ကျန်တရစ်မှာလည်း အလယ်ရစ်များနှင့် အတန်ငယ်ဝေးပေသည်။ ဖောင်းရစ်များရှိရာ အပိုင်းသည် ၄၃.၄၀ ပေ ရှည်လျားသည်။

ဖောင်းရစ်များ၏အထက်ကိုလွန်သော် ကြာမှောက်၊ ကြာလန်၊ ကြာနုတို့ပါရှိသောအဆင့်သို့ ရောက်လေသည်။ ဤနေရာတွင်လည်း စေတီတော်၏အထက်သို့ ကူးပြောင်းရာတွင် ညင်သာစေရန် တဆစ်ခံ၍ ထားခြင်းဖြစ်သည်။ ဖောင်းရစ်များကို လွန်လျှင်လွန်ချင်းပင် ကြာမှောက်၊ ကြာလန်တို့ကို မတွေ့ရသေး။ ဖောင်းရစ်အဆုံးနှင့် ကြာမှောက်သို့ အကူးနေရာတွင် ကြာနုများဖြင့်ဝင်၍ ခံထားသည်။



အနီးကပ်ရှုမြင်ရသော ကြာနုများ

ကြာနုမှ စိုက်မတ်၍ ဆင်းသွားသောမျဉ်းများသည် ဖူးမြော်သူ၏မျက်စိကို ဖောင်းရစ်များ၏ ကန့်လန့်မျဉ်းများက အရှိန်သတ်ပေးထားသလိုရှိရာမှ အထက်သို့ ပြန်၍ဆွယ်ယူသော အနေအထား၌ ရှိသည်ဟု တွေးယူချင်စရာဖြစ်သည်။ သို့တည်းမဟုတ် အထက်ရှိကြာမှောက်တို့မှ ပြန့်ဆင်းလာမည့် မျဉ်းကြောင်းကြီးများ၏အရှိန်ကို နှေးပေးစေချင်သောသဘောလည်းရှိသည်ဟု တွေးတောချင်စရာဖြစ်ပါသည်။ အောက်ခြေကကြည့်သော် ကြာနုတို့ရှိရာ အစိတ်အပိုင်းသည် ကြည်လင်သဲကွဲကြသည်မဟုတ်ပေ။ သို့မသဲကွဲခြင်းကပင်လျှင် မျဉ်းကြောင်းတို့၏ အရှိန်ကို နှေးစေပါသည်။

ဤသို့လျှင် စေတီအထက်သို့ တက်လေလေ ဖူးမြော်ရသူ၏ မျက်စိကို နှေးတခါ မြန်တလှည့်ဖြင့် ဆွဲ၍ဆွဲ၍ သွားလေလေ ဖြစ်ပေသည်။

## ကြာနု၊ ကြာမှောက်၊ ရွှံ၊ ကြာလန်၊ ကြာနု

ကြာနု၌မြောင်းစောင်းကလေးများသည် ၁၀၉ ခုမျှ ပတ်ရံလျက်ရှိသည်။ ကြာနုကိုလွန်လျှင် ကြာမှောက် ၁၉ ခုက ပတ်ရံ၍နေသည်။ ထိုမှတဆင့်တက်သော် ရွှံ ၁၉ လုံးရှိသည်။ ရွှံ ၁၉ လုံး၏အထက်တွင် ကြာလန် ၁၉ ခုရှိသည်။ ထိုအထက်တွင်ကြာနုများရှိသည်။ အထက်ကြာနုသည် အောက်ကြာနုကဲ့သို့ မစိတ်တော့ပေ။ သွယ်ရှူးသောအထက်ပိုင်းသို့ ရောက်သွား

သောကြောင့်၎င်း၊ မျက်စိနှင့်ပို၍ဝေးရာဖြစ်သောကြောင့် သေးငယ်မသွားစေရန် မဲတင်းပေးထားဟန်ရှိသည်။ အထက်ကြာနုမျာ:၏ အရေအတွက်မှာ ၆၄ ခုရှိသည်။

အထက်ကြာနုနှင့် အောက်ကြာနုတို့၏ စပ်ကြားအပိုင်းကို တပိုင်းသတ်သတ်ဟု ခွဲ၍ လေ့လာနိုင်ပါသည်။ ထိုအပိုင်းတွင် ကြာနု၊ ကြာမှောက်၊ ခွံ၊ ကြာလန်၊ ကြာနုဟူ၍ ငါးဆင့်ပါဝင်သည်။ ဤနေရာသည် စေတီတော်၏ကိုယ်လုံး၌ ပြင်ညီ၊ စက်လုံး၊ မျဉ်းကွေး ပုံသဏ္ဍာန်များသာရှိရာမှ ပကတိပန်းနှင့်တူသော အမွှမ်းအမံအဆင်အပြင်ကို အခွင့်သာသလောက် အများဆုံးသုံးထားသော နေရာဖြစ်သည်။ အထွတ်အဖျားသို့ ရောက်လုနီးအခါတွင် စေတီပုံတော်သည် သွယ်ရှူး၍ အားနည်းနိုင်သည့်နေရာတွင် တုတ်ခိုင်တောင့်တင်းအောင် အားဖြည့်ပေးလိုက်သကဲ့သို့ ရှိလေသည်။

ငှက်ပျောဖူး

အထက်သို့တက်သောအခါ ငှက်ပျောဖူးကိုတွေ့ရသည်။ ငှက်ပျောဖူး၏လုံးဝန်းသောပုံသဏ္ဍာန်သည် အလယ်ရှိ သပိတ်မှောက် ခေါင်းလောင်းတို့၏ လုံးဝန်းသော ပုံသဏ္ဍာန်နှင့် အပြိုင်ဖြစ်နေသည်။ သို့သော် ပြိုင်ပုံမှာ ထပ်တူပြိုင်ခြင်းမဟုတ်။ ခေါင်းလောင်း၏ မျဉ်းကွေးမှာ ချွန်ပြီးမှ ခုံးသွားသည်။ ငှက်ပျောဖူးမှာခုံးပြီးမှ ချွန်သွားသော ပုံသဏ္ဍာန်မျိုးဖြစ်သည်။ ဤသို့သောပြိုင်ခြင်းကို တင့်တယ်သောပြိုင်ခြင်းဟု ဆိုရပါမည်။ ဗိသုကာပညာရှင်တို့၏ ဉာဏ်ကွန့်မြူးတတ်ပုံကိုလည်း ပေါ်ပြနေပါသည်။ ထို့ပြင် ငှက်ပျောဖူးသည် အလယ်ရှိခေါင်းလောင်းပုံကဲ့သို့ ချွန်ပြီးမှခုံးလျှင် ကြီးသောအပိုင်းက အထက်တွင် ရှိလိမ့်မည်။ စေတီတော်၏ သွယ်လျခြင်းအလှကို နှောင့်ရှက်ရာကျမည့်အပြင် စေတီထိပ်ဖျားရှိ အလေးချိန်မှာ အောက်ခြေက မျှ၍ ထမ်းရာမကျပဲ အပေါ်ပိုင်းတွင် လေး၍နေဘွယ်ရှိလေသည်။

ငှက်ပျောဖူးသည် လုံးဝန်းသောအနေထားဖြင့် အထက်သို့စွင့်၍လွင့်၍တက်ပြန်သည်။ စေတီ၏မတ်ရပ်ပုံတော်ကို မြင့်သည်ထက်မြင့်အောင် အားဖြည့်ပေးရာ ရောက်သည်။ ငှက်ပျောဖူးသည်စွင့်တက်၍ မကြာမီပင် ထီးတော်အောက်ရှိ ကြေးစလေင်းအတွင်းသို့ ဝင်သွားလေသည်။ ငှက်ပျောဖူး၏ လုံးဝန်းသောပုံတော်ကို ပြောင်ချောပြုလုပ်၍မထားပဲ ဘုတ်များစီ၍ထားသကဲ့သို့ မြင်ရအောင် ရွှေပြားများကပ်၍ အကွက်ဖော်ထားလေသည်။

မကိုဋ်ထီးတော်

ထီးတော်မှာ စေတီတခုလုံး၏ အထွတ်ပင်ဖြစ်သည်။ ထီးတော်တွင် ဘုံခုနစ်ဘုံရှိ၍ ငှက်မြတ်နားနှင့် စိန်ဖူးတို့က အဖျားတွင်ရှိသည်။ ထီးတော်သည် စေတီကြီး၏ အထက်မှ

စေတီငယ်ဟူ၍ပင် ဆိုထိုက်သည်။ ရှင်ဘုရင်များဆောင်းသော မကိုဋ်နှင့်တူ၏။ မကိုဋ်ထီး ဟူ၍လည်း ခေါ်ကြလေသည်။ ထီးတော်အရွယ်မှာ စေတီအချိုးအစားနှင့် များစွာလိုက်ဖက် တင့်တယ်လှသည်။

အုတ်အင်္ဂတေဖြင့်ပြီး၍ ပန်းရံဆရာတို့၏လက်ရာဖြင့် ရှင်းလင်းစွာ တင့်တယ်လျက်ရှိသော စေတီတော်တွင် ပန်းတဦး၊ ပန်းထိမ်ဆရာတို့၏ လက်ရာဖြစ်သော အနုစိတ်ပန်းပြောက် ပန်းခက်များဆင်ထားသည့် ထီးတော်သည် စေတီကိုယ်လုံးနှင့် ယှဉ်ဖက်၍ ကြည့်လိုက်သော အခါတွင် တမျိုးသပ္ပါယ်၍နေတော့သည်။

## ဖူးမြော်ရင်း တွေးတောစရာများ

ဤသို့စေတီတော်ကြီးအား တစိမ့်စိမ့်ဖူးမြော်ရင်းနှင့် စေတီ၏အစိတ်အပိုင်းအသီးသီး ကိုင်၎င်း၊ စေတီတော်ကြီး တဆူလုံးကို၎င်း မြင်တွေ့ရသည့်အခါ ဖူးမြော်ရသူတို့၏ စိတ်ထဲ၌ အထူးထူးသောအတွေးများ ဝင်၍လာဘွယ်ရှိပါသည်။ တည်ဆောက်သော ဗိသုကာတို့ကား အဘယ်သူတို့နည်း။ တည်ဆောက်စဉ်က ပုံတော်ကိုစံပြုရန်အတွက် အသေးစိတ်ပုံစံငယ်များ တည်ဆောက်ခဲ့ကြသေးသလော၊ အစိတ်အပိုင်းတခုချင်းကိုပင် ပုံစံတူသော်၎င်း၊ ပုံကြမ်းသော်၎င်း ရေးဆွဲပြီးမှ တည်ဆောက်ခဲ့လေသလော။ တည်ဆောက်ရင်းကပင် ပြောင်မြောက်သော ဉာဏ်ဖြင့် စေတီတဆူလုံးကို အလျဉ်းသင့်သလို ဆောက်လုပ်သွားခဲ့ခြင်းပေလော၊ ယင်းသို့ တည်ဆောက်စဉ်က ဘယ်၍ ဘယ်မျှ အချိန်ယူခဲ့ရပါမည်နည်း စသည်ဖြင့် အတွေးမျှင်များ တသီတတန်းကြီး ပေါ်ပေါက်လာရပေသည်။

ထိုအမေးပုစ္ဆာ၊ ထိုပြဿနာများကို ယခုအချိန်၌ ရှင်းလင်းအောင် ဖြေဆိုရန်လွယ်တော့မည်မဟုတ်ပါ။ ခေတ်ကာလတို့လည်း ညောင်းခဲ့ပြီ။ အထောက်အထားတို့လည်း ကျန်သရွေ့သာကျန်တော့သည်။ ဤလက်ရာမြောက် စေတီကြီးကို အမျိုးသား အမွေအနှစ်ကြီးတရပ် အဖြစ် မျက်မြင်ထင်ရှားဖူးမြော်ရန် ကျန်သေးသည်ကပင် ကုသိုလ်ထူးပေစွ၊ အကျိုးပေးတော်ပေစွ ဟု ဖြေသိမ့်စရာဖြစ်ပေသည်။

စေတီတော်ကြီးကို တည်ဆောက်ခဲ့သော ဗိသုကာများအကြောင်းနှင့် စပ်လျဉ်း၍ မသိနိုင်သော အချက်များ၊ မသဲကွဲသောအချက်များရှိစေကာမူ သိနိုင်သောအချက်၊ သဲကွဲသော အချက်တချက်ကား အထင်အရှားရှိလေသည်။ ယင်းအချက်မှာ အခြားမဟုတ်ပါ။ ဤဗိသုကာလက်ရာရှင်တို့သည် မျဉ်းကြောင်းများနှင့် ပုံအချိုးအစားဖော်ရာ၌ အလွန်လက်မြောက်သူများဖြစ်သည်။ သူတို့သည်ကမ္ဘာပေါ်တွင် ပေါ်ထွန်းခဲ့သော ဘာသာရေးအဆောက်အအုံဆိုင်ရာ ဗိသုကာများတွင် မည်သည့်ခေတ် ဗိသုကာတို့နှင့်မဆို ယှဉ်နိုင်သော ပညာရှင်များ



သပိတ်မှောက်အထက်မှ စေတီတော်ကို မော့၍ ဖူးရသောအခါ ပုံတော်အချိုးအစားကို ဤအတိုင်း ကြီးမားစွာ ဖူးတွေ့ရသည်။

ဖြစ်သည်ဆိုသော အချက်ဖြစ်လေသည်။ ရွှေတိဂုံကို တည်ဆောက်သော လက်ရာရှင်များသည် ရှေးခေတ်က ဂရိတို့၏ ပါသီနွန် ဘုရားကျောင်းကို တည်ဆောက်သော လက်ရာရှင်တို့ကဲ့သို့ပင် အနုပညာအမြင်၊ ဗိသုကာအမြင်တို့၌ ထက်မြက်စူးရှသော ပါရမီဉာဏ်ရှိကြပါပေသည်။

## ပညာစွမ်းပြခဲ့ကြပုံ

ကြီးမားသော အဆောက်အအုံများသည် အဆောက်အအုံ၏ ထုထည်အနေအထား အလိုက်၊ ကြည့်သူမြင်သူတို့၏ရှုထောင့်အလိုက် အဝေးအနီးကိုအကြောင်းပြု၍ မျက်စိပသာဒကို လှည့်စားတတ်သော သဘောများရှိသည်။ ထိုအခါတွင် သေးလွန်း၊ ကြီးလွန်း၊ မိုးလွန်း၊ ကဲလွန်းသော အထင်အမြင်များသည် ထိုအဆောက်အအုံကို ကြည့်မြင်ရသူ၏စိတ်၌ ပေါ်လာတတ်သည်။ ပင်ကိုယ်အဆောက်အအုံတွင် အပြစ်အနာမရှိသော်လည်း ကြည့်သူ၏အဝေးအနီး၊ အနိမ့်၊ အမြင့်တို့ကို အကြောင်းပြု၍ အပြစ်အနာများရှိလေဟန် ပေါ်ပေါက်လာတတ်ခြင်း

ဖြစ်သည်။ ထိုအခါ ကျွမ်းကျင်လိမ်မာသော ဗိသုကာတို့သည် ထိုအချက်ကို ပညာဖြင့်ကစား၍ ဖြေထားတတ်ကြသည်။ ဂရိခေတ်က အဆောက်အအုံများတွင် ထိုသဘောကိုတွေ့ရပေသည်။ ရွှေတိဂုံစေတီတော်၏ ဗိသုကာများသည်လည်း မျက်စိအမြင်လှည့်စားမှုကို ပြေပျောက်အောင် ပညာစွမ်းဖြင့် ကစားထားခဲ့ကြပေသည်။

သပိတ်မှောက်ပုံသည်ရှိရိုးရှိစဉ်အတိုင်းထားပါကရွှေတိဂုံစေတီတော်ကဲ့သို့ ဉာဏ်တော်ထုထည် အတိုင်းအတာကြီးမားသော စေတီတွင် များစွာကြီးမား၍နေပေလိမ့်မည်။ ထိုအခါ ရင်ပြင်မှဖူးရသော ဘုရားဖူး၏အမြင်၌ ယခုကဲ့သို့ သပ္ပါယ်ကြည်ညိုဘွယ်မရှိပဲ ခေါင်းလောင်းပုံအစိတ်အပိုင်းက ကဲမိုးနေသည်ကို တွေ့ရလိမ့်မည်။ ထို့ကြောင့် ဗိသုကာက သပိတ်မှောက်ပုံ၏ အောက်ပိုင်းကို လုံးဝန်းစေသော်လည်း ခေါင်းလောင်းကဲ့သို့ ပြေပြစ်အောင် အချိုးကျဖြစ်စေသည်။ ထိုအခါ စေတီတော်သည် ကြီးမားခန့်ထည်ခြင်းသဘော မပျက်မယွင်းပဲနှင့် ထုကြီးထည်ကြီးအသွင်ကိုလည်း မဆောင်ပဲ ရပ်တည်နေနိုင်လေသည်။

ဖောင်းရစ်နှင့်ကြာမှောက်၊ ကြာလန်တို့၏နေရာတွင်လည်း ဗိသုကာက မျက်စိအမြင်ကို အချိုးအစား အတိုင်းအဆဖြင့် ဖြေပေးထားသည်ကို တွေ့နိုင်ပါသည်။ သပိတ်မှောက်နှင့် ခေါင်းလောင်းပုံ၏ ဉာဏ်တော်အစိတ်အပိုင်းမှာ ဖောင်းရစ်များရှိရာ ဉာဏ်တော်အစိတ်အပိုင်းထက် အတန်ငယ်မျှသာပို၍မြင့်သည်။ သို့သော် ဖောင်းရစ်နှင့် ကြာမှောက်ကြာလန်တို့ရှိရာ အပိုင်းနှစ်ပိုင်းကိုတဆက်တည်းယူလိုက်လျှင် ထိုနှစ်ပိုင်း၏အမြင့်သည် သပိတ်မှောက်နှင့်ခေါင်းလောင်းပုံ၏အမြင့်ထက် တဆခွဲမျှရှိလေသည်။ ဤသို့ အချိုးအစား ထားရှိခြင်းကြောင့် ဖောင်းရစ်အဆင့်သည် ရှိရင်းတိုင်းထက် ပို၍တိုသည်ဟု ရင်ပြင်မှ မော်ဖူးရသူ၏စိတ်တွင် ဖြစ်နိုင်ပေလိမ့်မည်။ ဤအချိုးအစားကြောင့်ပင်လျှင် သပိတ်မှောက်နှင့် ခေါင်းလောင်းပုံသည် ရှိရင်းထက် ကြီးလေဟန်ကိုလည်း ဘုရားဖူးသူ၏ စိတ်၌ ထင်မြင်ရပေလိမ့်မည်။

မျက်စိအမြင်ကိုဖြေ၍ပေးရာ၌ ဗိသုကာတို့သည် လိုသည်ထက်ပို၍ မပြုလုပ်မိအောင်လည်း ဂရုတစိုက်ပြုလုပ်ကြပုံရသည်။ ကြာမှောက်ကြာလန်ပိုင်းကို ၂၈.၈၃ ပေ မျှသာ ထားသည်။ ထိုထက်ပိုလျှင် ဤအမွှမ်းအမံအပိုင်းသည် စေတီတော်၏ ရှင်းသန့်သော ဘေးတိုက်ပုံတွင် အဟန့်အတားဖြစ်မည်ကို စိုးရိမ်ရသောကြောင့် ဖြစ်သည်။

ဗိသုကာ၏တာဝန်မှာ စေတီ၏အထွတ်သို့တက်လေလေ မျက်စိအမြင်ကို ဖြေ၍ပေးရလေလေဖြစ်သည်။ ထို့ကြောင့် ထီးတော်အောက်မှ ငှက်ပျောဖူးကို ၅၁.၉၂ ပေ အထိပေး၍ထားသည်။ ငှက်ပျောဖူး၏ပုံသဏ္ဌာန်မှာ လုံးဝန်းပြည့်ဖြိုး၍ နေသည်ဖြစ်ရာ ထိုမျှမြင့်သော နေရာတွင် တည်ရှိသောကြောင့်သာ ဤမျှအလျားရှည်ရှည် ပေးခြင်းဖြစ်သည်။ ထို့ကြောင့်



စေတီအစိတ်အပိုင်းများကို တခုချင်းအားဖြင့် အချိုးအစား ထုထည်ကြီးမားစွာ ဆောက်လုပ်ထား သော်လည်း စေတီတော်တဆူလုံးကို လှမ်း၍ ဖူးရသောအခါ ဤသို့တင့်တယ်ပြေပြစ်သော ပုံသဏ္ဍာန်အတိုင်း ဖူးတွေ့ရလေတော့သည်။

အောက်မှဘုရားဖူးက အထက်သို့ မော်ဖူးသည့်အခါတွင် ငှက်ပျောဖူး၏ ပုံပန်းသည် သပ္ပါယ် ကြည်ညိုဖွယ်ရာ ဖြစ်လာရလေသည်။

စေတီတခုလုံးကို ခြုံ၍ ဖူးရသောအခါ ငှက်ပျောဖူးနှင့် ခေါင်းလောင်းပုံတို့သည် တခုကိုတခု အထောက်အကူပြုလျက်ရှိသည်။ ခေါင်းလောင်းပုံ ယယ်၍နေခြင်းကို ယယ်သည်

မထင်ရအောင် အထက်ရှိငှက်ပျောဖူးက ပံ့ပိုးပေးသကဲ့သို့ရှိသည်။ ဤအစိတ်အပိုင်းနှစ်ခု တနေရာစီတွင် အပြိုင်ရှိနေသောကြောင့် စေတီတခုလုံး၏ သွယ်ရှူးမြင့်တက်ခြင်းကို အားဖြည့်ပေးရာလည်းရောက်လေသည်။

နိဂုံးချုပ်ရသော် စေတီ၏ထုချွန်ပုံကပင်လျှင် စေတီသို့ အာရုံမရောက် ရောက်အောင် ကြည့်မြင်ရသူကို ဆွယ်၍ထားသကဲ့သို့ရှိပေသည်။ စေတီကိုထင်းကနဲဖူးမိလျှင် ဖူးသူ၏မျက်စိသည် ဘိနပ်တော်မှစ၍ အထက်အဖျား ထီးတော်ပိုင်းကို မလွဲမသွေ ကြည့်ရတော့မည်။ ထီးတော်ထိပ်မှ တဖြောင့်တည်းတက်သွားသော ပသာဒမျဉ်းကြောင်းသည် ကောင်းကင်ပြင်နှင့် တသားတည်းပေါင်းစပ်သွားလေသည်။

ဤသို့လျှင် စေတီတော်ကို တည်ဆောက်သောဗိသုကာသည် ဖူးမြော်သူတို့၌ အာရုံအမျိုးမျိုး၊ ရသအထွေထွေကိုဖြစ်ပေါ်စေအောင် အားထုတ်ထားလေသည်။ လက်ရာအစိတ်အပိုင်းအမျိုးမျိုးကို အချိုးကျကျ ပေါင်းစပ်ထားနိုင်သဖြင့် စေတီ၌ တည်ငြိမ်ခြင်း၊ တက်ကြွခြင်း၊ ကြံ့ခိုင်ခြင်း၊ သိမ်မွေ့ခြင်း၊ ပြည့်ဖြိုးခြင်း၊ သွယ်လျခြင်းသဘောတို့ကို တလုံးတစည်းထည်း တွေ့မြင်နိုင်သည်။

ဤအင်္ဂါရပ်တို့သည် ပကတိ တင့်တယ်သပ္ပါယ်သော အသွင်ကိုဆောင်စေ၏။ မြင့်မားသော ဉာဏ်တော်ရှိလင့်ကစား စေတီတော်သည် ပြေပြစ်သော အချိုးအဆစ်များကြောင့် သင့်တင့်လျောက်ပတ်သော သဏ္ဌာန်ဖြင့် ကြည်ညိုဘွယ်ရာ ဖြစ်ပါသည်။ ခြုံ၍ဆိုရသော် စေတီတော်မြတ်ကို ဖူးမြော်ကြည့်ရှုသည့်အခါတိုင်း ပြီးပြည့်စုံ၍ လက်ရာမြောက်သော ဂုဏ်အင်္ဂါတို့ကြောင့် အားရရွှင်လန်းခြင်း၊ အေးချမ်းခြင်း ပီတိဖြစ်၍ သဒ္ဓါကြည်ညိုခြင်း ပွားများရပေသည်။



အခန်း ၆

# မြန်မာ့လူမှုရေးအချက်အချာ

ဗုဒ္ဓဘာသာတရားတော်လာ အဆုံးအမအပဲ့အမြင်တို့သည်ဗုဒ္ဓဘာသာမြန်မာတိုင်းသားတို့၏ ကိုယ်၊ နှုတ်၊ နှလုံး သုံးပါးလုံးကို စိုးမိုးချယ်လှယ်ခဲ့ပေသည်။ ထို့ကြောင့် လုပ်ကိုင်မှု၊ ပြောဆိုမှု၊ တွေးကြံမှုအစုစုတို့တွင် ဘာသာအဆုံးအမနှင့် ယှဉ်သော သဘောများသာ အများဆုံးလွှမ်းမိုးခဲ့သည်ဟု ဆိုသင့်သည်။ သို့ဖြစ်ရာ ဗုဒ္ဓဘာသာမြန်မာတိုင်းသားတို့၏ လူမှုရေးရာတို့၌ ဘာသာတရား၏ ဩဇာသည် ပဓာနကျသော အခန်းမှ ပါဝင်ခဲ့လေသည်။

ရွှေတိဂုံစေတီတော်ကြီးမှာ နိုင်ငံတွင်းရှိ စေတီပုထိုးတို့တွင် အကျော်ထိပ်ခေါင်တပါး ဖြစ်ရုံမက နိုင်ငံခြားသားတို့၏အမြင်တွင် မြန်မာမှု မြန်မာ့ကိစ္စတို့၌ ထင်ရှားသောသရုပ်အဖြစ် ရပ်တည်ခဲ့လေသည်။ သို့ဖြစ်ရာ ရွှေတိဂုံစေတီတော်ကြီး၏ ဖြစ်တော်စဉ် သမိုင်းတွင် မြန်မာ့လူမှု အစုစု၏ ကောင်းမှုဆိုးမှု အဖြာဖြာတို့ ဆက်စပ်ရောပြွမ်းလျက် ရှိကြောင်းကို တွေ့နိုင်လေသည်။ ဒုတိယကမ္ဘာစစ်ပြီးစ ခရစ်နှစ် ၁၉၄၆ ခု၊ ဇန်နဝါရီလတွင် ရွှေတိဂုံ ကုန်းတော် အလယ်ပစ္စယာ၌ ကျင်းပသော ဖဆပလ ညီလာခံကြီးတွင် ဗိုလ်ချုပ်အောင်ဆန်းက မိန့်ခွန်းပြောကြားသည်။ ထိုမိန့်ခွန်းတွင် -


> ကျွန်ုပ်တို့စည်းဝေးရာ ဒေသသည်လည်း ကျွန်ုပ်တို့ရာဇဝင်တွင် ကြက်သရေရောင် တပြောင်ပြောင်ဖြင့် ကောင်းမြတ်သော မင်္ဂလာအပေါင်းနှင့် ပြည့်စုံသောကြောင့် ကျွန်ုပ်တို့ ညီလာခံသဘင်သည်လည်း ကြက်သရေမင်္ဂလာ အဖြာဖြာနှင့် ပြည့်စုံပါပေ၏။ ဤသိဂုံတ္တရကုန်းသည်ကား

## ဗိုလ်ချုပ်အောင်ဆန်း ပြောကြားခဲ့သော မြန်မာ့သမိုင်းမှ ရွှေတိဂုံ

လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်မြတ်ကြီး တည်ရှိရာဖြစ်၏။စေတီတော်မြတ်ကြီးသည်ကျွန်ုပ်တို့လူမျိုး၏ ဝေဖြာသောစေတနာအလျောက် ကျွန်ုပ်တို့၏ အမွန်မြတ်ဆုံးသောဆန္ဒကို ပေါ်လွင်စေခြင်းငှါ တည်ဆောက်ခဲ့သည်ဖြစ်ရာ ရွှေရောင် တဖိတ်ဖိတ်နှင့် ကျွန်ုပ်တို့မျှော်မှန်းရာ အထွဋ်အထိပ်ဖြစ်သော နိဗ္ဗာန်အသခ်တသို့ ညွှန်ပြတော်မူရာဖြစ်သည့် ဆီမီးတန်ဆောင်ကြီး ဖြစ်ပေတော့၏။ ကျွန်ုပ်တို့၏ ပတ်ဝန်းကျင်ကို ကြည့်ပြန်သော် လွန်ခဲ့သောနှစ်အနည်းငယ်အတွင်းတွင် ကျွန်ုပ်တို့၏ တိုင်းပြည်နှင့်လူမျိုးတို့၏ကံကြမ္မာကို ဖန်းတီးခဲ့သော အရေးတော်ပုံများ ဖြစ်ပေါ်ရာဌာနဖြစ်ရကား ဤဒေသသည် ကျွန်ုပ်တို့အမျိုးသားအတွက် အလွန်ထူးခြားစွာ လေးစားကြည်ညိုရာဖြစ်သောဒေသ ဖြစ်ပေ၏။ ဤမျှမကသေး၊ ဤနေရာဤဒေသသို့ ကျွန်ုပ်တို့ရာဇဝင်တလျှောက်တွင် ကျွန်ုပ်တို့လူမျိုး၏ ရွှေဆောင်ရွှေသွား ပုဂ္ဂိုလ်များသည် ကျွန်ုပ်တို့လူမျိုးအတွက် အသက်ကို ပမာဏမထားဘဲ စွန့်စားရန် လာရောက်ခဲ့ကြဘူးပေပြီ။........

လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်မြတ်ကြီးကို စတင် တည်ဆောက်ရာအချိန်ကစ၍ ယနေ့အထိ နှစ်ပေါင်း ၂၅၀၀ ခန့်မျှ ရှိလေပြီ။ ဤမျှသောကာလပတ်လုံး ကျွန်ုပ်တို့၏ ရာဇဝင်အဖြစ်အပျက် ကျွန်ုပ်တို့၏ လူမျိုးအတွက်သတ္တိဗျတ္တိနှင့်အံ့ဘွယ်ဘနန်း သက်စွန့်ကြိုးပမ်းအမှုထမ်းခဲ့ကြသည့် မရေမတွက်နိုင်သောသွားလေသူမျိုးချစ်ပုဂ္ဂိုလ် အပေါင်းတို့နှင့် တကွ ထိုပုဂ္ဂိုလ်တို့ ပေးအပ်ခဲ့သည့်အမွေအနှစ် တည်းဟူသော အာဇာနည်စိတ် စသည်တို့ကို ကျွန်ုပ်တို့ ယခုအချိန်အခါ၌ သတိရကြပေလိမ့်မည်။

ဟူ၍ မြန်မာ့သမိုင်းနှင့် ခွဲမရခဲ့သော ရွှေတိဂုံစေတီတော်ကြီး၏ အကြောင်းကို ယည့်သွင်းမပြောကြားခဲ့လေသည်။



စေတီတော် အနောက်မုတ်တွင် ကျင်းပသော စစ်ပြီးခေတ် မြန်မာ့လွတ်လပ်ရေး ကြိုးပမ်းမှု လူထုအစည်းအဝေးတရပ်၌ ဗိုလ်ချုပ်အောင်ဆန်း မိန့်ခွန်းပြောနေပုံ



ရှေးအခါက စေတီတော်တွင် ဥပုသ်သီတင်းနေ့များ၌ ဘုရားဖူးများ ထွက်ဝင် စည်ကားလျက်ရှိပုံကို အင်္ဂလိပ်ပန်းချီဆရာတဦး ရေးဆွဲထားသော ခေတ်ဟောင်းလက်ရာ

## ရွှေတိဂုံစေတီနှင့် ပြည်သူ

ပြည်သူလူထု၏အရေးကိစ္စများတွင် ရွှေတိဂုံစေတီတော်ကြီးအကြောင်း ပါဝင်ခဲ့သည့်နည်းတူ ရွှေတိဂုံစေတီတော်ကြီး၏ အရေးကိစ္စများ၌ အများပြည်သူတို့ ဝိုင်းဝန်းဆောင်ရွက်ခဲ့သည့် နောက်ကြောင်းများမှာ အထင်အရှားပင် ဖြစ်သည်။

ဥက္ကလာပမင်းကြီးနှင့် တပုဿ၊ ဘလ္လိက ညီနောင်တို့ တည်ဆောက်ခဲ့သော ရွှေတိဂုံစေတီတော်သည် ထိုအချိန်က ဗုဒ္ဓဘာသာဝင် တိုင်းရင်းသားတို့၏ စုပေါင်းလုပ်ကိုင်သော ကုသိုလ်၊ စုပေါင်းလှူဒါန်းသောဒါန မပါလျှင် ပြီးခဲ့မည်မဟုတ်ပေ။

မွန်မင်းများ၏ခေတ်သို့ ရောက်သောအခါ "မယ်တော်ဝိဟာရဒေဝီ မိဖုရားကြီးသည် ဖိုလ်မင်း ယောဂရာတ်နှင့်တကွ ကျေးကျွန်အခြံအရံ ပရိဝါအပေါင်းနှင့်ချီ၍ အားထုတ်သမျှ လှုံ့လပြုကြ၏" ဟူ၍ ရွှေတိဂုံ ကျောက်စာ တွင် ရေးထိုးထားသည်ကို တွေ့နိုင်သည်။ ဘုရင်မကြီး ရှင်စောပုလက်ထက်၌ မဟာရံတန်တိုင်းအတွင်း သစ်ပင်စိုက်ခြင်း၊ ရင်ပြင်တော်တွင် ကျောက်ပျာခင်းခြင်း၊ ကျောက်ထီးတိုင်၊ မီးတိုင်များစိုက်ခြင်း၊ မုတ်လေးမျက်နှာ

လုပ်ခြင်း၊ စောင်းတန်းလှေကားပြုလုပ်ခြင်းတို့မှအစ ဆွမ်း၊ ပန်း၊ ဆီမီးကပ်လှူခြင်းတို့အထိ ပြည်သူအားဖြင့် စေတီတော်ကြီးကိုပြုပြင်စောင့်ရှောက်ခဲ့ရသည်။ စေတီကြီးကို တည်ဆောက်ပြုပြင်ပြီးနောက် ဝေယျာဝစ္စအတွက် ဘုရင်မကြီးရှင်စောပု တာဝန်ချထားခဲ့သော လူပေါင်းမှာ ၁၀၀၀ ကျော်ရှိလေသည်။

ခေတ်အဆက်ဆက်တွင် လျှောင်လှုပ်၍ စေတီတော် ပြိုပျက်သည်ကို ပြုပြင်ခြင်း၊ ထီးတော်မြေခသည်ကို တင်လှူခြင်း၊ ရွှေသက်န်းကပ်လှူခြင်းကိစ္စတို့၌ မင်းနှင့်ပြည်သူတို့ စုပေါင်းကောင်းမှု ပြုခဲ့ကြသည်သာ ဖြစ်၏။ ခရစ်နှစ် ၁၆၁၀ ခုတွင် ဘုရားကြီးကို ရွှေချခြင်း၊ ထီးတင်ခြင်းတို့ကို ပြုလုပ်ခဲ့ကြသူများမှာ ဆရာတော်ကြီးများ ခေါင်းဆောင်သော ပြည်သူတို့ပင် ဖြစ်သည်။

**စေတီတော်ကိုအကြောင်းပြု၍**
**ထင်ရှားလာသော ိမြို့ရန်ကုန်**

ရှေးကဥက္ကလာ၊ ဒဂုန် ဟုခေါ်သော ိယခုရန်ကုန်ဒေသသည်ပင် ရွှေတိဂုံစေတီတော်ကို အကြောင်းပြု၍ ထင်ရှားလာခဲ့သည်။ တပေါင်းလရာသီ၌ ကျင်းပသော ဘုရားပွဲတော်များသည်



ခေတ်သစ်တွင်လည်း အခါကြီး ရက်ကြီးနှင့် ဥပုသ်သီတင်းနေ့များ၊ ရက်အားများတွင် ဘုရားဖူးလာကြသော ယောကျ်ား၊ မိန်းမ၊ လူကြီး၊ လူငယ် ပရိသတ်မှာ စောင်းတန်းလေးသွယ်စလုံး၌ စည်ကားလှသည်။

## မြတ်ဘုရားရွှေတိဂုံ

၁၆ ရာစုနှစ်အကုန်သို့ ရောက်သောအခါ ဘုရားပွဲမည်ကာမတ္တမဟုတ်တော့ပဲ ကုန်စည်ဖလှယ်ရာ ပွဲဈေးကြီးသဖွယ် ဖြစ်လာခဲ့သည်။ ထိုအချိန်က ဘုရားပွဲတော်ဈေးတွင် နိုင်ငံခြားမှလာသော ပစ္စည်းအမျိုးမျိုးတို့ကို ရောင်းဝယ်ဖောက်ကားကြသည်။ မြန်မာနိုင်ငံအရပ်ရပ်မှ ဘုရားဖူးများ လာရောက်သဖြင့် လူမျိုးစုံ၊ ပစ္စည်းမျိုးစုံ ဆုံစည်းမိကြသည်။ လဲလှယ် ကုန်သွယ်ကြသည်။ ရွှေတိဂုံဘုရားပွဲတော်သည် ထိုအချိန်က ပင်လယ်ဆိပ်ကမ်းမြို့ဖြစ်သော ဟံသာဝတီ၊ ပဲခူးနှင့်ပင် စည်ကားမှုအရာ၌ ယှဉ်ပြိုင်နိုင်ခဲ့သည်ဟု ဆိုကြသည်။

ရွှေတိဂုံဘုရားပွဲတော် အကြောင်းကို မြန်မာပြည်၌ ခရစ်နှစ် ၁၈၀၀ ပြည့်အလွန်က နေထိုင်သွားသော အမေရိကန် သာသနာပြုဆရာ ဂျပ်ဒ်ဆင်က ဘုရားပွဲကို တပေါင်းလပြည့်နေ့ ရောက်တိုင်း သုံးရက်တိုင်တိုင် ကျင်းပလေ့ရှိသည်။ ဘုရားပွဲသို့ ရပ်ဝေးမှ ဘုန်းကြီးများနှင့် လူပုဂ္ဂိုလ်များသည် လှေဖြင့်တတန်၊ သမ္ဗန်ဖြင့်တနည်း၊ လှည်းဖြင့်တခန်း၊ ကုန်းလမ်းဖြင့်တမျိုး ရောက်လာတတ်သည်ဟုဆိုသည်။ ဘုရားပွဲနေ့များတွင် မြို့ဝန်သည်လည်း လက်အောက်အရာရှိများနှင့်အတူ ဆောင်ရွက်စီးနင်း၍ ဘုရားပွဲသို့ လာရောက်လေ့ရှိသည်ဟု ရေးသားထားခဲ့သည်။

ဂျပ်ဒ်ဆင်နှင့် တချိန်တည်းလိုလို (၁၈၂၇) မြန်မာနိုင်ငံတွင်ရှိ နေခဲ့သော အင်္ဂလိပ်သံ ကျွန်ကရောဖတ်ကလည်း ၁၈၂၉ ခုနှစ်တွင်ထုတ်ဝေသော သူ၏မှတ်တမ်းထဲတွင်ရွှေတိဂုံဘုရားပွဲသို့ ရှမ်းအမျိုးသားများ လာရောက်ကြသည်။ ရှမ်းအမျိုးသားများသည် ဘုရားပွဲတွင်ရောင်းချရန် ကုန်မျိုးစုံယူဆောင်လာသည့်ပြင် အိန္ဒိယပြည်ဖက်သို့ ထုတ်ရောင်းရန် မြင်းပုကလေးများလည်း ပါလာသည်။ ဤပွဲတော်သို့ တရုပ်ပြည်မှပင် လာရောက်ကြသည်ဟု ရေးသားထားသည်။


ပထဝီအနေအထား မြစ်ကြောင်း ပြောင်းလဲမှုကြောင့် ပဲခူးချောင်းသည် ရေတိမ်၍ ဟံသာဝတီမှ သံလျင်၊ သံလျင်မှ ရန်ကုန်ဟူ၍ ပြည်ပ ကုန်ဝင်ကုန်ထွက် ဆိပ်ကမ်းကြီးဖြစ်လာသော အခါ၌မူကား ဆိုဘွယ်ရာမရှိပြီ။ ရွှေတိဂုံ စေတီတော်တည်ရှိရာ ရန်ကုန်မြို့သည် တိုင်းပြည်၏ ကျက်သရေဆောင် အထွတ်အခေါင် ဥသျှောင်စေတီတော်ကြီးကြောင့် ထင်ရှားလာရတော့သည်။ တပေါင်းပွဲတော် သည်လည်း ခေတ်အဆက်ဆက် စည်ကားမပျက် ရှိခဲ့ပေသည်။

### ပြည်သူ့ခေတ်အရှေ့ဦး ကုန်းဘောင်ခေတ်တွင်
### ပြည်သူတို့၏ အားထုတ်စောင့်ရှောက်မှု

ခေတ်သစ်ပိုင်း၌ ကုန်းဘောင်မင်းဆက်ကို အစပြုသော မုဆိုးဘိုရွာသား ဦးအောင်ဇေယျသည် ပြည်သူလူထုအကြားမှ ပေါက်ဖွားသူတဦးဖြစ်သည်။ ဦးအောင်ဇေယျသည်

အလောင်းမင်းတရားကြီး ဘဝဖြင့် ရန်ကုန်မြို့သစ်ကို တည်ပြီးလျှင် ရွှေတိဂုံစေတီတော်၌ စရပ်ဆောက်ခြင်း၊ စောင်းတန်းဆောက်ခြင်း၊ သံဃာများအား လှူဒါန်းခြင်းတို့ဖြင့် အလှူဒါနများပြုသည်။ သူသားတော် ဆင်ဖြူရှင်လက်ထက်၌ သပိတ်မှောက်အထက် ဖောင်းရစ်မှ ပြိုသော စေတီကြီးအား ပြင်ဆင်ခြင်း၊ ရွှေချခြင်း၊ ထီးတင်ခြင်းများကို ရန်ကုန်မြို့သို့ ကိုယ်တော်တိုင် ကြွရောက်၍ ကောင်းမှုပြုခဲ့သည်။ ထီးတော်ဘင်ပွဲ၌ ဆင်ဖြူရှင်သည် ထီးတော်တတိယဘုံကို တင်ပြီးသောအခါ ဝမ်းမြောက်ဝမ်းသာဖြင့် ''ယောကျ်ားတမှတ် ငါသာမြတ်'' ဟု ကြုံးဝါးတော်မူဘူးသည်။ ထိုအချိန်မှစ၍ စေတီတော်ကြီးအား စောင့်ရှောက်ထိန်းသိမ်းမှု ကိုးကွယ်ဆည်းကပ်မှုများတွင် ပြည်သူလူထု၏ ပါဝင်ဆောင်ရွက်မှုမှာ တိုးပွါးသည်ထက်သာ တိုးပွါး၍ လာခဲ့ပေသည်။

ထိုအချိန်မှနောက်ပိုင်း အင်္ဂလိပ်တို့ကျူးကျော်လာသော စစ်ကို ခုခံဆင်နွှဲသောအခါတွင် မြန်မာတိုင်းရင်းသား စစ်သည်များသည် ကုန်းတော်မြေကို ကာကွယ်ရန် ရင်ကို မြေကတုတ်လုပ်၍ တိုက်ခဲ့ကြသည်။ အင်္ဂလိပ်တို့က ဘုရားကြီးကုန်းတော်မြေကို စီးမိထားသောအခါ ကုန်းတော်ပေါ်တွင် တလူလူလွင့်တင်ထားသော ဗြိတိသျှအလံကို သဲသဲမဲမဲ ပစ်ခတ်တိုက်ခိုက်ခဲ့ကြဘူးသည်။



ဗုဒ္ဓဘာသာဝင်တို့ အထွတ်အမြတ်ထားရာ စေတီတော်ရင်ပြင်ကို အင်္ဂလိပ် မြန်မာစစ်ပွဲအချိန်က ဤသို့တွေ့ခဲ့ရသည်။ ပုံ၏လက်ယာဖက်မှ စိုက်ထူထားသော ရွှေထီးများ၏အောက်တွင် ဆရာတော် သံဃာတော်ကြီးများ၏ အရိုးအိုးများကို မြှုပ်ယားသည်။

ကုန်းတော်ပေါ်မှ စဥ့်ကူးမင်းခေါင်းလောင်းကြီးကို နယ်ချဲ့တို့ အောင်ဆုအဖြစ် ယူသွား၍ မြစ်ထဲသို့ကျသည်တွင် မရမနေဆယ်ယူပြီး ပန်းနှံ့သာများ ပက်ဖျန်းလျက် ကုန်းတော်ပေါ်သို့အရောက် အခမ်းအနားဖြင့် ပြန်၍တင်ကြသူများမှာ ပြည်သူလူထုပင်ဖြစ်သည်။

ဒုတိယအကြိမ် အင်္ဂလိပ်-မြန်မာ စစ်ပွဲအပြီးတွင် နယ်ချဲ့သမားတို့ မတရားသိမ်းပိုက်ထားသော ကုန်းတော်မြေပေါ်မှ လက်နက်တိုက်ကို မြန်မာမျိုးချစ်တို့က ဖောက်ခွဲခဲ့ကြဘူးသည်။ ကုန်းတော်ကြီးကိုစီး၍ အင်္ဂလိပ်လက်မှ ပြန်၍လုယူရန် အကြံကိုလည်း ပြုခဲ့ကြဘူးသည်။ ရန်သူတို့က အသိဦး၍သာ ထိုအကြံပျက်ခဲ့ရလေသည်။

မင်းတုန်းမင်းကြီး ထီးတော်တင်လှူသည့်ပွဲ၌လည်း အားတက်သရော လှုပ်လှုပ်ရှားရှား ရှိကြသည်မှာ ပြည်သူလူထုပင်ဖြစ်သည်။

ထီးတော်ကို မြစ်ဆိပ်မှ ရွှေတိဂုံကုန်းတော်သို့ ဆောင်ယူရန်အတွက် ရပ်ကွက်တခုနှင့် တခု အပြိုင်အဆိုင် အလုအယက်ဖြစ်ခဲ့ကြဘူးသည်။ ''ကုသိုလ်ကောင်းလို့ အကြောင်းဆုံ၊ ငှက်မြတ်နားဘုံ ရတဲ့ရပ်သား'' ဟူ၍ ငှက်မြတ်နားဘုံကို သယ်ယူပင့်ဆောင်ခွင့် ရသူများက ဝမ်းသာအားရ သံချပ်ထိုးခဲ့ကြသည်။ ထီးတော်ကို စေတီအထွတ်သို့တင်စဉ်က တိုင်းရင်းသားများသည် စေတနာအလျောက် အဖိုးအခမယူပဲ ပါဝင်လုပ်အားပေးကြသည့်ပြင် ထီးဟောင်းအချနှင့် ထီးသစ်အတင်၌ သက်စွန့်ကြိုးပမ်း ဆောင်ရွက်ခဲ့ကြသည်။ ထီးတင်ဆဲတွင် ငြမ်းပေါ်မှ ရှမ်းအမျိုးသားသုံးဦးမှာ စက်သီးဆိုင်းကြိုးပြတ်၍ ရိုက်ခတ်မိသောကြောင့် လိမ့်ကျ၍ အသက်ဆုံးပါးခဲ့ရဘူးသည်။

ထီးတော်ကို တင်လှူနေစဉ် ထီးတင်ပွဲလာ ဘုရားဖူးများသည် ဗိုလ်တထောင်ရပ်ကွက်တွင် မီးလောင်နေသည်ကိုပင် မပြန်နိုင်။ အိုးပစ်၊ အိမ်ပစ်ထား၍ ထီးတော်တင်ပွဲကို နွှဲခဲ့ကြသည်။ မီးလောင်ရာတွင် ပါသွားသောပစ္စည်းများကို စေတီတော်ကြီးအားရည်စူး၍ လှူလိုက်ပါသည်ဟု အဓိဋ္ဌာန်ခဲ့ကြလေသည်။

စေတီတော်ကို ထီးတင်ရန် ဝါး၊ ကြိမ်၊ သစ်သား၊ သစ်လုံး အများအပြားနှင့် ငြမ်းထိုးပြင်ဆင်ခဲ့ကြရာ လူ ၃၀၀ မှ ၅၀၀ ခန့် တို့သည် အဖိုးအခမဲ့ လုပ်ကိုင်ပေးသည်။ ဝါးငါးသောင်း၊ ကြိမ်လေ့အစီး ၇၀ တိုက်မျှကို အသုံးပြုရသည်။ ပန်းဘဲ၊ ပန်းထိမ် လုပ်ငန်းကျွမ်းကျင်သော လက်မှုပညာရှင်များလည်း ပါဝင်သဖြင့် ယင်းတို့ကလည်း အလားတူပင် အဖိုးအခမဲ့ ဝိုင်းဝန်းကူညီခဲ့ကြသည်။

## ပြည်သူတို့၏ လုပ်အား၊ ပစ္စည်းအားဖြင့် လှူဒါန်းခဲ့ကြပုံ

ထိုသို့သိုက်သိုက်မြိုက်မြိုက် ငြမ်းထိုးလုပ်အားပေးကြပုံအကြောင်းကို ထိုခေတ်အင်္ဂလိပ်ရာဇဝတ်ဝန် မေဂျာဒန်းကင်းက မှတ်တမ်းတင်ထားရာတွင် –

> လုပ်ခတန်ဘိုးအားဖြင့် ပြည့်ပြည့်ဝဝ တွက်ချက်ရလျှင် ငွေကျပ် ၂၀,၀၀၀ ဖိုးခန့်ဟု ခန့်မှန်းရသည်။ ထိုလုပ်ငန်းကို အဖိုးအခမဲ့ လုပ်ကိုင်ရသည်ဖြစ်ရာ အထူးစနစ်ကျစွာဖြင့် ပုံမှန်လုပ်ကိုင်ဖို့လိုသဖြင့် စည်းလုံးညီညွတ်စွာ ဆောင်ရွက်တတ်သော ပင်ကိုယ်အရည်အချင်းလည်း ရှိကြသောကြောင့် ဖြစ်ရပေမည်။ အချို့နေရာများတွင် အလုပ်သမားများကို လူကြီးတဦးနှင့် စနစ်တကျ လွှဲအပ်၍ တာဝန်ပေးသည်။ ဤနည်းဖြင့် အလွန်ဂရုတစိုက်လုပ်ကိုင်ပြီး အလွန်လက်မြောက်စွာပင် လုပ်ငန်းကြီးတခုလုံးပြီးစီးခဲ့ပေသည်။

ဟူ၍ ဖော်ပြထားလေသည်။

### သဒ္ဓါထက်သန်သောပြည်သူများ

လွန်ခဲ့သောအနှစ် ၁၀၀ က ထီးတော်တင်ပွဲ၌ ပြည်သူလူထု၏ သဒ္ဓါကြည်ညိုရှိပုံကို အင်္ဂလိပ်ရာဇဝတ်ဝန် မေဂျာဒန်းကင်း၏ကိုယ်တွေ့ကိုပင် ထပ်၍ညွှန်းရဦးမည်ဆိုလျှင် –

> ရှာရဘတ်ရည်၊ မုန့်နှင့် မြန်မာခလေ့ ကွမ်း၊ ဆေး၊ လဖက်တို့ကို စေတနာသဒ္ဓါတည်ခင်းကျွေးသောနေရာများမှာ များလှပေသည်။ လူအုပ်ကြီးထဲတွင် တရွေ့ရွေ့ သွားလာနေကြသူများထဲတွင် ဂုဏ်သရေရှိ လူကြီးလူကောင်းတို့၏ဇနီး၊ သားသမီး အမျိုးသမီးများ ပါဝင်ကြသည်။ သူတို့သည် အထက်ပါ လှူဖွယ်ကမ်းဖွယ်ပစ္စည်းများအား မည်သူ့ကိုမဆို လိုက်လံပေးကမ်းလျက်ရှိ၏။ ပရိသတ်ကိုလည်းကောင်း၊ လှူဖွယ်ပစ္စည်းများကိုလည်းကောင်း အမွှေးနံ့သာရည်များဖြင့် လိုက်လံ ပက်ဖျန်း၍လည်းနေကြသည်။ ထိုအမျိုးသမီးတို့သည် အနှောင့်အရှက်မရှိ နေရာမရွေးသွားလာ၍ ယဉ်ကျေးပျူငှာ ဆက်ဆံနေကြသည်ကို မြင်ရသောအခါ ဥရောပတိုက်သားတို့၏ အမြင်တွင် အံ့သြထူးဆန်း၍နေပေတော့သည်။

ဟူ၍လည်းကောင်း၊ စေတီတော်ကြီးအတွက် ထီးတော်တွင် တင်လှူရန် အလှူလက်ခံသောနေရာအနီးသို့ ရောက်ရှိခဲ့သော မေဂျာဒန်းကင်းက –

> အဖွားအိုတဦးသည် ခွေးစကလေးတခုကိုကိုင်၍ တုန်တုန်ချိချိဖြင့် ဝင်လာသည်။ သူ့အတွက် အဖိုးထိုက်အဖိုးတန်ဖြစ်သော ပစ္စည်းကလေးကို ဂရုတစိုက်ရှိ

လှူသည်။ တောရွာမှတက်လာသော အမျိုးသမီးတဦးသည် ဘုရားပွဲတော်အတွက် လှူဒါန်းရန် ပစ္စည်းအရန်သင့်ပါမလာသောကြောင့် သူ့ကလေးငယ် ဝတ်ထားသော ငွေခြေကျင်းကလေးကိုဖြုတ်၍ လူအုပ်ကြားထဲမှ တိုးဝှေ့ပြီး လာ၍လှူသည်။ မိန်းကလေးတဦးသည် လှပသော နားဆွဲလေးတစုံကို ငှက်မြတ်နား၌ တင်လှူခွင့်ရရန် အလှိုင်၍ စိတ်လှုပ်ရှားစွာဖြင့် ဖြုတ်၍ ပေးလှူသည်။ အမျိုးသားတဦးက သူဝတ်ဆင်ထားသော ပတ္တမြားလက်စွပ်ကိုချွတ်၍ ရတနာအပုံထဲသို့ အလှူစာရင်းသွင်းလိုက်သည်။ တကြိမ်တကြိမ်တွင် ချမ်းသာသောကုန်သည်တဦးဦးက ရွှေဆည်းလည်းကို လူစုလူဝေးဖြင့် သယ်လာ၍ ထူးခြားဝင့်ကြွားစွာ အလှူပြုသည်။ ဤသို့ စွန့်လှူတတ်သော သဒ္ဓါစိတ်ဖြင့် နားဆွဲ၊ နားတောင်း၊ ဆွဲကြိုး၊ လက်ကောက်၊ လက်စွပ်၊ ကျောက်မျက်နှင့် ရွှေဆိုင်းတို့မှာ အစုအဝေးကြီးဖြစ်လာရသည်။

ဟူ၍ မေဂျာ ဒန်းကင်းက ချီးကျူးဖော်ပြထားသည်။

ယခုဖော်ပြခဲ့သော မင်းတုန်းခေတ်က ပြည်သူပြည်သားတို့၏စေတနာသည် ယခုခေတ် ထီးတော်ကို စစ်ဆေး၍ ပိန္နဲတိုင်ကို တည့်မတ်သောပွဲသို့ လာရောက်ကြသော ပြည်သူတို့၏ စေတနာနှင့် အနှစ် ၁၀၀ ကျော်ကြာပြီးသော်လည်း ထပ်တူထပ်မျှပင် ဖြစ်သည်။ ငြမ်းပေါ်သို့ တက်ရောက်လှူဒါန်းခွင့်ရရန် တန်းစီ၍စောင့်ဆိုင်းနေသူများ၊ ငြမ်းပေါ်သို့ မတက်နိုင်တော့သဖြင့် ထီးတော်အထက်တွင် တင်လှူရန် ရွှေငွေရတနာတို့ကို ယုံယုံကြည်ကြည် စေတနာ

စေတီတော်ကြီးသို့ မြန်မာပြည်အရပ်ရပ်မှ ဘုရားဖူးများ နှစ်စဉ်တပင်တပန်းလာရောက်ဖူးမြော်လေ့ရှိသည်။ ထိုအထဲတွင် တိုင်းရင်းသားလူမျိုး အများအပြားလည်း ပါဝင်သည်။ ပုံမှာ ပြည်ထောင်စု တိုင်းရင်းသား ပလောင် အမျိုးသမီးတစု ဘုရားကြီးတွင် ဝတ်ပြုနေကြပုံ



## ကင်းဝန်မင်းကြီးနှင့်အဖွဲ့ အဖူးအမြော်ရောက်ခြင်း

### နိုင်ငံခြားသွား သံအဖွဲ့ ဝင်ဖူးခြင်း

ပြဋ္ဌာန်း၍ လူကြုံပါးလိုက်သူများကို ရင်ပြင်ပေါ်တွင် တွေ့ရပေသည်။ ခေတ်ကာလသာ ခြားခဲ့သည်။ ကြည်ညိုသဒ္ဓါကား မပြောင်းလဲ မလျော့ပါးခဲ့ချေ။

မင်းတုန်းမင်း ထီးတင်ပွဲပြီးသောအခါ အထက်မြန်မာနိုင်ငံ မင်းနေပြည်မှ မြန်မာသံကြီး တမန်ကြီးများသည် နိုင်ငံခြားသို့သွားရောက်ရာ၌ အင်္ဂလိပ်လက်အောက် ရန်ကုန်မြို့တွင် တထောက်နား၍ ရွှေတိဂုံစေတီတော်ကြီးအား ကြည်ညိုပူဇော်သမှုပြုခဲ့လေသည်။

၁၈၇၂ ခုနှစ်၊ မတ်လ ၁၅ ရက်နေ့တွင် မြန်မာမင်းနေပြည်တော် မန္တလေးမှ ကင်းဝန်မင်းကြီးနှင့်အဖွဲ့သည် လန်ဒန်သို့ သံအဖွဲ့ဖြင့် သွားရောက်ရာတွင် ရန်ကုန်မြို့ ရွှေတိဂုံကုန်းတော်ပေါ်သို့တက်၍ဖူးမြော်သည်။ သံအဖွဲ့အား ဂေါပကလူကြီးများက ကြိုဆိုကြသည်။ ထို့နောက် ရင်ပြင်တော်မြောက်ဖက်စရပ်တွင် ဆွမ်းကျွေး၍ ကုသိုလ်များကိုလည်းပြုသည်။ ထို့နောက် ရင်ပြင်တော်တွင် လှည့်လည်ကြည့်ရှု၍ ရုပ်စုံသေတ္တာများတွင် အလှူငွေထည့်သည်။ မဟာရံအတွင်းရှိ ဒုက္ခိတများအား စွန့်ကြသည်။ ပြီးလျှင် အရှေ့စောင်းတန်းမှဆင်း၍ ဗဟန်းရှိ မင်းတုန်းမင်း လှူထားသော ကျောင်းတော်ရာစရပ်သို့ သွားရောက် အနားယူကြသည်။ ၁၈၇၄ ခုနှစ်၊ မတ်လ ၂၆ ရက်နေ့တွင်တကြိမ်၊ ကင်းဝန်မင်းကြီး ခေါင်းဆောင်သော သံအဖွဲ့သည် ပြင်သစ်ပြည် ပါရစ်မြို့သို့သွားရောက်ရင်း စေတီတော်ကြီးကို ဝင်ရောက်ဖူးမြော်လျက် သံဃာတော်များအား ဆွမ်းကပ်သည်။ ထိုနှစ် ဇက်တဘာလတွင် ပါရစ်မြို့မှ ပြန်လာသော အခါတွင်လည်း တကြိမ်တက်၍ ဖူးမြော်ရင်း ကုသိုလ်ပြုခဲ့လေသည်။

သီပေါမင်း ပါတော်မူပြီးသည့်နောက် ရွှေတိဂုံစေတီတော်ကြီးကို ဆက်လက်ပူပြင်စောင့်ရှောက်ခဲ့ကြသူများမှာ တိုင်းသူပြည်သားအများစုပင်ဖြစ်သည်။ ပါတော်မူပြီး၍ နှစ်နှစ်အကြာတွင် ရန်ကုန်မြို့မှထုတ်ဝေသော ရန်ကုန်ဂေဇက် အပတ်စဉ်သတင်းစာ၌ ဘုရားကြီး၏ သတင်းများကိုတွေ့ရသည်။ ယင်းသတင်းစာ၏ မတ်လ ၁၁ ရက်နေ့ထုတ် သတင်းတပုဒ်၌ —

> ရွှေတိဂုံ တပေါင်းပွဲတော်သို့ ယခုနှစ်တွင် လာရောက်သူ အထူး များပြားကြောင်း။ လွန်ခဲ့သောရက်အနည်းငယ်ကပင် မြို့တွင်း၌ တောမှဘုရားဖူးများဖြင့် ပြည့်နှက်နေကြောင်း။ ယင်းတို့အထဲတွင် ရှမ်းလူမျိုးနှင့် ကရင်လူမျိုးအများအပြား ပါဝင်ကြကြောင်း။ ယမန်နေ့နံနက်က ရွှေတိဂုံကုန်းတော်ပေါ်တွင် မြင်ရသော ရှုခင်းမှာ မျက်စိပသာဒအမြင်တွင် ထူးခြားလှ၍ စိတ်နှလုံးကို ချမ်းမြေ့ဘွယ် ဖြစ်ကြောင်း။ အကြောင်းမှာ ဝတ်

ကောင်းစားလှမျိုးစုံကို ဝတ်ဆင်ထားသောလူတန်းကြီးမှာ မျက်စိတဆုံး ပင်ဖြစ်ကြောင်း

စသည်ဖြင့် ရေးသားထားသည်ကိုတွေ့ရ၏။

ဒီဇင်ဘာလ ၂၆ ရက်နေ့ထုတ် ထိုသတင်းစာတွင်လည်း ဘုရားကြီးသို့ ရန်ကုန်မြို့သူ မြို့သားများက ရွှေဆိုင်းများ သွားရောက်လှူဒါန်းကြပုံကို ရေးသားထားရာ၌ –

> ယမန်နေ့ နံနက်က ရွှေဆိုင်းအများအပြားကို ရွှေတိဂုံ စေတီတော်ကြီးသို့ စီတန်းလှည့်လည်၍ ပို့ဆောင်ကြကြောင်း။ လှည့်လည်ပွဲမှာ ဒါလ်ဟိုဇီ လမ်းနှင့် ဂေါ်ဒွင်လမ်းထောင့်မှစတင်၍ ဒါလ်ဟိုဇီလမ်း၊ တရုပ်တန်း လမ်း၊ ကမ်းနားလမ်း၊ ပန်းဆိုးတန်း၊ ကုန်သည်လမ်းတလျှောက် သွား ရောက်ပြီး ဘုရားကြီးသို့ ဦးတည်၍သွားကြောင်း။ ထိုစီတန်းလှည့်လည် သွားသော လူအုပ်ကြီးကို လက်ထောက် ရာဇဝတ်ဝန်ထောက် မောင်မြို့ ခေါင်းဆောင်သော ပုလိပ်အဖွဲ့က ကြပ်မပို့ဆောင်ပေးကြောင်း။
>
> စီတန်းလှည့်လည်ပွဲတွင် မြို့တွင်းရှိ ရပ်ကွက်တိုင်းမှ ပုဂ္ဂိုလ်များ ပါဝင်ကြ သည်။ ဤလူစုလူဝေးကြီးမှာ မြန်မာနိုင်ငံတွင် မကြုံစဖူးထူးထူးခြားခြား များပြားလှသည်။ မန္တလေးမြို့တော်တွင် မြန်မာဘုရင်များလက်ထက် ကပင် ဤမျှစည်ကားများပြားသော လူစုလူဝေးကိုမတွေ့ခဲ့ဘူးကြောင်း မန္တလေးတွင် နေထိုင်ခဲ့သူ တဦးက ကျွန်ုပ်တို့အား ပြောကြားသည်။ လှည့်လည်ပွဲတွင် မင်းသား၊ မင်းသမီး၊ မင်းကြီး၊ ဝန်၊ ဝန်ထောက် စသော အရာထမ်းများသဖွယ် ဝတ်ဆင်ကြပြီး၊ မြင်းသည်၊ ခြေသည် စသော အဝတ်အစားတို့ကို သစ်သစ် လွင်လွင် ကြွားကြွား ရွှားရွှား ဝတ်ဆင်လာကြသည်။ ဆင်ပြူ၊ ဆင်မဲ၊ သမင်၊ သဘော စသည့် ပုံပန်း များကို စက္ကူဂျပ်ထူပြားများပြုလုပ်လျက် ဆေးခြယ်၍လှည့်လည်လာကြ သည်မှာ ကြည့်၍တမျိုးကောင်းနေကြောင်း။

ဟူ၍ ရေးသားထားလေသည်။

**ခေတ်သစ်မြန်မာတို့၏**
**နယ်ချဲ့တော်လှန်ရေး ခြေကုပ်စခန်းကြီးတရပ်**

ဤအကြောင်းများကြောင့် ရွှေတိဂုံဆံတော်ရှင် စေတီတော်မြတ်အား မြန်မာ့ အာရုံခညောင်းရာ၊ လူမှုအဖုံဖုံ ပေါင်းရှက်ဆုံစည်းရာ "မြန်မာ့လူမှုရေး အချက်အချာဒေသ"

ဟုဆိုသော် ဆိုသင့်ဆိုထိုက်လှပေသည်။ ဆိုစရာ အကြောင်းအရာများလည်း ထင်ရှားရှိပေသေးသည်။

ခေတ်သစ်ရန်ကုန်မြို့တွင် အစိုးရလုပ်ငန်းဌာနများ၊ ကုန်တိုက်ကြီးများ၊ နိုင်ငံခြားကုန်သွယ်မှု လုပ်ငန်းများ ဘဏ်များနှင့် သိပ္ပံကောလိပ်ကျောင်းများ ထူထောင်မိသဖြင့် တပြည်လုံးအရေးကို ရန်ကုန်မြို့တော်မှပင် ကြိုးကိုင်၍ ဆောင်ရွက်သည့်အခြေ ဖြစ်လာသည်။ ဤအချိန်တွင် မြန်မာ့လူ့ဘောင်အဖွဲ့အစည်း၌ အလုပ်သမား၊ လယ်သမား၊ ကုန်သည်၊ ပွဲစား၊ စာရေးစာချီ၊ မင်းမှုထမ်းများ၊ ကျောင်းသားများဟူ၍ ခေတ်ကာလအလိုက် လူတန်းစားဘဝ အလွှာအသီးသီးတို့ ကွဲကွဲပြားပြား ပေါ်ပေါက်လာကြသည်။ ထိုသူတို့သည် မွန်၊ မြန်မာများပါဝင်သော ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ရှမ်းအစရှိသည့် တိုင်းရင်းသားပေါင်းစုံတို့ ဖြစ်ကြသည်။ သူတို့သည် ဗုဒ္ဓဘာသာဝင်များ သော်လည်းကောင်း၊ ဗုဒ္ဓဘာသာ ယဉ်ကျေးမှုနှင့် နီးစပ်ပွန်းတီး ရင်းနှီးသူများသော်လည်းကောင်း ဖြစ်ကြပေသည်။

ထိုတိုင်းရင်းသားအများစုတို့သည် အင်္ဂလိပ်အစိုးရ၏ အုပ်ချုပ်မှုအောက်တွင် စခန်းသင့်သလို နေထိုင်လုပ်ကိုင် အသက်မွေးနေကြသော်လည်း ပေါ့ပေါ့ဆဆနေကြသူများမဟုတ်။ ကိုလိုနီနယ်ချဲ့စနစ်လက်အောက်၌ ခေတ်သစ်လူနေမှုစနစ်တွင် အကျုံးဝင်သော အုပ်ချုပ်ရေး၊ နိုင်ငံရေး၊ စီးပွါးရေးတို့နှင့် ထိတွေ့ခွင့်ရခြင်း၊ ခေတ်မှီပညာကို သင်ကြားရခြင်း၊ နိုင်ငံတကာ အတွေ့အကြုံရရှိခြင်း စသည်တို့သည် မြန်မာတို့၏ ရှိပြီးသားအသိဉာဏ်ကို တိုးပွါးအောင်၊ ကျယ်ဝန်းအောင် ဖန်တီးပေးခဲ့ကြလိမ့်မည်ဟု တထစ်ချဆိုနိုင်ပေသည်။

ထိုအခါ အကြောင်းအကျိုး ဆက်စပ်မြော်ခေါ်နိုင်သော ခေါင်းဆောင် ခေါင်းရွက်လုပ်သူတို့က "အမျိုး၊ ဘာသာ၊ ပညာ" ဟူသော ကြွေးကြော်သံကို ကြွေးကြော်လာကြသည်။ ထိုကြွေးကြော်သံကို မကြားလိုက်သူများ ရှိမည်မဟုတ်။ ကြားလျှင် ပင်ကိုယ်ဉာဏ်ဖြင့် သိမှီသမျှ ဝေဖန်ချင့်ချိန်လျက် မတွေးမတောသဲနေသူများ ရှိမည်မဟုတ်။ အကြောင်းမှာ "ထီးကျိုးစည်ပေါက်"၍ နိုင်ငံပျောက်ခဲ့သည်မှာ နှစ်ပေါင်း ၂၀၊ ၃၀ မျှသာ ကွာလှမ်းသေးသောကြောင့် ဖြစ်သည်။ ထိုသို့ဖြစ်လျှင် ရွှေတိဂုံစေတီတော်၏ အရိပ်အာဝါသအောက်၌ နေထိုင်ကြရသော၊ ခေတ်မှီစပြုလာသော မြန်မာတို့၏စိတ်ထဲ၌ အားကိုးအားထားပြုနိုင်သော အခြေအနေတရပ်ကို သဘောပေါက်နေကြလိမ့်မည်ဟု ယူဆနိုင်သည်။

ထိုအခြေအနေကား အခြားမဟုတ်။ တိုင်းပြည်၏ အုပ်ချုပ်ရေးသြဇာသည် တိုင်းတပါးသား လူမျိုးခြားတို့၏ လက်ထဲတွင်ရှိသော်လည်း လူမှုရေးသြဇာ၊ ယဉ်ကျေးမှုသြဇာတို့သည်ကား ရွှေတိဂုံစေတီတော်ကြီးကဲ့သို့သော ရိုးရာ အမွေအနှစ် အဆောက်အအုံကြီး

တို့၌ပင် ကိန်းအောင်းနေသေးသည်ဟူသော သဘောပင်ဖြစ်သည်။ ထိုသဘောသည် ထိုခေတ် မြန်မာတို့၏စိတ်၌ သိသိသာသာရှိချင်မှရှိခဲ့မည်။ သို့သော် ထိုခေတ်လူတို့၏ လုပ်ရပ်မှာကား ထိုသဘောကို သိပြီးသည်သို့၊ သဘောပေါက်ပြီးသည်သို့ ဖြစ်ခဲ့ပုံကို ခေတ်သမိုင်း ဖြစ်ရပ်များက သက်သေခံလျက်ရှိသည်။ အကြောင်းမှာ မြန်မာတို့၏ အထွတ်အမြတ်ပူဇော်ရာ စေတီတော်ကို တက်ရောက် ကြည်ညိုကြသူတို့သည် မြန်မာ့ယဉ်ကျေးမှု ဓလေ့ထုံးတမ်းအရ ဘိနပ်ခြေနင်းတို့ကိုချွတ်ပြီးမှ တက်ရောက်ကြရသည်။ ထိုသို့မချွတ်ပဲ တက်ရောက်လာသူတို့ကို မြန်မာတို့၏မျက်စိတွင် အမြင်မပြောင်နိုင်၊ မကြည်ဖြူနိုင်၊ ခွင့်မလွှတ်နိုင်ဖြစ်ကြသည်။

မြန်မာပြည်သားများ လွတ်လပ်စွာ ကြည်ညိုဖူးမြော်နိုင်ရမည့် စေတီတော်တွင် မုတ်ပေါက်တပ်ကိုပိတ်၍ စစ်တပ်စွဲထားခြင်း၊ ရင်ပြင်တော်တွင် စစ်သချိုင်းပြုလုပ် မြှုပ်နှံထားခြင်းတို့ကိုလည်း မြန်မာတို့အနေဖြင့် အလိုမကျနိုင်၊ ကန့်ကွက်ကြသည်၊ ရှုတ်ချရေးသားကြသည်။

ထိုအခါ တိုင်းပြည်အကျိုး၊ နိုင်ငံအကျိုးကို သည်ပိုးရန် အသင်းအဖွဲ့များကို ခေတ်ကာလလိုအင်နှင့်အညီ သဘာဝကျစွာတည်ထောင်ခဲ့ကြသည်။ ယင်းတို့အနက် ၁၉၀၆ ခုနှစ်တွင် တည်ထောင်သော ဗုဒ္ဓဘာသာ ကလျာဏယုဝ (ဝိုင်-အမ်-ဘီ-အေ) အသင်းမှာ ဦးစွာ ပေါ်ပေါက်သော အသင်းတသင်းဖြစ်သည်။ ထိုအသင်းများသည် အမိအဘ၊ ဆရာသမား၊ သံဃာစသည်တို့၏ ဩဝါဒခံကာ စတင် ဆောင်ရွက်ကြသည်။ ထိုအစဉ်အလာကို အခြေပြု၍ ကုန်းတော်ပေါ်တွင် နိုင်ငံရေးအသင်းအဖွဲ့ အစည်းအဝေးများ ကျင်းပလာကြသည်။ နယ်ချဲ့သမားကို ဆန့်ကျင်သော ဆုံးဖြတ်ချက်များ ချကြသည်။ နယ်ချဲ့ကြီးစိုးသော လုပ်ငန်းဌာနများကို သပိတ်မှောက်သောအခါ သပိတ်စခန်းများကို စေတီတော် ရင်ပြင်၌ပင် ဖွင့်ခဲ့သည်။ နယ်ချဲ့အစိုးရကို အန်တုရန် လမ်းပြ လှုံ့ဆော်သော တို့ဗမာသခင် သီချင်းကို ကုန်းတော်ပေါ်တွင် စ၍သီဆိုကြသည်။

ကြာသော် ရွှေတိဂုံကုန်းတော်တတိုက်သည် နယ်ချဲ့တော်လှန်ရေး ခြေကုပ်စခန်းကြီး ဖြစ်မှန်းမသိဖြစ်လာလေသည်။ တိုင်းပြည်လွတ်လပ်ရေး၊ နယ်ချဲ့ဆန့်ကျင်ရေးတို့သည် နိုင်ငံရေး လုပ်ငန်းဖြစ်သည်။ နိုင်ငံရေးသည် လူမှုရေး၌ အကျုံးဝင်သည်။ ထို့ကြောင့် ရွှေတိဂုံစေတီတော်သည် နယ်ချဲ့သမားအား ထိုးနှက်ရန် မြန်မာတို့၏လူမှုရေးခံကတုတ်၊ ယဉ်ကျေးမှုခံကတုတ်ကြီး ဖြစ်၍လာသည်ဟု ဆိုထိုက်စရာ ဖြစ်ခဲ့ပေသည်။

ထိုခေတ်တွင် သိင်္ဂုတ္တရကုန်းထက်ရှိ ရွှေတိဂုံရင်ပြင်မှ ပြုလုပ်လိုက်သောကြွေးကြော်သံများ၊ ဆုံးဖြတ်ချက်များ၊ အစည်းအဝေး အခမ်းအနားများသည် တပြည်လုံးသို့ ပဲ့တင်

ရိုက်ဟည်း ပျံ့နှံ့သွားစေခဲ့ပေသည်။ တပြည်လုံးအရေးနှင့် ဆိုင်သော အခမ်းအနားတရပ်ကို ၁၉၁၉ ခုနှစ်၌ ရွှေတိဂုံရင်ပြင်တွင် ကျင်းပခဲ့ပုံကို တွေ့ရှိနိုင်သည်။

## အင်္ဂလန်မှ ပြန်လာသော ဗေ-ပု-ရှိန် တို့ကိုကြိုဆိုခြင်း

၁၉၁၉ ခုနှစ်တွင် မြန်မာနိုင်ငံမှ ပြည်သူကိုယ်စားလှယ်ကြီးများဖြစ်သော ဦးဘဖေ၊ ဦးပုနှင့် ဦးထွန်းရှိန် (ဗေ-ပု-ရှိန်)တို့သည် မြန်မာပြည်အုပ်ချုပ်ရေးကို ဆွေးနွေးရန် အင်္ဂလန်သို့ သွားကြသည်။ ထိုကိုယ်စားလှယ်အဖွဲ့အား အင်္ဂလန်မှပြန်လာသောအခါ ပရိသတ်ကြီးက ကမ်းလုံးညွတ်မျှ ကြိုဆိုပြီး ရွှေတိဂုံရင်ပြင်တော်တွင် ချီးကျူးဂုဏ်ပြုပွဲ ပြုလုပ်ရန် ခေါ်ဆောင်သွားကြသည်။ ထိုအခြင်းအရာကို ဂျပ်ဒ်ဆင် ကောလိပ်ကျောင်းသားကြီး ကိုဖိုးကျား (နောင်အခါ အမျိုးသားပညာဝန်ဦးဖိုးကျား)ကအိုင်ချင်းကဗျာတပုဒ်ရေးသားစပ်ဆိုခဲ့သည်။ ထိုအိုင်ချင်းတွင် —

ချစ်တဲ့သူငယ်လေ၊ မြန်မာပြည်သား လူအများတို့လေ။ ။
ကိုယ်စားလှယ်သုံးဖြာ၊ ရောက်သည်ခါက၊ ရေမြစ်ဆိပ်၊ ကမ်းနားထိပ်မှာ၊
　　ပရိသတ်နှင့်၊ ရထားနှင့်။

မြေဦးစီစဉ်၊ ရထားယာဉ်မှာ၊ မိန်းမများနှင့်၊ ယောကျ်ားနှင့်။
လမ်းစဉ်တလျှောက်၊ ဘုရားရောက်အောင်၊ လူအပြည့်နှင့်၊ အကျွေးနှင့်။
ဘုရားကပ်ချဉ်း၊ ခြေတော်ရင်းမှာ၊ လူတင်းကျမ်းနှင့်၊ အတီးနှင့်။
အကြောင်းငယ်မျိုးစုံ၊ အဖုံဖုံကို၊ အကုန်ပြောတတ်ချေဘူး။ ။

လတ်တလောပင်၊ ကိုယ်စားလှယ်များဝင်သောအခါ၊ ဖြူစင်လန်းလန်း၊ ပန်းနှင့်
　　ပေါက်ပေါက်၊ ကြဲတော့တယ်။
ရထားတွင်းက၊ ခရသင်းကျည်ကျည်၊ မှုတ်တော့တယ်။
　　ကညာပျိုစု၊ ဆင်းရူပါတို့၊ ကြိုင်လှပန်းစည်း၊ ဆက်တော့တယ်။
တမြို့လုံးမှာ အုန်းအုန်းကြွက်ကြွက်၊ ဖြစ်တော့တယ်။
လမ်းတလျှောက်မှာ၊ စားသောက်ဖွယ်ရာ ကျင်းတော့တယ်။
တိဂုံဆံတွင်း၊ ခြေတော်ရင်းမှာ၊ သံညှင်းစည်တော် ရွှမ်းတော့တယ်....

စသည်ဖြင့် ဖွဲ့ဆိုထားခဲ့လေသည်။

## တမျိုးသားလုံးက ဝိတ်ဝင်စားရသော ပြဿနာနှစ်ရပ်

ရွှေတိဂုံစေတီတော်ကြီးနှင့် စပ်လျဉ်း၍ မြန်မာတို့က အင်္ဂလိပ်အစိုးရနှင့် အကြီးအကျယ်စကားပြောခဲ့ရသော ပြဿနာနှစ်ရပ်ရှိသည်။ ထိုနှစ်ရပ်မှာ အနောက်မုတ်ဖွင့်လှစ်ရေးကိစ္စနှင့် ဘုရားပေါ်တွင် ဘိနပ်စီးသည့်ကိစ္စဖြစ်သည်။ ဤကိစ္စနှစ်ရပ်မှာ အင်္ဂလိပ်တို့ဘက်မှ ပြောပလောက်သည့်ကိစ္စဟူ၍ ထင်ကောင်းမှ ထင်ခဲ့မည်ဖြစ်သော်လည်း မြန်မာတို့အဖို့မူကား ကြီးမားလေးနက်သော ကိစ္စပင်ဖြစ်သည်။

အကြောင်းမှာ ဘာသာရေးဆိုင်ရာ သက်သက်ဟု ဆိုရသော်လည်း မြန်မာတမျိုးသားလုံး၏အရေးနှင့် စပ်ဆိုင်နေသည်။ တနည်းအားဖြင့် နိုင်ငံရေးသဘော ပါဝင်နေပေသည်။ ထို့ကြောင့် မြန်မာတို့က မရမနေ အကြိမ်ကြိမ်အရေးဆိုခဲ့ကြသည်။

## ဘုရားပေါ်တွင် ဘိနပ်စီးသည့်ကိစ္စ

မြန်မာတို့နှင့် နိုင်ငံခြားသားများ ဆက်ဆံရေးတွင် ဘိနပ်စီးခြင်းနှင့်စပ်လျဉ်းသော ပြဿနာနှစ်ရပ် ပေါ်ပေါက်ခဲ့ဘူးသည်။ ပထမ ဘိနပ်ပြဿနာမှာ နိုင်ငံခြားမှလာရောက်သော သံတမန်များသည် ဘုရင်မင်းမြတ်ရွှေတော်မှောက်သို့ ဝင်ရောက်ရာတွင် အခြားမှုမတ်ဖိုလ်ပါ အားလုံးနည်းတူ ဘိနပ်ချွတ်၍ဝင်ပြီး ဒူးတုပ်ခစားရသော ကိစ္စဖြစ်သည်။ ဤကိစ္စအတွက် နိုင်ငံခြားသားများဘက်က များစွာမခံမရပ်နိုင်ဖြစ်ခဲ့ကြသည်။ နိုင်ငံခြား သမိုင်းဆရာများကလည်း မိမိတို့ထုံးစံနှင့်အညီ ခြေဝတ်တန်ဆာအစီးအနင်းပြုသော ဓလေ့ထုံးတမ်းရှိသည်ကို ခွင့်မပြုရကောင်းလားဟု မြန်မာတို့ဘက်က တင်းမာပုံကို အပြစ်ဖို့ရေးသားကြသည်။ ဘိနပ်စီးခွင့်ပြဿနာကို အကြောင်းပြု၍ တိုင်းပြည်ချင်းချင်း ဆက်ဆံရေးကိုပါ ထိခိုက်စေခဲ့သည်ဟု တဖွဲ့တနွဲ့ရေးသားကြသည်။

ဒုတိယ ဘိနပ်ပြဿနာမှာ မြန်မာတို့ဘက်က မခံမရပ်နိုင်သော ကိစ္စဖြစ်သည်။ ဤသို့ဖြစ်ရသည်မှာ ပထမ ဘိနပ်ပြဿနာမှာကဲ့သို့ လူမှုရေးအကြောင်းမဟုတ်၊ ဘာသာရေးအကြောင်းဖြစ်သည်။ မြန်မာတို့သည် ဘိနပ်ချွတ်ခြင်း (ဝါ) ဘိနပ်ခြေနင်းမပါပဲ ထွက်ဝင်သွားလာခြင်းကို ရိုသေကိုင်းရှိုင်းမှု၊ အလေးအမြတ်ထားမှုကို ဖော်ပြသည့် အမူအရာဟု ရိုးရာဓလေ့ ယဉ်ကျေးမှုအရ လက်ခံထားကြသည်။ အင်္ဂလိပ်တို့ကမူကား မြန်မာ့ ထီးထဲနန်းထဲ ညီလာခံတို့တွင် ဘိနပ်စီးလိုသည်သာမက မြန်မာ့အထွတ်အမြတ် အထိမ်းအမှတ်ဖြစ်သော ကျောင်း၊ ကန်၊ စေတီဘုရားတို့၏ ပရဝုဏ်အတွင်း၌လည်း ဘိနပ်စီးလိုကြသည်။ စီးလည်းစီးခဲ့ကြသည်။ ခရစ်နှစ် ၁၇၉၆ ခုတွင် လာရောက်ခဲ့သော အင်္ဂလိပ်သံ ဟီရမ်ကောက်သည်

ဘိနပ်ချွတ်ရမည်စိုးသောကြောင့် ရွှေတိဂုံစေတီရင်ပြင်သို့မတက်ပဲ ခြေတော်ရင်း စရပ်တခု ရှေ့မှသာ သွား၍ ဘုရားဖူးများ လာရောက်ကြသည်ကို ကြည့်ရှုခဲ့သည်။

ဤသို့စီးကြခြင်းသည် မြန်မာ့ရိုးရာယဉ်ကျေးမှုကို ဖောက်ဖျက်ကျူးလွန်သည်ဖြစ်၍ မြန်မာတို့စိတ်တွင် မနှစ်မြို့နိုင်ဖြစ်လေသည်။ ထို့ပြင် တဝလည်း ဘိနပ်စီးနင်း၍ ဝင်ထွက်သွား လာနေကြသူများသည် နိုင်ငံခြားသားများလည်းဖြစ်သည်။ မြန်မာနိုင်ငံကို ကျူးကျော်သိမ်း ပိုက်ထားသူများလည်းဖြစ်သည်ကို မြင်ရသောအခါ ပို၍ပင် မနှစ်မြို့နိုင်၊ မကြည်သာနိုင် ဖြစ် ကြရပေသည်။မြန်မာတို့မျက်စိတွင် ရွှေတိဂုံဘုရားကဲ့သို့တန်ခိုးကြီးဘုရားများတွင်ရှူးဘိနပ်ကြီး တဂေါက်ဂေါက်နှင့် သွားလာနေထိုင်စခန်းချသော ကုလားစစ်သား၊ ဂေါ်ရာစစ်သားများကို တွေ့နေရသည်။ မျက်နှာဖြူအုပ်ချုပ်ရေးအရာရှိများကိုယ်တိုင်လည်း ဘိနပ်စီး၍ စေတီရင်ပြင်သို့ တက်သည်။

ဤတွင် မင်းလိုလိုက် မင်းကြိုက်ဖြစ်စေရန် ဘုရားလူကြီး၊ ဂေါပကအဖွဲ့ဝင် လူကြီး အချို့တို့ကလည်း "ဥရောပတိုက်သားများမှတပါး ဘိနပ်မစီးရ" ဟူ၍၎င်း၊ "အင်္ဂလိပ် အမျိုးသားများနှင့် ဥရောပသွေးပါသော အာရှတိုက်သားများအပ မည်သူမျှ ဘိနပ်စီးခွင့် မရှိ" ဟူ၍၎င်း တန်ခိုးကြီးဘုရားများ၏ ခြေရင်းတွင် ဆိုင်းဘုတ်စာတန်းများ ချိတ်ဆွဲ ထားကြသည်ကို တွေ့ရသည်။

## တိုက်ပွဲဝင်ကြသူများ

ဘုရားစေတီတို့အပေါ်တွင် ဘိနပ်စီးခြင်းကို မခံမရပ်နိုင်ကြသူများအနက် စိတ်လိုက် မာန်ပါ လက်ရောက် ကျူးလွန်ကြသူတို့ပင်ရှိသည်။ ၁၉၁၈ ခုနှစ်တွင် မန္တလေးမြို့ရှိ အိမ်တော် ရာစေတီ ဝတ္တကမြေအတွင်းသို့ ဘိနပ်စီးနင်းလျက် ဝင်ရောက်လာသော မျက်နှာဖြူအရာရှိ တဦးကို ဘုန်းတော်ကြီးတပါးက ဓားနှင့်ခုတ်သဖြင့် ရှုပ်ပျက်ဆင်းပျက်ဖြစ်ခဲ့ရဘူးသည်။

ဤသို့ ကိုယ်ထိလက်ရောက် ဆန့်ကျင်ပြသူ ပုဂ္ဂိုလ်များရှိသကဲ့သို့ "ဥရောပတိုက်သားများမှ အပ မည်သူမျှ ဘိနပ်မစီးရ" ဆိုင်းဘုတ်တွင် "ဥရောပတိုက်သားများမှအပ" စကားလုံးကို ဖြုတ်၍ ဘုရားပေါ်သို့ လာရောက်သူအားလုံးအတွက် အဖြူအမဲ မခွဲခြားပဲ "မည်သူမျှဘိနပ် မစီးရ" ဟူသော ဆိုင်းဘုတ်ကိုသာ ချိတ်ဆွဲနိုင်ရန် ကြိုးစားသူများကလည်း ကြိုးစား ခဲ့ကြသည်။

ခရစ်နှစ် ၁၉၁၈ ခုတွင် မြန်မာပြည်ဘုရင်ခံ ဆာရယ်ဂျီနယ်ကရက်ဒေါက်သည် ပဲခူးမြို့ ရွှေမော်ဓောဘုရားကြီး ငလျင်ဒဏ်ကြောင့် ပျက်စီးရာသို့ တက်ရောက်ကြည့်ရှုလေသည်။ ထိုသို့

တက်ရောက်ရာတွင် ဖိနပ်မချွတ်ပဲ ဟန်ပန်မပျက် တက်ရောက်ကြည့်ရှုနေသည့်အကြောင်း ကြားသိရသော မြန်မာတို့သည် ပို၍မခံမရပ်နိုင် ဖြစ်လာကြပြန်သည်။

ဘုရင်ခံကိုယ်တိုင် ဘုရားပေါ်သို့ ဖိနပ်စီး၍ တက်ရောက်သည့်ကိစ္စကို ဂေါပကလူကြီးများက ရန်ကုန်မြို့ ဝိုင်အမ်ဘီအေ အသင်းကြီးသို့ တိုင်ကြားသည်။ ထိုအချိန်တွင် အသင်း၏ အတွင်းရေးမှူးမှာ ဘီလပ်ပြန်ဝတ်လုံတော်ရ ဦးသိမ်းမောင် (ယခု တရားဝန်ကြီးချုပ်ဟောင်းနှင့် ဘဏ္ဍာတော်ထိန်းလူကြီးဟောင်း) ဖြစ်သည်။ ဦးသိမ်းမောင်သည် ပြည်မြို့တွင်နေထိုင်ခဲ့စဉ်က ရွှေဆံတော်ဘုရားခြေတော်ရင်း၌ ဥရောပတိုက်သားများမှအပ ဖိနပ်စီးခွင့်မပြု ဟူသော ဆိုင်းဘုတ်ဖြုတ်ချရေးကို ကြိုးစားခဲ့သည်။ ရန်ကုန်သို့ရောက်သောအခါ၌လည်း ရွှေတိဂုံစေတီတော်ကြီး၏ ဥပစာရင်ပြင်တော်၌ ဥရောပတိုက်သားများ ဖိနပ်မစီးရေးကို ဆက်လက်ကြိုးပမ်းဆောင်ရွက်လေသည်။

ဝိုင်အမ်ဘီအေ အတွင်းရေးမှူးဖြစ်သော ဦးသိမ်းမောင်သည် ဘုရားပေါ်တွင် ဖိနပ်စီးသည့်ကိစ္စကို အကြောင်းပြု၍ ရန်ကုန်မြို့၊ ဂျူဗလီခန်းမတွင် ၁၉၁၈ ခု၊ မေလ ၁၉ ရက်နေ့၌ ပြည်လုံးကျွတ် အစည်းအဝေးခေါ်ယူ၍ တင်ပြဆွေးနွေးစေခဲ့သည်။ သဘာပတိအဖြစ် ဦးသိမ်းမောင်က ဆောင်ရွက်သည်။ နောင်အခါ ဘကြီး ဘပေဟုတွင်သော သူရိယသတင်းစာ အယ်ဒီတာ ဦးဘပေက ဤကိစ္စကို မခံမရပ်နိုင်ကြောင်း၊ ဘုရားခြေတော်ရင်းရှိ ဆိုင်းဘုတ်များတွင် "ဥရောပတိုက်သားများမှ အပ" ဟူသော စာလုံးကိုလည်း ဖြုတ်ပစ်ရန် လေးလေးနက်နက် တောင်းဆိုကြောင်း အစည်းအဝေးကြီးသို့ တင်ပြလေသည်။ ဝိုင်အမ်ဘီအေ အသင်းလူကြီးပိုင်းအချို့မှာ ဘုရားလူကြီးများဖြစ်နေသဖြင့် လူငယ်ပိုင်းမှ တောင်းဆိုချက်ကို သဘောမတူနိုင်ပဲ အချို့လူကြီးများနှင့် ဘုရားလူကြီးများမှာ အသင်းမှ နုတ်ထွက်သွားကြသည်။ လူငယ်ပိုင်းဖြစ်သော သူရိယ ဦးဘပေနှင့် ဝတ်လုံ ဦးသိမ်းမောင်တို့၏ ကြိုးပမ်းချက်ဖြင့် ဘုရားမြေကျောင်းမြေအတွင်း ဖိနပ်မစီးရ ဟူသောအဆိုတရပ်ကို ချမှတ်နိုင်ခဲ့သည်။ ထိုဆုံးဖြတ်ချက်အတိုင်း မြန်မာပြည်ဘုရင်ခံက "မည်သူမျှ ဖိနပ်မစီးရ" ဟူသော အချက်ကို လက်ခံလိုက်သည်။ သို့ရာတွင် စစ်ပက်၊ နယ်ပက်ဌာနမှ အစိုးရကိစ္စဖြင့် တာဝန်အရ ဘုရားပေါ်သို့တက်လျှင် ဖိနပ်စီးနိုင်သည် ဟူသော ခြွင်းချက်ကို ဝိုင်အမ်ဘီအေ အသင်းနှင့် ဘုရားလူကြီးများက သဘောတူခဲ့ရသည်။ အင်္ဂလိပ်အစိုးရသည် အထက်ပါ "မည်သူမျှ ဖိနပ်မစီးရ" အမိန့်ကို ၁၉၁၉ ခုနှစ်၊ အောက်တိုဘာလ ၂၉ ရက်နေ့တွင် ထုတ်ပြန်ပေးရလေသည်။

ထိုဖိနပ်ပြဿနာ ပူပူနွေးနွေးဖြစ်နေသေးသောအချိန်တွင် ၁၉၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၁၂ ရက်နေ့၌ အင်္ဂလန်ပြည်မှလာသော အတိုက်အခံလေဘာပါတီအမတ် ကာနယ်ဝက်ဂျ်ဝုဒ်တို့

## ဘိနပ်စီးသည့်ကိစ္စ ဝိုင်းဝန်းသရော်ကြပုံ

ဇနီးမောင်နှံသည် မြန်မာပြည်သို့ရောက်ရှိလာရင်း ရွှေတိဂုံကုန်းတော်ပေါ်သို့ ဘိနပ်ချွတ်၍ တက်ရောက်ခဲ့သည်။ မြန်မာလူမျိုးများက များစွာသဘောကျ နှစ်ခြိုက်သွားသည်။ မြန်မာ သတင်းစာများတွင်လည်း ဓာတ်ပုံရိုက်ကူး၍ ဖော်ပြပေးလေသည်။ ကာနယ်ဝက်ဂျ်ဝုဒ်သည် ကုန်းတော်ပေါ်၌ ၁၉၂၀ ပြည့်နှစ် ကျောင်းသားသပိတ် အဖွဲ့ဝင်များအား အင်္ဂလိပ်အစိုးရ၏ ကျွန်ပညာရေးစနစ်အကြောင်းကိုပင် ဟောပြော၍သွားလေသည်။

### သတင်းစာများက ပူးပေါင်းပါဝင်ခြင်း

ဘုရားပေါ်တွင် ဘိနပ်စီးသည့်ကိစ္စကို တိုက်ပွဲဝင်ရာ၌ မြန်မာသတင်းစာများ၊ မြန်မာစာရေးဆရာများ၏ ပူးပေါင်းအားထုတ်မှုလည်း ပါခဲ့လေသည်။ ၁၉၁၈ ခုနှစ်အတွင်း ထုတ်ဝေသော **သူရိယမဂ္ဂဇင်း** ၌ ကာတွန်းဆရာကြီး ဦးဘကလေး (ရွှေတလေး) က ကာတွန်း များရေးသား၍ သရော်ခဲ့သည်။ ထိုကာတွန်းများနှင့်အတူ ဆရာကြီး သခင်ကိုယ်တော်မှိုင်း ကလည်း တေးထပ်များရေးစပ်ရင်း ဝိုင်းဝန်းသရော်ပြန်သည်။

၁၉၁၈ ခုနှစ်၊ ဖေဖော်ဝါရီလထုတ် **သူရိယမဂ္ဂဇင်း** တွင် အင်္ဂလိပ်လင်မယားနှင့် ဘုရားလူကြီးများပုံ ကာတွန်းတခု ပါလာသည်။ ဦးဘကလေး၏ လက်ရာဖြစ်သည်။ ပုံမှာ လူကြီးများက အင်္ဂလိပ်လင်မယားကို ဘုရားပေါ်သို့ ကုန်းပိုး၍ ခေါ်လာပုံဖြစ်သည်။ ထိုကာ တွန်း၏အောက်တွင် ဆရာကြီး သခင်ကိုယ်တော်မှိုင်း ရေးစပ်သော တေးထပ်တပုဒ်လည်း ပါရှိသည်။ တေးထပ်မှာ —

> ဘိနပ်ကို မစီးရငယ်လို့၊ နည်းကျကျဆွဲင်။
> ကမ္ပည်းသ အကဲထင်သည်၊ မရဲချင်လေကော။
> နှစ်ပါးလုံး ဗိုလ်မောင်မယ်မှာ၊ ဟို့တောင်စွယ် ကုန်းမြင့်သာမော။
>
> တကျွတ်ကျွတ် ဘွတ်ရှတ်ဆင်သည်၊ မချွတ်ချင်ဟူသော။
> ထွင့်သခင် သူပြောတော့၊ ဂေါပကဖြစ်အင်။
> ပခုံးမှာ ကုန်းကာပွိုမယ်ပ၊ ပြုံးပါလို့ ဦးချပန်ဆင်။
>
> ကျွန်တော်မျိုးကြီးတို့ ကျောပြင်ကို၊ ဝေယျာဉ်လိုထင်မှတ်လို့၊
> သခင်မြတ် ကုန်းမြင့်သည်တောင်၊ ရှန်းပင့်ချီဆောင်။
> ဘိနပ်ချွတ် လှည့်နည်းပြောင်သည်၊ ဝိနည်းရှောင် ကုန်းပုံတဲ့လေး။

ဟူ၍ ဖြစ်လေသည်။




၁၉၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ သူရိယမဂ္ဂဇင်းတွင် ဘကြီးမေတ္တာတုံး၏ အာဒါသမုခ ဒီပနီအခန်း၌
ပါရှိသော ဘုရားပေါ်တွင် ဘိနပ်စီးသည့်ကိစ္စ ဦးဘကလေး ရေးဆွဲသည့် ကာတွန်း၊

ဤကာတွန်းကို ထည့်သွင်းဖော်ပြသဖြင့် ရန်ကုန်ပုလိပ်မင်းကြီးက သူရိယ ဦးဘဖေကို ခေါ်ယူ၍ ကြိမ်းမောင်းသတိပေးသည်။ ဦးဘဖေတို့ ရုံးခန်းအတွင်းသို့ ဝင်သွားသောအခါ ကုလားထိုင်မပေးပဲ ဖျာခင်းပေးထားပြီး ကြမ်းပေါ်မှာ အထိုင်ခိုင်းသဖြင့် ပုလိပ်မင်းကြီးနှင့် အချီအချ စကားပြောခဲ့ရလေသည်။ ဦးဘဖေက ဤကိစ္စသည် ပုလိပ်နှင့်မဆိုင်သောကိစ္စ ဖြစ်သည်ဟူ၍ တင်းတင်းမာမာပင် ပြန်၍ပြောခဲ့သည်။


ဘိနပ်ပြဿနာနှင့် စပ်လျဉ်း၍ သူရိယက နောက်ထပ် ကာတွန်းများ တေးထပ်များကို ထည့်သွင်းဖော်ပြသေးသည်။ ဥရောပတိုက်သား မျက်နှာဖြူများကို ဘုရားမြေ ကျောင်းမြေတွင် ဘိနပ်မစီးရဟု ပိတ်ပင်ရန်အဆိုကြောင့် ဗိုင်အမ်ဘီအေအသင်းတွင် လူကြီးနှင့် လူငယ်တို့ သဘောကွဲကြပုံ၊ ဘိနပ်စီးခြင်းကို တားမြစ်လိုသော လူငယ်တို့အား တိုင်းပြည်က ကြိုဆိုထောက်ခံပုံကို ဗိုင်အမ်ဘီအေ မီးပုံးပျံကြီးနှင့် ပမာနှိုင်း၍ ဦးဘကလေးက ၁၉၁၈ ခုနှစ်၊ ဇွန်လထုတ် သူရိယမဂ္ဂဇင်းတွင် ရေးသားဖော်ပြသည်။ မီးပုံးပျံစီး၍ တက်ကြရာ ဘိနပ်စီးခွင့်ပြုသင့် မပြုသင့် ပြဿနာ လေးမှန်တိုင်းမိ၍ အချို့ ကျကုန်ပြီး အချို့ကျန်ရစ်၍ အပြန်ခရီးတွင် တိုင်းပြည်က ကြိုဆိုပုံကို ရေးဆွဲထားသော ကာတွန်း၏ အောက်တွင် "ဗိုင်အမ်ဘီအေ

## ပြည်သူ့ဆန္ဒကြောင့် ဘိနပ်မစီးရန် တားမြစ်ပေးရခြင်း

မီးပုံးပျံ ဘွဲ့ မဟာလေးချိုးကြီး''ဟူသော အမည်ဖြင့် ဆရာကြီး သခင် ကိုယ်တော်မှိုင်းက ကဗျာတပုဒ် ရေးသားဖော်ပြထားသည်။

ထိုမီးပုံးပျံ ကာတွန်းနှင့်အတူ ဦးဘကလေး ခေါ် ရွှေတလေးပင် ရေးဆွဲသည့် အခြား ကာတွန်းတခုလည်း ပါရှိသည်။ ဘုရားအနီးတွင် တောသူနှင့်မြို့သူ အချီအချ စကားပြောနေကြပုံဖြစ်သည်။ ဘုရားပေါ်တွင် ဘိနပ်မစီးရဟူသော ဆိုင်းဘုတ်ကိုကြည့်၍ တောသူအမျိုးသမီးက ဘုရားမှာ ဘိနပ်မစီးရတာများ အဆန်းလုပ်လို့ စာရေးထားရသေး သလားဟူ၍ပြောသည်ကို မြို့သူက ပြန်ပြီး ဖြေကြားနေပုံဖြစ်သည်။ ဤကာတွန်းတွင်လည်း ဆရာကြီးသခင် ကိုယ်တော်မှိုင်းကပင် ထိုစဉ်က ခေတ်စားနေသော ''စုံတွဲညွှန့်'' သီချင်းသွားဖြင့် အချီအချ တပိုဒ်စီရေးသားဖော်ပြထားလေသည်။

ဤကဲ့သို့ သာသနာ့ အဆောက်အအုံ ဘုရားဝတ္ထုကမြေများပေါ်တွင် နိုင်ငံခြားသားများ ဘိနပ်စီးနင်းခြင်းကို မြို့ရောတောပါ ဗုဒ္ဓဘာသာဝင် ပြည်သူအများက မလိုလားကြ




The Start. In Cyclone. The Return.

၁၉၁၈ ခုနှစ်၊ ဇွန်လ သူရိယမဂ္ဂဇင်းတွင် ပါရှိသည့် ဘုရားပေါ်တွင် ဘိနပ်မစီးရေး ကိစ္စကြောင့် ဝိုင်အမ်ဘီအေ အသင်းကြီးတွင် သဘောကွဲကြပုံ ကာတွန်း




"ဘုရားမှာ ဘိနပ်မစီးရဘူးဆိုတာ၊ ဗုဒ္ဓဘာသာတိုင်း သိသားကဘဲ"ဟူသော တောသူနှင့် မြို့သူ အမျိုးသမီးနှစ်ဦး အချီအချ ပြောပုံကာတွန်း။ ဦးဘကလေး၏ လက်ရာပင်ဖြစ်သည်။

သဖြင့် "ဘိနပ်မစီးရေး" ကိစ္စမှာ အောင်မြင်သွားခဲ့လေသည်။ ဗုဒ္ဓဘာသာဝင် မြန်မာတို့သည် ဘုရားပေါ်တွင် ဘိနပ်စီးခြင်းကို တားမြစ်လိုက်နိုင်သဖြင့် အင်္ဂလိပ်၏ ဩဇာကို ကန့်သတ်နိုင်ခဲ့ပြီး အမျိုးသားရေးအတွက် တနည်းတဖုံ သွေးထိုးလှုံ့ဆော်နိုင်ခဲ့လေသည်။

**ကုန်းတော်ပေါ်မှ ခံတပ်ကိစ္စနှင့်**
**အနောက်ဖက်မုတ် ဖွင့်လှစ်ရေး**

၁၉၂၉ ခုနှစ်၊ နိုဝင်ဘာလ ၂၇ ရက်နေ့တွင် စေတီတော်ဂေါပကထိန်းအဖွဲ့မှ တိုင်းပြည်ကို ကြေညာချက်တစောင် ထုတ်ပြန်ခဲ့လေသည်။ထိုကြေညာချက်မှာ အောက်ပါအတိုင်းဖြစ်သည်။

> အများသိစေရန် ကြော်ငြာလိုက်ပါသည်။ ရွှေတိဂုံ အနောက်ဖက်ခံတပ်နှင့် ပတ်သက်၍ ဂေါပကထိန်းလူကြီးများနှင့် မြန်မာဘုရင်ခံမင်းမြတ်အိမ်တော်၌ ၁၉၂၉ ခု၊ နိုဝင်ဘာလ ၂ ရက်နေ့ ၁၁ နာရီအချိန်တွင် တွေ့ဆုံကြ၍ ဘုရားကြီးတွင် ခံတပ်ထားဘို့မသင့်ကြောင်း ဂေါပကတော်ထိန်းလူကြီးတို့

> က ပြောဆိုကြရာ လူကြီးမင်းများစကား အောင်မြင်၍ ဘုရင်ခံမင်းမြတ်က ဘုရားကြီးကုန်းတော်သည် စစ်ဘက်နှင့် တစုံတရာမသက်ဆိုင်ပြီဖြစ်၍ ခံတပ်စာရင်းမှ ပယ်ဖျက်လိုက်ပါပြီ။ ကုန်းတော် ဘခုလုံးကို ဗုဒ္ဓဘာသာ သာသနာမြေအဖြစ်နှင့် လွတ်လပ်စွာ ရှိတော့မည်ဖြစ်ကြောင်း အများကြားသိစေရန် ကြော်ငြာအပ်ပါသည်။
>
> ဦးဘိုးမြ
>
> စက္ကရီတေရီ ၂၇-၁၁-၂၉။

ဤကြေညာချက်ကို သတင်းစာများတွင် ဖတ်ရှုရသော မြန်မာပြည်သူပြည်သား အပေါင်းတို့သည် မည်မျှဝမ်းမြောက်ဝမ်းသာဖြစ်ကြလိမ့်မည်မှာ ဆိုဖွယ်ရာပင်မရှိပြီ။ အဘယ်ကြောင့်ဆိုသော် ရွှေတိဂုံစေတီတော်ကြီး၏ ကုန်းမြေတစိတ်တပိုင်းကို သိမ်းပိုက်တပ်စွဲထား၍ အနောက်မုတ် ပိတ်ထားခဲ့သည်မှာ နှစ်ပေါင်း ၇၇ မျှ ကြာခဲ့ပြီ ဖြစ်သောကြောင့်တည်း။

## အရေးဆိုခဲ့သည့်အကြိမ်များ

ရွှေတိဂုံစေတီကုန်းတော် အနောက်တဝှန်းတွင် ခဲယမ်းမီးကျောက်တိုက် စသည်တို့ကို တည်ထား၍ ကုန်းတော်တခုလုံးကို ခံတပ်သဖွယ် ပြုလုပ်ထားသည်ကို မြန်မာတို့က စတင်အရေးဆိုခဲ့သည်မှာ ၁၉၁၇-၁၈ ခုနှစ်ခန့်ကပင် ဖြစ်သည်။ ထိုအချိန်တွင် ပထမကမ္ဘာစစ်ကြီး(၁၉၁၄-၁၉၁၈)ဖြစ်ပွါးလာသောကြောင့် ကုန်းတော်နေရာကို စစ်ဘေးစစ်ရန်မှ စိုးရိမ်ရသောကြောင့် ဖြစ်သည်။ ထို့နောက်တွင်လည်း ကုန်းတော်မြေ ကိစ္စအတွက် အကြိမ်ကြိမ် အရေးဆိုခဲ့ရသည်များကို အောက်ပါအတိုင်း တွေ့နိုင်သည်။

မြန်မာပြည်အရေးအတွက်ဘိလပ်သို့ပထမအကြိမ်စေလွှတ်သောကိုယ်စားလှယ်များက မစ္စတာ ဘင်စပူး အမည်ရှိ ပါလီမန်အမတ်မှတဆင့် အိန္ဒိယပြည်ဆိုင်ရာ အတွင်းဝန်ကြီးကို ၁၉၁၉ ခု၊ ဒီဇင်ဘာလ ၂၂ ရက်နေ့ ပါလီမန် အစည်းအဝေးတွင် မေးမြန်းစေခဲ့သည်။ မေးမြန်းချက်မှာ ကုန်းတော်ကို စစ်တပ်က အသုံးပြုနေခြင်းကြောင့် မြန်မာဗုဒ္ဓဘာသာဝင်တို့၏ စိတ်တွင် များစွာအနှောင့်အရှက်ဖြစ်ရုံသာမက ကုန်းတော်သည် ခံတပ်အဖြစ်နှင့်လည်း အသုံးမကျသောကြောင့် ဘာသာရေးအတွက် သက်သက်အသုံးပြုရန် ဗုဒ္ဓဘာသာဝင်တို့အား ပြန်ပေးဘို့ ဆောင်ရွက်ပါမည်လား ဟူ၍ဖြစ်သည်။

ဒုတိယအကြိမ် မြန်မာကိုယ်စားလှယ်အဖွဲ့ ဘိလပ်သို့သွားသောအခါ၌လည်း မြန်မာပြည်မှ လက်မှတ်ပေါင်း တသောင်းငါးထောင်မကျော်မြင့် ဖိန္ဒိယပြည်ဆိုင်ရာ အတွင်းဝန်

ကြီးထံ ခံတပ်နှင့် ခဲယမ်းမီးကျောက်တိုက်ကို ကုန်းတော်မှ ပြောင်းရွှေ့ပေးရန် အလျှောသွင်း၍ တောင်းဆိုခဲ့သည်။ ပါလီမန်အစည်းအဝေးတွင် ထပ်မံမေးမြန်းစေခဲ့သည်။

ထိုသို့ မေးမြန်းခဲ့ခြင်းများကို ဗြိတိသျှအစိုးရက အဖြေမယ်မယ်ရရ မပေးခဲ့ချေ။

၁၉၂၀ ပြည့်နှစ်၊ ဧပြီလ ၂၁ ရက်နေ့တွင် ကျင်းပသော မြန်မာပြည် ဥပဒေပြုအဖွဲ့ အစည်းအဝေးတွင် ပွဲစားကြီး ဦးဘိုးသာ (ဆာ ဘိုးသာ)က ဤကိစ္စကို တပန်တင်ပြသည်။ ကုန်းတော်ပေါ်မှ စစ်တပ်နှင့် ခဲယမ်းမီးကျောက်တိုက် ပြောင်းရွှေ့လျှင် ဗုဒ္ဓဘာသာဝင်တို့ များစွာနှစ်သက်ကြမည်ကို အစိုးရက သိပါကြောင်းနှင့် အတွင်းဝန်ကြီးက ပြေဆိုသည်။

၁၉၂၁ ခုနှစ်၊ မတ်လ ၂၁ ရက်နေ့တွင် ဦးဘိုးပြေက လွှတ်တော်အစည်းအဝေးတွင် မေးမြန်းရာ အိန္ဒိယတိုင်းဆိုင်ရာ စစ်ဘုရင်ခံချုပ် လပ်ရေဉ်လင်ဆင်က ရွှေတိဂုံစေတီတော် ထက်ဝန်းကျင်မြေကို စစ်ဘက်ကအသုံးပြုခြင်းကို ရပ်စဲရန်ကြံစွယ်လျက် မြန်မာပြည်အစိုးရ နှင့် အိန္ဒိယပြည်အစိုးရတို့ တိုင်ပင်လျက်ရှိပါသည်ဟုပြေသည်။

တပန် ဘင်္ဂလာထိန်းအဖွဲ့က ၁၉၂၁ ခု၊ ဧပြီလ ၂၅ ရက်နေ့တွင် မြန်မာပြည်ဘုရင်ခံ ထံသို့ စာတစောင်ပေးပို့ရာတွင် –

> ရွှေတိဂုံကုန်းတော်သည် ခံတပ်ဖြစ်၍နေသော် စစ်ဖြစ်သောအခါ ရန်သူတို့ သည် ထိုကုန်းတော်ကို တိုက်ကြလိမ့်မည်။ ထိုအခါ စေတီတော်ကြီးသည် အဝေးကမြင်နိုင်သောကြောင့် ရန်သူတို့ပစ်ခတ်ရန် အလွန်ထင်ရှားလျက် နေလိမ့်မည်။ ကုန်းတော်ခံတပ်ကို ရန်သူတို့တိုက်လျှင် စေတီတော်ကြီး နှင့် ထက်ဝန်းကျင်ရှိ အဆောက်အအုံများ ပျက်စီးလိမ့်မည်မှာ အထူး ပြောဘွယ်မရှိ။ အားလုံးတို့၏ စိတ်နှလုံး၌ ကောင်းစွာထင်မြင်နိုင်သော အချက်ဖြစ်သည်။ ကုန်းတော် ခံတပ်မရှိသော်၊ ကုန်းတော်ထက်ဝန်းကျင် ကိုလည်း စစ်အတွက်မသုံးသော် ပြည်ထောင်အချင်းချင်း ဆက်ဆံရေး ဆိုင်ရာ ဥပဒေအရ မဟုတ်သည့်တိုင်အောင် ထိုဆက်ဆံရေးဆိုင်ရာ ထုံးတမ်းအစဉ်အလာအတိုင်းရန်သူတို့သည် စေတီတော်ကိုလည်းကောင်း၊ စေတီတည်ရှိရာသို့လည်းကောင်း မပစ်နိုင်၊ မခတ်နိုင် ရှိလိမ့်မည်။

ဟူ၍ ကျိုးကြောင်းပေါ်ပြထားလေသည်။

ယင်းသို့ တောင်းဆိုနေသည်ကို ဗုဒ္ဓဘာသာ မြန်မာအသင်းအဖွဲ့များက ထောက်ခံကြ သည်။ ဂျီ၊ စီ၊ ဘီ၊ အေ မြန်မာအသင်းချုပ်ကြီးကဆိုလျှင် မန္တလေးမြို့တွင် ကျင်းပသော

## ကုန်းတော်ပေါ်မှ တပ်ပြောင်းပေးရန် ပြင်ဆင်ခြင်း အစ

၁၉၂၁ ခုနှစ်၊ ကွန်ဖရင့်အစည်းအဝေးကြီး၌ ရွှေတိဂုံကုန်းတော်ပေါ်မှ ခံတပ်ကို မပြောင်းသေးသည့်အတွက် မကျေနပ်ကြောင်း မှတ်တမ်းတင်ခဲ့လေသည်။

ဘဏ္ဍာထိန်းအဖွဲ့၏ မေးမြန်းချက်၊ ပန်ကြားချက်များမှာ မထူးခြားသောအခါ နောက်ထပ်စာတစောင်ကို ၁၉၂၂ ခုနှစ်၊ အောက်တိုဘာလ ၁၇ ရက်နေ့တွင် မြန်မာပြည်ဘုရင်ခံထံ ပေးပို့ကြပြန်သည်။ ထိုစာ၌ ခံတပ်နှင့် ခဲယမ်းမီးကျောက်တိုက်ကို မပြောင်း‌ရွှေ့မီ ပင် ပိတ်ထားသော အနောက်ဖက်စောင်းတန်းကို ဖွင့်ပါရစေဟု ဖော်ပြထားသည်။ ထိုစာကို တင်သွင်းပြီးနောက် တလပြည့်သောနေ့တွင် မြန်မာပြည်အတွင်းဝန်ကြီးက ဘဏ္ဍာထိန်းအဖွဲ့ကို ခေါ်ယူတွေ့ဆုံလျက် နောင်ငါးနှစ်ကြာလျှင် ဘုရားပေါ်မှခံတပ်ကို ပြောင်းရွှေ့၍ အနောက်ဖက်စောင်းတန်းကိုလည်း ထိုအခါမှဖွင့်ရန် အခွင့်ပြုနိုင်ပါလိမ့်မည်ဟု အကြောင်းပြန်ကြား ပြောဆိုလေသည်။

ထိုအတောအတွင်း၌ အင်္ဂလိပ်အစိုးရက ဘုရားကြီးပေါ်မှ ခံတပ်နှင့် ခဲယမ်းမီးကျောက်တိုက် ပြောင်းရွှေ့ရေးအတွက် လုပ်ကိုင်နေကြသော အစီအစဉ်များကို မြန်မာတို့ကြားရသည်။ ၁၉၂၃ ခုနှစ်၊ မတ်လတွင် ကျင်းပသော မြန်မာပြည် ဥပဒေပြုအဖွဲ့ အစည်းအဝေး၌ ဘဏ္ဍာရေးဝန်ကြီးချုပ်က ရွှေတိဂုံ ကုန်းတော်မှ ခဲယမ်းမီးကျောက်တိုက် ပြောင်းရွှေ့ရန်နှင့် အနောက်ဖက်စောင်းတန်းကို ဖွင့်လှစ်ရန် ပြည်သူတို့ အပြင်းအထန်ဆူပူကြသည့်အတွက် တပ်မြို့ကိုပြောင်းရန် ငွေ သိန်း ၈၀ အထိ အကုန်ခံဘို့ မြန်မာအစိုးရက အိန္ဒိယအစိုးရနှင့် သဘောတူညီလိုက်ရကြောင်း ထုတ်ဖော် ပြောကြားသည်။ ၁၉၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက်နေ့တွင် ကျင်းပသော မြန်မာပြည် ဥပဒေပြုအဖွဲ့ အစည်းအဝေးတွင် တဖန်ဘဏ္ဍာရေးဝန်ကြီးချုပ်ကပင် စစ်ဖက်က ခဲယမ်းမီးကျောက်တိုက်နှင့် တပ်မြို့အားလုံး (မြင်းပြိုင်ကွင်းဟောင်းနှင့် စတုဗီသာစရပ်ကြီးအနီး ဂေါ်ရာကုန်းကြီးမှတပါး) စွန့်လွှတ်ရန်အတွက် အဖိုးပေးသည့်အနေဖြင့် တပ်မြို့သစ်တွင် မြန်မာပြည်အစိုးရက အဆောက်အအုံများ ဆောက်လုပ်ပေးနေရကြောင်းကို ထုတ်ဖော်ပြောကြားခဲ့သည်။

ထို့ကြောင့် ဘဏ္ဍာထိန်းအဖွဲ့နှင့် တကွ ဗုဒ္ဓဘာသာဝင်များမှာ ခဲယမ်းတိုက်နှင့်ခံတပ်ပြောင်းရွှေ့မည့်နေ့ကို မြှော်လင့်နေခဲ့ကြသည်။ ယင်းကိစ္စအတွက် အစိုးရက ငွေအမြောက်အမြား ကုန်ကျနေသည့်ကိစ္စကိုလည်း တစုံတရာကန့်ကွက်ခြင်း မပြုခဲ့ကြချေ။

၁၉၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၂၃ ရက်နေ့တွင် အိန္ဒိယဘုရင်ခံချုပ် လော့ဒ်ရက်ဒင်း မြန်မာနိုင်ငံသို့လာရောက်သည်တွင် ဘဏ္ဍာထိန်းအဖွဲ့နှင့် ဂျီ၊စီ၊ဘီ၊အေ အသင်းကြီးမှ ကြီးမှူးကျင်းပသော အစည်းအဝေးကြီး၏ ပြဋ္ဌာန်းချက်အရ ကုန်းတော်ပေါ်မှ ပြောင်းရွှေ့ရန်ကိစ္စကို

အမြန်ဆုံးဆောင်ရွက်ပါရန် စာတစောင်တင်သွင်းခဲ့သည်။ ဘုရင်ခံချုပ်မလာရောက်မီ ထိုနှစ် နိုဝင်ဘာလ ၂၃ ရက်နေ့၌ အနောက်ဖက်စောင်းတန်းတွင် အစိုးရခွင့်ပြုချက်အရ မြေကို တိုင်းထွာပြီး အဆောက်အအုံများပုံစံရေးဆွဲပြီးဖြစ်၍ အလှူရှင်များလည်း အသင့်ရှိနေပြီဖြစ် သောကြောင့် စောင်းတန်းကို စတင်ဆောက်လုပ်ပါရစေဟု မြန်မာပြည်ဘုရင်ခံထံသို့ အခွင့် တောင်းခဲ့သေးသည်။

နောက်သုံးနှစ်အကြာတွင် ၁၉၂၆ ခုနှစ် ဒီဇင်ဘာလ ၁၀ ရက်နေ့၌ အိန္ဒိယစစ်ဘုရင် ခံချုပ် ကုန်းတော်ပေါ်သို့ လာရောက်သည့် အခါတွင်လည်း ကုန်းတော်ပေါ်မှ စစ်တပ်နှင့် ခံတပ်များ ပြောင်းရွှေ့ရန်ကိစ္စကို မြန်ဆန်အောင် ကူညီပါမည့်အကြောင်း ဘဏ္ဍာထိန်းအဖွဲ့ က မေတ္တာရပ်ခံခဲ့သည်။

ခရစ်နှစ် ၁၉၂၈ ခုတွင် အိန္ဒိယဘုရင်ခံချုပ် လော့ဒ်အာဝင် မြန်မာနိုင်ငံသို့ လာရောက် သဖြင့် ဘဏ္ဍာတော်ထိန်းအဖွဲ့ကပင် စာတစောင်တင်ခဲ့သည်။ ထိုစာ၌ လော့ဒ်ကာဇင်လက်ထက် က ထုတ်ပေးခဲ့သော ဂရန်ဟောင်းတွင် ကုန်းတော်ကို ခံတပ်ပြုလုပ်ထားသည်နှင့် လျော်ညီ အောင် ထည့်သွင်းထားသော စည်းကမ်းများကို ကုန်းတော်ပေါ်မှခံတပ် ရွှေ့ပြောင်းတော့ မည်ဖြစ်သဖြင့် ပယ်ဖျက်ပါမည့်အကြောင်း ပြောကြားခဲ့သည်။

စစ်သံချိုင်းရွှေ့ခြင်း

၁၉၂၉ ခုနှစ်၊ ဇန်နဝါရီလ ၂၂ ရက်နေ့ နံနက် ၇ နာရီခန့်တွင် မြန်မာ-ဗုဒ္ဓဘာသာ တို့ တောင်းဆိုခဲ့ဘူးသည့်အတိုင်း ကုန်းတော်ပေါ်မှ အင်္ဂလိပ်သံချိုင်းများကို ကန်တိုမင်သို့ ပြောင်းရွှေ့သွားသည်။ ထိုနှစ် ဇန်နဝါရီလနှင့် မေလအတွင်း ကုန်းတော် အနောက်ဖက်မှ ခံတပ်အဆောက်အအုံများကိုဖျက်၍ မင်္ဂလာဒုံသို့ ပြောင်းရွှေ့သွားသည်။ ထို့ကြောင့် မြန်မာ လူမျိုးတို့က များစွာနှစ်ထောင်းအားရလျက်ရှိကြသည်။

သို့ရာတွင် ထိုနှစ်မေလ၌ အင်္ဂလိပ်အစိုးရက ရွှေတိဂုံစေတီကုန်းတော်အနောက်ခြမ်းကို ဘဏ္ဍာထိန်းအဖွဲ့သို့ပေးရန် ဂရန်ကို အကြမ်းရေး၍ ဘဏ္ဍာထိန်းအဖွဲ့သို့ ပေးပို့လိုက်သည်။ ယင်းဂရန်သစ်တွင်လည်း ဂရန်ဟောင်းမှာကဲ့သို့ပင် စည်းကမ်းချက်များ ပြောင်းလဲခြင်းမရှိ ကြောင်းတွေ့ရသည်။ ထိုစည်းကမ်းများမှာ ကုန်းတော်မြေမျက်နှာပြင်ကို ပြုပြင်လိုလျှင်၊ သို့မဟုတ် အဆောက်အအုံတစုံတရာ ဆောက်လုပ်လိုလျှင် စစ်ဖက်နှင့် မြန်မာပြည်အစိုးရ၏ ခွင့်ပြုချက်ရမှ ပြုပြင်ဆောက်လုပ်ရမည်ဟူသော အချက်များပါဝင်သည်။ ဘဏ္ဍာထိန်းအဖွဲ့ က ထိုစည်းကမ်းချက်များမှာ ကုန်းတော်ပေါ်တွင် ခံတပ်နှင့် ခံယမ်းမီးကျောက်တိုက်

ပြောင်းရွှေ့သွားမည်ဖြစ်သဖြင့် လိုတော့မည်မဟုတ်ကြောင်း ၁၉၂၉ ခု၊ ဇွန်လ ၂ ရက်နေ့တွင် တင်သွင်းခဲ့သည်။ ကန့်ကွက်စာတင်သွင်းပြီး၍ ဩဂုတ်လ ၂၇ ရက်နေ့သို့ ရောက်သောအခါ ပြည်ထဲရေးဝန်ကြီးချုပ်က ဘုရားဂေါပကထိန်းလူကြီးများအား သူ၏ရုံးခန်းသို့ ခေါ်ယူတွေ့ဆုံပြောကြားရာတွင် ကုန်းတော်မှ ခဲယမ်းမီးကျောက်တိုက်ကိုသာ ပြောင်းရွှေ့ခြင်းဖြစ်သည်။ ကုန်းတော်မှာ ခံတပ်ပင်ဖြစ်နေသေးသည်။ သို့အတွက် ဆိုခဲ့သော စည်းကမ်းများကို လက်ခံမှ ကုန်းတော်အနောက်တခြမ်းကို ဂေါပကထိန်းအဖွဲ့သို့ ပေးအပ်နိုင်မည်ဖြစ်သည်။ အနောက်စောင်းတန်း ဆောက်လုပ်ရန် တင်သွင်းထားသော ပုံစံများကိုလည်း အစိုးရက ကန့်ကွက်ရန်မရှိသော်လည်း ဂရန်တွင်ပါသော စည်းကမ်းများကို လက်ခံမှ ခွင့်ပြုနိုင်မည်ဖြစ်ကြောင်းတို့ကို ပြောပြလေသည်။

ထိုအခါ ဂေါပကထိန်းလူကြီးတို့က ကုန်းတော်သည် ခံတပ်ဖြစ်မြဲ ဖြစ်နေသည်ဆိုသောစကားမှာ အသစ်ဖြစ်နေသဖြင့် အလွန်အရေးကြီးကြောင်း။ ယခင်က ခံတပ်နှင့်တကွ အားလုံးပြောင်းရွှေ့မည်ဟု မိမိတို့ နားလည်ယုံကြည်ခဲ့ခြင်းနှင့်လည်း ဆန့်ကျင်လျက် ရှိကြောင်း။ ဘုရားကုန်းတော်သည် ယခုခေတ်ကာလ စစ်တိုက်ပုံ အခြင်းအရာကို ထောက်၍ ခံတပ်အဖြစ်အသုံးမဝင်နိုင်တော့ကြောင်း။ ကုန်းတော်ကို ခံတပ်အဖြစ်နှင့် ထားခြင်းသည်လည်း အစိုးရက မြန်မာပြည်သူတို့၏ ဘာသာရေးဆိုင်ရာ အဆောက်အအုံများနှင့် စိတ်နေသဘောထားကို ရိုသေသည်ဆိုသောစကားနှင့် မညီကြောင်း။ သို့ပါ၍ ဂေါပကတော်ထိန်းအဖွဲ့၏ အစည်းအဝေး တရပ်ကျင်းပ၍ စဉ်းစားဆွေးနွေးပြီးမှ စကားပြန်နိုင်မည်ဖြစ်ကြောင်းနှင့် ရှေ့ဆိုင်းခဲ့ကြသည်။

## ပြည်သူ့ဆန္ဒတောင်းခြင်း

ယင်းကိစ္စကိုဆွေးနွေးရန်အလို့ငှါ ရွှေတိဂုံဂေါပကထိန်းအဖွဲ့ အစည်းအဝေးကို ၁၉၂၉ ခု၊ စက်တင်ဘာလ ၁ ရက်နေ့တွင် ကျင်းပသည်။ ထိုအစည်းအဝေးက ဤကိစ္စသည် ဗုဒ္ဓဘာသာဝင်တို့အတွက် အလွန်အရေးကြီးသော ကိစ္စဖြစ်သည်။ အနောက်ဖက်စောင်းတန်းကို အမြန်ဆောက်လုပ်ဖွင့်လှစ်လိုသော ဆန္ဒများစွာရှိသော်လည်း အဆိုပါ စည်းကမ်းသတ်မှတ်ချက်များကို မကျေနပ်သဖြင့် လက်မခံနိုင်ကြောင်း မှတ်တမ်းတင်သည်။ ဤကိစ္စကို ဗုဒ္ဓဘာသာဝင်တို့နှင့် တိုင်ပင်ပြီးမှသာလျှင် ဆုံးဖြတ်သင့်ကြောင်း ပြဋ္ဌာန်းလိုက်သည်။

ထို့နောက် ရွှေတိဂုံ ဂေါပကတော်ထိန်းအဖွဲ့သည် ဂေါပကတော်ထိန်း အဖွဲ့ဝင်လူကြီး ဝတ်လုံတော်ရ ဦးသိမ်းမောင်အား ပြည်သူ့အဖွဲ့ခေါင်းဆောင် ဦးဘဖေ (ဘကြီးဘဖေ)၊ အမ်၊ အေ ဦးမောင်ကြီးတို့နှင့်တိုင်ပင်၍ ဗုဒ္ဓဘာသာဝင်တို့၏အလိုကို စုံစမ်းရန် တာဝန်လွှဲအပ်လိုက်သည်။ ဂေါပကတော်ထိန်းအဖွဲ့၏ ညွှန်ကြားချက်အတိုင်း ဝတ်လုံ ဦးသိမ်းမောင်သည်

အထက်ပါ လူကြီးများနှင့် ဝိုင်ပင်၍ စာတန်းတစောင်နှင့် မေးခွန်းများကိုရေးသားလျက် တိုင်းသူပြည်သားများ၏ ဆန္ဒကို တောင်းယူရန် ထုတ်ဝေလိုက်သည်။ ယင်းစာတန်းတွင် ''ဤအရေးကြီးသော ဘာသာရေးကိစ္စ၌ နောက်အစဉ်ကောင်းအောင် အကြံဉာဏ်ပေးသော အနေဖြင့် ပူးတွဲပါ မေးခွန်းများကို တသီးပုဂ္ဂလသော်လည်းကောင်း၊ အသင်းအဖွဲ့နှင့် သော်လည်းကောင်း အကျိုးအကြောင်း ညွှန်ကြား၍ ဖြေကြားပါမည့် အကြောင်း'' ဟူသော မေတ္တာရပ်ခံချက် ထည့်သွင်း၍ မေးခွန်း ၁၀ ချက်ကို ထုတ်ဝေလိုက်လေသည်။ အဖြေများကို ၁၉၂၉ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်နေ့မတိုင်မီ ရောက်အောင်ပို့ပါရန် ကိုလည်း ပန်ကြားလိုက်သည်။ မေးခွန်း ၁၀ ချက်မှာ အောက်ပါအတိုင်းဖြစ်သည်။

၁။ ရွှေတိဂုံစေတီကုန်းတော်ကို ခံတပ်အဖြစ်နှင့် ထားရှိခြင်းကို သဘောတူကြပါသလား။

၂။ သဘောမတူပါလျှင် တောင်တော်အနောက်ဖက် တခြမ်းအတွက် ကုန်းတော် ခံတပ်အဖြစ်နှင့်ထား၍ အစိုးရသတ်မှတ်သော စည်းကမ်း များကို ဘဏ္ဍာတော်ထိန်းအဖွဲ့က လက်ခံရမည်လား၊ လက်မခံရဘူးလား။

၃။ လက်ခံလျှင် ကန့်ကွက်၍ လက်ခံရမည်လား၊ သို့မဟုတ် မည်သို့ လက်ခံရ မည်လဲ။

၄။ လက်မခံရလျှင် ထိုစည်းကမ်းများမပါပဲ ထိုမြေကိုရအောင် မည်သို့ ပြုလုပ်ရ မည်လဲ။

၅။ မြန်မာနိုင်ငံရေးအတွက် ဘိလပ်သို့စေလွှတ်မည်ကြံရွယ်သော ကိုယ်စားလှယ် များအား ဤကိစ္စနှင့်ပတ်သက်၍ တစုံတရာဆောင်ရွက်စေလိုပါသလား။

၆။ ကမ္ဘာ့ ကွန်ဖရင့်သို့ စေလွှတ်မည်ကြံရွယ်သော ဗုဒ္ဓဘာသာကိုယ်စားလှယ် များအား ဤကိစ္စနှင့်ပတ်သက်၍ တစုံတရာဆောင်ရွက်စေလိုပါသလား။

၇။ မြန်မာနိုင်ငံ၏ကိုယ်စားလှယ်အဖြစ်နှင့် အိန္ဒိယတိုင်း ဥပဒေပြုအဖွဲ့များသို့ သွားရသောအမတ်များအားဤကိစ္စနှင့်ပတ်သက်၍ တစုံတရာဆောင်ရွက် စေလိုပါသလား။

၈။ မြန်မာနိုင်ငံ ဥပဒေပြုအဖွဲ့တွင် ပါဝင်သော အမတ်များအား ဤကိစ္စနှင့်ပတ် သက်၍ တစုံတရာ ဆောင်ရွက်စေလိုပါသလား။

### ပြည်သူတို့ဆန္ဒနှင့် ဘဏ္ဍာထိန်းအဖွဲ့၏ တောင်းဆိုချက်

၉။ ဤကိစ္စ၌ ကိုယ်တိုင် မည်သို့ ကူညီဆောင်ရွက်ပါမည်နည်း။

၁၀။ ဤကိစ္စနှင့်ပတ်သက်၍ မည်သည့်အကြံဉာဏ် ပေးရန် ရှိပါသလဲ။

အထက်ပါ မေးခွန်း ၁၀ ချက်နှင့်အတူ ကုန်းတော်ကိစ္စ အကျိုးအကြောင်းရှင်းလင်း ဖော်ပြသောစာကို သီးခြားစာရွက်များဖြင့်လည်းကောင်း၊ သတင်းစာ၊ စာစောင်တို့၌လည်းကောင်း ထည့်သွင်းဖော်ပြ၍ ဖြန့်ဝေလိုက်သောအခါ အမြို့မြို့ အနယ်နယ်တွင် အစည်းအဝေးပွဲကြီးများပြုလုပ်၍ စည်းဝေးဆုံးဖြတ်ကြသည်။ ဆုံးဖြတ်၍ ဆန္ဒပေးကြသောအချက်များမှာ ဗုဒ္ဓဘာသာဝင်တို့နှင့်သက်ဆိုင်သော သိင်္ဂုတ္တရကုန်းတော်ကြီး၏ အနောက်ဖက်ခြမ်းနှင့်တကွ ဘုရားမြေများကို ခေတ်အခါနှင့်လျော်စွာ လွတ်လွတ်ကင်းကင်း ပြန်လည်ရရှိထိုက်ကြောင်း နည်းအမျိုးမျိုးဖြင့် ဖော်ပြကြသည်။ အဖြေလွှာများကိုလည်း ရာနှင့်ထောင်နှင့်ချီ၍ ပြန်လည်ပေးပို့ကြသည်။ သတင်းစာများတွင်လည်း ရေးသားထည့်သွင်းကြသည်။

### အင်္ဂလိပ်ဘုရင်ခံနှင့် တွေ့ဆုံရခြင်း

အင်္ဂလိပ်အစိုးရသည် ထိုအခြေအနေကိုမြင်၍ ထိန်းသိမ်းရန်လိုသောကြောင့် ဘုရားကြီးနှင့် စပ်လျဉ်းသော တောင်းဆိုချက်များကို လိုက်လျောရန် အစီအစဉ်များ ပြုလုပ်ရလေတော့သည်။

၁၉၂၉ ခုနှစ်၊ အောက်တိုဘာလအတွင်း၌ပင် မြန်မာပြည်ဘုရင်ခံက ဘဏ္ဍာတော်ထိန်းလူကြီးများနှင့် နိုဝင်ဘာလအတွင်း၌ တွေ့ဆုံလိုကြောင်းစာပေးပို့သည်။ ဘဏ္ဍာထိန်းအဖွဲ့ဝင်လူကြီး ကိုးဦးသည် နိုဝင်ဘာလ ၂၆ ရက်နေ့တွင် ရွှေတိဂုံကုန်းတော် ပရိဘောဂတိုက်၌ တွေ့ဆုံကြပြီး ညှိနှိုင်းကြသည်။ တဖွဲ့လုံး၏ကိုယ်စား ပွဲစားကြီးဆာဘိုးသာအား ပြောဆိုရန် လွှဲအပ်သည်။ ထို့ပြင် ပြောကြားရန် အချက်အလက်များနှင့် စပ်လျဉ်း၍ ၁။ မိမိတို့အား ပေးအပ်မည်ဖြစ်သောဂရန်တွင် ရှေးအခါက စစ်သားများ၏ သချိုင်းပြုလုပ်ထားသည့် မြေနေရာလည်းပါရှိစေရန် ၂။ ကုန်းတော်ပေါ်ရှိ အဆောက်အအုံများနှင့် စပ်လျဉ်း၍ ကန့်သတ်ချက်များကိုပယ်နုတ်ရန်။ ယခုရှိရင်းစွဲဂရန်တွင် ကုန်းတော်ပေါ် အဆောက်အအုံများ ဆောက်လုပ်သည့် အခါ၌လည်းကောင်း၊ မြေကြီးကို ပြုပြင်သည့် အခါ၌လည်းကောင်း၊ မြန်မာနိုင်ငံအစိုးရထံမှဖြစ်စေ၊ စစ်ဖက်ဆိုင်ရာ အရာရှိများထံမှဖြစ်စေ အခွင့်တောင်းယူရမည် ဆိုသော စကားများကို နုတ်ပယ်ရန် ၃။ စစ်ဖက်ဌာနက စေတီတော်ရှိ ကုန်းတော်ကို အုပ်ထိန်းခြင်းမှရုပ်စဲ၍ စေတီတော်ကို ခံတပ်ကဲ့သို့ ဆက်လက် သတ်မှတ်ထားခြင်းမပြုပဲ ဘဏ္ဍာတော်ထိန်းအဖွဲ့သို့ ဘာသာရေးအတွက် လွတ်လွတ်ပေးအပ်ရန် ဆုံးဖြတ်ကြလေသည်။

အောက်တိုဘာလ ၂၇ ရက်နေ့နံနက်တွင် ဘုရင်ခံအိမ်သို့ နံနက် ၁၀ နာရီသာသာတွင် ရောက်ရှိသွားကြသော ဘဏ္ဍာတော်ထိန်းလူကြီးကိုးဦးမှာ ဆာဘိုးသာ၊ ဦးဘိုးအောင်၊ ဦးနေထွန်း၊ ဦးသိမ်းမောင်၊ ဦးဘကျော်၊ ဦးဘိုးတာ၊ ဦးသွင်၊ ဦးဘိုးမြနှင့် ဦးမြင့်တို့ဖြစ်ကြသည်။

မြန်မာပြည် ဘုရင်ခံက လက်ခံတွေ့ဆုံရာတွင် ပြည်ထဲရေး ဝန်ကြီးချုပ်နှင့် အတွင်းဝန်ကြီးတို့လည်း အတူရှိနေကြသည်။ ပရိသတ် စုံညီသောအခါ ဆာဘိုးသာက ထ၍ ကြိုတင်ဆုံးဖြတ်လာခဲ့ကြသော ကုန်းတော်မြေနှင့်စပ်လျဉ်းသည့် အချက်သုံးချက်ကို တင်ပြပြောဆိုသည်။ ထို့ပြင် မိမိတို့အား ပေးအပ်မည့် ကုန်းတော်မြေအရံအတွင်းကို မြူနီစီပယ်နယ်မြေမှအပထားရန်ကိုလည်း မြော်လင့်ကြောင်း တင်ပြပြောဆိုသည်။

မြန်မာပြည်ဘုရင်ခံက ပြန်ကြားရာတွင် မြန်မာပြည်အစိုးရတို့သည် ၁၈၈၃ ခုနှစ်က စေတီတော်အတွင်းကိစ္စဆောင်ရွက်ရေးတို့၌ အစိုးရအရာရှိများ ဝင်ရောက်စွက်ဖက်ခြင်းကို မိမိတို့သဘောအလျောက် နုတ်သိမ်းခဲ့ကြောင်း၊ ယခုဘဏ္ဍာတော်ထိန်းအဖွဲ့ကို ၁၈၈၅ ခုနှစ်က စ၍တည်ထောင်ပေးခဲ့ကြောင်း၊ စေတီတော်ကုန်းတော်ကို စစ်ဖက်ဆိုင်ရာ နယ်မြေအတွင်းမှ ထုတ်ပယ်ခဲ့ကြောင်း။ ၁၉၀၈ ခုနှစ်တွင် ယခုရှိရင်းဂရန်ကိုထုတ်ပေးခဲ့ကြောင်း၊ ထိုသို့ပြုလုပ်ခြင်းအားဖြင့် ဗုဒ္ဓဘာသာဝင်အပေါင်းတို့၏ အလိုကို အစိုးရတို့က တတ်စွမ်းသမျှ ဖြည့်စွက်ရန် လိုလားပါကြောင်းဖြင့် ပြောဆိုသည်။

ထို့နောက် ဆက်လက်၍ အစိုးရက ထိုလုပ်နည်းအတိုင်း ဆက်လက် ဆောင်ရွက်လိုကြောင်း၊ ကုန်းတော်ပေါ်မှ ခဲယမ်းမီးကျောက်တိုက်ကို ရွှေ့ပြောင်းလိုက်သည့်အချိန်တွင် ဘုရားမြေများကို ဘဏ္ဍာထိန်းအဖွဲ့က သိမ်းပိုက်အုပ်ချုပ်သော စည်းကမ်းချက်များကို ထပ်မံစဉ်းစားရန်သင့်သော အချိန်ဖြစ်ပါသည်။ ရှေးက စစ်သည်တော်သခ်ျိုင်းအဖြစ် ပြုလုပ်သောမြေနေရာများကို ဘဏ္ဍာထိန်းအဖွဲ့သို့ ပြန်လည်အပ်နှံရန် ကန့်ကွက်ချက် တစုံတရာ မရှိတော့ပါကြောင်း ထို့ပြင် ကုန်းတော်ပေါ်၌ အဆောက်အအုံများဆောက်လုပ်ခြင်းနှင့် စပ်လျဉ်းသောကန့်သတ်ချက်များကို ပယ်ဖျက်ရန်နှင့် အဆောက်အအုံဆောက်လုပ်သည့်အခါ၊ မြေများကိုပြုပြင်သည့်အခါ အမိန့်ခံယူရသောစည်းကမ်းချက်များကိုလည်း နုတ်ပယ်ရန် သဘောတူဘို့အသင့်ရှိပါသည်။ သို့ရာတွင် စေတီကုန်းတော်မြေကို မြူနီစီပယ်ဆိုင်ရာ နယ်မြေအပ၌ ထားရှိရန်အကြောင်းကိုမူကား မစဉ်းစားရသေးသည့်အတွက် ကတိမပြုနိုင်သေးကြောင်းများကို ပြောဆိုသွားလေသည်။

ဘဏ္ဍာထိန်းလူကြီးများဖက်က ရွှေတိဂုံစေတီတော်အား ခံတပ်အဖြစ်ထားရှိခြင်းကို ကန့်ကွက်ရသည့် အခြေခံအကြောင်းမှာ ဘာသာရေး အထွတ်အမြတ်နေရာဖြစ်သည်လည်း

တကြောင်း၊ စစ်မှုစစ်ခင်းဖြစ်ပွါးလျှင် ရန်သူတို့က ကုန်းတော်ကို ခံတပ်အဖြစ်သဘောထား၍ ဗုံးလက်နက်များဖြင့် ပစ်ခတ်မှားကြမည်ကို စိုးရိမ်သောကြောင့်ဖြစ်ကြောင်းတို့ကို ပြန်လည်ရှင်းလင်းတင်ပြသည်။

ထိုအခါ ဘုရင်ခံက ကုန်းတော်ကို စစ်တပ်နယ်မြေအတွင်းမှ နုတ်ပယ်ပြီးသည့်နောက် ခံတပ်အဖြစ်သတ်မှတ်ထားခြင်းမှာ မျက်စိလျှမ်း၍ဖြစ်ဟန်တူပါသည်။ မည်သို့ပင်ဖြစ်စေကာမူ အိန္ဒိယအစိုးရက ရွှေတိဂုံစေတီတော်ကြီးအား ခံတပ်အဖြစ်မှ လုံးဝနုတ်ပယ်ရန် သဘောတူညီကြောင်းကို ပြောကြားသည်။

ထို့နောက် ဘုရင်ခံက ဆက်လက်၍ ရွှေတိဂုံစေတီတော်ကြီးသည် ရန်ကုန်မြို့တွင် အဓိကရ အဆောက်အအုံကြီးဖြစ်ရုံမက ကမ္ဘာပေါ်၌ ကျော်စောထင်ရှားသော အဆောက်အအုံကြီးလည်း ဖြစ်ပါသည်။ ထိုအကြောင်းများကြောင့် ပြည်ပိုင်အစိုးရတို့က စေတီကြီးကို ဆက်လက်၍ ဂရုစိုက်ရန်လိုပါသည်။ ရန်ကုန်မြို့အတွင်း၌ ပရုတ်ပရက် ဖြစ်ပွါးခဲ့သော် ကာကွယ်စောင့်ရှောက်ရန်အတွက် စီမံသင့်ပါသည်။ ထိုစီမံချက်တွင် စေတီတော်သို့ အစိုးရအရာရှိကြီးများ အချိန်မှန်မှန်တက်ရောက်ကြည့်ရှုရန် အခွင့်အရေးလည်းပါဝင်သဖြင့် ထိုသို့ စစ်ဆေးခြင်းကို ဘဏ္ဍာထိန်းလူကြီးများအား ကြိုတင်အကြောင်းကြားပြီးမှ ပြုလုပ်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထိုအခါ ဘဏ္ဍာထိန်း လူကြီးများက ဤအစီအစဉ်မှာ သင့်လျော်သည်ဟု ယူဆပါသည်။ သို့သော် ယခုထုတ်ပေးမည့်ဂရန်တွင် ထိုခြွင်းချက်ကိုထည့်သွင်းဖော်ပြထားခြင်းမပြုရန်၊ ခြွင်းချက် မပါသော ဂရန်ကိုထုတ်ပေးပါက ဤစစ်ဆေးရန်ကိစ္စကို သဘောတူကြောင်း သီးခြားစာတစောင် ရေးသားတင်သွင်းပါမည်ဟု ပြောဆိုကြသည်။ ဘုရင်ခံကလည်း ထိုသို့ သဘောတူညီကြောင်း ပြန်ကြားသည်။ ဘဏ္ဍာထိန်းအဖွဲ့လည်း ဘုရင်ခံအိမ်မှ ပြန်ခဲ့ကြလေသည်။

ဤသို့ဖြင့် ဤအကြောင်းရပ် အစတွင် ဖော်ပြခဲ့သည့် ၁၉၂၉ ခုနှစ်၊ နိုဝင်ဘာလ ၂၇ ရက်နေ့ပါကြေညာချက်ကို ဘဏ္ဍာထိန်းအဖွဲ့အတွင်းရေးမှူးဦးဘိုးမြလက်မှတ်ဖြင့်ထုတ်ပြန်နိုင်ခဲ့လေသည်။ ဤသည်မှာ တပြည်လုံးညီညာဖျဖျထောက်ခံအားပေးကြသော လုပ်ငန်းတရပ်၏ အောင်မြင်မှုဖြစ်လေသည်။ အင်္ဂလိပ် - မြန်မာ ဒုတိယစစ်ပွဲမှစ၍ နှစ်ပေါင်း ၈၀ နီးပါး ကြာအောင် တိုင်းပြည်၏ ဦးစွန်းသဖွယ်ဖြစ်သော စေတီတော်ကြီးတွင် တိုင်းတပါးသားများ အနိုင်အထက် ကျူးကျော်သိမ်းပိုက်ထားခြင်းမှ လွတ်မြောက်တော့မည်ဟူ၍ ပြည်သူပြည်သားအပေါင်းက များစွာ နှစ်ထောင်းအားရ ရှိကြပေသည်။

အထက်ပါကြေညာချက်ကို ထုတ်ပြန်ပြီးသည့်နောက်တနေ့ နိုဝင်ဘာလ ၂၈ ရက်နေ့တွင် ဘဏ္ဍာထိန်းအဖွဲ့ဝင်လူကြီး ဦးသိမ်းမောင်၏ လက်မှတ်ဖြင့် တပြည်လုံးရှိ ပြည်သူများ သိသာရန် သူရိယ သတင်းစာ မှတဆင့် ရှင်းလင်းဖော်ပြလေသည်။ ယခုကဲ့သို့ ဝိုင်းဝန်းကူညီ ဆောင်ရွက်ကြသည့် အတွက် ပြည်သူတို့ အလိုကျ ပြီးမြောက် အောင်မြင်ရခြင်းဖြစ်၍ ကျေးဇူးတင်ကြောင်းကိုလည်း ဖော်ပြထားသည်။

၁၉၂၉ ခုနှစ်၊ ဒီဇင်ဘာလ ၅ ရက်နေ့တွင် အင်္ဂလိပ်အစိုးရက ကုန်းတော်မြေ ပြန်လည်ပေးအပ်ရေးကိစ္စကို ဘဏ္ဍာထိန်းအဖွဲ့နှင့် ဆွေးနွေးသဘောတူညီခဲ့သည့်အတိုင်း ထုတ်ပြန်ကြေညာသည်။ အစိုးရပိုင်းက ထိုသို့မကြေညာမီမှာပင် ထိုနှစ် နိုဝင်ဘာလ ၆ ရက်နေ့၌ အနောက်ဖက် စောင်းတန်းမှ သံတံခါးငယ်၏ သော့ကို ကန်တော်မင် စစ်ဖက်ဆိုင်ရာမှ ဘဏ္ဍာတော်ထိန်းအဖွဲ့ ပရိဘောဂတိုက်သို့ ပေးပို့လိုက်သည်။ ထိုနေ့တွင်ပင် ဘဏ္ဍာထိန်းလူကြီး ဦးသွင်က အနောက်ဖက်သံတံခါးငယ်ကို စတင်ဖွင့်လှစ်လေသည်။

နောက်ရက်များတွင် အုတ်ရိုးတန်တိုင်းအထိတောချုံများကိုရှင်းလင်းစေသည်။ ဘုရားဘဏ္ဍာထိန်းလူကြီးတို့သည်အနောက်မုတ်သို့သံတံခါးငယ်မှဆင်း၍ အဆီးအတားရှိသည်များကို ဖယ်ရှားရန်စီစဉ်သည်။ ထိုနေ့မှစ၍ ရန်ကုန်မြို့ရှိ အရှေ့ပိုင်း၊ အနောက်ပိုင်း၊ ပုဇွန်တောင်၊ စမ်းချောင်၊ ဗိုလ်တထောင်၊ ကြည့်မြင်တိုင်စသည်တို့တွင် နေထိုင်သောရပ်ကွက်လူများသည် အနောက်မုတ်ဖက်သို့လာရောက်၍ တောချုံများကိုတပျော်တပါးရှင်းလင်းကြသည်။ မြေများကို ညှိကြသည်။ တဲမဏ္ဍပ်ကြီးငယ်များထိုးလျက် ချိုရှင်းသူ၊ မြေညှိသူများအား ညှော်ခံကျွေးမွေးကြသည်။ အချို့ကလည်း ကိုယ်စီထမင်းထုပ်များ ယူလာကြသည်။ မယ်ဒလင်၊ ဗျတ်စောင်း၊ ဟွန်းတယော၊ ဘင်ဂျို စသည်တို့ကို အဖွဲ့လိုက် ဆောင်ယူလာ၍ ပျော်ရွှင်စွာ တီးမှုတ် ကခုန်ကြသည်။ ဇာတ်ပွဲ၊ ရုပ်သေးပွဲ၊ အငြိမ့်ပွဲတို့ကို နေ့ရောညပါ ခင်းကျင်းကြသည်။ ဤသို့ဖြင့် အနောက်ဖက် သံတံခါးငယ်ကို ဖွင့်လှစ်ပြီးနောက် လေးလခန့်ကြာသော အခါ ၁၉၃၀ ပြည့်နှစ်၊ မတ်လ ၂ ရက် (၁၂၉၁ ခု၊ တပေါင်းလဆန်း ၄ ရက်)၊ တနင်္ဂနွေနေ့တွင် ဘဏ္ဍာထိန်းအဖွဲ့က အကြီးအကျယ်ပြု၍ အနောက်ဖက် စောင်းတန်း ဖွင့်လှစ်ပွဲကြီးကို ပြုလုပ်လေသည်။

အနောက်မုတ်ကို ဖွင့်လှစ်အံ့ဆဲဆဲ အချိန်တွင် မြန်မာ့လွတ်လပ်ရေးအတွက် ထောင်တွင်း၌ ၁၆၆ ရက်မျှ အစာငတ်ခံရင်း ပျံလွန်တော်မူခဲ့သော အာဇာနည် အရှင် ဦးဝိစာရ၏ ဗျာပနကို အနောက်မုတ်အနီး၌ ၁၉၃၀ ပြည့်၊ ဖေဖော်ဝါရီလ ၈ ရက်နေ့တွင် မီးသဂြိုဟ်ကြသည်။ ဆရာတော်၏ ကြေးရုပ်တုကို အများကောင်းမှုဖြင့် သွန်းလုပ်ကြ၍ ၁၉၄၁ ခုနှစ်တွင် အထိမ်းအမှတ် ကျောက်တိုင်ကို စိုက်ထူပြီး ၁၉၄၃ ခု၊ အောက်တိုဘာလ ၂ ရက်နေ့တွင် ဗိုလ်ချုပ်အောင်ဆန်း ကိုယ်တိုင် ဖွင့်လှစ်ပေးခဲ့လေသည်။

# ကျွန်ပညာရေးစံနစ်ကို ဆန့်ကျင်သော သပိတ်

## ကုန်းတော်ပေါ်မှ လွတ်လပ်ရေးတိုက်ပွဲဝင် ဖြစ်ရပ်များ

အထက်ပါထင်ရှားသော အရေးကြီးနှစ်ရပ်တို့အပြင် မြန်မာ့လွတ်လပ်ရေးတိုက်ပွဲ အဆင့်ဆင့်၌ ပေါ်ပေါက်ခဲ့သော ဖြစ်ရပ်အများသည်လည်း စေတီတော်ကြီး၏ အရိပ်အာဝါသ တွင်ပင် ဖြစ်ပျက်ခဲ့သည်ကို တွေ့နိုင်လေသည်။

## ၁၉၂၀ ပြည့် ကျောင်းသားသပိတ်

ခရစ်နှစ် ၁၉၂၀ ပြည့်၊ ဒီဇင်ဘာလ ၅ ရက် (သက္ကရာဇ် ၁၂၈၂ ခု၊ တန်ဆောင်မုန်း လပြည့်ကျော် ၁၀ ရက်)နေ့တွင် အုပ်စိုးသူ နယ်ချဲ့တို့အလိုကျ ဖွင့်လှစ်မည့် ရန်ကုန်တက္ကသိုလ် ဥပဒေကို ကန့်ကွက်ဆန့်ကျင်သောအားဖြင့် ရန်ကုန်ကောလိပ်ကျောင်းသားများသည် သပိတ် မှောက်ရန် တညီတညွတ်တည်း ဆုံးဖြတ်ခဲ့ကြသည်။ စေတီတော်၏ အရှေ့ဖက် ဗဟန်း ရွှေကျင် ကျောင်းတိုက်ဝင်းအတွင်း ဦးအရိယကျောင်းတွင် လာရောက်၍ သပိတ်စခန်းဖွင့်လှစ်ကြသည်။ ယင်းသို့ သပိတ်မှောက်ရန်အတွက် ခေါင်းဆောင် ကျောင်းသား ကြီး ၁၁ ဦးသည် စေတီတော် ရင်ပြင် အနောက်ဘက်ဆောင် (စနေ ထောင့်)တွင် လျှို့ဝှက်စွာ ကြိုတင်ဆွေးနွေးခဲ့ကြသည်။သစ္စာမသွေ မဖောက်စတမ်းဟူ၍ အဓိဋ္ဌာန်ပြုခဲ့ကြသည်။



ထိုကျောင်းသားသပိတ်ကို ပြည်သူလူထုက ကူညီသည်။ နယ်ချဲ့အစိုးရက ဖြိုခွင်းသည်။ ရန်ကုန်မြို့နှင့်တကွ တနိုင်ငံလုံးရှိ ကျောင်းများက ထောက်ခံ၍ သပိတ်မှောက်ကြသည်။

၁၉၂၀ ပြည့် ကျောင်းသားသပိတ်၏ အကျိုးသည် နယ်ချဲ့ ကိုအန်တုရဲသော သတ္တိကို ဖော်ဆောင်ဦးပြခဲ့ခြင်းအပြင်၊ အမျိုးသား ရေးကို အမျိုးသားတို့ လှုံ့လဖြင့် စည်းစည်းလုံးလုံး အားထုတ် ဆောင်ရွက် ကြရမည်ဟူသော အသိကို ထင်လင်းစေခဲ့လေသည်။ ထိုသပိတ်ကြောင့် ကျွန်ပညာရေးကို ဖယ်ရှားနိုင်ရန် အမျိုးသား ပညာရေးကောင်စီဟူ၍ ဖွဲ့စည်းပြီး အမျိုးသား ကျောင်းများကို

မြန်မာ့ လွတ်လပ်ရေး တိုက်ပွဲတွင် ထင်ရှားခဲ့သူ ရဟန်းတော် ဦးဝိစာရ၏ အထိမ်းအမှတ် ကျောက်တိုင်ကို ရွှေတိဂုံ ကုန်းတော် အနောက်တောင် ထောင့်အနီးတွင် စိုက်ထူထားသည်။

တည်ထောင်ဖွင့်လှစ်ကြသည်။ သပိတ်သမားများက ကျောင်းပြန်မတက်တော့ပဲ အမျိုးသားကျောင်းများတွင် ဆရာအဖြစ် သင်ပြပေးကြသည်။ အမျိုးသားကျောင်းများ မထောင်မီ သပိတ်အတောအတွင်း၌ပင် ဗဟန်းစရပ်များ၌ အတန်းခွဲ၍ အချင်းချင်းစာသင်ပေးကြသည်။

အမျိုးသားပညာရေးလှုပ်ရှားမှုသည် အင်္ဂလိပ်အစိုးရလက်အောက်တွင် ရေရှည်တည်တံ့ခြင်းငှာ မစွမ်းဆောင်နိုင်ခဲ့သော်လည်းတိုင်းပြည်တွင်အမျိုးသားရေးနှင့် မျိုးချစ်စိတ်ဓာတ်တက်ကြွအောင် ထိရောက်စွာ လှုံ့ဆော်ပေးခဲ့သည်။ နောင်အခါ တိုင်းပြည်ကို ခေါင်းဆောင်မည့် ခေါင်းဆောင်လောင်းများကို မွေးထုတ်ပေးခဲ့သည်။ ၁၉၂၁ ခုနှစ်သို့ ရောက်သောအခါ သပိတ်မှောက်နှစ်လည်နေ့ကို တခမ်းတနား အမှတ်တရကျင်းပကြပြီး ထိုနေ့ကိုပင် ''အမျိုးသားနေ့'' (နေရှင်နယ်ဒေး) ဟု ဂျီ၊ စီ၊ ဘီ၊ အေ၊ အသင်းကြီးက ၁၉၂၂ ခု၊ ဇွန်လ ၁၇ ရက်နေ့ ဂျူဗလီဟော အစည်းအဝေးတွင် သတ်မှတ်၍ အစဉ်အဆက် ကျင်းပကြသည်။ မြန်မာပြက္ခဒိန်အရ နှစ်စဉ် တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်နေ့ကို အမျိုးသားနေ့ဟု သတ်မှတ်ကြလေသည်။

အမျိုးသားနေ့ကို နှစ်စဉ်ကျင်းပသောအခါ ရန်ကုန်မြို့ပေါ်ရှိ အမျိုးသား ကျောင်းများမှ ကျောင်းသူကျောင်းသားများ၊ ကျောင်းဆရာများ၊ မြို့မိမြို့ဖများပါဝင်၍ ကျင်းပလေ့ ရှိသည်။ ထိုနေ့တွင် မိုင်ဒန်ကွင်းဟောင်းအနီးရှိ မြို့မအမျိုးသားကျောင်းရှေ့၌ လူစုပြီး ရွှေတိဂုံဘုရားသို့ စီတန်း၍ တက်ရောက်ကြသည်။ ရင်ပြင်ပေါ်သို့ ရောက်သောအခါ သပိတ်မှောက်ကျောင်းသားများ ဆွေးနွေးတိုင်ပင်ခဲ့သော အနောက်တောင်ထောင့်ရင်ပြင်မှ ဘုရားကို အာရုံပြုပြီး ရှိခိုးပူဇော်ကြသည်။ ထို့နောက် တောင်ဖက်မုတ်အတိုင်း ဆင်းလာ၍ လူစုခွဲလေ့ရှိကြသည်။

ထိုနေ့များကျရောက်သည့်အခါတိုင်းတွင် ကျွန်စိတ်ကျွန်သွေးများကိုပယ်၍ သခင်စိတ်သခင်သွေးများပေါ်အောင် လှုံ့ဆော်ခြင်း၊ ဟောပြောခြင်း၊ အမိနိုင်ငံ လွတ်လပ်ရေးအတွက် သစ္စာအဓိဋ္ဌာန်ပြုခြင်းတို့ကိုလည်း ဆောင်ရွက်ကြသည်။

အမျိုးသားနေ့များမှာ တနှစ်ထက်တနှစ် ပါဝင်ကျင်းပသူများပြား၍ စည်ကားလာခဲ့သည်။ မြို့တကာ နယ်တကာတွင် ကျင်းပပြုလုပ်ကြသည်။ ၁၉၃၁ ခုနှစ်တွင် မိုင်ဒန်ကွင်းဟောင်းထဲ၌ ကျင်းပသောအခါ လူငယ်များ ပါဝင်ဖွဲ့စည်းထားသော ရဲတပ်ဖွဲ့များလည်း ပါဝင်ဆင်နွှဲသည်။ ၁၉၃၃ ခုနှစ်သို့ရောက်သောအခါ အမျိုးသားကျောင်းများသာမက အစိုးရကျောင်းမှ ကျောင်းသားများ၊ ဆရာဖြစ်သင်ကောလိပ်နှင့် တက္ကသိုလ်မှ ကျောင်းသားများပါ ပါဝင်လာကြသည်။ အရပ်ထဲမှ စေတနာ့ဝန်ထမ်း အသင်းအဖွဲ့များလည်း ပါဝင်လာကြသည်။

## အမျိုးသားနေ့နှင့် တို့ဗမာအမျိုးသားသီချင်း

၁၉၃၅ ခုနှစ်တွင် ရွှေတိဂုံအနောက်မုတ်ကွင်း၌ ကျင်းပသော အမျိုးသားနေ့ အစိဋ္ဌာန်ပြုပွဲတွင် ဒေါင်းအလံကြီးကို ပထမဆုံးအကြိမ် လွှင့်ထူကြသည်။ ၁၉၃၇ ခုနှစ်တွင် အနောက်မုတ်ကွင်းထဲ၌ပင် ကျင်းပသော အမျိုးသားအောင်ပွဲနေ့၌ နောင်အခါ ဗိုလ်ချုပ်အောင်ဆန်းအဖြစ် ထင်ရှားလာမည့် ကျောင်းသားခေါင်းဆောင် ကိုအောင်ဆန်းသည် အခြားလူထုအသင်းအဖွဲ့ ခေါင်းဆောင်များနှင့်အတူ တက်ရောက်၍ ပရိသတ်ကို မိန့်ခွန်းပြောကြားလေသည်။ ၁၉၄၆ ခုနှစ်တွင် ကျင်းပသော အမျိုးသားနေ့ကား လွတ်လပ်ရေး တောင်းဆိုသံများ တက်ကြွနေသော အချိန်တွင် ဖြစ်သည်။ လူထုပရိသတ် တသိန်းကျော်မျှ တက်ရောက်လေသည်။

### အမျိုးသားသီချင်း သီဆိုပွဲ

ကောလိပ်သပိတ်ကြီး ပြီးသည့်နောက် ခရစ်နှစ် ၁၉၃၀ ပြည့်၊ ဇူလိုင်လ ၂၀ ရက်နေ့တွင် ကုန်းတော်ပေါ်ရှိ ဦးစံထွန်းတန်ဆောင်း၌ ရဟန်းရှင်လူတို့ စုဝေးကြသည်။ တို့ဗမာသီချင်း



၁၉၃၆ ခုနှစ် တက္ကသိုလ်ကျောင်းသားများ၏ သပိတ်စခန်းကို ရွှေတိဂုံကုန်းတော်၌ပင် ဖွင့်လှစ်သည်။ ပုံမှာ သပိတ်မှောက်ကျောင်းသားတစု ဘုရားမှ အလှူခံထွက်မည်ဆဲဆဲ စောင်းတန်းထိပ်၌တွေ့မြင်ရပုံ

သီဆိုပွဲပြုလုပ်ရန် ဖြစ်သည်။ သီချင်းစပ်ဆိုသူ ဗိုင်အမ်ဘီဆရာတင်က လူပရိသတ်အား သီချင်းကိုတိုင်ပေး၏။ ထိုသီချင်းကို တို့ဗမာသခင်များက အမြို့မြို့အနယ်နယ်တွင် သွားရောက်သီဆိုရာမှ တို့ဗမာသီချင်းကို လူသိများလာလေသည်။

ထိုနှစ် စက်တင်ဘာလတွင် ကုန်းတော်အနောက်ဖက် ဦးနာဂိန္ဒမဏ္ဍပ်၌ တက္ကသိုလ်ကျောင်းသားများနှင့် မြို့မကျောင်းမှ ကျောင်းဆရာများကြီးမှူး၍ မြန်မာနိုင်ငံလုံးဆိုင်ရာ လူငယ်များအစည်းအရုံးတခုကို ဖွဲ့စည်းခဲ့သည်။ လူငယ်လူရွယ် ၅၀၀၀ ကျော် စုဝေးရောက်ရှိလာကြသည်။ အင်္ဂလိပ်ဆန့်ကျင်ရေး ပြုလုပ်သည့်အချိန်ဖြစ်သဖြင့် အင်္ဂလန်လုပ် စီးကရက်များကို မီးရှို့ဖျက်ဆီးသည်။ အင်္ဂလိပ်ပစ္စည်းများကို သပိတ်မှောက်ပြီး တိုင်းရင်းဖြစ်ပစ္စည်းများကိုသာ သုံးစွဲရန် နှိုးဆော်စာများ ဝေငှကြသည်။

## ဒုတိယကျောင်းသားသပိတ်

၁၉၃၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက်နေ့တွင် တဖန် ကျောင်းသားများ အရေးကို အကြောင်းပြု၍ တက္ကသိုလ်ကျောင်းသားသမဂ္ဂက ဦးဆောင်လျက် သပိတ်မှောက်ကြလေသည်။ ခေါင်းဆောင်ကြသူများမှာ ၁၉၂၀ ပြည့် သပိတ်အတွင်းက ခေါင်းဆောင်များ၏ အဆက်အနွယ်များပင် ဖြစ်သည်။ သပိတ်မှောက်ကြရခြင်း၏ ရည်မှန်းချက်မှာလည်း ယခင်သပိတ်ကြီး၏ မပြီးဆုံးသေးသော အမျိုးသားပညာရေးတိုက်ပွဲကို ဆက်လက်ဆင်နွှဲကြခြင်းသာလျှင် ဖြစ်သည်။ ဤတကြိမ်တွင်လည်း ရွှေတိဂုံစေတီတော်၏ အရိပ်အာဝါသအောက်သို့ လာရောက်ခိုလှုံရင်း သပိတ်စခန်းဖွင့်ကြသည်။ ပထမတွင် စေတီတော်အရှေ့ဖက်စောင်းတန်း၌ သပိတ်သမားများ စခန်းချကြပြီး နောက်တနေ့တွင် တောင်ဖက်စောင်းတန်းရှိ မော်လမြိုင်စရပ်တွင် သပိတ်စခန်းဌာနချုပ်ဖွင့်သည်။ သပိတ်စခန်းဖြစ်လာသည်နှင့် ရွှေတိဂုံကုန်းတော်သည် တပြည်လုံး၏ အာရုံပိုမိုစူးစိုက်ရာနေရာ ဖြစ်လာသည်။

## ၁၃၀၀ ပြည့် အရေးတော်ပုံကာလ

ခရစ်နှစ် ၁၉၃၆ ခု၊ ကျောင်းသားသပိတ်မှစ၍ ဒုတိယကမ္ဘာစစ် ဖြစ်ပွားသည့်အချိန်ကာလအထိအတွင်း ကျောင်းသားများ၏သပိတ်၊ အလုပ်သမားများ၏သပိတ် စသည်တို့မှာ လွတ်လပ်ရေးအတွက် ပြည်သူလှုပ်ရှားမှုကြီးများ အသွင်ဖြင့် မြိုင်မြိုင်ဆိုင်ဆိုင် စည်းစည်းလုံးလုံး လှုပ်ရှားခဲ့ကြသည်။ ကျောင်းသားများ၏ အရေးကို အလုပ်သမား လယ်သမားဖြစ်ကြသော မိဘများက ပါဝင် ထောက်ခံကြသည်။ ကျောင်းသားများကလည်း အလုပ်သမား လယ်သမားအရေးတွင် ပူးတွဲပါဝင်၍ လှုပ်ရှားခဲ့ကြသည်။ ဤအချိန်တစိုက် ''၁၃၀၀

ပြည့် အရေးတော်ပုံ" ဟုဆိုအပ်သော ခရစ်နှစ် ၁၉၃၈ ခု၊ နယ်ချဲ့ဆန့်ကျင်ရေး လှုပ်ရှားမှုကြီး ပေါ်လာရန် ဖန်တီးခဲ့သည့် အခြေအနေများဖြစ်သည်။

ကျောင်းသားများ၏ ၁၉၃၆ ခုနှစ် သပိတ်သည် အောင်မြင်မှု အပြည့်မရခဲ့သော်လည်း နယ်ချဲ့ဆန့်ကျင်ရေးတွင် တိုင်းပြည်နှင့်အဝှန်း တိုးတက်လှုပ်ရှားနိုင်ရန် အရှိန်ကို လှုံ့ဆော်ပေးခဲ့သည်။

၁၉၃၈ ခုနှစ်တွင် ရေနံချောင်းမြို့ အင်္ဂလိပ်ပိုင် ဘီ၊ အို၊ စီ ရေနံ ကုမ္ပဏီမှ အလုပ်သမားများသည် မိမိတို့၏နစ်နာချက်များကို တောင်းဆိုပြီး လပေါင်းများစွာ ဆိုင်းငံ့၍မရသဖြင့် ရေနံမြေမှ မိုင် ၂၀၀ မျှဝေးသော ရန်ကုန်မြို့သို့ ချီတက်အရေးဆိုရန် သပိတ်တပ်ကြီး ချီတက်လာကြသည်။ ထိုသပိတ်တပ်များကို ကျောင်းသားများက လမ်းခုလတ်မှသွား၍ ကြိုသည်။ ကျောင်းသားခေါင်းဆောင်အချို့မှာ အလုပ်သမားများအား ဟောပြောလှုံ့ဆော်မှုကြောင့် မကွေးမြို့တွင် အဖမ်းခံရသည်။ ထိုအချက်ကို ကန့်ကွက်သောအားဖြင့် ရန်ကုန်မြို့ရှိ ကျောင်းသားများကလည်း သပိတ်မှောက်ကြရန် စည်းဝေး ဆုံးဖြတ်ပြီး တပြည်လုံးရှိ ကျောင်းသားအားလုံးသို့ သပိတ်မှောက်ရန် ဆင့်ဆိုလိုက်သည်။

၁၉၃၈ ခုနှစ်၊ သပိတ်ကျောင်းသားများ၏ ကြေညာချက်တွင် "ပြည်သူ့လွတ်လပ်မှုအတွက် ကျောင်းသားများ တိုင်းပြည်တလျှောက် ဆူပူတောင်းဆိုရန်" ဟူသော အပိုဒ်တပိုဒ် ပါရှိလေသည်။ ထိုအပိုဒ်က ကျောင်းသားများ၏ တောင်းဆိုချက်၌ ပညာရေးကိစ္စသာမကပဲ၊ အမျိုးသား လွတ်လပ်ရေးကိစ္စလည်း အကျုံးဝင်လာကြောင်း ဖော်ပြနေသည်။ ထို့ပြင် "နယ်ချဲ့စံနစ်တိုက်ဖျက်ပွဲတွင် ကျောင်းသားများနှင့် အလုပ်သမား လယ်သမားတို့ ပူးပေါင်းကြရမည်" ဟူသော အယူအဆကို ကျောင်းသားခေါင်းဆောင်များက ဟောပြောရေးသားကြသည်။

ရေနံမြေသပိတ်တပ်ကြီးသည် အနှောင့်အရှက် အဆီးအတားများကို ကျော်ဖြတ်၍ ချီတက်လာရာ၊ သထုံ၊ ဝေါ၊ ပဲခူးတို့မှ ချီတက်လာကြသော တောင်သူလယ်သမားများနှင့် ပူးပေါင်း၍ ရန်ကုန်သို့ ခရစ်နှစ် ၁၉၃၉ ခု၊ ဇန္နဝါရီလ ၈ ရက်နေ့တွင် ရောက်ရှိလာကြသည်။ ရန်ကုန်မြို့မှ ဘီ၊အို၊စီ အလုပ်သမားများ၊ အိုင်၊ ဘီ၊ ပီ အလုပ်သမားများ၊ ရန်ကုန်မှ လျှပ်စစ်ဓာတ်အားပေးရေး (အာရ်၊အီး၊တီ) စာရေးစာချီများ၏ သပိတ်များနှင့် ပူးပေါင်းမိကြသည်။ ရန်ကုန်နှင့် ဆင်ခြေဖုံးမှ ပုသိမ်ညွန့် မီးခြစ်စက်၊ ဒလသင်္ဘောကျင်း၊ အလုံ၊ ရေဝတီ ဖောင်ဒရီ၊ ကမာရွတ် ဒန်အိုးစက်၊ ရော်ဘာစက် စသည့် အလုပ်ဌာနပေါင်း ၃၀ ကျော်တို့မှ အလုပ်သမားများလည်း သပိတ်ကိုထောက်ခံ၍ ပါဝင်လာသည်။

## မြတ်ဘုရားရွှေတိဂုံ

ထိုရေနံမြေ သပိတ်သမားများသည် ရွှေတိဂုံကုန်းတော်ပေါ်တွင် စခန်းချကြသည်။ ရေနံမြေသပိတ်သမားများ ရောက်ရှိပြီး နောက်တနေ့ ၉ ရက်နေ့တွင် နယ်ချဲ့ဆန့်ကျင်ရေး လူထုစည်းဝေးပွဲကြီးကို ကုန်းတော်ပေါ်၌ပင် ပြုလုပ်သည်။ မြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားအစည်းအရုံးကိုထူထောင်သည်။ လယ်သမားအစည်းအရုံးနှင့် မြန်မာနိုင်ငံ လွတ်လပ်ရေး အမျိုးသမီးအသင်းတို့ကိုလည်း ဖွဲ့စည်းကြသည်။

ထိုသို့ သပိတ်ပေါင်းစုံ စခန်းချနေစဉ် ဇန်နဝါရီလ ၁၅ ရက်နေ့၌ ကုန်းတော်ပေါ်ရှိ တနင်္ဂနွေထောင့်မှ ကမ်းနားဈေးတန်ဆောင်းကို ပုလိပ်သူလျှိုများက မီးရှို့သေးသည်။ ဇန်နဝါရီလ ၂၃ ရက်နေ့တွင် မော်လမြိုင်စရပ်၌ စခန်းချထားသော တို့ဗမာအစည်းအရုံးဌာနချုပ်ကို ရန်ကုန် ပုလိပ်မင်းကြီး ပရက်စကော့ ခေါင်းဆောင်သော ရဲအဖွဲ့ဝင် ၁၀၀ ခန့်က ဝင်ရောက်စီးပြီး ခေါင်းဆောင်များကိုဖမ်းသည်။ ရဲများသည် ဘုရားကုန်းမြေပေါ်သို့ ဘိနပ်စီး၍တက်သဖြင့် ရဟန်းပျိုများနှင့် ပြည်သူတို့က အပြင်းအထန် ကန့်ကွက်ကြလေသည်။

### ကမ္ဘာ့စစ်ကြီးအတွင်း

ခရစ်နှစ် ၁၉၄၂ ခု တွင် မြန်မာနိုင်ငံသို့ ဒုတိယကမ္ဘာစစ်မီး ကူးစက်လာသောအခါ အင်္ဂလိပ်အစိုးရသည် မြန်မာပြည်မှ အနောက်ဖက်သို့ ဆုတ်ခွာရသည်။ အရှေ့ဖက်မှနေ၍ မြန်မာမျိုးချစ်လူငယ်များသည် ဂျပန်တပ်ဦးနှင့်အတူ လွတ်လပ်ရေးတပ်မတော်ဖွဲ့၍ ဝင်လာကြသည်။ ထိုအချိန်တွင် ရန်ကုန်မြို့ကို ဂျပန်လေယာဉ်များက ဗုံးကြဲတိုက်ခိုက်ကြသည်။

ဂျပန်တပ်များ မြန်မာပြည်တွင်းသို့ လုံးလုံးရောက်ရှိသောအခါ မြို့သူမြို့သားအများအပြားသည် စေတီတော်ကြီး၏ အရိပ်အာဝါသ၌ စစ်ဘေးမှ လွတ်ရာလွတ်ကြောင်း ခိုလှုံရပြန်သည်။ ထိုအချိန်၌ ဘုရားကုန်းတော်ပေါ်ရှိ စရပ်များနှင့်တကွ ကုန်းတော်ကြီး၏ အရှေ့ဖက်နှင့် မြောက်ဖက်များဖြစ်သော ဗဟန်း၊ ရွှေဂုံတိုင်၊ ကန်တော်ကြီးစောင်းတို့တွင် လူနေစည်ကားလှသည်။ ကုန်းတော်ပေါ်၌ အစိုးရဌာနအချို့ကို ဖွင့်လှစ်လုပ်ကိုင်သည်။

ခရစ်နှစ် ၁၉၄၂ ခု၊ ဒီဇင်ဘာလ ၉ ရက်နေ့တွင် ဂျပန်စစ်သေနာပတိနှင့် မြန်မာဝန်ကြီးချုပ်တို့သည် ရွှေတိဂုံကုန်းတော်ပေါ်သို့ တက်ရောက်ဖူးမြော်သည်။ စစ်ပွဲနှစ်ပတ်လည်အဖြစ် သံဃာတော်အပါး ၇၀၀ ကို ဆွမ်းကပ်လှူဒါန်းသည်။ ခရစ်နှစ် ၁၉၄၃ ခု၊ ဩဂုတ်လ ၁ ရက်နေ့တွင် စစ်အတွင်း ဂျပန်အစိုးရပေးသော လွတ်လပ်ရေးကို ရရှိပြီးနောက် မြန်မာနိုင်ငံ အစိုးရ၏ အကြီးအကဲဖြစ်သော နိုင်ငံတော်အဓိပတိနှင့် အစိုးရအဖွဲ့ဝင်များ ဘုရားဖူးတက်ရောက်လေသည်။

## ဒုတိယကမ္ဘာစစ်နှင့် ရွှေတိဂုံ


### ရွှေတိဂုံစေတီတော်အား စစ်ဘေးနှင့် ကင်းဝေးအောင် စီစဉ်ခြင်း

ဒုတိယကမ္ဘာစစ်ကြီး ပြီးဆုံးခါနီး ၁၉၄၄ ခုနှစ် အနှောင်းပိုင်းသို့ ရောက်သောအခါ အင်္ဂလိပ်၊ အမေရိကန်တို့၏မဟာမိတ်လေတပ်များက ရန်ကုန်မြို့သို့ နေ့စဉ်မပြတ်ဆိုရသိအလား ဗုံးများလာရောက်ကြဲချကြသည်။ ဂျပန်တို့သည် မဟာမိတ်တို့၏ ထိုးစစ်ကို မခံနိုင်တော့ဟု ထိုအချိန်က မြန်မာနိုင်ငံအစိုးရသည် သဘောပေါက်လာသဖြင့် ဂျပန်တို့က စစ်ဆုတ်လျှင် ဆုတ်၊ မဆုတ်ပဲ အကြိတ်အနယ် အသေအလဲခုခံလျှင် ရန်ကုန်မြို့ကြီးနှင့်တကွ ရွှေတိဂုံစေတီကြီးပါ ထိပါးခံရတော့မည်ကို စိုးရိမ်လာကြသည်။ ထို့ကြောင့် ဂျပန်စစ်သေနာပတိအား ရန်ကုန်မြို့ကြီးကို ဘေးရန်မှ ကာကွယ်ပေးပါရန် အထူးသဖြင့် ရွှေတိဂုံစေတီတော်ကြီးကို ဘေးရန်ကင်းဝေးစေလိုကြောင်း အရေးဆိုခဲ့ကြသည်။

၁၉၄၄ ခုနှစ်၊ စက်တင်ဘာလ၌ မြန်မာအစိုးရဖက်မှ ဂျပန်စစ်သေနာပတိထံ အကြိမ်ကြိမ် သွားရောက်ကြရာတွင် အထူးသဖြင့် ဦးထွန်းအောင်နှင့် ဦးသိမ်းမောင်တို့ ပါကြလေသည်။ ဂျပန်စစ်ဖက်က ပထမတွင် မြန်မာတို့၏ အရေးဆိုချက်ကို စာနာလိုက်လျောလိုခြင်းမရှိကြပေ။ စစ်ကြီးဟူ၍ ဖြစ်လာလျှင် လူ၏ အသက်စည်းစိမ် အိုးအိမ်အများနှင့် ယဉ်ကျေးမှုအဆောက်အအုံများကိုပါ ငဲ့ကွက်ညှာတာရရိုး ထုံးစံမရှိ။ ထို့ကြောင့် ရွှေတိဂုံစေတီတော်ကိုငှင်း၊ ရန်ကုန်မြို့အကြောင်းကိုငှင်း ထည့်သွင်းစဉ်းစားမနေနိုင်ပါဟု ဆိုကြသည်။

အမှန်အားဖြင့် ထိုအချိန်တွင် ရန်ကုန်မြို့တွင်သာမက ဂျပန်ပြည်၏ တိုကျိုမြို့တော်မှာလည်း အန္တရာယ်နှင့် ရင်ဆိုင်နေရသည့် အချိန်ဖြစ်သည်။ ဂျပန်တို့သည် နုနယ် ငယ်ရွယ်သော လူငယ်ကလေးများကိုပါ လေယာဉ်ပျံမောင်းသင်ခိုင်း၍ "ကာမိကာဇေ" လေသူရဲအဖြစ် အသေခံတပ်များဖွဲ့၍ တိုက်ခိုက်ခိုင်းရတော့သည်။ ထိုအချိန်တွင် ရွှေတန်းစစ်မျက်နှာတွင် ကျရောက်သော မြန်မာနိုင်ငံမှ အဓိပတိ ဒေါက်တာဘမော်အား နိုဝင်ဘာလအတွင်း ဂျပန်ပြည်သို့ ဖိတ်ကြားသည်။ စစ်အတွင်း မဟာမိတ်နိုင်ငံ အကြီးအကဲတဦးက လာရောက်ယိုင်းပင်းစည်းလုံးခြင်းကို ပြသော သဘောဖြစ်သည်။

ဂျပန်ပြည်မှ ပြန်ရောက်ရှိလာသော နိုင်ငံတော်အဓိပတိသည် ၁၉၄၅ ခုနှစ်၊ ဇန္နဝါရီလ ၁ ရက်နေ့တွင် စစ်အောင်နိုင်ရေးအတွက် ရွှေတိဂုံစေတီကို တက်ရောက်ဖူးမြော်ရင်း ဆုတောင်းသည်။ ဒေါက်တာဘမော်ကိုယ်တိုင် ဂျပန်ပြည်သို့ သွားရောက်ခဲ့သဖြင့်လည်းကောင်း၊ မြန်မာအစိုးရတို့က ဂျပန်စစ်ဌာနချုပ်သို့ အကြိမ်ကြိမ် သွားရောက်ပြောကြားခဲ့သဖြင့်လည်းကောင်း၊ ဂျပန်အစိုးရက သဘောထား ပြောင်းသွားသည်။ ဂျပန်



မက်ဆစ်တော်လှန်ရေးအတွက် ၁၉၄၅ ခုနှစ်၊ မတ်လ ၁၇ ရက်နေ့တွင် မြန်မာ့တပ်မတော် စစ်ထွက်သော
အခါ ယခုတော်လှန်ရေးပန်းခြံနေရာ၌ စစ်သေနာပတိ ဗိုလ်ချုပ်အောင်ဆန်း၏ မိန့်ခွန်းကို နာခံပြီး
ရွှေတိဂုံစေတီတော်ကြီးကိုပတ်၍ ချီတက်လာကြသော စစ်ကြောင်းတခုကို တွေ့ရပုံ

တပ်မတော်သည် ရန်ကုန်မြို့တော်မှ မော်လမြိုင်မြို့သို့ ဆုတ်ခွါမည်။ မြန်မာနိုင်ငံ အစိုးရသည် ဂျပန်တပ်မတော်နှင့်အတူတကွ ပူးတွဲဆောင်ရွက်နိုင်ရန် လိုက်ပါရမည်ဟူ၍ သဘောတူ လိုက်ကြရသည်။ ၁၉၄၅ ခုနှစ်၊ ဧပြီလ ၂၃ ရက်နေ့တွင် ဂျပန်တို့သည် ရန်ကုန်မှ ဆုတ်ခွါသောအခါ မြန်မာအစိုးရအဖွဲ့လည်း လိုက်ပါ၍သွားရလေသည်။ ဤသို့ဖြင့် ရွှေတိဂုံစေတီ တော်ကြီးနှင့်တကွ ရန်ကုန်မြို့ကြီးကိုပါ စစ်ဘေးစစ်ဒဏ်မှ အကာအကွယ်ရခဲ့ကြလေသည်။

## ရွှေတိဂုံအနောက်ပက်မှ တော်လှန်ရေးစစ်ထွက်ပွဲ

ဂျပန်တပ်များ ထိုသို့မဆုတ်ခွါမီ ၁၉၄၅ ခုနှစ်၊ မတ်လ ၁၇ ရက်နေ့နံနက်တွင် မြန်မာ့တပ်မတော်သည် ရန်သူများကို ချေမှုန်းတိုက်ခိုက်ရန်အတွက် စစ်ထွက်အခမ်းအနား ပြုလုပ်သည်။ ထိုအခမ်းအနားကို ပြုလုပ်သောနေရာမှာ ရွှေတိဂုံစေတီတော်၏ အနောက်ပက်ကွင်းကြီး (ယခုတော်လှန်ရေးပန်းခြံနေရာ) တွင် ဖြစ်သည်။ စစ်သေနာပတိ ဗိုလ်ချုပ်အောင်ဆန်းက တပ်ထွက်မိန့်ခွန်းကို တိုတိုတုတ်တုတ် ပြောကြားသည်။ နိုင်ငံတော်အဓိပတိ

## ဖက်ဆစ်တော်လှန်ရေးပြီးသည့်နောက် ပြည်သူ့စည်းဝေးပွဲများ ကျင်းပရာ

ဒေါက်တာဘမော်နှင့် ဂျပန်စစ်ဖက်အရာရှိကြီးများက တက်ရောက်အားပေးကြသည်။ အခမ်းအနားပြီး၍ မြန်မာတပ်များ တတပ်ပြီးတတပ် ကွင်းကြီးထဲမှ ချီတက်သွားကြသောအခါ မြို့သူမြို့သားများက သပြေပန်းများ ကမ်းလှမ်းကြသည်။ ထိုနေ့မှ ရက်များမကြာမီပင် စစ်မြေပြင်သို့ ထွက်သွားသော မြန်မာ့တပ်မတော်သားများသည် လိုရာအရပ်သို့ရောက်သောအခါ တပ်ဖျောက်လိုက်ကြသည်။ ခရစ်နှစ် ၁၉၄၅ ခု၊ မတ်လ ၂၇ ရက်မှ စ၍ မြန်မာ့တပ်မတော်က ပြည်သူတို့နှင့်လက်တွဲ၍ ဖက်ဆစ်ဂျပန်များကို တော်လှန်ခြင်းဖြစ်လေသည်။

### စစ်ပြီးကာလ

မြန်မာတို့ တိုက်ထုတ်လိုက်သော ဖက်ဆစ် ဂျပန်တပ်များသည် ဆုတ်ခွါသွားရင်းက မဟာမိတ်တပ်များထံ လက်နက်ချရသည်။ ထိုအခါ အင်္ဂလိပ်များ မြန်မာနိုင်ငံသို့ ပြန်လည်ဝင်ရောက်လာသည်။ ဖက်ဆစ်ကိုတော်လှန်ခဲ့သော မြန်မာတို့သည် လုံးဝ လွတ်လပ်ရေးကို ရသည့်နည်းဖြင့် ယူရန် အသင့်ရှိနေကြလေသည်။

ထိုအခါ ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်သော ဖက်ဆစ် တိုက်ဖျက်ရေး၊ ပြည်သူ့လွတ်လပ်ရေးအဖွဲ့ကြီးက ကြီးမှူး၍ ပြည်သူ့ အစည်းအဝေးကြီးများကို ရွှေတိဂုံစေတီကုန်းတော်ပစ္စယာများ၌ပင် ကျင်းပကြပြန်လေသည်။

ခရစ်နှစ် ၁၉၄၅ ခုမှ ၁၉၄၆ ခု အတွင်းတွင် ဖ ဆ ပ လ အဖွဲ့ချုပ်မှ လူထုစည်းဝေးပွဲအများကို ပြုလုပ်ခဲ့သည်။ ၁၉၄၅ ခုနှစ်၊ နိုဝင်ဘာလ ၁၈ ရက်နေ့တွင် မြို့လုံးကျွတ်ပြည်သူ့အစည်းအဝေးကြီးတရပ်ကို ရွှေတိဂုံကုန်းတော်၌ ကျင်းပသည်။ ၁၉၄၆ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက်နေ့၌ကျင်းပသောကုန်းတော်အလယ်ပစ္စယာဖ-ဆ-ပ-လ ညီလာခံ လူထုအစည်းအဝေးကြီး၌ လူထုတသိန်းကျော်တက်ရောက်သည်။ လုံးဝလွတ်လပ်ရေးအဆိုကို တင်သွင်းကြသည်။ အခြားနိုင်ငံရေး၊ စီးပွါးရေး၊ လူမှုရေးအဆိုများကိုလည်း တင်သွင်း ဆုံးဖြတ်ကြသည်။ ထိုနှစ် ဇွန်လနှင့် အောက်တိုဘာလများတွင်လည်း ကုန်းတော်ပေါ်၌ပင် လူထုစည်းဝေးပွဲများကို ဆက်လက်ကျင်းပသည်။

၁၉၄၆ ခုနှစ်၊ စက်တင်ဘာလတွင် အမှုထမ်းပေါင်းစုံသပိတ်ကြီး ပေါ်လာရာ အစိုးရအမှုထမ်း အသီးသီးနှင့်တကွ ပုလိပ်အဖွဲ့ကပါ သပိတ်မှောက်သည်။ နယ်ချဲ့ဆန့်ကျင်ရေးတိုက်ပွဲအဆက်ဆက်တွင် အကြီးမားဆုံး အညီညွတ်ဆုံးသော သပိတ်ကြီး ဖြစ်လေသည်။ သပိတ်စခန်းများကို ရွှေတိဂုံစေတီကုန်းတော်၌ပင် ဖွင့်လှစ်၍ စခန်းချကြလေသည်။

## အာဇာနည်တို့ စံမြန်းရာ

ဤသို့ဖြင့် လွတ်လပ်ရေးအတွက် လူထုအားဖြင့် တိုက်ပွဲဝင်ခဲ့သည်။ ဗိုလ်ချုပ်အောင်ဆန်းနှင့် အဖွဲ့ဝင်များသည် အစိုးရအဖွဲ့တွင် ပါဝင်ဆောင်ရွက်ပြီး ဗြိတိသျှအစိုးရနှင့် ဆွေးနွေးရန် အင်္ဂလန်သို့ ဖိတ်ကြားသဖြင့် တနှစ်အတွင်း လွတ်လပ်ရေးကိစ္စကို သဘောတူ စာချုပ်ခဲ့ကြသည်။ အင်္ဂလန်မှပြန်လာသောအခါ မြန်မာနိုင်ငံ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကိုရေးဆွဲလျက်ရှိစဉ် ဗိုလ်ချုပ်အောင်ဆန်းနှင့် အခြားခေါင်းဆောင်ကြီးများသည် မသမာသူတို့၏ လက်ချက်ဖြင့် ကျဆုံးရသည်။ ခေါင်းဆောင်ကြီးများ၏ အလောင်းကို ရွှေတိဂုံစေတီတော် မြောက်ဖက်မုတ်နှင့် မလှမ်းမကမ်းရှိ နေရာတွင် အာဇာနည်ဗိမာန် ဖွင့်လှစ်ကာ ဂူသွင်းထားရှိလေသည်။ ထိုနေရာကား လွန်ခဲ့သော နှစ်ပေါင်း ၁၅၀ ခန့်က မြန်မာတို့သည် နယ်ချဲ့အင်္ဂလိပ်တို့ အခိုင်အမာ တပ်စွဲနေသောနေရာကို အသေအလဲ ချီတက်တိုက်ခိုက်ခဲ့သော နေရာဖြစ်ပေသည်။

၁၉၄၈ ခုနှစ်တွင် လွတ်လပ်ရေးအောင်ပွဲကို ဆင်ယင်ကျင်းပအံ့ဆဲဆဲ ဇန္နဝါရီလ ၂ ရက်နေ့တွင် အင်္ဂလိပ် ဘုရင်ခံဟောင်းကလည်း နှုတ်ဆက်ထွက်ခွါရင်း စေတီတော်ကြီးအား တက်ရောက်အလေးအမြတ်ပြုသည်။ မြန်မာနိုင်ငံသစ်၏ သမတ စသော အကြီးအကဲတို့ကလည်း တက်ရောက်ဝတ်ပြု ပူဇော်ခဲ့ရလေသည်။

လွတ်လပ်သောခေတ်၌ မြန်မာနိုင်ငံသားတို့သည် စေတီတော်ကြီး၏ အရိပ်အာဝါသအောက်၌ပင် နိုင်ငံစည်ပင်အောင် ဆက်လက်အားထုတ် တည်ဆောက်လာခဲ့ကြပေသည်။ ထိုသို့တည်ဆောက်ရာတွင် နိုင်ငံပြုသူတို့ ကြုံတွေ့ရသည့် အခက်အခဲ ပြဿနာအမျိုးမျိုးကို ဖြေရှင်း ဆောင်ရွက်ရာ၌ စေတီတော်ကြီးအား ကိုးကွယ် ဆည်းကပ်ရာအဖြစ်လည်းကောင်း၊ အားမာန်ပေးရာအဖြစ်လည်းကောင်း၊ လွတ်လပ်ခြင်း၊ ငြိမ်းချမ်းခြင်း၊ စည်းလုံးခြင်းသဘောများကို ဖော်ဆောင်ရာအဖြစ်လည်းကောင်း၊ အစဉ်တစိုက်ယူမှတ်၍ လုပ်ကိုင်ဆောင်ရွက်ခဲ့ကြလေသည်။





စေတီတော်   ရင်ပြင်   တောင်ဖက်ဆောင်ရှိ ဂန္ဓကုဋိတိုက် စေတီအတွင်းမှ ရုပ်ပွားတဆူ



တံခွန်ကုက္ကားတို့ အပြိုင်ပြိုင်
ကုသိုလ်တော်ပန်းတို့ တကြိုင်ကြိုင်



အထက်ပစ္စယာ အရှေ့ဖက်ရှိ တဝဂု
ဆုတောင်းပြည့် ဘုရားရုပ်ပွားတော်



စေတီတော်အား ပန်းကြာ ဆီမီးတို့ဖြင့်
ပူဇော်လေးမြတ် ရသည်မှာ ဗုဒ္ဓဘာသာဝင်
တို့၏ ဓလေ့ထုံးတမ်းပင်



စေတီတော်ခြေရင်း အရှေ့မြောက်ထောင့်ရင်ပြင်မှ ဘုရားဖူးများ

လက်ယာဖက်အစွန်မှ တန်ဆောင်းမှာ ယခင်က နာရီကြီးရှိ၍ နာရီတန်ဆောင်းဟု ခေါ်ကြသော ဦးဘရီ၊ ဒေါ်သန်းမေတန်ဆောင်းဖြစ်သည်။ လက်ဝဲဖက်မှ ရွှေပွတ်လုံးတိုင်ကြီးများဖြင့် ပြာသာဒ်တွင် သစ်သားအပြောက်များတင်ထားသော အနီရောင်တန်ဆောင်းမှာ ကမ်းနားဈေးတန်ဆောင်းဖြစ်သည်။ ပုံတွင် နောင်တော်ကြီးစေတီတော်ကို တန်ဆောင်းများ၏ နောက်ဖက်တွင် ဖူးတွေ့နိုင်သည်။



ရွှေရောင်ဝင်းလဲ့လျက်ရှိသော ကြာနှုအထက်
စေတီတော် အပေါ်ပိုင်းကို ဖူးရပုံ



အဖိုးတန် ကျောက်မျက်မျိုးစုံ
စီခြယ်ထားသည့် စိန်ဖူးတော်ကြီ

အခန်း ၇

# ထိန်းသိမ်းစောင့်ရှောက်ရေး

ကမ္ဘာပေါ်တွင် မည်သည့်ကိုးကွယ်ယုံကြည်ရာ အယူဝါဒဥ္စမဆို ဘာသာရေးအရ အထွတ်အမြတ်ဖြစ်သော တန်ခိုးကြီး အဆောက်အအုံများသည် သဒ္ဓါစုပုံရာ၊ ရတနာစုပုံရာ နေရာများဖြစ်လေသည်။ မြန်မာနိုင်ငံ၏ ရွှေတိဂုံစေတီတော်ကြီးမှာလည်း ဤနည်းနှင်နှင်သာ ဖြစ်လေသည်။

သိင်္ဂုတ္တရကုန်းယံထိပ်ဝယ် ရွှေတောင်ကြီးပေါက်သကဲ့သို့ စုန့်စုန့်ပုံ့ပုံ့ ဝင်းဝင်းလက်လက် ရှိပေသော စေတီတော်ကြီးသည် ရတနာစုပုံရာ ဘဏ္ဍာတိုက်ကြီး စင်စစ်ဖြစ်ပေသည်။ ထိုရတနာများကား ရွှေ၊ ငွေ၊ စိန်ကျောက်၊ ပတ္တမြား၊ နီလာစသော တွင်းထွက်ရတနာများလည်းပါသည်။ ပန်းထိမ်၊ ပန်းရွှဲ၊ ပန်းတဉ်း၊ ပန်းပု၊ ပန်းချီစသော အမျိုးသား ယဉ်ကျေးမှုလက်ရာ ရတနာများလည်း ပါဝင်သည်။

ယင်းတို့အနက်မှ တန်ဖိုးသင့်၍ ရနိုင်ကောင်းသော ရွှေ၊ ငွေ၊ စိန်၊ ကျောက်ဟူသော ရတနာတို့မှာ ကုဋေချီ၍ရှိသည်။ တန်ဖိုးသင့်၍ မရနိုင်သော တန်ဆောင်း၊ ပြာသာဒ်များနှင့် တကွ စေတီတော်ကြီး အပါအဝင် ပန်းရံ၊ ပန်းပု၊ ပန်းတဉ်း လက်ရာများလည်း အမြောက် အမြားရှိသည်။ ယင်းတို့သည် အမျိုးသား အမွေအနှစ်များဖြစ်သောကြောင့် တာရှည်ခံအောင် ထိန်းသိမ်းရမည့်တာဝန်ရှိသည်။

တဖန် ထိုရတနာအပေါင်း စုဝေးရာဖြစ်၍ ဖူးမြော် ကြည်ညိုသူများ လာရောက်

ရာလည်းဖြစ်သော အမွန်အမြတ် နေရာဌာနကြီးကို အစဉ်စောင့်ရှောက် ပြုပြင်မွမ်းမံနေရန် လိုအပ်သည်။ ထို့ကြောင့် စေတီတော်ကြီးကို ထိန်းသိမ်းစောင့်ရှောက်ရေး လုပ်ငန်းများသည် ခေတ်အဆက်ဆက်တွင် ရှိခဲ့လေသည်။ အမျိုးသားတို့က မထိန်းသိမ်းမစောင့်ရှောက်နိုင်သော အချိန်များ၌ ဆုံးပါးခဲ့ရသော ဖြစ်ရပ်များလည်းရှိသည်။ ပုံစံပြရလျှင် အင်္ဂလိပ်တို့နှင့် ဖြစ်ပွားသော စစ်ပွဲများအတွင်း၌ ဖျက်ဆီးမှု၊ လုယက်မှုများ ကြုံတွေ့ခဲ့ရသည်။

ထို့နောက်တွင် မြန်မာလူမျိုးများထဲမှ ဘုရားကြီး၏ ဝေယျာဝစ္စကို ပထမဆုံး စောင့်ရှောက်ကြည့်ရှုပေးရသူမှာ အင်္ဂလိပ်အစိုးရက မော်သမြိုင်စစ်ကဲအဖြစ် သူကောင်းပြုခြင်း ခံရသော ဦးထော်လေးဖြစ်သည်။ ဦးထော်လေးအား စစ်ကြောင့်ပျက်စီးသော စေတီတော်ကြီးကို ပြန်လည်ပြင်ဆင်ရန်နှင့် စေတီကုန်းတော်တွင် စည်ပင်အောင် သစ်ပင်သီးပင်တို့ကို စိုက်ပျိုးရန် အင်္ဂလိပ်အစိုးရက အမိန့်ထုတ်ပြန်၍ လွှဲအပ်လေသည်။

ယင်းဦးထော်လေးသည်ပင် ခရစ်နှစ် ၁၈၅၄ ခုတွင် စေတီတော်ကြီး၏ ထီးတော် ချွတ်ယွင်းသည်များကို ငြမ်းဆင်၍ ပြင်ဆင်ခြင်း၊ ခေါင်းလောင်းများ စာရင်းပြုလုပ်ခြင်း၊ ပြန်လည်ချိတ်ဆွဲ ကပ်လှူခြင်းများကို ပြုလုပ်ခဲ့သည့်ပြင် သားမက်ဖြစ်သူ ရန်ကုန်မြို့ အခွန်ဝန် မောင်အုန်းရွှေအား ဘုရားကြီး၏ အမြင့်တောင်တာများကို တိုင်းတာရေးမှတ်စေခဲ့သည်။

ဒုတိယ အင်္ဂလိပ်-မြန်မာ စစ်ပွဲပြီးချိန် ၁၈၅၂ ခုနှစ် မှစ၍ ဦးထော်လေးတို့ စတင် စောင့်ရှောက်ခဲ့ရာ ၁၈၆၉ ခုနှစ်အထိ ဖြစ်လေသည်။ ထိုစဉ်က ဂေါပကအဖွဲ့ဝင် ခြောက်ဦးရှိသည်။ ရဟန်းပုဂ္ဂိုလ်ထဲမှ သွေးဆေးကန်ဆရာတော် ဦးပြားခေါ် ဦးပဏ္ဍိသည် နာယကအဖြစ် စေတီတော်ကိစ္စများကို ဝိုင်းဝန်းကြပ်မစောင့်ရှောက်ပေးလေသည်။

ရန်ကုန်မြို့သူမြို့သားများနှင့် တိုင်ပင်၍ အင်္ဂလိပ်အစိုးရက ပထမဦးခန့်ထားသော ဂေါပကလူကြီး ခြောက်ဦးမှာ အောက်ပါပုဂ္ဂိုလ်များ ဖြစ်လေသည်။

၁။ ဦးမောင်ကလေး (ကုန်သေးတန်းနေ၊ အုတ်တိုက်တန်ဆောင်းဒါယကာ)
၂။ ဦးဖူး (ကျောက်တံတားလမ်းနေ၊ ကျောင်းဒါယကာ)
၃။ ဦးရွှေသွယ် (စာဆိုတန်းနေ၊ တောင်ဖက်စောင်းတန်း တန်ဆောင်းဒါယကာ)
၄။ ဦးဘိုးညွှင်း (ကုန်သေးတန်းနေ၊ တန်ဆောင်းဒါယကာ)
၅။ ဦးဘိုးကြီး (ပုဆိုးတန်းနေ၊ အုတ်တိုက်ကျောင်းဒါယကာ)
၆။ ဦးပေါ့ကြီး (ကုန်သေးတန်းနေ၊ သိမ်ကြီးဒါယကာ)

## ပထမဦး ဂေါပကလူကြီးများ

အထက်ပါ ပုဂ္ဂိုလ်ခြောက်ဦးအပြင် နောက်ထပ်ပုဂ္ဂိုလ်နှစ်ဦးကို ဆက်လက် ခန့်အပ်ခဲ့ကြရာ အောက်ပါ ပုဂ္ဂိုလ်များ ဖြစ်ကြသည်။

၇။ ဦးကြွယ်ဟိုး (ကြည့်မြင်တိုင်ရပ်နေ၊ စေတီတော်ကြီးအား တန်ဆောင်းနှင့် ဥယျာဉ်ခြံမြေလှူသူ)

၈။ ဦးရှောင်း (ပုဇွန်တောင်ရပ်နေ၊ ကျောင်းဒါယကာပွဲစားကြီး)

ဤပုဂ္ဂိုလ်နှစ်ဦးကို ထပ်ပေါင်းသော် ပေါင်းရှစ်ဦး ဖြစ်လေသည်။ ယင်းဂေါပကအဖွဲ့သည် ၁၈၇၁ ခုနှစ်သို့တိုင်အောင် စေတီတော်ကြီးကို စောင့်ရှောက်ခဲ့လေသည်။

၁၈၇၂ ခုနှစ်သို့ ရောက်သောအခါ မဟာဝန်ရှင်တော် မင်းကြီးက ဧပြီလ ၁၁ ရက်နေ့မှစ၍ နောက်ထပ် လူကြီးငါးဦးကို အစိုးရအမိန့်ဖြင့် ခန့်ထားလိုက်လေသည်။ အစိုးရခန့်ထားလိုက်သော ဂေါပကငါးဦးမှာ အောက်ပါ ပုဂ္ဂိုလ်များ ဖြစ်သည်။

၁။ ဦးဖူး
၂။ ဦးရွှေသွယ်
၃။ ဦးဖော့
၄။ ဦးဘိုးကြီး
၅။ ဦးဘိုးညွှင်း

ယင်းဘုရားလူကြီးငါးဦးအား ခန့်ထားသော ခန့်စာနှင့်အတူ ဂေါပကလူကြီးများ၏ လုပ်ပိုင်ခွင့် ၁၄ ချက်ကိုလည်း ပြဋ္ဌာန်းပေးလိုက်သည်။ ဘဏ္ဍာထိန်းလူကြီးများ၏ လုပ်ပိုင်ခွင့်များကို အတိုချုံး၍ ဖော်ပြရသော် အောက်ပါအတိုင်း ဖြစ်သည်။

၁။ ရင်ပြင်ပေါ်ရှိ ဘုရားစေတီများ၊ စရပ်များကိုပြုပြင်ဘို့အခွင့်ပြုရန်။

၂။ မဟာဝန်ရှင်တော်မင်းကြီး၏အမိန့်ကို ကိစ္စတခုချင်းအတွက် ကြိုတင်ရယူပြီးလျှင် ဘုရားတည်ခြင်း၊ စရပ်ဆောက်ခြင်း၊ သင်ပုတ်စင်ဆောက်ခြင်း၊ ရုပ်ပွါးထားရှိခြင်း၊ တံခွန်တိုင်စိုက်ခြင်း၊ ခေါင်းလောင်းဆွဲခြင်းတို့ အတွက် အခွင့်ပြုရန်။

၃။ စေတီတော်ကြီးသို့ လှူဒါန်းသော ရွှေ၊ ငွေ၊ ရွှေဆိုင်း အစရှိသည့် အဖိုးတန်ပစ္စည်းအားလုံးကို ထိန်းသိမ်း၍ စေတီတော်တွင် ပြင်ဆင်ရန်ရှိပါက ထိုပစ္စည်းများဖြင့် ပြင်ဆင်ဘို့ညွှန်ကြားရန်။

၄။ ဘုရားကြီးဘဏ္ဍာတိုက်တွင် ထားရှိရန်မဟုတ်သော ချိုချဉ်၊ ငါးပိ၊ ဆား၊ ဆန်၊ သစ်သီး၊ အဝတ်အထည်စသည့် လှူဘွယ်ဝတ္ထုများကို ဘုရားစောင့်များအား ယူငင်ဘို့ ခွင့်ပြုရန်။

၅။ ဘုရားစောင့်အကြီးအကဲလေးဦးထံမှ ၁၅ ရက်လျှင်တကြိမ်ကျ ဘုရားကြီးသို့ လှူဒါန်းသော လှူဘွယ်ဝတ္ထုများစာရင်းကို တင်သွင်းဘို့ညွှန်ကြားရန်။

၆။ ရင်ပြင်တော်ပေါ်တွင် ဘုရားကြီးအား လှူဒါန်းသော တံခွန်၊ ထီးဖြူ၊ မျက်နှာကြက်၊ ပန်း၊ ဖယောင်းတိုင် အစရှိသော လှူဘွယ်ဝတ္ထုများကို ဘာသာခြားများက ယူငင်သယ်ဆောင်သွားခြင်းမှ ကာကွယ်ရန် ဘုရားစောင့်နှစ်ဦးကို နေ့ရောညပါ အမြဲတမ်းတာဝန်ချထားရန်။

၇။ ဘုရားကြီးကို စောင့်ရှောက်ရန်အတွက် ခန့်ထားသောဘုရားစောင့်လူ ၈၀ နှင့် ၎င်းတို့၏ အကြီးအကဲလေးဦးတို့၏ အတွင်း၌ ပဋိပက္ခများပေါ်ပေါက်ခဲ့သော် ဖြေရှင်းဆုံးဖြတ်ပေးရန်။

၈။ ဘုရားစောင့်များအား ရှေးအစဉ်အလာ ထုံးစံကျင့်ဝတ်များနှင့်အညီ တာဝန်ဝတ္တရားဆောင်ရွက်ဘို့ ညွှန်ကြားရန်။

၉။ ဘုရားကြီး၏ဘဏ္ဍာတိုက်ကို အုပ်ချုပ်ရန်အတွက် ဘာသာတရားကိုင်းရှိုင်း၍၊ မျိုးသားဖြောင့်မတ်ပြီး၊ ပစ္စည်းဥစ္စာ ပြည့်စုံ၍ ဩဇာညောင်းသော ဗုဒ္ဓဘာသာဝင် ပုဂ္ဂိုလ်တဦးအား ရွေးချယ်ခန့်ထားရန်။

၁၀။ ထိုသို့ခန့်ထားသော အထက်ပါ ပုဂ္ဂိုလ်က တလွဲကျင့်ကြံခဲ့သော် ရာထူးမှနုတ်ပယ်ပစ်ရန်။

၁၁။ ဘုရားဘဏ္ဍာတိုက်တွင် ထားရှိရန် မလုံခြုံတော့ဟု ယူဆရမည့် ဘဏ္ဍာပစ္စည်းများပြားလာလျှင် မဟာဝန်ရှင်တော်မင်းကြီး၏ ကြိုတင်ခွင့်ပြုချက်ကို ရယူလျက် ဘဏ္ဍာငွေကို ဘဏ်တိုက်တွင် ထားရှိရန်။ ဘဏ်စာရင်းကို ဂေါပကလူကြီးများက ထိန်းသိမ်းကြီးကြပ်ရန်။

၁၂။ ဘုရားကြီးနှင့်စပ်လျဉ်းသော လုပ်ငန်းတခုခုအတွက် ငွေကြေးလိုအပ်လာသည့်အခါ မည်၍မည်မျှသော ငွေပမာဏကိုပင်ဖြစ်စေ မဟာဝန်ရှင်တော်မင်းကြီးထံ ကြိုတင် အမိန့်တောင်းပြီးမှ ထုတ်ယူရန်။ ငွေထုတ်ယူသောအခါ အပ်နှံထားသောငွေမှ တဝက်ဖြစ်စေ၊ အားလုံးကိုဖြစ်စေ ထုတ်ယူရန်။

## ၁၈၈၅ ခုနှစ် ဂေါပကလူကြီးများ

၁၃။ ဘုရားကြီး၏ ဘဏ္ဍာတော်ငွေမှ ရငွေ၊ သုံးငွေစာရင်းကို ခြောက်လတကြိမ် ပြင်ဆင်ပြုလုပ်၍ မဟာဝန်ရှင်တော်မင်းကြီးသို့ ဘုရားလူကြီးများက တင်သွင်းရန်။

၁၄။ ဘုရားစောင့်အကြီးအကဲ တဦးဦးသည် ခိုင်းစေသောအမိန့်အာဏာကို မနာခံခဲ့သော် ထိုသူအား ရာထူးမှ နုတ်ပယ်၍ သူ့နေရာတွင် ဘုရားလူကြီးများ နှစ်သက်သူကိုရွေးချယ်၍ အစားထိုးခန့်ထားရန်။

အထက်ပါအစီအစဉ်ဖြင့် ရွှေတိဂုံစေတီတော်ကြီး၏ ဝေယျာဝစ္စများကို ဘုရားလူကြီးများအား တာဝန်လွှဲအပ်၍ ဆောင်ရွက်လာခဲ့ရာ ၁၈၈၅ ခုနှစ်တွင် တဖန် ဘုရားလူကြီးကိုးဦး ခန့်ထားသော ဂေဇက်ပေါ် ထွက်လာသည်။ ဘုရားကြီး၏ ဝေယျာဝစ္စအဝဝအတွက် အစိုးရက တာဝန်လွှဲအပ်ခံရသော ဘုရားလူကြီးများမှာ —

၁။ ဦးဖေ့ကြီး (ကုန်သေးတန်း)
၂။ ဦးဘိုးကြီး (၂၂ လမ်း)
၃။ ဦးရောင်း (ပုဇွန်တောင်)
၄။ ဦးကြွယ်ဟိုး (ကြည့်မြင်တိုင်)
၅။ ဦးညွန့် (ဒါလဟိုဇီလမ်း)
၆။ ဦးအုန်းခိုင် (ဘုန်းကြီးလမ်း)
၇။ ဦးကြွက်နီ (ကြည့်မြင်တိုင်)
၈။ ဦးမြတ်စံ
၉။ ဦးဘိုးမြှင် (လမ်းမတော်)

တို့ ဖြစ်ကြလေသည်။

အထက်ပါ ပုဂ္ဂိုလ်ကိုးဦးတွင် အမှတ်စဉ်အရ ပထမလေးဦးမှာ ယခင်ဂေါပကအဖွဲ့မှ လူဟောင်းများဖြစ်၍၊ ကျန်ငါးဦးမှာ လူသစ်များ ဖြစ်သည်။ ဘုရားလူကြီးအဖြစ် ရွေးချယ်ခန့်ထားသောဂေဇက်ကို ၁၈၈၅ ခုနှစ်၊ ဧပြီလ ၂၉ ရက်နေ့တွင်ထုတ်ပြန်ခဲ့သည်။

အထက်ပါ လူကြီးများဖြင့် ဆောင်ရွက်လာကြရာ ခရစ်နှစ် ၁၈၉၇(သက္ကရာဇ် ၁၂၅၉) ခုနှစ်တွင်၊ ငွေစာရင်းမရှင်းလင်းမှုတရပ် ဖြစ်ပေါ်ခဲ့သည်။ ဤသို့အလျဉ်းသင့်သလိုခန့်ထားသောစနစ်အစား၊ မြို့လူထုက ရွေးကောက်တင်မြှောက်သော စနစ်ကို လိုလားပါကြောင်း ရန်ကုန်မြို့ ရီကော်ဒါမင်းကြီးရုံးသို့ လျှောက်ထားတောင်းဆိုကြရာ ၁၈၉၈(သက္ကရာဇ် ၁၂၆၀)

## မြတ်ဘုရားရွှေတိဂုံ

ခုနှစ်တွင် မြို့လူထုက မဲဆန္ဒဖြင့် ရွေးကောက်တင်မြှောက်သော ပထမဆုံးဘဏ္ဍာထိန်းအဖွဲ့ ပေါ်ပေါက်လာလေသည်။ ထိုသို့ ရွေးကောက်တင်မြှောက်သည့် အချိန်မတိုင်မီအထိ ဆောင်ရွက်ခဲ့သော ပုဂ္ဂိုလ်များမှာ ၄၃ ဦးရှိလေသည်။

ထိုအဖွဲ့သစ်၏လက်ထက်တွင် ၁၉၀၀ ပြည့်နှစ်၌ အလှူရှင်များ ဖိတ်ခေါ် လျက် ဘုရားကြီးအား ရွှေပြားသင်္ကန်း ကပ်ခြင်းကို ပထမအကြိမ် စတင်ဆောင်ရွက်နိုင်လေသည်။

ဆန္ဒမဲဖြင့် ရွေးကောက်တင်မြှောက်ခြင်းခံရသော ဘဏ္ဍာထိန်းလူကြီး ကိုးဦးမှာ —

၁။ ဦးဘိုးသာ၊
၂။ ဦးဘိုးမင်း၊
၃။ ဦးဘိုးအောင်၊
၄။ ဦးရွှေဂိုင်း၊
၅။ ဦးမောင်ကြီး၊
၆။ ဦးသာကြွယ်၊
၇။ ဦးသာဝေ၊
၈။ ဦးငြိမ်း
၉။ ဦးသွန်း
တို့ဖြစ်ကြလေသည်။



ရွှေတိဂုံ စေတီတော်ကြီးအား ထိန်းသိမ်းစောင့်ရှောက်ခဲ့ကြသော ၁၉၀၆ ခုနှစ်က ဘုရားလူကြီးများပုံ (ဝဲမှယာ) ဦးဘိုးအောင်၊ ဦးဘိုးမြိုင်၊ ဦးဘိုးသာ၊ ဦးဘိုးမင်း၊ ဦးလမ်း၊ ဦးတူ၊ ဦးနေဒွန်း၊ ဦးဘိုးကြင်၊ ဦးဘိုးလုတို့ ဖြစ်ကြသည်။

## ဘုရားလူကြီး ရွေးချယ်ခြင်း

ဤဂေါပကအဖွဲ့ဖြင့် ဆောင်ရွက်လာကြရာ ကွယ်လွန်သွားသူတို့၏နေရာတွင် ဘဏ္ဍာထိန်းအဖြစ် ဆောင်ရွက်လိုသော ပုဂ္ဂိုလ်များကို စာရင်းသွင်းစေပြီး အရွေးခံရန် အရည်အချင်းမှီသူများအား ရန်ကုန်မြို့၊ လူထုဆန္ဒမဲဖြင့် ဆက်လက်ရွေးကောက်၍ မဲအများဆုံးရရှိသူအား ဂေါပကအဖွဲ့ဝင်အဖြစ် ခန့်ထားလေသည်။

ဤသို့ရွေးကောက်ရာတွင် လစ်လပ်သောလူကြီးနေရာ၌ စာရင်းပေးသွင်းကြသူများမှာ အတော်များများရှိသည်ကို တွေ့ရသည်။ ၁၉၂၆ ခုနှစ်ဦးတွင် ရွေးချယ်တင်မြှောက်ရမည့် လစ်လပ်သော လူကြီးနှစ်နေရာအတွက် အမည်တင်သွင်းယှဉ်ပြိုင်ကြသူတို့မှာ ကိုးဦးတိတိရှိလေသည်။

### ဘုရားလူကြီး အရွေးခံနိုင်သူနှင့် မဲဆန္ဒပေးနိုင်သူ

ရွှေတိဂုံစေတီတော် ဘဏ္ဍာထိန်းအဖွဲ့ဝင်လူကြီးအဖြစ် ရွေးကောက်တင်မြှောက် ခံနိုင်ခွင့်ရှိသောပုဂ္ဂိုလ်မှာ စည်းမျဉ်းအရ ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးဖြစ်ရမည်။ လက်နက်ကုန်၊ အသားကုန်၊ မူးယစ်စေတတ်သည့် သေရည်သေရက်နှင့် ဆေးများ၊ အဆိပ်နှင့် လူကုန်ကူး သန်းရောင်းဝယ်ခြင်းကို မပြုလုပ်သော ဥပသကာဖြစ်ရမည်။ ရန်ကုန်မြို့တွင် သုံးနှစ် အဆက်မပြတ်နေထိုင်ခဲ့သူဖြစ်ရမည်။ အသက်အရွယ်အားဖြင့် လေးဆယ်အောက်မငယ်ပဲ၊ ခြောက်ဆယ်ထက် မကြီးစေရ။ ပစ္စည်းဥစ္စာ ပိုင်ဆိုင်မှုအားဖြင့် ငွေတသောင်းထက်မနည်း ထိုက်တန်သော မရွှေမပြောင်းနိုင်သည့် ပစ္စည်းပိုင်ရှင်ဖြစ်ရမည်။ ထို့ပြင် လူကျင့်ဝတ် ဖောက်ပြန်ခြင်းနှင့် စပ်လျဉ်း၍ ပြစ်မှုစီရင်ခံရဘူးသူမဖြစ်ရ။ ကြွေးမဆပ်နိုင်ပဲ ဒေဝါလီခံရသူ မဖြစ်စေရစသော စည်းကမ်းချက်များသတ်မှတ်ထားသည်။

အထက်ပါ အရည်အချင်းများနှင့်ပြည့်စုံသော ဘဏ္ဍာတော်ထိန်းအဖွဲ့ဝင် ဖြစ်လိုသူတို့သည် အလှည့်ကျအမှုဆောင်ဘဏ္ဍာထိန်းလူကြီးထံသို့ အထောက်အထားနှင့်တကွ အမည်စာရင်းတင်သွင်းရသည်။ ထိုလျှောက်လွှာများကို ဘဏ္ဍာထိန်းအဖွဲ့မှ စိစစ်လက်ခံပြီးနောက် အမည်တင်သွင်းသူ တဦးထက်ပိုခဲ့သော် ရွေးကောက်ပွဲကျင်းပပေးလေသည်။

မဲဆန္ဒပေးနိုင်သူများမှာ ရန်ကုန်မြူနီစီပယ် နယ်နိမိတ်အတွင်း အမြဲနေထိုင်၍၊ အသက် ၁၈ နှစ်ကျော်သူ၊ ဗုဒ္ဓဘာသာ မြန်မာလူမျိုး ယောကျ်ားဖြစ်ရမည်။ ရွှေတိဂုံစေတီတော်ကြီးနှင့် ပတ်သက်၍ အသက်မွေးဝမ်းကျောင်း ရှာကြံလုပ်ကိုင်နေသူ မဖြစ်စေရ။ ရဟန်း၊ သာမဏေ၊ ဘိုးသူတော်၊ သီလရှင်မဖြစ်စေရဟု စည်းကမ်းအရသတ်မှတ်ထားသည်။

# မြတ်ဘုရားရွှေတိဂုံ

## ဂရန်ထုတ်ပေးခြင်းနှင့် စစ်တပ်ရွှေ့ခြင်း

၁၉၀၇ ခုနှစ်၊ အောက်တိုဘာလ ၂ ရက်နေ့တွင် အင်္ဂလိပ်အစိုးရက ဘုရားပိုင်မြေကွက် အကျယ်အဝန်းကို အင်္ဂလိပ်ဥပဒေအတိုင်း ဂရန်ထုတ်ပေးခဲ့သည်။ သို့ရာတွင် ဘုရားကုန်းတော်ပေါ်၌ စစ်တပ်စွဲထားခြင်း၊ အနောက်မုခ်ကို ပိတ်ထားခြင်း၊ တနင်္ဂနွေထောင့်တွင် စစ်သင်္ချိုင်းထားရှိခြင်းတို့မှကား ရှိမြဲတိုင်းရှိနေလေသည်။ ဘုရားလူကြီးအဆက်ဆက်တို့သည် အင်္ဂလိပ်အစိုးရထံ ဤကိစ္စများကို မကြာခဏ တင်ပြ၍ တောင်းဆိုခဲ့ကြသည်။ (အခန်း ၆ တွင်ရှုပါ)

ဤအတောအတွင်း၌ ကုန်းတော်မြေ အလယ်ပစ္စယာတွင် စရပ်များဆောက်လုပ်ရန်၊ အရှေ့ဖက် စစ်ကျုံးတန်တားပေါ်မှစ၍ ဘုရားမြေအဆုံးအထိ တန်ဆောင်းကြီး ဆောက်လုပ်ရန်၊ တောင်ဖက်တွင် စစ်ကျုံးတန်တားပေါ်နှင့် အောက်လမ်းဘေး ကျောက်ပြားအထိ တန်ဆောင်း ဆောက်ရန်၊ မြောက်ဖက်တွင် စစ်ကျုံးတန်တားပေါ်မှ လမ်းအထိ တန်ဆောင်း ဆောက်လုပ်ရန်တို့ကို အစိုးရထံအခွင့်တောင်းခဲ့ကြရာ ဆောက်လုပ်ခွင့်ရသဖြင့် စေတီတော်သို့ တက်ရာလမ်းများတွင်တန်ဆောင်းကြီးများကို ဆောက်လုပ်ပြီးစီးလေသည်။



ဒုတိယကမ္ဘာစစ်ကြီးမစမီ ၁၉၃၀ ပြည့်နှစ် မှသပင် ဂေါပကအဖွဲ့၏ အားထုတ်ဆောင်ရွက်မှုကြောင့်လည်းကောင်း၊ တိုင်းသူ ပြည်သားတို့၏ ဆန္ဒအရလည်းကောင်း၊ စစ်တပ်ကို ရွှေ့သွားစေခြင်း၊ စစ်သင်္ချိုင်းကို ရွှေ့သွားစေခြင်း၊ အနောက်မုခ်ကို အသုံးပြုခွင့်ပေးခြင်း၊ ဘုရားပေါ်တွင် နိုင်ငံခြားသားများ ဘိနပ်မစီးရဟု တားမြစ်ပေးခြင်းတို့ကို အင်္ဂလိပ်အစိုးရက လိုက်လျောခဲ့ရပြီး ဖြစ်လေသည်။

နိုင်ငံခြားမှ ချစ်ကြည်ရေးအတွက် လာရောက်ကြသော အဖွဲ့များသည် ကုန်းတော်ပေါ်သို့ တက်၍ ဖူးမြော်လေ့ ရှိသည်။ ပုံတွင် ကိုရီးယားဒီမိုကရက်တစ်သမတနိုင်ငံမှ မန်ဆူဒေး ယဉ်ကျေးမှု အနုပညာအဖွဲ့ တက်ရောက်ဖူးမြော်ခဲ့စဉ်ဖြစ်သည်။



မြန်မာ့ဥသျှောင်ဖြစ်သည့် စေတီတော်ကြီးအား မြန်မာနိုင်ငံ၏ဧည့်သည်တော် နိုင်ငံအကြီးအကဲများလည်း တက်ရောက် ကြည်ညိုလေ့ရှိသည်။ ပုံမှာ မောရိရှပ်နိုင်ငံ ဝန်ကြီးချုပ်နှင့်အဖွဲ့အား မြန်မာနိုင်ငံအစိုးရအဖွဲ့မှ ပုဂ္ဂိုလ်များနှင့် ဘဏ္ဍာထိန်းလူကြီးများက စေတီတော်ရင်ပြင်ပေါ်တွင် လိုက်လံပြသနေပုံ

ဘဏ္ဍာထိန်းအဖွဲ့ဥပဒေ

၁၉၃၉ ခုနှစ်သို့ရောက်သောအခါ အင်္ဂလိပ်အစိုးရကပင် ရွှေတိဂုံစေတီတော်ဥပဒေကို ဇွန်လ ၂၂ ရက်နေ့တွင် ပြဋ္ဌာန်းပေးသည်။ ယင်းဥပဒေကို တရားသူကြီး ဦးဘဦး လက်မှတ်ရေးထိုး၍ခွင့်ပြုလေသည်။ ရွှေတိဂုံစေတီတော် ဘဏ္ဍာထိန်းလူကြီးတို့က "ရန်ကုန်မြို့ ရွှေတိဂုံစေတီတော်ကြီး ဥပဒေလက်စွဲ" ဟူသောအမည်ဖြင့် ခရစ်နှစ် ၁၉၄၁ ခု(သက္ကရာဇ် ၁၃၀၃ ခု) နှစ်တွင် ပုံနှိပ်ထုတ်ဝေလေသည်။

ဤဥပဒေတွင် အပိုဒ်ရှစ်ခုပါဝင်ပြီး အပိုဒ်ခွဲများခွဲခြား၍ ပြည့်စုံစွာဖော်ပြထားသည်။ ဥပဒေပုဒ်မ ၈ တွင်ပါဝင်သောအပိုဒ်(ဗ)အရ "ဘဏ္ဍာထိန်းဂေါပကလူကြီးတို့၏ ဤစည်းကမ်း

ဥပဒေနှင့် ညီညွတ်သော စည်းမျဉ်း ဥပဒေများကို ပြုလုပ်နိုင်ရန် အခွင့်အာဏာရှိစေရမည်။ သို့ရာတွင် ထိုစည်းမျဉ်း ဥပဒေများသည် ရန်ကုန်ထုတ် မြန်မာသတင်းစာတွင် သုံးကြိမ် ကြော်ငြာပြီးမှသာလျှင် အတည်ဖြစ်စေရမည်'' ဟူသော အချက်တချက် ပါရှိလေသည်။

ထိုအခွင့်အာဏာအရ ဘဏ္ဍာထိန်းအဖွဲ့သည် ဘိုင်လော ခေါ် စည်းကမ်းဥပဒေများကို ၁၉၃၉ ခုနှစ်နှင့် ၁၉၄၀ ပြည့်နှစ်များအတွင်းရေးဆွဲ၍ထုတ်ပြန်ကြေညာခဲ့လေသည်။ စုစုပေါင်း စည်းကမ်းဥပဒေ ၂၈ မျိုးပါဝင်သည်။ ယင်းတို့တွင် ကုန်းတော်ရင်ပြင်နှင့် စောင်းတန်း၊ အဆောက်အအုံများသန့်ရှင်းရေးကိစ္စ၊ ရေသည်များ၊ ရွှေချသမားများ၊ ဆိုင်ရှင်များလိုက်နာရန်ကိစ္စ၊ ဈေးအခွန်အခနှင့် ပွဲတော်ဈေးခွန်များ၊ ရွှေမြေ၊ သဲမြေများ လေလံပစ်ရန်ကိစ္စ၊ ဖယောင်းစက်များကိုလေလံပစ်ရန်ကိစ္စ၊ ဓာတ်မီးဆိုင်ရာစည်းကမ်းများ၊ မီးဘေးကာကွယ်ရန် စည်းကမ်းများ၊ စာရင်းအင်းစစ်ဆေးရန်ကိစ္စ၊ ကုန်းတော်ပေါ်တွင် တီးမှုတ်ကခုန်ခြင်း၊ ကုသိုလ်တော်များကို ပြင်ဆင်မွမ်းမံခြင်း အစရှိသည့် အကြောင်းကိစ္စများ၌ လိုက်နာရန် စည်းကမ်းများ ချမှတ်ပေးထားလေသည်။

ဤဥပဒေတွင် ဘဏ္ဍာထိန်းအဖွဲ့၌ တံဆိပ်တခု ထားရှိရမည်။ ''ဘဏ္ဍာတော်ထိန်း ဂေါပကလူကြီးတို့၏အတွက် ထုံးပုံကျ၊ စာချုပ်စာတမ်းများနှင့် မှာကြားချက် စာအရပ်ရပ် ပေါ်တွင် ၎င်းတံဆိပ်ခတ်နှိပ်ရမည်။ အဆိုပါတံဆိပ်ကို အမှုဆောင်ဘဏ္ဍာတော်ထိန်းဂေါပက လူကြီးထံတွင် ထိန်းသိမ်းထားရှိစေရမည်'' ဟူ၍လည်း ပါရှိသည်။ ထိုတံဆိပ်မှာ မနုသီဟ ပုံတံဆိပ် ဖြစ်လေသည်။

ရွှေတိဂုံစေတီတော်ကြီး၏ ဥပဒေလက်စွဲကို ထုတ်ပြန်သော ၁၉၄၁ ခုနှစ်တွင် ဘဏ္ဍာတော်ထိန်းအဖွဲ့ဝင် လူကြီးကိုးဦးမှာ အောက်ပါအတိုင်း ဖြစ်သည်။

၁။ ဦးသိမ်းမောင်၊ အမ်၊ အေ။ အယ်လ်အယ်လ်ဘီ။ လွှတ်တော်ရှေ့နေချုပ်ကြီး

၂။ ဦးဘကျော်၊ မြေပိုင်ရှင်သူဌေး

၃။ ဆရာ-ဦးသွင်၊ အထက်လွှတ်တော်အမတ်၊ ဆန်စက်ပိုင်သူဌေး

၄။ ဦးမြင့်၊ ဆန်စက်သူဌေး

၅။ ဦးဘိုးမြော့၊ ဆန်စက်သူဌေး၊ ရီဇပ်ဘဏ်ဒါရိုက်တာလူကြီး

၆။ ဦးဘသော်၊ အထက်လွှတ်တော်အမတ်၊ ဆန်စက်သူဌေး

၇။ ဦးဘိုးစော၊ ပွဲစားကြီး

၈။ ဦးညွန့်၊ အထက်လွှတ်တော်အမတ်၊ ဗြိတိသျှဘားမားရုပ်ရှင်သူဌေး

၉။ ဦးဘိုးသောင်း၊ အော၊ တီ၊ အမ်၊ အငြိမ်းစား မြေအရေးပိုင်တို့ဖြစ်ကြသည်။ ထိုအဖွဲ့၏ လက်ထက်တွင် ဘဏ္ဍာတော်ထိန်းအဖွဲ့၏ စာရင်းများကို စစ်ဆေးပေးရသော စာရင်းစစ်မှာ ဦးမြဘူး ဖြစ်ပြီး၊ ဘဏ္ဍာတော်ငွေများကို အင်ပီးရီးရယ်ဘဏ်တွင် အပ်နှံထားရှိလေသည်။

ဒုတိယကမ္ဘာစစ်ကြီး ပြီးသည့်နောက် ၁၉၄၆ ခုနှစ်၊ ဧပြီလအထိ အထက်ပါပုဂ္ဂိုလ်များသည်ပင်လျှင် ဘဏ္ဍာထိန်းလူကြီးများအဖြစ် ဆောင်ရွက်နေခဲ့ကြသည်။ နောက်ပိုင်းတွင် ဦးဘိုးသောင်း ကွယ်လွန်သဖြင့် ဦးဘဖိုးကို ရွေးကောက်တင်မြှောက်လေသည်။

ယနေ့လက်ရှိ (၁၉၇၂ ခုနှစ်တွင်) ဘုရားကြီးကို ပိန္နဲတိုင်ပြုပြင်ပြီးသည့် အချိန်အထိ ဆောင်ရွက်လျက်ရှိသော ဘဏ္ဍာတော်ထိန်းအဖွဲ့ဝင် ကိုးဦးတို့မှာ အောက်ပါအတိုင်းဖြစ်လေသည်။

၁။ ဦးထွန်းလွင်၊ (၂၅-၁၁-၇၁ မှစ၍ ၁၉၇၈ ခုနှစ်ထိ)
(အဂ္ဂမဟာသရေစည်သူ ဦးသိမ်းမောင်၊ ရာသက်ပန်သည် ၁၉၁၉ ခုနှစ်မှစ၍ ၅၂ နှစ်တိုင်တိုင် ဆောင်ရွက်ခဲ့ပြီး အသက် ၈၂ နှစ်အရွယ် ၁၉၇၁ ခု၊ စက်တင်ဘာလ ၂၀ ရက်နေ့၌ အနားယူသည့် နေရာတွင် ရွေးချယ်ခံရသည်။)

၂။ ဝဏ္ဏကျော်ထင် ဦးမြင့်၊ (၁၉၂၇ ခုနှစ်မှစ၍ ရာသက်ပန်)



၁၉၇၂ ခုနှစ်တွင် တာဝန်ထမ်းဆောင်လျက်ရှိသော စေတီတော် ဘဏ္ဍာထိန်းအဖွဲ့ဝင်လူကြီးများပုံ ဝဲမှယာသို့။ ဦးထွန်းလွင်၊ ဦးကိုကို၊ ဦးဘခင်၊ ဦးမြင့်၊ ဗိုလ်မှူးအောင်၊ ဦးဘသော်၊ ဦးတင်မောင်၊ ဦးလှမြင့်၊ ဦးအောင်သိမ်းတို့ ဖြစ်ကြသည်။

၃။ ဦးဘသော်၊ (၁၉၇၂ ခုနှစ်မှ စ၍ ရာသက်ပန်)
၄။ သတိုးသီရိသုဓမ္မ ဗိုလ်မှူးအောင်၊ ( ၇–၄–၆၉ မှ စ၍ ၆–၈–၇၂ အထိ)
၅။ ဦးကိုကို၊ (၁၈–၁–၆၇ မှစ၍ ၁၉၇၄ ခုနှစ်အထိ)
၆။ ဦးအောင်သိမ်း၊ (၁၅–၁၁–၇၁ နေ့မှ စ၍ ၁၉၇၈ ခုနှစ်ထိ)
(သီရိပျံချီ ဦးကျော်စိန်၊ ကွယ်လွန်၍ နေရာတွင် ရွေးချယ်ခံရသည်။)
၇။ ဝဏ္ဏကျော်ထင် ဦးဘခင်၊ (၁၈–၅–၇၁ မှ စ၍ ၁၉၇၈ ခုနှစ်ထိ)
၈။ ဦးတင်မောင်၊ (၁၈–၅–၇၁ မှ စ၍ ၁၉၇၈ ခုနှစ်ထိ)
၉။ သီရိပျံချီ ဦးလှမြင့်၊ (၂၃–၅–၇၁ မှစ၍ ၁၉၇၈ ခုနှစ်ထိ)

ဘဏ္ဍာတော်ထိန်းအဖွဲ့၏ အတွင်းရေးမှူးမှာ ဦးလှတင် ဖြစ်သည်။ စာရင်းစစ်မှာ အစိုးရမှတ်ပုံတင် စာရင်းစစ် ဦးကိုကို ဖြစ်သည်။

ယင်းဘဏ္ဍာထိန်းအဖွဲ့၏ လုပ်ငန်းများကို အကြံဉာဏ်ပေးစောင့်ရှောက်ရန် ဩဝါဒါစရိယဆရာတော်များ အဖွဲ့တဖွဲ့ကိုလည်း ဖွဲ့စည်းထားရှိလေသည်။ ယင်းအဖွဲ့တွင် အောက်ပါဆရာတော်ကြီးများ ပါဝင်ပါသည်။

၁။ ကြည့်မြင်တိုင် ဇေယျဝတီတိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဦးဥက္ကံသ၊
၂။ ပုဇွန်တောင် ညောင်ကုန်းကျောင်းတိုက် လယ်တီ စံကျောင်း ဆရာတော် ဦးစန္ဒိမာ၊
၃။ ဗားကရာ တောရကျောင်းတိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဦးနာဂဝံသ၊
၄။ အောင်မြေသုခကျောင်းတိုက်ဆရာတော် ဦးဝိသုဒ္ဓ၊
၅။ အလယ်တောရ တောင်စွန်းကျောင်းဆရာတော် ဦးဝါယမ၊
၆။ ခြောက်ထပ်ကြီး ဘုရားကြီးကျောင်းတိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဦးအာစိဏ္ဏ၊
၇။ ကြည့်မြင်တိုင် စလင်းကျောင်းတိုက်ဆရာတော် ဦးကုမာရ၊
၈။ သရက်တောကျောင်း ပုဗ္ဗာရုံမြိတ်ကျောင်းဆရာတော် ဦးအာလောက၊
၉။ ကုက္ကိုင်း သာသနာ့ရိပ်သာ ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဦးသောဘန

တို့ဖြစ်ကြပါသည်။

**အလှည့်ကျဂေါပက**

ဘုရားကြီး၏ နေ့စဉ်အုပ်ချုပ်စီမံရေးကိစ္စများကို ဆောင်ရွက်ပေးရသော ပုဂ္ဂိုလ်မှာ ဘဏ္ဍာထိန်းအဖွဲ့မှ အလှည့်ကျ ဂေါပကလူကြီးတဦးဖြစ်သည်။ ပုဂ္ဂိုလ်တဦးလျှင် သုံးလမျှ

တာဝန်ယူ၍ တာဝန်ပြီးဆုံးသောအခါ အခြားအလှည့်ကျ လူကြီးသို့တဆင့် လွှဲပြောင်းပေးရသည်။

လက်ရှိ ဂေါပကထိန်းအဖွဲ့စည်းမျဉ်းအရ ဂေါပကတော်ထိန်းအဖွဲ့ဝင် လူကြီးများတွင် ရာသက်ပန်ရွေးကောက်ခံရသော လူကြီးများမှတပါး ကျန်လူကြီးများ၏ တာဝန်သက်တမ်းမှာ ခုနစ်နှစ်မျှဖြစ်သည်။ တာဝန်သက်တမ်း ကုန်ဆုံးသောအခါ အသက် ၆၀ မကျော်သေးလျှင် ပြန်လည်အရွေးခံနိုင်ခွင့် ရှိလေသည်။

**ဝန်ထမ်းများ**

ဘုရားကြီး၏ဂေါပကငွေဖြင့် ခန့်ထားသော အမြဲတမ်း အမှုထမ်းပေါင်းမှာ ၈၈ ဦး ရှိလေသည်။ ၎င်းတို့ကို တာဝန်အလိုက် ခွဲခြားဖော်ပြရသော် အောက်ပါအတိုင်း ဖြစ်သည်။

၁။ ရုံးဝန်ထမ်း .... ၉ ဦး
၂။ ငွေပြားခတ်သူ .... ၁ ဦး
၃။ အကြွေးကောက်ခံသူ .... ၂ ဦး
၄။ လျှပ်စစ်မီးဆရာ .... ၂ ဦး



ဂေါပကတော်ထိန်းအဖွဲ့က ခန့်ထားသော ဘုရားစောင့်ရဲများသည် စေတီတော်ကြီး၏ လုံခြုံရေးနှင့် ဘုရားဖူးများ စိတ်ချမ်းသာစွာ ကြည်ညိုဝတ်ပြုနိုင်ရေးကို ဆောင်ရွက်ပေးကြသည်။

| | | | |
|---|---|---|---|
| ၅။ | ရေပိုက်သွယ်ဆရာ | .... | ၃ ဦး |
| ၆။ | လက်သမား | .... | ၁ ဦး |
| ၇။ | ပန်းရံ | .... | ၁ ဦး |
| ၈။ | ဓာတ်လှေကားမောင်းသူ | .... | ၂၂ ဦး |
| ၉။ | အလှူခံပုံးတာဝန် | .... | ၆ ဦး |
| ၁၀။ | ဘုရားစောင့် ရဲကြပ် | .... | ၄ ဦး |
| ၁၁။ | ဘုရားစောင့်ရဲ | .... | ၂၂ ဦး |
| ၁၂။ | သန့်ရှင်းရေးလုပ်သား | .... | ၁၅ ဦး |

အထက်ပါဝန်ထမ်း ၈၈ ဦးတို့၏ လစာငွေမှာ တလလျှင် ၁၁,၀၀၀ ကျပ်မျှကုန်ကျသည်။ ထို့ပြင် အချို့ဝန်ထမ်းများအား အချိန်ပိုလုပ်ခပေးရသည်။ အချို့ကို ဝတ္တရားကျေပြွန်သဖြင့် ဆုပေးသည်။ နှစ်စဉ် နှစ်တိုးလစာများ ချီးမြှင့်ရသည်။ ဝန်ထမ်းများအတွက် ဝတ်စုံကိုလည်း ထုတ်ပေးသည်။ ထိုဝန်ထမ်းများအပြင် အခါအားလျော်စွာ လုပ်ငန်းအလိုက် ပုတ်ပြတ်၊ နေ့စားငှါးရမ်းရသော အလုပ်သမားများလည်း ရှိပေသည်။ ယခုအခါ ဝန်ထမ်းဦးရေ ၁၂၀ ကျော်အထိ တိုးချဲ့ခန့်ထားနိုင်ရန် ဘဏ္ဍာတော်ထိန်းအဖွဲ့က စီစဉ် ဆောင်ရွက်လျက် ရှိသည်။

## ဘဏ္ဍာတော်ရရှိရာ

ရှေးမင်းများလက်ထက်က ဘုရားကြီးအား ထီးတင်ရန်၊ ငှက်မြတ်နား စိန်ဖူးတင်ရန် များကို လူထုအကူအညီဖြင့် ပြုလုပ်သည်။ ဘုရားကြီးအား စောင့်ရှောက်ထိန်းသိမ်းရေး လုပ်ငန်းများအတွက် ကျွန်များလှူသည်။ ခွါသားခေါ် အရံစောင့်များထားသည်။ နှစ်စဉ် ပြုပြင် ထိန်းသိမ်းမှုများကိုလည်း ပြုလုပ်သည်။ ဘုရားဝတ္တကမြေများမှထွက်သော သီးနှံများ ကိုလည်း ရောင်းချ၍ ဘုရားကြီးကို ပြုပြင်မွမ်းမံရန်အတွက် သုံးလေသည်။ အထောက်အ ထား တွေ့ရှိရသော သာဓကတရပ်မှာ သက္ကရာဇ် ၁၁၆၄ ခု၊ ဗဒုံမင်းလက်ထက် ကောက်ယူ သော **ဟံသာဝတီမြို့ စစ်တမ်း** တွင် အောက်ပါအတိုင်း ဖော်ပြထားသည်။

> ဟံသာဝတီ၊ ဒဂုံမြို့နယ်အတွင်း ဒဂုံဆံတော်ရှင် ဘုရားဝတ်မြေများမှာ ဦးယဉ်၊ လယ်ယာအသီးအပွင့်၊ အမြင့်အနိမ့်တို့ကထွက်သမျှ အခွန်ထမ်း သူတို့မှာ ဦးယဉ်တခုလျှင် တနှစ်ကိုအခွန် ၅ ၂ ိ (နှစ်ကျပ် နှစ်မတ်) ပေးဆောင်ရမြဲ အခွန်စုကို ရွှေဆံတော်ဘုရားစေတီတော်၊ ပရိဘောဂ တိုက်တော်များမှာ ထုံးအင်္ဂတေ မကောင်း ဟောင်းနွမ်းပျက်စီးသည် များကို ဘုရားကြီးမှာ အရံစောင့်တို့က ကြပ်မတ်ပဲ့ပြင်မြဲ ဖြစ်ပါသည်။

## ထိန်းသိမ်းစောင့်ရှောက်ရေးအတွက် အလှူငွေများ

ယခုခေတ် စေတီတော်ကြီးကို ပြုပြင်ထိန်းသိမ်း စောင့်ရှောက်ရန်အလို့ငှါ ရရှိသော ငွေကြေးများအနက် ပြည်သူလူထု၏အလှူငွေများသည် အများစုဖြစ်သည်။ ထိုအထဲတွင် စေတနာရှင်တို့လှူဒါန်းသော ငွေစုစာချုပ်များမှ ရရှိသောအတိုးများ၊ ရွှေပြား၊ ရွှေသက်န်း၊ မီးသွယ်ရန်၊ စေတီ တန်ဆောင်းနှင့် အဆောက်အအုံများ ပြုပြင်ရန်လုပ်ငန်းအလိုက် လှူဒါန်းသောငွေများ၊ ဘုရားကြီးကုန်းမြေရင်ပြင်တွင် ထားရှိသော အလှူခံပုံးအသီးသီးမှ ရရှိသော အလှူငွေများ၊ စေတီတော်နယ်မြေအတွင်းရှိ အပင်များမှ အသီးအပွင့် ကန်ထရိုက်၊ ထန်း၊ အုန်း ကန်ထရိုက်တို့မှရငွေများ၊ ဆိုင်ခန်းငှါးခများ၊ ခေါင်းရွက် ဗျတ်ထိုး ဈေးကောက်၊ ဘုရားပွဲတော်ဈေးကောက်၊ မီးပူဇော်ပြီးသောဖယောင်းများကို စုဆောင်းရောင်းချရရှိသော ငွေများ၊ မုတ်သုံးဖက် ခေတ်လှေကားများမှ ရရှိသောငွေများတို့ ပါဝင်လေသည်။

အလှူခံပုံးများမှ ကောက်ခံရရှိငွေမှာ ၁၉၇၀ ခုနှစ် ဧပြီလမှ ၁၉၇၁ ခုနှစ် မတ်လ အထိ၊ တဆယ့်နှစ်လအတွင်း ကျပ် ၃,၇၅,၀၀၀ (လေးသိန်းနီးပါး) ဖြစ်သည်။ ခေတ်လှေကား များမှ နှစ်စဉ်ရရှိငွေမှာ ကျပ် ၂၇၀,၀၀၀ (သုံးသိန်းနီးပါး) ဖြစ်သည်။

၁၉၇၁ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့တွင် စေတီတော်ကြီး၏ ဘဏ္ဍာထိန်းအဖွဲ့မှ ပိုင်ဆိုင်သောငွေမှာ ကျပ် ၇၃ သိန်း ဖြစ်လေသည်။



ကုန်းတော်နှင့် ရင်ပြင်သန့်ရှင်းရေးအတွက် ဖွဲ့စည်းထားသော ဝေယျာဝစ္စအသင်း များစွာရှိသည့်အနက် တံမြက်လှဲအသင်းတခု သန့်ရှင်းရေးလုပ်နေပုံ

## မြတ်ဘုရားရွှေတိဂုံ

### ဝတ္တကမြေအကျယ်အဝန်း

ရွှေတိဂုံစေတီတော်၏ လက်ရှိဝတ္တကမြေ အကျယ်အဝန်းမှာ ၁၁၃.၈၄၄ ကေ (၁၁၄ ဧကနီးပါး) ဖြစ်သည်။ ပထမဦးစွာသတ်မှတ်ပေးသော ဂရန်မြေမှာ ၇၈.၉၇၆ ကေဖြစ်သည်။ ထိုမြေကို ၁၉၃၀ ပြည့်နှစ်တွင် စာချုပ်ဖြင့် လွှဲပြောင်းပေး၍ ၁၉၃၂ ခုနှစ်နှင့် ၁၉၃၄ ခုနှစ်များတွင် ထပ်မံပြင်ဆင်သတ်မှတ်ပေးသည်။ ၁၉၃၅ ခုနှစ်တွင် ဘုရားကြီးအရှေ့စောင်းတန်းအတွက်မြေ ၀.၇၄၅ ဧကကို ထပ်မံဂရန်ထုတ်ပေးသည်။ တဖန် ဘုရားကြီး၏အနောက်ဖက်နှင့် အနောက်မြောက်ဖက်ရှိ စိုက်ပျိုးထားသော မြေနေရာများအတွက် ၁၉၃၉ ခုနှစ်တွင် ဧကပေါင်း ၃၀.၆၆၆ ကို ဂရန်ထုတ်ပေးသည်။ ၁၉၅၀ ခုနှစ်တွင် ရွှေတိဂုံဘုရားလမ်း၏ အနောက်ဖက်ဖြစ်သော တောင်ဖက်မုတ်မှမြေ ၁.၁၅၇ ကို လွှဲပြောင်းပေးသည်။ နောက်ထပ် ဘုရားလမ်း၏အရှေ့ဖက်မှ မြေ ၂.၃၀၀ ဧကကို ၁၉၆၁ ခုနှစ်တွင် ဂရန်ထုတ်ပေးခဲ့လေသည်။

### ဝေယျာဝစ္စအသင်းများ

စေတီတော်ကြီး၏ ဝေယျာဝစ္စအမျိုးမျိုးကို ဆောင်ရွက်ပေးလျက်ရှိသော အသင်းအဖွဲ့ပေါင်းမှာ ၃၇ သင်းရှိသည်။ ထိုအသင်းများ၏ တည်ရာမှာ ဘုရားကုန်းမြေပေါ်နှင့် ရင်ပြင်တော်တွင် ရှိသည်။ ထိုအသင်းများတွင် ရောင်တော်ဖွင့်သောအသင်း၊ ရေလှူသောအသင်း၊ တံမြက်လှည်းသောအသင်း၊ ရွှေဆိုင်းလှူဒါန်းသောအသင်း၊ ဆွမ်းဆန်လှူဒါန်းသောအသင်းနှင့် ကုန်းတော်ပေါ်ရှိ ရေအိမ်များကို သန့်ရှင်းအောင် အချိန်မှန်မှန် ဆေးကြောသုတ်သင်သောအသင်းအထိ ပါရှိလေသည်။ (နောက်ဆက်တွဲ ၄ တွင် ရှုပါ။)

ဘုရားကြီးတွင် တပေါင်းလပြည့်၊ ကဆုန်လပြည့်၊ ဝါဆိုလပြည့် စသည့် ပွဲတော်များကျင်းပသည့်အခါ ထိုအသင်းအဖွဲ့များက အင်တိုက်အားတိုက် ပါဝင်ဆင်နွှဲကြလေသည်။

### ရာသီမပြတ် ပွဲတော်များ

ရွှေတိဂုံစေတီတော်၏ သတ်မှတ်ထားသော ဘုရားပွဲတော်ရက်မှာ တပေါင်းလပြည့်နေ့ဖြစ်သည်။ သို့သော် အခါကြီးရက်ကြီးတိုင်း၌လိုပင် ဘုရားကုန်းတော်နှင့် ရင်ပြင်များ၌ ဘုရားဖူးများ၊ ဥပုသ်သည်များဖြင့် စည်ကားနေလေ့ရှိသည်။ ထိုနေ့များ၌ နံနက်အရုဏ်တက်ဆွမ်း ပန်း သစ်သီးကပ်ချိန်မှစ၍ ညဖက် ပန်း၊ နံ့သာ၊ ဆီမီးများ ကပ်လှူချိန်အထိ ဘုရားဖူးလာသူ၊ ဘုရားမှပြန်သူတို့ဖြင့် ကုန်းတော် စောင်းတန်းလေးသွယ်တို့တွင် အထွက်အဝင် စည်



ဗုဒ္ဓဘာသာဆိုင်ရာ အခါကြီး ရက်ကြီးများ၌ စေတီတော်ရင်ပြင်တွင် ဘုရားဖူးများနှင့် တိုးမပေါက်အောင် ရှိသည်။ ဤပုံမှာ တပေါင်းပွဲတော်အတွင်း အရှေ့တောင်ပေါက် ရင်ပြင်၌ တွေ့ရသော ဘုရားဖူး ပရိသတ်ဖြစ်သည်။

ကားလှသည်။ အမှန်စင်စစ် မြန်မာတို့၏ ၁၂ ရာသီပွဲတော်များ အားလုံး၌လိုလိုပင် ရွှေတိဂုံစေတီတော်တွင် အထူးစည်ကားလေသည်။

## တပေါင်းပွဲတော်

တပေါင်းလပွဲတော်မှာ စေတီတော်ကြီးကို စတင်တည်ထားသော အထိမ်းအမှတ်အဖြစ် ပွဲတော်ကျင်းပခြင်း ဖြစ်သည်။ ရှေးကတည်းက ထင်ရှားသော ပွဲတော်ဖြစ်သည်။ ထိုစဉ်က အုပ်ချုပ်သော ဘုရင်ကိုယ်စား မြို့ဝန်က ဘုရားဖူးတက်၍ အခမ်းအနား အဆောင်အယောင်ဖြင့် လှူဘွယ်ဝတ္ထုတို့ကို လှူဒါန်းရသည်။ အငြိမ့်၊ ရုပ်သေး၊ ဇာတ်သဘင် စုံလင်စွာခင်းကျင်းကြသည်။ စာဆို နဝဒေးကြီးက ''တပေါင်းသော်ကား၊ ဆံတော်ဒဂုံ၊ တက်ကြတုံ၏။ ပည်းပုံများဖြင့်၊ သဘင်နှစ်ကြောင်း၊ လေ့ပေါင်းလှည်းကာ၊ တုပဆင်ယင်၊ မမြင်စဖူး၊ တင့်လွန်

ကျူးမျှ၊ စုံပူးမကွာ၊ သို့သောခါသည်'' ဟူ၍ ဖွဲ့ခဲ့ရသည်။ နိုင်ငံတွင်း နိုင်ငံပမှ ပွဲတော်ကို တကူးတက လာရောက်ကြသည်။ ပွဲတော်ဈေးတွင် ကုန်စည်ဖလှယ်ကြသည်။

ခေတ်သစ်ပိုင်းတွင် တပေါင်းပွဲတော်ကို ပြည်သူလူထုကပင်ဆက်၍ ဆင်နွှဲခင်းကျင်းကြသည်။ တဦးချင်း၊ တမိသားချင်း၊ အပေါင်းအဖော်တစုချင်း ဘုရားဖူးလာကြသည့်နည်းတူ အသင်းအဖွဲ့အလိုက် အစုအဝေးနှင့် လှေတတန်၊ လှည်းတတန် လာကြသည်လည်းရှိသည်။ ထို့ကြောင့် ကုန်းတော်ဝန်းကျင် စရပ်များ၊ ကျောင်းများ၊ စောင်းတန်းများနှင့် ရင်ပြင်အနှံ့တွင်လည်း ဘုရားဖူးများမှာ တိုး၍မပေါက်အောင် စည်ကားလေသည်။

ဒုတိယ ကမ္ဘာစစ် မဖြစ်မီ အချိန်က ရန်ကုန်မြို့၊ အရပ်အသီးသီးမှ လူများသည် တပေါင်းလပြည့်နေ့ကို နွှဲရန်အတွက် အဖိတ်နေ့ညကပင် ကန်တော်မင်ပန်းခြံ၌ နေရာယူပြီး မနက်အရုဏ်ကပ်ရန် ချက်ပြုတ်ကြသည်။ ညအခါ အနောက်မုတ်တွင်ပြနေသော ရုပ်ရှင် ကြည့်ချင်ပွဲများသို့ သွားကြသည်။ ပြပွဲပြိုင်ပွဲများသို့လည်း သွား၍ကြည့်ကြသည်။ ဘုန်းကြီးပျံပွဲများကိုပင်လျှင် တပေါင်းလအခါကိုစောင့်၍ စည်စည်ကားကား အန္တိမဈာပနသဘင် ဆင်ယင်ကြသည်။ ဘုန်းကြီးပျံပွဲများကို တောင်ဖက်မုတ်နှင့် အရှေ့ဖက်မုတ်အကြား ကွက်လပ်တွင် ပြုလုပ်လေ့ရှိပေသည်။

တန်ခူးလ သင်္ကြန်ရက်နှင့် မြန်မာနှစ်ဆန်းတရက်နေ့များတွင်လည်း ရွှေတိဂုံစေတီတော်ကြီးသို့တက်ရောက်ကြသည်။ ရုပ်ပွားများ၊ ဆင်းတုများကို ရေသပ္ပါယ်ကြသည်။ အမွှေးနံ့သာတို့ဖြင့် သွန်းလောင်းကြသည်။

## ကဆုန်ညောင်ရေပွဲ

ကဆုန်လပြည့်နေ့ကား ဗုဒ္ဓနေ့ဟုခေါ်တွင်ရလောက်အောင် ဗုဒ္ဓလောင်းလျာ ဖွားမြင်သောနေ့၊ ပွင့်တော်မူရာနေ့၊ ပရိနိဗ္ဗာန် စံယူရာနေ့များအဖြစ် တထပ်တည်း ကျနေသဖြင့် ထူးခြားသောပွဲတော်တရပ်ဖြစ်သည်။ ကုန်းတော်ပေါ်ရှိ အရှေ့တောင်အရပ်၌ မဟာဗောဓိ အသင်းမှစိုက်ပျိုးထားသော ညောင်ပင်ခြေရင်းတွင် အေးမြကြည်လင်သော ရေစင်ဖြင့် သွန်းလောင်းကြလေသည်။ ထိုပွဲတော်ကို သက္ကရာဇ် ၁၂၈၇ ခုနှစ်မှစ၍ ကျင်းပလာခဲ့ရာ လာမည့် ၁၃၃၄ ခုနှစ်တွင် ၆၅ နှစ်မြောက်ပွဲတော်ကို ကျင်းပရပေမည်။ ပွဲတော်အခါတွင် ဗုဒ္ဓဘာသာဝင် အမျိုးသမီးများသည် တံပက်ကို ပခုံးတွင်တင်၍ ညောင်ရေအိုး ကိုယ်စီရွက်၍ ရပ်ကွက်အလိုက်၊ အသင်းအဖွဲ့များအလိုက် ဘုရားသို့တက်ရောက်ကြသည့် ရှုခင်းမှာ တဘာသာ ထူးခြား၍နေပေသည်။

## ကဆုန်လပြည့်အခမ်းအနားများ

ပွဲတော်ကျင်းပပုံကား ကဆုန်လပြည့်နေ့နံနက် ၅ နာရီခန့်တွင် ဗုဒ္ဓသာသနာနုဂ္ဂဟ အဖွဲ့မှကြီးမှူး၍ မဟာဗောဓိပင်၌ အသင်းအဖွဲ့ပေါင်းစုံ နေရာယူသည်။ နံနက် ၆ နာရီခန့် တွင် ညောင်ရေသွန်းမည့် အသင်းအဖွဲ့များသည် စေတီတော်ကို လက်ျာရစ် လှည့်ပတ် ပူဇော်ကြသည်။ ထို့နောက် သမ္မာဒေဝနတ်များကို ပင့်ဖိတ်ပြီး၊ မဟာဗောဓိ ဒုမေနာထော စသည့်ဂါထာတို့ဖြင့် အခမ်းအနားဖွင့်လှစ်သည်။ သံဃာတော်များထံ သီလခံယူပြီး အနေ ကဇာတိ ဂါထာနှင့် မေတ္တာသုတ် ပရိတ်တော်များ နာကြားကြသည်။ ရေစင်ရေချမ်း သွန်းလောင်း ဆက်ကပ်သည်။ ထို့နောက်တွင် မြန်မာနိုင်ငံသူ နိုင်ငံသားများနှင့်တကွ ကမ္ဘာသူကမ္ဘာသားအားလုံး ကိုယ်စိတ်နှစ်ဖြာ ကြည်လင်အေးမြစေရန် ဆုတောင်းပြီး အသင်းအဖွဲ့များက ညောင်ရေသွန်းလောင်းကြသည်။ ရေစင်သွန်းလောင်းနေစဉ် အဖွဲ့များ က ကြေးစည်ခရူသင်းများကို တီးမှုတ်ကြသည်။

ထိုနေ့တွင် ဘုရားကုန်းတော်အနောက်ဖက်ရှိ ဗုဒ္ဓဇယန္တီဓမ္မာရုံကြီး၌ ဗုဒ္ဓနေ့ အခမ်း အနားကိုကျင်းပ၍ သာသနာ့အလံကို လွှင့်ထူသည်။ သံဃာအပါး ၁၀၀၀ ကျော်တို့က ဗုဒ္ဓါဘိသေက ဂါထာတော်နှင့် မင်္ဂလသုတ်၊ မေတ္တာသုတ်၊ ပုဗ္ဗဏှသုတ် ပရိတ်တော်များကို ရွတ်ဆိုပြီး သတ္တဝါအပေါင်း ငြိမ်းချမ်းမှု သုခ ရစေရန် မေတ္တာပွားကြလေသည်။

## ဝါဝင်နှင့် ဝါထွက်အလှူများ

ဝါဆိုပွဲကား ဝါတော်ဝင်ဦး အခါရက် မှ ဥပုသ်သီတင်း ဆောက်တည်ရင်း ဘုရားဖူး တက်ကြသူ ဗုဒ္ဓဘာသာဝင်တို့ များပြားသည်။ ရွှေးကတည်းကပင် စေတီတော်၏ ကုန်းမြေနှင့်



ကဆုန် ညောင်ရေသွန်းပွဲတော် ကျင်းပသောအခါ အရှေ့တောင်ထောင့်ရှိ ဗောဓိညောင်ပင်၌ ရေစင် မသွန်းလောင်းမီ အတီးအမှုတ် အကအခုန်များဖြင့် အသင်းအဖွဲ့အလိုက် နှစ်စဉ် သိုက်ဝန်းစည်ကားစွာ လာရောက်ကြသည်။

ရင်ပြင်တဝိုက်၌ အေးချမ်းဆိတ်ငြိမ်ရာကိုရှာ၍ တရားဘာဝနာအားထုတ်ကြရင်း ညနေစောင်းမှ ကုန်းတော်ပေါ်မှ ဆင်းလေ့ရှိကြသည်။ ဝါဆိုလပြည့်အခါ စေတီပုထိုးတို့၌ ဝါဆိုပန်းကပ်သော အစဉ်အလာ ရှိသည်ဖြစ်ရာ ရွှေတိဂုံစေတီတော်ကြီးတွင် ဝါဆိုပန်းများလည်း ခါတိုင်းထက်ပင် တလန်းလန်း တကြိုင်ကြိုင်ရှိပေသည်။

သီတင်းကျွတ်ပွဲတော်ကား ဝါကျွတ်ပွဲ၊ ပဝါရဏာပွဲ ကျင်းပချိန်ဖြစ်သည်။ သက်သာနဂိုရ်ပြည်မှ ကြွမြန်းလာသော ဂေါတမမြတ်စွာဘုရားအား ဆီးကြိုပူဇော်သော ထုံးအစဉ်အလာအားဖြင့် မီးထွန်းပွဲ ကျင်းပကြသည်။ သီတင်းကျွတ်လပြည့်နေ့တွင် ဝါထွက်ဥပုသ်စောင့်ကြသူ များပြားသည့်နည်းတူ ဆီမီးပူဇော်ကြသော ဘုရားဖူးတို့၏ အစုအဝေးမှာလည်း များပြားလှသည်။

လွန်ခဲ့သော အနှစ် ၆၀ ကျော်က ရန်ကုန်မြို့သူမြို့သားတို့သည် သီတင်းကျွတ်လတွင် လမပြည့်မီ အဖိတ်နေ့ညမှစ၍ စရပ်ဒါယကာ၊ တန်ဆောင်းဒါယကာများက အတီးအမှုတ်အကအခုန်တို့ဖြင့် ညှော်ခံကျွေးမွေးကြသည်။ မိမိတို့စရပ်ရှေ့မှနေ၍ ဘုရားကြီးကုန်းတော် ခြေရင်းအရောက် မှန်ယုန်နားရွက် မီးအိမ်များတွင် ဖယောင်းတိုင်တပ်၍ ထွန်းညှိပြီး မီးစောင်းတန်း



သီတင်းကျွတ်ပွဲတော်၌ စေတီတော်ခြေရင်းတွင် ဆီမီးပူဇော်နေကြသော အမျိုးသမီးတစု



တန်ဆောင်မုန်းလပြည့်နေ့ အကြိုညဥ့် ရေကြည်တော်ဝတ်အသင်းတန်ဆောင်းတွင် မသိုးသင်္ကန်းများကို အဖွဲ့လိုက်ယှဉ်ပြိုင်၍ ရက်ကြပြီး လပြည့်နေ့နံနက် အရုဏ်တက်တွင် မုတ်ဦးဘုရားရှင်များသို့ ပူဇော်ရန် တယောက်တလက် သယ်ဆောင်၍ တပျော်တပါး ကပ်လှူကြသည်။

ပူဇော်ကြသည်။ မိမိတို့စရပ်တွင် ဆွမ်းတော်ကြီးကပ်လှူသည်။ စတုမဓုဆေးကျို၍ ဘုရားကို ကပ်လှူသည်။ လပြည့်နေ့နံနက်တွင် သံဃာတော်များကို ပင့်ဖိတ်၍ စတုမဓုဆွမ်း ကပ်လှူပြီး လူအများကိုလည်း ကျွေးမွေးလေ့ရှိသည်။

## မသိုးသင်္ကန်းကပ်လှူသော တန်ဆောင်တိုင်

တန်ဆောင်တိုင် ပွဲတော်ကား ရွှေတိဂုံစေတီတော်တွင် မသိုးသင်္ကန်းကပ်လှူသောပွဲ ဖြစ်သည်။ ဆီမီးပူဇော်ပွဲလည်းဖြစ်သည်။ အဖိတ်နေ့ညကပင် ကုန်းတော်ရင်ပြင်၌ ဘုရားဖူး များ စည်ကားလှသည်။ မဏ္ဍပ်များတွင် အဖျော်ယမကာနှင့် မုန့်များကို စတုဒိသာကျွေးမွေး ကြသည်။ စေတီတော် ရင်ပြင်၌ ဆီမီးခွက်များ၊ ဖယောင်းတိုင်များဖြင့် ပူဇော်ကြသည်။ ရင်ပြင်ပေါ်၌ ဖယောင်းဆီမီးတို့ ထိန်ညီးနေသည်နှင့်အပြိုင် စေတီတော် ကိုယ်လုံးပတ်လည်၌ လျှပ်စစ်မီးရောင်များဝင်းဝင်းပြောင်ပြောင်ရှိနေပေသည်။ကုန်းတော်အောက်အရပ်လေးမျက်နှာရှိ မြို့ကွက်ကြီး တခုလုံးမှာလည်း တန်ဆောင်ဆီမီးရောင်ဖြင့် တထိန်ထိန် ရှိနေပေတော့ သည်။ ထိုအလင်းရောင်များသည် မိုးကောင်းကင်တဝိုက်ကိုပင် ရောင်ပြန်တက်၍ ဟပ်နေ လေသည်။

## မြတ်ဘုရားရွှေတိဂုံ

ရေကြည်တော်ဝတ်အသင်းစရပ်၌ မသိုးသက်န်းများကို အဖွဲ့လိုက် ရက်ကန်းစင်တော်များခွဲ၍ စင်တော်အမည်များပေးကာ အပြိုင်ရက်လေ့ရှိကြသည်။ တစင်လျှင် အမျိုးသမီး နှစ်ယောက်ဖြစ်သည်။ သက်န်းတထည်ကို ချည်ခင်အဖြစ်မှအစ ချည်ချောထည်အထိ ဖြစ်အောင် အားသွန်၍ ညနေလေးနာရီမှစပြီး မနားတမ်းပြိုင်ကာ ရက်လုပ်ကြခြင်းဖြစ်သည်။ ပထမရသောစင်သည် အရုဏ်မတက်မီ အစောဆုံးပြီးသောစင်ဖြစ်သည်။ ထိုသင်္ကန်းကို လှူထုပရိသတ်က သယ်ဆောင်၍ တပျော်တပါး ကပ်လှူပူဇော်ကြလေသည်။ ၁၉၇၁ ခုနှစ်တွင် ရေကြည်တော်ဝတ်အသင်းက ၃၁ ကြိမ်မြောက် မသိုးသင်္ကန်းကပ်လှူပွဲကို ကျင်းပခဲ့လေသည်။

အထက်ပါပွဲတော်များ စည်ကားရေး၊ ဘေးကင်းလုံခြုံရေးတို့ကို ရွှေတိဂုံစေတီတော်ဂေါပကလူကြီးများက စီစဉ်ကြပ်မတ်၍ အခြားလုံခြုံရေး၊ စောင့်ရှောက်ရေး အသင်းအဖွဲ့များ အကူအညီဖြင့် နှစ်စဉ်ထိန်းသိမ်းဆောင်ရွက်ပေးကြလေသည်။



အခန်း ၈

# ရင်ပြင်တော်လမ်းညွှန်

တိဂုံဆံတော်ရှင်၏ခြေရင်း၌ မျက်ဝါးထင်ထင် ဦးခိုက်ဖူးမြော်လိုသူတို့သည် သိင်္ဂုတ္တရကုန်းတော်သို့ စောင်းတန်းလေးသွယ်မှ တက်နိုင်ပေသည်။ ကုန်းတော်ခြေရင်း၌ အရှေ့၊ အနောက်၊ တောင်၊ မြောက်ဟူသော အရပ်လေးမျက်နှာတွင် စောင်းတန်းလေးသွယ်ရှိသည်။ စောင်းတန်းတို့၏ထိပ်၌ မုတ်လေးမုတ်ရှိလေသည်။

ဘုရင်မကြီး ရှင်စောပုသည် အနောက်မုတ်မှတက်ရောက်၍ စေတီတော်ကြီးအား ဖူးမြော်လေ့ရှိသည်။ ရှေးကဘုရားဖူးများနှင့် ဥရောပတိုက်သား ခရီးသွားတို့မူကား ယခု မြို့ဖက်မုတ်ဟုခေါ်သော တောင်ဖက်မုတ်မှ တက်ရောက်လေ့ရှိသည်။ တောင်ဖက်မုတ်သည် မြို့လယ်နှင့်အနီးဆုံးဖြစ်ပြီး ကမ်းနားမှတက်သောလမ်းနှင့် တဖြောင့်တည်းဖြစ်သောကြောင့် ရှေးကတည်းကပင် ဘုရားဖူးအများဆုံးတက်ရောက်ခဲ့သော လမ်းဖြစ်လေသည်။

အရှေ့ဖက်မုတ်မှာ ဗဟန်းဖက်မှ တက်သောလမ်းဖြစ်သည်။ ယခင်က မြို့ဖက်မှပင် လာသောလမ်းဖြစ်သည်။ ဆံတော်များကို သိင်္ဂုတ္တရကုန်းသို့ ယူဆောင်ခဲ့သောလမ်းဟု ယူမှတ်သောအားဖြင့် ဆံတော်ကြိုလမ်းဟုခေါ်ကြသည်။ ထိုလမ်းသည် ရန်ကုန်မြို့ဖက်မှတက်၍ ယခုဂေါ်ရာကုန်းရှိရာ တောင်ကုန်းအတိုင်းလာပြီးသော် ဦးထောင်ဗိုလ်လမ်းနေရာကို ဖြတ်၍ အရှေ့မုတ်သို့ တိုက်ရိုက်ရောက်သည်။ ယခုလည်း မြို့ဖက်မှလာ၍ အရှေ့မုတ်မှ တက်လိုသူတို့သည် တောင်ဖက်မုတ်ဘေးမှပန်း၍ အရှေ့မုတ်သို့ ကားလမ်းအတိုင်း သွားနိုင်ကြပေသည်။ အင်္ဂလိပ်များမသိမ်းပိုက်မီအချိန်က ဂေါ်ရာကုန်းရှိရာ တောင်ကုန်းနှင့် သိင်္ဂုတ္တရ

ကုန်းတို့မှာ တဆက်တည်းဖြစ်ခဲ့သည်။ ဘုရားကြီးကုန်းမြေကိုပတ်၍ ကန်တော်ကြီးဖက်သို့ သွားသော ဦးထောင်ဗိုလ်လမ်းကို ဖောက်လုပ်သောအခါတွင်မှ သီးခြားဖြစ်သွားလေသည်။

ထိုစဉ်က ဂေါ်ရာကုန်းထက်မှ အရှေ့မုတ်သို့လာသော ဆံတော်ကြိုလမ်းတလျှောက်တွင် စရပ်များ၊ ကျောင်းများ အစီအရီ ရှိခဲ့သည်။ အင်္ဂလိပ်တို့က စစ်တန်းလျားများဆောက်လုပ်သောအခါတွင် ယင်းအဆောက်အအုံများကို ဖယ်ရှားပစ်လိုက်လေသည်။ ထိုလမ်းကို အရှေ့လမ်းဟုလည်းခေါ်သည်။ ယခုတောင်ဖက်မုတ်တည့်တည့်သို့ ဦးတိုက်၍သွားသောလမ်းကို အနောက်လမ်းဟု ခေါ်လေသည်။

တောင်ဖက်မုတ်မှ တက်လမ်းအစသည် ရှေးအခါက ယခုထက်ပို၍ ရှည်လျားခဲ့သည်။ ဘုရားလမ်းအတိုင်း တက်ခဲ့သော် လမ်းဘေးရှိ တန့်တော်မူစေတီနှင့် မွန်ပိဋကတ်တိုက်၊ ရွှေကျင်ဓမ္မာရုံ၊ ရဟန္တာသိမ်၊ အင်းလေးဓမ္မာရုံ၊ အောင်မင်္ဂလာစရပ်၊ လိပ်ကန်အစရှိသည့် ဝဲယာ အဆောက်အအုံများကို တွေ့ရခြင်းအားဖြင့် ရှေးကစရပ်၊ တန်ဆောင်းများရှိခဲ့ခြင်းကို သိသာနိုင်ပေသည်။



မြောက်ဖက် မုတ်မှာကား စောင်းတန်းအနည်းငယ်တိုသည်။ ရှေးက ဘုရားဖူးများ အတက်နည်းသော လမ်းဖြစ်သည်ဟုဆိုရမည်။ ကုတ်ကိုင်း၊ ရွှေဂုံတိုင်ရပ်ကွက်များဖက်သို့ ဆင်းသောလမ်း ဖြစ်ပေသည်။ ခေတ်သစ်ပိုင်းသို့ ရောက်လာသောအခါ၊ ရန်ကုန်မြို့ကြီး စည်ကား ကျယ်ဝန်းလာပြီး စေတီတော်ကြီးမှာ မြို့လယ်ခေါင် အရပ်၌တည်သဖြင့် လေးဖက်လေးတန်သော မုတ်တို့သည် ဘုရားဖူးများ ဥဒါဟိုထွက်ဝင်ရာဖြစ်နေပေသည်။

**စေတီတော်ကြီးသို့ မြောက်ဖက်မုတ်မှ တက်ရန် အာဇာနည်ကုန်းဘေး ရွှေဂုံတိုင်လမ်းနှင့် လင့်လမ်းထောင့်မှ အသစ် ဖောက်လုပ်ထားသော မကြာသေးမီက ဖွင့်လှစ်ခဲ့သည့် ခြေသွားလမ်း**

တောင်ဖက်မုတ်မှ တက်၍ဖူးရန်
ကားလမ်းအဘိုင်း ချဉ်းကပ်
လာသော်



ယခုအခါ အာဇာနည်ကုန်းဖက်ရှိ မြောက်ဖက်မုတ်မှသွဲလျှင် စောင်းတန်းလှေကား ထစ်များကို နင်းရန်မလိုပဲ ဓာတ်လှေကားများဖြင့်ပင် စေတီတော်ရင်ပြင်အရောက် အလွယ် တကူနှင့် တက်ရောက်ဖူးမြော်နိုင်ကြသည်။ သက်ကြီးရွယ်အိုများ၊ နာမကျန်းရှိသူများအတွက် အဆင်ပြေစေသည်။ ဘုရားကြီးကို တပင်တပန်း တက်၍ဖူးပြီး အားရပါးရ ကုသိုလ်ယူလိုက် မည် ဆိုသူတို့မူကား ရင်ပြင်တော်ပေါ်သို့ ရှေးကဘုရားဖူးများနည်းတူ အရပ်လေးမျက်နှာရှိ စောင်းတန်းလေးသွယ်မှပင် တက်ရောက်နိုင်ကြလေသည်။

ရန်ကုန်မြို့ ဆင်ခြေဖုံးရှိ အရပ်လေးမျက်နှာတို့မှ ဘုရားကြီးသို့ဖူးမြော်ရန် ချဉ်းကပ် လာလျှင်ပင် လမ်းကြီးလမ်းမ အတော်များများသည် ဘုရားကြီးကို ဦးတိုက်ထားကြောင်း တွေ့ရလိမ့်မည်။ ထို့ကြောင့် ရန်ကုန်မြို့တွင် မည်သည့်နေရာမှ လာသည်ဖြစ်စေ ဘုရားကြီးကို ဦးတိုက်လျက် သွားလာရပေသည်။

## ငြိမ်းချမ်းသောအရိပ်အာဝါသ

စေတီတော် ရင်ပြင်သို့ရောက်သောအခါ ထူးခြားသောအာရုံကို ခံစားရမိပေမည်။ ရွှေရောင်တဝင်းဝင်းဖြင့် သပ္ပါယ်လျက်ရှိသော စေတီတော်ကြီးအား အဝေးကလှမ်း၍ ဖူး မြော်ရခြင်းနှင့်မတူ။ အနီးကကပ်၍ ခြေတော်ရင်းတွင် ဖူးမြင်ရသောအခါတွင် သဒ္ဓါကြည်ညို ရင်းဖြစ်သော ဘုရားဖူးတို့၏စိတ်၌ ငြိမ်းချမ်းသော အရိပ်အာဝါသတခုတွင် ခိုလှုံရဘိသကဲ့သို့ ရှိလေသည်။

ဘုရားဖူးသည် စောင်းတန်းလေးသွယ်ရှိ လှေကားထစ်များကို တလှမ်းချင်း တက်ခဲ့ သည်ဆိုပါစို့။ လက်ဝဲလက်ျာ ဈေးတန်းများဆုံး၍ အာရုံခံတန်ဆောင်းထိပ်သို့ ရောက်မည်။ ထိုအခါ မုတ်ဦးတန်ဆောင်းဘေးမှ ဆိုက်ဆိုက်မြိုက်မြိုက်ဖူးမြင်ရသော စေတီတော်ကြီးသည် ဝင်းဝါရောင်ရွှေ ကျက်သရေနှင့်ပြည့်စုံလှသည်။ ကျယ်ဝန်းသောရင်ပြင်သည် ပန်းတင်ခုံနှင့်

မလှမ်းမကမ်း ခြေတော်ရင်းမှနေ၍ တပတ်ပြည့်အောင် လှည့်လည်ဖူးမြော်လိုသော ဆန္ဒကို လှုံ့ဆော်ဘိသို့ရှိသည်။

စောင်းတန်းထိပ်များတွင် ဈေးခင်းထားကြသော ဆိုင်တို့မှ ဘုရားတင်ရန် ပန်းရနံ့တို့သည် တပျံ့ပျံ့ တကြိုင်ကြိုင် ရှိတော့သည်။ ဤတွင် ကပ်လှူပူဇော်ထားသော ပန်းရနံ့နှင့် ပန်းပေါင်း အမွှေးတိုင်တို့၏ ရနံ့များက ထုံကြိုင်ပြီးသား ရင်ပြင်တော်ကို ထပ်လောင်း၍ ပိုမိုသင်းထုံစေလေသည်။




ရင်ပြင်တော်တွင် မိမိတို့ နေ့နံအလိုက် သင့်ရာ ထောင့်မှနေ၍ ပန်း၊ တံခွန်၊ ကုက္ကားတို့ကို ကပ်လှူကြသည်

ဘုရားဖူးသည် မုတ်ဦးစေတီနှင့် ဆက်လျက် ဆောက်လုပ်ထားသော မုတ်ဦး အာရုံခံ တန်ဆောင်းများတွင် ရုပ်ပွားကိုယ်တော်များကို ဖူးတွေ့ရမည်။ စေတီတော်ကြီးတွင် ကိန်းဝပ်တော်မူသော ဗုဒ္ဓမြတ်စွာဘုရားရှင်တို့၏ ဓါတ်တော်မွေတော်များကို အာရုံပြုလျက် ပါလာသော ပန်း၊ ဆီမီး၊ ဖယောင်းတိုင်တို့ဖြင့် ဝတ်ပြုရင်း ကပ်လှူပူဇော်နိုင်သည်။

ဘုရားကြီးကို လှူဒါန်းပူဇော်ခြင်းမပြုမီ လက်ျာရစ် လှည့်ပတ်ကြည့်ရှုလိုသေးသည် ဆိုပါက မုတ်ဦးအာရုံခံတန်ဆောင်းတခုခုကို မတက်သေးပဲ ရင်ပြင်ကိုပတ်၍ လျှောက်လာရပေမည်။

ထိုအခါ စေတီရံအဆူဆူတို့ ခြံရံလျက်ရှိသော စေတီတော်ကြီးကို ဖူးမြင်ရတော့မည်။ မြင့်မားသော ပန်းတင်ခုံထက်ဝယ် ရပ်တည်လျက်ရှိသော စေတီတော်သည် ပလ္လင်ပေါ်၌ ထက်ဝယ် ဖွဲ့ခွေ၍နေတော်မူသော ဘုရားရှင်၏ ဣန္ဒြေမျိုးနှင့်တူပေစွ။ ဘိနပ်တော်ပတ်လည်တွင် ဂြိုဟ်တိုင်နှင့် ကျောက်ထီးတိုင်၊ သင်ပုတ်စင်၊ ဂန္ဓကုဋိ တိုက်စေတီများက ကြိုးကြားပတ်ရံလျက်ရှိသည်။ ဂန္ဓကုဋိတိုက်စေတီများ၏ အတွင်း၌ ဗုဒ္ဓရုပ်ပွားများ ကိန်းဝပ်စံပယ်လျက်ရှိသည်။ ရုပ်ပွားတော်တို့၏ရှေ့မှောက်တွင်ကား ကုသိုလ်တော် ပန်းတို့အခိုင်ခိုင်၊ အမွှေးတိုင်တို့ တကြိုင်ကြိုင်၊ ဖယောင်းဆီမီးတို့ တမြိုင်မြိုင်ရှိသည်။ အချို့က နေ့နံအလိုက် တည်ရှိသော ရုပ်ပွားတော်တို့တွင် ရေစင်လောင်းလှူလျက်ရှိသည်ကို တွေ့ရမည်။



အာရုံခံတန်ဆောင်းအတွင်းမှနေ၍
မိုးမြင့်တိမ်ယံဆီသို့ မော်ဖူးလျှင်

ရင်ပြင်တော်ပေါ်တွင် တွေ့ရှိရသော ပန်း၊ ဆီမီး၊ အမွှေးနံ့သာ၊ ရေချမ်းတို့သည် မည်သူတဦးတယောက်၏ ဒါနဟူ၍ ပြောရန်ခက်သည်။ ပြောရန်လည်းလိုအံ့မထင်။ ရွှေစေတီ ရင်ပြင်သို့ရောက်ပြီးသည့်ခဏ၌ ကြည်ညိုလေးမြတ်သူ လူသားအပေါင်း၏ စုပေါင်းကုသိုလ်ဟုသာ ဆိုရတော့မည်။

## မိုးမြင့်တိမ်ယံဆီသို့

ရင်ပြင်ပေါ်သို့ ရောက်လာသောဘုရားဖူးသူသည် ဤရှုခင်းကို လျှပ်တပြက်အတွင်း၌ ကြည့်မိပေလိမ့်မည်။ အာရုံမှာ စေတီရံတို့အပေါ်၌ မြင့်မြင့်သွန်းသွန်း မိုး၍နေသော ကိုယ်တော်ကြီး၏ လုံးဝန်းသောသဏ္ဌာန်သို့သာ ရောက်လိမ့်မည်မလွဲချေ။ ရံပတ်တည်ထားသော စေတီကြီးငယ်တို့၏ သွယ်ရှူးသောကိုယ်ထည်ကလည်း ဘုရားဖူးတို့၏မျက်စိကို မိုးမြင့်တိမ်ယံဆီသို့ မော်ဖူးပေတော့ဟု ဆွယ်၍ နေသယောင်ရှိသည်။ ယင်းစေတီငယ်များ၏ ထိပ်မှ ဆည်းလည်းသံသာများကလည်း စေတီတော်ကြီး၏ အထွတ်ဆီသို့ မော့လှမ်းကြည့်ချင်အောင် နှိုးဆော်၍ နေသယောင် ရှိလေသည်။

မော်၍ဖူးလိုက်ပါမူ ရှုမောစရာအတိဖြစ်သော ကိုယ်တော်ကို မျက်ဝါးထင်ထင်တွေ့မြင်ရမည်။ ကိုယ်တော်၏ အထွတ်တွင် စေတီငယ်တဆူကဲ့သို့ ဖြစ်သော ထီးတော်ကို လည်းကောင်း၊ ထီးတော်၏အထက်မှ ငှက်မြတ်နားကိုလည်းကောင်း၊ ငှက်မြတ်နား၏ အထက်မှ စိန်ဖူးရောင်လျှံကိုလည်းကောင်း ဖူးမြင်ရပေလိမ့်မည်။ ရာသီဥတု ကောင်းမွန်နေသောအချိန် ဖြစ်ပါက ကောင်းကင်ပြာ နောက်ခံ၌ တိမ်ဖြူ၊ တိမ်သိုတို့သည် စေတီတော်အား ခပ်လှမ်းလှမ်းမှ ခစားနေကြသည့် ပုံဟန်ကို မြင်ရပေမည်။

ဤသို့ မော်ဖူးခဲ့သူတို့သည် ရင်ပြင်တော်ပေါ်တွင် ခြေရာချင်းထပ်ခဲ့လှပြီ။

ဘုရားကြီးအား မြန်မာပြည်အရပ်ရပ်မှ ကိုးစားပမ်းစား လာရောက်ဖူးမြော်ရသူတို့သည် ဖူးမြင်လိုက်ရသည့်ခဏ၌ ဤတသက်တွင် လူဖြစ်ကျိုးနပ်ချေပြီဟူ၍ အကျေနပ်ကြီး

ကျေနပ်ခဲ့ကြရသည်။ ထိုသို့ဝမ်းမြောက်ရွှင်လန်းစွာ ကျေနပ်ခဲ့သူတို့၏ အရေအတွက်သည်လည်း များလှချေပြီ။

ဆင်ဖြူရှင်မင်းတရားသည် ၁၇၇၅ ခုနှစ်တွင် ရွှေထီးတင်စဉ်က ထီးတော်ဘုံသုံးဆင့်တင်၍အပြီးတွင် ''ယောကျ်ားတမွတ် ငါသာမြတ်'' ဟူ၍ ရင်ပြင်တော်၌ ဝမ်းသာအားရလက်ပန်းပေါက်ခတ် ကြုံးဝါးတော်မူလေသည်။

စေတီတော်ကို မော်၍ဖူးရသူတို့၏ အမြင်သည် ''တိမ်ထပ်ညွန့်၊ ထိန်လျှပ်တွန့်သိန်မြတ်ကွန့်ဝေဇယန်ဝယ်၊ နေအလျှံထွန်းတောက်မှန်ကင်း'' ဟူသော ပါဠိဆရာကြီးဦးဝေ၏စာဆိုနှင့် တထပ်တည်းဖြစ်ပေလိမ့်မည်။ ဦးဝေသည် စေတီတော်ကြီးဘွဲ့ကို သီပေါဘုရင်ခေတ်က ရန်ကုန်မြို့တွင် စပ်ဆိုခဲ့ခြင်းဖြစ်လေသည်။ စာဆိုသူ ဆရာရိပ်ကလည်း စေတီတော်ကြီးကိုဖူးမြော်ရင်း —

''တောင်ဇမ္ဗူ၊ ခေါင်တဆူ အသရေစုံတဲ့၊ ရွှေတိဂုံဖျား။
ဝတီ'သာ၊ မဏိစူဠာနှင့် မတူရာ၊ တူရာသကောရယ်လို့၊
ဇမ္ဗူမှာ ဆူဩသောအောင် ပြောခဲ့စကား။''

ဟူ၍ လွန်ခဲ့သောနှစ်ပေါင်း ၄၀ ကျော်က စပ်ဆိုခဲ့သည်။ လူပြည်တွင် တည်ထားကိုးကွယ်သော ရွှေတိဂုံစေတီတော်ကြီးသည် တာဝတိံ'သာနတ်ပြည်တွင် သိကြားမင်းကိုးကွယ်သော စူဠာမဏိစေတီနှင့် တူသေးတော့သည်ဟူ၍ ခိုင်းနှိုင်းပြောဆိုကြပုံကို ဆရာရိပ်က ရေးဖွဲ့၍ ကြည်ညိုထားလေသည်။

**ရင်ပြင်ပေါ်**
**ရောက်ခဲ့ဘူးသူတို့**

စေတီတော်ရင်ပြင်သို့ ရောက်ရခြင်းသည် ဗုဒ္ဓဘာသာဝင်တို့အားသာ ထူးခြားဆန်းကြယ်သော ပီတိစိတ်အဟုန်ကို ပေးသည်မဟုတ်၊ ဗုဒ္ဓဘာသာဝင်မဟုတ်သော တိုင်းတပါးသားဧည့်သည်များအားလည်း ရင်ပြင်ပေါ်သို့ရောက်သည်နှင့် ထူးခြားဆန်းပြားသော စိတ်အာရုံကို ခံစားရစေသည်။

ခရစ်နှစ် ၁၈၁၇ ခုတွင် စေတီတော်ရင်ပြင်ပေါ်သို့ ရောက်ရှိခဲ့သော အမေရိကန်နှစ်ခြင်း သာသနာပြုဆရာ မစ္စတာ ဂျဒ်ဆင်၏ဇနီးက သူ့ထင်မြင်ချက်ကို ဤသို့ဖော်ပြထားခဲ့သည်။

ဂျဒ်ဆင်၏ဇနီး ရောက်ရှိခဲ့ဘူးသောရင်ပြင်

လှေကားထစ်အဆင့်များကို ဖြတ်ကျော်၍ တက်သွားပြီးသည့်နောက် ကြီးမားသော တံခါးပေါက်ကြီးတခု ဖွင့်ထားသည်ကို တွေ့ရပါသည်။ ထိုအခါတွင် နတ်သမီး ပုံပြင်ထဲကနှင့် တူသော ဆန်းပြားသည့် မြင်ကွင်းကို ရုတ်ခြည်းရှေ့တွင် မြင်လိုက်ရသည်။ ထိုရှုခင်းမှာ လက်တွေ့ဘဝတွင် မြင်လေ့မြင်ထရှိသောအရာများထက် ဝတ္ထုများထဲတွင် ကျွန်ုပ်တို့တခါတရံ ဖတ်ရှုရလေ့ရှိသော ရင်သပ်ရှုမောဘွယ်ဖြစ်သည့် ရဲတိုက်ကြီးများ၊ ယွင်းယိုနေသော ခရစ်ယန်ဘုရားကျောင်းကြီးများကို မြင်တွေ့လိုက်ရဘိသကဲ့သို့ ဖြစ်သည်။ (စေတီ)မြေပြင်တခုလုံးမှာ အဆန်းတကြယ် အရာများဖြင့် အပြည့်ဖုံးလွှမ်းလျက်ရှိသည်။ မည်သည့်ဖက်ကိုကြည့်ကြည့် ထိုအရာများကိုမြင်ရသည်။ ညောင်ပင်၊ အုန်းပင်၊ ထန်းပင်တို့မှာ ထိုရှုမြင်ကွင်းတွင် ကြိုးကြားကြိုးကြား ပါဝင်နေလေသည်။ ဟိုနေရာ သည်နေရာများတွင် ဂေါတမဘုရား၏ရုပ်တုများရှိသော ကြီးမားသည့် ဟင်းလင်း အဆောက်အအုံကြီးများရှိသည်။ အချို့မှာ ထိုင်လျက်၊ အချို့မှာ လဲလျောင်းလျက်



လွန်ခဲ့သောနှစ်ပေါင်း ၁၀၀ ကျော်က တောင်ဖက်မုတ်။ ဤပုံတွင် ခြင်္သေ့ကြီးများမရှိသေး၊ အုတ်ပြာသဒ်မုတ်ခုံးကြီးလည်း မရှိသေး၊ လမ်းဘေးအထိရောက်သော စောင်းတန်းလည်းမရှိသေး၊ သာယာဝတီမင်း၏ ကောင်းမှု ဘီလူးရုပ်ကြီးများသာ မုတ်ဝတဖက်တချက်၌ ရှိသည်

> ဖြစ်၍ ရုပ်တုများ၏ အနီးပတ်လည်တွင် ရဟန်းရုပ်တုများ၊ ဆည်းကပ်သူများ၏ ရုပ်တုများကို ခြံရံလျက်တွေ့ရသည်။ အချို့မှာ လက်အုပ်ချီလျက်၊ အချို့မှာ တရားနာလျက် အနေအထား ရှိကြသည်။ ဂေါတမ ရုပ်တုများ၏ရှေ့တွင် သစ်သီး၊ ပန်း စသည်တို့ကို တင်လှူရန် စင်ကလေးများကို ပြုလုပ်ထားသည်။ ဆင်ရုပ်ကြီးများ၊ ခြင်္သေ့ရုပ်ကြီးများ၊ နတ်ရုပ်များနှင့်တကွ အမျိုးအမည်မခွဲခြားတတ်နိုင်သော အခြားအရာဝတ္ထုများစွာသည် ထူးခြားပေါ်လွင်သော ဤရှုမြင်ကွင်းကို ပြည့်ဝအောင် ဖြည့်စွက်၍နေကြသည်။

မစ္စစ်ဂျဒ်ဆင်သည် ဤသို့လျှင် ရင်ပြင်တော်ပေါ်တွင် ရောက်ရှိစဉ် ခံစားတွေ့ရှိချက်များကို မှတ်တမ်းတင်ခဲ့လေသည်။

ထိုအချိန်မှ နှစ်ပေါင်း ၁၃၀ ကျော် ကြာမြင့်ခဲ့ပြီးနောက် မြန်မာနိုင်ငံ အင်္ဂလိပ်လက်အောက်ရောက်ခဲ့ပြီး၍ လွတ်လပ်ရေးကြေညာအံ့ဆဲဆဲ၌ မြန်မာပြည်တွင် နောက်ဆုံးအုပ်ချုပ်သွားသော ဘုရင်ခံ ဆာ၊ ဟူးဘတ်၊ ရန့်စ်သည် မြန်မာ့လွတ်လပ်ရေးနေ့ မတိုင်မီ နှစ်ရက်အလို ၁၉၄၈ ခုနှစ်၊ ဇန္နဝါရီလ ၂ ရက်နေ့တွင် မြန်မာနိုင်ငံကို နှုတ်ဆက်သောအားဖြင့် ရွှေတိဂုံစေတီတော်ကြီး၏ ရင်ပြင်တော်သို့ တက်ရောက် ကြည်ညိုလေသည်။ ထိုပုဂ္ဂိုလ်က စေတီတော်ကြီး၏ ဧည့်သည်တော်မှတ်တမ်းတွင် —

> စေတီတော်ကြီး၏ တင့်တယ်သပ္ပါယ်မှုနှင့် တည်ငြိမ်စွာ တောက်ပမှုသည် မျက်စိပသာဒကို ကြည်နူးစေပါသည်။ ထိုငြိမ်းချမ်းမှု လက္ခဏာသည် အချိန်ကာလ ရှည်လျားသရွေ့ တည်မြဲပါစေဟု ကျွန်ုပ်ဆန္ဒပြုမိပါသည်။ ဤနေ့ ဤရက် အခါသည် ကျွန်ုပ်၏အမှတ်သညာတွင် ထာဝရစွဲမြဲ၍ နေပါတော့မည်

ဟု ရေးသားရင်း နှုတ်ခွန်းဆက်သွားခဲ့လေသည်။

စေတီတော်ရင်ပြင်သည် ခေတ်ကာလကိုလိုက်၍ အပြောင်းအလဲများ ရှိခဲ့ပေသည်။ ကုန်းတော်ရင်ပြင်တဝိုက်ရှိ စေတီပုထိုးများနှင့် စရပ်၊ တန်ဆောင်းတို့ကိုလည်း ကာလညောင်း၍ ဟောင်းနွမ်းသည့်အခါ အဟောင်းတို့နေရာတွင် အသစ်ဖြစ်သော အဆောက်အအုံများကို အလှူရှင်အဆက်ဆက်က အစားထိုးပြုပြင်၍ တည်ဆောက် လှူဒါန်းလာခဲ့ကြသည်။

# ရင်ပြင်တော်ရှိ အဆောက်အဦးများ

ယခုခေတ် ကောက်ယူထားသော စာရင်းအရ ရင်ပြင်တော်ပေါ်တွင် သီးခြားဂန္ဓကုဋိတိုက် စေတီ ၄၅ ဆူ၊ ရိုးရိုးစေတီ ၅၄ ဆူ၊ အုတ်ဂူ ၁၂၁၊ အာရုံခံတန်ဆောင်း ၁၁ ခု၊ ဘုရားတန်ဆောင်း ၅၁ ခု၊ စရပ် လေးဆောင်၊ ပြတိုက် တခု၊ ပစ္စည်းသိုလှောင်ရာ စတိုခန်း နှစ်ခုတို့ ရှိသည်။

ထို့မှတပါး ခေါင်းလောင်း ၂၉ လုံး၊ တံခွန်တိုင် ၁၀ တိုင်၊ သင်ပုတ်ပလ္လင် ၄၀၊ ကျောက်ထီး သုံးစင်း၊ မီးစင် ခြောက်ခု၊ ရေစင် နှစ်ခု၊ ရေချမ်းစင် လေးစင်တို့လည်း ရှိသည်။ အပင်များမှာ ညောင်ပင် ၁၂ ပင်၊ အုန်းပင် ၃၄ ပင်နှင့်အခြားအပင်များ ၁၆ ပင်ရှိလေသည်။

အထက်ပါ အဆောက်အအုံများ၊ စေတီများကို တောင်နှင့်မြောက် အလျားပေ ၉၀၀၊ အရှေ့နှင့်အနောက် အနံပေ ၇၀၀ ရှိသော ကုန်းတော်ရင်ပြင်တွင် လှူဒါန်းဆောက်လုပ် တည်ထားခြင်း ဖြစ်လေသည်။

## ရှေးက ရင်ပြင်

အင်္ဂလိပ်အစိုးရ ခေတ်ဦးက ကုန်းတော်ပေါ်တွင် ထိန်းသိမ်းစောင့်ရှောက်ရသော ဘုရားစောင့်ရဲများမှာ အိန္ဒိယအမျိုးသားများ ဖြစ်ကြသည်။

ကုန်းတော်ပေါ်တွင် ထိုအချိန်က မြန်မာသရေ၊ ပတ္တလားတို့ကို တီးမှုတ်၍ အလှူခံသူများ ရှိသည်။ ဗေဒင်ဆရာများ၊ နတ်ကတော်များလည်း ရှိခဲ့သည်။ ဓာတ်စက်ပေါ်ခါစ အချိန်က ဘုရားကုန်းတော်ပေါ်ရှိ ရုံကလေးများတွင် စားပွဲနှင့် ကုလားထိုင်များ ချထား၍ ဓာတ်ပြားဖွင့်ပြသော ဆိုင်ကလေးများရှိသည်။ ဓာတ်ပြားတချပ်ကို နားထောင်ရန် အခ နှစ်ပဲ (တမူး) ပေးရပြီး နားတွင် ပိုက်လုံးကလေးတပ်၍ နားထောင်ရလေသည်။

ယခု အနောက်မြောက်ထောင့် ရင်ပြင်နေရာ၌ ဘုရားဈေးကလေးရှိသည်။ ယင်းဈေးကို နောင်မှ ယခုတွေ့မြင်ရသော တောင်ဖက်စောင်းတန်းနေရာသို့ ရွှေ့ပေးလေသည်။

ရွှေတိဂုံစေတီတော်သို့ ဘုရားဖူးလာသူတဦးသည် စေတီတော်ကြီးအပြင် ရင်ပြင်ပေါ်ရှိ ဖူးမြော်စရာ၊ မှတ်သားစရာ၊ ကြည့်ရှုစရာများကို အစုံအစေ့ ဖူးမြော်တွေ့မြင်သွားရခြင်း မရှိပါက ပြည့်စုံလိမ့်မည်မဟုတ်ပေ။ ထိုသို့ပြည့်စုံစေရန် ကုန်းတော်ရင်ပြင်ရှိ အဆောက်အအုံများ၊ နေရာဌာနများကို တတ်နိုင်သမျှ နတ်လမ်းညွှန်ပေးသင့်ပေသည်။ ထိုသို့ လမ်းညွှန်ရမည်ဆိုလျှင် လူတကာအတက်များသော တောင်ဖက်မုတ်မှ တက်ရောက်သည့်ခရီးစဉ်ကို ညွှန်ပြပါက အဆင်အပြေဆုံး ဖြစ်ပွယ်ရှိပေသည်။

## တောင်ဖက်မုတ်မှအတက်
## (ဘုရားဖူးလမ်းညွှန်)

ရန်ကုန်မြို့တွင်းမှ ဘုရားလမ်းအတိုင်း စေတီတော်ကြီးသို့ ဦးတည်၍လာလျှင် စေတီတော်သို့မရောက်မီ လမ်းခုလတ်ကပင် သပ္ပါယ်သော ရွှေစေတီကြီးကို လှမ်း၍ဖူးမြင်နိုင်သည်။ စေတီကြီးနှင့် နီးကပ်လာသောအခါ ပြာသာဒ်မုတ်ဝ၊ စောင်းတန်းတို့နှင့် သစ်ပင်အုပ်များအထက်မှ ထင်ရှားစွာ မားမားစွင့်စွင့်ရပ်လျက်ရှိသော စေတီတော်ကြီးသည် ပန်းချီရေးဆွဲထားသော ပုံတော်ကားကြီးနှင့်တူလှချေသည်။ ဘုရားဖူး၏ရှေ့တခွင်ရှိကောင်းကင်တွင် စေတီတော်ကြီးကသာ ကဲမိုး၍ နေသည်ကိုလည်း ကြည်ညိုလေးမြတ်ဘွယ် ဖူးမြော်ရပေလိမ့်မည်။

ဘုရားဖူးသည် လမ်းဘေးလက်ျာဖက်တွင် တန့်ဘော်မူစေတီကို ဖူးတွေ့ရမည်။ ဤနေရာသည် ရှေးခေတ်က တောင်ဖက်မုတ်၏အစပင်ဖြစ်သည်။ လက်ဝဲဖက်တွင် ဦးဥတ္တမပန်းခြံရှိသည်။ ပန်းခြံထဲမှနေ၍လည်း စေတီတော်ကို ရှုထောင့်တမျိုးမှ ဖူးတွေ့နိုင်သည်။ လက်ဝဲဖက်ဘေး လမ်းတလျှောက်တွင် အုတ်တိုက်စရပ်များ၊ ဓမ္မာရုံများသည် ဘုရားလမ်းထိပ်အထိ ရှိလေသည်။ ခြေတော်ရင်းနှင့်နီးကပ်လာသောအခါ လက်ျာဖက်တွင် ကျွှားသူဌေးလှူထားသော လိပ်ကန်ရှိသည်။ လမ်း၏တည့်တည့် နေရာအဆုံး၌ ကန့်လန့်ဖြတ် သွားနေသော ကတ္တရာစေးလမ်းမကြီးကို ကျော်လျှင် ကုန်းတော်တောင်ဖက်မုတ် ခြေရင်းစကြံသို့ ရောက်သည်။



တောင်ဖက်မုတ်တွင် ခြင်္သေ့ကြီးနှစ်ကောင်ကို တွေ့ရမည်။ အမြင့် ပေ ၃၀ ခန့်ရှိ၏။ ၁၈၈၇ ခုနှစ်တွင် ပုဇွန်တောင်ရပ်မှ ပွဲစားကြီးတဦး လှူဒါန်းခဲ့သော ခြင်္သေ့ရုပ်ကြီးများ ဖြစ်သည်။ ခြင်္သေ့ကြီးများ၏ နောက်ကွယ် တဖက်တချက်တွင် မုဆိုးထိုင် ထိုင်နေသော ဘီလူးကြီးနှစ်ရုပ်ကို တွေ့ရမည်။ ထိုဘီလူးရုပ်

တောင်ဖက်မုတ်မှ ဘုရားဖူးတက်သူတို့သည်
ပေ ၃၀ ကျော်မြင့်သည့် ခြင်္သေ့ရုပ်ကြီးများ
ကို စောင်းတန်းထိပ်၌ တွေ့ရလိမ့်မည်



သာယာဝတီမင်း၏ကောင်းမှု ကျောက်ဘီလူးကြီး


ကြီးများမှာ ၁၈၄၁ ခုနှစ်တွင် ရွှေဘိုမင်း ခေါ် သာယာဝတီမင်း ရန်ကုန်မြို့သို့ ကြွ ရောက်စဉ်က မုတ်ဝတွင် ထားရှိရန် လှူ ဒါန်းခဲ့ခြင်းဖြစ်သည်။

## ဇော်ဂျီနှင့်သူယောင်မယ်

ဘီလူးရုပ်များ၏ နောက်နားတွင် ထူထဲသော အုတ်သားမုတ်ဟောင်း တခု ရှိသည်။ ၁၉၀၀ ပြည့်မတိုင်မီ တောင် ဖက်မုတ် စောင်းတန်းကို လမ်းထိရောက် အောင် မဆက်ရသေးခင်က ဆောက်လုပ် လှူဒါန်းခဲ့သည့် ဒါနဖြစ်၏။ ထိုမုတ်ခုံးထိပ် စောင်းတန်းအမိုးနားတွင် မြင့်မိုရ်တောင်ကို သရုပ်ဖော်ထားသည်။ နတ်သားများကိုတွေ့ရမည်။ သိကြားမင်းက ရောဝဏ်ဆင်ကို စီး နေသောပုံ ပါရှိသည်။ အောက်ဖက် မြင့်မိုရ်တောင်ခါးပန်းတွင်ကား ဇော်ဂျီတွေမြူးနေကြ သည့် အရုပ်ကို ထုထားလေသည်။ ပလာကိုယ်ထီးဖြစ်နေသော အရုပ်မှာ သူယောင်မယ်ဖြစ် သည်။ဘီလူးရုပ်များ၏ နောက်နားတွင် မုတ်ဦး ဆုတောင်းပြည့်ဘုရား ကိုယ်တော်မြတ် မတ်ရပ် တော် နှစ်ဆူကို ဖူးတွေ့နိုင်သည်။ ဤမုတ်မှ အရုပ်များကို နောက်ထပ် ဆောက်လုပ်သော စောင်းတန်းအဆောက်အအုံက ကွယ်နေသဖြင့် သေးကပတ်၍ ဝင်ကြည့်မှမြင်နိုင်လေသည်။

## တောင်ဖက်စောင်းတန်းတလျှောက်

ဤမုတ်အဆင့်ကိုလွန်သော် စောင်းတန်း အမိုးအောက်ကို တလျှောက်လုံးဖြတ်ရသဖြင့်



အုတ်ပြာသာဒ် အောက်နားဆီမှ ဇော်ဂျီနှင့် သူယောင်မယ် ကျောက်ရုပ်များ



အာဋ္ဌာဝကဘီလူးကို အောင်မြင်တော်မူခန်း ရုပ်ကြွပန်းချီကားချပ်

အတန်ငယ် မှောင်ရိပ်ကျသည်။ ဘုရားဖူးတက်သူ၏ လက်ဝဲဖက်တွင် စောင်းတန်းစရပ်များ အစီအရီရှိသည်။ စရပ်များရှေ့တွင် ဈေးဆိုင်များခင်းထားကြသည်။ ကျောက်၊ ဆင်စွယ်၊ သစ်သား၊ ကြေးတို့ဖြင့် ထုလုပ် သွန်းလုပ်ထားသော ရုပ်တု ပုံတော်အမျိုးမျိုးနှင့် ဘုရားကျောင်းဆောင်များကို ရောင်းချလျက်ရှိသည်။ စိပ်ပုတီးအမျိုးမျိုး၊ အမွှေး၊ နံ့သာတိုင်တို့ကို တွေ့ရမည်။ ကြေးနောင်၊ ကြေးစည်၊ သတ္တုဖလားအမျိုးမျိုးကိုလည်း ခင်းကျင်းပြထားသည်။ နိဗ္ဗာန်ကုန်များပင်တည်း။ သို့သော်လည်း ညောင်ရေအိုးမှအစ ကျောက်ပျဉ်၊ ပန်းအိုး၊ ရေအိုး၊ ရေတကောင်း၊ ဖိုးဘရုပ်တို့ကိုလည်း ရောင်းချတတ်သေးသည်။ ပန်းခိုင်၊ ပန်းဆိုင်း၊ တံခွန်၊ ကုက္ကား၊ ဖယောင်းတိုင်၊ ဆီမီးတိုင်၊ ရွှေဆိုင်းများ ရောင်းချသော ဆိုင်များကား စောင်းတန်းတလျှောက်တွင် ကြိုးကြား ရှိသည်။ တောင်ဖက်ဈေးဆိုင်ခန်းများမှာ လက်ယာဖက်တွင် ရှိသည်။

ဘုရားဖူးတက်လာသူသည် ပန်းသည်တို့၏ လာပါ၊ ဝယ်ပါ ဈေးခေါ်ကြသောအသံ၊ ထီး၊ ဘိနပ် အပ်နှံသွားပါဟု ပြောကြားသောအသံ၊ တအောင့်တနား ထိုင်ပါ နားပါဟု ဖိတ်ခေါ်သော အသံတို့ကို ကြားရမည်။ ပန်းနံ့၊ အမွှေးတိုင်ရနံ့တို့ကိုလည်း စတင်ရှူရှိုက်ရပေတော့မည်။ မြန်မာပြည်အရပ်ရပ်ရှိ တန်ခိုးကြီး စေတီပုထိုးတိုင်းတွင် ဤအသံ၊ ဤမွှေးရနံ့တို့နှင့် ကြုံရ၊ ဆုံရစမြဲဖြစ်သော်လည်း ရွှေတိဂုံစေတီတော်တွင်မူကား များများစားစား ကြားရ ရှူရှိုက်ရပေလိမ့်မည်။ မိမိနှင့်အတူ ဘေးချင်းယှဉ်လျက် ထီးကိုကိုင်၍၊ ဘိနပ်ကိုစွဲ၍၊ ကလေးငယ်ကို ချီပိုး၍၊ လှူဘွယ်ဝတ္ထုကို သယ်ဆောင်၍ တက်ကြသူတို့မှာ ပွဲလမ်းတခုကို သွားနေကြသကဲ့သို့ရှိသည်။ ဘုရားဖူးတို့၏ မျက်နှာကိုကြည့်လိုက်လျှင် မြို့နေလူ၊ တောနေလူ၊

## စောင်းတန်းတလျှောက်ရှိ ရှုခင်းမျိုးစုံ

ရပ်ဝေးမှလူ စသည်ဖြင့် ခွဲခြား၍မြင်နိုင်သည်။ ဝတ်ဆင်ထားသည်များကို ကြည့်ပါဦး။ ဘုရားသွား ကျောင်းတက် ဝတ်လေ့ရှိသည့် သစ်လွင်သော အဝတ်အစားများအပြင် ယောဂီရောင်၊ ဖန်ရည်ဆိုးထားသောအရောင် ဆင်ထားသည့် ယောဂီများ၊ ရသေ့များ၊ သီလရှင်များနှင့် ရဟန်းတော်များလည်း လူအုပ်ကြားတွင် ပါလာတတ်လေသည်။

### ဗုဒ္ဓဝင်ဇာတ်ပန်းချီများ

စောင်းတန်းလှေကားထစ် အဆင့်များကို ခပ်ပြေပြေ တက်သွားသောအခါ ပထမ စောင်းတန်းကပင်စ၍ အထက်အမိုးနားသို့ လှမ်း၍ မော်ကြည့်လျှင် ငါးရာ့ငါးဆယ်ဇာတ်နိပါတ်မှ ပုံပြင်များကို ပန်းချီရေးဆွဲထားသည့် ကားချပ်များကို တွေ့နိုင်ပေသည်။ ထိုကားချပ်များတွင် ရုပ်ကြွများဖြင့် ရောင်စုံထည့်သွင်း သရုပ်ဖော်ထားသည်။

ထိုမှ အထက်သို့တက်လျှင် ကုန်းတော်မြေ၌ အင်္ဂလိပ်တို့ တပ်စွဲထားစဉ်က အသုံးပြုသော စစ်ကျုံးတံခါးပေါက်သို့ ရောက်သည်။ ထိုနေရာတွင် အလိုရှိက ဖွင့်နိုင်ပိတ်နိုင်သော ကြိုးဆိုင်းတန်တားရှိခဲ့သည်။ ဘေးသို့ထိုး၍ ဖွင့်ရပိတ်ရသော သံတံခါးကြီးလည်း ရှိသည်။ ယခုသော် ထိုတံခါးကြီးကို အစဉ် ဟင်းလင်းဖွင့်ထားပေသည်။

ဤနေရာမှ တက်သော် ကျောက်လှေကားများသည် ပို၍ မတ်စောက်လာသည်။ လှေကားထစ်ကြီးများကလည်း ကြီးမားလှသည်။ ဆိုင်တန်းများကား မဆုံးသေးပေ။ လှေကားထစ်အဆင့်အလိုက် ဆိုင်နေရာများကို အဆင့်ဆင့် ခင်းကျင်းရောင်းချနေကြသည်။ အထက်နားသို့ ရောက်သောအခါ ဆင်စွယ်ပန်းပုရုပ်၊ လိပ်ခွံဘီး၊ ကြယ်သီး၊ ဆံထိုးတို့ကို ပြုလုပ်ရောင်းချသော ဆိုင်များကိုပါတွေ့ရမည်။ စာအုပ်ဆိုင်များကား ပိဋကတ်သုံးပုံ၊ ဘုရားသမိုင်း၊ ဆေးကျမ်း၊ ဓာတ်ကျမ်း၊ နက္ခတ်ရာသီကျမ်း၊ ပြဇာတ်၊ သီချင်းညွှန့်ပေါင်း စသည့် စာအုပ်မျိုးစုံတို့ကို ရောင်းချနေကြသည်။

ရင်ပြင်သို့အဝင် စောင်းတန်းထိပ် တန်ဆောင်းတွင် မြတ်စွာဘုရား၏ အောင်ခြင်းရှစ်ပါးကို ပန်းချီရေးခြယ်ထားသော ရုပ်ကြွ ကားချပ်များ(၁) * ကို တွေ့ရပေဦးမည်။ ဤအပိုင်းကို ၁၉၁၄ ခုနှစ်တွင် ပြင်ဆင်ဆောက်လုပ်ခဲ့သည်။

ဤစောင်းတန်းကို လှေကားထစ်ပေါင်း ၁၀၀ တက်ပြီးနောက် ရင်ပြင်သို့ရောက်၏။

---

* အမှတ်များမှာ နေရာပြဖြစ်သည်။ ရင်ပြင်တော်လမ်းညွှန် မြေပုံတွင် ရှုပါ။



တောင်ဖက်စောင်းတန်း လှေကားထစ်များအဆုံးတွင် လင်းချင်းသော ရင်ပြင်တော်ကို ဦးတိုက်မိသည်။ တောင်ဖက်မုတ်ဦး အာရုံခံ တန်ဆောင်းကိုလည်း ဦးတိုက်မိသည်။

## မုတ်ဦး အာရုံခံတန်ဆောင်း

ရင်ပြင်တော်သည် လင်းလင်းချင်းချင်းရှိလှ၏။ ဘုရင်မကြီး ရှင်စောပုလက်ထက်ကပင် ဤရင်ပြင်၌ ကျောက်ပြားများ အပြည့်ခင်းထားသည်။ ဘုရားဖူးသည် တောင်ဖက် မုတ်ဦး တန်ဆောင်း (၂) ကွယ်၍ နေသောကြောင့် စေတီတော်ကြီးကို ချက်ချင်း ဖူးတွေ့ရဦးမည် မဟုတ်၊ တန်ဆောင်းတွင်းမှ ရုပ်ပွါးတော်များကိုသာ လှမ်း၍ဖူးနိုင်မည်ဖြစ်သည်။ ဤမုတ်ဦး တန်ဆောင်းတွင် ဘဒ္ဒကမ္ဘာ၌ ပွင့်ခဲ့ပြီးသော ဘုရားလေးဆူအနက် ဒုတိယမြောက်ဖြစ်သော ကောဏာဂုံ (ကောဏာဂမန) ဘုရားရှင်ကိုယ်တော်ကို ရည်စူး၍ ရုပ်ပွါးတည်ထားခြင်း ဖြစ်သည်။ ယင်းရုပ်ပွားမှာ အတွင်းအကျဆုံးနေရာတွင် ရှိသည်၊ စဥ္ဆကူးမင်း ကောင်းမှုဖြစ်၏။ တန်ဆောင်းမှ လင်းနို့တောင်ခေါ် တိုင်ဖုံးများမှာ အဆန်းတကြယ် တင့်တယ်လှသည်။ တန်ဆောင်းအတွင်း၌ ဘုရားရှင်ကိုယ်တော်များ၏ ရုပ်ပွါးအဆူဆူ ရှိသေး၏။ အချို့မှာ အတော်ရှေးကျသောရုပ်ပွါးများဖြစ်သည်။ တန်ဆောင်းလှူသူ မူလကုသိုလ်ရှင်တို့မှာ ဦးဘရီ၊ ဒေါ်သန်းမေတို့ ဖြစ်လေသည်။

## လက်ျာရစ်လှည့်၍ဖူးသော်

ရင်ပြင်တွင် ခြေချမိ၍ တောင်ဖက်မုတ်ဦးတန်ဆောင်းကို ဦးခိုက်မိပြီဖြစ်သော ဘုရားဖူးသည် လက်ဝဲဖက်သို့ကွေ့၍ လျှောက်သွားပေမည်။ ဤနည်းဖြင့် စေတီတော်ကို လှည့်ပတ်

ဖူးခြင်းသည် လက်ျာရစ်လှည့်ခြင်းမည်၏။ ဘုရားဖူး၏ လက်ျာဖက်သည် စေတီတော်ကြီးရှိရာ ဖက်တွင် အမြဲရှိနေစေရသည်။

လက်ျာရစ်လှည့်၍ အနည်းငယ်လျှောက်လှမ်းမိလျှင် စေတီတော်ကြီးကိုမော်၍ ဖူးနိုင်ပေပြီ။ တကြိမ်တခါမျှ မဖူးမြော်ခဲ့ဘူးပါက ဝမ်းသာအုံ့အဲ လွန်ကဲသော ကြည်ညိုသဒ္ဓါဖြင့် ဖူးမြော်နိုင်ပြီ။ ဦးခိုက်နိုင်ပြီ။ အကြိမ်ကြိမ် ဖူးမြော် ပြီးပါကလည်း မရောင့်ရဲနိုင်သော ကြည်ညိုသဒ္ဓါဖြင့် ထပ်ကာတလဲ ဖူးမြော်နိုင်ပေပြီ။ ရှေးကမင်း၊ မိဖုရားတို့၊ မှူးမတ်၊ မင်းညီ မင်းသားတို့၊ တိုင်းသူပြည်သားတို့ ရောက်ခဲ့၊ ဖူးခဲ့၊ လှူဒါန်းပူဇော်ခဲ့ဘူးသော မြတ်ရွှေတိဂုံ၏ အရိပ်အာဝါသကို ငါလည်းလှုံ့ရချေပြီဟူ၍ တအားတက်ဘွယ်ဖြစ်ပေသည်။

စေတီကြီးကို ဖူးပြီးသော် ဘေးဘီကို လှည့်လည် ကြည့်မိမည်မလွဲ။ ထိုအခါ စေတီခြေတော်ရင်းကို လည်းကောင်း၊ စကြံ့ခြားလျက်ရှိသော ရင်ပြင်ဘေးဘီတဝိုက် နေရာများသို့လည်းကောင်း အာရုံရောက်လိမ့်မည်သာ။

ဗုဒ္ဓဟူးဂြိုဟ်တိုင်

ထိုအခါ ဘုရားဖူးသည် စေတီတော်ခြေရင်းရှိ စိန်တောင်နှင့် ကြာဖတ်များအနီးတွင် ဗုဒ္ဓဟူးဂြိုဟ်တိုင်ကို တွေ့ရလိမ့်မည်။ ဗုဒ္ဓဟူးနံ၏ အမှတ်အသားကား ဆင်ဖြစ်သည်။ တိုင်အနီးရှိထောင့်တွင်ပင် အုတ်ခုံ၌ သတ္တုပန်းခိုင်

ဗုဒ္ဓဟူးဂြိုဟ်တိုင်တွင် အလှူ့ရှင်တို့ ကိုယ်စားရေစင် လောင်းလှူနေပုံ



စိုက်ထားသည့် ကြာသွတ်အိုးကိုမြင်ရဦးမည်။ ကိုယ်နှစ်ခွနှင့် မနုဿီဟ ကျောက်ရုပ်များသည် စေတီခြေတော်ရင်းထောင့်လေးထောင့်တွင် အမြိုင့်သားထိုင်လျက်ရှိသည်။ထိုအနီးတွင် ဇော်ဂျီရုပ်၊ နတ်သမီး၊ ဘီလူးရုပ်များကို သူနေရာနှင့်သူ အစီအစဉ်သင့်သလို ထုလုပ်ထားပေသည်။ နတ်သမီးရုပ်ကား ဝသုန္ဒရီ နတ်သမီးပင်တည်း။

ဗုဒ္ဓဟူးဂြိုဟ်တိုင်နှင့် မျက်နှာချင်းဆိုင်တွင် စောင်းတန်းထိပ်၏ လက်ဝဲဖက်၌ ၁၈၆၆ ခုနှစ်က ဘုရားဂေါပကဟောင်း ဦးရောင်လေးလှူဒါန်းခဲ့သောစရပ်နေရာတွင် ပရိယတ္တိသာသနာနုဂ္ဂဟအသင်း ဆန်လှူရာတန်ဆောင်း(၃)ရှိသည်။

ဆက်၍လျှောက်ခဲ့ပါလျှင် အနောက်တောင်ထောင့်၌ စနေဂြိုဟ်တိုင်ကိုတွေ့ရမည်။ စနေနံ၏ အမှတ်အသားမှာ နဂါးဖြစ်သည်။ နေ့နံသင့်သောသူတို့သည် ဤနေရာ၌ ရေလှူကြသည်။ ပန်းကပ်ကြသည်။ ဆီမီးပူဇော်ကြသည်။ ထိုထောင့်နှင့် မျက်နှာချင်းဆိုင်နေရာ



အနောက်တောင်ထောင့် ရင်ပြင်အနီးရှိ ပုညကုသလ ဗဟုကရအသင်းတန်ဆောင်း၊
ဘုရားဖူးသည် ထိုတန်ဆောင်းကို လွန်သွားပြီး အနောက်တောင်ထောင့်မှ အထွက်တွင် ပြန်လည်၍ ကြည့်ပါက ဤပုံအတိုင်း တွေ့ရမည်



**အနောက်တောင်ထောင့်မှ ရင်ပြင်ကျယ်သို့ အထွက်တွင် ရှုထောင့်တမျိုးမှ ဖူးတွေ့ရသည့် စေတီတော်**

လက်ဝဲဖက်တွင် စီ၊ အမ်၊ အေ ခေါ် ပုညကုသလ ဗဟုကရအသင်း၏ တန်ဆောင်း (၄) ရှိသည်။ ခရစ်နှစ် ၁၈၉၈ ခုနှစ်တွင် တည်ထောင်သည်။ တန်ဆောင်းအတွင်း၌နှစ်ကျိပ်ရှစ်ဆူရုပ်ပွားများနှင့် ဗုဒ္ဓဝင် ပန်းချီကားများ ရှိ၏။ ထိုတန်ဆောင်း၏ ဘေးတွင် ယခင်က တရုပ်ဘုံကျောင်းပုံ တန်ဆောင်းဖြစ်ခဲ့ပြီး ယခုအခါ အမိုးပြာသာဒ်ကို ပြုပြင်ထားသော ရွှေတောင် ငွေတောင် တန်ဆောင်း (၅) ကို တွေ့ရမည်။ တန်ဆောင်း အတွင်း၌ တရုပ်အမျိုးသားဟန် လက်ရာများကိုတွေ့နိုင်သေးသည်။ မူလ ကုသိုလ်ရှင်မှာ ဦးတင်ယား၊ ဒေါ်နုတို့ဖြစ်ပြီး ဦးကစ်၊ ဒေါ်မမလေးတို့က ပြင်ဆင်မွမ်းမံထားသည်။ ထိုတန်ဆောင်းကိုပတ်၍ အနောက်ဖက်သို့ ဝင်လျှင် ပုညကုသလ ဗဟုကရ အသင်း၏နောက်၌ လင်းလွန်းပင် တပင်ရှိလေသည်။ လင်းလွန်းပင်သည် ဘုရားရှင် ပွင့်တော်မူခြင်းနှင့်ဆက်စပ်နေသော အပင်တပင်ဖြစ်သောကြောင့် ဗောဓိညောင်ကဲ့သို့ပင် ဗုဒ္ဓဘာသာဝင်တို့က လေးစားသမှု ပြုကြလေသည်။

## အနောက်တောင်ထောင့်ရင်ပြင်

ဘုရားဖူးသည် ထိုနေရာမှဆက်၍ စေတီခြေရင်းကိုမပတ်သေးပဲ ရင်ပြင်ထောင့်သို့ခြေဦးလှည့်၍ ကြည့်နိုင်သေးသည်။ အနောက်တောင်ထောင့် ရင်ပြင်သည် ၁၉၂၀ ပြည့် ကျောင်းသားသပိတ် ခေါင်းဆောင်များ စည်းဝေးခဲ့သောနေရာဖြစ်သည်။ ဗောဓိညောင်ပင်



**၁၉၂၀ ပြည့်နှစ် သပိတ် ကျောင်းသားခေါင်းဆောင်များဆွေးနွေးခဲ့ရာ အနောက်တောင်ဝနေထောင့်ရင်ပြင်မှ ညောင်ပင်**



မူလ သဘော်သူကြီး ကိုသင်၊ မသက်ပြင်းကောင်းမှု အောင်ရွှေထီးတန်ဆောင်းမှ ရုပ်လုံးများကို အထွက်အဝင် အကျော်အနင်း လုပ်မသော မန်းခက် မန်းနွယ်များနှင့်အတူ တွေ့ရပုံ။


ရှိရာအရပ်(၆)ဖြစ်သည်။ ညောင်ပင်အနီး ရင်ပြင်တန်တိုင်းအစပ်မှ အောက်သို့ငုံ့ကြည့်နိုင်သည်။ ကုန်းတော်အလယ်ပစ္စယာတွင် အင်္ဂလိပ်တပ်များ ခံယမ်းတိုက် ပြုလုပ်ခဲ့ရာ နေရာကို လှမ်း၍မြင်နိုင်သည်။ ဤစနေထောင့်တွင် ၁၉၂၀ ပြည့် သပိတ်မှောက်ကျောင်းသားများ အထိမ်းအမှတ် ကျောက်တိုင်စိုက်ထူရန် စီစဥ်လျက်ရှိသည်။

## ရခိုင်တန်ဆောင်း

ထိုနေရာမှပင် ခြေတော်ရင်းသို့ ပြန်ရောက်အောင် စေတီကြား၊ စရပ်ကြားမှ ပြန်ထွက်ခဲ့ပါလျှင် သဘော်သူကြီး ကိုသင်၊ မသက်ပြင်းတို့ တန်ဆောင်းရှိသည်။ မင်းကြီးဦးဘ တန်ဆောင်း (၇) ဟုလည်းခေါ်သည်။ ပန်းပုရုပ်များ လင်းနို့တောင်တွင်ရှိသည်။ ထိလပ် ပိုးဥဇာတ်နှင့် မောင်ပေါက်ကျိုင်းဇာတ်ကို သရုပ်ဖော်ထားသည်။ ထို့နောက် ဒေါ်ဦးတန်ဆောင်း (၈) ရှိသည်။ သီလရက္ခိတ ဥပသကာအဖွဲ့တည်ရာဖြစ်၏။ လက်ယာဖက်တွင် ရခိုင်တန်ဆောင်းရှိသည်။ အရှေ့ပါကစ္စတန်မှ ရခိုင်အမျိုးသားပွဲစားများ လှူဒါန်းသော တန်ဆောင်းဖြစ်၏။ စဥ့်အိုးတန်းမှ ရခိုင်ပွဲစားကြီး ဦးဘထော်နှင့် ဦးဒိုးအောင်တို့ကြီးမှူးသည်ဟု ကမ္ပည်းထိုးထားသည်။ ဤတန်ဆောင်း(၉)သည် ပဒင်းတန်း အာရုံတော်ဝတ်အသင်းတည်ရာ ဖြစ်သည်။ တန်ဆောင်း၏ အဲမိုးထက်ရှိ ပြာသာဒ် ဘုံဆင့်များမှ ပန်းပုလက်ရာများမှာ မြန်မာဗိသုကာပညာ၏အစွမ်းကို ဖော်ပြနေသည်သို့ရှိသည်။ မန္တလေးမှ ဗိသုကာဆရာဆိုင်၏ဖခင် ဆရာခင်၏ လက်ရာဖြစ်သည်ဟုသိရ၏။

ရခိုင်တန်ဆောင်းကို တောင်ဖက်မှ မျက်နှာပြုလျက်ရှိသော စေတီအပါးတွင် နတ်ရုပ်ကြီး နှစ်ခု(၁၀)ကို မှန်ပြတင်းနှင့်ထားသည်။ လက်ဝဲဖက်မှ နတ်ရုပ်မှာ သိကြားမင်းဖြစ်၍ လက်ျာဖက်မှာ ရွှေတိဂုံနတ်ကြီးဖြစ်သည်။ နတ်ကြီးများရှိရာ၏ အနီးတွင် သစ်ပင်အချို့ရှိသည်။ ထိုသစ်ပင်များအောက်၌ ခေါင်းလောင်းများကို လူတရပ်ခန့်မြင့်အောင်ချိတ်ဆွဲထားသည်။ အလှူဒါနပြုပြီး သူတို့သည် နတ်လူသာခုခေါ်နိုင်စေရန် ရိုက်ထိုး ကြေညာဘို့ဖြစ်လေသည်။

ရခိုင်တန်ဆောင်းထက်မှ မြန်မာ့ ပန်းပုလက်ရာ
ယိုးဒယားပန်းခွေများနှင့် ပြာသာဒ်ဘုံဆင့်များ



ထိုအနီးတွင် သစ်သားတံခွန်တိုင် တခုရှိသည်။ တံခွန်တိုင်ထိပ်တွင် နဂါးရုံဘုရားရုပ် ရှိလေသည်။ အခြား တံခွန်တိုင်တခုမှာ ရခိုင်တန်ဆောင်းရှေ့တွင် ရှိသည်။ တိုင်ထိပ်တွင် သိကြားရုပ်ရှိသည်။

ရခိုင်တန်ဆောင်းကိုလွန်လျှင် လျောင်းတော်မူရုပ်ပွားရှိရာ ဒေါ်ပွင့်တန်ဆောင်း (၁၁) ကိုရောက်မည်။ ကျောက်မြောင်း ရွှေဂုဏ်မြင့်အဖွဲ့ တည်ရာဖြစ်၏။ ရုပ်ပွား၏ အလျားတော်မှာ ၂၈ ပေရှိသည်။ ဘုရားကိုယ်တော်မြတ်ကြီး၏ ခြေတော်ရင်းတွင် ညီတော် အာနန္ဒာ၏ပုံကိုလည်းကောင်း၊ ရှေ့နားတွင် ရှင်သာရိပုတ္တရာနှင့် ရှင်မောဂ္ဂလာန်တို့၏ ပုံကိုလည်းကောင်း ဖူးတွေ့ရပေမည်။ ထိုတန်ဆောင်း၏ အတွင်း၌ရှိသော ပန်းချီနှင့် ရုပ်ကြွများမှာ ကျိုက်ထီးရိုး စေတီတော်သမိုင်းကို ဖော်ပြသည်။ လင်းနို့တောင်များတွင် ပန်းပုဆရာကြီး ဦးရွှေတောင်၏ ပန်းပုရုပ်လုံးများရှိသည်။

ထို့နောက်တွင် ဘုရားဖူးသည် အနောက်မုတ်အတက်ဝရှိရာ မြောက်ဖက်သို့ဆက်၍ လျှောက်သွားပါလျှင် အုတ်စေတီကိုင်း၍ ၁၉၁၄ ခုနှစ်က ဆောက်ထားသော ဦးချိန်ကန်၊ ဒေါ်ကြည်ကြည်တန်ဆောင်း (၁၂) ကို တွေ့ရမည်။ စေတီ၏ရှေ့၌ အင်္ဂလန်ပြန် မတ်ရပ် ဘုရားရှိသည်။ အင်္ဂလန်ပြည်သို့ ပင့်ဆောင်သွားပြီးမှ ပြန်လည်ပင့်ဆောင်လာသော ကိုယ်တော် ဖြစ်သည်ဟု ဆိုလေသည်။ ခြေတော်ရင်းမှ ကြာပွင့်ခံထားသည်။ (မကြာမီကမှ အင်္ဂါဆောင့် မှ ဦးမော့၊ ဒေါ်လေးတို့၏ ဟသ်ာရုပ် တံခွန်တိုင်ခြေရင်း လိုဏ်မုတ်သို့ ပင့်ဆောင်ထားရှိသည်။)



ဒေါ်ပွင့်တန်ဆောင်း၏ အတွင်းမှ လျောင်းတော်မူ ရုပ်ပွားနှင့် ဘုရားကြည်ညိုနေသူ တစု။




သိမ်ကြီးဈေး နှစ်ပြားတန်ဆောင်းဟု ခေါ်သော အနောက်ဖက် စောင်းတန်းသို့ အဆင်း စောင်းတန်း၏ ထိပ်တွင် အများပြည်သူတို့၏ကောင်းမှုကို ကမ္ပည်း ထိုးထားပုံနှင့် မုတ်ထိပ်မှ သိကြားရုပ်

### သိကြားမင်းနှင့် မယ်လမု

ဘုရားဖူးသည် ထိုမှနေ၍ လက်ျာဖက်ရှိ စေတီတော် ပန်းတင်ခုံအနီးသို့ ချဉ်းကပ်ခဲ့ပါက ပထမပစ္စယာ ထောင့်ဒုရင်တွင် ချိတ်ဆွဲထားသော အရုပ်နှစ်ရုပ် (၁၃) ကို တွေ့ရမည်။ ယင်းမှာ သိကြားမင်းနှင့် မယ်လမုတို့၏ ရုပ်တုများဖြစ်သည်။ ရွှေတိဂုံစေတီကို တည်သော ဥက္ကလာပမင်းကြီးသည် သိကြားမင်းနှင့်မယ်လမုတို့ သင့်မြတ်၍ မွေးဖွားသော သားဖြစ်သည် ဟူသော ဘုရားသမိုင်းပါအချက်ကို သရုပ်ဖော်ထားခြင်း ဖြစ်သည်။

### အနောက်မုတ်အာရုံခံနှင့် စောင်းတန်း

ထိုမှ မြောက်ဖက်သို့ဆက်၍လျှောက်ခဲ့လျှင် အနောက်မုတ်အာရုံခံတန်ဆောင်းအနီးသို့ ရောက်လာပေမည်။ အနောက်မုတ်မှတက်သောစောင်းတန်းသည် မုတ်ဦးအာရုံခံတန်ဆောင်းကို ဦးတိုက်လျက်ရှိသည်။ အနောက်မုတ်ဓာတ်လှေကားထိပ်မှ အတက်စကြံကား အနောက်မုတ်တန်ဆောင်း၏ မြောက်ဖက်တွင် ဆောက်လုပ်ထားသည်။ ထိုဓာတ်လှေကားမှတက်သော ဘုရားဖူးတို့သည် စကြံအတိုင်း လျှောက်လာပြီးသော် စရပ်၊ စေတီများအကြားမှနေ၍ အနောက်မုတ်တန်ဆောင်းထိပ်သို့ပင် လာနိုင်သည်။

### စုပေါင်းဒါန နှစ်ပြားတန်ဆောင်း


အနောက်မုတ်တန်ဆောင်းသည် ခေတ်မှီတန်ဆောင်းကြီးဖြစ်၏။ ရွှေပွတ်လုံးတိုင်ကြီးများဖြင့် အတင့်အတယ်ဆောက်လုပ်ထားသော ပြည်သူတို့၏ ကုသိုလ်ဒါန ဖြစ်သည်။ ဤတန်ဆောင်းကို "နှစ်ပြားတန်ဆောင်း" (၁၄) ဟု ခေါ်သည်။ ကျပ်၊ ပဲ၊ ပြား သုံးကြသော အင်္ဂလိပ်လက်ထက်က ရန်ကုန်မြို့ သိမ်ကြီးဈေးမှ ဈေးသူဈေးသားတို့သည် တနေ့လျှင်

## အနောက်မုတ်ဦး တန်ဆောင်းမှ ရွှေသို့ဆက်လျှင်

နှစ်ပြား (ပဝက်) မျှ မှန်မှန်ကောက်ခံ စုဆောင်းထားသောငွေကို တန်ဆောင်းဆောက်လုပ်လှူဒါန်းခြင်းဖြစ်သည်။ ရွှေအများဆုံးချထားသော တန်ဆောင်းကြီးဖြစ်သည်။ စောင်းတန်းလှေကားထစ်များမှာလည်း စောင်းတန်း ဖြက်ကျယ်သလောက် ကျယ်ပြန့်၏။ လှေကားအဆင့်ပေါင်း ခြောက်ဆင့်ရှိ၍ လှေကားထစ်ပေါင်း ၁၇၅ ထစ်ရှိသည်။ ဤစောင်းတန်းကြီးကို ၁၉၃၂ ခုနှစ်တွင် ပန္နက်ချပြီး ၁၉၃၅ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ပေသည်။

ဤစောင်းတန်းကား ပြည်သူပြည်သား အများ စုပေါင်းဒါန၏ သရုပ်ဖြစ်သည်။

အနောက် မုတ်ဦးအာရုံခံတန်ဆောင်းမှာ ၁၈၄၀ ခုနှစ်တွင် တကြိမ် ဆောက်လုပ်ခဲ့ပြီးနောက် ၁၉၀၀ ပြည့်တွင် ပုဇွန်တောင်မှ ဦးအောင်ကြီး ဒေါ်စောညွန့်တို့က ပြုပြင်သည်။ ၁၉၃၁ ခုနှစ်တွင် မီးကြီးခသဖြင့် အလှူ့ရှင် ဦးအောင်ကြီး ဆောက်လုပ်လှူဒါန်းသော မန္တလေး ဆရာခင်၏ လက်ရာမြောက် ရာမဇာတ် ရုပ်လုံးများပါသည့် ပန်းပုလက်ရာများပါ ပျက်စီး ဆုံးပါးခဲ့ရသည်။ ယနေ့တွေ့မြင်ရသော မုတ်ဦး အာရုံခံတန်ဆောင်း (၁၅) မှာ မီးကြီး ခပြီးနောက်မှ အသစ် ပြုပြင်ထားရသော တန်ဆောင်းဖြစ်သည်။ အနောက်မုတ်



နှစ်ပြားတန်ဆောင်းမှ အဆင်းတွင် ရွှေရောင်တဝင်းဝင်းဖြင့် တင့်တယ်လှသော တိုင်လုံးကြီးများက ပြည်သူအများ၏ စုပေါင်းဒါန အရှိန်အဝါကို ဖော်ပြလျက်ရှိသည်။

## မြတ်ဘုရားရှေ့တိုင်

အာရုံခံတန်ဆောင်းအတွင်းဆုံးရှိရုပ်ပွားကိုယ်တော်မှာ ကဿပဘုရားရှင်ကိုရည်စူး၍ တည်ထားခြင်းဖြစ်သည်။ ဤတန်ဆောင်းကို ခရစ်နှစ် ၁၉၇၁ ခုနှစ်တွင် သဘာဝဓမ္မ ဆရာတော် ဦးစိန္တာကြီးမှူး၍ တိုင်လုံးမှ ပန်းများကို ကနုတ်ပန်းနွယ်များဖြင့် လှပစွာ အသစ်ပြုပြင်ထားသည်။

### ဥက္ကလာပမင်းကြီးရုပ်တု

အနောက်မုတ် မုတ်ဦး အာရုံခံတန်ဆောင်းမှ မြောက်ဖက် ဘေးလှေကားထစ်များကို ဆင်းသက်လိုက်သည်နှင့် စေတီတော်ခြေရင်း၌ ကြာသပတေးဂြိုဟ်တိုင်ကို တွေ့ရပေမည်။ ဂြိုဟ်၏အမှတ်အသားကား ကြွက်ဖြစ်၏။ ယင်းဂြိုဟ်တိုင်မှ မြောက်ဖက်သို့ဆက်၍လျှောက်လျှင် စေတီတော်ပထမပစ္စယာ ထောင့်ဒုရင်တနေရာ၌ ဥက္ကလာပမင်းကြီး၏ရုပ်တု (၁၆) ကို လက်ျာဖက်၌တွေ့ရမည်။ ဥက္ကလာပမင်းကြီးသည် စေတီတော်၏ မူလဒါယကာဖြစ်ပေသည်။

### တန်ဆောင်းပြာသာဒ်အမျိုးမျိုး

ထိုနေရာမှနေ၍ ရင်ပြင်စကြံ၏အပြင်ရံ အနောက်မြောက်ဆီသို့ လှမ်းကြည့်လိုက်မည်ဆိုလျှင် စရပ်တန်ဆောင်းတို့၏ ပြာသာဒ်အာလိန် အမျိုးမျိုးကို လေ့လာနိုင်သည်။ ပရိက္ခရာ ကုန်သည် ဦးမောင်ကလေး-ဒေါ်ကျုပ် ကောင်းမှု အဆောက်အအုံ (၁၇) မှာ ယွန်းဆောင်ပုံဖြစ်၍ ထူးခြား လှပသည်။

ထိုတန်ဆောင်း၏ မြောက်ဖက်တွင် မြင်းပျံမတင့် အာရုံတော်အဖွဲ့တည်ရာ ဒေါ်ဖွား တန်ဆောင်း (၁၈)ဖြစ်၏။ ထို့နောက် လက်ျာဖက်မှတန်ဆောင်းမှာ ဦးအေးမောင် ကောင်းမှု စေတနာ သမ္ဘာရ ဝတ်အသင်း တည်ရာ (၁၉) ဖြစ်၏။ ထိုတန်ဆောင်းမှာ တိုင်ရှည်များနှင့် ဟပ်မိအောင် တနည်းတဖုံ ထွင်၍ ဆောက်လုပ်ထား၏။ ဤတန်ဆောင်းပုံများမှာ ခေတ်သစ်တွင် ဆောက်လုပ်ကြသော ဗံဂါလီပုံဟု ခေါ်သည်။ ပြာသာဒ်အမိုးတွင် လှသိုးပန်းများကို တပ်ဆင်လေ့ရှိသည်။



**ယွန်းပုံတန်ဆောင်းဟုခေါ်သည့် ဦးမောင်ကလေး-ဒေါ်ကျုပ် တန်ဆောင်းသည် ရင်ပြင်တော်ပေါ်၌ တဘာသာထူးခြားသောလက်ရာဖြစ်သည်။**



အနောက်ဖက်မုတ်ဦး အာရုံခံတန်ဆောင်းအတွင်းမှနေ၍ အနောက်မြောက်ရင်ပြင်တခွင်သို့ကြည့်လျှင် ဦးစံထွန်းတန်ဆောင်းနှင့် မုတ်ပေါက်ရှစ်ခုရှိသော ရှစ်မျက်နှာစေတီတို့ကို တွေ့နိုင်သည်။ စဉ့်ကူးမင်း ခေါင်းလောင်း တန်ဆောင်းမှာ လက်ဝဲဖက်၌ မီးစင်နှင့်တညီတည်းရှိသော ပြာသာဒ်များရှိရာ တန်ဆောင်းဖြစ်သည်။

စေတီများကိုလွန်လျှင် သက္ကရာဇ် ၁၂၈၇ ခုနှစ်က ဦးဘိုး၊ ဒေါ်မိုးကောင်းမှုကို ပြင်ဆင်ထားသော တန်ဆောင်း၊ ထိုဘေးမှ တန်ဆောင်း (၂၀)မှာ အမိုးတန်း ရှည်ပြီး ပြာသာဒ်သုံးဆောင်ရှိသည်။ခြောက်ပင်ငါးခန်းဖြစ်၍ ရှေးကျသောပုံစံဖြစ်သည်။ သက္ကရာဇ် ၁၂၈၀ ပြည့်တွင် တည်ထောင်သော ဝိဝဋ္ဋနိဿိတ ဝတ်အသင်းတည်ရာ ဦးဘထော် တန်ဆောင်း ဖြစ်၏။ ထိုတန်ဆောင်းကြီး၏ ရှေ့နား ရင်ပြင်ကျယ်တွင် အထွတ်၌ ရွှေချထားသော စေတီငယ် (၂၁)တဆူရှိသည်။ ထိုစေတီမှာ ထောင့်ရှစ်ထောင့်ရှိ၍ မျက်နှာရှစ်ဖက်တွင် မုတ်ပေါက်များ ထွင်းထားသည်။ နေ့ရှစ်နေ့၊ ဂြိုဟ်ရှစ်လုံးကိုပြသည်။ အရပ်ရှစ်မျက်နှာအလိုက် တမျက်နှာတွင် တနင်္လာ၊ အင်္ဂါစသည်ဖြင့် ပြထား၍ ဆိုင်ရာဂြိုဟ်ရုပ် များကိုလည်း နေ့နံအလိုက် ပြထားလေသည်။

**စဉ့်ကူးမင်းခေါင်းလောင်း**

ရှစ်မျက်နှာဘုရား၏ အနောက်ဖက်တွင် စဉ့်ကူးမင်း၏ မဟာဂဏ္ဍာခေါင်းလောင်းကြီး ရှိသည်။ ခေါင်းလောင်းစရပ် (၂၂) ၏ အုတ်ခုံမှာ ရင်ညွန့်ခန့်မြင့်သည်။ ဦးဘိုးကြီး၊ ဒေါ်ကြီး တန်ဆောင်းဟု ခေါ်သည်။ ၁၂၈၃ ခု ဦးရွှေနီ၊ ဒေါ်စောကောင်းမှု ကမ္ပည်းကိုလည်း တွေ့ရသည်။ ၁၇၇၈ ခုနှစ်အတွင်း သွန်းလုပ်ခဲ့ခြင်းဖြစ်၍ နှစ်ပေါင်း ၂၀၀ နီးပါးရှိခဲ့ပြီ။ အင်္ဂလိပ်တို့က သယ်ယူသွားရာတွင် ရန်ကုန်မြစ်တွင်းသို့ကျ၍ ၁၈၂၄ ခုနှစ်တွင် မြန်မာတို့က ဆယ်ယူထားရသော ခေါင်းလောင်းကြီးဖြစ်သည်။

စဥ့်ကူးမင်းခေါင်းလောင်း၏ အလေးချိန်မှာ ၁၅,၅၅၅ ပိဿာရှိသဖြင့် တန်ချိန်အားဖြင့် ၂၄ တန်ခန့်လေးသည်။ ပေါင်းကိုင်းမှ ခေါင်းလောင်းနှုတ်ခမ်းအထိ ၁၁ ပေခွဲရှည်၏။ ကြေးသားအထုမှာ တပေထုရှိ၏။ ခေါင်းလောင်းနှုတ်ခမ်းဝမှာ ၆ ပေနှင့် ဂ လက်မကျယ်သည်။ ခေါင်းလောင်းစာအရ အချင်းငါးတောင်၊ အရပ် ခုနစ်တောင်နှစ်မိုက်၊ လုံးပတ် ၁၅ တောင်၊ အထု နှစ်မိုက်နှင့် ငါးသစ်ဟူ၍ပြသည်။



အင်္ဂလိပ်တို့ ဖြုတ်ယူသွားရာမှ မြစ်ထဲသို့ကျသဖြင့်
ရန်ကုန်မြစ်တွင်းမှ ဆယ်ယူထားရသော
စဥ့်ကူးမင်း၏ မဟာဃဏ္ဍာ ခေါင်းလောင်းကြီး

ခေါင်းလောင်းကြီးတွင် မြန်မာဘာသာဖြင့် စာ ၁၂ ကြောင်းမျှ ခေါင်းလောင်းစာ ရေးထိုးထားလေသည်။ ခေါင်းလောင်းစာတွင် ဤတမ္ပကုတ္တ တောင်ထိပ်ရှိ စေတီတော်သို့ဖူးမြော်ရန် ရောက်လာသူတို့ ကြည်ညိုသဒ္ဓါပွားစိမ့်သောငှာ ဤကမ္ဘာတွင်ရှေးဦးစွာ ပွင့်တော်မူကုန်သော ငါးမာရ်အောင်မြင် ဘုရားသခင် လေးဆူတို့၏ ပဋ္ဌလောဟာ ရုပ်တုတော်မြတ် လေးဆူကို စေတီတော်လေးမျက်နှာတွင် ဘုံသာရွှေကျောင်းနှင့်တကွ တည်ထားကောင်းမှု ပြုကြောင်း ဖော်ပြထားသည်။

ထိုနောက် ဤသို့ သဒ္ဓါဒါနဝတ္ထု ပူဇော် ရသောကောင်းမှုကြောင့် "ဒါနစသောပါရမီကို ဖြည့်စွမ်းဆောင်ရွက်၍ ပညာဓိက သမ္မာသမ္ဗုဒ္ဓ ဂုဏ်ကျေးဇူးအထူးထူးဖြင့် သုံးဦးလူနတ် ပရိသတ်တို့အား တရားတည်းဟူသော အောင်ဆုပေး၍ ချမ်းသေုခနိဗ္ဗာနသို့ တင်ပို့ရသည် ဖြစ်လိုသော၊ ဘဝကြီးငယ် ကျင်လည်သမျှ သုဂတိဘဝ လူမင်းနတ်မင်းအဖြစ်ကိုသာရ၍ နတ်လူသတ္တဝါ ဗြဟ္မာအပေါင်းတို့သည် ချစ်ကြည်အပ်သောအရာ၌ သာယာသဖြင့် ကျူးရင့်သော ကရဝိတ်ငှက်မင်း အသံကို နှင်းသိမ့်သကဲ့သို့၊ ကြောက် စေ အပ် သော အ ရာ နိုက်၊ ကု သ မင်း ပု ဏ္ဏ က၊ အာဠာဝကတို့အသံကဲ့သို့ အလိုရှိရာအရပ်တိုင် ကြားနိုင်သော အာဏာ၊ သာ ယာ သော အ သံ နှင့် ပြည့် စုံ သည် ဖြစ် လိုသော်ဝ်။" ဟူ၍ စဥ့်ကူးမင်းက ဆုတောင်းထားသည်။ ထို့ပြင် "မိမိအလိုရှိ တောင့်တသော အကျိုးကို စိတ်ကြံကာမျှနှင့် ပြည့်စုံစေသော၊ အလိုမရှိမတောင့်တသော အကျိုးကို၊ တရံတဆစ်မျှ မကြိမ်တွေ့၊ မမြင်မကြားရစေသော၊ အရိမေတ္တယျဘုရားရှင် ပွင့်တော်မူသော အခါ ဘုရားဗျာဒိပ်ပန်းကို ပန်ရစေသော" စသည်ဖြင့် ဆုတောင်းထားသည်။ မဟာဃဏ္ဍာ

## စည်းဝေးပွဲများကျင်းပရာ တန်ဆောင်းနှင့် အနောက်မြောက်ရင်ပြင်

ခေါင်းလောင်းတော်ကြီးကို လှူဒါန်းရသောအကျိုးကို မယ်တော်၊ ခမည်းတော်၊ ဆင်ဖြူရှင်၊ ဘိုးတော် အလောင်းမင်းတရားကြီးနှင့် ဘွားတော်တို့နှင့်တကွ သားတော်၊ သမီးတော်၊ ဆွေမျိုးမှူးမတ်တို့အား အမျှပေးဝေထားသည်။ ထို့နောက် တမွကုဋ္ဌတောင်တော်ဝန်းကျင် ဆံတော်ရှင်စေတီတော်အား စောင့်ရှောက်သော နတ်တို့နှင့်တကွ အာကာသစိုး၊ ဘုမ္မစိုးနတ်များနှင့် သတ္တဝါအားလုံးတို့အား ကုသိုလ်ကောင်းမှုရစေသတည်းဟူ၍ အမျှဝေဆုတောင်းစာရေးထိုးထားလေသည်။ ခေါင်းလောင်းကြီး၏ ပေါင်းကိုင်းတွင် နယားရုပ်များကို သရုပ်ဖော်ထား၏။ တန်ဆောင်းတွင်းမှ ပန်းပုလက်ရာများမှာ မန္တလေး ဆရာခင်၏ လက်ရာများဖြစ်သည်။ ခေါင်းလောင်းနှုတ်ခမ်းနားမှာ မြစ်တွင်းက ဆယ်ယူ၍ ပို့ဆောင်စဉ်က ထိခိုက်ပွန်းပဲ့မှုအနည်းငယ်ကို တွေ့နိုင်သည်။

ခေါင်းလောင်းကြီးတန်ဆောင်း၏ ညာဖက်တွင် တောင်ဖက်ကို မျက်နှာပြုထားသော ကျယ်ဝန်းသည့် တန်ဆောင်းကြီးတဆောင်(၂၃)ရှိသည်။ ယခင်က လူထုစည်းဝေးပွဲများကျင်းပခဲ့ရာနေရာဖြစ်သည်။တန်ဆောင်းတွင်းရှိ တင်ပြင်ခွေရုပ်ပွားမှာ ဥာဏ်တော် ပေ၃၀ ခန့်မြင့်သည်။ တန်ဆောင်း ဒါယကာမှာ ဦးစံထွန်း-ဒေါ်နှစ်တို့ ဖြစ်သည်။ ဦးဘိုးကင်း-ဒေါ်သက်စု ကောင်းမှု ကမ္ပည်းထိုးထားသော တန်ဆောင်းမှာ ရုပ်ပွားတော်ကြီး၏ရှေ့မှဖြစ်သည်။ တန်ဆောင်းအတွင်း၌ သီတင်းနေ့များတွင် တရားပွဲရှိ၏။ ယင်း၏ဘေး အနောက်ဖက်မှ အမိုးချင်းယှဉ်လျက်ရှိသော တန်ဆောင်းမှာ ဦးဘိုးသောင်း-ဒေါ်ဒေါ်စုတို့၏ ၁၉၂၃ ခုနှစ်က ကောင်းမှုဖြစ်သည်။ ဘုရားဖူးသည် ဤတန်ဆောင်းများအတွင်းမှနေ၍ စေတီတော်ကို ကောင်းစွာ ဖူးမြော် ကြည်ညိုနိုင်သည်။



မြန်မာပြည် လွတ်လပ်ရေးနေ့က စိုက်ပျိုးခဲ့သော အိန္ဒိယမှ ပင့်ဆောင်လာသည့် ဗောဓိညောင်ပင်ကို အနောက်မြောက် ရာဟုထောင့်တွင် တွေ့နိုင်သည်။

## မြတ်ဘုရားရွှေတိဂုံ

ဤတန်ဆောင်းနှစ်ခုကိုဖြတ်၍ ရင်ပြင်အနောက်မြောက်ထောင့်သို့ အဝင်တွင် ဘုရားဖူးသည် ပန်း၊ ဆီမီး၊ အမွှေးတိုင်တို့မပြတ်ရှိတတ်သော ရုပ်ပွားတဆူကို ဖူးတွေ့နိုင်မည်။ ရုပ်ပွားမှာ စေတီငယ်တဆူ၏ လိုဏ်မုတ်အတွင်း၌ရှိသည်။ ဆုတောင်းပြည့်ဘုရား (၂၄)ဟု ဆိုကြသည်။ စေတီအနီးတွင် စကားဝါ၊ စကားစိမ်းနှင့် ခရေပင်များရှိလေသည်။

### အနောက်မြောက်ထောင့်မှဗောဓိပင်

ထိုစေတီကိုလွန်၍ထွက်သော် စရပ်၊ စေတီများ အများအပြားရှိသည်။ ဤနေရာသည် ရင်ပြင်ပေါ်တွင် ကျယ်ဝန်းသော ကွက်လပ်တနေရာ ဖြစ်သည်။ အနောက်ဖက် တန်တိုင်းနှင့် မြောက်ဖက်တန်တိုင်းတို့ဆုံရာအနီးတွင် ဗောဓိပင်တပင်(၂၅)ရှိသည်။ အိန္ဒိယပြည်ရှိ မဟာဗောဓိပင်မှ အကိုင်းကို ယူဆောင်လာ၍ ၁၉၄၈ ခုနှစ်၊ ဇန္နဝါရီလ ၄ ရက်၊ မြန်မာ့လွတ်လပ်ရေးနေ့တွင် စိုက်ပျိုးခဲ့သော ဗောဓိပင်ဖြစ်သည်။

ဘုရားဖူးသည် ထိုဗောဓိပင်၏ လက်ျာဖက်တွင် အခြားဗောဓိပင်တပင်(၂၆)ကိုတွေ့နိုင်သေးသည်။ ၎င်းမှာ လွန်ခဲ့သော နှစ်ပေါင်း ၆၇ နှစ်ခန့်က ဘဏ္ဍာထိန်းအဖွဲ့မှ စိုက်ပျိုးထားခဲ့သော ဗောဓိပင် ဖြစ်လေသည်။

ရင်ပြင်တော်မြောက်ဖက်ရှိ မာဖီယား တန်ဆောင်းထိပ် ပြာသာဒ်စွန်းမှ ပန်းပုလက်ရာများမှာ လေဒဏ် မိုးဒဏ်တို့ နှစ်အဆက်ဆက် ကြုံခဲ့ရသော်လည်း အလှကြွယ်၍ တင့်တယ်လျက်ပင် ရှိသေးသည်။





**မာဖီယား တန်ဆောင်းမှ အပြောက်တွင် ပန်းအဆော်နှင့် တော်ရနေ့ာင်အကြား ရုပ်ကြွ ဖော်ထားသော ပန်းပုလက်ရာများသည် မြန်မာ အနုပညာရှင်တို့၏ ပညာအတတ် အနက်ကို ဖော်ပြလျက်ရှိသည်။**

ဤထောင့်ရှိ တန်တိုင်း အစပ်မှနေ၍ ကုန်းတော်အနောက်မြောက် တခွင်တပြင်ကို ကြည့်ရှုနိုင်သည်။ ကြည့်မြင်တိုင်၊ ကမာရွတ်၊ အင်းစိန်ဖက်ကို လှမ်းမျှော်နိုင်သည်။ လှိုင်မြစ်၏ တစွန်းတစကိုလည်း အင်းစိန်ဖက်တွင် တွေ့မြင်နိုင်သည်။ အာဇာနည်ကုန်း ရှိရာဖက်ကိုလည်း စီး၍ ကြည့်နိုင်ပေသည်။ ကုန်းတော်အလယ်ပစ္စယာသို့ငုံ၍ ကြည့်ပါက အင်္ဂလိပ်တပ်စွဲသွားခဲ့သော ခံတပ်နေရာ တစွန်းတစကို တွေ့နိုင်သည်။

အနောက်မြောက်ထောင့်တခွင်၌ စရပ်တန်ဆောင်းတို့ရှိ ရုပ်ပွါး၊စေတီများကိုဖူးမြော်ပြီးနောက် မြောက်ဖက်မုတ်ဆီသို့ တန်တိုင်းအနီးမှဖြတ်၍လျှောက်ခဲ့ပါမူ ပါရမီအဖွဲ့ တန်ဆောင်းနှင့် ကုဋ္ဌိ၊ အိမ်သာနှင့် ဝေယျာဝစ္စသန့်ရှင်းရေးအဖွဲ့တည်ရာ တန်ဆောင်းများကို တွေ့ရမည်။ လက်ဝဲဖက်တွင် ရင်ပြင်တန်တိုင်းကိုကျောပေး၍ ဆောက်ထားသော စရပ်များကိုလည်း တွေ့ရမည်။

ထိုလမ်းကိုဆုံးအောင်မသွားဘဲ ပါရမီတန်ဆောင်း (၂၇) ဘေးမှဖြတ်၍စေတီတော်ကြီးရှိရာ အတွင်းရင်ပြင်သို့ ပြန်၍ဝင်လျှင် ဦးစံထွန်း-ဒေါ်နှစ် တန်ဆောင်းဘေးသို့ပြန်၍ ရောက်ပေမည်။ ဘုရားဖူး၏ လက်ျာဖက်တွင် ဦးစံထွန်း-ဒေါ်နှစ် တန်ဆောင်းရှိ၍ လက်ဝဲဖက်တွင် ကျယ်ဝန်းသော အုတ်တန်ဆောင်းတခု (၂၈) ကို တွေ့ရမည်။ အတွင်းတွင် အဖျောက်မြို့မှ ပင့်လာသော ကြေးဆင်းတုတော်ကြီးနှစ်ဆူကို ဖူးတွေ့နိုင်သည်။ သီတင်းနေ့များ၌ တရားပွဲရှိသည်။ တန်ဆောင်းထိပ်တွင် ဦးပွကြီး-သား ဦးဖိုးငွေ ဟူသော အလှူရှင်တို့၏ ကောင်းမှုစာတန်းရှိသည်။

**မာဖီယားတန်ဆောင်း**

ဘုရားဖူးသူသည် ဦးပွကြီးတန်ဆောင်းရှေ့မှဖြတ်၍ စေတီတော်ဆီသို့ မချဉ်းကပ်သေးပဲ အရှေ့ဖက်သို့လျှောက်ခဲ့ပါမူ မာဖီယားတန်ဆောင်း (၂၉) ဟုခေါ်ကြသောတန်ဆောင်း

တခုကိုတွေ့ရမည်။ ဦးသက်ရှေ-ဒေါ်အိမ်စောင့် နှင့် စံမဖီ-ဒေါ်အေးမြ ဟု ကမ္ပည်းထိုးထားသည်။ အတွင်း၌ရုပ်ပွားတော်ကြီးရှိသည်။ ရုပ်ပွားတော်ရှေ့က တရုပ်ဟန် မှန်ပြူတင်းဝိုင်းကြီး ဖောက်၍ထားသည်။ ဤတန်ဆောင်းမှာ ပြာသာဒ်စိန်တောင်နှင့် ထောင့်ဒုရင်ပေါ်တွင် သစ်သားပန်းပု ရုပ်လုံးများရှိသည်။ လင်းနို့တောင်များတွင် အနုစိပ်ပန်းလက်ရာများရှိသည်။ ကျိုးပဲ့မည်စိုးသောကြောင့် သံဆန်ကာ ကာရံ၍ထားသည်။

မာဃီယားတန်ဆောင်း အရှေ့မှဖြတ်၍ မြောက်ဖက်မုတ်ရှိရာ အရှေ့ဖက်သို့ဆက်၍ လျှောက်လာပါလျှင် တိုင်နံဘေး၌ ရပ်နေသော ကုလားရုပ်နှစ်ခုကိုတွေ့ရမည်။ ထောင့်ချိုး၌ လက်ဝဲဖက်သို့ ကွေ့လိုက်လျှင် နောက်ထပ် အလားတူ အရုပ်ကြီးနှစ်ခုကို တွေ့ရလိမ့်မည်။ ထိုတန်ဆောင်း(၃၀)သည် ဦးရာသီ၊ ဒေါ်ကျုံးတို့၏ ကောင်းမှုဖြစ်သည်။ အတွင်း၌ နဂါးရုပ်ခွေပတ်ထားသော ခြေတော်ရာ ရှိလေသည်။ တန်ဆောင်းအတွင်း၌ရှိသော မတ်ရပ်ကိုယ်တော် ရှစ်ဆူမှာ ကျွန်းသားဖြင့်ထုလုပ်ထားပြီး ရွှေချထားခြင်း ဖြစ်သည်။ ဤတန်ဆောင်းမှ မယ်ဥကျားချီဟန် ရုပ်ကြွများမှာ ပန်းပုဆရာ ဦးဘိုးသက်၏ လက်ရာဖြစ်သည်။

ထိုတန်ဆောင်းကိုလွန်လျှင် အခြားတန်ဆောင်းတခုကို ထောင့်ချိုး ပတ်လိုက်ပါက ခြသေ့ရုပ် နှစ်ရုပ်ကို တွေ့ရမည်။ မြန်မာလက်ရာထက် ဗြိတိသျှလက်ရာက လွှမ်းမိုးနေသော ခြသေ့ရုပ်များဖြစ်လေသည်။ ခြသေ့များမှာ သံဖြင့် ပုံလုပ်ထားသည်။ ဤတန်ဆောင်းသည် သက္ကရာဇ် ၁၂၅၇ ခု ဦးဘိုးညွန့် ဒေါ်ပုတို့၏ ကောင်းမှုဖြစ်သည်။



## မြောက်ဖက်စောင်းတန်း

ဤတန်ဆောင်းများအတိုင်း ဆက်၍လျှောက်လျှင် ဘုရားဖူးသည် မြောက်ဖက်မုတ် စောင်းတန်း (၃၁) ကိုဦးတိုက်၍ လျှောက်မိပေမည်။ မြောက်ဖက်မုတ်စောင်းတန်း၏ အတက်အဆင်းမှာ ခပ်ပြေပြေဖြစ်သည်။ လှေကားအဆင့် ၁၇ ဆင့်ရှိ၍ လှေကားထစ် ၁၂၈ ခု ရှိလေသည်။

ထိုစောင်းတန်းတွင် လေးလံသောဝန်များကို ဘုရားပေါ်သို့ဆွဲတင်ရန် ဓာတ်ရေ်လီ သံလမ်း ရှိသည်။

**ခြေတော်ရာရှိသော ဦးရာသီ - ဒေါ်ကျုံး တန်ဆောင်းဝတိုင်များရှေ့မှ ပန်းပုဆရာ ဦးစံ ထုလုပ်သောပုံကို ပုံသွန်းထားသော ကုလားရုပ်ကြီးများ ▶**



ရွှေတော်ရာ တန်ဆောင်းအတွင်းမှ ကျွန်းသားရုပ်ပွားကြီးများနှင့် မြတ်စွာဘုရားပုံတော်၊
ရွှေတော်ရာမှာ ပုံတော်ရှေ့နားတွင် နဂါးခွေပတ်လျက်ရှိသည်။

စောင်းတန်းတလျှောက် မျက်နှာကြက်အနီးတွင် ဗုဒ္ဓဝင်ပန်းချီရုပ်ကြွများရှိသည်။ စေတီတော် သမိုင်းဇာတ်လမ်းကိုလည်း သရုပ်ဖော်ထားသည်။

မြောက်ဖက်မုတ်မှ လက်ရှိ စောင်းတန်းကို ၁၉၂၅ ခုနှစ်တွင် ဆောက်လုပ်ခဲ့သည်။ စောင်းတန်း၏ အုတ်လှေကားဘောင်များမှ မိကျောင်းရုပ်ကြီးများနှင့် စောင်းတန်း အတက် အရှေ့ဖက်ထိပ်မှ ဘီလူးရုပ်ကြီးမှာ ဘုရင်မကြီး ရှင်စောပုလက်ထက်က ပြုလုပ်လှူဒါန်း ခဲ့သော ကောင်းမှုဖြစ်လေသည်။

ဤ မြောက်ဖက် စောင်းတန်းမှပင် မြန်မာတပ်သားများသည် ကုန်းတော်ပေါ်ရှိ အင်္ဂလိပ်တပ်ကို ၁၈၂၄ ခုနှစ် စစ်ပွဲတွင် ရှပ်ရှပ်ခါခါတက်၍ တိုက်ခဲ့ကြ၏။ စောင်းတန်း၏ အရှေ့ဖက်နားတွင် လမ်းမကြီးခြားလျက် လက်ျာဖက်တွင် သွေးဆေးကန်ဟူ၍ ရှိသည်။ မြန်မာစစ်သည်တို့၏ဓားတွင် ပေနေသောသွေးများကို ဆေးကြောကြသောကန်ဟုဆိုကြသည်။ ရွှေတိဂုံဘုရားကြီးကို စောင့်ရှောက်ခဲ့သောဆရာတော် ဦးပြားအား သွေးဆေးကန် ဆရာတော်ကြီးဟုလည်း ခေါ်တွင်ကြသည်။



မြောက်ဖက်စောင်းတန်းထိပ်မှ ရင်ပြင်တန်တိုင်းဘေးတွင် တွေ့ရသော
ဘုရင်မကြီး ရှင်စောပု၏ ကောင်းမှု ကျောက်ဘီလူးကြီး



မြောက်ဖက် စောင်းတန်းထိပ်မှ ဖူးရသည့် စေတီတော်

မြောက်ဖက်မုတ်ထိပ်တွင် လိပ်ကန့်တခုရှိသည်။ ငါးစာများဝယ်၍ ကျွေးနိုင်သည်။ ထိုမှ ဆင်းလျှင် ထရန်စပို့လမ်းမကို ရောက်သည်။ လမ်းမကို ကျော်လိုက်လျှင် ဗိုလ်ချုပ်အောင်ဆန်းနှင့် ဝန်ကြီးများ၏ အုတ်ဂူများရှိရာ အာဇာနည်ကုန်းသို့ ရောက်နိုင်သည်။ အာဇာနည်ကုန်းနှင့် လျှိုတခုခြားလျက်ရှိသော ကုန်းမှ အထိမ်းအမှတ်မှာ ဒုတိယကမ္ဘာစစ်ကြီး အတွင်းက စိုက်ထူခဲ့သော အာဇာနည်ကျောက်တိုင်ဖြစ်သည်။ ဤကုန်းမြင့်များသည် သိင်္ဂုတ္တရကုန်းနှင့် တဆက်တည်း၊ တကြောတည်း ဖြစ်ကြလေသည်။

## ခရီးတဝက်

ဘုရားဖူးသည် တောင်ဖက်မုတ်ကတက်ခဲ့သည်။ ရင်ပြင်ကို ပတ်ခဲ့သည်။ အနောက်ဖက်စောင်းတန်း နှစ်ပြားတန်ဆောင်းကိုလည်း ရောက်ခဲ့သည်။ အနောက် မြောက်ဖက်ရှိ ခေါင်းလောင်းတန်ဆောင်း၊ ရုပ်ပွါးပန်းပုလက်ရာတို့ကိုလည်း တွေ့ခဲ့ပြီ။ ထိုမှတဖန် မြောက်ဖက်မုတ်အတိုင်းဆင်း၍ အာဇာနည်ကုန်း ဖက်သို့လည်း မျှော်ကြည့်ခဲ့ပြီ။ကုန်းတော်ကိုတပတ်ပြည့်အောင်မလှည့်ရသေးပေ။ သို့သော် ခရီးတဝက်ခန့်ကျိုးပေပြီ။ တပတ်ပြည့်အောင် လက်ျာရစ်ခရီးကိုဆက်ရလျှင် မြောက်ဖက်စောင်းတန်းအတိုင်း စေတီတော်ရင်ပြင်ထက်သို့ ပြန်၍တက်ရပေမည်။

## မြောက်ဖက်ရင်ပြင်မှဖူးသော်

မြောက်ဖက်စောင်းတန်းထိပ် လှေကားဆုံး၍ မြောက်ဖက်မုတ်ဦး အာရုံခံတန်ဆောင်းကိုတူရူပြု၍ လာသောလမ်းသည် အခြားလမ်းများထက် ထူးခြားချက်တရပ်ရှိသည်။ ယင်းမှာ အခြားမဟုတ် စောင်းတန်းထိပ်နှင့် ခြေတော်ရင်းရှိ မုတ်ဦးတန်ဆောင်းတို့မှာ အခြားမုတ်များထက် ကွာလှမ်းသောကြောင့် စေတီတော်ကို ပြည့်ပြည့်ဝဝ လှမ်း၍ဖူးနိုင်ခြင်း ဖြစ်သည်။ ထိုခရီး၏ခုလတ်အကြား၌ လက်ဝဲ၊ လက်ျာတို့မှ အုန်းပင်အချို့က ရှိနေသောကြောင့် စေတီပုံပန်းချီကားချပ်ကြီးတွင် ပုံတော်ကို ဖူးသာကြည်ညိုသာဖြစ်အောင် ပန်းချီဆံဆံ အားဖြည့်ပေးလျက်ရှိလေသည်။

ဤမြောက်ဖက်ရင်ပြင်မှနေ၍ စေတီတော်ကို ဓာတ်ပုံရိုက်ယူလေ့ရှိကြသည်။ ပန်းချီလည်း ဆွဲလေ့ရှိကြသည်။ ဓာတ်ပုံနှင့်ပန်းချီကားတို့၏ မြင်ကွင်းတွင် လက်ျာဖက်ရွှေအနီး

## ထီးတော်ရုံနေရာဟောင်း စေတီယင်္ဂဏအသင်း

အပါး၌ ခြေတော်ရာတန်ဆောင်းရှေ့မှ ကုလားရုပ်ကြီးနှစ်ခု ပါနေတတ်သည်။ ဆံတော်တွင်းပြာသာဒ်က တပိတပိုင်း ပါဝင်နေတတ်သည်။ လက်ဝဲဖက်တွင် လှတ်လပ်ရေးရပြီးခေတ်တွင်မှလှူဒါန်းသည့်ကောင်းမှုဖြစ်သောမဟာဗောဓိစေတီနှင့် ဒဂုန်ခင်ခင်လေး တန်ဆောင်းက အထင်အရှား ဖြစ်နေတတ်သည်။ စေတီတော်ကြီးအတွက် ထီးတော် ကပ်လှူစဉ်က ဤမြောက်ဖက် စောင်းတန်းထိပ်နားကပင် တိုင်ငုတ်စိုက်၍ စက်ကြိုးဆင်ခဲ့ကြသည်။

ဘုရားဖူးသည် မြောက်ဖက်စောင်းတန်းထိပ်မှ ဘုရားကြီးအား အာရုံပြုရင်းလျှောက်လှမ်းခဲ့လျှင် စကြံ၏အစလက်ဝဲဖက်၌ နောင်တော်ကြီးစေတီ (၃၂)ကိုရုံ၍နေသော စေတီများ တန်ဆောင်းများကို တွေ့ရမည်။ လက်ယာဖက်အနီးထောင့်တွင် ၁၇၇၉ ခုနှစ်က ကယားစော်ဘွား စောလဖော် တည်ခဲ့သော စေတီရှိသည်၊ ထိုမှရှေ့သို့လာလျှင် အလာတုန်းကပတ်၍ကြည့်ခဲ့သော ခြေတော်ရာတန်ဆောင်းကို ကျော်ပါက စေတီယင်္ဂဏ အသင်းတန်ဆောင်း(၃၃)ကို တွေ့ရလိမ့်မည်။ ဤနေရာကား ဒေါ်ဖွားတန်ဆောင်းနေရာဖြစ်သည်။ မင်းတုန်းမင်းတရားကြီး၏ ကောင်းမှုဖြစ်သော ထီးတော်ကို ကုန်းတော်သို့သယ်ယူခဲ့ပြီးနောက် စေတီအထွတ်သို့မတင်မီ ဤနေရာ၌ ထီးတော်ရုံဆောက်၍အပူဇော်ခံသည်။ ထီးတော်ရုံအလှူရှင်မှာ အသက် ၂၀ ကျော်အရွယ်ရှိ မဖွားဖြစ်သည်။ ယခုသော် ၁၈၉၄ ခုနှစ်တွင် တည်ထောင်သော စေတီယင်္ဂဏအသင်း၏ အဆောက်အအုံ ဖြစ်နေပေသည်။ ကုန်းတော်ပေါ်တွင် ဘုံပြာသာဒ် မရှိတမူခြားနားသော အဆောက်အအုံပါပေ။ ဤနေရာတွင်ပင် ပိဋကတ်တော်နှင့် ပရိယတ္တိစာပေတို့ကိုလည်း သိုမှီးထားသည်။




ဆံတော်များပင့်ဆောင်လာစဉ်က ခေတ္တကိန်းဝပ်ရာ နေရာတွင် စေတီတည်ထားသော နောင်တော်ကြီးစေတီတော်

## နောင်တော်ကြီးစေတီ

စေတီယင်္ဂဏအသင်းတိုက်နှင့် မျက်နှာမူရာတွင် မြန်မာပြည် သုကကာရီ တံမြက်လှည်းအသင်း တန်ဆောင်းသစ်ကြီး(၃၄)ရှိသည်။ မူလကြည့်မြင်တိုင်ဈေးကြီး ဘုံတန်ဆောင်းဖြစ်သည်။ ယင်းတန်ဆောင်း၏ မြောက်ဖက်တွင် စစ်ကွင်းဆရာတော် တန်ဆောင်း(၃၅)ရှိသည်။

တန်ဆောင်းပတ်လည်များ၌ နိပါတ်တော် ရုပ်လုံးများကို လင်းနို့တောင်တွင် ဖော်၍ထား သည်။ ၁၉၆၅ ခုနှစ်က ဆောက်လုပ်သော တန်ဆောင်းသစ် ဖြစ်၏။

စစ်ကိုင်းဆရာတော်တန်ဆောင်းမှာ နောင်တော်ကြီးစေတီ၏ အနောက်ဖက် မုတ်ဦး တန်ဆောင်းပင်ဖြစ်သည်။ ထိုတန်ဆောင်းဘေးမှ ပတ်၍ နောင်တော်ကြီးစေတီကို ဝင်၍ ဖူးနိုင်ပေသည်။ နောင်တော်ကြီးစေတီ၏ မြောက်ဖက် မုတ်ဦးတန်ဆောင်းမှာ ရှင်မထီး တန်ဆောင်း (၃၆) ဟု ခေါ်သော ဦးစံပြု-ဒေါ်သာနု တန်ဆောင်းဖြစ်၏။ အရှေ့ဖက် မုတ်ဦးမှာ ဦးအုံ့-ဒေါ်ဖော့ တန်ဆောင်း (၃၇) ဖြစ်သည်။ တောင်ဖက် မုတ်ဦးအာရုံခံမှာ ရှင်အဇ္ဇဂေါဏ တန်ဆောင်း(၃၈)ဖြစ်သည်။




သုကကာရီအသင်းတန်ဆောင်း

နောင်တော်ကြီးစေတီ တည်ရာနေရာမှာ ဆံတော် ရှစ်ဆူကို ပင့်ဆောင်လာစဉ်က ထိုနေရာတွင် ခေတ္တ ကိန်း ဝပ်စေခဲ့သောနေရာ ဖြစ်သည်ဟု ဆိုသည်။ ထိုနေရာတွင် မူလစေတီကို ငုံ၍ အဆင့်ဆင့်တည်ထားခဲ့ရာမှ ၁၈၇၆ ခုနှစ် တွင် မော်လမြိုင်မှ ကုန်သည်ကြီး ဦးမွန်ထော်ကပြုပြင်၍ တည်ခဲ့သည်။ ဦးမွန်ထော်သည် ထီးတော်ရုံတန်ဆောင်း အစ်မ ဒေါ်ဖွား၏ ခင်ပွန်းဖြစ်သည်။

ဆံတော်တွင်း

နောင်တော်ကြီးစေတီကို လှည့်ပတ် ဖူးမြော်ပြီး နောက် မြောက်ဖက်စကြံရှိရာသို့ စေတီယင်္ဂဏအသင်း တိုက်ကို မျက်မှာမူ၍ လျှောက်လာလျှင် မြောက်ဖက် အာရုံခံတန်ဆောင်းနှင့် မျက်နှာချင်းဆိုင် လက်ျာဖက်၌ ဆံတော်တွင်းတန်ဆောင်း (၃၉) ရှိသည်။ စေတီတော်ကို တည်စဉ်ကဆံတော်များဆေးကြောသည့်တွင်းဖြစ်သည်ဟု မှတ်သားကြသည်။ ဆံတော်တွင်းမှရေသည် ဧရာဝတီမြစ် ရေနှင့် တကြောတည်း ဖြစ်၍ ရေတက် ရေကျ ရှိတိုင်း ဆံတော်တွင်း၌လည်း အတက်အကျရှိသည်ဟု ဆိုကြသည်။ ဆံတော်တွင်း အုတ်ပြာသာဒ်ကို ငုံ၍ ၁၈၇၉ ခုနှစ်က တန်ဆောင်းဆောက်လုပ်သည်။ ဦးစံချိန်၏ ကောင်းမှုဖြစ်သည်။

ဘုရားဖူးသူတက်ခဲ့သောလမ်း၏ လက်ဝဲဖက်၊ သို့မဟုတ် အရှေ့ဖက်တွင် မဟာဗောဓိ စေတီနှင့်တန်ဆောင်း(၄၀)ရှိသည်။ လက်ရာမှာခေတ်သစ်လက်ရာဖြစ်သည်။ စေတီတော်ပုံမှာ




ဆံတော်များကို ဌာပနာခြင်းမပြုမီ ဆေးကြောခဲ့သည့်နေရာဟု သမိုင်းတွင်ဆိုသော
ဆံတော်တွင်း အုတ်ပြာသာဒ်

အုတ်သားထုထည် လေးထောင့်ဖြစ်၍ အုတ်သားပေါ်တွင် ရုပ်ကြွများ ဖော်ထားသည်။ တန်ဆောင်းထဲတွင် ရုပ်ပွားများ ကိန်းဝပ်လေသည်။ ဤနေရာမှာ မူလက ဒလ ပျော်ဘွယ် ကလေးတန်ဆောင်းနေရာ ဖြစ်သည်။ ယခု ဒေါ် ဒဂုန်ခင်ခင်လေး၏ ကောင်းမှုဖြစ်သည်။

## မြောက်ဖက် အာရုံခံတန်ဆောင်း

မြောက်ဖက်မုတ်ဦး အာရုံခံတန်ဆောင်း (၄၁)မှာ အခြားမုတ်သုံးဖက်ရှိ အာရုံခံတန်ဆောင်းများနည်းတူ စေတီတော်ပန်းတင်ခုံကိုမှီ၍ တည်ဆောက်ထားခြင်းဖြစ်သည်။ တန်ဆောင်းတွင်း၌ စံပယ်လျက် ရှိသော ရုပ်ပွားတော်ကြီးမှာ ပွင့်ခဲ့ပြီးသော ဘုရားရှင်လေးဆူတွင် စတုတ္ထမြောက်ဖြစ်သော ဂေါတမမြတ်စွာဘုရားကို ရည်မှတ်၍တည်ထားခြင်းဖြစ်သည်။ဤတန်



ဆောင်းရှိ လင်းနို့တောင်များမှာ ပန်းပုဆရာဦးသံရောင်၏ အနုစိပ် ပန်းပုလက်ရာများ ဖြစ်ပေသည်။ မူလ တန်ဆောင်းဒါယကာမှာ ဆာဘိုးသာဖြစ်သည်။

ဘုရားဖူးသည် မြောက်ဖက်အာရုံခံကိုလည်း ဝင်ခဲ့ဖူးခဲ့ပြီဆိုပါစို့။ ရင်ပြင်ပတ်လမ်း၌ အရှေ့ဖက်သို့လျှောက်ခဲ့ရပေမည်။ ထိုအခါ မဟာဗောဓိ စေတီကိုလွန်သော နေရာ၌ တန်ဆောင်းတခုကိုတွေ့ရမည်။ ဤတန်ဆောင်း (၄၂)မှာလည်း နေ့စဉ် အနည်းငယ်မျှသော အလှူငွေကိုစုဆောင်း၍ ၁၉၁၄ ခုနှစ်က ဆောက်လုပ်လှူဒါန်းထားခြင်းဖြစ်သည်။ ကမ်းနားဈေး အသင်းတန်ဆောင်းဟု ခေါ်ကြသည်။ အလှူ့ရှင်များမှာ ရန်ကုန်မြို့ကမ်းနားဈေးသူဈေးသားများ ဖြစ်ကြသည်။

မြောက်ဖက်မုတ်ဦးအာရုံခံတန်ဆောင်းရှိ လင်းနို့တောင်မှ ပန်းနှင့် ရုပ်ကြွများ၊ တန်ဆောင်း၏ ဒါယကာမှာ ဆာဘိုးသာဖြစ်သည်။

ဤတန်ဆောင်းမှာ ဦးမောင်ကလေး၏ လက်ရာလှပသော သစ်သားတန်ဆောင်းဖြစ်သည်။ ပြာသာဒ် ဘုံဆင့်များတွင်ရုပ်လုံးမပါဘဲ ပန်းများသက်သက်ဖြင့်ထုလုပ်ထားသည်။ တန်ဆောင်းတွင်း ရုပ်ပွားတဆူ၏ နောက်တွင် တွင်းပေါက်တခု ရှိသည်။ ထိုရုပ်ပွားရှိရာနေရာသည် တန်ဆောင်း၏နောက်ဖက်၌ ကပ်လျက်ရှိသောအုတ်စေတီ(၄၃)၏အတွင်းသို့ ရောက်လေသည်။ ထိုနေရာမှနေ၍ ဆံတော်များ ကိန်းဝပ်ရာဌာပနာတိုက်သို့ ဝင်ရောက်နိုင်သည်ဟု ပြောစမှတ်ရှိကြသည်။

ဤရုပ်ပွါးကို ဆုတောင်းပြည့် ဘုရားဟုခေါ်သည်။ ဤနေရာသည်ပင်လျှင် ရွှေတိဂုံစေတီတော်ကြီး၏ သမိုင်း၌ အစောဆုံး ဖြစ်ရပ်တခုနှင့် ဆက်စပ်နေသဖြင့် အစဉ်အဆက် မှတ်သားကြသော အကြောင်းတခုရှိလေသည်။ ဂေါတမဘုရားရှင်လက်ထက်၌ ဥက္ကလာပမင်းကြီးသည် ဤနေရာသို့လာရောက်၍ ဤကုန်းမြေပေါ်တွင် ဆုတောင်းခဲ့သည်။ ရှေးဘုရားသုံးဆူတို့၏ ဓာတ်တော်



ပြာသာဒ် လက်ရာကောင်းတခုဖြစ်၍ နှစ်ပြားတန်ဆောင်းကဲ့သို့ပင် တဦးချင်း နေ့စဉ် လှူဒါန်းကြသော အလှူငွေကိုစု၍ ဆောက်လုပ်ထားသော ကမ်းနားဈေး နှစ်ပြားတန်ဆောင်း

မွေ့တော်တို့ ဤအရပ်၌ ကိန်းဝပ်ပြီးဖြစ်သဖြင့် စတုတ္ထမြောက် ပွင့်တော်မူသော ဂေါတမဘုရားရှင်၏ ဓာတ်တော်မွေ့တော်တို့ကိုလည်း ဌာပနာရပါလို၏ဟုဆုတောင်းရာတွင် ဂေါတမဘုရားရှင် ကိုယ်တိုင် ထင်ရှားပြ၍ လိုရာဆန္ဒအတိုင်း ပြည့်စုံစေဟု ဆုပေးခဲ့သည်ဟု ဆိုလေသည်။ ထို့ကြောင့် တန်ဆောင်းတွင်းရှိ ရုပ်ပွါးကြီးသုံးဆူတွင် အလယ်မှ ရုပ်ပွားတော်ကို ဆုတောင်းပြည့်ဘုရားဟု အမှတ်သညာထားလျက် ဘုရားကိုဝတ်ပြုပြီး လိုရာဆုတောင်းရင်း အဓိဋ္ဌာန်ကျောက်တုံးကို ချီမကြလေသည်။ ယခုအခါ ဘိုးတိုးအောင် ဆုတောင်းပြည့် လိုဏ်ဂူဘုရားဟုလည်း ခေါ်တွင်ကြသည်။

## ရှင်အဇ္ဇဂေါဏတန်ဆောင်း

ကမ်းနားဈေးတန်ဆောင်း ရှေ့မှ ဝင်၍သွားပါက ရှင်အဇ္ဇဂေါဏတန်ဆောင်းသို့ ရောက်ပေမည်။ ရှင်အဇ္ဇဂေါဏကား ဆိတ်မျက်လုံးတဖက်၊ နွားမျက်လုံးတဖက်ရှိသော ကိုယ်တော်ဟုထင်ရှားသည်။အဂ္ဂိရတ်တန်ခိုးဖြင့် ပုဂံခေတ်က ရွှေပိုးငွေပိုးရှာအောင် စောင်မခဲ့သော ကိုယ်တော်ဟု သမိုင်းစာပေတို့၌ဆိုလေသည်။ တန်ဆောင်းထဲရှိ လက်ဝဲအစွန်းမှ မတ်ရပ်ရုပ်ပွားမှာ ယင်းကိုယ်တော်ကို ရည်စူး၍ မျက်လုံးများကို တဖက်နှင့်တဖက် အရွယ်ချင်းမတူအောင် ထုလုပ်ထားသည်။ ဤတန်ဆောင်းတည်နေပုံမှာ နေ့ာင်တော်ကြီး စေတီ၏တောင်ဖက် အာရုံခံတန်ဆောင်းလည်း ဖြစ်သည်။ တန်ဆောင်း ဒါယကာများမှာ ဦးဘသောင်း ဒေါ်သီ တို့ဖြစ်သည်။



ဘုရားဖူးသည် မြောက်ဖက်မုတ်ဦးတန်ဆောင်းသို့ ရောက်သည်။ ပုံတွင် တွေ့ရသော နတ်သားရုပ်ကို ယခုအခါ ဘဏ္ဍာထိန်းအဖွဲ့ ရုံးအတွင်း၌ ပြောင်းရွှေ့ သိမ်းဆည်းထားသည်။

ဤနေရာတွင် စိတ်ဝင်စားဘွယ် အဆိုတရပ်ကား နေ့ာင်တော်ကြီးစေတီ၏ ဗဟိုချက်တနေရာ၊ မဟာဗောဓိနှင့် ကမ်းနားဈေး တန်ဆောင်းကြားရှိ စေတီငယ်၏ ဗဟိုချက်တနေရာနှင့် ရွှေတိဂုံစေတီတော်၏ဗဟိုချက်နေရာ၊ စုစုပေါင်း သုံးနေရာတို့သည် တဖြောင့်တည်းဖြစ်သည်ဟူသော အဆိုဖြစ်သည်။ ဆံတော်တိုက်



ရွှေတိဂုံစေတီတော်အထက် ရှစ်မြှောင့်နေရာမှ ကြည့်သော် နောင်တော်ကြီး စေတီနှင့် အကြားမှ စေတီငယ်တဆူတို့ကို စေတီတော်ကြီး၏ အလယ် ဗဟိုနှင့် မျဉ်းတမြောင့်တည်းအဖြစ် တွေ့ရလေသည်။

သို့ ဝင်ရာလမ်း နေရာမှာ အထက်ပါ စေတီငယ်၏အတွင်း၌ စတင် သည်ဟု အဆိုရှိလေသည်။

## သာယာဝတီမင်း ခေါင်းလောင်း

ထိုမှ ဦးဘရီ ဒေါ် သန်းမေ တန်ဆောင်းကိုကျော်လျှင် ခေါင်း လောင်းစရပ်ကြီး (၄၄) တခုကိုရောက်မည်။ ၁၈၄၁ ခုနှစ်တွင် သွန်း လုပ်သော သာယာဝတီမင်း၏ မဟာတိသဒ္ဒဃဏ္ဍာခေါင်းလောင်းကြီး ချိတ်ဆွဲထားရာ နေရာဖြစ်သည်။ အနောက်မြောက်ထောင့်ရှိ စဥ့်ကူး မင်း ခေါင်းလောင်းစရပ်ထက် သစ်လွင်သည်။ ဤခေါင်းလောင်း ကြီး၏ အတိုင်းအတာမှာ ခေါင်းလောင်းသက်သက် ခုနစ်ပေ အမြင့်ရှိ ပြီး အဝအကျယ် ခြောက်ပေ ရှစ်လက်မရှိသည်။ နှုတ်ခမ်းသားတပေ ထုရှိသည်။ မြန်မာအတိုင်းအတာမှာ ခေါင်းလောင်းရပ် ကိုးတောင် တမိုက် သုံးသစ်၊ အချင်းငါးတောင်၊ လုံးပတ် ၁၅ တောင်၊ ထု နှစ်မိုက် လက်လေးသစ် ဖြစ်သည်။ အလေးချိန်မှာ ပိဿာ ၂၆,၀၀၀ ဖြစ်၍ တန်ချိန် ၄၂ တန်ခန့်ရှိလေသည်။ ခေါင်းလောင်းကြီး၏ အထက်ချိတ်နေရာတွင် မနုဿီဟရုပ် များ ဖော်ထားလေသည်။ မျက်နှာကြက်တွင် ယွန်းလက်ရာဆံဆံ အလှအပများ ဖော်ထား သည်မှာ ပန်းပုဆရာ ဦးရွှေတောင်၏ လက်ရာများဖြစ်သည်။

သာယာဝတီမင်း၏ ခေါင်းလောင်းကြီး၌ ခေါင်းလောင်းစာ ပါရှိသည်။ ဦးစွာ ပထမ ဂေါတမမြတ်စွာဘုရား၏ ဖြစ်တော်စဉ်ကို သုမေဓာရသေ့ဘဝမှ စတင်ပြဆိုပြီးနောက် သိဒ္ဓတ္ထမင်းသားဘဝတွင် တောထွက်၍ သဗ္ဗညုပေးပါးမြတ်ဟူသော ဘုရားကိုဖော်ကွင်မြင်ပြီး ဝါတော် ၄၅ ဝါအရ၌ ပရိနိဗ္ဗာန်ပြုခဲ့ပုံ၊ ဘုရားရှင် သာသနာ ၂၃၇၉ ခုနှစ်၊ (ခရစ်နှစ် ၁၈၃၇) တွင် သာယာဝတီမင်း ထီးနန်းဆက်ခံ၍ တရားနှင့်အညီ မင်းပြုကြောင်း၊ သာသနာကို ချီးမြှောက် ကြောင်း၊ လယ်ယာကိုင်းကျွန်းမှ ရသောငွေဖြင့် ပရိယတ္တိ၊ ပဋိပတ္တိ စာပေတို့ကို ချီးမြှောက် ကြောင်း၊ ယိုးဒယား၊ သီဟိုဠ်တို့မှ ရဟန်းသံဃာတို့ကို လှူဒါန်းဆည်းကပ်ကြောင်း။ ရွှေတိဂုံ ဘုရားကြီးကို ရွှေသင်္ကန်းကပ်လှူပြီးလျှင် ခေါင်းလောင်းကြီးသွန်းလုပ် လှူဒါန်းကြောင်း၊ ထီးဖြူနှင့် ကြာပန်းခိုင်များကို လှူကြောင်း၊ ဤကောင်းမှုကြောင့် လူနတ်ဗြဟ္မာတို့ကို ကယ်မ

နိုင်သောဘုရားအဖြစ်ကို ဆုတောင်းကြောင်း၊ မိမိပြုလုပ်သော ကုသိုလ်အဖို့ကိုလည်း ဆွေမျိုး မိတ်သင်္ဂဟ ဆရာသမား၊ သမ္မာဒေဝနတ်များနှင့် အနန္တစကြဝဠာတွင်းရှိ သတ္တဝါတို့အား ပေးဝေကြောင်း ဖော်ပြပါရှိလေသည်။

ဘုရားဖူးသည် မဟာတိသဒ္ဒဃဏ္ဍာ ခေါင်းလောင်းစရပ်ကြီး၏ နောက်ရှိ တနင်္ဂနွေ ထောင့်အတွင်း အခြားတန်ဆောင်းတခုသို့ ရောက်အောင် လက်ဝဲဖက်မှ ချိုးသွားပါလျှင် ရွှေးသစ်သားပန်းပုလက်ရာ အများရှိသော တန်ဆောင်းတခုကိုတွေ့ရပေမည်။ ထိုတန်ဆောင်း မှာ ဦးဘိုးထုံးတန်ဆောင်း (၄၅)ဖြစ်လေသည်။ တန်ဆောင်းအတွင်း၌ ဇာတ်နိပါတ်များမှ ဇာတ်လမ်းများကို ရုပ်ကြွများဖြင့် ပန်းချီရေးသားထားသည်။ သက္ကရာဇ် ၁၂၇၇ ခုနှစ်က ဖိုးသုကာ ဆရာခင်၏ လက်ရာများဖြစ်သည်။ ဦးဘိုးထုံးတန်ဆောင်း၏ တောင်ဖက်မှကပ်လျက် ခေါင်းလောင်းကြီး တန်ဆောင်းနှင့် ဘေးတိုက်တွင် နှစ်ကျိပ် ရှစ်ဆူသိမ် ](၄၆)ရှိသည်။

**တနင်္ဂနွေထောင့်**



ရင်ပြင် အရှေ့မြောက်ထောင့်မှ လုပသောတန်ဆောင်း အတွင်း၌ ချိတ်ဆွဲထားသည့် သာယာဝတီမင်း လှူ ဒါန်းသော မဟာတိသဒ္ဒဃဏ္ဍာ ခေါင်းလောင်းကြီး

ထိုကမှတဖန် ရင်ပြင်ကျယ်သို့ ထွက်ခဲ့၍ စေတီတော်အောက်ခြေ ပန်းတင်ခုံဆီသို့ လှမ်း ကြည့်ပါမူ ပန်းတင်ခုံထောင့်၌ အရှေ့မြောက် အရပ်ကို ဖော်ပြသော တနင်္ဂနွေဂြိုဟ်တိုင်(၄၇) ကိုတွေ့ရပေမည်။တနင်္ဂနွေဂြိုဟ်၏ အမှတ်အသာ ကား ဂဠုန်ဖြစ်သည်။ ရင်ပြင်၏ တဖက်ဂြိုဟ်တိုင်• နှင့် မျက်နှာချင်းဆိုင် လက်ဝဲဖက်တွင် ကျောက် သား တံခွန်တိုင် သုံးတိုင်(၄၈)ကို တွေ့ရပေမည်။ အထက်တွင် စေတီတင်ထားသည်။ ၁၈၄၈ ခုနှစ် က ရန်ကုန်မြို့ဝန်ဦးဖိုက် လှူဒါန်းစိုက်ထူခဲ့သော တံခွန်တိုင်တခုမှာ ဤနေရာတွင် ရှိခဲ့သည်။


**ထီးတော်ပုံ စေတီများ**

ထိုအနီးတွင် ကျောက်သားစေတီ နှစ်ဆူ (၄၉)ကို ဖူးရမည်။ ထူးခြားသော စေတီများ

ပါတကာဘားဟု ရွတ်တရက်အားဖြင့် ထင်ရန်ရှိသည်။ အမှန်စင်စစ် ထီးတော်ပုံစေတီများဖြစ်ပေသည်။ စေတီနှစ်ဆူအနက် စေတီငယ်မှာ ခရစ်နှစ် ၁၇၇၅ ခုနှစ်တွင် တင်လှူသော ဆင်ဖြူရှင်မင်းတရား၏ ထီးတော်ပုံစံဖြစ်သည်။ စေတီအကြီးမှာ မင်းတုန်းမင်းတရားကြီး ၁၇၇၁ ခုနှစ်တွင် လှူဒါန်းသော လက်ရှိထီးတော်ပုံ စေတီ ဖြစ်လေသည်။

ဘုရားဖူးသည် ထိုနေရာမှ တောင်ဖက်သို့ လျှောက်ခဲ့သော် မြောက်ဖက် အာရုံခံ တန်ဆောင်းအနီးသို့ ရောက်ပေမည်။ ထိုနေရာတွင် ပန်းတင်ခုံအနီး၌ စိုက်ထူထားသော ရွှေထီးကြီးနှစ်စင်း(၅၀)ကို စေတီများအကြား၌ တွေ့ရမည်။ ယင်းတို့ကို ရှမ်းထီးဟူ၍ရင်း၊ ယိုးဒယားထီးဟူ၍ရင်း ခေါ်လေသည်။ အခြား ရှမ်းထီးတစင်းမှာ မြောက်ဖက်အာရုံခံ တန်ဆောင်း၏ လက်ျာဖက်ဘေးရှိ သောကြာဂြိုဟ်တိုင်အနီးတွင် တွေ့ရပေမည်။

ရှမ်းထီးကြီးများနှင့် မျက်နှာချင်းဆိုင် လက်ဝဲဖက် ရင်ပြင်တွင် ဒေါ်ငွေဇင်ကောင်းမှု ရေကြည်တော် ဝတ်အသင်း တန်ဆောင်းကြီး (၅၁) ရှိသည်။ တန်ဆောင်းဟောင်းမှာ မီးလောင်စဉ်က ပါသွား၏။ ထိုစဉ်ကရှိခဲ့သော ဗုဒ္ဓဝင် ဇာတ်နိပါတ်အရုပ်များကို အစွဲပြု၍ ဗုဒ္ဓဝင်တန်ဆောင်းဟု ခေါ်ကြသည်။ ဤအသင်း တန်ဆောင်းတွင် တန်ဆောင်မုန်းလပြည့် အကြိုညဥ့် မသိုးသင်္ကန်းရက်ပြိုင်ပွဲများ ကျင်းပလေ့ရှိသည်။



## အရှေ့မုတ် အာရုံခံတန်ဆောင်း

အရှေ့မုတ်အာရုံခံတန်ဆောင်း (၅၂)ကို ယခင်က ဦးကုလားကြီး တန်ဆောင်းဟု လူသိများသည်။ ဤတန်ဆောင်းတွင် ဘဒ္ဒကမ္ဘာ၌ ပထမဦးဆုံး ပွင့်တော်မူသော ကကုသန် (ကကုသန္ဓ)ဘုရားရှင်ကိုရည်စူး၍ ရုပ်ပွားတော် တည်ထားသည်။ ရုပ်ပွားတော်၏ ထူးခြားချက်မှာ ညာလက်ကို မှောက်၍မထားပဲ လှန်၍ ဖြန့်ချထားခြင်း ဖြစ်သည်။ အရှေ့မုတ် တန်ဆောင်း၏ ရှေးက ကောင်းမှုရှင်တဦးမှာ သာယာဝတီမင်း၏ အိမ်ရှေ့ မိဖုရား ဖြစ်သည်။ ထိုမှ အကြိမ်ကြိမ် ပြုပြင်ခဲ့ကြပြီးနောက် ခရစ်နှစ် ၁၈၆၉ ခု

ဆင်ဖြူရှင်မင်းတရား လှူဒါန်းခဲ့သော ထီးတော်ပုံစေတီကို ရင်ပြင်တော် အင်္ဂါထောင့်တွင် ဖူးတွေ့ရသည်။



**ရှမ်းထီးဟူ၍ လည်းကောင်း၊ ယိုးဒယားထီးဟူ၍ လည်းကောင်း ခေါ်ကြသော ထီးကြီးများ စိုက်ထူပူဇော်ထားသည်ကို စေတီတော်ခြေရင်းတွင် တွေ့နိုင်သည်။**

တွင် ပုဇွန်တောင်ရပ်မှ ကုန်သည် ဦးကုလားကြီးက ပြုပြင် လှူဒါန်းခဲ့လေသည်။ ထိုကမှ တဖန် ၁၉၃၁ ခုနှစ် မီးကြီးလောင်ရာ၌ တန်ဆောင်း ပါသွားခဲ့ပြီး အသစ်တဖန်တည်ဆောက်လှူဒါန်းသည်။ ၁၉၆၈ ခုနှစ်တွင် နောက်ဆုံးပြုပြင်မွမ်းမံခဲ့လေသည်။

**အရှေ့ဖက်စောင်းတန်း**

အရှေ့ဖက်စောင်းတန်း(၅၃)သည် ဗဟန်း ကြားတောရလမ်းမှ တည့်တည့်တက်၍ လာနိုင်သောလမ်း ဖြစ်သည်။ ဘုရားဖူးသည် စောင်းတန်းထိပ်အရောက် ဆင်းလိုကလည်း ဆင်းနိုင်သည်။

ဤစောင်းတန်းတွင် စောင်းတန်း လေးဖက်စလုံး၌ တွေ့ရလေ့ရှိသော ပန်း၊ ဆီမီး၊ အမွှေးတိုင်၊ ဖယောင်းတိုင် စသည်များအပြင် တောင်ဖက် စောင်းတန်းရှိ ဈေးဆိုင်များ ထက်ပင် ရောင်းကုန်များ စုံလင်ပေသည်။ ကြေးထည်၊ သံထည်များတွင် ဓား၊ ကွမ်းညှပ်၊ ကတ်ကျေး၊ ဇွန်း၊ထိုးဖူး၊ ချိန်ခွင်တို့မှအစ လယ်သမား၊ ယာသမားသုံး နွားခြူ၊ နဖားကြိုး စသည်အထိ ရောင်းချကြသည်။ ဓားများတွင် ဓားရှည်၊ ဓားတို အမျိုးမျိုးရှိသည်။ ကလေးကစားစရာ ဖြစ်သည့် ဖိုးဘရုပ်၊ အိုးစည်၊ မြင်းရုပ်၊ မင်းသမီးရုပ်တို့ကိုလည်း ဈေးခင်းရောင်းချကြသည်။ အတီးအမှုတ်ပစ္စည်းများဖြစ်သည့် ပုံ၊ ပတ်မ၊ အိုးစည်ကြီး၊ နှဲ၊ လင်းကွင်း၊ မောင်း စသည်တို့ စုံလင်လှပေသည်။



**မုတ်ဦးအာရုံခံ တန်ဆောင်းလေးခုတွင် လှပသော တန်ဆောင်းတခု ဖြစ်သည့် အရှေ့မုတ်တန်ဆောင်း၊ အတွင်းရှိ ကကုသန် ရုပ်ပွားတော်မှာ ညာဖက် လက်ဖဝါးကို ပက်လက်ဖြန့်၍ ထားသည်။**

# မြှတ်ဘုရားရွှေတိဂုံ

ဘုရားစာအုပ်၊ တရားစာအုပ်၊ သမိုင်းစာအုပ်၊ ခေတ်ကျမ်းစာအုပ်နှင့် ခေတ်ပေါ် ဝတ္ထု၊ သီချင်းညွှန့်ပေါင်းများကို ရောင်းချသောဆိုင်များလည်း ဗဟန်းကြားတောရလမ်းအထိ စောင်းတန်းတလျှောက် ကြိုးကြားကြိုးကြား ရှိလေသည်။ အင်္ဂလိပ်ခေတ်ဦးက ဤစောင်းတန်းတွင် ဈေးဆိုင်များမရှိခဲ့ပေ။ စောင်းတန်းသည်လည်း လမ်းအနီးရှိ ကျုံးတန်တားအထိသာ ရောက်လေသည်။

အရှေ့ဖက်စောင်းတန်းသည် အရှည်ဆုံးစောင်းတန်းပင် ဖြစ်သည်။ လှေကားအဆင့် ပေါင်း ၃၆ ဆင့်ရှိ၍ လှေကားထစ်ပေါင်း ၁၆၉ ထစ်ရှိသည်။ စောင်းတန်းအမိုးအောက်ကို ဖြတ်၍တောင်ဖက်မုတ်ရှိဘုရားလမ်းနှင့် ဦးထောင်ဗိုလ်လမ်းဖက်တို့မှလာသော ထရန်စပို့လမ်းသည် အာဇာနည်ကုန်းရှိရာ မြောက်ဖက်မုတ်သို့ ပတ်၍သွားသည်။ ထိုလမ်း၏ဝဲယာတို့တွင် စာတိုက်ဌာန၊ အမြှတ်တော်ခွန်ဌာန၊ မီးကုတ်မြို့နယ်အသင်းတို့မှ ဓမ္မာရုံများလည်း အစီအရီ ရှိကြလေသည်။


အရှေ့ဖက်စောင်းတန်းတွင် ခရစ်နှစ် ၁၉၃၂ ခုနှင့် ၁၉၃၅ ခုတို့တွင် ဆောက်လုပ်ခဲ့သည့် အမှတ်အသားများ ရှိသည်။ ၁၉၃၁ ခုနှစ် စေတီတော်ကြီးကို မီးခစဉ်က အနောက်ဖက် စောင်းတန်းမှ တက်လာသောမီးသည် အရှေ့ဖက်စောင်းတန်းရှိ ဓမ္မစေတီကျောက်စာရုံ အပါအဝင် အဆောက်အအုံ အချို့ကိုပါ လောင်ကျွမ်း ပျက်စီးစေခဲ့လေသည်။ ထို့ကြောင့် ရှေးတန်ဆောင်း၊ ရှေးလက်ရာများ ပျက်စီးဆုံးပါးခဲ့ရခြင်းမှာ ဗုဒ္ဓဘာသာဝင်တို့ စိတ်နှလုံးတွင် ကြိမ်မီးအုံးသဖွယ် ဖြစ်ခဲ့ရပေသည်။

## ဓမ္မစေတီ ကျောက်စာတိုင်များ

ဓမ္မစေတီကျောက်စာတိုင်သုံးချပ်မှာပါဠိ၊ မွန်၊မြန်မာသုံးဘာသာဖြင့်ခရစ်နှစ် ၁၄၈၅ ခုတွင် စိုက်ထူထားခြင်းဖြစ်သည်။ ထိုကျောက်စာတိုင်(၅၄)သည် ကုန်းတော်ပေါ်မှ အရှေ့ဖက် စောင်းတန်းသို့အဆင်းတွင် ဘုရားဖူး၏လက်ဝဲဖက်၊ အလယ်ပစ္စယာတွင်ရှိသည်။ မီးခရာတွင် ပါဝင်သွားသော ကျောက်စာရုံတန်ဆောင်းနေရာတွင် ဦးသာထွန်းက အသစ်ဆောက်လုပ်လှူဒါန်းထားသည်။ ဤကျောက်စာတိုင်များမှာ မူလမြေတွင်မြုပ်နေရာမှ ခရစ်နှစ် ၁၈၈၀ ခုတွင် ကျောက်စာဝန် ဒေါက်တာ ဖော်ခင်းမားက ထိပ်ပိုင်းအစအနကို တွေ့၍ ပြန်လည်တူးဖော်ထားခဲ့သည်ဟုဆိုသည်။

## ဦးညိုတန်ဆောင်း

အရှေ့ဖက်စောင်းတန်းသို့ ဆင်းခဲ့သော ဘုရားဖူးသည် ကျောက်စာရုံနှင့် နို့ဗွာန်ကုန်ဈေးဆိုင်တန်းတလျှောက်ကို ကြည့်ရှုခဲ့ပြီးသော် ထိုစောင်းတန်းအတိုင်းပင် ပြန်၍တက်ခဲ့ပါက



အရှေ့မျက်စောင်းတန်းမှ တက်လျှင် ကုန်းတော် အလယ်ပစ္စယာ လက်ယာဖက်၌ စမ္မစေတီ ကျောက်စာတိုင်များကို အမိုးပြာသာဒ်ဆင်၍ တန်ဆောင်းပြုလုပ်ထားသည်။

ကုန်းတော်ပေါ် ပြန်အရောက် လက်ဝဲဖက်နံပါးတွင် ဒေါက်တာဦးညို၏တန်ဆောင်း(၅၅)ကို တွေ့နိုင်သည်။ တန်ဆောင်းအတွင်း၌ ဘုရားရုပ်ပွားတော်ကြီး လေးဆူရှိသည်။ ဘုရားအလောင်းဖြစ်တော်စဉ်များကိုရုပ်လုံးဖော်ထားခြင်း ဖြစ်သည်။ တန်ဆောင်း၏ နဖူးစည်းမှာ သံပန်းများဖြင့် တန်ဆာဆင်ထားသည်။

တန်ဆောင်းအတွင်းရှိ မျက်နှာကြက်ဆီမှ ပန်းပုရုပ်လုံးများတွင် ဂေါတမ မြတ်စွာဘုရား အလောင်းဖြစ်သော သိဒ္ဓတ္ထမင်းသားကို မွေးဖွားပြီးနောက် ကာလဒေဝီလရသေ့နှင့် တွေ့ခန်း၊ ကောဏ္ဍညပုဏ္ဏားက သိဒ္ဓတ္ထမင်းသား ဘုရားဖြစ်လိမ့်မည်ဟု နိမိတ်ဖတ်ခန်း၊ သုဒ္ဓေါဒနမင်းကြီး လယ်ထွန်မင်္ဂလာပွဲခန်း၊ သိဒ္ဓတ္ထမင်းသား လေးစွမ်းပြခန်း၊ ယသော်ဓရာဒေဝီနှင့် ထိမ်းမြားခန်း၊ ဥယျာဉ်တော်တွင် နိမိတ်ကြီးလေးပါးကို တွေ့မြင်ခန်း၊ သန်းခေါင်ယံတွင် ယသော်ဓရာနှင့် သားငယ် ရာဟုလာကို ကြည့်ရှုပြီး တောထွက်ခန်း၊ နန်းတော်မှ ခွါခန်း၊ ဆံတော်ပယ်ခန်း၊ သုဇာတာ ဃနာနို့ဆွမ်းကပ်ခန်း၊ နေရဉ္ဇရာမြစ်တွင် ရွှေခွက်မျှောခန်း၊ မာရ်နတ်က ဘုရားအလောင်းအား စစ်ထိုးခန်း၊ မိဂဒါဝုန်တောတွင် ပဥ္စဝဂ္ဂီတို့အား တရားဟောခန်း၊ တန်ခိုးပြာဋိဟာပြခန်း၊ သုဒ္ဓေါဒနမင်းကြီးအား တရားဟောခန်း၊ တာဝတိံသာနတ်ပြည်မှ ဆင်းသက်ခန်း၊ မာရ်နတ်က အာယုသင်္ခါရလွှတ်ရန် ပြောကြားခန်း တို့ကို အစဉ်အလိုက် ရုပ်လုံးဖော်ပြထားလေသည်။

ဤတန်ဆောင်းတွင်ပင် အနောက်ဖက်နှင့်မြောက်ဖက် နဖူးစည်း အတွင်းဖက်များ၌ သူမေစာရှင်ရသေ့ ဒီပင်္ကရာမြတ်စွာဘုရားထံ၌ ဗျာဒိတ်ခံခန်းနှင့် သုဝဏ္ဏသျှံ သတ္တိသား၏ မိခင်ဖခင်တို့အား သားရွှေအိုးထမ်းလာသည်ကိုမြင်ရစေရန် သိကြားမင်းက ဆုသုံးပါးပေးခန်း တို့ကိုလည်း ရုပ်လုံးဖော်ထားလေသည်။

ဤတန်ဆောင်းတွင် အတွင်း၌ တိုင်လုံးများကို မှန်စီရွှေချထားသည်။ တင်ပျဉ်ခွေရုပ်ပွားတော်ကြီး လေးဆူရှိသည်။ တန်ဆောင်းဒါယကာ သူဌေးဦးညို၏ ခေါင်းပုံကိုလည်း အတွင်း၌ ချိတ်ဆွဲထားသည်။ ဤတန်ဆောင်းတွင်းရှိ လက်ရာများမှာ ယခင်က



ဒေါက်တာဦးညို တန်ဆောင်း။ အတွင်း၌ ဗုဒ္ဓဝင်ရုပ်ကြွ ဇာတ်လမ်းများရှိသည်။

ဒုဋ္ဌဂါမဏိမင်းအကြောင်း ရေးဆွဲထားသော ပုံကားများရှိသဖြင့် ဒုဋ္ဌဂါမဏိ တန်ဆောင်းဟု လူသိများသည်။ တန်ဆောင်းကို ဆောက်လုပ်သောအချိန်မှာ ဒုတိယကမ္ဘာစစ် မဖြစ်မီ အချိန်ကလေးတွင် ဖြစ်သည်။ တန်ဆောင်းအထက်မှ လက်ရာများမှာ ရေကျော်ရပ်နေ မန္တလေး ဆရာသန့်ဆိုသူ၏ လက်ရာဖြစ်သည်ဟု သိရသည်။

ထိုမှ တောင်ဖက်သို့ဆက်သော် ရုပ်ပွားတော်အများအပြားရှိရာ ဦးဝိဇ္ဇာ၊ ဒေါ်ပု တန်ဆောင်း (၅၆)၊ ပုဇွန်တောင် တပ်မြေ နိဗ္ဗာန်ဆော်ဝတ်အဖွဲ့ တည်ရှိရာ ဆာဘိုးသာ၊ ဒေါ်ရီတန်ဆောင်း (၅၇)၊ ထို့နောက် မြို့မဗဟိုဆွမ်းလောင်းအသင်းတည်ရှိရာ ဦးဘအေး၊ ဒေါ်စောတင် တန်ဆောင်း (၅၈)တို့သို့ ရောက်ပေမည်။



ချသော တံခွန်တိုင်တခု၊
ထက်တွင် ရဟန္တာရှိ၍
င်ခြေရင်း၌ တိတ္ထိများက
မက်တက်နေပုံ။

## တန်ဆောင်းနှင့် တံခွန်တိုင်များ

ဤတန်ဆောင်းများတွင် နေနေနားနားထိုင်၍ နံနက်ပိုင်း၌ စေတီတော်ကြီးအား ကြည်ညိုဖူးမြော်ရသည်မှာ နေရောင်ခြည်ဝလျက်ရှိသော စေတီတော်ကြီးသည် တနည်းတဖုံသပ္ပါယ်ကြည်ညိုဘွယ် ရှိလှပေသည်။

စေတီရင်ပြင် အရှေ့တောင်ထောင့်ရှိ ဦးဘအေး ဒေါ်စောတင် တန်ဆောင်းလက်ဝဲဘေး၌ တံခွန်တိုင်ရှိသည်။ တံခွန်တိုင်ထိပ်တွင် ဟင်္သာရုပ်ရှိသည်။ တိုင်ခြေရင်း အုတ်သား လိုဏ်မုတ်အတွင်း၌ နှစ်ပြားတန်ဆောင်း အနီး ဦးချိန်ကန် ဒေါ်ကြည်ကြည်တန်ဆောင်းမှ မကြာသေးမီကပင့်ဆောင်လာသော အင်္ဂလန်ပြန် ကြာပွင့်ခံ မတ်ရပ်ရုပ်ပွားရှိသည်။ မလုမ်းမကမ်းရှိ သစ်သားတံခွန်တိုင်(၅၉)တွင် ရဟန်းတော်တပါး၏ ရုပ်တုရှိသည်။ တံခွန်တိုင်ခြေရင်းတွင် တိတ္ထိတက္ကဒွန်းနှစ်ဦးက တိုင်ကို တွယ်ဖက်တက်နေဟန် ထုလုပ်ထားသည်။

ဤတံခွန်တိုင်အနီး ရေစည်များအနားတွင် ချိတ်ဆွဲထားသော ခေါင်းလောင်းတလုံး (၆၀) ရှိသည်။ ထိုခေါင်းလောင်း၏ ပုံသန်းမှာ ထူးခြား၏။ ရှေးကျသော်လည်း မြန်မာမဆံသော ပုံပန်းဖြင့် သွန်းလုပ်ခဲ့သည် ခေါင်းလောင်းဖြစ်သည် ဟု ယူဆရပေသည်။



အရှေ့တောင်ရင်ပြင် တံခွန်တိုင်
ထိပ်မှ ဟင်္သာရုပ်

### အရှေ့တောင်ထောင့်ရင်ပြင်မှ ဗောဓိညောင်ပင်

ဘုရားဖူးသည် အရှေ့တောင်ထောင့် ရင်ပြင်အင်္ဂါထောင့် အတွင်းဖက်သို့ဆက်၍ လျှောက်ခဲ့လျှင် ဗောဓိညောင်ပင်တပင် (၆၁)ကို တွေ့ရမည်။ ညောင်ပင်ခြေရင်းတွင် အုတ်ဘိနပ်ဝိုင်း၍ထားသည်။ ဤညောင်ပင်ကား ကဆုန်လပြည့်နေ့တွင်ကုန်းတော်ပေါ်၌ ရေသွန်းရာညောင်ပင် ဖြစ်လေသည်။ ကဆုန်လပြည့်နေ့အခါ၌ အရှေ့တောင်ထောင့်တွင် ဤဗောဓိ ညောင်ပင် တပိုက်၌ ညောင်ရေသွန်းသူ ပရိသတ်များ၊ အသင်းအဖွဲ့များဖြင့် အထူး စည်ကားလေသည်။

အရှေ့တောင်ထောင့်ညောင်ပင်သည် အိန္ဒိယပြည် ဗုဒ္ဓဂါယာအရပ်ရှိ ဗောဓိညောင်ပင်မှ အစေ့




**အရှေ့တောင်ထောင့် မြို့မ ဗဟို ဆွမ်းလောင်းအသင်း တန်ဆောင်း အနီးမှ ပုံပန်းထူးခြားသော ခေါင်းလောင်းတခု**

ကိုယူ၍ စိုက်ပျိုးထားခြင်း ဖြစ်သည်။ ထိုမူလ ဗောဓိညောင်ပင်၏ ခြေတော်ရင်း၌ ဂေါတမမြတ်စွာဘုရားရှင်သည် သဗ္ဗညုတဉာဏ်တော်ကို ရရှိခဲ့ခြင်းဖြစ်လေသည်။

အရှေ့တောင်ထောင့် ရင်ပြင်တန်တိုင်း တလျှောက်မှ မျှော်လေလျှင် ကန်တော်ကြီး၏ တစိတ်တဒေသကိုငှင်း၊ ယခင် ဆံတော်ကြိုလမ်း နေရာဖြစ်သော ဂေါ်ရာကုန်းဟု ခေါ်သည့် ယခု တပ်မတော်မှတ်တမ်းရုံးရှိရာ ကုန်းမြေကိုလည်းကောင်း၊ ထိုကမှလွန်လျှင် ရန်ကုန်မြို့ အရှေ့ပိုင်းရပ်ကွက်များမှ တိုက်တာ အဆောက်အအုံများကိုလည်းကောင်း မြင်တွေ့နိုင်သည်။ ရန်ကုန်မြစ်ပြင်ကို ကျော်၍ကြည့်လျှင် မြန်မာနိုင်ငံတွင် နယ်ချဲ့သမားတို့ စတင်အခြေစိုက်ရာ စခန်းတခုဖြစ်ခဲ့သည့် သံလျင်မြို့ တည်ရာအရပ်ကို

**နှစ်စဉ် ကဆုန်ညောင်ရေ သွန်းလောင်းပွဲခမ်းနားစွာ ကျင်းပရာ အင်္ဂါထောင့်ရှိ မယ်ဒက်ဆရာတော် ဗောဓိညောင်ပင်**




တွေ့ရမည်။ ပြည်သူ့ရေနံလုပ်ငန်းမှ စက်ရုံများကိုတွေ့ရမည်။ တောအုပ်စိမ်းစိမ်း အထက်၌ တောင်ကုန်းမြင့်မြင့်ပေါ်တွင် ရပ်တည်လျက်ရှိသော ရွှေရောင်တဝင်းဝင်းနှင့် စေတီကား သံလျင်မြို့မှ တန်ခိုးကြီးကျိုက်ခေါက်စေတီတော် ဖြစ်လေသည်။ ဆီးနှင်းမှုန်မှိုင်း၍ မိုးသက်မုန်တိုင်းမရှိပါက ဤကျိုက်ခေါက်စေတီတော်ကို ကုန်းတော်ပေါ်မှနေ၍ နေ့အခါ အချိန်မရွေး ဖူးတွေ့နိုင်လေသည်။

အင်္ဂါထောင့်မှနေ၍ လက်ျာရစ်ခရီးအတိုင်း အနောက်ဖက်သို့ အထွက်တွင် ဦးဘကဲ၊ ဒေါ်ဒေါ်သိန်း တန်ဆောင်း (၆၂) ရှိသည်။ အတွင်း၌ မြတ်စွာဘုရားရှင်၏ ခြေရာတော်ပုံစံနှစ်ဆူရှိသည်။ ထိုတန်ဆောင်း၏မြောက်ဖက်မှကပ်၍နေသော တန်ဆောင်းမှာ ဦးဘိုက်၊ ဒေါ်သူတန်ဆောင်း (၆၃) ဖြစ်သည်။ ရုပ်ပွားတော်အများအပြားရှိသည်။

အင်္ဂါထောင့်ရင်ပြင်သည် အနောက်မြောက်ထောင့် ရင်ပြင်ကဲ့သို့ပင် စေတီနှင့်ဂန္ဓကုဋီတိုက် စေတီများပေါ်များသည်။ ဘုရားဖူးသည် ထိုထောင့်မှ အနောက်ဖက်သို့ ထွက်ခဲ့လျှင် ရောင်တော်ဖွင့်အသင်းတည်ရာ အဖျောက်တန်ဆောင်း (၆၄) ရှေ့က ဖြတ်ရမည်။ ဦးဘိုးနီ ဒေါ်ခင်ကောင်းမှုဖြစ်၏။ ထိုတန်ဆောင်းကို လွန်လျှင် ဘဏ္ဍာထိန်းအဖွဲ့ ရုံးရှေ့မှ တန်ဆောင်း (၆၅) သို့ရောက်မည်။ ထိုတန်ဆောင်းမှာ ဘုရားကြီးသို့ အဖူးအမြော် အလည်အပတ်လာရောက်သောဧည့်သည်တော်များအတွက် နားနေရန်နှင့် ဧည့်ခံရာဌာနဖြစ်သည်။ ဘဏ္ဍာတော်ထိန်းအဖွဲ့၏ရုံး (၆၆)မှာ ကုန်းတော်နှင့်ဆက်လျက် နှစ်ထပ်တိုက်သစ်ဆောက်လုပ်ထားသည်။ ဘုရားကြီး၏ ဧည့်သည်တော်မှတ်တမ်းစာအုပ်ကို ထိုနေရာတွင် ထားရှိလေသည်။

## မြတိုက်သို့


ထိုတန်ဆောင်းကို လွန်လျှင် လုံခြုံရေးအဖွဲ့ထားရှိရာ ဒေါ်မြတန်ဆောင်း (၆၇)ကိုတွေ့ရမည်။ အတွင်း၌ မန္တလေးမြို့တွင် တာမွေဝတီရုပ်နေ ဦးမြသောင်းအား ပုံသွင်းသွန်းလုပ်စေ၍ ၁၉၆၃ ခုနှစ်က လှူဒါန်းသော ရွှေတိဂုံစေတီပုံတော်အငယ်စားတဆူ ရှိသည်။ ထိုကမှဘုရား



ဦးဘကဲတန်ဆောင်း အတွင်းမှ ခြေတော်ရာကြီးနှစ်ဆူ။ ခြေတော်ရာချိုင့်ခွက်ထဲ၌ ရေသွန်းလောင်း၍ ပန်းများဖြင့် ဖြန့်ကျဲပူဇော်ထားသည်။



မြောက်ဖက် မုတ်ဦး တန်ဆောင်းမှ ပြောင်းရွှေ့ထားသော ဘဏ္ဍာထိန်း အဖွဲ့ ရုံးခန်းအတွင်းရှိ မှန်စီ ရွှေချ နတ်သားရုပ်



**ဦးစံချိန် တန်ဆောင်းထိပ်မှ ယွန်းပန်းချီဆံဆံ ပန်းပုလက်ရာ**

ကြီး၏ ပြတိုက်တန်ဆောင်း(၆၈)သို့ ရောက်ရှိမည်။ ပြတိုက်ထဲတွင် ရွှေတိဂုံစေတီတော်ကြီးသို့ လှူဒါန်းထားသော ရွှေ၊ ငွေ၊ လက်ဝတ်ပစ္စည်းအမျိုးမျိုး၊ အဖိုးတန်ရတနာအမျိုးမျိုး၊ ရှေးက အသုံးအဆောင်အမျိုးမျိုးနှင့် စေတီရုပ်ပွားအမျိုးမျိုးတို့ကို တွေ့ရမည်ဖြစ်လေသည်။

ပြတိုက်အတွင်းတွင်နိုင်ငံခြားမှလှူသောပစ္စည်းများ၊ တဦးချင်းလှူသောရုပ်ပွားများ၊ ဝတ်ရုံများ၊ ဆံစုများ၊ ရွှေပန်းခိုင်၊ငွေပန်းခိုင်များ၊ မြသပိတ်များမှသည် မြန်မာစောင်းတူရိယာနှင့် သကြံန်အဖွဲ့များမှ လှူဒါန်းထားသော ဒိုင်းဆုများအထိရှိသည်။ ငွေပန်းအိုးကြီးများကိုလည်း တွေ့ရသည်။ ရွှေ ဒင်္ဂါးများ၊ ငွေကြေးများကိုလည်း တွေ့နိုင်သည်။ ဘုရားငါးဆူ၏ ရုပ်ပွားတော်များမှာ ခေါင်းရင်းဖက်တွင် ပလ္လင်တော်အထက်က ရှိကြလေသည်။

ပြတိုက်တွင်းရှိ ပစ္စည်းများကိုကြည့်၍ ဗုဒ္ဓဘာသာဝင်တို့၏ လှူဒါန်းလိုကြသော စေတနာ သဒ္ဓါ တရားကို အကဲခပ်နိုင်ပေသည်။

ပြတိုက်ထဲမှ ထွက်ခဲ့လျှင် ဘုရားဖူးသည် ပြတိုက်ရှေ့ရှိ အာရုံခံ တန်ဆောင်း တခုသို့ ရောက်ပေမည်။ ထို တန် ဆောင်း မှာ ဦးစံချိန်



**သဒ္ဓါ ကြည်ညိုသူတို့ လှူဒါန်းထားကြသော ပြတိုက်အတွင်းရှိ ပစ္စည်းမျိုးစုံကို လေ့လာကြည့်ရှု နေသူတစု**



ပြတိုက်ဘေးရှိ ဒေါ်မြတန်ဆောင်းအတွင်း၌ရှိသော
ရွှေတိဂုံစေတီတော်ပုံတူ ကြေးစေတီ



ဘဏ္ဍာထိန်း အဖွဲ့ရုံးအတွင်းမှ မှန်စီရွှေချ နတ်သမီးရုပ်

တန်ဆောင်း (၆၉) ဖြစ်၏။ တိုင်လုံးများကို ရွှေချထားသည်။ လင်းနို့တောင်နှင့် နဖူးစည်းတွင် ရုပ်လုံးရုပ်ကြွများ ရှိသည်။ ထိုတန်ဆောင်းထဲတွင် နားနားနေနေဖြင့် စေတီတော်ကြီးကို ဝတ်ပြုနိုင်သည်။ စေတီကိုယ်လုံးတော်နှင့် ထီးတော်ငှက်မြတ်နားတို့ကို မော်၍ ဖူးနိုင်လေသည်။ ပြာသာဒ်မှာ ကုန်းတော်ပေါ်တွင်၊ အမြင့်ဆုံးဖြစ်လေသည်။ ဦးစံချိန်တန်ဆောင်း၏ အနောက်ဖက်ဘေးတွင် စမ်းချောင်းရပ်ကွက်မှ အလှူရှင် ဒေါ်နန်းလှိုင်တန်ဆောင်း ရှိသည်။

ဤနေရာမှ ရှေ့သို့ဆက်လျှင် တောင်ဖက်စောင်းတန်းထိပ်သို့ ရောက်မည်ဖြစ်သဖြင့် ဘုရားကြီးအား ရင်ပြင်တပိုက် လက်ျာရစ်လှည့်ဖူးခဲ့သည်မှာ တပတ်တင်းတင်းပြည့်ပေပြီ။

## စေတီတော် အထက်ပစ္စယာသို့

ဘုရားဖူးသည် ရင်ပြင်တပတ်ကို နှံ့သလောက်ရှိခဲ့ပြီ။ ထိုနေရာမှ ဘုရားကုန်းတော်ခရီးကိုဆက်လိုလျှင် မိမိနားနေရာ တန်ဆောင်း၏ အရှေ့တည့်တည့်အရပ်၊ တောင်ဖက်အာရုံခံတန်ဆောင်း၏ နံပါးတွင်' စေတီတော် အထက်ပစ္စယာသို့ |တက်သောလမ်း (၇၀) ရှိသည်။

ကုန်းတော် အလယ်ပစ္စယာကို အခြေပြု၍ ရင်ပြင်တော်နှင့် တပြေးတည်း ဆောက်ထားသော ဘဏ္ဍာထိန်းအဖွဲ့ ရုံးတည်ရာ နှစ်ထပ်တိုက်ကို တောင်ဖက်မုတ်ခတ်လှေကားစကြံမှ မြင်ရပုံ



# မြတ်ဘုရားရွှေတိဂုံ

ထိုနေရာသို့တက်၍ တနည်းတဖုံ ကြည့်ညို ဝတ်ပြုနိုင်သေးသည်။ ယင်းအထက်ပစ္စယာသို့ တက်ရန်မှာ ဂေါပကအထိန်းအဖွဲ့၏ ခွင့်ပြုချက်ကိုယူရသည်။ အမျိုးသမီးများမှာမူ တက်ရောက်ခွင့်မရှိပေ။ အထက်ပစ္စယာသို့ တက်ရာအပေါက်၌ သံတံခါးတပ်ဆင်ထားလေသည်။

အထက်ပစ္စယာသည် ဘုရားဖူးတိုင်း အလွယ်တကူရောက်ရှိနိုင်သော နေရာမဟုတ်သောကြောင့် စေတီတော်အောက်ခြေရှိ ရင်ပြင်တဝိုက်ထက် အေးချမ်းဆိတ်ငြိမ်သောနေရာ ဖြစ်လေသည်။ ထို့ကြောင့် ဤနေရာတွင် တရားဘာဝနာ ပွားများသူများနှင့် အဓိဋ္ဌာန် ပုတီးစိပ်သူများကို တွေ့ရလေ့ရှိသည်။ ဤနေရာသည်ပင် စေတီတော်ကြီး၏ ပထမပစ္စယာ ဖြစ်ပေသည်။

အထက်ပစ္စယာတဝိုက်သည် ဘေးပတ်လည်သို့ ပေ ၂၀ ခန့်အကျယ်ရှိသည်။ ထိုပစ္စယာပေါ်တွင် စေတီတော်ခြေရင်း ပန်းတင်ခုံပေါ်၌ စေတီရံ ၆၈ ဆူတည်ထားလေသည်။ ၆၄

ဤတောင်ဖက်စောင်းတန်းထိပ် မုတ်ဦးတန်ဆောင်းရှေ့သို့ပြန်၍ ဝင်မိလျှင် ဘုရားဖူးသည် ရင်ပြင်တော်ကို လက်ျာရစ် လှည့်ပတ် ဖူးခဲ့သည်မှာ တပတ် ပြည့်လေပြီ။





ဘိနပ်တော် ပတ်လည်တွင် သံတိုင်များဖြင့် ဝန်းရံထားသောနေရာ အနီးမှ သစ်သား လှေကားများရှိသည်။ ထိုလှေကားများ အနီးမှတက် ၍ ကြည့် လျှင် အထက် ပစ္စယာ ခိုနန်းချီးများကို ဤသို့ တင့်တယ်စွာ တွေ့ရသည်။

ဆူမှာ အရံစေတီငယ်များဖြစ်၍ ကျန်လေးဆူမှာ မုတ်လေးဖက်မှ မုတ်ဦးစေတီများဖြစ်ကြသည်။ ဤပစ္စယာ ခြေတော်ရင်းပတ်လည်တွင် ဘုရားဖူးသည် အေးချမ်း ဆိတ်ငြိမ်စွာ လှည့်ပတ်၍ ဖူးမြော်နိုင်သည်။ အရပ်ရှစ်မျက်နှာသို့ မျှော်ကြည့်နိုင်သည်။ စေတီအောက်ခြေသို့ငုံ့၍၊ စိုး၍ကြည့်နိုင်သည်။ စေတီတော်အထက်သို့လည်း ထိုနေရာမှ မော်၍ဖူးနိုင်သည်။ စေတီတော်ကြီးအားထူးခြားသပ္ပာယ်သော အသွင်တမျိုးဖြင့် ဖူးမြော်ကြည်ညိုနိုင်ပေလိမ့်မည်။

### တဝဂ္ဂု ဆုတောင်းပြည့်စေတီ

ဤအထက်ပစ္စယာတွင် ထင်ရှားသော တဝဂ္ဂုဆုတောင်းပြည့်ဘုရား(၇၁)တဆူရှိသည်။ ယင်းမှာ အရှေ့ဖက်တွင် ရှိလေသည်။ တဝဂ္ဂုပတ္တမြားမျက်ရှင် ဘုရားဟုလည်း တွင်သည်။

### ကုန်းတော်အလယ်ပစ္စယာသို့

ဘုရားဖူးသည် ယခုအခါ ကုန်းတော်ရင်ပြင်၌လည်းကောင်း၊ စေတီတော်အထက်၌လည်းကောင်း လှည့်ပတ်ဖူးမြော်ခဲ့၍ စုံသင့်သလောက် စုံပေပြီ။ ထို့ကြောင့် သိဂ္ဂုတ္တရ ကုန်းတော်မြေအနှံ့ သွားရောက် ကြည့်ရှုချင်သေးသည် ဆိုလျှင် ကုန်းတော်မြေ အလယ်

ပစ္စယာသို့ ခရီးဆန့်နိုင်သည်။ ကုန်းတော်မြေအလယ်ပစ္စယာတွင် စရပ်များ၊ တန်ဆောင်းများ ရှိလေသည်။ ကုန်းတော်အလယ်ပစ္စယာသို့ ဆင်းလိုက လေးဖက်လေးတန်သော စောင်းတန်းတို့မှ ဆင်းသက်၍ လှည့်ပတ်သွားနိုင်လေသည်။ အထူးသဖြင့် အနောက်မုတ်အနီး ကုန်းတော်ပရဝုဏ်အတွင်း၌ ဓမ္မာရုံကြီးများရှိလေသည်။ "ဗုဒ္ဓဇယန္တီ"မိုးညွင်းဓမ္မာရုံကြီးနှင့် ဦးဥေ့ယျ၏ "အောင်ခြင်းရှစ်ပါး" ဓမ္မာရုံကြီးနှစ်ဆောင်မှာ အနောက်ဖက်စောင်းတန်း၏ မြောက်ဖက်တွင်ရှိလေသည်။ မင်းကွန်းဓမ္မာရုံမှာ အလယ်ပစ္စယာ၏အနောက်တောင်ထောင့်(စနေထောင့်) တွင် ရှိလေသည်။

ဘုရားကြီးကုန်းတော်ပေါ်ပတ်လည်၌ ဥပုသ်စရပ်၊ တရားနာစရပ်နှင့် ဓမ္မာရုံများမှာကား မြောက်မြားစွာရှိလေသည်။ ဥပုသ်ရက်များ၊ ဝါတွင်းကာလများတွင် ထိုစရပ်များ ဓမ္မာရုံများ၌ ဥပုသ်ယူသူ၊ တရားနာသူတို့နှင့် မစဲအောင်ရှိတတ်လေသည်။


**ကုန်းတော်မြေအမျိုးအစားနှင့်**
**အနေအထား**

ဘုရားဖူးသူ လှည့်လည်ကြည့်ညိုလျက်ရှိသော ဘုရားကုန်းမြေသည် ၁၄ ဧကမျှကျယ်ဝန်းလေသည်။ ပင်လယ်ရေမြက်နှာပြင်၏ အထက် အမြင့် ပေ ၁၉၀ တွင်ရှိသော တောင်ထိပ်တွင် စေတီတော်ကို တည်ထားခြင်းဖြစ်သည်။

သိင်္ဂုတ္တရကုန်းတော်၏ မြေအမျိုးအစားမှာ ဂဝံကျောက်ကြွင်း အမျိုးအစားဖြစ်သည်။ ကုန်းတော်ကို ခံတပ်ပြုလုပ်ရန် အခိုင်အမာမြေဖို့ခဲ့၍ ပေလောမသိ။ ရာသီဥတုဒဏ်ကြောင့် မြေဆီလွှာများ၌ တိုက်စား၍ ပြုန်းတီးသည့်လက္ခဏာများကို မတွေ့ရပေ။

ရန်ကုန်မြို့နှင့်တကွ ကုန်းတော်တဝိုက်နေရာသည် မြေငလျင်ဒဏ်ကို မကြာခဏခံခဲ့ရသောဒေသဖြစ်သည်။ ထို့ကြောင့် စေတီတော်ကြီး၌ ပိန္နဲတိုင်ကျိုးခြင်း၊ ငှက်မြတ်နားနှင့် စိန်ဖူးတော် မြေခြင်း၊ ထီးတော်စောင်းခြင်း၊ မြေခြင်းများဖြစ်ပွားခဲ့လေသည်။

လျှင်လှုပ်ရသည့်အကြောင်းမှာ ဘူမိဗေဒပညာရှင်တို့၏ အလိုအရ သိင်္ဂုတ္တရကုန်းတော်၏ အရှေ့ဖက် ပေ ၆၀၀ ခန့်အကွာတွင် တောင်နှင့်မြောက်တန်းလျက်ရှိသော မြေအောက်ရွှေ့ပြတ်တခုရှိသောကြောင့် ဖြစ်သည်။



အထက်ပစ္စယာ၏ အရှေ့ဖက်ရင်ပြင်တွင် တခဂူဆုတောင်းပြည့် ဘုရားရှိသည်။ ပတ္တမြားမျက်ရှင်ဘုရား ဟုလည်းခေါ်သည်။ ဘဏ္ဍာထိန်းအဖွဲ့၏ ခွင့်တောင်း၍ ဘုရားဖူးများ တကူးတက တက်ရောက်ကြည်ညိုကြသော နေရာဖြစ်သည်။

## ခံတပ်ဟောင်းများ

ကုန်းတော်ပေါ်တွင် အင်္ဂလိပ်-မြန်မာ စစ်ပွဲများအတွင်းက မြန်မာတို့ ပြုလုပ်ခဲ့သည့် ခံတပ်များကို ယနေ့ မတွေ့ရတော့ပေ။ ယခုတွေ့ရသည်မှာ အင်္ဂလိပ်တို့ ပြုပြင် စီမံထားသော ခံတပ်များဖြစ်သည်။ ထိုခံတပ်များကို အင်္ဂလိပ်စစ်တပ်များက ၁၈၅၂ ခုနှစ်မှ စ၍ ၁၉၃၀ ခန့်အထိ တပ်စွဲနေခဲ့လေသည်။ အင်္ဂလိပ်တို့သည် ကုန်းတော်ပေါ်တွင် လက်နက် ခဲယမ်းမီးကျောက်တိုက်ကို ထားရှိသောကြောင့်လည်းကောင်း၊ ပြည်တွင်းဆူပူမှုများ ထပ်မံ ပေါ်ပေါက်ခဲ့လျှင် အရံသင့် အခိုင်အမာပြုရန် နေရာအဖြစ် ရည်မှန်းချက်ရှိသောကြောင့် လည်းကောင်း ကုန်းတော်ရှိ ခံတပ်များကို စစ်ပွဲများ ပြီးသည့်နောက်၌ပင် ခိုင်လုံအောင် ဆက်လက်ပြုပြင် စောင့်ရှောက်ထားခဲ့လေသည်။

ကုန်းတော်မြေတဝိုက်တွင် ကျုံးမြောင်းရံစေ၍ အုတ်တန်တိုင်းဖြင့်ခတ်သော လုပ်ငန်း ကို အင်္ဂလိပ်အစိုးရသည် ၁၈၆၇ ခုနှစ်တွင် စတင်၍ ၁၈၇၆ ခုနှစ်တွင် အပြီးသတ်လေသည်။ ထိုလုပ်ငန်းပြီးစီးသောအခါ လက်နက်ခဲယမ်းတိုက်မှာ စေတီတော်ရှိရာအပိုင်းနှင့်ပင် အဆက် အဆံမရှိပဲ တသီးတခြားကဲ့သို့ ဖြစ်သွားလေသည်။



အင်္ဂလိပ်တို့ ကုန်းတော်မြေကို အခိုင်အမာပြုလုပ်ခဲ့သည့် အနောက်တောင်ထောင့်မှ ခံတပ်တနေရာ

ကုန်းတော်ပေါ်ရှိ ခံကတုတ်များကို အပြင်ခံကတုတ်၊ အလယ်ခံကတုတ်နှင့် အတွင်းခံကတုတ်ဟူ၍ သုံးဆင့်ပြုလုပ်ထားသည်။ ခံကတုတ်ရင်တားများ၌ သေနတ်တင်၍ ပစ်နိုင်ရန် ဗူးလည်ပေါက်များကို ဖောက်ထားလေသည်။

ကုန်းတော်အရှေ့ဖက်၌ အပြင်ခံကတုတ် တန်တိုင်း၏အထူမှာ နှစ်ပေနှင့် လေးလက်မရှိသည်။ တန်တိုင်းအပြင်ဖက်တွင် ဆင်ခြေလျှောပြုလုပ်ထားသည်။ အလယ်ခံကတုတ်မှာ လေးပေနှင့် ၁၀ လက်မထူသည်။ ထိုခံကတုတ်တွင်လည်း အပြင်ဖက်မှ ဆင်ခြေလျှောပြုလုပ်ထားသည်။ ထို့အပြင် ဆင်ခြေလျှော၏ အလျားမှာ ၁၆ ပေနှင့် လေးလက်မ ဖြစ်သည်။ အတွင်းခံကတုတ်၏ တန်တိုင်းအထူမှာ အကြမ်းဖျင်းအားဖြင့် အလယ်ခံကတုတ်၏ အတိုင်းအတာအတိုင်း ဖြစ်သည်။

ကုန်းတော်၏ အနောက်တောင်ထောင့်၊ အနောက်မြောက်ထောင့်၊ အရှေ့မြောက်ထောင့်နှင့် အရှေ့တောင်ထောင့်တို့တွင် အမြောက်ထိုင်နေရာများရှိသည်။ စုစုပေါင်း အမြောက်ထိုင်နေရာ ၂၆ နေရာရှိခဲ့၏။ အမြောက်ထိုင်နေရာများတွင် လက်နက်ခဲယမ်းထားသော ဥမင်များလည်း တခုစီထားရှိသည်။ အမြောက်လှည့်ပတ်ရွှေ့ပြောင်းရန် လမ်းများလည်း ပြုလုပ်ထားသည်။

အနောက်တောင် လက်နက်ဥမင်တွင် အခန်းသုံးခန်းရှိသည်။ အင်္ဂလိပ်စစ်တပ်က ကုန်းတော်ကို အခိုင်အမာ တပ်စွဲထားချိန်၌ ခဲယမ်းမီးကျောက်များကို ယင်းအနောက်

### တောင်ဖက်မုတ်အတက် စစ်ကျုံးတံခါးပေါက်နှင့် ကြိုးတန်တား

တောင်ထောင့်ရှိ ကုန်းတော်အောက်ပစ္စယာတွင် ထားလေ့ရှိသည်။ ထိုအခါက တောင်ဖက် စောင်းတန်းမှုအတက် ခရီးတဝက်တွင် ကျုံးသဖွယ် မြောင်းကြီးခံထား၍ ထိုမြောင်း ပေါ်တွင် ကြိုးဆွဲသစ်သားတန်တားရှင် တခုထားရှိသည်။ ယခုသော် မြောင်းပေါ်တွင် အုတ် တန်တားဖြစ်၍နေချေပြီ။

ထိုတန်တားရှိသည့် နေရာဘွင် သံတံခါးကြီးတခု တပ်ထားသည်။ သံတံခါးမှာ ထိုးတံခါးဖြစ်သည်။ တံခါးရွက်၌ သေနတ်တင်၍ပစ်ရန် အပေါက် (ဗုံးလည်ပေါက်)များ ဖောက်၍ထားသည်။ ထိုစဉ်က ညတိုင်ကျလျှင် သံတံခါးကြီးကိုဆွဲ၍ ပိတ်ထားလိုက်သည်။ ယခုအခါမူကား သံတံခါးကြီးကို အမြဲတမ်းဖွင့်ပေးထားလေသည်။ ထိုသံတံခါးရှိသော နေရာနှင့် ကိုက်အနည်းငယ်ကွာသောနေရာမှစ၍ အင်္ဂလိပ်တို့ကာထားသော အုတ်တန်တိုင်း အစပ်ကို တွေ့နိုင်ပေသည်။ ယင်းတန်တိုင်း၌လည်း သေနတ်တင်၍ပစ်ရန် အပေါက်များကို ဖောက်လုပ်ထားသည်။

ဤမျှဆိုလျှင် ဘုရားဖူးသည် သိင်္ဂုတ္တရကုန်းတော်တခွင်တပြင်ကို နှံ့စပ်လောက်ပေပြီ။ ထိုမျှနှင့် မတင်းတိမ်သေးမူ၍ ကုန်းတော်ပတ်လည်ကို ကားလမ်းခရီးဖြင့် လှည့်လည်ဖူးမြော် လိုသည်ရှိသော် ကားလမ်းအတိုင်း လှည့်ပတ်၍ ကြည့်ညိုနိုင်သည်။ ထိုအခါတွင် ကုန်း



တောင်ဖက် စောင်းတန်းမှု
အတက်တွင် ခရီးတဝက်၌ရှိသော
စစ်ကျုံး တံခါးပေါက်နေရာကို
စောင်းတန်းအောမှတွေ့ရပုံ။
သံတံခါးကြီးနှင့် သေနတ်ပေါက်များ
ကိုလည်း အုတ်တန်တိုင်းအစပ်တွင်
တွေ့နိုင်သည်။

တော်၏ အနောက်တောင်ထောင့်အရပ်မှ ဦးဝိစာရကိုယ်တော်၏ ကြေးရုပ်သို့လည်းကောင်း၊ မြောက်ဖက်မုတ်အဆင်းမှ အာဇာနည်ဗိမာန်သို့လည်းကောင်း၊ ကုန်းတော်ခြေရင်းသုံးဖက်၌ တောင်ဖက်မှ ဒေါ်ဒဂုန်ခင်ခင်လေးကောင်းမှုနှင့် ဦးလှအောင်၊ ဦးကြင်စုကောင်းမှု ဓာတ်လှေကားများ၊ အနောက်ဖက်မှ ဦးကျော်ဇောကောင်းမှုနှင့် ဦးပွကြီးကောင်းမှု ဓာတ်လှေကားများ၊ အရှေ့ဖက်မှ ဗြိတိသျှဘားမား ဦးညွန့်ကောင်းမှု ဓာတ်လှေကားများ၏ ခြေရင်းသို့လည်းကောင်း ရောက်ပေလိမ့်မည်။ ထို့ထက်ခြေဆန့်လျှင် ဦးဥတ္တမပန်းခြံ၊ တော်လှန်ရေးပန်းခြံနှင့် ကန်တော်ကြီးစောင်းတို့အထိ သွားရောက်နိုင်သည်။ ထိုနေရာများသို့ သွား၍ ထောင့်စေ့အောင် မည်သည့်နေရာကပင် ဖူးမြော်သည်ဖြစ်စေ သပ္ပာယ်မဆုံးသော ကြည်ညိုဖွယ်အတိ စေတီကြီးပါတကားဟု အဖန်ဖန် သဘောပေါက်ရမည်သာ ဖြစ်လေသည်။



# နိဂုံး

ဤစာအုပ်တွင် လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်ကြီး၏ အကြောင်းကို လက်လှမ်းမှီသမျှ ကျမ်းဂန်စာပေ၊ ဘုရားသမိုင်းနှင့် နိုင်ငံသမိုင်းတို့မှ ထုတ်နုတ်၍ တင်ပြထားပါသည်။ သို့တိုင်အောင် ရှင်တော်ဘုရားလက်ထက်မှစ၍ နှစ်ကာလကြာမြင့်စွာ တည်ရှိခဲ့သော ဤစေတီတော်ကြီး၏ အကြောင်းကို ပြည့်ဝကုန်စင်အောင် စုဆောင်းရေးသားနိုင်ဘို့မှာ ခက်ခဲလှပါသည်။ ဤစာအုပ်တွင် ပါရှိသော စေတီကြီးနှင့် စပ်လျဉ်းသည့် အကြောင်းအချက် အဖြစ်အပျက်တို့မှာ စေတီတော်သမိုင်းတလျှောက်၌ ဖြစ်ပွားပေါ်ပေါက် ခဲ့သော အကြောင်းအချက် အဖြစ်အပျက်တို့နှင့် နှိုင်းစာလျှင် ပြောပလောက်အောင် ပြည့်စုံကုံလုံနိုင်မည်မဟုတ်ပါ။ အယုတ်သဖြင့် ရင်ပြင်တော်ရှိ စေတီ၊ စရပ်၊ တန်ဆောင်း၊ ရုပ်ပွား၊ ဆင်းတု၊ ခေါင်းလောင်း၊ စောင်းတန်းစသော အစုစု ဒါနမှုန်တို့၏ ကောင်းမှုရှင် အဆက်ဆက် စာရင်းကိုပင်လျှင် မကြွင်းမကျန် ပြည့်စုံ စေအောင် မှတ်တမ်းတင်ဘို့မှာ မလွယ်ကူသော ကိစ္စဖြစ်ပါသည်။ အမှတ်အသား ချွတ်ယွင်း၍ သော်လည်းကောင်း၊ အကြောင်းအချက်တို့ တိမ်မြုပ်၍ သော်လည်းကောင်း ယခုအခါတွင် မသိနိုင်တော့ပြီဖြစ်သော အချက်အလက်များစွာတို့လည်း ရှိလိမ့်ဦးမည်ဖြစ်ပါသည်။ နောင်တွင် စေတီတော်ကြီးနှင့် စပ်လျဉ်း၍ အချိန်ယူပြီး သုတေသနပြုမည့်သူတို့ ပေါ်ပေါက်ခဲ့လျှင် ယခုထိမသိရဘူးသေးသော အချက်အလက်များကို တွေ့ရှိရလိမ့်ဦးမည်ဟု မြော်လင့်နိုင်ပါသည်။ ဤစာအုပ်ကို စုဆောင်းပြုစုသူ၏ ပမာဒလေခကြောင့် ကြွင်းကျန်တိမ်းယိမ်းသော အချက်အလက်များ ရှိပါကလည်း ဖြည့်စွက် တည့်မတ်ကြပါဘိဟူ၍ မေတ္တာရပ်ခံရမည်သာ ဖြစ်ပါသည်။

ရွှေတိဂုံ စေတီတော်ကြီးသည် မြန်မာနိုင်ငံတွင် သာမက၊ ကမ္ဘာချင်းအောင် ကျော်ကြားသော ဗုဒ္ဓဘာသာ ယဉ်ကျေးမှု အဆောက်အအုံကြီးဖြစ်သဖြင့် ဤစေတီတော်ကြီးကိုအကြောင်းပြု၍ မြန်မာနိုင်ငံသားတို့သည် မှန်ကန်စွာဂုဏ်ယူအပ်ကြပေသည်။ ယင်းသို့ ဂုဏ်ယူ အပ်ကြောင်းကို ထင်ရှားစေရန် လယ်တီပဏ္ဍိတ ဆရာဦးမောင်ကြီးက ထေရဘာသာပြန် ပထမတွဲ ဘဒ္ဒိယမထေရ်ဝတ္ထု၌ ကျမ်းဂန်လာ စကားရပ်တို့ကို စုစည်း၍ ဖော်ပြထားပါသည်။ ယင်းတို့မှာ

## မြတ်ဘုရားရှေ့တိုက်

> မြန်မာနိုင်ငံသားများက ဘုရားရှင်ကို ရှေးဦးစွာဖူးတွေ့ကြရသည်။ သရဏဂုံကို ရှေးဦးစွာ ဆောက်တည်ကြရသည်။ အာဟာရဘောဇဉ်ကို ရှေးဦးစွာ ဆက်ကပ်လှူဒါန်းကြရသည်။ သက်တော်ထင်ရှားရှိစဉ်ကပင် ပေးသနားတော်မူသည့် သဇီဝကေသဓာတုဟု ခေါ်သော ဆံတော်ဓာတ်မြတ်တို့ကို ရှေးဦးစွာ ရရှိခဲ့သည်။ စေတီတော်ကို ရှေးဦးစွာ တည်ကြရသည်။ ထို့ကြောင့် မြန်မာနိုင်ငံတော်ကြီးသည် ကမ္ဘာပေါ်တွင် သာသနာရေးနှင့် စပ်လျဉ်း၍ ဂုဏ်ကြီးသောနိုင်ငံ၊ စိတ်တက်ကြွဘွယ်ကောင်းသော နိုင်ငံဖြစ်သည်။

ဟူ၍ ပြဆိုထားလေသည်။

ဤသို့ဂုဏ်ယူဘွယ်ဖြစ်သော စေတီတော်ကြီးကို ဖူးမြော်ရသည်တွင် လွတ်လပ်ခြင်း၊ စည်းလုံးခြင်း၊ ငြိမ်းချမ်းခြင်း ဟူသော သဘောလက္ခဏာတို့ကိုလည်း စေတီတော်ကြီးက ဖော်ဆောင်မြွက်ဟနေသည်ဟု ယူမှတ်ဘွယ်အကြောင်းကို ဤစာအုပ်တွင် တင်ပြခဲ့ပါသည်။ အဆိုပါ သဘောလက္ခဏာတို့သည် ပြည်ထောင်စုမြန်မာနိုင်ငံတွင် စုစည်းနေထိုင်ကြသော တိုင်းရင်းသားအားလုံးအတွက် လိုက်နာ ထိန်းသိမ်း အားထုတ်အပ်သော တရားများဖြစ်သည် ဟူ၍ သဘောပေါက်အပ်ပါသည်။

တဖန် ထိုအချက်များကို ခြုံငုံလွှမ်းမိုးထားသော အခေါင်အချုပ်သဘောကား ကျွန်ုပ်တို့ တည်ထားကိုးကွယ်သည့် ဆံတော်များ၏အရှင် ဂေါတမမြတ်စွာဘုရား၏ မဟာကရုဏာတော်ပင် ဖြစ်သည်။ သဗ္ဗညု ဘုရားရှင်ကိုယ်တော်မြတ်သည် လေးအသင်္ချေနှင့် ကမ္ဘာတသိန်းအထက်၌ ဒီပင်္ကရာဘုရားရှင်၏ ခြေတော်ရင်းတွင် သုမေဓာရသေ့ဘဝကပင် နိဗ္ဗာန်ဆုကိုယူမည်ဆိုက ရနိုင်သည်။ သို့သော် တဦးတည်းမယူခဲ့ပေ။

> ဘားအစွမ်းကို သိမြင်ယုံကြည်သော ယောကျာ်းမြတ်ဖြစ်လျက် ငါတယောက်တည်း တကိုယ်ကောင်းပြု၍ သံသရာမှ ကူးမြောက်သဖြင့် အဘယ်အကျိုးရှိအံ့နည်း။ သဗ္ဗညုတ ဉာဏ်တော်ကို ရယူ၍ သတ္တဝါတို့ကို သံသရာမှ ထုတ်ဆောင်ကယ်တင်အံ့။

ဟူ၍ ကြံစည်တော်မူခဲ့လေသည်။ ထိုအကြောင်းကို ''ကိံမေ ဧကေန တိဏ္ဏေန ပုရိသေန ထာမဒဿိနာ'' စသည်ဖြင့် ဗုဒ္ဓဝင်ပါဠိတော်၌ ဖော်ပြထားသည်။ ထိုသို့ကြံစည်သည့်အတိုင်းလည်း ဘုရားအဖြစ်သို့ ရောက်ရှိအောင် ကြိုးပမ်း အားထုတ်ခဲ့လေသည်။ အားထုတ်ရာတွင်

နိဂုံး

> လေးအသင်္ချေနှင့် ကမ္ဘာတသိန်း ကာလပတ်လုံး လောက၏ အကျိုးစီးပွားအလို့ငှါ အလှူနိပ်ပြုနိုင်ခဲ့စွာသော စွန့်ခြင်းကြီးငါးပါး အစရှိသည်တို့ကို ပြုတော်မူသည်ဖြစ်၍ ကိုယ်တော်၏ ပင်ပန်းနွမ်းနယ်ခြင်းသို့ ရောက်တော်မူခဲ့သည်။

ဟူ၍ "ယော ကပ္ပကောဋီဟိပိ" စသည်ဖြင့် ပါရာဇိကဏ်အဋ္ဌကထာ ပဏာမဂါထာ၌ ဖော်ပြထားသည်။

ယင်းသို့ ဘဝများစွာ ကာလပတ်လုံး ပင်ပန်းတကြီး ကြိုးစားအားထုတ်တော်မူခဲ့သဖြင့် ဘုရားအဖြစ်သို့ရောက်ရှိခဲ့သည်။ ဤသို့ရောက်ရှိခြင်းကို ဗာရာဏသီမင်းက ကဋ္ဌဝါဟနမင်းထံပေးသော ဆောင်းပါးသဝဏ်စာတွင်

> လောကဓွဲ့သတ္တဝါတို့၏ အကျိုးစီးပွားအလို့ငှါ ဘုရားရှင်သည် ပွင့်ထွန်းပေါ်ပေါက်တော်မူခဲ့ပြီ။

ဟူ၍ ပါရှိသည်။ ထိုအကြောင်းကို "ဗုဒ္ဓေါလောကေ သမုပ္ပန္နော ဟိတာယ သဗ္ဗပါဏိနံ" ဟူ၍ **သုတ္တနိပါတ် ပါဠိယနစက်** ၌ ဖော်ပြထားသည်။ ဤသို့လျှင် ကရုဏာရှင် ဗုဒ္ဓမြတ်စွာဘုရားသည် မိမိအကျိုးကိုမငဲ့ပဲ လောကတ္ထစရိယ ဟု ဆိုအပ်သော လောကသားအားလုံး၏ အကျိုးငှါ ဆင်းရဲပင်ပန်းကြီးစွာဖြင့် ပါရမီ ဖြည့်တော်မူခဲ့လေသည်။

ထို မဟာကရုဏာရှင် မြတ်စွာဘုရား၏ ဆံတော်များကိန်းဝပ်ရာ ရွှေတိဂုံစေတီတော်ကြီးကို ဆည်းကပ်ဖူးမြော်ရသော ကျွန်ုပ်တို့သည်လည်း သက်တော်ထင်ရှားရှိသော သဗ္ဗညုဘုရားရှင်ကို ဖူးတွေ့ရဘိသည့်အလား ကြည်ညိုသဒ္ဓါ ပွားကြရပေသည်။ ထို့ပြင် တပါးလည်း ဘုရားရှင်ကိုယ်တော်တိုင်၏ ဟောကြားဆုံးမ လမ်းညွှန်ပြခြင်းကို နာခံရဘိသကဲ့သို့ လောကီလောကုတ္တရာ နှစ်ဖြာသော အကျိုးစီးပွားတို့ကို ဆောင်ရွက်ရာတွင် ဘုရားရှင်၏ စံနမူနာအတိုင်း မိမိ၏အကျိုးကိုသာမကပဲ အများ၏အကျိုးကိုငှင်း၊ နိုင်ငံ၏အကျိုးကိုငှင်း၊ ကမ္ဘာလောကသားအားလုံး၏ အကျိုးကိုငှင်း ရှေ့ရှုဆောင်ရွက်ကြရပေမည်။

ယင်းသို့ မိမိ၏အကျိုး၊ အများ၏အကျိုးကို ဆောင်ရွက်ကြရာ၌ ဗုဒ္ဓရှင်တော်ဘုရား မိန့်ကြားလေ့ရှိသည့် "အပ္ပမာဒေန သမ္ပာဒေထ" (မမေ့လျော့သော သတိတရားနှင့်ပြည့်စုံကြ) ဟူသော သတိပေးစကားတော်ဖြင့် ရွှေတိဂုံစေတီတော်ကြီးက အကြိမ်ကြိမ်အဖန်ဖန် သတိပေး နှိုးဆော်နေသည်ဟု အခါခါ သုဘောပေါက်ကြရာသတည်း။

# နိဂုံး

> လေးအသင်္ချေနှင့် ကမ္ဘာတသိန်း ကာလပတ်လုံး လောက၏ အကျိုးစီးပွားအလို့ငှါ အလှူနိုင်ခဲ့စွာသော စွန့်ခြင်းကြီးငါးပါး အစရှိသည်တို့ကို ပြုတော်မူသည်ဖြစ်၍ ကိုယ်တော်၏ ပင်ပန်းနွမ်းနယ်ခြင်းသို့ ရောက်တော်မူခဲ့သည်။

ဟူ၍ "ယော ကပ္ပကောဋီဟိပိ" စသည်ဖြင့် **မါရာဇိကဏ်အဋ္ဌကထာ** ပဏာမဂါထာ၌ ဖော်ပြထားသည်။

ယင်းသို့ ဘဝများစွာ ကာလပတ်လုံး ပင်ပန်းတကြီး ကြိုးစားအားထုတ်တော်မူခဲ့သဖြင့် ဘုရားအဖြစ်သို့ရောက်ရှိခဲ့သည်။ ဤသို့ရောက်ရှိခြင်းကို ဗာရာဏသီမင်းက ကဋ္ဌဝါဟနမင်းထံပေးသော ဆောင်းပါးသဝန်စာတွင်

> လောကဋ္ဌသတ္တဝါတို့၏ အကျိုးစီးပွားအလို့ငှါ ဘုရားရှင်သည် ပွင့်ထွန်းပေါ်ပေါက်တော်မူခဲ့ပြီ။

ဟူ၍ ပါရှိသည်။ ထိုအကြောင်းကို "ဗုဒ္ဓေါလောကေ သမုပ္ပန္နော ဟိတာယ သဗ္ဗပါဏိနံ" ဟူ၍ **သုတ္တနိပါတ် ပါရာယနစက်** ၌ ဖော်ပြထားသည်။ ဤသို့လျှင် ကရုဏာရှင် ဗုဒ္ဓမြတ်စွာဘုရားသည် မိမိအကျိုးကိုမငဲ့ပဲ လောကတ္ထစရိယ ဟု ဆိုအပ်သော လောကသားအားလုံး၏ အကျိုးငှါ ဆင်းရဲပင်ပန်းကြီးစွာဖြင့် ပါရမီ ဖြည့်တော်မူခဲ့လေသည်။

ထို မဟာကရုဏာရှင် မြတ်စွာဘုရား၏ ဆံတော်များကိန်းဝပ်ရာ ရွှေတိဂုံစေတီတော်ကြီးကို ဆည်းကပ်ဖူးမြော်ရသော ကျွန်ုပ်တို့သည်လည်း သက်တော်ထင်ရှားရှိသော သဗ္ဗညုဘုရားရှင်ကို ဖူးတွေ့ရဘိသည့်အလား ကြည်ညိုသဒ္ဓါ ပွားကြရပေသည်။ ထို့မှ တပါးလည်း ဘုရားရှင်ကိုယ်တော်တိုင်၏ ဟောကြားဆုံးမ လမ်းညွှန်ပြခြင်းကို နာခံရဘိသကဲ့သို့ လောကီလောကုတ္တရာ နှစ်ဖြာသော အကျိုးစီးပွားတို့ကို ဆောင်ရွက်ရာတွင် ဘုရားရှင်၏ စံနမူနာအတိုင်း မိမိ၏အကျိုးကိုသာမကပဲ အများ၏အကျိုးကိုငှင်း၊ နိုင်ငံ၏အကျိုးကိုငှင်း၊ ကမ္ဘာလောကသားအားလုံး၏ အကျိုးကိုငှင်း ရှေ့ရှုဆောင်ရွက်ကြရပေမည်။

ယင်းသို့ မိမိ၏အကျိုး၊ အများ၏အကျိုးကို ဆောင်ရွက်ကြရာ၌ ဗုဒ္ဓရှင်တော်ဘုရား မိန့်ကြားလေ့ရှိသည့် "အပ္ပမာဒေန သမ္ပာဒေထ" (မမေ့မလျော့သော သတိတရားနှင့်ပြည့်စုံကြ) ဟူသော သတိပေးစကားတော်ဖြင့် ရွှေတိဂုံစေတီတော်ကြီးက ဘုကြိမ်ကြိမ်အဖန်ဖန် သတိပေး နှိုးဆော်နေသည်ဟု အမြဲ၌ ရှုဘောဆောင်ကြရာသတည်း။

နောက်ဆက်တွဲ

## နောက်ဆက်တွဲ ၁

## နိုင်ငံခြားအသံလှယ်အမည်နှင့် ဝေါဟာရများ

### လူအမည်များ

| | |
|---|---|
| ကပ္ပတိန် ဂျင်းနင်း ... | ... Captain Jennings |
| ကပ္ပတိန် စီ၊ ဂျီ၊ လော့ | Captain C.G. Locke |
| ကပ္ပတိန် ဘီ၊ ဗီးလ် .... | Captain Beville |
| ကပ္ပတိန် လော်ရီ .... | Captain Laurie |
| ကရက်ဒေါက် .... | Sir. Reginald Craddock |
| ကာနယ်ဝက်ဂျ်ဝုဒ် .... | Col. Wedgewood |
| ကိုမိုဒို လင်းဘတ် .... | Commodore Lambert |
| ချားလ် အော်စတင် .... | Charles Austen |
| ဂပ်စပရို ဗာလဗီ .... | Gasporo Balbi |
| ဂျေဘတ္တလာ .... | J. Butler |
| ဂျေ၊ အမ်၊ တေလာ .... | J. M. Taylor |
| ဂျွန် ကရောဖတ် .... | John Crawfurd |
| ဂျိမ်း၊ ဖာဂပ်ဆင် .... | James Fergusson |
| စကော့ အိုကော်နာ .... | Scott O' Connor |
| စီ၊ အမ်၊ ကရစ် .... | Charles Malcolm Crisp |
| ဆာရယ်ဂျီနယ် ကရက်ဒေါက် | Sir Reginald Craddock |
| ဆာ၊ ဟူးဘတ်၊ ရန့်စ် .... | Sir Hubert Rance |
| ပရက်စကော့ .... | Prescott |
| ပေါ့တ် .... | Pott |
| ပြီတယ်ကာမာရက္တာ .... | P.G. Camaretta |
| ဖိလစ် ဒီဘရစ်တို .... | Philip de Brito |
| ဖယ်ရာ .... | Sir Arthur Phayre |
| ဗိုလ်ကြီး လတ္တာ .... | Captain Latter |
| ဗိုလ်ကြီး ဝီလဆင် .... | Captain Wilson |
| ဗိုလ်ချုပ် ဂေါ်ဒွင် .... | General Godwin |
| ဗိုလ် ဒိုရန် .... | Lieutenant R. Doran |
| ဗိုလ်မှူးကြီး ကွတ် .... | Col. Coote |
| ဗိုလ်မှူးကြီး ပါလဘီ .... | Col. Parlby |
| ဗိုလ်မှူးကြီး ဘရိုဒီ .... | Col. Brodie |
| ဗိုလ်မှူးကြီး မေလက် | .... Col. Mallet |
| ဗိုလ်မှူးကြီး အီး၊ လောဖို့ဒ် | .... Col. E. Lawford |

## နောက်ဆက်တွဲ ၁

| | |
|---|---|
| ဗိုလ်မှူးချုပ် ကော့တွန် .... | .... Brigadier Cotton |
| ဗိုလ်မှူး စေလ .... | .... Major Sale |
| ဗိုလ်မှူး ဖရေဇာ .... | .... Major Frazer |
| ဗိုလ်မှူး ဝေါကာ .... | .... Major Walker |
| မီနေယဲ့ .... | .... Ivan Minayeff |
| မေဖလာဝါး ကရစ် .... | .... Mayflower Crisp |
| မေဂျာဂျင်နရယ် ဖိုက်ချ် | .... Major General Fytche |
| မေဂျာဒန်ကင်း .... | .... Major Duncan |
| မစ္စတာ ဘင်စပူး .... | .... Mr. Binspoor |
| မိုက်ကယ်ဆိုင်း .... | .... Michael Symes |
| ရပ်ဖစ်ချ် .... | .... Ralph Fitch |
| လော့ဂလင် .... | .... Laughlin |
| လော့ဒ် ကာဇင် .... | .... Lord Curzon |
| လော့ဒ်ဒါလဟိုဇီ .... | .... Lord Dalhousie |
| လော့ဒ်ရက်ဒင်း .... | .... Lord Reading |
| လော့ဒ်မေရိုး .... | .... Lord Mayo |
| လော့ဒ်အာဝင် .... | .... Lord Irwin |
| လပ်ရော်လင်ဆန် .... | .... Lord Rawlinson |
| သောမတ် ဘာဘာ .... | .... Thomas Barbour |
| ဟီရမ်ကောက် .... | .... Hiram Cox |
| ဟယ်မီလတန် .... | .... Hamilton |
| အကောက်ဝန်အွတ် .... | .... Akaukwun Edward (Collector of Customs) |
| အာရှလီအီဒင် .... | .... Ashley Eden |
| အာချီဘော်ကင်းဘဲ .... | .... Archibald Campbell |

### အခြားအမည်များ

| | |
|---|---|
| ကာရက် .... | .... Carat |
| ကော်ပလင် (ညှပ်) .... | .... Coupling |
| ကန်တုံမင် .... | .... Cantonment |
| ဂေါ်ဒွင်လမ်း .... | .... Godwin Road |
| ဂိုအာ .... | .... Goa |
| ဂျီ၊ စီ၊ ဘီ၊ အေ .... | .... General Council of Burmese Associations (G.C.B.A) |
| ဂျူဒါအီဇီကယ်လမ်း .... | .... Judah Ezekiel Street |
| ဂျူဗလီဟော .... | .... Jubilee Hall |
| ဂျပ်ဆင်ကောလိပ် .... | .... Judson College |

# နောက်ဆက်တွဲ ၁

| | |
|---|---|
| စတီဗင်ဆင်လမ်း (လှည်းတန်း) | .... Stevenson Street |
| စတီးဘရားသားကုမ္ပဏီ .... | .... Steel Brothers & Co. |
| စာဇင် .... | .... Sergeant |
| စိန့်ပေါဘုရားရှိခိုးကျောင်း .... | .... St. Paul Cathedral |
| တာဂျ်မဟာ .... | .... Taj Mahal |
| တိုကျိုမြို့ .... | .... Tokyo |
| ဒါလဟိုဇီလမ်း .... | .... Dalhousie Street |
| နေရှင်နယ်ဒေး .... | .... National Day |
| ပါသီနွန်ဘုရားကျောင်း .... | .... Parthenon |
| ပီရမစ် .... | .... Pyramid |
| ပေါ်တူဂီ .... | .... Portuguese |
| "ပိုးသားလွှမ်းသော အရှေ့တိုင်း" | .... The Silken East |
| ဘီအိုစီ .... | .... Burma Oil Company |
| ဘုရင့်ဝက်ဝံရေ ဦးထုပ်ဆောင်းတပ် | .... Royal Scots Fusiliers |
| ဘောင်ဒရီလမ်း .... | .... Boundary Road |
| မဟာဝန်ရှင်တော်မင်းကြီး .... | .... The Chief Commissioner |
| မိုင်ဒန်ကွင်း .... | .... The Midan |
| ရီကော်ဒါမင်းကြီးရုံး .... | .... Office of the Recorder |
| "ရန်ကုန်ဂေဇက်သတင်းစာ" .... | .... The Rangoon Gazette |
| "ရန်ကုန်ရာဇဝင်" .... | .... A History of Rangoon |
| လီဗာပူဘုရင့်တပ်ရင်း .... | .... Royal Liverpool Regiment |
| လေဘာပါတီ .... | .... The Labour Party |
| ဝေလမင်းသား .... | .... Prince of Wales |
| ဝင်ဆာလမ်း .... | .... Windsor Road |
| ဝင်ဒါမီယာလမ်း .... | .... Windermere Road |
| ဝင်ချက်စတာသင်္ဘော .... | .... Winchester |
| ဝိုင်၊ အမ်၊ ဘီ၊ အေ .... | .... Young Men's Buddhist Association ( Y. M. B. A ) |
| ဟော်ဝစ်ဇာအမြောက် .... | .... Howitzer |
| "အမျိုးသား ပထဝီအသင်းမဂ္ဂဇင်း" | .... The National Geographic Society Magazine |
| အာရ်၊ အီး၊ တီ .... | .... Rangoon Electric Tramways |
| ဧရာဝတီဖောင်ဒရီ .... | .... Irrawaddy Foundry |
| အင်ဒမန်ကျွန်း .... | .... Andaman Islands |
| အင်ပီးရီရယ်ဘဏ် .... | .... Imperial Bank |
| အိုင်ဘီပီ .... | .... Indo-Burma Petroleum Co. |

## နောက်ဆက်တွဲ ၂

## စေတီတော်ဆိုင်ရာ ကိန်းဂဏန်းများ

**စေတီတော်ဆိုင်ရာ**

| | | | |
|---|---|---|---|
| ဉာဏ်တော်အမြင့် | .... | .... | .... ၃၂၆ ပေ |
| ပစ္စယာများ | .... | .... | ၆၂ ပေ၊ ၄ လက်မ |
| ရှစ်မြှောင့် | .... | | ၂၅ ပေ၊ ၁၀ 'လက်မ |
| ကြည်းဝန်း | .... | .. | ၂၄ ပေ၊ ၂ လက်မ |
| သပိတ်မှောက်နှင့် ခေါင်းလောင်း | | .... | ၄၅ ပေ၊ ၁၁ လက်မ |
| ဖောင်းရစ်များ | .... | .... | ၄၃ ပေ၊ ၄ လက်မ |
| ကြာမှောက်၊ ကြာလန်၊ ကြာနု၊ ခွဲ | | .... | ၂၈ ပေ၊ ၁၀ လက်မ |
| ငှက်ပျောဖူး | .... | .... | ၅၁ ပေ၊ ၁၁ လက်မ |
| ထီးတော် (စိန်ဖူးအထိ) | .... | .... | ၄၃ ပေ၊ ၈ လက်မ |
| | စုစုပေါင်း | | ၃၂၆.၀၀ ပေ |


တပေပတ်လည် ရွှေပြားကြီးများ (ပထမဖောင်းရစ်မှ အထက်) .... ၁၃၁၅၃ ပြား

**ထီးတော်ဆိုင်ရာ**

| | | | |
|---|---|---|---|
| ထီးတော်ဘုံများအမြင့် | .... | .... | ၁၆ ပေ၊ ၃ လက်မ |
| ဘုံပေါင်း | .... | .... | ၇ ဆင့် |
| အောက်ဆုံးဘုံအမြင့် | .... | .... | ၃ ပေ၊ ၃ လက်မ |
| အောက်ဆုံးဘုံအချင်း | .... | .... | ၁၄ ပေ၊ ၁၁ ၃/၄ လက်မ |
| အထက်ဆုံးဘုံအမြင့် | .... | .... | ၁ ပေ၊ ၆ လက်မ |
| အထက်ဆုံးဘုံအချင်း | .... | .. | ၃ ပေ၊ ၆ ၁/၂ လက်မ |

**စိန်ဖူးတော်**

| | | | |
|---|---|---|---|
| အမြင့် | | | ၁ ပေ၊ ၁၀ လက်မ |
| အချင်း | .... | .... | ၁၀ ၃/၄ လက်မ |
| အဝန်း | .... | .... | ၃၁.၄ လက်မ |
| စိန်လုံးရေ | .... | .... | ၄၃၅၁ |
| ကာရက်အချိန် | .... | .... | ၁၈၀၀ (ရတီ ၂၀၀၀) |
| အခြားကျောက်မျက်များ | .... | .... | ၉၃ |
| စိန်ဖူးထိပ်ရှိ စိန်ကြီး | .... | .... | ၇၆ ကာရက် (၈၃ ရတီကျော်) |



ရွှေတိဂုံစေတီတော် အစိတ်အပိုင်းများနှင့် ဘိနပ်မြေမှ စိန်ဖူးအထိ အဆင့်ဆင့် အမြင့် အတိုင်းအတာ ကို ပြသောပုံ

# နောက်ဆက်တွဲ ၂

**ငှက်မြတ်နားတော်**

| | | |
|---|---|---|
| အကျယ်ဆုံးနေရာ | .... | .... ၂ ပေ၊ ၅ လက်မခွဲ |
| အရှည်ဆုံးနေရာ | .... | .... ၄ ပေ၊ ၂ လက်မ |
| စိန်လုံးရေ | .... | .... ၁၀၉၀ |
| ရတီအချိန် | .... | .... ရတီ ၂၄၀ ကျော် |
| အခြားကျောက်မျက်များ | | .... ၁၃၃၀ လုံး |

**ဆတ်သွားဖူး**

| | | |
|---|---|---|
| အမြင့် | .... | .... ၀ ပေ၊ ၂ လက်မ |
| အချင်း | .... | .... ၃ ပေ၊ ၃ လက်မ |
| ကျောက်မျက်မျိုးစုံ | .... | .... ၀၀၆ လုံး |

**ပိန္နဲတိုင်**

| | | |
|---|---|---|
| အလျား (ကြေးစလောင်းမှ စိန်ဖူးတော်အောက်ခြေထိ).... | | ၃၀ ပေ၊ ၄ ၃/၄ လက်မ |
| အောက်ခြေအချင်း | .... | .... ၁၀ ၁/၂ လက်မ၊ |
| အပေါ် အချင်း | .... | .... ၂ ၁/၈ လက်မ၊ |

၂။ **ရင်ပြင်တော်ဆိုင်ရာ**

| | | |
|---|---|---|
| ရင်ပြင်တော်အကျယ် | .... | .... ၁၄ ဧက |
| သီးခြား ဂန္ဓကုဋီတိုက်စေတီ | .... | .... ၄၅ |
| တံခွန်တိုင် | .... | .... ၁၀ |
| သင်ပုတ်ပလ္လင် | — | .... ၄၀ |
| ကျောက်ထီး | — | .... ၃ |
| ရေချမ်းစင် | .... | .... ၄ |
| အာရုံခံတန်ဆောင်း | .... | .... ၁၁ |
| ဘုရားတန်ဆောင်း | .... | .... ၅၁ |
| စေတီ | .... | .... ၅၄ |
| အုတ်ဂူ | .... | .... ၁၂၁ |
| ခေါင်းလောင်း | .... | .... ၂၉ |
| ခေါင်းလောင်းကြီး | .... | .... ၂ |
| မီးမောင်းစင် | .... | .... ၆ |

| | | | |
|---|---|---|---|
| ရေစင် | .... | .... | ၂ |
| စရပ် | .... | .... | ၄ |
| ပြတိုက် | .... | .... | ၁ |
| ညောင်ပင် | .... | .... | ၁၂ |
| အုန်းပင် | .... | .... | ၃၄ |
| အခြားအပင်များ | .... | .... | ၁၆ |
| ဘိနပ်တော်ပတ်လည် | .... | .... | ၁၄၂၁ ပေ |

၃။ **စေတီတော်အောက်ခြေဆိုင်ရာ**

| | | | |
|---|---|---|---|
| ပန်းတင်ခုံစေတီရံ | .... | .... | အဆူ ၆၀ |
| ပန်းတင်ခုံထောင့်စေတီ | .... | .... | ။ ၄ |
| မုတ်ဦးစေတီ | .... | .... | ။ ၄ |
| မနုသီဟ (ခြေတော်ရင်းထောင့်လေးထောင့်) | | .... | ၄ |
| ခြင်္သေ့ (ခြေတော်ရင်းပတ်လည်) | | .... | ၂၄ |
| ပစ္စယာပန်းထိုးတော် | .... | .... | ၄၄ |
| ဂြိုဟ်တိုင် | .... | .... | ၁၂ |
| ထီးတော် | .... | .. | ၄ |
| သင်ပုတ်ပလ္လင် | .... | .... | ၃၉ |
| ပန်းစွန့်ကန် | .... | .... | ၆ |
| အာရုံခံတန်ဆောင်း | .... | .... | ၄ |
| ဂန္ဓကုဋီတိုက်စေတီ | .... | .... | ၇၂ |

၄။ **ကုန်းတော်မြေဆိုင်ရာ**

| | | |
|---|---|---|
| ကုန်းတော်အမြင့် (ပင်လယ်ပြင်မှ) | .... | ၁၉၀ ပေ |
| ကုန်းတော်ဝန်းကျင်ဧရိယာ (ဝတ္တကမြေများ) | .... | ၁၁၄ ဧက |

၅။ **အုပ်ချုပ်မှုဆိုင်ရာ**

| | | | |
|---|---|---|---|
| ဩဝါဒါစရိယဆရာတော်ကြီးများ | | .... | ၉ ပါး |
| ဘဏ္ဍာတော်ထိန်းအဖွဲ့ဝင်လူကြီးများ | | .... | ၉ ဦး |
| အတွင်းရေးမှူး | .... | .... | ၁ ဦး |
| ဝန်ထမ်းများ | .... | .... | ၇၇ ဦး |

(မှတ်ချက်။ ။အထက်ပါ အချက်အလက်များသည် ၁၉၇၀ ပြည့်နှစ်တွင် ရရှိသော စာရင်းဇယားများ ဖြစ်ပါသည်။)

# နောက်ဆက်တွဲ ၃

## ရွှေတိဂုံစေတီတော်ကြီးဝတ္တကမြေအတွင်းရှိ ဘာသာရေးနှင့် စောင့်ရှောက်ရေးဆိုင်ရာ အသင်းအဖွဲ့များစာရင်း

**ရွှေတိဂုံရင်ပြင်ရှိ အသင်းအဖွဲ့များ**

၁။ စေတီယင်္ဂဏ ပရိယတ္တိ အသင်း၊
၂။ သု-က-ကာရီ အသင်း၊
၃။ တနင်္လာသန့်ရှင်းရေး အဖွဲ့၊
၄။ ပုညာကုသလ ဗဟုကရ အသင်း၊ (စီ-အမ်-အေ)၊
၅။ ရန်ကုန်မြို့လုံးဆိုင်ရာ ပရိယတ္တိသာသနာ့နုဂ္ဂဟ အသင်း၊
၆။ ကြည့်မြင်တိုင် စေတနာသမ္ဘာရ ဝတ်အသင်း၊
၇။ ကြည့်မြင်တိုင် ပဒင်းတန်း အာခုံတော် ဝတ်အသင်း၊
၈။ ပါရမီ အဖွဲ့၊
၉။ ရွှေတိဂုံ ရေကြည်တော် ဝတ်အသင်း၊
၁၀။ ရွှေတိဂုံ ရောင်တော်ဖွင့် အသင်း၊
၁၁။ ရွှေဂုံမြင့် ဝတ်အဖွဲ့၊
၁၂။ အောင်ချမ်းမြေ့ ဓမ္မရိပ်မြုံ အဖွဲ့၊
၁၃။ အောင်သစ္စာသမာဒိ အဖွဲ့၊
၁၄။ ကုဋီနှင့် အိမ်သာ ဝေယျာဝစ္စ အဖွဲ့၊
၁၅။ ဗဟိုတံမြက်လှည်း အသင်း၊
၁၆။ ရတနတ္တယ သမဂ္ဂ ဝတ်အသင်း၊
၁၇။ ကုန်းလမ်းသယ်ယူပို့ဆောင်ရေး သာသနာ့ ဝေပုလ္လ ဗုဒ္ဓဝေယျာဝစ္စအသင်း၊

**ရွှေတိဂုံကုန်းတော် အလယ်ပစ္စယာရှိ အသင်းအဖွဲ့များ**

၁။ အထက်ပစ္စယာ တံမြက်လှည်း အသင်း၊
၂။ ရေဝန်ဘက်ဆိုင်ရာ ဗုဒ္ဓဘာသာ အသင်း။
၃။ ဝေနေယျသုခ ရေချမ်းစင် အသင်း၊

**ရွှေတိဂုံစောင်းတန်းများရှိ အသင်းအဖွဲ့များ**

၁။ အဂ္ဂိဥဒကဒါန အသင်း၊
၂။ မော်လမြိုင် အသင်း၊
၃။ သဟတ္ထိကဘောဇန အသင်း၊
၄။ အရှေ့စောင်းတန်း ဈေးသည်များ အသင်း၊
၅။ တောင်စောင်းတန်း ဈေးသည်များ အသင်း၊
၆။ ဒဂုံ ဝတ်အဖွဲ့။

## နောက်ဆက်တွဲ ၃

**အာဇာနည်ဗိမာန်လမ်းရှိ အသင်းအဖွဲ့များ**

၁။ မြန်မာနိုင်ငံ ရဲ့ ဗုဒ္ဓဘာသာ အသင်း၊
၂။ စာတိုက်နှင့် ကြေးနန်းဌာန ဗုဒ္ဓဘာသာ အသင်း၊
၃။ အမြတ်ခွန်ဌာန ဗုဒ္ဓဘာသာ အသင်း၊
၄။ ပင်လယ်ကူး ကုန်တင်ကုန်ချ ဗုဒ္ဓဘာသာ အသင်း၊
၅။ မင်္ဂလာဗျူဟာ အသင်းချုပ်၊
၆။ ပခုက္ကူခရိုင် အသင်း၊

**ရွှေတိဂုံဘုရားလမ်းရှိ အသင်းအဖွဲ့များ**

၁။ မြန်မာနိုင်ငံလုံးဆိုင်ရာ ဗုဒ္ဓဘာသာ အဖွဲ့ချုပ်၊
၂။ ယစ်မျိုးဌာန ဗုဒ္ဓဘာသာ အသင်း၊
၃။ မြန်မာပြည် မီးရထားဌာန ဗုဒ္ဓဘာသာ အသင်း၊
၄။ စာရင်းနှင့် စာရင်းစစ်ဌာန ဗုဒ္ဓဘာသာ အသင်း၊
၅။ ပြည်သူ့ အိုးအိမ်အဖွဲ့ ဗုဒ္ဓဘာသာ အသင်း၊
၆။ ရန်ကုန်မြို့ မွန် အဖွဲ့ချုပ်၊
၇။ ရွှေကျင်မြို့နယ် အသင်း၊

**ကုန်းတော်အနောက်ဖက် အောက်ပစ္စယာရှိ အသင်းအဖွဲ့များ**

၁။ မူလ မင်းကွန်း ပဋိပတ္တိသာသနာနုဂ္ဂဟ အသင်း၊
၂။ အောင်ခြင်း အဖွဲ့၊

**စာရင်းချုပ်**

| | | |
|---|---|---|
| ၁။ | ရွှေတိဂုံရင်ပြင်ရှိ အသင်းအဖွဲ့များ .... .... .... .... | ၁၇ |
| ၂။ | ရွှေတိဂုံကုန်းတော် အလယ်ပစ္စယာရှိ အသင်းအဖွဲ့များ .... .... .... | ၃ |
| ၃။ | ရွှေတိဂုံ စောင်းတန်းများရှိ အသင်းအဖွဲ့များ .... .... .... | ၆ |
| ၄။ | အာဇာနည်ဗိမာန်လမ်းရှိ အသင်းအဖွဲ့များ .... .... .... | ၆ |
| ၅။ | ရွှေတိဂုံဘုရားလမ်းရှိ အသင်းအဖွဲ့များ .... .... .... .... | ၇ |
| ၆။ | ကုန်းတော်အနောက်ဖက် အောက်ပစ္စယာရှိ အသင်းအဖွဲ့များ .... .... | ၂ |
| | စုစုပေါင်း .... | ၄၁ |

(မှတ်ချက်။ ။၁၉၇၂ ခု၊ မေလဆန်းအထိ စာရင်းဖြစ်ပါသည်။)

## နောက်ဆက်တွဲ ၄

## စေတီတော်သမိုင်းရက်စွဲများ

| | | | |
|---|---|---|---|
| ၁၃၇၂ | .... | .... | ရွှေတိဂုံ စေတီတော်ကို ဟံသာဝတီဘုရင် ဗညားဦး ပြင်ဆင်သည်။ ပြင်ပြီးသောအခါ ဉာဏ်တော် အတောင် ၄၀ (ပေ ၆၀) ဖြစ်သည်။ |
| ၁၄၃၆ | .... | .... | ငလျင်လှုပ်၍ ခေါင်းလောင်းအထိ ပြိုသည်။ ဗညားရန်၊ ဗညားဗရွး၊ ဗညားကင်းဒေါ၊ ရှင်စောပုတို့ ပါဝင်၍ အဆက်ဆက်ပြုပြင်ခဲ့ရာ ဉာဏ်တော် ၃၀၂ ပေ ဖြစ်လာသည်။ |
| ၁၄၇၆ | .... | .... | ဘုရင်မကြီး ရှင်စောပုနှင့် ဓမ္မစေတီတို့က ပြင်ဆင်မွမ်းမံသည်။ ကြေးချိန် ပိဿာ ၃၀၀၀ ရှိ ဓမ္မစေတီ ခေါင်းလောင်းကြီးကိုဆွဲလှူသည်။ |
| ၁၄၈၅ | .... | .... | ရွှေတိဂုံကျောက်စာတိုင်ကိုရေးထိုးစိုက်ထူသည်။ |
| ၁၅၆၄ | .... | .... | ဘုရင့်နောင် လက်ထက်တွင် ငလျင်ကြီးလှုပ်၍ ပြိုသည်။ |
| ၁၅၇၂ | .... | .... | ငလျင်လှုပ်၍ ၁၅၆၄ ခုနှစ်ကပြိုသော အပျက်အစီးများကို ဘုရင့်နောင်က ပြင်ဆင်ပြီး ထီးတင်သည်။ မကိုဋ်လှူသည်။ သဘင်ပွဲခံသည်။ |
| ၁၅၈၂ | .... | .... | ငါးဆူ ဒါယကာ နန္ဒဘုရင် လက်ထက်တွင် ထီးသစ်တင်သည်။ ကြေးချိန်ပိဿာ ၁၄၀ ရှိ ခေါင်းလောင်းလှူသည်။ |
| ၁၅၈၃ | နိုဝင်ဘာလ | ၃ | အီတလီပြည်၊ ဗင်းနစ်မြို့သား၊ ကုန်သည် ဂတ်စပရိုဗာလဗီ မြန်မာနိုင်ငံရောက်၍ ရွှေတိဂုံ စေတီတော်ရင်ပြင်ပေါ် သို့ တက်ရောက်ခဲ့သည်။ |
| ၁၅၈၃ | .... | .... | အင်္ဂလိပ်အမျိုးသား ရပ်ဖစ်ချ် ဒဂုန်ရောက်၍ စေတီတော်အကြောင်း မှတ်တမ်းတင်သည်။ |

# နောက်ဆက်တွဲ ၄

| | | | |
|---|---|---|---|
| ၁၆၁၀ | ဇူလိုင်လ | .... | ၁၆၀၈ ခု လျှော်ကြောင့် အပျက်အစီးများကို ပြင်၍ ပထမဆုံး ပြည်သူများ စုပေါင်းတင်လှူသည့် ထီးတော်ကို တင်သည်။ အဂ်ဗုဒ် ဆရာတော် ဦးစီးသည်။ |
| ၁၆၁၂ | .... | .... | ဓမ္မစေတီခေါင်းလောင်းကို ဇေင်ကာ ဖြုတ်ယူသွားရာ ဒေါပုံမြစ်တွင်း၌ ကျသည်။ |
| ၁၆၁၃ | .... | .... | အနောက်ဖက်လွန်မင်းက ဇေင်ကာကို နှိမ်နင်းပြီးနောက် ဒဂုန်သို့လာ၍ စေတီတော်တွင် ကြေးခေါင်းလောင်း ဆွဲလှူသည်။ |
| ၁၆၁၉ | ဖေဖော်ဝါရီလ | ၁၉ | အနောက်ဖက်လွန်မင်းလက်ထက် ထီးသစ်တင်သည်။ ငွေခေါင်းလောင်းများလှူပြီး စောင့်ရှောက်ရန် လူ ၄၂၀ ထားခဲ့သည်။ |
| ၁၆၂၀ | နိုဝင်ဘာလ | .... | အနောက်ဖက်လွန်မင်း လက်ထက် လျှော်လှုပ်၍ စေတီတော်အထက်ပိုင်းပြိုကျပြီး မဟာရံတန်တိုင်းများလည်း ပြိုကျသည်။ |
| ၁၆၂၂ | မတ်လ | .... | လျှော်ကြောင့် ပြိုပျက်စီးသည်များကို ပြုပြင်၍ ထီးသစ်တင်သည်။ ရွှေသင်္ကန်း ကပ်လှူသည်။ |
| ၁၆၄၄ | ဒီဇင်ဘာလ | ၂၆ | လျှော်လှုပ်၍ ပြိုသည်ကို သာလွန်မင်းက ထီးတော်ဟောင်းကိုပြုပြင်ပြီး ပြန်၍ ထီးတင်သည်။ |
| ၁၆၅၂ | မေလ | ၆ | လျှော်လှုပ်၍ ပြိုသည်ကို ပင်းတလဲမင်းက ထီးပြန်တင်သည်။ |
| ၁၆၆၂ | ဖေဖော်ဝါရီလ | .... | ပြည်မင်းလက်ထက် လျှော်လှုပ်၍ ထီးတော်ဘုံးသုံးဆင့် လွင့်စဉ်၍ မြေခသည်။ |
| ၁၆၆၃ | စက်တင်ဘာလ | .... | ပြည်မင်းက ထီးတော်ဟောင်းကို အင်းဝသို့ယူ၍ ပြုပြင်ပြီးနောက် ပြန်တင်သည်။ |
| ၁၆၆၄ | ဒီဇင်ဘာလ | .... | လျှော်လှုပ်သဖြင့် စိန်ဖူးနှင့်တကွ ထီးတော်အနောက်မြောက်ထောင့်သို့ ကျသည်။ ငှက်မြွောဖူးနှင့် ခေါင်းလောင်းပုံ ပြိုသည်။ |

| | | | |
|---|---|---|---|
| ၁၆၆၇ | ဖေဖော်ဝါရီလ | .... | စေတီကြီးကိုပြုပြင်ပြီး၍ ထီးသစ်တင်သည်။ |
| ၁၆၇၉ | ဩဂုတ်-နိုဝင်ဘာလ | .... | ငလျင် အကြိမ်ကြိမ်လှုပ်သောကြောင့် စေတီကြီးပြိုသည်ကို အများ ဝိုင်းဝန်း ပြုပြင်သည်။ |
| ၁၇၅၅ | ဇွန်လ | ၂၃ | အလောင်းဘုရား ရွှေတိဂုံကို ပူဇော်ရန် တက်ရောက်သည်။ ရင်ပြင်တွင် ဂုဏ်တော်ကိုးပါး ၁၀၀၀ ပြည့်အောင် ရွတ်ဆိုဖူးမြော်သည်။ |
| ၁၇၅၇ | ဇူလိုင်လ | .... | အလောင်း ဘုရားကောင်းမှု ရွှေသက်န်းလှူသည်။ သုဓမ္မာ စရပ်ကြီးများ ဆောက်လုပ်လှူဒါန်းသည်။ |
| ၁၇၆၈ | ဇွန်လ | ၁၃ | ဆင်ဖြူရှင်မင်းတရားလက်ထက်တွင် ငလျင်လှုပ်၍ စေတီတော် သပိတ်မှောက် အထက်ပိုင်းပျက်ယွင်းသည်။ စေတီပစ္စယာ ပန်းတင်လည်းပျက်သည်။ ဆင်ဖြူရှင်က ပြင်ဆင်ရန် ထီးတော်အသစ်လုပ်၍ ရွှေ ကိုယ်လေးချိန် မျက်ပါးခတ်စေသည်။ |
| ၁၇၇၅ | မတ်လ | ၁ | ဆင်ဖြူရှင်ထီးတော်တင်ရန်ရန်ကုန်ရောက်သည်။ ရန်ကုန်မြို့ အင်နောက်မြောက်ယွန်းတွင် သဘင်နန်းနှင့် စံ၏။ |
| ၁၇၇၅ | မတ်လ | ၁၅ | ဆင်ဖြူရှင်ကောင်းမှု၊ အမြင့် ၃၈ ပေ၊ ၉ လက်မရှိသော ဘုံခုနစ်ဆင့် ထီးတော်သစ်ကို တပေါင်းလပြည့်နေ့တွင် စေတီတော်မြောက်အရပ်မှ စက်သီးဖြင့် တင်သည်။ ထိုအချိန်၌ ဥာဏ်တော် ၃၃၈ ပေရှိသည်ဟု ဆိုသည်။ |
| ၁၇၇၉ | ဇန္နဝါရီလ | ၂၇ | ဆင်ဖြူရှင်အမိန့်ဖြင့် ရွှေတိဂုံမှာဆွဲလှူရန် သွန်းသောကြေးချိန် ၁၅၅၅၅ ရှိ ခေါင်းလောင်းကြီးကို မဟာဃဏ္ဍာဘွဲ့ပေး၍ ဆွဲလှူသည်။ အများက စဉ့်ကူးမင်းခေါင်းလောင်း ခေါ်ကြသည်။ |

| | | | |
|---|---|---|---|
| ၁၇၈၆ | ဖေဖော်ဝါရီလ | ၆ | ဘိုးတော်ဘုရားခေါ် ဗဒုံမင်းက ရင်ပြင်တော်ပေါ်မှာ ကြေးနီအုတ်ကြွပ်မိုးရွှေစရပ် ဆောက်လှူသည်။ |
| ၁၇၉၅ | ဧပြီလ | .... | အင်္ဂလိပ်သံ ကိုယ်စားလှယ် မိုက်ကယ်ဆိုင်း ရန်ကုန်ရောက်၍ စေတီရင်ပြင်သို့ရောက်သည်။ |
| ၁၇၉၆ | နိုဝင်ဘာလ | ၁၄ | အင်္ဂလိပ်သံ ဟီရမ်ကောက် ဒဂုန်သို့ရောက်၍ ရွှေတိဂုံစေတီ တောင်ဖက်မုတ်ခြေရင်းမှ သွားကြည့်ပြီး၊ ဘုရားဖူးများ စည်ကားပုံ မှတ်တမ်းရေးသည်။ |
| ၁၈၁၇ | .... | .... | အမျှားကောင်းမှုဖြင့် စေတီတော်ကို ရွှေချသည်။ |
| ၁၈၂၄ | မေလ | ၁၂ | ရွှေတိဂုံကုန်းတော်ကို အင်္ဂလိပ်စစ်တပ်တက်၍ သိမ်းပြီး ခံတပ်လုပ်သည်။ ဌာပနာတိုက်များ ဖောက်၍ အဖိုးတန် ရတနာတွေ ယူသည်။ စဉ့်ကူးမင်း ခေါင်းလောင်းကြီးကို ဖြုတ်ယူသယ်ဆောင်၍ သင်္ဘောပေါ် တင်ရာ မြစ်ထဲကျသည်။ |
| ၁၈၂၆ | ဇန္နဝါရီလ | .... | အင်္ဂလိပ်စစ်တပ်မှ ဖြုတ်ယူ၍ မြစ်ထဲကျသော စဉ့်ကူးမင်း ခေါင်းလောင်းကြီးကို မြန်မာများရအောင် ဆယ်ယူပြီး ပြန်လည်ဆွဲလှူသည်။ |
| ၁၈၂၆ | ဒီဇင်ဘာလ | ၉ | ရွှေတိဂုံကုန်းတော်ကို အင်္ဂလိပ်လက်ထဲက ပြန်၍ရသည်။ ဟံသာဝတီဝန်ကြီး မဟာမင်းလှရာဇာက လက်ခံယူသည်။ အပျက်အစီးများကို အကြီးအကျယ် ပြုပြင် မွမ်းမံရသည်။ |
| ၁၈၄၁ | အောက်တိုဘာလ | ၃ | သာယာဝတီ (ရွှေဘိုမင်း) စေတီတော်ကို ဖူးမြော်ရန် တက်သည်။ ရန်ကုန်တွင် နန်းသစ်ဆောက်၍ ငါးလမျှ စံနေသည်။ |
| ၁၈၄၁ | ဒီဇင်ဘာလ | ၂၀ | စေတီတော်ကြီးကို သာယာဝတီမင်း ရွှေပုဇွန်ခွံကပ်လှူသည်။ |

| | | | |
|---|---|---|---|
| ၁၈၄၁ | ဒီဇင်ဘာလ | ၂၆ | ရွှေဘို (သာယာဝတီ) မင်းက ရွှေတိဂုံ ရင်ပြင်မှာ အလှူတော် ရေစက်ချသည်။ မိဖုရားမမြကလေးက စောင်းတန်းဖိုးလှူသည်။ |
| ၁၈၄၂ | ဇန်နဝါရီလ | ၂၀ | ရွှေဘိုမင်း ရွှေတိဂုံကို ဖူးမြော်ဘို့ တက်ပြီး သံသေခေါင်းလောင်း နှစ်လုံးနှင့် ဆည်းလည်းများလှူသည်။ သွန်းလုပ်ဆဲ ခေါင်းလောင်းကြီး မပြီးသေးသော်လည်း မစောင့်နိုင်သောကြောင့် ဆက်လက်သွန်းစေပြီး ပြန်ရန် ပြင်သည်။ |
| ၁၈၄၂ | ဇန်နဝါရီလ | ၂၂ | ရန်ကုန်မှ သာယာဝတီမင်းနှင့် အခြွေအရံများ အမရပူရသို့ ပြန်ကြသည်။ |
| ၁၈၄၃ | ဖေဖော်ဝါရီလ | ၁၉ | သာယာဝတီမင်း ကောင်းမှု မဟာတိသဒ္ဒဃဏ္ဍာ ခေါင်းလောင်းတော်ကြီးကို လူ ၅၀ ဖြင့် သွန်းလုပ် ပြီးစီးသည်ကို ဘုရင် မကြွရောက်နိုင်သဖြင့် အသည်ဝန် မဟာစည်သူနှင့် ပန်းတဉ်းဝန်တို့က တန်ဆောင်း ပြာသာဒ်နှင့် ဆွဲလှူသည်။ |
| ၁၈၅၂ | ဧပြီလ | ၁၄ | အင်္ဂလိပ် - မြန်မာဒုတိယစစ်ပွဲတွင် အင်္ဂလိပ်တပ်များ ကုန်းတော်ကိုတက်၍ တိုက်ခိုက် သိမ်းယူ တပ်စွဲ၍ ဌာပနာတိုက်များ ဖောက်ကြသည်။ |
| ၁၈၅၂ | ဇူလိုင်လ | ၂၀ | အိန္ဒိယဘုရင်ခံချုပ် လော့ဒ်ဒါလဟိုဇီ ကုန်းတော်ပေါ်သို့ တက်သည်။ |
| ၁၈၅၂ | နိုဝင်ဘာလ | ၁ | ကုန်းတော်ပေါ်တွင် လက်နက်တိုက် ဖောက်ခွဲမှုဖြစ်၍ လူငါးဦး ဒဏ်ရာရခဲ့သည်။ |
| ၁၈၅၃ | နိုဝင်ဘာလ | ၂၂/၂၃ | ကုန်းတော်ကို တက်ရောက်သိမ်းမည်ဟု သတင်းရသဖြင့် အစောင့်များ ချထားပြီး ဆူပူမည့်သူများကို ဖမ်းသည်။ |

| | | | |
|---|---|---|---|
| ၁၈၅၃ | .... | .... | အိန္ဒိယဘုရင်ခံချုပ် လော့ဒ်ဒါလဟိုဇီက စေတီတော်ကြီးတွင် အင်္ဂလိပ်တပ်သားများ ဆက်ပြီး ဖောက်ထွင်း လုယူခြင်းမပြုရဟု အမိန့်ထုတ်သည်။ |
| ၁၈၅၅ | .... | .... | ၁၈၅၂ ခုနှစ်မှစ၍ စစ်ကြောင့် အပျက်အစီးများကို အင်္ဂလိပ်အစိုးရ၏ခွင့်ပြုချက်ဖြင့် ပြုပြင်၍ ဦးထော်လေး စတင် စောင့်ရှောက်သည်။ ဦးထော်လေးသည် စေတီတော်အတွက် ထီးတော်ကို ပြင်ဆင်ခြင်း၊ ခေါင်းလောင်းစာရင်းပြုလုပ်ခြင်း၊ ပြန်လည်ဆက်ကပ် လှူဒါန်းခြင်းများပြုလုပ်သည်။ အလှူဒါနများစုဆောင်းပြီး စေတီတော် ပြုပြင်ရန်အတွက် ငြိမ်းဆင်သည်။ တပေါင်းလတွင် ခေါင်းလောင်းများ ပြန်၍ တင်လှူသည်။ |
| ၁၈၆၇ | .... | .... | ကုန်းတော် ပတ်လည်ကို အင်္ဂလိပ်က ခံတပ်အဖြစ် အခိုင်အမာ စတင်ပြုပြင်သည်။ |
| ၁၈၆၉ | .... | .... | ရွှေတိဂုံစေတီကြီးကို စောင့်ရှောက်ရန် ဘုန်းတော်ကြီး ဦးပဏ္ဍိ ခေါ် ဦးပြား ကို နာယကထားပြီး ဂေါပကဖွဲ့သည်။ |
| ၁၈၆၉ | နိုဝင်ဘာလ | ၁၁ | ဂေါပကအဖွဲ့က စည်းဝေး၍ ထီးသစ်တင်ရန် ပြည်သူ အားမျှနှင့် မဖြစ်နိုင်၍ မန္တလေးမှ မင်းတုန်းမင်းကို ဆောင်ရွက်ပါရန် လျှောက်ထားဘို့ ဆုံးဖြတ်သည်။ |
| ၁၈၆၉ | ဒီဇင်ဘာလ | ၂၆ | မင်းတုန်းမင်း၏ တိဂုံဆံတော်ရှင်ထီးတော်သစ်တင်စေအမိန့်ကို ညီလာခံတွင်ချမှတ်သည်။ |
| ၁၈၇၀ | ဇန်နဝါရီလ | ၁၁ | မင်းတုန်းမင်း၏ ထီးတော်သစ် တင်ရန် အမိန့်ချမှတ်ခြင်းကို စေတီတော်ရင်ပြင် သာယာဝတီ |

| | | | |
|---|---|---|---|
| | | | ခေါင်းလောင်းအနီး၌ မှတ်လွှာဖတ်ပွဲ ပြုလုပ်သည်။ |
| ၁၈၇၀ | မေလ | ၇ | ထီးတော် မန္တလေးတွင် ပြုလုပ်ရန် အတွက် အလှူပါဝင်ရန် ရန်ကုန်မှ ငွေများ၊ ပစ္စည်းများ ပို့သည်။ |
| ၁၈၇၁ | အောက်တိုဘာလ | ၂ | ထီးတော်ကြီးကို မန္တလေးတွင် ပြုလုပ် ပြီးစီး၍ မင်းတုန်းမင်းက ရေစက်ချ လှူဒါန်းသည်။ |
| ၁၈၇၁ | အောက်တိုဘာလ | ၂၂ | ထီးတော်သစ်ပင့်ဆောင်လာသောအဖွဲ့ ရေနန်းစကြာ သင်္ဘောဖြင့် ရန်ကုန် လမ်းမတော်ဆိပ်သို့ ဆိုက်ရောက်သည်။ |
| ၁၈၇၁ | အောက်တိုဘာလ | ၂၆ | ထီးတော်အဖွဲ့ ခေါင်းဆောင် မင်းကြီး မဟာမင်းကျော် မင်းထင် (ပုပ္ပါးဝန်ထောက်) က အင်္ဂလိပ် မဟာမင်းကြီးကို အခမ်းအနားဖြင့် အတွင်းဝန်ရုံးတွင် ထီးတော်ပေးအပ်ပွဲ လုပ်သည်။ |
| ၁၈၇၁ | အောက်တိုဘာလ | ၂၈ | ထီးတော်သစ်သည် ရွှေတိဂုံကုန်းတော် ပေါ်ရှိ ဒေါ်ဖွား စရပ်သို့ ရောက်သည်။ |
| ၁၈၇၁ | နိုဝင်ဘာလ | ၁၄ | ထီးတော်ဟောင်းကို တပိုင်းစီ စပြီးချရာ ၁၈ ရက်နေ့တွင် ပြီးစီးသည်။ |
| ၁၈၇၁ | နိုဝင်ဘာလ | ၁၉ | ထီးတော်သစ်ကို စ၍တင် ရာ စက်ပျက်၍ မအောင်မြင်။ |
| ၁၈၇၁ | နိုဝင်ဘာလ | ၂၁ | ထီးတော် ပထမဘုံကိုတင်၍ ပြီးသည်။ |
| ၁၈၇၁ | နိုဝင်ဘာလ | ၂၆ | ထီးတော်သစ်နှင့်တကွ စိန် ဖူး ငှက် မြတ် နားတင်၍ ပြီးမြောက် အောင်မြင်သည်။ |
| ၁၈၇၁ | နိုဝင်ဘာလ | ၂၇ | ပုပ္ပါးဝန်ထောက်နှင့်အဖွဲ့ ရန် ကုန် မှ ထွက်၍ နေပြည်တော်သို့ ပြန်သည်။ |

| | | | |
|---|---|---|---|
| ၁၇၇၂ | ဖေဖော်ဝါရီလ | ၂၂ | စေတီတော် တပေါင်းပွဲမှာ ခါတိုင်းနှစ်များထက် ထူးပြီး စည်ကားသည်။ တောရွာများမှ ဘုရားဖူး အများလာရောက်ကြသည်။ |
| ၁၇၇၂ | မတ်လ | ၁၅ | ကင်းဝန်မင်းကြီး ခေါင်းဆောင်သော လန်ဒန်သွား သံအဖွဲ့ ရွှေတိဂုံကုန်းတော်မှာ တက်ပြီး မြောက်မျက်နှာ စရပ်တွင် ဆွမ်းကျွေးသည်။ စေတီတော် အရှေ့ဖက်ရှိ ကျောင်းတော်ရာသို့ သွားကြည့်၏။ |
| ၁၇၇၂ | ဧပြီလ | ၁၁ | အင်္ဂလိပ် မဟာဝန်ရှင်တော်မင်းကြီးက နောက်ထပ်ဘဏ္ဍာထိန်း လူကြီးငါးဦးခန့်ထားကြောင်း အမိန့်ထုတ်သည်။ လုပ်ပိုင်ခွင့်များကို ပြဋ္ဌာန်းပေးသည်။ |
| ၁၇၇၄ | မတ်လ | ၂၆ | ကင်းဝန်မင်းကြီး ဦးဆောင်သော ပြင်သစ်ပြည် ပါရီသွား သံအဖွဲ့ စေတီတော်ကို ဝင်၍ဖူးရင်း ဆွမ်းတော်ကပ်သည်။ |
| ၁၇၇၄ | စက်တင်ဘာလ | ၂၀ | ကင်းဝန် မင်းကြီး၏ ပါရီပြန် သံအဖွဲ့ အပြန် ရန်ကုန်ဝင်ပြီး စေတီတော်ကြီးတွင် တကြိမ် ဆွမ်းတော်ကြီးကပ်သည်။ |
| ၁၇၇၅ | ဧပြီလ | ၂၉ | ရန်ကုန်ခရိုင် တရားသူကြီးရုံးက ရွှေတိဂုံစေတီ ဘဏ္ဍာတော်ထိန်းအဖွဲ့ဝင် ကိုးဦး ခန့်အပ်သည့် ဒီကရီထုတ်ပြန်သည်။ |
| ၁၇၇၆ | ဖေဖော်ဝါရီလ | ... | ရုရှား ပါဠိပညာရှင် မိနေယယ်ဗ် မြန်မာနိုင်ငံသို့ ရောက်၍ ရွှေတိဂုံစေတီတော်သို့ အဖူးအမြော် တက်ရောက်သည်။ မှတ်တမ်းရေးသည်။ |
| ၁၇၇၇ | အောက်တိုဘာလ | ၉ | လေျှင်လုပ်၍ ငှက်မြတ်နားနှင့် စိန်ဖူးတော် အောက်သို့ကျသည်။ ရွှဲအထက်မှ အင်္ကတေများ ကွာကျသည်။ |
| ၁၇၇၉ | မတ်လ | ၁၇ | ၁၇၇၇ ခုနှစ်၊ လေျှင်ကြောင့် ပြုတ်ကျသော စိန်ဖူးနှင့် ငှက်မြတ်နားကို ပြင်ဆင်ပြီးနောက် တပေါင်းလ ပွဲတော်တွင် ပြန်၍ တင်လှူသည်။ |

| | | | |
|---|---|---|---|
| ၁၇၉၇ | .... | .... | မြို့လူထုက မဲဆန္ဒဖြင့် ပထမဆုံး ရွေးကောက်သော ဘဏ္ဍာထိန်းအဖွဲ့ စတင်ဆောင်ရွက်သည်။ |
| ၁၉၀၀ | .... | .... | စေတီတော်ကြီးအား ရွှေပြားသက်န်း ကပ်လှူရန် ကျေညာ၍ အလှူရှင်များဖိတ်ခေါ်သည်။ |
| ၁၉၀၃ | မတ်လ | ၂ | စေတီတော် ခေါင်းလောင်းပုံ တောင်ဖက် အနားလန်စွန်းတွင်ကျားမတကောင်တက်နေ၍ ဂေါ်ရာများလာရောက်ပြီး သေနတ်ဖြင့် ပစ်၍ သတ်ရသည်။ |
| ၁၉၀၄ | မေလ | ၂၆ | စေတီတော် ကိုယ်လုံးပြည့် ရွှေသက်န်း ကပ်လှူသည်။ |
| ၁၉၀၆ | .... | .... | ပဥ္စမမြောက် ဂျော့ဘုရင်လောင်း ဝေလမင်းသားနှင့် ကြင်ယာတော် မေရီမင်းသမီး ရွှေတိဂုံကုန်းတော်ပေါ် တက်ရောက်ကြည့်ရှုသည်။ |
| ၁၉၀၈ | အောက်တိုဘာလ | ၂ | ဘုရားပိုင် မြေကွက်အကျယ် ၄၉.၇၄ ဧက အတွက်အင်္ဂလိပ်အစိုးရကဂရန်ထုတ်ပေးသည်။ |
| ၁၉၁၈ | ဖေဖော်ဝါရီလနှင့် ဇွန်လ | | သူရိယမဂ္ဂဇင်းတွင် ကာတွန်း ဦးဘကလေးက ဘုရားပေါ်တွင် မျက်နှာဖြူများ ဘိနပ်စီးသည့်အကြောင်းနှင့် ဘိနပ်စီးသည့် ကိစ္စကြောင့် ဝိုင် အမ် ဘီ အေ အဖွဲ့ကြီး၌ သဘော ကွဲပုံကို ကာတွန်းများ ရေးဆွဲ၍ သရော်သည်။ |
| ၁၉၁၉ | ဩဂုတ်လ | ၁၉ | လျှော်လှုပ်၍ ငှက်မြတ်နားတိုင် ယိုင်သည်။ |
| ၁၉၁၉ | အောက်တိုဘာလ | ၂၉ | ဘုရားစေတီများတွင် ဘိနပ်မစီးရဟု အင်္ဂလိပ်အစိုးရက အမိန့်ထုတ်သည်။ သို့ရာတွင် တာဝန်အရ သွားရောက်လျှင် စီးနိုင်သည်ဟု ခြွင်းချက်ပါရှိသည်။ |
| ၁၉၁၉ | .... | .... | အင်္ဂလိပ်စစ်တပ်များ ဘုရားကုန်းတော်ပေါ်မှ ပြောင်းရွှေ့သွားရန် စပြီး အရေးဆိုသည်။ |

| | | | |
|---|---|---|---|
| ၁၉၂၀ | ဒီဇင်ဘာလ | ၅ | ရန်ကုန်ကောလိပ်မှ သပိတ်မှောက် ကျောင်းသားများ ဘုရားအရှေ့ဖက်၊ ဇဟန်း ဦးအရိယ ကျောင်းတိုက်၌ စခန်းချသည်။ |
| ၁၉၂၀ | ဒီဇင်ဘာလ | ၁၂ | အင်္ဂလိပ်အတိုက်အခံ လေဘာပါတီ အမတ် ကာနယ်ဝက်ဂျဝုဒ် ဇနီးမောင်နှံ ဘုရားပေါ်သို့ ဘိနပ်ချွတ်တက်သည်။ ကောလိပ်သပိတ်မှောက် ကျောင်းသားများနှင့် တွေ့ဆုံဆွေးနွေးသည်။ |
| ၁၉၂၁ | မတ်လ | ၁၆–၂၃ | ၁၉၁၉ ခု၊ လျှင်ကြောင့်ပျက်စီးသော ငှက်မြတ်နားကိုပြုပြင်ပြီး၊ အသစ်တင်လှူပွဲ ပြုလုပ်သည်။ ဆရာလင်း မော်ကွန်းရေးသည်။ |
| ၁၉၂၉ | ဇန္နဝါရီလ | ၂၂ | ကုန်းတော်ပေါ်မှ အင်္ဂလိပ် စစ်သချိုင်းကို ကန်တော်မင် အင်္ဂလိပ်သချိုင်းသို့ အခမ်းအနားဖြင့်ပြောင်းသည်။ |
| ၁၉၂၉ | နိုဝင်ဘာလ | ၂၄ | ဘဏ္ဍာတော်ထိန်း အဖွဲ့က လက်မှတ်ထိုး၍ ဘုရင်ခံနှင့် ဘုရားလူကြီးတို့ စစ်တပ်ပြောင်းရေး သဘောတူညီချက်ကို ကြေညာသည်။ |
| ၁၉၂၉ | နိုဝင်ဘာလ | ၂၉ | အင်္ဂလိပ်စစ်တပ်များ ကုန်းတော်ပေါ်မှ အပြီးအပိုင် ရွှေ့ပေးသည်။ |
| ၁၉၃၀ | ဖေဖော်ဝါရီလ | ၈ | အရှင်ဦးဝိစာရ၏အလောင်းတော်ကို အနောက်ဖက်မုတ်အနီးတွင် ပြည်သူတို့ မီးသင်္ဂြိုဟ်သည်။ |
| ၁၉၃၀ | မတ်လ | ၂ | စစ်တပ်များရှိစဉ်က ပြည်သူ ပြည်သားများ တက်ခွင့်မရခဲ့သော အနောက်ဖက်စောင်းတန်းကြီးကို သံဃာအပါး ၄၀၀၀ အားဆွမ်းကျွေး၍ ဖွင့်သည်။ မဏ္ဍပ် ၁၃၀ ကျော်ဖြင့် ကျွေးမွေးညှော်ခံသည်။ |
| ၁၉၃၀ | မေလ | ၅ | လျှင်ကြီးလှုပ်၍ ငှက်မြတ်နားတိုင်ကျိုးကျပြီး စိန်ဖူးတော် တွဲလွဲကျသည်။ |

| | | | |
|---|---|---|---|
| ၁၉၃၀ | ဇူလိုင်လ | ၂၀ | ဦးစံထွန်း တန်ဆောင်းတွင် ဒို့ဗမာသီချင်းဆိုပွဲ ပြုလုပ်ရာ ဝိုင်-အမ်-ဘီ ဆရာတင်ကတိုင်ပေး၏။ |
| ၁၉၃၀ | စက်တင်ဘာလ | .... | ကုန်းတော်ပေါ်မှာ လူငယ်များ ၅၀၀၀ ကျော် စုဝေးပြီး အစည်းအရုံးဖွဲ့သည်။ |
| ၁၉၃၁ | မတ်လ | ၆ | ကုန်းတော်ပေါ်မှာ မီးကြီးလောင်၏။ အဖိုးတန် လက်ရာများနှင့် တန်ဆောင်း ၂၀ ကျော် မီးထဲပါသွားပြီး သိန်း ၂၀ ဖိုး ဆုံးရှုံးသည်။ |
| ၁၉၃၁ | ဧပြီလ | ၃၀ | ၁၉၃၀၊ ငလျင်ကြောင့် ပျက်စီးသော စိန်ဖူးတော်ကို ပြုပြင်ပြီး၍ ပြန်လည် ကပ်လှူသည်။ လယ်တီပဏ္ဍိတဦးမောင်ကြီးဩဘာရတုရေး၏။ |
| ၁၉၃၂ | ဇူလိုင်လ | ၁၀ | အနောက်ဖက်မုတ် စောင်းတန်းကို ဆောက်ရန် အလယ်တောရ ဆရာတော် အုတ်မြစ်ချသည်။ |
| ၁၉၃၅ | .... | .... | စေတီဘိနပ်တော်ရင်း ပတ်လည်တွင် ဂေါပက လူကြီး ဦးဘသော်နှင့် ဒေါ်သဲမေတို့က သံစည်းရိုးကာရန် လှူဒါန်းသည်။ |
| ၁၉၃၆ | ဖေဖော်ဝါရီလ | ၂၅ | တက္ကသိုလ် သပိတ်မှောက် ကျောင်းသားများ ကုန်းတော်ပေါ်တက်၍ သပိတ်စခန်းချသည်။ |
| ၁၉၃၉ | ဇန်နဝါရီလ | ၈ | ရေနံမြေ သပိတ်မှောက် အလုပ်သမားများနှင့် ရန်ကုန်ဝန်းကျင်မှ သပိတ်သမားများ ရွှေတိဂုံ ကုန်းတော်ကိုဗဟိုပြု၍ စခန်းချသည်။ |
| ၁၉၃၉ | ဇန်နဝါရီလ | ၉ | ကုန်းတော်ပေါ်တွင် နယ်ချဲ့ ဆန့်ကျင်ရေး လူထုအစည်းအဝေးပွဲကြီး လုပ်သည်။ ၁၃၀၀ ပြည့် အရေးတော်ပုံ ကာလဖြစ်သည်။ |
| ၁၉၃၉ | ဇန်နဝါရီလ | ၂၃ | တောင်ဖက်စောင်းတန်းရှိ မော်လမြိုင်စရပ်တွင် ဖွင့်လှစ်ထားသော ဒို့ဗမာအစည်းအရုံး ဌာန |

| | | | |
|---|---|---|---|
| | | | ချုပ်သို့ ပုလိပ်မင်းကြီး ပရက်စကော့နှင့်အဖွဲ့ ဘိနပ်စီး၍ တက်ရာ ပြင်းထန်စွာ ကန့်ကွက်ကြသည်။ |
| ၁၉၃၉ | ဇွန်လ | ၂၂ | လက်ရှိ ရွှေတိဂုံစေတီတော်ဥပဒေကို တရားလွှတ်တော်က အတည်ပြု ပြဋ္ဌာန်းပေးသည်။ |
| ၁၉၄၂ | ဒီဇင်ဘာလ | ၉ | ဂျပန်စစ်သေနာပတိနှင့် မြန်မာ ဝန်ကြီးချုပ် ကုန်းတော်ပေါ်တက်၍ ဖူးပြီး စစ်အောင်နိုင်ရေးအတွက် ဆွမ်းကျွေးသည်။ |
| ၁၉၄၃ | ဩဂုတ်လ | ၁ | နိုင်ငံတော်အဓိပတိ ဒေါက်တာဘမော် ဘုရားဖူးတက်သည်။ |
| ၁၉၄၅ | ဇန်နဝါရီလ | ၁ | ဒုတိယကမ္ဘာစစ်တွင် ဂျပန် ရှုံးနိမ့်တော့မည့် အခြေရှိသဖြင့် နိုင်ငံတော် အဓိပတိ ဘုရားဖူး တက်ပြီး စစ်အောင်နိုင်ရေး ဆုတောင်းသည်။ |
| ၁၉၄၅ | မတ်လ | ၁၇ | ရွှေတိဂုံစေတီ အနောက်ဖက်ကွင်းမှ မြန်မာ့တပ်မတော်က ရန်သူကိုတိုက်ရန် စစ်ထွက်ပွဲ ပြုလုပ်သည်။ ဗိုလ်ချုပ်အောင်ဆန်း မိန့်ခွန်း ပြောသည်။ |
| ၁၉၄၅ | နိုဝင်ဘာလ | ၁၈ | ဖ-ဆ-ပ-လ မှ မြို့လုံးကျွတ် လူထုအစည်းအဝေး ပွဲကြီးကို ကုန်းတော်ပေါ်မှာလုပ်ပြီး လုံးဝ လွတ်လပ်ရေး တောင်းဆိုသည်။ |
| ၁၉၄၆ | ဇန်နဝါရီလ | .... | ဖ-ဆ-ပ-လ ပြည်လုံးကျွတ်ညီလာခံကို စေတီတော်ကုန်းမြေ အလယ်ပစ္စယာ၌ ကျင်းပရာ ပရိသတ်တသိန်းကျော်တက်ရောက်သည်။ |
| ၁၉၄၆ | ဇွန်လ | ၁၂ | စစ်ဘေးရန်ကြောင့် ကုန်းတော်ပေါ်တွင် ခိုလှုံ |

| | | | |
|---|---|---|---|
| | | | နေထိုင် ခဲ့ကြသူများအား ဖြဲဝါဝါစိုးယ ဆရာတော်ကြီးများ၏ အမိန့်ဖြင့် ပြောင်းရွှေ့ရန် အကြောင်းကြားသည်။ |
| ၁၉၄၆ | စက်တင်ဘာလ | .... | နယ်ချဲ့ကို ဆန့်ကျင်သော အစိုးရအမှုထမ်း ပေါင်းစုံ သပိတ်များ ကုန်းတော်ပေါ်တွင် စခန်းချသည်။ ပုလိပ်သပိတ်အဖွဲ့လည်း ပါဝင်သည်။ |
| ၁၉၄၈ | ဇန်နဝါရီလ | ၂ | ဗမာနိုင်ငံမှပြန်ရတော့မည့် အင်္ဂလိပ်နောက်ဆုံး ဘုရင်ခံ ဟူးဘတ်ရန့်စ် ကုန်းတော်ပေါ်သို့ လာရောက်၍ ကြည်ညိုသည်။ |
| ၁၉၅၀ | စက်တင်ဘာလ | ၅/၆ | ငလျင်များလှုပ်သည်။ စေတီတော် ပိနံ့တိုင် စောင်း၍ ဆည်းလည်းအချို့ ပြုတ်ကျသည်။ |
| ၁၉၅၁ | မတ်လ | ၇ | ယမန်နှစ်အတွင်း ငလျင်ကြောင့် ပိနံ့တိုင် တိမ်းစောင်းသွားသည်ကို ပြုပြင်ခြင်းနှင့် ထီးတော်စစ်ဆေးခြင်း၊ ငှက်မြတ်နား ပြုပြင်ခြင်း၊ ရွှေပြားနှင့်ရတနာများ၊ ဆည်းလည်းများ လှူခြင်းများ၏ ကုသိုလ်အစုစု သိန်း ၁၀၀ ကျော် ဖိုးကို ရင်ပြင်တွင် ရေစက်ချ လှူဒါန်းသည်။ |
| ၁၉၅၂ | ဧပြီ / မေလ | ... | စေတီတော် ပထမ ပေါင်းရစ် အထက်တွင် ၁၉၀၃ ခုနှစ်မှစ၍ ရှစ်ကြိမ်မျှခဲ့ပြီး တပေပတ်လည် ရွှေပြား ၁၃,၁၅၃ ပြား ကပ်လှူထားခဲ့ရာမှ ကျန် ပေါင်းရစ်အားလုံး ရွှေပြားကပ်လှူနိုင်ရန် အလှူရှင်တို့၏ နောက်ထပ် ရွှေပြား ၁,၁၂၉ ပြား ပူဇော်ဘို့ စီစဉ်သည်။ တပြားလျှင် ခြောက်ကျပ်သား ရှိ၍ ကာလတန်ဖိုး ၃၀၀၀ ကျပ်ဖြစ်သော ရွှေပြားများကို မေလဆန်း ၄ ရက်နေ့မှ စ၍ ကပ်လှူသည်။ တဦးချင်းသော်လည်းကောင်း၊ စုပေါင်း၍သော်လည်းကောင်း လှူဒါန်းကြသည်။ |

## နောက်ဆက်တွဲ ၅

## ရွှေတိဂုံဖွဲ့စာများ

### (၁)

### ဟင်သာဝတီ ရွှေဒဂုံဘုရားတိုင်ရတု

၁။ ဒဂုံမွေရှင်၊ သိင်္ဂုတ်တွင်နှိုက်၊ ရှင်ပင်သစ္စာ၊ ပွင့်သောခါဝယ်၊ ခြောက်ဌာနလွန်၊ တပန်ရက်စေ့၊ ပြည့်သည်နေ့နှိုက်၊ ကြုံတွေ့လျှင်းအောင်၊ မြတ်ညီနောင်လျှင်၊ ရည်စောင်ကြည်ဖြူ၊ ပျားဆုပ်လှူ၍၊ မဥ္ဈူ ဆံမွေ၊ ကိုးကွယ်စေကာ၊ ထိပ်ဖွေဆောင်ရွက်၊ သည်တောင်ထက်ဝယ်၊ ကျိုက်ပွက်ကြေညာ၊ ကျော်ဝှန်ဝါသား၊ ဌာပနာတော်၊ တည်ခဲ့ပေသည်၊ ဆံမွေရုံးစု၊ သဗ္ဗညုကို၊ ယခုဆောက်တည်၊ တောင်းဆုရည်သည်။ ။ ပြည့်မည်ခန့်စီ ရင်စေသောဝ်။

၂။ မစုံပေချင်၊ ချက်တွေ့မြင်က၊ ရွှေစင်စတော၊ မြေကဖြိုးမောက်၊ ပေါက်တို့သည်လော၊ တွေးတော မှုးမော်၊ အောက်မေ့သော်မူ၊ ရှုမြော်မရဲ၊ တလဲးလဲးလျှင်၊ မစဲမည်၊ ရွှေတိလျံမျှ၊ ပတ်ရုံညွှန့်ဝန်း၊ ခပ်သိမ်း ပန်းလည်း၊ ရန်းရန်းရစ်ရစ်၊ ခေါက်နှစ်သွယ်ဆင့်၊ ကုံးမြောင်တင့်လျက်၊ စွင့်စွင့်သပ္ပါယ်၊ တောင်ထိပ်ကျယ် ထက်၊ ပင်လယ်ထုတ်သန်း၊ ဝင်းဝင်းထွန်းမျှ၊ ဝေးလွန်းခရီး၊ မြင်သော်နီး၏၊ မဆီးမိုက်ဝှန်၊ ရှင်တော်ဟန်ကို၊ တောင်းပန်ခန့်တွက်၊ ပြည့်မည်ရက်သည်။ ။နေတက်၏သို့ လျှင်စေသောဝ်။

၃။ အဟုံလေလျှင်၊ ပီတိရှင်၍၊ ရောက်ချင်ဆွတ်ဆွတ်၊ ဖွေထိပ်ထွတ်နှိုက်၊ လူနတ်တို့၏၊ စိတ်ကိုဖြည့်သား၊ ရွှေမှည့်မင်းစံ၊ အလျံခြောက်ပါး၊ ရှင်တော်စားကို၊ အသွားတဖန်၊ အပြန်တခါ၊ သဒ္ဓါဆုယူ၊ တောင်းသည် မှုကား၊ စင်ဖြူသဘော၊ မြတ်မောမျိုးမည်၊ တည်ကြည်လျောက်ပတ်၊ ညက်မွတ်လျံညီး၊ ကြာဝယ်ကြီးသို့၊ မနီးပြစ်ဆို၊ ပြာလဲ့ညိုနှင့်၊ တကိုယ်ရစ်နှောင်၊ ပျော်ရအောင်လျှင်၊ ဥဘာရောင်စက်ခြည်၊ ဖြည့်ပေသည်ဟု၊ လှူပြည်မိုးမြေ၊ ကျော်ဝှန်စေလော့၊ တင့်နေမူယူ၊ လုမျိုးဟူက၊ မည်သူမပေါင်း၊ စံဖြစ်ကောင်းသည်။ ။ ရှင်နှောင်းနောင့်သ ခင်ပေသောဝ်။

[နဝဒေး]

### (၂)

### ဟင်သာဝတီ ဒဂုံဆံတော်ရှင်ဘုရားတိုင်ရတု

၁။ ဇမ္ဗူသာလျှင်၊ ဂီဝါရောင်ခြည်၊ ရံဝန်းလည်၍၊ တွင်မည်ဒဂုံ၊ လူနတ်ယုံသည်၊ ကြေးမုံရတနာ၊ မြဆံကြာကို၊ ပန်ထွာရအောင်၊ ယူချေဆောင်မှ၊ ညီနောင်သမုတ်၊ သည်တွင်ထုတ်၍၊ သိင်္ဂုတ္တရ၊ ဟေမ တောင်ညွှန့်၊ တောင်မြတ်စွန့်ထက်၊ ပယ်ဟန့်နေဝါ၊ ကိုးမည်သာတည့်၊ ဂီဝါရည်ရှင်၊ မကိုင်ရဆင်သည်၊ သဘင်လွန်ကဲ၊ ကန်တော့ပွဲဝယ်၊ ပျံ့ဝဲးတိမ်ထွတ်၊ ဇောတိရသ်သို့၊ နိုင်းလွတ်နိုင်ရာ၊ လုထွတ်ချာကို၊ ကြမ္မာ ညွှန်ပြ၊ မြင်ပါရသည်။ ။ဟင်သကြက်သ ရေတကား။

၂။ ဆံမြှုမြှောလျှင်၊ တင့်ဆင်းပြင်မူ၊ ကြာတွင်လတ်လတ်၊ ယူချေဆွတ်သို့၊ မင်းဝတ်စံထိုက်၊ ရှန်းရှန်းမြိုက်သား၊ နတ်နိုက်သိင်္ဂါ၊ ဒွါဒရာနှင့်၊ မလ္လာသူရပ်၊ တိုင်းကဖွပ်သည့်၊ ပန်းသပ်ကြိုင်စွာ၊ ကျည်းခါသာကို၊ စွန်းပါရစ်သိုင်း၊ ကန်တော့ဆိုင်းမှ၊ တင့်နိုင်းလည်ဝယ်၊ ဘယက်သွယ်နှင့်၊ နားဝယ်မျက်နှစ်၊ ဇမ္ဗူရစ်တိ၊ မြစစ်စူဠာ၊ ဆံကေသာလည်း၊ ညိုဝါရံဆိုင်း၊ ရှေ့နောက်သိုင်း၍၊ စံနှိုင်းဘက်ကျွန်း၊ စောဘုန်းထွန်းသို့၊ လေးကျွန်းလုံးမှာ၊ ပတ်မျှရှာလည်း၊ စကြာပုံကြူ၊ ဘော်မရသည်။ ။မြင်ရခက်ပ ချေတကား။

၃။ ကြုံယှူခါလျှင်၊ ဆက်တိုင်းပင်တည့်၊ သည်လျှင်အသက်၊ ကိုယ်မထွက်တည့်၊ နှင်းဆက်နှင်နှင်၊ ချစ်ခေါင်တင်၍၊ ပည်းဖြင်ထောင်ရာ၊ ကမ္ဘာဘာက၊ မျှားစွာသခေ်၊ ကြိုးချင်လေ၏၊ မြူတေတမွတ်၊ ဖြူဝင်းထွတ်ကို၊ မျက်မှတ်တတ်၍၊ မြင်လတ်နေ့က၊ မမေ့ဖြေဖျော်၊ အကြောင်းသော်မူ၊ ရှင်တော်တကာ၊ သုံးလူချာသို့၊ သစ္စာပွင့်ချပ်၊ ဗျာဒိတ်ရပ်ဝယ်၊ ပေးအပ်လှူဒါ၊ ဝါသနာနှင့်၊ သံသာချရေ၊ မသွန်းချေသော်၊ မြင်လေခါတည့်၊ လွန်ပျောင်းချည့်သား၊ နတ်၏သရေ၊ ကြင်ဘွယ်ပေတည့်၊ သုံးရွှေရုံခါ၊ လဲ့လဲ့မြသည်။ ။ကြင်စသက်မ ဝေတကား။

[နဝဒေး]

## (၃)

## ဟင်သာဝတီ ဆံတော်ရှင် ဘုရားတိုင်ရတု

၁။ စူဠာမွေရှင်၊ ကျော်စောထင်သား၊ သုံးခွင်ရပ်သူ၊ နတ်နှင့်လူကို၊ ဆုယူချီးပင့်၊ ဉာဏ်တော်ချင့်၍၊ ရွှေဖြင့်ညီးညီး၊ ရွှေရည်စီးမျှ၊ ဘုန်းမီးရောင်ထွန်း၊ မှော်မျိုးကျွန်းသား၊ ဦးစွန်းခေတ်စု၊ ဆင်ပြု့သခင်၊ ဘဝရှင်၏၊ ဥကင်နန်းမြင့်၊ ပြာသာဒ်နှင့်သော်၊ မတင့်စရာ၊ ရွှေမျက်နှာက၊ နေဝါထွန်းသိ၊ ရွှေစေတီသည်။ ။လူးညီမြဆံရှင်တကား။

၂။ ဂူဟာရွှေစင်၊ လိုဏ်မုတ်တွင်နှိုက်၊ ပန်းပင်မဥ္ဇူ၊ ရောက်သောတူလျှင်၊ ဆွတ်ယူခိုင်လှ၊ နတ်တို့သ၍၊ ဆွဆွညွတ်ကြည်၊ ပူဇော်သည်ကား၊ ခက်ရှည်ထူးခြား၊ ထွေဆန်းပြားစွ၊ ပတ္တမြားရိုးတံ၊ နှစ်စီခံသို့၊ ချပ်ရံထွေလည်၊ နီလာရည်ဝယ်၊ တင့်ကြည်လွန်ကဲ၊ ရွှေရည်စွဲသို့၊ ပုလဲထပ်လောင်း၊ နှာမောင်းပြောက်သွယ်၊ သန္တာနှယ်စယ်၊ အလယ်ဖြူစင်၊ မုတ်နန်းငင်သို့၊ မျက်ရှင်ကြောင်လား၊ ဝတ်ဆံဖျားဝယ်၊ ငုံအားယူသင့်၊ ခါကိုလင့်၍၊ ပွင့်သည်လှိုင်ကြူ၊ ခိုင်လုံးယူလျက်၊ ဇမ္ဗူနာရီ၊ ထွေလာစီသည်။ ။ကုံးသီလှစ်တင်တကား။

၃။ တူသာနေချင်၊ လွန်ကဲကြင်၍၊ မှတ်ထင်နှိုင်းဘွယ်၊ မြကုံးသွယ်ကို၊ လည်ဝယ်ခွေပတ်၊ ဆင်မတတ်တည့်၊ ထက်နတ်ဆင်းပြင်၊ ရွှေမျှားရှင်နှင့်၊ သည်တွင်နှစ်လ၊ စုံနေကြဟု၊ ဇောတမျက်ရှင်၊ ပွက်ကြည်စင်သို့၊ မရှင်လှည့်လော၊ လွှမ်းလှမောစွ၊ ပျိုချောမွတ်လဲ့၊ ပြာနွဲ့နွဲ့ကို၊ ချွဲချွဲသည်းအူ၊ မြော်ကာဆူမျှ၊ ပုံကြူကြိုင်ဇေး၊ ရွှေရှင်မွှေးလည်း၊ လုံနွေးမပေါင်း၊ ရာသီပြောင်းက၊ ချမ်းဆောင်းကုန်စင်၊ နွေသို့ဝင်သော်၊ အလျှင်ရွှယ်ချူ၊ ပျောက်လိုဟူ၍၊ သုံးလူထွတ်ထား၊ မြတ်ဘုရားဝယ်၊ ကိုယ်စားရည်ထင်၊ ပန်းခိုင်တင်လျက်၊ နေဝင်ခါကောင်း၊ ပြည့်တပေါင်းတွင်၊ ဆယ်ချောင်းလက်မိုး၊ ရွှေကြာသီသည်။ ။ရှုံးပြိုညယ်တွင်တကား။

[နဝဒေး]

# နောက်ဆက်တွဲ ၅

## (၄)

## ဟင်္သာဝတီ ရွှေဒဂုံဘုရားတိုင်ရတု

၁။ တတ်ခေါင်တိုင်၍၊ ရွှေစိုင်ရွှေနှစ်၊ ရွှေစင်စစ်ကို၊ သိရစ်ပုံပြင်၊ ခန့်စီရင်လျက်၊ ပွတ်တင်မျက်နှာ၊ ဖြူဟွာဆောင်သွား၊ သိကြားကြိုးပတ်၊ နတ်ကားငင်စေ၊ စုံးဆောက်ထွေဖြင့်၊ ပွတ်ရွှေပြီးမြောက်၊ တည်လှာရောက်သို့၊ မောက်မောက်ရောင်ထိန်၊ လျှံရှိန်တက်ဖြိုး၊ တန်ခိုးဟေဇာ၊ အပါအလျှံ၊ မညံမဖဲ၊ ပျံ့ပဲမဟိတ်၊ လျှမ်းလျှမ်းဘိတ်သည်။ ။ညိုးညိတ်ထွန်းတက် ပတ်မျစက်။

၂။ ပတ်မြှောင်ဆိုင်၍၊ ထောက်ပြိုင်မတည်၊ မိုးသားရှည်သား၊ လင်းစည်ဝင်းချိပ်၊ ဒဂုံထိပ်ဝယ်၊ မာရ်နှိပ်ပယ်စင်၊ စူဠာရှင်နှင့်၊ ရှင်ပင်တထူး၊ နှစ်ပါးဦးလျှင်၊ ကျေးဇူးလက်ငင်း၊ ဝေလျှင်းဆုယူ၊ ခပ်သိမ်းသူတို့၊ ကြည်ဖြူစက်အောက်၊ ညွတ်ခလျောက်သော်၊ ကင်းပျောက်ငြိမ်းလွယ်၊ ဆုရှယ်တောင့်တ၊ မချွတ်ရတည့်၊ ကြောင့်ကြအပေါင်း၊ ပယ်စေပြောင်းသည်။ ။တသောင်းကျွန်းချက် နတ်များထက်။

၃။ ချွတ်ဆောင်နှိုင်၍၊ မပြိုင်ရာလှည့်၊ ဘက်မရှည့်ကို၊ တောင်းမည့်လက်ဦး၊ ကျေးဇူးခဲ့တွေ၊ သရေခေတ္တ၊ ပြည်မအုပ်မိုး၊ သတိုးရန်နင်း၊ တို့မှန်ကင်းလျှင်၊ အစင်းတရာ၊ ကာသမျှတွင်၊ နေလရောင်လို၊ မြွက်ဆိုဆုတောင်း၊ လျှောက်ပြန်တောင်းမှ၊ ဆွေဟောင်းယှဉ်နွဲ၊ ပြာချောလဲ့နှင့်၊ သုံးဆဲ့တတည်၊ ပြည်များအထွတ်၊ ရောက်စိမ့်ညွတ်သည်။ ။လေးမြွတ်စုံမက် မှတ်ကြသက်။

[နဝဒေး]

## (၅)

## ရွှေတိဂုံသမိုင်း ကေပိုဒ်

သိင်္ဂုတ္တရ၊ ကုန်းလှမြတ်စွာ၊ အမည်မှာမူ၊ သတ္တာဘူမိ၊ ဘူရိဒတ္တ၊ ပေါက္ခရဝတီ၊ သိဟရာဇာ၊ တမ္ဗာဂုတ္တ၊ တိဂုမ္ဘ(မ္ဘ)ဟု၊ သတ္တနာမံ၊ ကမ္ပည်းခံ၏။ ကုန်းရုံကိုးဆယ်၊ ကိုးခုသွယ်ရှင့်၊ ရွှေဝယ်မျက်နှာ၊ မမွာပူရ၊ တောင်ရပ်ကမူ၊ ဓညပူရာ၊ နောက်မျက်နှာဝယ်၊ ဝိဇယာပူရ။ ဥတ္တရဒိသာ၊ မြောက်ရပ်မှာကား၊ ဥက္ကလာပ၊ မြို့လေးဝတည့်။ ပြုဗ္ဗဝတီ၊ ရေသီတာရစ်၊ အရှေ့မြစ်နှင့်၊ တလုစ်တောင်မှာ၊ ပဏ္ဏာနဒီ၊ သညီတွင်ဘိ၊ အသိတဉ္စနှ၊ ပစ္ဆိမတည့်၊ သုဝဏ္ဏဝတီ၊ မြောက်ရပ်မှီ၏။....

လေးလီမျက်နှာ၊ ခြံရံကာနှင့်၊ ကမ္ဘာဘဒ္ဒ၊ ပဌမဝယ်၊ စကြဝဠာမှန်၊ ကကုသန်မြတ်စွာ၊ ကောဏာဂမန၊ ကဿပဟု၊ တေဇဝင်းပြောင်၊ နောင်တော်သုံးပါး၊ မြတ်ဘုရားတို့၊ တည်ထားသည်ရွေး၊ တောင်ဝှေးရေစစ်၊ သင်္ကန်းဖြစ်ဟု၊ တံတစ်မေဘ်ကွန်း၊ အစဉ်ထွန်းရှင့်။ ရည်ညွှန်းနိမိတ်၊ ရွှေးအတိတ်ဖြင့်၊ ဗျာဒိတ်ထပ်ဆင့်၊ ဆံတော်နှင့်သော်၊ လေးမည်ပေါ်သား။....

ကုန်းတော်မြတ်ခေါင်၊ တောင်ငါးဆယ်သာ။ အချင်းမှာမူ၊ မြို့ဗွာပစ္စိမ၊ မှူးနောက်မှာကား၊ လေးရာသုံးဆယ်၊ တတောင်ကယ်မှ။ ဥတ္တရာဒက္ခိဏာ၊ တောင်မြောက်မှာကား၊ လေးရာမြောက်ဆယ်၊ တောင်ဝယ်ကော၊ ငါးသစ်မျှတည့်။....

ထီးမှနှစ်ဆယ်၊ စွန်းဝယ်ခြောက်တောင်၊ တမိုက်ဆောင်လစ်၊ လက်သစ်သတ္တ၊ အမြင့်ပြရှင့်၊ ထီးဝကိုး တောင်၊ နှစ်မိုက်ဆောင်၏။ မြောက်တောင်နောက်ရှေ့၊ ဇေ့မြေသေသပ်၊ ဘီနုပ်မှာမူ၊ နှစ်ရာ့နှစ်ဆယ်၊ စွန်းဝယ်ခြောက်တောင်။ အဝန်းဆောင်မူ၊ ကိုးရာဟူရှင့်။....

ထက်မှုပတ်ခြံ၊ စေတီရံဝယ်၊ ရှစ်ဆယ်လေးဆူ။ အောက်မူတရာ၊ ခြောက်ဆယ်သာတည့်။....

သီဟာရူပ၊ ဒွေဝီသနင့်၊ စစတွက်ရေ၊ ယင်းအနေတွင်၊ အောက်ခြေရံကာ၊ ပြာသာဒ်မှာမူ၊ ဆယ့ညာသ၊ နောက်မှဆင့်ကာ၊ သမိုက်မှာလည်း၊ မပါမရှိ၊ နောက်မှသိလေ့။

သိရိလျံဝေ၊ ကျက်သရေနှင့်၊ ညာကြေအောက်ထက်၊ ဘဝဂ်တိုင်အောင်၊ ပျံ့နှံ့ဆောင်သား၊ ဘုန်းခေါင် မမှုရာင်၊ ရှင်ချစ်မြတ်စွာ၊ စေသကျာ၏၊ ရင်းချာပိုင်းခြား၊ မှတ်စိမ့်ထားသည်၊ ဘုရားဆံရှင် သမိုင်းတည်း။

[ဝန်ကြီး ပဒေသရာဇာ]

# (၆)

## ရွှေတိဂုံစေတီသမိုင်းဆိုင်ရာ အမေးပုစ္ဆာများ

### (စွယ်စုံကျော်ထင်ကျမ်းမှ ထုတ်နုတ်ချက်)

| | | |
|---|---|---|
| ၂၉၆။ | ။သပိတ်လေးလုံး၊ လက်နှိပ်ပုံး၊ တလုံးတည်းဖြစ် ဘယ်နေ့နည်း။ | (ဝါဆိုလဆန်း ငါးရက်) |
| ၂၉၇။ | ။နတ်လေးယောက်လုံး၊ လှူစည်းရုံး၊ မြင့်ဆုံးဘယ်နတ် သပိတ်နည်း။ | (ကုဝေရနတ်လှူသပိတ်) |
| ၃၁၀။ | ။ပျားမုံဆုပ်ဆွမ်း၊ ပေးလှူကမ်း၊ ဝန်ထမ်း ကုန်သည် ဖြစ်လိမ့်နည်း။ | (လှည်းကုန်သည်) |
| ၆၉၆။ | ။ရေယာဉ်သုန်သုန်၊ အောက်သို့စုန်၊ ဒဂုန်ဆံတော် ဘယ်မျှနည်း။ | (ရှစ်ဆူ) |
| ၇၅၂။ | ။ပျားဆွမ်းလှူသည်၊ မောင်ကုန်သည်၊ မည်သတ္တဘဟ္ဌပေနည်း။ | (ခုနစ် သတ္တဘာ) |
| ၇၅၄။ | ။ညီနောင်ကုန်သည်၊ ရွာဖွေနည်၊ မည်သည့် မြို့ရပ်ကပေနည်း။ | (ယခု ရန်ကုန်မြို့) |
| ၇၅၅။ | ။ဆံတော်ပေးသည်၊ တို့ဘုန်းစည်၊ မည်မျှ ဆံပေါင်း ကျမ်းလာသနည်း။ | (အဆိုသုံးရပ်ရှိသည်) |
| ၇၆၃။ | ။ဘုရားဘုန်းစည်၊ လက်ထက်သည်၊ မည်စေတီကား အဦးနည်း။ | (ဒဂုန်စေတီတော်) |
| ၇၆၅။ | ။ရွှေဆံတော်တည်၊ ပန်းခုံသည်၊ မည်မျှ တာပေါင်း ရှိသနည်း။ | {အချင်း အတောင် ၃၀၀<br>အဝန်း အတောင် ၉၂၀} |
| ၈၅၆။ | ။အင်္ဂတေသည်၊ ဒဂုန်တည်၊ ကော်ရည်ဘယ်မျှ ရှိသနည်း။ | (ခြောက်ဆ) |
| ၈၅၇။ | ။တင်လဲကော်ရည်၊ ဥသျှစ်ရည်၊ မည်သည် များလျှင် ယပ်သနည်း။ | (ဥသျှစ်) |

(အဖြေအကျယ်ကို "စွယ်စုံကျော်ထင်" ကျမ်းတွင် ဖတ်ရှုနိုင်ပါသည်။)

# နောက်ဆက်တွဲ ၅

## (၃)

ပဏာမပတ္တနာ
ရွှေတိဂုံမြို့ဘွဲ့နှင့် ဆုတောင်း

သိင်္ဂုတ္တရေ သခံ ရမ္မေ၊ ဝသန္တာမေ့ အဇာနိတ္ထာ။
သာသနံ ဝါသံ ကေသိဋ္ဌံ၊ ဒဿ ဒေါသေန ဝက္ခိသာံ။

ရမ္မေ၊ နှလုံးမွေ့လျော်၊ ပျော်ဘွယ်ရှိထသော။

(ဝါ) ကိုးဆယ့်ကိုးကုန်း၊ တောင်ညိုလုံးဖြင့်၊ ပတ်ကုံးရစ်သန်း၊ မရန်းကနစိုး၊ ပင်မျိုးစီလျဉ်၊ ပန်းဥယျာဉ်နှင့်၊ ချိုချဉ်ရသာ၊ များစွာစုရုံး၊ မြိုင်အုပ်ဖုံးသောကြောင့်၊ နှလုံးမွေ့လျော်၊ ပျော်ဘွယ်ရှိထသော။

(ဝါ) မြစ်ကြီးငါးသွယ်၊ မြစ်ငယ်ငါးရာ၊ ဟေဝန္တာက၊ စီးလှာပြိုင်းပြိုင်း၊ ဝေမှိုင်းမှိုင်းနှင့်၊ ဒီလှိုင်းဆုတ်တက်၊ ဘရပွက်တွင်၊ လှေတက်တကာ၊ ဆိုက်ဆုံလာ၍၊ သာယာဘိခြင်း၊ ပင်လယ်ရင်းဝယ်၊ သဘော်ဆိပ်ဖြစ်သောကြောင့်၊ စင်စစ်မွေ့လျော်၊ ပျော်ဘွယ်ရှိထသော။

(ဝါ) ဒဝယ်ဒလ၊ မုတ္တမ စစ်တောင်း၊ ဖောင်းလင်းသထုံ၊ ဒုံဝင်းသံလျင်၊ ဟသံ်ာဝတီ၊ ကေတုမတီ၊ ဇေတုမတီ၊ မညဝတီ၊ မော်ဘီ၊ ယုန်သလင်း၊ သင်းတိုင်းခရိုင်၊ နိုင်ငံမြို့ရွာ၊ ရုံကာဝန်းယှက်၊ အုတ်ကျက်ဗိုလ်ခြေ၊ ကြည်းရေအလုံး၊ ဆုံလာရုံးသောကြောင့်၊ နှလုံးမွေ့လျော် ပျော်ဘွယ်ရှိထသော။

(ဝါ) အလျဉ်အလျဉ်၊ ရွှေလှိုင်ခေါင်းမှာ၊ အယဉ်အယဉ် ဖန်တကောင်းနှင့်၊ အစဉ်အစဉ် ညောင်ရေလောင်းလို့၊ ချမ်းသာရကြောင်း လွန်လွန်ကျူးအောင်၊ စိတ်ကူးချက်ဉာဏ်ပလီ၊ ပန်းမျိုးစုံစီ၊ သီကာကုံးလို့၊ ထီးတံခွန်တွေ အဝေဆုံးနှင့်၊ ငါးကြော်သားကြော် အဆီတုံးနှင့်၊ ဆွမ်းသင်ပုတ်တော် ကိုယ်တော်သုံးဘို့၊ ဖက်စိမ်းတွန့်ချွန်၊ ယဉ်ရုံဖုံးလို့၊ နတ်ရွာနိဗ္ဗူ ဆုယူတုန်းမို့၊ အပျိုအအို တပြုံးပြုံးမို့၊ နှလုံးမွေ့လျော် ပျော်ဘွယ်ရှိထသော။

(ဝါ) အမှိုင်အမှိုင် ဆံတော်ရင်းမှာ၊ အပြိုင်အပြိုင် လှူဘွယ်ခင်းလို့၊ အလှိုင်အလှိုင် ပုသ်သီတင်းနှင့်၊ ဝါတွင်း ဝါပကုသိုလ်ယူ၊ နတ်ရွာနိဗ္ဗူ ဘယ်မှာပုန်းမလဲ၊ တိဟိတ်ကုသိုလ် စဉ်လာထုံးနှင့်၊ ရဟန်းရှင်လူ ယှုကာကျူးချည့်၊ ပလုပ်တုတ်သံ ပြုတ်ပြုတ်ပြုန်းနှင့်၊ ဆိုင်းသံ စည်သံ ညံညံအုန်းစ၊ ပရိသတ်တွေ ခြိမ့်ခြိမ့်ရုံးလို့၊ ကုသိုလ်ပွဲစည် တအုန်းအုန်းနှင့်၊ ကြီးကြီး ငယ်ငယ် တမြို့လုံးပင်၊ နိဗ္ဗာန်ရမည် ယုံကြည်တုန်းမို့၊ နှလုံး မွေ့လျော် ပျော်ဘွယ်ရှိထသော။

သိင်္ဂုတ္တရေ၊ ရွှေတိဂုံအရပ်၌၊ (ဝါ) ဤကမ္ဘာမြတ်၊ ဘဒ္ဒကပ်တွင်၊ ရှင်ပင်လေးဆူ၊ မြတ်ဘုန်းလူ၏၊ လှိုင်ကြူပျံ့မွှေး၊ တောင်ဝှေးတော်စသည်၊ ထူးလည်းအမြတ်၊ ကိန်းဝပ်တော်မူရာ၊ မှန်လှစွာဟု၊ ရာဇဝင်သမိုင်း သံမိုင်းမော်ကွန်း တည်ထွန်းပညာတ်၊ မွေ့ခတ်စုံ၊ သာမျိုးစုံသည်၊ ရွှေတိဂုံမည်ရင်း၊ မြို့များမင်း၌။

## နောက်ဆက်တွဲ ၅

(ဝါ) ငါးမာရ်အောင်မြင်၊ ပလ္လင်တော်၏၊ တောင်မျက်နှာမှ၊ ရာဇာယတန၊ ပင်ရှုက္ခဝယ်၊ ဖုဿ ဘလ္လိက၊ နာမတွင်မည်၊ ကုန်သည်ညီနောင်တို့အား၊ ဘုရားသခင်၊ ဆံချွင်ရှစ်ဆူ၊ ညွှန့်လူဝေလန်း၊ မွေတော်ပန်းကို၊ ဆန့်တန်းလက်ဖျား၊ ပေးသနားသော်၊ တည်ထားထူပါ၊ ဌာပနာ၍၊ သာသနာဦး၊ ပကတူးတည်ရပ်၊ မွေတော်စုပုံ၊ အုံမကုန်သည့်၊ ရွှေတိဂုံမည်သီး၊ မြို့ရပ်ကြီး၌။ ....

[ကျည်းကန်ရှင်ကြီး]

(ဂ)

### ရွှေတိဂုံဘုရား ဘုန်းတော်ဘွဲ့တေးထပ်

လေနုရီ ရေဒီမျှပါတဲ့၊ ဗွေမဟီမြေသီခမှာ၊ စေတီက နီတုံ၊ ကေသီလှတရှိ စုံတယ်၊ ရွှေတိဂုံမြတ်ဖျား။ ။ မီးယမိုက် ရေလျှံစုံတယ်၊ မြေရန်ကုန် တိုင်းသူ ရှိထား။ ။ခြောက်ရောင်ပွင့် ညီးထွေထွေ၊ မီးရေလေ လွတ်ရှား၊ အောက်မစုံ ခြောက်ဘုံသားတိုင်ပ၊ ညွတ်တွားလျက် ပူဇော်။ ။နေ သောင်းထောင်အဝါမျှ သော်လဲ၊ ပမာဏဘက်မလျော်။ သိင်္ဂုတ်မြင့် ကုန်းမော်မှာ၊ ရွှေဘုန်းတော် ထိန်ထိန်ပပါလို့၊ နေ့ည ရုံခါမဟူ၊ လင်းပွင့်လျှံလူ။ ။သုံးဘုံသူ မှန်ကူငယ်၊ သဃမ္ဘူထွတ်စောရှင့်လေး။ ။

[ကင်းဝန်မင်းကြီး]

(ဃ)

### သက္ကရာဇ် ၁၂၅၁ ခုနှစ်
### ရွှေဒဂုံစေတီတော်၊ ငှက်မြတ်နားသမိုင်း မော်ကွန်းလင်္ကာ

မင်္ဂလာတန်ဆောင်၊ ထိန်ထိန်ပြောင်သား၊ ရွှေညောင်ဗောဓိ၊ တုမယှိန္တိုက်၊ တိဘဝထွဋ်၊ သုံးလူနတ်လျှင်၊ မြတ်သဃမ္ဘူ၊ ဆုကြီးချူ၍၊ မှောင်မြူတဏှာ၊ ဂဟကာကို၊ အာဏာပြပြ၊ ကြုံးသံပလျက်၊ သတ္တသတ္တာ၊ ရက်အကြာတွင်၊ ဒွေဝါစိက၊ သရဏဦး၊ အရဥ္ဇူးသား၊ ကျေးဇူးများဟို၊ ညီအစ်ကိုတို့၊ အလိုကျစ်လစ်၊ ဆံတော်စစ်ကို၊ သစ်သစ်ကြည်ဆွ၊ ရကြီးရ၍၊ သိင်္ဂုတ္တရခေါင်၊ ဤသည့်တောင်ထက်၊ ခြောက်ရောင်ယှက်ရုံ၊ မီးရေစုံနှင့်၊ ဒိဂုံမည်သီး၊ စေတီကြီးကို၊ ခိုင်ဖြိုးစည်ပင်၊ တည်ခဲ့ချင်မှ၊ အကြင်ရောခါ၊ နှစ်ကောဇာသည်၊ သုညာပဥ္စ၊ စမ္မနှင့်ဂေ်၊ ရောက်တုံလစ်၍၊ ရှင်ချစ်လုဘ၊ မုနိန္ဒလျှင်၊ ဝသဝဋ္ဋာန်၊ သမုတ်ဖန်သည်၊ ငါးတန် စွင့်စွင့်၊ ဆင့်ရရင့်နှင့်၊ သင့်တင့်စွာလှ၊ ထိုမာသဝယ်၊ စလနဂမ္ဘီ၊ မေဒနီကြောင့်၊ သိဂီဝင်းစက်၊ ရွှေးမင်း ဆက်သား၊ ရွှေချက်ငွါးငွါး၊ ငှက်မြတ်နားနှင့်၊ ထက်ဖျားအထွတ်၊ ညွှာမှလွတ်လျက်၊ ပွင့်ဝတ်တမျှ၊ မြေသို့ ကျသော်၊ ဖျဖျဝန်းအုံ၊ ပြည်လုံးခြုံ၍၊ ကြည်ယုံသန္ဓိစင်၊ ခန့်စီရင်သား၊ သို့လျှင်နဘော်၊ တုမမျှော်ကို၊ မြေပေါ်ဆုံးခန်း၊ ကပ်လုံးကျွန်းလည်း၊ ဥဒါန်းမကျေ၊ ဖြစ်ပစေဟု၊ ရွှေနာယကာ၊ အက္ခရာနှင့်၊ အာဏာ ဟရ၊ ဘွဲ့ထူးရသား၊ ရာဇသုခမိန်၊ လ္လကဝိန်လျှင်၊ နှိုင်းချိန်မျှော်ကိုး၊ မော်ကွန်းထိုးသည်။ ။တန်ခိုးမတိမ် စေကြောင်းတည်း။

[အကြီးတော် ဦးသံမှို]

## နောက်ဆက်တွဲ ၅

## ( ၁၀ )

### မဟာဝဇီရမကုဋ္ဌမင်္ဂလာ စိန်ဖူးတင်ဩဘာရတု

၁။ ယမိုက်မှောင်ချွေ၊ တဝေဝေတည့်၊ မီးရေစုံသား၊ ဂုဏ်တော်အားဖြင့်၊ မြတ်ဖျားဇေယျ၊ တိဂုံဘ၏၊ ကေသဆံတော်၊ ကိန်းဝပ်ပျော်သည်၊ အကျော်ထင်ရှား၊ နောင်တော်များဟု၊ ဘုရားဘုန်းလူ၊ မြတ်သုံးဆူတို့၊ နှုန်းယူဘက်ကင်း၊ ခေတ်မွေမင်းတို့၊ သီတင်းသုံးရာ၊ မှန်လှစွာတည့်၊ ကမ္ဘာမကိုဋ်၊ ဘုံသုံးတိုက်မှ၊ ဦးခိုက်ခိုလှုံ၊ ရွှေတိဂုံဟု၊ သံ-ဂုံ-ပ-မ၊ လေးဘွဲ့ရသည်၊ ထုပအကျော်၊ စေတီတော်ကို၊ ရှေးသော်အခါ၊ ဥက္ကလာဟု၊ တေဇာလျှံလင်း၊ မင်းဆက်မင်းလျှင်၊ ဘန်ဆင်းတည်ထောင်၊ ထိုပြည်နောင်ဝယ်၊ မြန်ဘောင်လက်ရင်း၊ အမင်းမင်းတို့၊ သက်ဆင်းစဉ်လာ၊ မွမ်းမံကာလျှင်၊ ပူဇာကော်ရော်၊ လှူဒါတော်ဖြင့်၊ နမော်ဖြိုးလိုမ့်၊ တန်ခိုးချိမ့်လျက်၊ မိုးတိမ့်ကြက်သရေ၊ လနှင့်နေသို့၊ စိန်ရွှေကြောင်များ၊ ပြောင်ငွားငွားလျှင်၊ တောင်ဖျားသိင်္ဂုတ်၊ မြေဇာယုတ်ဝယ်၊ တေမုတ္တမော်၊ စေတီလုံးကျော်၍၊ ဘုန်းတော်ရောင်ထွေ၊ ပြောင်ဝေဝေသည်၊ မှောင်ချွေယမိုက်စုံဘုရား။

၂။ မကိုဋ်သျှောင်ကော၊ ပရမေတည့်၊ စိန္တေနီတုံ၊ ရွှေတိဂုံကို၊ ခိုလှုံဝန်းကျင်၊ မွန်ဘုရင်နှင့်၊ မြန်ခွင်ပိုင်နင်း၊ နေနွယ်မင်းတို့၊ မူရင်းတက်ဆင့်၊ တိုးခါမြင့်၍၊ ချီးပင့်ကြိမ်ဖန်၊ အတန်တန်တည့်၊ သမန္တဂိုဏ်း၊ မြတ်တံတိုင်းနှင့်၊ ပတ်ဝိုင်းထပ်ချုံ၊ ပြင်ဆင်ခဲ့ရှင့်၊ နန်းနွဲ့ကမ္ဘူ၊ ရှင်စောပုနှင့်၊ ပြည်သူမျက်နှစ်၊ ဇာတိရာဇ်တို့၊ သစ်သစ်ရောင်ညီး၊ မွမ်းမံပြီးသော်၊ ရွှေထီးတပင်၊ ဆင်ဖြူရှင်လည်း၊ မွမ်းတင်ကော်ရော်၊ ပြုပြီးသော်တည့်၊ ဇေယျော်ခေတ်ဖက်၊ ကုန်းဘောင်ဆက်ဝယ်၊ ကနက်ဖြန့်ကျင်း၊ မြေဒူးမင်းဟု၊ သနင်းထွဋ်တင်၊ ဆင်ဖြူရှင်ဟု၊ ရွှေစင်မဏ္ဍိုင်၊ တောင်ကြီးယိုင်သို့၊ မခိုင်ယိမ်းငိုက်၊ ကိန်းအဆိုက်ဝယ်၊ မကိုဋ်ပန်းငုံ၊ ရွှေတိဂုံကို၊ လုံးစုံမူလ၊ ပလ္လင်မှလျှင်၊ ပြင်စပြုဘိ၊ ထီးတိုင်ထိအောင်၊ သိဒ္ဓိချိန်ရောက်၊ တကြိမ်မြောက်ခဲ့၊ ထိုနောက်ပဥ္စင်၊ သင်္ဂါယင်သည်၊ ဘုရင်ဖက်ကင်း၊ မင်းတုန်းမင်းလျှင်၊ ဖြန့်ကျင်းဖြူလွှ၊ ထီးဝန်းကြွသော်၊ အကြင်ကောဇာ၊ ထိုခေတ်ခါဝယ်၊ ဗြဟ္မာဟစ်ကြွေး၊ နှိုးဆော်ရေးကြောင့်၊ ကိုယ်လေးရွှေမျှ၊ တိုင်းမကအောင်၊ ဟေမသိင်္ဂီ၊ စိန်ကျောက်စီ၍၊ နှိုင်းမှီတုလွတ်၊ ထီးရွှေထွဋ်ကို၊ မြေညွတ်လုနီး၊ ပွဲတော်ကြီးဖြင့်၊ အံ့ချီးဆူဝေ၊ တင်ခဲ့လေသည်။ သျှောင်ကောမကိုဋ်ရုံဘုရား။ ။

၃။ အမှိုက်သောင်ခေ၊ အောင်ရဝေတည့်၊ ခေါင်နေဗောဓိ၊ နန်းသီရိသို့၊ လမ်းရှိတိုင်းပင်၊ လှမ်းအံ့ပြင်သည်၊ များဖြင်ငြိမ့်ညောင်း၊ ပြည်သူပေါင်းတို့၊ လှူကောင်းဒါန၊ သဒ္ဓါကြွ၍၊ ရာဇရာဇိန်၊ နရာသိမ်ကို၊ အချိန်လစ်ဟင်း၊ ခေတ်အတွင်းဝယ်၊ လွန်မင်းကဲမြင့်၊ တင့်ထက်တင့်အောင်၊ ဆင့်ဆင့်ထူးချွန်၊ ကုန်းထွဋ်စွန်၌၊ အလွန်ခမ်းနား၊ တန်ဆောင်းများနှင့်၊ ရွှေပြားသက်နှ်း၊ ဆက်လှူဒါန်းရှင့်၊ ကိန်းခမ်းကြိမ်ခဲ့၊ ငလျှင်နှဲ့၍၊ တိမ်းငဲ့ယိုယွင်း၊ ဖြစ်ရခြင်းကြောင့်၊ မြန်မင်းကောဇာ၊ ထောင့်နှစ်ရာနှင့်၊ သချာတွက်စစ်၊ ငါးဆဲ့နှစ်တည့်၊ တခေတ်ထိုနောက်၊ ရှစ်ဆယ်ရောက်၍၊ စွန်းမြောက်ဒွက၊ ချိန်ကာလဝယ်၊ ဇေယျသဘင်၊ ပွဲကြီးယင်၍၊ ကြည်လင်ရွှင်မြူး၊ ပွဲတော်ထူးတည့်၊ စိန်ဖူးထွဋ်ထား၊ ငှက်မြတ်နားကို၊ ခမ်းနားနှိုင်းရှဲ၊ တင်လှူခဲ့၏၊ ယိမ်းနွဲ့ညွတ်ကျေး၊ လျောင်ဘေးကြောင့်၊ အရေးကြုံလာ၊ ယခုခါဝယ်၊ မဟာဘဏ္ဍာ၊ ဂေါပကဟု၊ နဝပုဂ္ဂိုလ်၊ ညှိနှိုင်းဆို၍၊ ကုသိုလ်ကောင်းကျိုး၊ တိုးထက်တိုးအောင်၊ ဆော်နှိုးတိုင်းခွင်၊ သို့ဖြစ်အင်ကြောင့်၊ စိန်ပင်မြသား၊

ပတ္တမြားနှင့်၊ ပြယားရောင်နွယ်၊ စိစဉ်ချယ်လျက်၊ ဆန်းကြယ်တင့်ထူး၊ ထွဋ်စိန်ဖူးနှင့်၊ တိမ်ဦးပျံလွှား၊ ငှက်မြတ်နားကို၊ အမျှားကုသိုလ်၊ မိုးလုံးပြိုမျှ၊ စိမ်းညိုနီမြန်း၊ လျှပ်မီးပန်းသို့၊ တသန်းကျော်ကျော်၊ တန်ဘိုးတော်ဖြင့်၊ အဖောဘ်ဝတ၊ ပြုပြီးမှလျှင်၊ ဧကနှင့်ဒွိ၊ နောတရိဟု၊ ရောက်ရှိကောဇာ၊ ဝိသာခါနှင့်၊ ပဏာလှုံကြ၊ ကဆုန်လ၏၊ ပုဏ္ဏစန်းရှိန်၊ ပြည့်သောချိန်ဝယ်၊ ဘူမိန္ဒရာဇ်၊ အောင်သံပဟစ်၍၊ နတ်စစ်ဗျူဟာ၊ ကူညီကာလျှင်၊ မဟာသဘင်၊ စိန်ဖူးတင်ဟု၊ ဝန်းကျင်နှံ့စေ၊ အောင်ဆုချွေသည်၊ ဆောင်ဝေအမြိုက် ဘုံဘုရား။ ။

[ လယ်တီပဏ္ဍိတ-ဦးမောင်ကြီး ]

## (၁၁)

## ၁၂၈၂ တပေါင်းလပြည့် ဗုဒ္ဓဟူးနေ့
## စိန်ဖူးတော်တင်ပွဲ
## ရှစ်ဆယ်ပေါ် တေးထပ်

ကော်ဒွေးအဋ္ဌာ စမ္ပာနှစ်၊ မြန်မာသက္ကရာဇ် ခေါက်ကောဇာ၊ တပေါင်းပုဏ္ဏ နေ့ဗုဒ္ဓါမှာ၊ ပရမေ့ ဥက္ကဋ္ဌာ စိန္တေဗျား။ ။လေးဆူရှင်တော့် မာတုမေ့ကို၊ ပဏာပြုစေ ထည့်သွင်းနှံ့ခဲ့ထား။ ။သိင်္ဂုတ္တရကုန်းမြင့်ဘွေ့မှာ၊ ဘုန်းနှင့်သရေ ထွေထွေပွား၊ သုံးဆင့်ဘုံဘွေ့ ဝေနေမျှားတို့၊ ရှိသေညွတ်တွား ဦးနှိမ်ရာ။ ။ဒဂုန်စေတီ မကိုဋ်ရံ ပန်း၊ အမြိုက်ကြွင်နန်း အောင်နန်းဆောင် ဝိဟာ။ ။စိန်ဖူးသျှောင်ထွတ် နက္ခရတနာကို၊ ဆက်သပူဇော် တင်လှူပွဲမို့၊ ရှင်လူခပဲ ဆယ်ငန်းမကပေါင်၊ ပါယ်လမ်းမကျအောင်။ ။ပူဇော်ပတ်ကုံး မြေညွတ်ယောင်ငယ်၊ ရွှေထွဋ် ရွှေတောင် သိင်္ဂုတ်ဘုံဦလေး။ ။ဗြဟ္မာနှင့်နတ် ထက်ခေါင် အဇဋ္ဌာမှာ၊ လက်ဆောင်ပဏ္ဏာ စိန်ထီးပြုနှင့်လေး။

[ လယ်တီပဏ္ဍိတ-ဦးမောင်ကြီး ]

## (၁၂)

## ရွှေတိဂုံစေတီတော် ဘုရားရှင်ဘွဲ့
## ရှစ်ဆယ်ပေါ် တေးထပ်

တိမ်စစ်ဗျူဟာသေနင်္ဂ၊ ဝေဟင်္ဂမ လိမ်ရှုပ်ဆင်၊ မြေပြင်ပဝရ သိင်္ဂုတ်တခွင်မှာ၊ စိတ်မုတ်ဒရင် ရောင်ဝါ လျှမ်း။ ။စုလစ်မွန်ချွန်း ပြဿဒ်ဆောင်မှာ၊ နဝရတ်အဆောင် ထိန်ညီးလျှံလို့သန်း။ ။သံ၊ ဂုံ၊ ပ၊ မ လေးပွင့်စာငယ်၊ရွှေးဗဋ္ဌိအလာ ခရာတန်း။ ။ကြွေးရင့်မဟာဗြဟ္မာနန်းက၊ဝဋ္ဋာနခမ်းသိမ့်သိမ့်ခုန်။ ။ဒုဿစေတီ စူဠာတမျှ၊ ထူပါဝရ မြတ်ဘုရားရွှေတိဂုံ။ ။ပူဇာရပ မြေကြီးတုန်အောင်၊ ရေမီးအစုံ တောက်ပြောင်ပွင့်လို့၊ ခြောက်ရောင်သခင့် ဖြာကွန့်နေမတူ၊ ညာကျွန့်ဘွေ့ဇမ္ဗူ။ ။ရွှေသားတောင်ထွတ် မြေကပြုသလို၊ ဒေဝမရှု ရှိဦးဆင်လို့လေး။ ။ဘုံသုံးဆယ့်တစ် တိုက်အငူမှာ၊ မကိုဋ်ဆူဆူ ဝပ်လျှိုးရာပလေး။

[ လယ်တီပဏ္ဍိတ-ဦးမောင်ကြီး ]

## နောက်ဆက်တွဲ ၅

## (၁၃)

### ရွှေဒဂုန်ဆံတော်ရှင်ဘုရားကြီး တရားမီးပြတော်မူပုံဘွဲ့ လေးချိုးကြီး

[ခရစ်နှစ် ၁၉၃၀ ပြည့်တွင် ငလျင်လှုပ်ခြင်းနှင့်
၁၉၃၁ ခုနှစ်တွင် စေတီတော်ကြီး မီးခြင်းတို့ကို အကြောင်းပြု၍ ရေးဖွဲ့သည်။]

၁။ စိန်ဝရုတ္တရအောင်လံ ဂုဏ်တော်တဆောင် ပရမေထင့် ဂဠုန် တဘောင်တွေ ထွန်းရာက၊ သိင်္ဂုတ္တရတောင်ယံ ရဂုံချောင်တွေမြောင်တွေနှင့် ဒဂုန်အောင်မြေကွန်းမှာတော့၊ ယမုန်သောင် ငွေဝန်းရယ်နှင့်-ကျွန်းမလဲ ကျွန်းမော်ဇမ္ဗူ၊ (အိုကွယ်) ကဆုန်ညောင်ရေသွန်းချိန်မို့ လွမ်းလဲ လွမ်းတော်မူ-လေ့။

၂။ ဩော် .... အဖြစ်ပြရမှာဖြင့်၊ မနှစ်ကစပါလို့၊ ဓမ္မရာဇ်ဘုရားမွေပုံ ရွှေဒဂုန်မဖြင့်၊ မြေဝသုန် အငြိမ်မနေ တငြိတ်ငြိတ်နဲ့ မဆိတ်ဖူးတာကြောင့်၊ တေဇဂုဏ် အရှိန် တဝေဝေနဲ့ မြူးပေတဲ့၊ စိန်ဖူးတော်မကြံသာတဲ့ ဈာန်အရာထင့်၊ မြန်ဗမာမနေ့ာ် မမိုက်သမို့ လင်းစေဘို့၊ ဘဏ္ဍာတော် တိုက်သို့ ယမိုက်မျှိုမျှိုဆင်းတာက၊ သိုက်ရှင်းအဆိုအတိုင်းရယ်နှင့်၊ အမျိုးအရိုးချင်း တသဝေ မဖီအောင်ကို- ကိုးနဝင်းစေတီတော်တွေရှဲတန့်ိုင်းသာပ၊ ဩော် .... တပူနှစ်ပူလောချင်တဲ့၊ ဇမ္ဗူတကြော ကပ်မဟာမှာ လူရောနတ်ပါ အထူးကော်ရော်လို့ ဖူးမြော်ဘို့ ဆိုင်းတယ်လို့၊ သမိုင်းမျှိုတဆူပေနေ့ာ်ကွယ်၊ ကသိုဏ်းမညို စကိုင်းမြူဆီက မှိုင်းတို့အယူ။

၃။ အသင်းအပင်း အချင်းချင်းတို့၊ တငြင်းငြင်းနှင့် မညီမညာမှာ၊ အားမတန်သူပုန်ဖြစ်ရတဲ့၊ တြင်း နဝင်း ဤအခါ၊ ကျား နံ့ ဂဠုန်နှစ်တွင်မှ၊ ကဆုန်အသစ် ပုဏ္ဏမ ကြွက်မင်းအမူ။ ဒဂုန်ဘုရား၊ ကနက်ရင်းသရဖူကိုတဲ့ ဈာန်အလိုလိုပြောင်း။ (အိုကွယ်) အလုံဒကမ အထက်ချင်းတွင်းသူတွေ မှာဖြင့် ရန်မလိုက ရန်ပို့ကြောင်း။

၄။ ကောင်းဘို့ရယ်ချိန်၊ ဒေါင်းမျှိုသမ္ဘာသိန်ထင့်၊ မြန်မာပန်းထိမ် အပြင်နှေးတာနှင့်၊ ရတနာ ဝရဇိန် မတင်သေးမီက၊ ယခင်ရှေးအလျင် လတပေါင်းတွင်မှ၊ ခါကောင်းယုန်အဆီပ၊ ပုဏ္ဏမီ ကျော်ကာတက်ပေတဲ့၊ လေးရက် သောကြာနေ့တွင်မှ၊ အေးကွက်ကြောက်စရာတွေ့မှာလားလို့၊ လျှောက်ရှာသရွှေ ဆင်ခြင်ပြန်တော့၊ ယခင်တဖန်အောင်စတမ်းပေပ၊ ညောင်ရမ်းပိုင် အညာ ချီတော့၊ ဘာမထိ ညာမထိကြဲမနေ့ာ်လို့ မှန်းကြတဲ့၊ အာဇာနည်ရဲဘော်တို့ မလန်းအောင်ပ၊ တယာယီ တဲတော်နန်းကိုလ၊ မီးသန်းကာ လောင်စဉ်ခါက၊ အောင်မြင်စရာ နိမိတ်တကား ရယ်လို့၊ တဘောင်မင်္ဂလာ တိတ်စကားတွေနဲ့၊ "ဘားမဲ့" ဆရာအကျော်အမော်က၊ တကာ တော် အမြန်တက်ပေတော့၊ သံလျက်ခုံ ရာဇဋ္ဌာနီပလ္လင်နှင့်၊ သာကီဝင် အရင်းစခဲ့တဲ့ မင်းသမတ အရိုးပေမို့၊ မကြာမီပင် "အင်းဝ" စိုးမယ်လို့၊ အမျိုးဘာသာ ကိုးရာဘတ်စည်က၊ တပ်အပ် သေချာမှန်သမင့်လဲ၊ ကဝေဆရာ တဖန်လွမ်းမလို့နဲ့ လွမ်းရပါတဲ့၊ ရွှေအညာ ယမန် မန်းဆိုတဲ့

မန်းမှာတော့၊ ကြငှန်းထိပ်ပန် အတူတော်မရှိပါတဲ့၊ မုန့်မြတ်စွာ စိန္တေယျော်ကဖြင့်၊ အရှိန်တေဇော် မီးဝင်၍ခစဉ်က၊ မြန်မာ့ဘုရင် တို့ဘုရားမှာလ၊ ကုလားပြည်ပါတော်မူလို့မို့၊ ပဏ္ဍာတော်အယူ အခွန်တိုးစေဘို့၊ မြန်မာပေါ်ဇမ္ဗူ တံခွန်ကျိုးပြန်သနဲ့၊ ကျွန်မျိုးမကြည်ဖြစ်ရတဲ့၊ သည်ခေတ် ဆရာကြုံခဲ့သမို့၊ တဒါရှုံစိတ္တက္ခဏကလေးတောင်မှ၊ တအာရုံ စိတ်လက်ချ ချမအေးသော်လဲ၊ ယခုအနှီတကြိမ်တွင် အမှုသည် စပိန်ရှင်ဘုရင်နှင့်ဘဲ အေးရော့လို့၊ ကိန်းသေအောင်ကျိန်းချေလို့ပေးလိုက်တဲ့ပြင်၊ အရေးပုံဘာလိုလိုကြောင့်၊ ကဗျာပဟိုရ် စာဆိုလို့တီးလိုက်ကဲ့၊ (အမယ်မင်း) အတီး သမယက အတိတ်ရာဇာ အပေါင်းတို့မှာဖြင့်၊ ထီးသမတ အရိပ်အရာတောင်ပြောင်းရသတဲ့၊ (အို .... သမီးတချ - မြီး ဒကမတို့ရဲ့) ဩော်၊ .... မီးခတဲ့ နိမိတ်က တဆိတ်ကမှ မကောင်း။

[သခင်ကိုယ်တော်မှိုင်း]

(၁၄)

ရွှေဒဂုန်ဘုရားတိုင် လေးချိုးကြီး

[၁၉၂၃ ခုနှစ်တွင် အမျိုးသားကောလိပ်ပျက်သွားပြီးနောက် အညာပြန်ပြီး ဘိုင်းစကောက်ငှိကာရေးရင်း ရန်ကုန် ဗဟန်းကိုလွမ်းမိပုံ ရေးဖွဲ့သည်။]

၁။ တဇေယံ့ ချောင်တွေ မြောင်တွေမြန်းခဲ့ရပါတော့၊ ရွှေဒဂုံတောင်ခြေခပန်းတွင်မှ၊ ညောင်သမြေပန်းတွေနှင့် သွန်းသနဲ့ ကသိုဏ်းရေပြဖမ့်စိုရ်၊ (ကွယ်တို့ရယ်) အောင်မြေဗဟန်းဆီသို့ လွန်းရဲ့မှိုင်းရွှေကိုယ်။ ။

၂။ ဩော်....ဇရပ်အမတို့ကိုလ၊ အမှတ်ရမိတဲ့ပြင်၊ ကဿပထေရ်အရှင် ဆရာစံတဲ့ သာလာယံ အထိကရကျောင်းရဲ့ပြင်၊ စာဝါတညံ့ညံ့ တပည့်မအပေါင်းတွေနှင့်၊ မင်္ဂကြောင်း ဖိုလ်ဝင်လှည့်ပေမဲ့၊ အရိယာလင်္ကာခေါ်သည့်၊ မင်္ဂလာအကျော် အမော် အရံအတွင်းရဲ့ပြင်၊ မှုန်ကင်းနေဒရင်သို့၊ မြေပလ္လင် ရွှေကျင်တိုက်ဆီသို့၊ ဦးခိုက်ခါ ပဏာလျှံလို့မို့၊ အညာရဂုံ တောဟိတ်ဝါသနာမသေးသူက၊ တအာရုံ မနေ့စိတ်မှာ မအေးသော်လဲ့၊ တွေးဆ ကြည်ညိုတယ်နော်ကွယ်၊ ဝေးကမို့ဒို။ ။

၃။ စိန်စမုတ်အဆောင်ဆောင် အလျှံမနော်ပတ္တမြားတွေနှင့်၊ သိင်္ဂုတ်တောင် ဆံတော်ဘုရားကိုလ၊ ဩော်....အမျှားသော တပည့်တွေနဲ့-ကဝိ တောင်းဆုဆို။ ကောင်းမှု ထိုထိုရယ်နှင့်-ဓမ္မရွှေဗျာကျွေး၊ (ကေသာရယ်) ၎င်းကုသိုလ်ကိုဖြင့် အမျှအမျှ ဝေကာပေး။ ။

၄။ ကောလိပ်အပျက်တွင် ဇောစိတ်လက် ဆရာမရှင်သနဲ့၊ အညာတခွင် တခါလှည့်ခဲ့ပြီး၊ ညာတိအခြေအနေဂုဏ်မသေးပေတဲ့၊ ဇာတိမြေ အလုံကျေးပေပေါ့၊ မုံရွှေမှာတန္တေကြာတော့၊ ဇေယာသူ ကေသာတို့ပင့်ပေသမို့၊ အခွင့်ကြုံရာ တွယ်ရော့မကွဲလို့၊ ပုညာစွယ် တောင်ခါးပန်းတွင်မှ၊ အောင်ပန်း ကဗျာဂီတာတို့နဲ့ ရှောင်လမ်းယာယီသာဘို့လို့၊ ဆရာသည်တဝါမှာပါရမိ မာလာ

ကလေးတို့ခဲ့ပြင်၊ ဆေးပေးမီးယူ ၂ ကျိပ်ကျော်မျှတွင်မှ၊ အနှိပ်တော်ဒကမတွေစုံညီညာနှင့်၊ ယမုန်သီတာ တောင်ခြေဝိုင်းပေတဲ့၊ ဘုံသီဟာ အောင်မြေကသိုဏ်းတွင်မှ၊ (အမယ်မင်း) သမိုင်းအလျောက် တဂိုဏ်း တဂိုဏ်းမသောက်တဲ့ ကြောက်ဖွယ်ပြည့်ရွာအရေးပေမို့၊ ဩော်.... မှိုင်းတယောက် အနီးတဝါမှာဖြင့် မအေးရပေဘု၊ (စန္ဒာရယ်) စစ်ကိုင်းချောက်ဆီက ဘွိုင်းကောက်ငွီကာရေး။ ။

[သခင်ကိုယ်တော်မှိုင်း]

## (၁၅)

## ဘဟန်းကောလိပ်သပိတ်သွတ်ပုံနှင့် ရွှေတိဂုံဘုရားတိုင်လေးချိုးကြီး

[၁၉၂၀ ပြည့်နှစ် သပိတ်မှ ပေါက်ဖွားခဲ့သော အမျိုးသားကောလိပ်ပျက်သွားခြင်းကိုအကြောင်းပြု၍ အထက်အညာ စစ်ကိုင်းသို့ပြန်ပြီး တရားအားထုတ်တော့မည့်အကြောင်း ရေးဖွဲ့သည်။]

၁။ သိပ္ပံကျောင်းကြီးအသေမှာ သပိတ်သွတ်တဲ့ဆွမ်းတွေနှင့်၊ အဧင္ဒာန်ကောင်းချီးဒေသနာ ပရိတ်ရွတ်သန့် မန်းခဲ့ပါခဲ့၊ (ဩော်) ကျမ်းဟော တိတ်အမြွက်မှာတော့၊ ဆန်းသောနိမိတ်အတွက်ပေထင့်၊ တခက်ရန်ကုန်မသာ။ (အိုကွယ်)ဘဟန်း ကောလိပ်ပျက်ပေမဲ့၊ ကမ္ဗဋ္ဌာန်းဘောစိတ်ကလဲ တဖက်ပေမို့၊ အထက်ပြန်ရှုံသာ။ ။

၂။ ဩော်ဇမ္ဗူထီးတွေတဲ့ကွဲ၊ အယူသီးကြတဲ့၊ လူကြီးလူကျယ်တွေပေါ့။ ဆူမဟယ် ပူမဟယ် ဒလပေ အနိုင်အပိုင်ပြုချင်တဲ့၊ အပူသယ်နှစ်တွေ ပြိုင်ဆိုင်မှုတွင်ဖြင့်၊ (လှိုင်-ပု-ကျော်) သပိတ်သမားတွေရဲ့ပြင်၊ ပဋိက္ကရားနှူးကာနှပ်သလိုပ၊ နှစ်ကျိပ်တပါး မှူးလျှာမတ်တွေကလဲ၊ ပလူးစရာအတတ်ဝယ် နောင်အရှည်တွင်ဘို့၊ ပူးကာသတ်မယ် ကောင်စီဝင်လို့မို့၊ အနှောင်ပြည်အင်ကွဲရှာသနေ့ရယ်က၊ တကောင် တကောင် ထီမထင် ဇွဲမှာမာနဲ့ ခွေကြ လေတော့၊ မစေ့နိုင်ယနေ့တိုင်အောင် မိုက်ချိန်နှင့်၊ အခိုက်အခါကြိမ်လို့မို့၊ ဂဏာမငြိမ် တာဝတိန်သို့ ပြောင်းရှာတဲ့၊ ကျောင်းမသာ '' ကောလိပ် '' ဈာပနကိုဖြင့်၊ ပေါင်းသဟာ တောမိတ် လာလာသမျှတို့နှင့်၊ ပြာချကာကိစ္စတုံးပြီမို့၊ အနိစ္စအလုံး တထောက်ဟောရမှာဖြင့်၊ မျောက်တော တဂုဏ်လျှမ်းပေတဲ့၊ အောက်ကြောဒဂုဏ်ဘဟန်းဆီကကွဲ၊ ဘုံခန်းသူ ဘရဏီပမာတို့နှင့်၊ သည်တဝါမှာ အနီးဆရာဖြင့်မမြဲသာဘု၊ မခွဲသာ ခွဲသာနှင့်ထားပါလို့၊ မလှဲသာ လှဲသာနဲ့သွားရပါတော့၊ မသွားပါနဲ့မသွားပါနဲ့လို့ တားကာ တားကာ ဖျက်သူတွေကို (နော်ကွယ်)၊ သနားတာကလဲ တဘက် မျှားစွာမှခက် ခက်ပြီး၊ ဩော်....အားနာရက်ပါ။

၃။ ကျွန်ဝယ်ရာအဆစ်ပါတဲ့ ''မှိုင်း'' မှာဖြင့်၊ မွန်နယ်မှာ ခေတ်ကြာသနဲ့ မဆိုင်းသာဘု၊ မြစ်အညာစကိုင်းကိုတဲ့ ပြန်ရေ့မကွာ၊ (အို) ကံပေါ်ကံအရာရယ်လို့ စိတ်မှာထား၊ (ဘေဒါ ရီရယ်) အကြံမရှေ့ ကြံမှာက ချိတ်တွေပြာတွေနဲ့ ဝိဋ္ဌာတရား။

## နောက်ဆက်တွဲ ၅

၄။ စိန်မှတ်ဆောင်ပုံလေလေ့၊ စိန်မှတ်ဆောင်ပုံ၊ သိဂုတ်တောင်ကမ္ဘာယံက၊ သရေါင်ယံကျော်ကျော်မှာ ရောင်လျှံတော်ကလဲမြူးပြန်သနဲ့၊ ဖူးထိုက်တဲ့ဆရာကို ဦးတိုက်စရာ အတိတ်ကယ်နှင့်၊ သာဟိတ်ပြဟ္မစိုရ် ဖျော်ဖျော်သွန်းပြီး၊ ဗျာဒိတ် ကိုယ်တော်ညွှန်းရေ့သလားလို့၊ ဆွမ်းကွမ်းအဖျော်ယမကာအစုံဖြင့်၊ ဓမ္မာရုံတရားဝသိမချို့သူတို့နှင့်၊ တအာရုဏ်သွားချည်စုံရယ်လို့၊ အများညီဘို့ရာ ကျောက်စည်ထိုးတဲ့ပြင်၊ ဩော်-အအိပ်နည်းမဖြင့်၊ သိပ်ပြီးကဲသဟာတွေကို၊ စိပ်ပုတီးဆွဲကာတမျိုးရယ်နဲ့၊ အင်း-အအိပ်ဘဝကိုဘဲ တကိစ္စမှတ်ကြတဲ့၊ အနိစ္စခမျာတွေကို-တဆိတ်ထ ကွာလို့နှိုးနှိုးပြီး၊ မိုးလင်းတော့မယ် ရောင်နီအလာ၌၊ နောင်အရှည်အကြာ အလွမ်းပြေရှုစေဘို့၊ အစောင်စောင်ဌီကာကျမ်းတွေပြုခဲ့တဲ့၊ မန်းပြည်သူ့ဆရာ အကြံကုန်လို့မို့၊ ကံမဆုံရန်ကုန်ကအထွက်တွင်မှ၊ ဩော်....အောက်မြို့ပြန်ချင်ပေမဲ့၊ နောက်သို့တဖန်ရောက်ဘို့ရန်ကလဲခက်မှာမို့၊ အသက်သခင်မစန္ဒာရဲ့ပြင်၊ အကျယ်သံသရာမှာ ဘယ်နံ့အခါမှမမုန်းနိုင်တဲ့ ပြုံးပြုံးကလေးဒေါ် ရွှေစိမ်းတို့နှင့်၊ အဖော်အရွှေထိန်းကာ တောင်တော်တက်ခဲ့ပြီး၊ မြစ်ချက်အရာရာ သက်သာဘိအောင်ပ၊ ရှစ်မျက်နှာလကျ်ာလှည့်ကြတဲ့၊ တပည့်မ-ဝေနေယျာတို့နှင့်၊ စိစိငှငှ သေသေချာချာပ၊ စေတနာဇောသဒ္ဓါဗလဝရယ်နှင့်၊ ကဝေဆရာ ယောဂါဝစရယ်က၊ (အမယ်မင်း) တောအညာဒကမတွေနဲ့၊ ရဂုံမြန်ပေါ် တခွင်အသွားတွင်မှ၊ ဩော်.... မနေ့ပဏာမထောမနာသခဲ့ပါရဲ့၊ (အို) ဩကာသ၊ ဩကာသ၊ ဩကာသ၊ ဒဂုံဆံတော်ရှင်ဘုရား။ ။

[ သခင်ကိုယ်တော်မှိုင်း ]

## ( ၁၆ )

## ရွှေတိဂုံစေတီဘွဲ့တေးထပ်ကြီး

လေအဇင္ဈာ ဘွဲ့ချာမောက်တွင်မှ၊ ရေဗလဝါ ရေဆောက်ပါလို့၊ မြေပထဗျာ သေလာကျောက်ကိုလ၊ ရွှေခနောက်မဏ္ဍိုင်။ ဘူမကိုဠ် မူသမိုက် ထူအစိုက် ကြံ့ခိုင်တယ်၊ ပုံကြိုင်လှိုင်သဇာင်း။ ။တိမ်ထပ်ညွှန့်ထိမ်လျှပ်တွန့် သိမ်မြတ်ကွန့် ဝေဇယန်ငယ်၊ နေအလျှံကျွန်းတောင့်မှန်ကင်း။ ။မွန်တိုင်းက ဝှန်လှိုင်းလို့ချွန်သမိုင်း နာဂတင်ဝယ်၊ ရာဇဝင်ပြောင်လင်း။ ။ထောမနာ ပြောရာယှဉ်းနိုင်ဘူး၊ လောကဓာဩဘာသင်းပေတော့၊ သာခင်းပုံ နိကာယ်။ ။သတ္တာဘန် ဝန်းရံခပါသို့၊ ကပ်ကမ္ဘာ ကျွန်းဟံသကိုဖြင့်ထွန်းပြန်ရ ထုံးပုံအကျယ်။ ။သရေတိုးတက် ရဝေကိုးမျက် တစေရှိးရက် မိုးထက်နယ်မှာ၊ ပြိုးပြက်လျှပ်နွယ် တိမ်တောင်ကြားက၊ ဖြိုးလက်သပ္ပါယ် ထိန်ပြောင်လွှားလို့၊ စိန်ကြောင်မြသား နှင်ပါးမွေသရီ၊ ပတ္တမြား ရွှေစေတီ။ ။ဆန်စုန်သကာလ၊ ဈာန်ဟုန်ဗလဝ၊ သန်-ဂုံ-ပ-မ-ယျ၊ ဗျာသချီတယ်၊ ဌာနဝတီ မော်ကွန်းတွင်လှလေး။ ။ခြောက်ရောင်စုံတို့ တောက်လောင်ဟုန်လို့ နောက်နောင်ကြုံဘို့ ဂုဏ်မှိုဝေတယ်၊ စုံပျို့မီးရေ ရွှေတိဂုံပလေး။

[ ဆရာ ဦးဝေ ]

## (၁၇)

## သုံးချက်ညီတေးထပ်

ရဂုံမှာ အထုံကြွေ့ပါလို့၊ ဒဂုံရွှေ မြတ်ဆံ၊ ဝသုန်မြေ ရပ်ဌာန်ဝယ်၊ သတ္တဘန် ပတ်ကုံး။ ။တင့်ရှန်းတဲ့ ပင့်လွှန်းညောင်မှာ၊ မြင့်ထွန်းအောင် ပေးဘွဲ့ဗျာထုံး။ လူနတ်တို့ ဘူမြတ်ကျယ်တွင်၊ မူမှဘ်ဘွယ် ညွတ်ရုံး။ ။ဂူထပ်ချယ် ဝတ်သုံးလို့၊ အထွတ်ဆုံးခေါင်တင်။ ။ထူပါမှာ စူဠာခေတ်သော်မှ၊ တူစွာမှတ် နိုင်းဘက်မမြင်။ ။လွှမ်းသွဲ့လို့ ဆန်းတဲ့အင်ကို၊ ငြိမ်းချွဲထွင် စာသလို့၊ ထာဝရ တည်ကမ္ဘာ၊ ထွန်းစိမ့် ရှည်ကြာ။ ။ပုံရိုက်ဘို့ ကြုံကြိုက်လာတယ်၊ ဆုံလိုက်ထာ ဉာဏ်စွမ်းတို့လေး။

[ဆရာ ဦးဝေ]

## (၁၈)

## သိဂ်ုတ္တရတောင်တော်ဘွဲ့ သုံးချက်ညီတေးထပ်

ဝသုန်တွင်-ဒဂုံစက်ကိုလ၊ ယမုန္နက် ဟီညံ၊ ဗလုံတက် ဒီသံငယ်၊ နရီမှန်မလွဲ။ ။ဘွေချက်သို့-ခွေလျက် ဆိုင်သည်၊ ရေယက်ပြိုင်-လှိုင်းပန်းပွင့်ကြဲ။ ။နဂရိုက်က-တတိုက်ဘောင်တွင်၊ မကိုက်ထောင်မိုကဲ၊ သမိုက် ပြောင်ရှိရဲလို့၊ ဗိုလ်ခပဲဝန်းကျင်။ ခေတ်ဆံကို-မြတ်ဉာဏ်လောင်း၊ ကပ်ပန်တောင်း-ဦးညွတ်ခါတင်။ ။ တောင်ထက်ဏ-ဖောင်မဂ္ဂင်ကို၊ ဆောင်လက်ငင်ရွှယ်လှမ်းလို့၊ တွယ်ငြိမ်းသိဂုံတ်ဆို၊ တိုင်းမွန် ဗဟို၊ ။မြေထုက နေရှုမိုရ်ဂိတယ်၊ ကေတုဆို မှန်ကင်းပလေး။ ....။

[ဆရာ ဦးဝေ]

## (၁၉)

## တိဂုံဆံတော်ရှင်ဘွဲ့ သုံးချက်ညီတေးထပ်

ကိုးဆယ်မှာ-ကိုးသွယ်လှော်ကာ၊ ဖြိုးကယ်မောက်စုံခွင်၊ မိုးနယ်အောက်ဘုံပြင်တွင်၊ ဂုဏ်ဒုရင်နေမီး။ စံဆွန်းလို့-ဖန်ညွန်းလေ၊ ရံဝန်းရွှေ သိဂ်ုတ်တောင့်ထီး။ ။ကျွေလမ်းနှင့်-ဘွေခန်းချောင်မှာ။ ရွှေစမ်းမြောင် တွေစီး၊ မြေဆန်းခေါင် ဝေညီးလို့၊ သရေကြီး ဩဘာ။ ။ဝသုန်မှာ- တဘုံလက်၊ ဒဂုန်စက်တိုင်း မွန်ချက်ညာ။ ။ထိန်ဇက်တဲ့-တိမ်ထက်ချာမှာ၊ သိမ်လက်ခါရောင်ကွန့်လို့၊ တောင်ညွှန့် ဒဂုံဆံ၊ သုံးလူ ထိပ်ပန်။ ။ဘဝဂ်က-ဂယက်ပျံ့အောင်၊ နရက်ထံကျော်စောပေ့လေး ........။

[ဆရာ ဦးဝေ]

## ( ၂၀ )

## တီဂုံစေတီတော်ဘွဲ့ ရှစ်ဆယ်ပေါ်တေးထပ်

အစီ-အရီ-နဒီဝိုက်၊ မဟီမဏ္ဍလိုက်မြေနဂိုရ်၊ ဝတီဟံနဂရိုက်-ရွှေဗဟိုဝယ်၊ ခေါင်မိုးရောင်စုံ-မှောင်ကို ထွင်း။ ။မိုးမြင့်-ဝိုးဝင့်-ကိုးခွင့်နယ်မှာ၊ ဖြိုးတင့် အကျယ်-သိင်္ဂုတ်တောင်တော့်မင်း။ ။ထုံးကွန့်သုံး မွန့်-ကုန်းညွန့်မြေမှာ၊ နွန်းခွန့်မသေ့တစေတင်း၊ ဘုန်းဝှန့်မဟေ-သရေလင်းလို့၊ အနေလဝင်း ပြန့်ထိန့်ညီ။ ။ မြတ်သူ-ထပ်တူ-ကပ်လှူကြောင်း၊ နတ်လူ အုပ်ဆောင်း-တုပ်ညောင်း မေ့သရီ။ ။သိန်လျှပ်-ရှိန်ဖြတ်-စိန် မြတ်စီတယ်၊ အထပ်အညီနှစ်လီခွဲ၍၊ ဝဇီရိုးရဲ-မိုးထဲဖောက်ယူ၊ စိုးကဲ ခြောက်ရောင်လူ။ ။လုံးစုံအုံးအုံ့ ဘုန်းလုံ့တူတယ်၊ သုံးဘုံ့နှစ်ဆူ ရွှေတိဂုမ္ဘလေး ........။

[ဆရာ ဦးဝေ]

## ( ၂၁ )

## သိင်္ဂုတ္တရတောင်တော်ဘွဲ့ ရှစ်ဆယ်ပေါ်တေးထပ်

ဖလ်မြေ မှန်မြေ ရံဝေဘိ၊ စံရွှေအတိ ပြည့်ချက်ညွှာ။ ။ဟံဘွေ့မဟိ စည့်မျက်နှာဝယ်၊ ရှက်ဖြာ ဆက်ကာ စကြာမျိုး၊ မီးခေတ် ညီးလျှပ် ကြီးမတ်ပြောင်တယ်၊ ထီးခေတ် တန်ဆောင် မှန်ကင်းထူလို့မိုး။ ။ထုံးဖြစ် ဘုံးလုစ် ကျုံးရစ်သွယ်တယ်၊ ကုန်းမြစ်အကျယ် သိန်မညိုး။ ။ သုံးခေတ်အလယ် ရှိန်တန်ခိုးနှင့်၊ ပုထိုးတော်မြတ် တိဂုံရှင်။ ။မွေးကြူ ရေးယူ ရှေးမူတိတ်၊ လေးဆူတံဆိပ် ဗျာဒိတ်ညွန့်သိုက်ဝင်။ ။အဆင့် အရင့် ပလ္လင့်ပြင်ဝယ်၊ တခွင့်တခွင် နာဒိလင့်လို့။ ရာသီအိမ်သင့် ချိန်ပွင့်တစေ၊ သိရိတင့် သိရိသရေ၊ နတ်နန်းဘုံရွှေ မြတ်ပန်းခုံကွေ့ ပုံရွှေကြွေတယ်၊ ထုံငွေ့ ဝေဝေ သိင်္ဂုတ်တောင်ပလေး။ ။

[ဆရာ ဦးဝေ]

## ( ၂၂ )

## သိင်္ဂုတ္တရကုန်းတော်ဘွဲ့ ရှစ်ဆယ်ပေါ်တေးထပ်

လျံဖြာ-မန္တာ-ရံကာခ၊ တိုင်းရာမည ကြက်သရေ၊ နိုင်းစံသက်-စက်ရဝေလို့၊ တက်နေ-လက်ဝေ-ထက်ဘွေ့ စွန်း၊ ။မြေဒွန့်ရေညွန့်-ခွေကွန့်သွယ်တယ်၊ ဟေမဝန့်နယ်-နှာမောင်းညှာထဲ့ကွန်း။ ။မဆွ-ဂင-ဘာဝပျော်။ တပသကျော် ပေါ်လာထွန်း၊ အမတမျှော်-မော်ကာညွန်း၊ ဘော်ရှာမိန့်ခွန်းပြန်နှုတ်လှယ်။ ။ရှိန်လွှင်-တိမ်စဉ်-ဘီညာဥ်မြန်း၊ သိမ်ပြင်ကြွင်န်း-စံခန်းခိုကြတယ်။ ။ဖြိုးလှ-ရိုးရွှ-မိုးကကြယ်လို့။ ကိုးဝကိုးဆယ်-ကုန်းငယ်များ နှင့် ဘုန်းကြွယ်ဘုရား- လေးပါးမွေ့သရီ၊ ကိန်းစံ သဋ္ဌာလီ။ ။အဆင့်အရင့်-အတင့်ညီတယ်၊ အဘွင့်စံမှီ သိင်္ဂုတ်ဆိုဗိုလေး........။

[ဆရာ မိုန်]

## နောက်ဆက်တွဲ ၅

### ( ၂၃ )

### ရွှေတိဂုံညီနောင်နှစ်ဆူဘွဲ့ ရှစ်ဆယ်ပေါ် တေးထပ်

ကျွန့် ကျွန့် လကျာ မျက်နှာစွန်း၊ ကွန့် ကွန့် ထွန်းလှ တိုင်းဟံသာ၊ ညွန့် ညွန့် ရွှန်းမျှ နိုင်းစံရာငယ်၊ နတ်နန်း နတ်ရွာ ပမာညွန်း။ ။ဥတ်ဥတ္တရ-သိင်္ဂုတ္တရဝယ်။ စိန်မြ အရောင်-လျှပ်ပန်းနွယ်သို့ထွန်း။ ။သူသူ ရဇ္ဇ ဒေါင်းဗိမာန်လို၊ လက်စိန် အလျှံ အရည်ရွှန်း။ ဖြာဖြာတေဇ-နေဖန်ဝန်းနှင့်၊ စံကွန်းအမရ မြတ်ညီနောင်။ တိုင်းတိုင်း မွန့် ပြည် စွန့်ရှည်လင်းလို့၊ ညွန့်စည် ပျံ့သင်း နံ့ဝင်း သာသနာရောင်။ ။သိန်သိန်နေရှ ရွှေထုတောင်လို။ လေးခု အရောင်ကြည်ကြည်သွန်းလို့၊ နဒီပတ်ဝန်းသွယ်ဖြာခွေရုံ၊ မြစ်ပေါင်းရုံကာဆုံ။ ။ မင်္ဂလာ-ဟံသာဘုံမှာ၊ စန္ဒငွေယုန် ပြိုင်နှုန်းပါသင့်လေး....။

[ ဆရာမိုန် ]

### ( ၂၄ )

### ရွှေတိဂုံစေတီတော်ဘွဲ့ ရှစ်ဆယ်ပေါ် တေးထပ်

ဂီဝါ-နီလာ-ရီကာတန်း၊ ညီညာရှက်လျှမ်း-ကွက်ဆန်းချယ်၊ ဋီကာလက်သန်း-ထွက်ကျမ်းသွယ်လျှင်၊ ပန်းဘွယ်မှန်းရှယ်ဆန်းကြယ်တောင်း၊ မြိုင်ရပ်-ဆိုင်ပတ်-ခိုင်ချုပ်ရုံတယ်။ လှိုင်ထပ်အင့်-ကိုက်ဖူးတံကလှောင်း။ ဂေါ်ပွင့်-ဇော်ရင့်-မျှော်တင့်ဝေတယ်၊ မော်မြင့်နဘောမဝေဆောင်း၊ လှော်ပွင့်အရွှေ-သရေညောင်းလို့၊ သပြေတောင်စောင်း မြလကျာ၊ ။ကိုးဂုဏ်-ဖြိုးစုံ-စိုးခြုံလွှမ်း၊ မိုးဘုံကြွင့်နန်း-စံမြန်းမှန့်ချက်ညွှာ။ ။ထိန်လျှပ် ရှိန်မြတ်-တိမ်ထပ်ချာမှာ၊ သိန်မြတ်ရတနာ ကြူကြူသင်းလို့၊ ထူထူပါမင်း-သာခင်းငြိမ့်စည်၊ ဗျာရင်း မိန့်တော်တည်။ ။ဆောင်ကွန့်-ရောင်ဖွန့် တောင်ညွန့်လည်မှာ၊ နောင်စွန့်အရှည်-ရွှေတိဂုဏ်ပလေး....။

[ ဆရာမိုန် ]

### ( ၂၅ )

### သိင်္ဂုတ္တရတောင်တော်ဘွဲ့ တေးထပ်ဆန်း

စက္ကဂီ-ရွှေဗျာရင့်ပါလို့၊ မင်္ဂဂီ-ဇေယျာတင့်တယ်၊ သေလာမြင့် တောင်တော်၊ ဘွေညာခွင့် ခေါင်မော်ကို၊ နောင်အဟော်ကပ်လုံး။ ။စန်းစန္ဒြ-နန်းဖန်ကြ-မြန်းစျာန်ထ-သုဓမ္မာကို၊ ဓမ္မနာထီးဖြန့်လို့ဖုံး။ သိမ်းသွဲ့သွဲ့ ယိမ်းနွဲ့နွဲ့ တိမ်းငဲ့ငဲ့-ရွှေမဥ္ဇူလို၊ လေပြည်ယူကြိုင်ဆုံး၊ ရွှေပြည်သူခိုင်ကိုးဘို့၊ မြိုင်လုံး ပြည့်ပန်းစုံ။ ။ဝါညိုရွှေ-ညီအညို့ရယ်နှင့်၊ ပြာခိုပြေ- ဝဇီတို့လို၊ ပန်းချိုင့်-ဒေါင်းလည်ဆစ်ပုံ။ ။ ဝင်းဝင်းလျှံ့လျှံ့၊ ညွှင်းညွှင်းညှံ့ညှံ့၊ သင်းသင်းပျံ့ပျံ့-ရနံ့ထုံတယ်၊ တသန့်တဖုံ-ဒုမ္မာသင်းလို့၊ ငုံလွှာပွင့်ကင်း ကန်တော်မင်္ဂလာ။ ရစ်ဝန်းရံဆိုကာ။ ။စုံဘာဟန်းမြွေ၊ တပုံဆန်းပေ့၊ နဂရုံနန်းဘွေ-ပန်းမွှေရာမှာ၊ စန်းငွေကမ္ဘလာ-ရောင်လင်းပါလို့လေး။ ဇာမရီသို့၊ ပါရမီမို့၊ တာပသီသို့- မှီကြရှာတယ်။ သီဟဆာဇာ-တောင်မင်းပေမို့လေး....။

[ ဦးကျော်ရ ]

# နောက်ဆက်တွဲ ၅

## ( ၂၆ )

### ရွှေတိဂုံစေတီတော်သမိုင်း၊ ပန်းမြိုင်လယ်သို့လိုက်သော ယိုးဒယားဖိန်းချားကြီး

မိုး-ဣန္နာ၊ တည်လာ-ဖန်၊ စံရွှေနန်း၊ ရံထွေဆန်း ရစ်သန်း ရေယဉ်သွယ်၊ ငွေမင်ခြယ်၊ ပြင်ကျယ် ပင်လယ်ကမ်း၊ မြင်ဖွယ်လွှမ်းလို့-တမ်းဆိုယောင်ကာ၊ ဟံသာတိုင်းကြီး အောင်ချာမြေ၊ ဝေရီသွေပြိုကုန်ရာ -သာမောစွာ ဝတီ ံသာ-နိမ္မာတူဖွယ်နှုန်း၊ လေးဆူမွေတော် စံပျော်ဘုန်းပါ၊ တေဇာချွန်းတယ်-ကုန်းမြတ်စွာ ×၊ တိဂုံသျှင်မြတ်ဖျား စေတီယာ ×၊ ရွှေစာထွင်သမိုင်း၊ တင်တိုင်းသာ× ခါပိုင်းဖြတ်ညီလေ၊ တိုင်းမြတ်မဇ္ဈိမေ၊ ပြည်-ရွှေကပ္ပိနန်း၊ မြန်းစံတော်မူ၊ သုဒ္ဓေါမင်း မြတ်ရာဇူ×။ တောင်ညာမာယာ ဒေဝီဖွားမြင်၊ တိုက်တသောင်း ရိုက်ညောင်း ထိန့်ထိန့်ဆူ၊ သုံးရွာမမွာ ရွှေစည်တီးတော်မူမည်၊ ကြီးမြတ်ဗုဒ္ဓကို၊ မြူ × မျှားပြားရန် ထွေ× ငါးပါးမာန်ကိုခြေ၊ အောင်မြေမှန်မြတ်သော၊ဗောဓိမဏ္ဍိုင်၊ ဝိဇ္ဇာသုံးဆူဉာဏ်ပိုင်× (မြေအပရာဇဉ်၊ဦးပလ္လင်၊ ရတနာစိုင်၊ အနေကဇာ ရင့်ကျူးအစဉ်၊ တဏှာနိုင်၊ နတ်ဖြဟ္မာအပေါင်းသဟံ၊ အမြတ်ဓမ္မာတောင်းပန်၊ သတ္တဌာ-ပြောင်းစံ၊ အပေါင်းဉာဏ်ပိုင်၊ ကျမ်းအဘိဓမ္မ ရွှေဉာဏ်ဆင်ခြင်ခန်း၊ မြတ်ပဋ္ဌာန်းတွင်၊ လျှပ်ပန်း ခြောက်ရောင်ဆိုင်၊ ပြန့်လှိုင် ဆယ်ဒီသာ၊ ချီကာထိုမှ စံရွှာ၊ ရာဇာရတန်၊ ထူးမြတ်ပင်ရိပ်မှိုင်)[၂]။

နိုင်ငံတိုင်း မြတ်ဥက္ကလာ၊ ညီနောင်နှစ်ပါးတို့ ပြည်ဘောင်အခြားကိုသာ၊ ကုန်သည် တဖုဿ-ဘလ္လိကာ၊ မဇ္ဈေခန်းကို ကူးသန်းလည်ရောက်ခါ၊ မင်း-ရက္ခနတ်ရှင်၊ မြင်စေကိုယ်ထင်လျှား၊ (မျှားစွာ၊ ငါးရာလှည်းကို တား၊ မြတ်ဘဂဝါ ကပ်ကာလှူဖို့ကြွား[၂])။ နှစ်ပါးညီနောင်လေ-ဘုန်းခေါင်ခြေတော်ရင်း၊ ဒွေးဝါစိ သရဏဂုံ၊ ခံလှစ်ယူ-ရှစ်ဆူဆံတော်နှင်း၊ မွေတော်ရင်း ရှိရင်း၊ သွင်းဌာပနာ-ကုန်းတော်မြေ သိဂုတ္တရာ×၊ (မြင်မြှော် သျှင်တော်မိန့်ရွှေဗျာ၊ ပန်ကာ ပြန်လာရွှေမြို့ကမ်း[၂])။ ဗိုလ်ပါပြည့်လျှမ်း၊ (ကြိုကာလှည့်တန်း၊ ကြည်ရွှန်းရှိ ပန်းတုပ်ကာ၊ ဥက္ကလာမင်း နွတ်ပဏ္ဏာခြင်း လွှန်မင်းသဒ္ဓါ၊ မျှားသူငါ ဆူငြာခြိမ့်ခြိမ့်သဲ[၂]) × ခြောက်မည်ရောင်ခြည် ပျံ့ကွန့်ဝဲ × လွှန်ကဲတဖန်နေ့ဆံတော်ကြိုသည်ပွဲ။ ။စိန္တေယျာ၊ ဗျာရွှေခွန်းငယ်၊ ညွှန်းလိုက်သည်ကို ကြည်တင်လျှောက်ကြား၊ မိန့်တော်ချီစွာ ဗိုလ်ပါများ၊ သွားလှည့်ရှာခြေ၊ တောနှင့် တောင် နှံ့လျက်ထွေထွေ၊ ကြွင်းမကျန် မျှားမြင်သိပေ၊ ဘယ်ဟာကို ကုန်းမြတ်သိဂုတ်ဘွေ၊ ကေန်မှန်သိသူ၊ လူတွင်ဘယ်ရှိအုန်း၊ ချုန်းချင့်ချင်၊ ညီနောင်ဆွေးပူကြလျှင် ×၊ (ဝတီ ံသာ စိန်ကမ္ဗလာ ဣန္နာရှင်၊ ရှုမြင် လူ့ခွင်မြန်းကြွမေး[၂])။ ရှည်ကြာဘိဝေး၊ (မည်မှာရှိသေး ညှိတွေးသိရေးခက်စွာ၊ ဤခါမြော်တင်း၊ ဝေယန် သနင်း၊ လျှင်ပြင်းတေဇာ၊ သက်ရှည်ကြာ၊ ကမ္ဘာတည် နတ်များ[၂])၊ လျှင်များ ခုသာ၊ စုလာရောက် စေသား။ ။ပြန်တမ်းရွှေဗျာဆင်၊ မနေသာပင်၊ သံလျှင် ဣန္နကာ-နိမ်ကာ ရှိပန်တွား×၊ သည်းကြား ချွံကာဖို့၊ မော်ဘီဆို၊ နတ်အိုဆူးလေ၊ ရောက်ပေဝင်ခစား ×၊ ထက်ဘုံစံ သိကြားငယ်ကသာ၊ ကြားစေ မိန့်တော်သံ၊ သုံးဆူမြတ်ဖျား မွေတော်စံ၊ မြတ်သိဂုံတ်ထီး ရွှေတောင်ယံငယ် ဘယ်မှာ-ညွှန်ပါနိုင်လျှင်၊ သိချင်တော့သည်၊ မြွက်ကြည်ဖော်ထုတ်မေး၊ ရောက်လာ စုဝေးကြလေတာ၊ မျှားတို့ဒေဝတာ၊ တွေ့ဝေ ကြုံတွေး နေစဉ်ခါ၊ ဆူးလေနတ်ကြီးသည်သာ၊ ကြားလျှောက်တင်ကာ၊ ရှည်စွာယခင် ဖြစ်အင်ထိုထို၊ ညွှန်းပြဆို၊ ထက်ဘုံပိုင်မင်းနှင့် ညီအစ်ကို၊ ပြည်လုံးလူဗိုလ် ရှင်မြူး လွှန်နှစ်လို၊ မြတ်သီလာ တောင်မြင့်ဘွေကို

**ရှိဟောင်းမွေတော် ထုတ်ဖော်ရှင်နှစ်လို။** ။(ချိုညောင်း၊ နတ်လူအောင်ဆုတောင်း၊ မြတ်ရာပြောင်းဖို့၊ စိတ်ကြံရည်၊ လေးဆူမွေပေါင်း စိန္တေတည်၊ ကြိမ်ပေသည် ထူးမြတ်ပွဲ") သုံးဘုံ နတ်လူမြဟွာလဲ၊ ခါမစဲ ခြိမ့်ခြိမ့်ဆူ-သာသနာငါးထောင်၊ မြားမြောင်သတ္တဝါ၊ နတ်ရွာဖိုလ်နိဗ္ဗူ၊ ရွယ်ချူ လွယ်ကူရောက်စေကြောင်း၊ ကောင်းခြီး ပုညမင်္ဂလာ၊ ပွားရာစင်ဖြူ၊ လေးဆူဓာတ်ပုံ တိဂုံစေတီ၊ ဦးချီတင် ညွှတ်ပျောင်း။ ။

[ဆရာ ဦးပြုံးချို]

( ၂၃ )

ရွှေတိဂုံသမိုင်းဘွဲ့

တဖုသငယ်နှင့်၊ ဘလ္လိကညီနောင်၊ မြတ်ဆံတော်ရှစ်ချောင်း၊ စုပေါင်း၍-ယူခဲ့ဆောင် × တန်ခိုးတော်က တောက်လောင်၊ ရွှေရောင်လေ-ငွေရောင်လေ-မြရောင်ပြိုးပြက်၊ ဥက္ကလာ များစွာဖိုလ်ခြေ ဆက်ပါလို့လေး × မြတ်ရာဇာ-ဆံတော်ကိုင်ကာ-လက်ကယ်နှင့်လေး × မှိုင်တွေးလျက် အခါခါ၊ မွေတော်ဓာတ် ကိန်းဝပ် ကျိန်းမြတ်နေရာ၊ သိင်္ဂုတ်ကယ်တည့်တောင်သေလာ၊ ဘယ်မှာလေ × ဘယ်မှာလေလား၊ နတ်ဆူးလေ၊ ရှာဖွေ မိန့်တုံငြားလို့လေး × ။လေးဆူရှင်သည် သည်တွင်တည်တော်ထားလို့လေး × မြတ်စိန္တေဖျားကိုလှ၊ လျှုငြား ပါကြ အံ့မကုန်၊ မည်တော်တည်ထား မြတ်ဖျားတည့် ရွှေတိဂုံ × ။ ။

**သဖြန်။** ။စိမ်းပြာလဲ့မှုန်၊ ရဂုံကမိုင်း။ မှူးခိုးရယ်မှောင်မှောင်နှင့်၊ သည်တောင်မှာ ရွှေရောင်ဖုံးတယ်၊ ကုန်းမြွတ်သမိုင်း။ ။

**[မဟာဂီတပေါင်းချုပ်ကျမ်း]**

[**မှတ်ချက်။** ။နောက်ဆက်တွဲ-၅ တွင် ဖော်ပြသော ရွှေတိဂုံဖွဲ့ စာများသည် ကူးယူရာ စာအုပ်များ၌ ပါရှိသည့် မူအတိုင်း ဖြစ်ပါသည်။]

## နောက်ဆက်တွဲ ၆

### မှတ်စုများ

**စေတီတော်သမိုင်းမှုကွဲများ ။ ။** (စာမျက်နှာ ၂၀) ရွှေတိဂုံစေတီတော်ကြီး၏ သမိုင်းနှင့်စပ်လျဉ်း၍ အကြမ်းအားဖြင့် အထောက်အထားသုံးမျိုးတွေ့ရသည်။ပထမအထောက်အထားမှာ ပါဠိတော်များဖြစ်၏။ ဒုတိယအထောက်အထားမှာ အဋ္ဌကထာများဖြစ်၏။ တတိယအထောက်အထားမှာ ဘာသာရေး စာပေ ကျမ်းများ၊ကျောက်စာများ၊ရှေးခေတ်သုတစာပေကျမ်းများ၊ မှန် မြန်မာ ရာဇဝင် စာဟောင်းများဖြစ်၏။

ပထမအထောက်အထားဖြစ်သော ပါဠိတော်များ အနက် မဟာဝဂ္ဂပါဠိတော် ရာဇာယတနကထာ၌ ဥက္ကလာမှ တဖုဿနှင့် ဘလ္လိက ကုန်သည် ညီနောင်တို့သည် ဂေါတမမြတ်စွာဘုရားထံသို့ ရောက်ရှိလာပုံ ကြွက်ကျစ်မှုံ၊ ပျားဆုပ်မှုံများ ဆက်ကပ်ပုံ၊ ဒွေဝါစိက သရဏဂုံ တည်ကြပုံ ပါရှိသည်။ အင်္ဂုတ္တိုရ် ပါဠိတော် ဧတဒဂ္ဂဝဂ်၌ ယင်းကုန်သည်ညီနောင်တို့သည် သရဏဂုံကို ဦးစွာ ဆောက်တည်ကြရသဖြင့် ဧတဒဂ် ဘွဲ့ရသူများ ဖြစ်ကြောင်း ပါရှိသည်။

ဒုတိယ အထောက်အထားဖြစ်သော မဟာဝဂ္ဂအဋ္ဌကထာ၊ အင်္ဂုတ္တိုရ်အဋ္ဌကထာ၊ ဇာတက အဋ္ဌကထာ၊ ဇာတတ္ထကီ တို့၌ ကုန်သည် ညီနောင်တို့သည် မြတ်စွာ ဘုရားထံ ရောက်ရှိ၍ ဆံတော်များကို ရရှိသည်။ ထိုဆံတော်များကို ပင့်ဆောင်လျက် မိမိတို့၏ မြို့၌ စေတီတည်ထား ကိုးကွယ်ကြကြောင်း ပါရှိသည်။ ယင်း အဋ္ဌကထာများတွင် ကုန်သည် ညီနောင်တို့၏ နေရပ်ကိုရင်း၊ လှည်းလမ်း ခရီးဖြင့် ကုန်စည် ကူးသန်းရင်း ရောက်ရှိလာပုံကိုရင်း၊ ယင်းတို့အား မြတ်စွာဘုရား ဖွင့်တော်မူရာသို့ ညွှန်ပြသော နတ်၏ အမျိုးအမည်ကိုရင်း၊ ဆံတော်အဆူ မည်မျှ ပေးသနားခြင်းကိုရင်း၊ စေတီတည်ထား ကိုးကွယ်ပုံကိုရင်း ဆက်လက်ဖွင့်ဆို ဖော်ပြကြသည်။

တတိယအထောက်အထား ဖြစ်သော သာသနာလင်္ကာရစာတမ်း၊ ဇိနတ္ထပကာသနီ၊ တထာဂတဥဒါန ဒီပနီ၊ သုစမ္ပဝတီဗုဒ္ဓဝင်၊ ထေရဝါဒသာသနာပြန့် စသည့်ကျမ်းများ၌ မြို့ရွာ ဒေသ အပိုင်း အခြား ဝန်းကျင် ကိုရင်း၊ ကုန်သည်များ ဆံတော် ပင့်ဆောင်လာပုံကိုရင်း၊ ဆံတော်များကို ဌာပနာ၍ စေတီတည်ထားရန် နေရာရှာခြင်းကိုရင်း ထပ်မံချဲ့ထွင် ရှင်းလင်း၍ ဖော်ပြထားသည်။ ဆိုင်ရာကျမ်းကိုလိုက်၍ အကျဉ်း အကျယ်ကား မတူကြပေ။

အထူးသဖြင့် မှန်ရာဇဝင်များတွင် အသေးစိတ် ရေးသား ဖော်ပြကြသည်။ ယင်းရာဇဝင် ပေမူများ သည် ဓမ္မစေတီမင်း ၁၄၈၅ ခုနှစ်တွင် စိုက်ထိုးခဲ့သော ရွှေတိဂုံစေတီကျောက်စာထက် များစွာနောက်ကျ သည်ဟု မြန်မာနိုင်ငံ သုတေသနအသင်းဂျာနယ် အတွဲ ၂၄၊ အမှတ်-၁၊ ၁၉၃၄ တွင်ပါသော ဦးဖေမောင်တင်၏ စာတမ်း၌ ဆိုသည်။ ဘားနဒ် ပိဋကတ်တိုက်မှ မှန်ရာဇဝင် ပေမူကျမ်းပေါင်း ရှစ်ကျမ်းကို ညွှန်းထားသည်။ ၎င်းတို့မှာ လိက်ဝင် ဓာတ်ကျာ်လှူင် (ရွှေတိဂုံဘုရား ဓာတ်တော်သမိုင်း)၊ **သူပတ်** တဖုဿဘလ္လိက (တဖုဿနှင့် ဘလ္လိက ပေစာ)၊ **သူပတ်ဝင်ဓာတ်ကျာ်စေတီလှူင်** (ရွှေတိဂုံစေတီ ဓာတ်တော် သမိုင်း)၊ **သူပတ်ဝင် ဓာတ်ဗကို** (ပဲခူးဘုရားဓာတ်တော်သမိုင်း)၊ **သူပတ်ရာဇာဝင် ဒတ္တဗိုရောင်**

## နောက်ဆက်တွဲ ၆

(မျှော်ဖူးရန် သမိုင်းပေစာ)၊ **ဇာဂိုခတ်တုဝင်** (ပဲခူးမြို့ ခတ်တော်သမိုင်း)၊ **မြကိုးဟ်ရာဇာထစုတ်** (ရာဇာ သပုတ်ခေါ် မင်းဆက် ရာဇဝင်ကျမ်း)၊ **သကေခတ်သော်** (ဆံတော်သမိုင်း) ဟူသော ကျမ်းများဖြစ်သည့် ဤအထောက်အထားအုပ်စုတွင် **မွန်ရာဇဝင် စေတီတော် သမိုင်းပေါင်းချုပ်နှင့် သံလျင်ရာဇဝင်** တို့ကိုလည်း ထည့်သွင်းရမည်ဖြစ်သည်။

အထက်ပါ မွန်ရာဇဝင် ပေမူများ၌ ဆံတော်များကို ပင့်ဆောင်လာပုံ၊ ဆံတော်လေးဆူ ပျောက်ဆုံးပုံ၊ ကုန်းတော်မြေကို သိကြားမင်း ဆင်း၍ ရှာပေးပုံ၊ ဥက္ကလာပမင်းကြီးသည် သိကြားမင်းနှင့် မယ်လမုတို့၏ သားဖြစ်ပုံ၊ ဒေသအမည်များ ဖော်ပြပုံ၊ သိင်္ဂုတ္တရကုန်းတော်၏ အမည်များ ကွဲပြားပုံ၊ ကုန်းတော်ကို ပြုပြင်ပုံ၊ ကုန်သည် ညီနောင်တို့ အိပ်မက်မက်ပုံ၊ နတ်ကြီးများအား ရှေးဘုရား သုံးဆူ၏ ပရိဘောဂများ တည်ရှိရာကို မေးမြန်းပုံ၊ ဌာပနာတည်ထားပုံတို့ကို အသေးစိတ် ဖော်ပြထားသည်။ ထိုအချက်များသည် **ရွှေတိဂုံစေတီတော် ကျောက်စာ** တွင် ဖော်ပြထားသော အချက်များထက် သိုင်းဝိုင်းကျယ်ဝန်းသည်။

အထက်ပါ အထောက်အထား သုံးမျိုးကို အချိန်ကာလ အားဖြင့် ပိုင်းခြားကြည့်လျှင် ပထမအထောက် အထားဖြစ်သော ပါဠိတော်များမှာ မြတ်စွာဘုရား သက်တော်ထင်ရှားရှိစဉ် နှစ်ပေါင်း ၂၅၀၀ ကျော်က မိန့်မြွက်ခဲ့သော အကြောင်းများဖြစ်သည်။ ဒုတိယ အထောက်အထားဖြစ်သော အဋ္ဌကထာများမှာ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံပြီးနောက် နှစ်ပေါင်း ၉၀၀ ခန့်ကြာသောအခါ၌ ရှင်မဟာဗုဒ္ဓဃောသမထေရ်က ရှေးအဋ္ဌကထာကြီးများကို အခြေခံ၍ စီစဉ်ရေးသားသော အချက်များဖြစ်သည်။ တတိယ အထောက် အထားများမှာ ဓမ္မစေတီမင်း ကျောက်စာရေးထိုးသည့် လွန်ခဲ့သော နှစ်ပေါင်း ၅၀၀ ခန့်၏ နောက်ပိုင်းတွင် ရာမညဒေသ၌ အစဉ်အဆက်လက်ခံ မှတ်သားခဲ့ကြသော အကြောင်းများဖြစ်သည်။

**တဖုဿနှင့်ဘလ္လိက**။ ။ (စာမျက်နှာ ၃၇ ) တဖုဿနှင့် ဘလ္လိကတို့သည် မြတ်စွာဘုရား၏ တပည့် သာဝကတို့တွင် ရှေးဦး သရဏဂုံ တည်သူများဖြစ်ကြသည်။

တေဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဥပါသကာနံ ပဌမံ သရဏံ ဂစ္ဆန္တာနံ ယဒိဒံ တဖုဿ ဘလ္လိက ဝါဏိဇာ။

(အင်္ဂုတ္တရနိကာယ၊ဧတဒဂ္ဂဝဂ်)

ဘိက္ခဝေ၊ ရဟန်းတို့။ ပဌမံ၊ ရှေးဦးစွာ၊ သရဏံ၊ သရဏဂုံသို့။ ဂစ္ဆန္တာနံ၊ ကပ်ရောက်ကုန်သော။ မမ၊ ငါဘုရား၏။ သာဝကာနံ၊ တပည့်ဖြစ်ကုန်သော။ ဥပါသကာနံ၊ ဥပသကာတို့တွင်။ ယဒိဒံ-ယေဣမေ တဖုဿ ဘလ္လိက ဝါဏိဇာ၊ အကြင် တဖုဿ ဘလ္လိက ကုန်သည်တို့သည်။ အတ္ထိ၊ ရှိကုန်၏။ဧတံ ဧတေ။ ထိုတဖုဿ ဘလ္လိကတို့သည်။ အဂ္ဂံ-အဂ္ဂါ၊ အဦးအမြတ်ဆုံးပေတည်း။

ကုန်သည်ညီနောင် နှစ်ယောက်တို့တွင် တဖုဿ၏အမည်မှာ တပဿ၊ တပဿု၊ တပုသ၊ တပုဿ၊ တဖုဿ ဟူ၍ အမည်ကွဲများ ရှိကြောင်း တောင်ပေါက်ဆရာတော်၏ **ဗုဒ္ဓသာသနိက ပဋ္ဌဝိဝင်ကျမ်း** (စာမျက်နှာ ၁၇၅) ၌ ပါရှိသည်။

# နောက်ဆက်တွဲ ၆

တဖုဿနှင့် ဘလ္လိကတို့သည် ရာမညတိုင်း၊ ဥက္ကလာပဇနပုဒ်၊ ပေါက္ခရဝတီမြို့(ဝါ) အသိတဉ္ဇန နဂိုရ်မြို့မှ ဖြစ်သည်ဟု ရွှေတိဂုံဘုရားသမိုင်းများတွင် ဆိုသည်။

တဖုဿ ဘလ္လိကတို့၏ ဒေသကို **ဝိနည်းမဟာဝါ ပါဠိတော်** (ဆဋ္ဌမြန်မာပြန်)၊ **ဝိနည်းမဟာဝါအဋ္ဌကထာ**(နိဿယ)၊ **ဇာတတ္ထကီ**တို့တွင် ဥက္ကလာဇနပုဒ်မှဟု ဆိုသည်။ **ကော်တ္တိုရ်အဋ္ဌကထာ**တွင် အသိတဉ္ဇန၊ **ကေနိပါတ်ဇာတ်အဋ္ဌကထာ**တွင် ဥက္ကလာဇနပုဒ်ဟူ၍ ဆိုသည်။

**သာသနာလင်္ကာရ စာတမ်း**တွင် "ဥက္ကလာဇနပုဒ် အသိတဉ္ဇနမည်သော ပေါက္ခရဝတီမြို့" ဟူ၍ ဆိုသည်။ **ထေရာဘာသာမြန်**တွင် "ပေါက္ခရဝတီမြို့"၊ **သုဓမ္မဝတီဗုဒ္ဓဝင်**တွင် "ဥက္ကလာဇနပုဒ်၊ ပေါက္ခရဝတီမြို့"ဟူ၍၎င်း၊ ရွှေလှံတောင်ဆရာတော်၏ **ရွှေတိဂုံသမိုင်းသစ်**တွင် "ရာမညတိုင်း ဥက္ကလာပဇနပုဒ်၊ပေါက္ခရဝတီမြို့" ဟူ၍၎င်း၊ **ကုန်းဘောင်ဆက်မဟာရာဇဝင်တော်ကြီး** တွင် "ပေါက္ခရဝတီ အမည်ရှိ အသိတဉ္ဇနမြို့" ဟူ၍၎င်း ဆိုသည်။

**မွန်ရာဇဝင် စေတီတော်သမိုင်းပေါင်းချုပ်**တွင် "ဥက္ကလာပပြည်၏ တောင်ဖက် ပေါက္ခရဝတီမြို့သား" ဟု ဆိုသည်။ ဆရာကူး၏ **ရွှေမော်ဓောရာဇဝင်သမိုင်း**တွင် ဥက္ကလာပမြို့၊ ကောကျွန်းရွာသားများ ဖြစ်သည်။ မိဘများမှာ ထိုရွာမှ မောင်သကာလဲ၊ မယ်သကာပံတို့ ဖြစ်သည်။ မောင်သကာလဲသည် ချမ်းသာကြွယ်ဝသဖြင့် ဥက္ကလာပမင်းကြီးက သုဝဏ္ဏသူဌေးဘွဲ့ ပေးသည်။ ထိုသူဌေးလင်မယားမှ သားနှစ်ယောက်မွေး၍ တယောက်မှာ တပု၊ ကျန်တယောက်မှာ တပေါဟု မွန်ဘာသာဖြင့် တွင်သည်။ ဗန္ဓုဝမြို့တွင် ဆန်ရှား၍ သင်္ဘောဖြင့် ကုန်ရောင်းသွားရာမှ ဘုရားရှင်ကို ဖူးတွေ့ရပြီး၊ ဘုရားရှင်က ဆံတော်လေးဆူစီ ပေးသနားရင်း အစ်ကို တပုအား တဖုဿဟူ၍၎င်း၊ ညီတပေါအား ဘလ္လိက ဟူ၍၎င်း အမည်ပေးတော်မူသည် ဟု ဆိုသည်။

**ရွှေတိဂုံကျောက်စာ** (မြန်မာဘာသာ) မြောက်ဖက်မျက်နှာ စာကြောင်းရေ ၂၅-၂၆ တွင် "ရာမည၊ အရပ်နိုက်၊ ပေါက္ခရဝတီဟူသော အသိတဉ္ဇန နဂိုမ်မည်သောပြည်နိုက် နေထသော တပုဿ ဘလ္လိကမည်သော ညီအစ်ကိုဝ် ဖွစ်ထသော ကုန်သည်နှစ်ယောက်" ဟူ၍ ရေးသားထားသည်။ ထိုညီနောင်တို့သည် ရှေးဦးစွာ သရဏဂုံတည်သူများတွင် စတင်ရကြောင်း၊ ဘုရားသခင် ရာဇဂြိုဟ်ပြည်၌ နေတော်မူလတ်သော် ရာဇဂြိုဟ်ပြည်သို့ပြန်၍၊ ဘုရားသခင်၏ တရားကို နာရသဖြင့် အစ်ကို တဖုဿသည် သောတာပန်ဖြစ်၍၊ ညီဘလ္လိကသည် ရဟန္တာဖြစ်ကြောင်းတို့ကို တောင်ဖက်မျက်နှာ ကြောင်းရေ ၃၆-၃၉ တွင် ရေးသားထား၏။ အဆုံးပိုင်းမှာ ကျိုးပဲ့နေသဖြင့် ဖတ်၍မရပေ။ **ရွှေတိဂုံကျောက်စာ** (မွန်ဘာသာမှ မြန်မာပြန်) တွင် စာသားများ ပျက်နေ၍ "အသိတနဥ္စနဂရ" ဟုသာ တွေ့ရသည်။ ကျောဖက်မျက်နှာတွင်ကား မြတ်စွာဘုရား ရာဇဂြိုဟ်ပြည်၌ သီတင်းသုံးနေတော်မူစဉ် မြတ်စွာဘုရားထံချဉ်းကပ်၍ တရားနာရသဖြင့် တဖုဿသည် သောတာပတ္တိဖိုလ်၌တည်ကြောင်း၊ ဘလ္လိကသည် ရဟန်းပြု၍၊ ဘလ္လိကမထေရ်ဟူသော အမည်ကို ရကြောင်း။ တဖုဿသည် အသိတဉ္ဇန နဂိုရ်ပြည်သို့ ပြန်၍၊ တမ္ဗကုဋ္ဋတောင်ထိပ်၌ ကျောင်းဝတ်နှင့် ပြည့်စုံသောကြောင့် အသက်အတိုင်းနေ၍၊ စုတေသော် နတ်ပြည်၌ ဖြစ်လေ၏။" ဟူ၍ ဖော်ပြထားသည်။

# နောက်ဆက်တွဲ ၆

**တိကုမ္ဘ၊ ဒဂုန်** ။ ။ ( စာမျက်နှာ ၃၅ ) **စေတီတော်၏ အမည်နှင့် စေတီတော် တည်ရှိရာ ဒဂုန်၊** ဒေသ၊ ရန်ကုန်မြို့တို့၏ ဆက်စပ်ပုံ အကြောင်းကို ဆွေးနွေး ထားချက်များ ရှိသည်။

ဇမ္ဗူဒီပဥဆောင်းကျမ်း တွင် ပုဂံပြည် နယ်မြေအပိုင်းအခြားကို ပြရာ၌ "အရှေ့တောင်သို့ လား သော် ဂျမ်းပြည်အကုန် ဒဂုံမြေအဆုံး" ဟူ၍ ပါရှိသည်ကို ထောက်၍ ပုဂံခေတ်တွင် ဥက္ကလာပ အမည် ပျောက်ပြီး ဒဂုံအမည်သို့ ပြောင်းလဲရောက်ရှိလာသည်ဟု ယူဆဘွယ် ဖြစ်ကြောင်း ဟု ဦးသိမ်းမောင် ၏ ရန်ကုန်ရာဇဝင်သမိုင်း တွင် ရေးသားထားသည်။

ဒဂုန်သည် တိကုမ္ဘ၊ ဒိဂုမ္ဘတို့မှလာသည် ဟု ယူဆကြသဖြင့် သာလွန်မင်းတရား၏ **ရာဇမဏိစူဠာ ကောင်းမှုတော်ကျောက်စာ** ပါ "ဟံသာဝတီ၊ ဒိဂုမ္ဘ၊ ဒလ၊ ကုသိမ်၊ ရောင်မြ၊ မုတ္တမ အစရှိသော ပြည်ကြီး တို့၏ တည်ရာ ရာမညတိုင်း" ဟူသော အသုံးအနှုန်းကိုလည်း တွေ့ရသည်။ **ကဝိလက္ခဏာသတ်ပုံကျမ်း** တွင် "ချမ်း၍လည်းတုန်၊ လှေနှင့်စုန်၊ ဒဂုန်မရောက်သေး" ဟူ၍ တွေ့ရသည်။

ပါမောက္ခပန်းက ပုဂံခေတ်တွင် ဒဂုန်တည်ရှိနေခြင်းကို သံသယဖြစ်ဘွယ်ရှိသည်ဟု ၎င်း၏ ရန်ကုန်ရာဇဝင် သမိုင်း တွင် ဖော်ပြသည်။ ထိုအချိန်က မြစ်ဝကျွန်းပေါ်တွင် ဒလမှာ ခံမြို့ဖြစ်သဖြင့် အရေးပါခဲ့သည်။ ပုဂံ ကျောက်စာတွင် ဒလကို တွေ့ရသည်။ မြန်မာရာဇဝင်များ၌ ဒဂုန်ကို အရေးပေး ဖော်ပြခြင်းမရှိဟု ဆိုသည်။

တိကုမ္ဘအမည်မှ ပြောင်းလဲလာခြင်းနှင့်စပ်လျဉ်း၍ ဗုဒ္ဓသာသနိက ပဋ္ဌဝိဝင်ကျမ်း ၌ မွန်ဒိုင် သီချင်း သုံး ပုဒ် ပါရှိသည်။ ယင်းတို့အနက် အမှတ် ၂ မွန်ဒိုင်သီချင်းတွင် ပါဝင်သော "လဂုင် (ဂို)ဍုင်တြိဂုမ္ဘ" ပုဒ်၏ အဖွင့်၌ –

"လဂုင်" ကား တင်နေသည်၊ ခွနေသည် ဟူသော အဓိပ္ပါယ်ရှိသည်။ အချို့စာမူ၌ "လဂိ" ဟု ရေး သားပါရှိရာ ၎င်းအသံထွက် "လဂုံ" ဟုအသံထွက်၍ တောမြိုင်ရဂုံဟု အဓိပ္ပါယ်ယူကြသည်။ ဤသို့ယူခြင်း ကား သာ၍ အဓိပ္ပါယ်သင့်လျော်ဘွယ်ရှိသည်။ "ဍုင်" အရ မြို့ဖြစ်သည် "တြိ" အရ သုံးခုအရေအတွက် တည်း။ "ကုမ်" အရ၊ ကြုင်ဟူသော မွန်စကားနှင့် အလားတူ ဖြစ်၍ မြစ်ချောင်းယူသည်။ "ဗ" အရ ပေါင်းဆုံခြင်းယူ။ အပေါင်းအားဖြင့် တောမြိုင်ရဂုံလည်းဖြစ်၊ ချောင်းသုံးခု ဆုံရာလည်းဖြစ်သော အရပ် မြို့ဟု အဓိပ္ပါယ် ရရှိသည်။ နောက်ကာလ၌ "လဂုံ" နှင့် "တြိကုမ်" ခွဲပြီး လဂုံမြို့၊ နောက်၌ ဒဂုံ - ရဂုံ - ရန်ကုန် ဟူ၍လည်းကောင်း၊ တြိဂုံ-တိကုံမြို့ ဟူ၍လည်းကောင်း ခေါ်လာကြသည်ဟု ဆိုလေသည်။

**အင်းဒီးယန်း အင်တိက္ကွာရီ ဂျာနယ်၊** ၁၈၉၃ ခုနှစ်၊ ဇန္နဝါရီလတွင် အာရ်စီ၊ တင်းပဲလ်က "ရွှေတိဂုံ အမည်မှတ်စု" ဟူ၍ ရေးသားရာ၌ တကုံ ဟုရေးပြီး ဒဂုံဟု အသံထွက်ကြောင်း၊ ထို့ထက် ရှေးကျသော အချိန်က ဒိဂုံဟု အသံထွက်ခဲ့သည်ဟု ယူဆစရာရှိကြောင်းတို့ကို ရှေးခရီးသွား မှတ်တမ်းများနှင့် မြေပုံများကို ကိုးကား၍ ပြသသည်။ ၁၄၇၆ ခုနှစ်ထိုး ကလျာဏီကျောက်စာ တွင် ရွှေတိဂုံစေတီ ပတ်လည်တစိုက်ရှိ မြို့ကို တိဂုမ္ပနဂရ ဟု ရေးထားကြောင်း။

# နောက်ဆက်တွဲ ၆

ဒိဂုံ သို့မဟုတ် ဒဂုံသည် ပါဠိဘာသာ၊ တိဂုမ္ဘ၊ သို့မဟုတ် ဒိဂုမ္ဘမှ ရွေ့လျောလာသည်ဟုရင်း။ ပါဠိဆံဆံ ဖြစ်အောင်ရေးသားထားသည့် အသုံးအနှုန်းဟုရင်း သေချာစွာမပြောနိုင်။ သို့သော် ပါဠိဆံဆံ ရေးသား ထားသော အသုံးအနှုန်းဟု ထင်ကြောင်း။ ထို့ကြောင့် ဒဂုံ သို့မဟုတ် ဒိဂုံသည် မြန်မာစကားလည်း ဖြစ် နိုင်သည်။ ပါဠိစကားလည်း ဖြစ်နိုင်သည်ဟုသာ ယူဆရကြောင်း အကျယ် ရေးထားသည်။

တောင်တာဖွဲ့ခြင်း။ ။ (စာမျက်နှာ ၁၃၉၈) ရှေးမြန်မာတို့ အတိုင်းအတာအရ၊ ခုနစ်တောင်လျှင် တတာဖြစ်သည်။ တာ ၂၀ လျှင် တဥသဘ ဖြစ်သည်။ ခုနစ်တောင်တာကို မြင့်မိုရ်တာဟုလည်း ခေါ် သည်။ မြို့ပြ ထီးနန်း ကျောင်းကန် ဘုရားတို့ကို တိုင်းတာရာတွင် သုံးသည်။ တာအသုံးအနှုန်းတွင် လေး တောင်တာ၊ ဆယ်တောင်တာဟူ၍လည်း ရှိသေးသည်။ လေးတောင်တာကို ကုလ လေးတာဟု ခေါ် သည်။ မြို့ သို့မဟုတ် ရွာနှင့် တောရကျောင်းများ အကွာအဝေးကို တိုင်းတာသည်။

အတောင်မှာ တတောင်ကိုဆိုလိုသည်။ လက်သမားတောင်၊ ဆင်တောင်၊ သံတောင်ဟူ၍ ကွဲသေး၏။ လက်သမားတောင်မှာ ပေတံ နှင့် ၁၈ လက်မရှိသည်။ သံတောင်မှာ ၁၉ လက်မ ရှိသည်။ ဆင်တောင်မှာ လက်မ ၂၀ ရှိသည်ဟု ရွှေပြည်ဦးဘတင်၏ မြန်မာစာပေလောက တွင် ဖော်ပြထားသည်။ မုံရွေးဆရာတော် မှတ်စုများ စာမျက်နှာ ၁၇၉ တွင် “မင်းတာသည် သံတောင်ဆိုသည်ကား ပကတိသံကိုပင် တတောင် အမှန်အကန် လုပ်၍ ထားသည် ဖြစ်၍၊ သံတောင်ခေါ် လေသည် ” ဟု ဖော်ပြသည်။ မဟာဗုဒ္ဓဝင် တတိယ အုပ်၌ “လက်မနှစ်ဆယ့်လေး၊ ခေါ် ရေးသံတောင်၊ ထိုနှောင်လက်မ၊ နှစ်ဆယ်ကသော်၊ ရှစ်ခုကျော်မူ၊ ခေါ် ကြမှန်အောင်၊ ဆင်တိုင်းတောင်တည့်၊ ထိုနှောင်အဆုံး၊ သုံးဆယ်နှစ်လက်မ၊ ရှိပြန်ကမူ၊ ဌာနလူဘောင်၊ လယ်ဖွဲ့တောင်တည့် .... ”ဟု ဖော်ပြသည်။ တတောင်သည် အင်္ဂလိပ်သုံး အတိုင်းအတာ ၁၈ လက်မ သို့မဟုတ် ၁.၅ ပေ သို့မဟုတ် ဝ.၅ ကိုက် နှင့် ညီမျကြောင်း။ ဥရောပ သုံး အတိုင်းအတာ ၄၅၇.၂ မီလီ မီတာ သို့မဟုတ် ဝ.၄၅၇၂ မီတာနှင့် ညီမျကြောင်းကို ဘဏ္ဍာရေးနှင့် အခွန်ဌာနထုတ် တွက်ချက်မှုအမျိုးမျိုး နှင့်ပတ်သက်သည့် စံနှုန်းများ စာအုပ်တွင် တွေ့ရသည်။ တတာသည် အင်္ဂလိပ်သုံး အတိုင်းအတာ ၁၂၆ လက်မ သို့မဟုတ် ၁၀.၅ ပေ သို့မဟုတ် ၃.၅ ကိုက်နှင့် ညီမျကြောင်း၊ ဥရောပသုံး အတိုင်းအတာ ၃၂၀၀.၄ မီလီ မီတာ သို့မဟုတ် ၃.၂၀၀၄ မီတာနှင့် ညီမျကြောင်း အထက်ပါ စာအုပ်တွင်ပင် တွေ့ရသည်။

ဓာတ်တော်များပြောင်းကြွတော်မူခြင်း။ ။ (စာမျက်နှာ ၃၅) တတော တတ္တတတ္တ သက္ကာရ သမ္မာနံ အလဘမာနာ ဓာတုယော ဗုဒ္ဓါနံ အဓိဋ္ဌာန ဗလေန သက္ကာရ သမ္မာနံ လဘနကဋ္ဌာနံ ဂစ္ဆိဿန္တိ။ (အင်္ဂုတ္တိုရ်အဋ္ဌကထာ)

အထက်ပါ အဋ္ဌကထာ ပါဌ်ကို လုံးတော်ဆရာတော်က ပကိဏ္ဏကဝိသဇ္ဇနာကျမ်း တွင် တဖက်ပါ အတိုင်း နိဿယနက် ပြန်ဆိုထားသည်။

## နောက်ဆက်တွဲ ဖ

(တတော၊ ယိုအနာဂတ်အခါ၌၊) ပဟ္ဌပဟ္ဌ၊ ယိုယိုသို့သော အရပ်၌။ သက္ကာရသမ္မာန်၊ ပူဇော်သက္ကာရကို။ အလဘမာနာ၊ မရကုန်သည်ဖြစ်၍။ ဓာတုယော၊ ဓာတ်တော်တို့သည်။ ဗုဒ္ဓါနံ၊ မြတ်စွာဘုရားတို့၏။ အစိဋ္ဌာန ဗလေန၊ အဓိဋ္ဌာန်တော်မူသည်၏ အစွမ်းအားဖြင့်။ သက္ကာရ သမ္မာန်၊ ပူဇော်သက္ကာရကို။ လဘနကဋ္ဌာနံ၊ ရရာအရပ်သို့။ ဂစ္ဆိသန္တိ၊ ရွှေပြောင်းကြကုန်လတ္တံ့။

ဗုဒ္ဓသာသနနိက ပဌဝိဝင် စာမျက်နှာ ၂၉ဂ နှင့် သာသနာလင်္ကာရစာတမ်း စာမျက်နှာ ၂၃၉ တွင်လည်း မြန်မာစကားပြေ သက်သက် ပြန်ဆိုချက်များ ပါရှိသည်။

**ရာဇာဓိရာဇ်ကောင်းမှု။** ။ (စာမျက်နှာ ၄၃) ရွှေတိဂုံစေတီတော်ကြီးတွင် ရာဇာဓိရာဇ် (ဗညားနွဲ့) ၏ ကောင်းမှုနှင့် ပေါ်လျဉ်း၍ အဆိုကွဲပြားကြသည်။

ဟံသာဝတီထုတ် **ရွှေတိဂုံသမိုင်းမှတ်တမ်း**၌ ကုသိုလ်ကောင်းမှု မပြုအားကြောင်း နတ်ရွာစံခါနီးမှသာ ကောင်းမှုကုသိုလ် ပြုကြောင်း သာမန်မျှ ဖော်ပြသည်။ ရတနာဦးသွင်၏ ရွှေတိဂုံသမိုင်းချုပ်၌လည်း အလားတူပင် ဖော်ပြသည်။ ရွှေလုံတောင်ဆရာတော်၏ **ရွှေတိဂုံသမိုင်းတော်သစ်**၌ "ဗညားနွဲ့ ရာဇာဓိရာဇ်မင်းက ရွှေတိဂုံ ဆံတော်ရှင် ဘုရားကို ထပ်မံ၍ ပြုစုကြောင်းကို ရာဇဝင် အရပ်ရပ်တို့၌ မတွေ့ ဖြစ်သည်"ဟု ဆိုသည်။ သို့ရာတွင် ခရစ်နှစ် ၁၄၇၅ ခုနှစ် ရေးထိုးသော **ရွှေတိဂုံမွန်ကျောက်စာ**၌ "သုရှင်သုတသောမ ရာဇာဓိရာဇ်မင်းပြုသော နောက်ကာလ၌ ကြီးစွာ ငုံ၍တည်ထားပြန်၏။ကြီးစွာ ငုံ၍ တည်ထားပြီးလျှင် .... အထွတ်ထီးတင်တော်မူ၏။ စေတီအတွင်း၌ ကြေးပြားခံ၍ အပြင်ဘက်က ရွှေချတော် မူသည်မှာ အထွတ်တိုင်အောင်ပြည့်စေ၏"ဟူ၍ ပါရှိသည်။ ရာဇာဓိရာဇ်အရေးတော်ပုံတွင် ရာဇာဓိရာဇ်သည် သစ်တသုံးအမည်ကို ခံယူသည်ဟု ဖော်ပြ ထားသည်။ **ရွှေမော်ဓောကျောက်စာ**တွင် ရှင်စောပု၏ ခမည်းတော်ကို ဖော်ပြရာ၌ "သုတသောမည်သောရာဇာဓိရာဇ်မင်း" ဟု ပါရှိသည်။ ထို့ကြောင့် သုတသောမ ရာဇာဓိရာဇ် ဆိုသည်မှာ ရာဇာဓိရာဇ်ပင် ဖြစ်သည်ဟု ယူသည်။

**ရှေးဘုရားသုံးဆူတို့၏ ပရိဘောဂများ။** ။ (စာမျက်နှာ ၂၉–၃၂) ရွှေတိဂုံစေတီတော်ကြီးတွင် ဂေါတမမြတ်စွာဘုရား၏ ဆံတော်များနှင့်တကွ ရှေးဘုရားသုံးဆူတို့၏ ဓာတ်တော်များကို ဌာပနာထားသည်ဆိုရာတွင် သမိုင်းကျမ်း တခုနှင့်တခု အဆိုမညီကြပေ။ ရွှေတိဂုံသမိုင်းဟောင်းတွင် ကကုသန်ဘုရားရှင်၏ တောင်ဝှေး၊ ကောဏာဂုံ ဘုရားရှင်၏ ရေစစ်၊ ကဿပ ဘုရားရှင်၏ ရေသနုပ်ဟူ၍ ဆိုသည်။ **မွန်ရာဇဝင်စေတီတော်သမိုင်းပေါင်းချုပ်** တွင် ရေသနုပ်၊ တောင်ဝှေး၊ ရေစစ်ဟူ၍၎င်း။ ရေသနုပ်၊ ရေစစ်၊ တောင်ဝှေး ဟူ၍၎င်း၊ တောင်ဝှေး၊ ရေစစ်၊ ရေသနုပ်ဟူ၍၎င်း၊ တနေရာတွင် တမျိုး အစီအစဉ် ကွဲပြားလျက် ဖော်ပြသည်။ ဘုရားရှင်တို့၏ အမည်နာမတော်များနှင့် ယှဉ်၍ကား ဖော်ပြခြင်းမရှိ။

## နောက်ဆက်တွဲ ၆

ဟံသာဝတီထုတ် ရွှေတိဂုံသမိုင်းမှတ်တမ်းတွင် စဥ္စပါဆရာတော်၏ မေတ္တာစာကို ညွှန်း၍ ကကုသန် ဘုရားသခင်၏ တောင်ဝှေး၊ ကောဏဂုံဘုရားသခင်၏ ဓမကရိုဏ် ရေစစ်၊ ကဿပ ဘုရားသခင်၏ ရေသနုပ် သင်္ကန်းတော်ဟူ၍ ဆိုသည်။ ဝန်ကြီးပဒေသရာဇာ၏ ရွှေတိဂုံသမိုင်းစကပိုဒ်တွင် "တောင်ဝှေး ရေစစ်၊ သင်္ကန်းဖြစ်ဟု၊ တံတစ်မော်ကွန်း၊ အစဉ်ထွန်းရှင့်" ဟု ဆိုသည်။ ကုန်းဘောင်ဆက်မြန်မာရာဇဝင်ကြီးတွင် အထက်ဘုရားသုံးဆူတို့၏ အမည် အစဉ် အားဖြင့် ရေစစ်၊ ရေသနုပ်၊ တောင်ဝှေး ဟူ၍ ပြသည်။ ရွှေတိဂုံပျို့ (ပေမူ) တွင် ကကုသန်၊ ကောဏဂုံ၊ ကဿပဟူသော မြတ်စွာဘုရား သုံးဆူတို့၏ အမည်နှင့် ယှဉ်လျက် ဓမကရိုဏ် ရေစစ်၊ တောင်ဝှေး၊ ရေသနုပ် ဟူ၍ ဆိုသည်။ စွယ်စုံကျော်ထင်ကျမ်းတွင် ဘုရားသုံးဆူတို့၏ တောင်ဝှေးတော်၊ ဓမကရိုဏ်တော်၊ ရေသနုပ်တော် ဟူ၍ အစဉ်အတိုင်းပြသည်။ ရွှေလုံတောင်ဆရာတော်၏ **ရွှေတိဂုံသမိုင်းသစ်တွင်—**

> သိင်္ဂုတ္တရေ မနောရမ္မေ၊ ပဌမံ ကကုသန္ဓဿ သုဝဏ္ဏ ဒဏ္ဍံ၊
> ဒုတိယံ ကောဏာ ဂမနဿ ပရိဿာဝနံ၊ တတိယံ ကဿပဿ သုဝဏ္ဏ စီဝရံ၊
> စတုတ္ထံ ဂေါတမဿ ကေသ ဓာတုယော။

ဟူ၍ ပါရှိသည်။ မည်သည့် ပုဂ္ဂိုလ်ရေးသားသည်ဟုမပါ။ "ရှေးပေါရာဏ ဆရာတော်များရှိခိုးကြသော" ဟုသာ ဆိုသည်။ စာတော်ပြန်ဆရာသိမ်း ကမူ ဤဂါထာကိုပင် မောင်းထောင် ဆရာတော်၏ တိဂုမ္ဘ ထောမနာဂါထာ ဟု ဆိုသည်။ အနက်မှာ—

မနောရမ္မေ၊ နှလုံးမွေ့လျော်၊ ပျော်ဘွယ်ရာရှိသော။သိင်္ဂုတ္တရေ၊ သိင်္ဂုတ္တရ၊ နာမတွင်ခေါ်၊ တောင်ကုန်း၌။ ပဌမံ၊ ရှေးဦးစွာ။ ကက္ကုသန္ဓဿ၊ ကက္ကုသန်မြတ်စွာဘုရား၏။ သုဝဏ္ဏဒဏ္ဍံ၊ ရွှေဖြင့်ပြီးသော တောင်ဝှေး တော်ကိုရင်း။ဒုတိယံ၊ နှစ်ကြိမ်မြောက်သော။ ကောဏာဂမနဿ၊ ကောဏာဂုံ မြတ်စွာဘုရား၏။ ပရိဿာဝနံ၊ ရေစစ်မွေကရိုဏ်တော်ကိုရင်း။ တတိယံ၊ သုံးကြိမ်မြောက် ဖြစ်သော။ ကဿပဿ၊ ကဿပ မြတ်စွာ ဘုရား၏။ သုဝဏ္ဏစီဝရံ၊ ရွှေဖြင့်ပြီးသော ရေသနုပ်တော်ကိုရင်း။စတုတ္ထံ၊ လေးကြိမ်မြောက်သော။ဂေါတမဿ၊ ဂေါတမ မြတ်စွာဘုရား၏။ ကေသဓာတုယော၊ ဆံတော် ဓာတ်တို့ကိုရင်း။ သမ္ဗဒါ၊ အခါခပ်သိမ်း၊ ဝန္ဒာမိ။ ဆယ်ချောင်းလက်စုံ ရှိကြာမုံဖြင့် ကြည်ယုံစေတနာ ရှိခိုးပါ၏။

ရွှေလုံတောင် ဆရာတော်ကလည်း အဆိုမညီကြစေကာမူ မြတ်စွာ ဘုရား၏ ပရိဘောဂ အသုံး အဆောင်ချည်းဖြစ်၍ ရှိခိုးပူဇော် အပ်တော့သည်ဟု မှာဆိုသည်။

ဥက္ကလာပ။ ။ (စာမျက်နှာ ၂၀) ရွှေတိဂုံစေတီတော် တည်ရာ ဥက္ကလာဟု ခေါ်တွင်သည့် ဒေသ သည် မူရင်း ပါဠိတော်တွင် လာသော ဥက္ကလာ ဟုတ်၊ မဟုတ် ဟူသော ပြဿနာနှင့် စပ်လျဉ်း၍ ဖေဖော်ပြချက်များရှိသည်။

## နောက်ဆက်တွဲ ၆

ဥက္ကလာပမြို့၏ အမည်ကွဲများဖြစ်သော အသိတဥ္စန၊ ပေါက္ခရဝတီ၊ ရမ္မာနဂရ၊ တရိဟကုမ္ဘ စသည့် အကြောင်းများနှင့် ဥက္ကလာပမြို့၏ အနေအထား ဝန်းကျင်တို့ကို **သမန္တစက္ခုဒီပနီ၊ စွယ်စုံကျော်ထင်ကျမ်း၊ မွန်ရာဇဝင် စေတီတော်သမိုင်းပေါင်းချုပ်** တို့တွင် ဖော်ပြထားသည်။

**သမန္တစက္ခုဒီပနီ** တွင် အရှေ့ ရမ္မာနဂရ၊ အနောက် အသိတဥ္စန၊ တောင်ဓညဝတီ၊ မြောက်ဥက္ကလာ ဟူ၍ ဆိုသည်။ **မွန်ရာဇဝင် စေတီတော်သမိုင်းပေါင်းချုပ်** တွင် ဥက္ကလာပကို မြို့လေးမြို့ မြစ်လေးမြစ် ခြံရံလျက်ရှိပုံကို ဖော်ပြရာ၌ အရှေ့ အသိတဥ္စန မြို့နှင့် မြစ်၊ တောင် ပေါက္ခရဝတီမြို့ နှင့် မြစ်၊ အနောက် ရမ္မာနဂရ မြို့နှင့် မြစ်၊ မြောက် တရိဟကုမ္ဘမြို့နှင့် မြစ်တို့ရှိခဲ့ရာ အသိတဥ္စနကား ယခု သံလျင်မြို့ ဒေါပုံမြစ်၊ ပေါက္ခရဝတီကား ကွမ်းဒေး (တွံတေး) မြို့၊ ကွမ်းဒေးမြစ်၊ ရမ္မာနဂရကား ဝါးတရာမြို့၊ ဝါးတရာမြစ်၊ တရိဟကုမ္ဘကား ဘောင်းလင်းမြို့၊ ငမိုးရိပ်မြစ်ဟူ၍ ဖော်ပြသည်။

တောင်ပေါက် ဆရာတော်၏ **ဗုဒ္ဓသာသနိက ပဋ္ဌဝီဝင်ကျမ်း** တွင် တိုင်း အမည် ဥက္ကလ-သြဋ္ဌ၊ ရှေးမြို့တော်အမည် အသိတဥ္စန၊ ယခု မြို့အမည် ဓောက်လီ၊ တည်ရာဌာနကား အိန္ဒိယပြည် ဘင်္ဂလားနယ်၊ အနောက်တောင်ဘက် သြရိဿ (ဥရိဆာ) နယ်၊ ပူရီဒိစတြိတ်တွင် တည်ရှိသည်ဟု စာမျက်နှာ ၂၄၄ တွင် ဆိုသည်။ "ဥက္ကလာပမြို့အမည်ကား ထိုဥက္ကလာတိုင်းမှ ပြောင်းရွှေ့လာကြသော လူမျိုးများက မိမိတို့ နေခဲ့ရင်း ဌာန၊ ဥက္ကလ အမည်ကို ယူ၍ မှည့်ခေါ်ထားခြင်း ဖြစ်သည်ဟု မှတ်ရမည်" ဟု စာမျက်နှာ ၂၄၅-၂၄၆ တွင် ဆိုသည်။

ဥက္ကလာပနှင့် စပ်လျဉ်း၍ ရှင်းလင်းရာ၌ **သာသနာလင်္ကာရစာတမ်း** စာမျက်နှာ ၅၄ တွင် သထုံ၊ မုတ္တမ စသော ရာမညတိုင်း အစိတ်ကို သုဝဏ္ဏဘုမ္မိ။ တိဂုံ ဒလ စသော ရာမညတိုင်း အစိတ်ကို ဥက္ကလာပ။ ပုသိမ်မြောင်းမြ စသော ရာမညတိုင်း အစိတ်ကို ကုသိမရဋ္ဌဟူ၍ မွန်သုံးရပ်စာပေကျမ်းဂန်တွင်ရှိကြောင်း။ မွန်တိ၊ မွန်စ၊ မွန်ည ဟူ၍ အာစရိယဝံသ စာတမ်းများရှိသည်မှာလည်း အရတချက်တည်းဖြစ်ကြောင်း ဖော်ပြထားသည်။

**ရန်ကုန်ရာဇဝင်** ကို အင်္ဂလိပ်ဘာသာဖြင့် ရေးသားသူ ပါမောက္ခ ပန်းက ဥက္ကလာပသည် ရန်ကုန်နှင့် တွံတေးအကြား ဒေသဟု ဆိုလိုသော သဘောဖြစ်သည်။ သို့ရာတွင် ဥက္ကလာပသည် အိန္ဒိယပြည် တောင်ပိုင်း ယခု သြရိဿနယ်၏ ရှေးက အမည်ဟောင်း ဖြစ်သည်ဟု ဆိုသည်။

ဥက္ကလာပမြို့ကို အခြေပြု၍ ရွှေတိဂုံစေတီတော်ကို တည်ထားကိုးကွယ်ခြင်းဖြစ်ရာ စေတီတော်၏ သက်တော်ကို ခန့်မှန်းကြရာ၌ ခေတ်သုတေသီများက ခရစ်နှစ် ၅ ရာစု (လွန်ခဲ့သော နှစ်ပေါင်း ၁၅၀၀) ခန့် ထက်ပို၍ မစောနိုင်ဟု ခန့်မှန်းကြသည်။ ထိုအဆိုများကို ဒေါက်တာ သန်းထွန်း၏ **ဟံသာဝတီနေ့စဉ်၊** ၃၀-၁၀-၇၀ ပါ "ရွှေတိဂုံရက်စဉ် သမိုင်း" ဆောင်းပါး၊ ဦးတင်လှသော်၏ **ကန်သာစိမ်းလဲ့စာတန်းများ** စာအုပ်ပါ "ရွှေတိဂုံ စေတီ၏ သက်တော်" စာတန်းနှင့် ကျောက်စာဝန် ဒူရွိုင်ဆယ်၏ အိန္ဒိယရှေးဟောင်းသုတေသန နှစ်လည် အစီရင်ခံစာ ၁၉၂၃-၂၄ စာမျက်နှာ ၁၂၆ ပါ "ရန်ကုန်မြို့ရွှေတိဂုံစေတီ၏ သက်တော်"

## နောက်ဆက်တွဲ ဖ

အင်္ဂလိပ်ဘာသာ ဆောင်းပါးတို့တွင် တွေ့နိုင်သည်။ မြန်မာနိုင်ငံ ပထမဆုံး ကျောက်စာဝန် ဒေါက်တာ ဖော်ခင်းမားကမူ ရွှေတိဂုံသမိုင်းပါအတိုင်း ယခုနေရာတွင်ပင် ဘုရားရှင် လက်ထက်တော်မှစ၍ စေတီတော် တည်ရှိခဲ့ကြောင်း လက်ခံသည်။ ၎င်း၏ "မြိတိသျှ လက်အောက် မြန်မာနိုင်ငံ၏ ရှေးဦးသမိုင်းနှင့် ပထဝီဝင် အကြောင်း မှတ်စု – ရွှေတိဂုံဘုရား" အမည်ရှိ ၁၈၈၃ ခုနှစ်ထုတ် စာတန်းတွင် ဖော်ပြသည်။

**အင်္ဂတေဖော်စပ်နည်း။** ။ (စာမျက်နှာ ၃၃) ရွှေတိဂုံ စေတီတော်ကြီး တည်ရာတွင် အသုံးပြုခဲ့သော အင်္ဂတေဖော်စပ်နည်းကို **စွယ်စုံကျော်ထင်ကျမ်း** တွင် အောက်ပါအတိုင်းလာသည်။

မေး။ ။အင်္ဂတေသည်၊ ဒဂုန်တည်၊ ကော်ရည်မည်မျှထည့်သနည်း။

ဖြေ။ ။ကြဇုကေ၊ ဒွယတင်လဲ၊ ဆင့်ကဲသုံးဆ၊ ဥသျှစ်မျှလျှင်၊ ခြောက်ဆ ကော်ရည်၊ ထည့်သည် မှန်လှ၊ ဆဲ့နှစ်ဆသား၊ ယူထအုံတုံ၊ ငါးပါးစုံကို၊ ရောတုံအမြဲ၊ ထုံးနှင့်သဲလည်း၊ ယှဉ်တွဲ တူမျှ၊ ချင့်ပြီးမှလျှင်၊ ရောထကော်ရည်၊ ထောင်းသည်လေးခါ၊ ညက်ပြီးစွာလျှင်၊ မြတ်စွာ ရှောင်ဟုန်၊ ရွှေတိဂုံကို၊ တည်တုံအစ၊ ပထမ၌၊ လုပ်ကြဘူးလေ၊ အင်္ဂတေသည်၊ မာတွေ့နိုင် လှ၊ ကျောက်တမျှ။

**စွယ်စုံကျော်ထင်ကျမ်း**၌ပင် "တင်လဲကော်ရည်၊ ဥသျှစ်ရည်၊ မည်သည်များလျှင်ပပ်သနည်း" ဟူသော အမေး၌ အဖြေကို "တင်လဲလွန်သော် အင်္ဂတေမာသည်။ ကောင်းသည်။ ချောသည်။ ကော်ရည် လွန်သော် တင်းလွယ် မာလွယ်သည်။ ဥသျှစ်အကျိုးကား ခိုင်သည်။ အရောင်ကောင်းသည်။ လွန်၍မာသော် ပပ်သေးထတတ်သည်ဟူ၍ ဗိသုကာ စာဟောင်း၌ ဆိုသည်" ဟု ဖြေကြားထားသည်။

# ကျမ်းကိုးစာရင်း


## ဗုဒ္ဓသာသနိကကျမ်းများ

၁။ ဝိနည်းမဟာဝါ ပါဠိတော်

၂။ အင်္ဂုတ္တိုရ် ပါဠိတော်

၃။ ဝိနည်းမဟာဝါ အဋ္ဌကထာ

၄။ သုတ္တနိပါတ်အဋ္ဌကထာ

၅။ ပါရာဇိကဏ်အဋ္ဌကထာ

၆။ အင်္ဂုတ္တိုရ်အဋ္ဌကထာ

၇။ ဗုဒ္ဓဝံသ အဋ္ဌကထာ

၈။ ဇာတက အဋ္ဌကထာ

၉။ ဇာတတ္ထကီ

၁၀။ မဟာဗုဒ္ဓဝင် (နိုင်ငံတော်ဗုဒ္ဓသာသနာအဖွဲ့)

၁၁။ သုမေ္မဝတီ ဗုဒ္ဓဝင်

၁၂။ ထေရာဘာသာပြန် (ပထမတွဲ) (လယ်တီပဏ္ဍိတ ဦးမောင်ကြီး)

၁၃။ သာသနာ့လင်္ကာရ စာတမ်း

၁၄။ သာသနဗဟုဿုတ ပကာသနီ

၁၅။ ဝံသဒီပနီ

၁၆။ ဇိနတ္ထပကာသနီ

၁၇။ တထာဂတ ဥဒါနဒီပနီ

## အခြားကျမ်းများ

၁။ ကူး၊ ဆရာ။ — ရွှေမော်ဓောရာဇဝင်သမိုင်း
ဟံသာဝတီသတင်းစာတိုက်၊ ရန်ကုန်။ ၁၉၁၇

၂။ ကိုယ်တော်မှိုင်း၊ ဆရာကြီး၊ သခင်။ — လေးချိုးပေါင်းချုပ် (ပထမတွဲ)
တက္ကသိုလ်ပုံနှိပ်တိုက်၊ ရန်ကုန်။ ၁၉၆၅

၃။ ကင်းဝန်မင်းကြီး။ — ပြင်သစ်နိုင်ငံသွားနေ့စဉ်မှတ်တမ်း
အစိုးရပုံနှိပ်တိုက်၊ ၁၉၃၉

# ကျမ်းကိုးစာရင်း


၄။ **ကင်းဝန်မင်းကြီး ကဗျာစု**
ဟံသာဝတီပုံနှိပ်တိုက်၊ ရန်ကုန်။ ၁၉၆၈

၅။ ကင်းဝန်မင်းကြီး။ **လန်ဒန်မြို့သွားနေ့စဉ်မှတ်တမ်း**
ကဝိမျက်မှန် စာပုံနှိပ်တိုက်၊ ရန်ကုန်။ (ပထမတွဲ) ၁၉၀၈။
(ဒုတိယတွဲ) အစိုးရ ပုံနှိပ်တိုက်၊ ၁၉၅၄

၆။ ကျီးသဲလေးထပ်ဆရာတော်။ **စွယ်စုံကျော်ထင်** (ဒု)
ဂန္ဓမာစာပုံနှိပ်တိုက်၊ ရန်ကုန်။ ၁၃၁၇

၇။ ကျော်ထွန်း၊ ဦး။ **မြန်မာစာညွှန့်ပေါင်းကျမ်း** (တ၊စ)
အစိုးရပုံနှိပ်တိုက်၊ ရန်ကုန်။ ၁၉၃၁

၈။ **ကျည်းကန်ရှင်ကြီး မေတ္တာစာ**
ပြည်ကြီးမဏ္ဍိုင်ပုံနှိပ်တိုက်၊ ရန်ကုန်။ ၁၉၅၇

၉။ ခင်ခင်စု၊ ဒေါ်။ **ပိသုကာကျမ်း**
မြန်မာနိုင်ငံသုတေသနအသင်း၊ ရန်ကုန်။ ၁၉၆၆

၁၀။ ခင်ခင်စိန်၊ ဒေါ်။ **အလောင်းမင်းတရား အမိန့်တော်များ**
မြန်မာနိုင်ငံသမိုင်းကော်မီရှင်။ ၁၉၆၄

၁၁။ ခင်မောင်စံ၊ ကယား။ "ပပ္ပဒသီဟရာဇာ မဟာစောလဖော်မင်းကြီး"
**ကယားပြည်နယ် ခုနစ်စင်ကြယ်စာစောင်**
ကယားပြည်နယ် ပြန်ကြားရေးဌာနခွဲ။ ၁၉၇၀

၁၂။ ချစ်သိန်း၊ ဦး။ **ရှေးဟောင်းမွန်ကျောက်စာပေါင်းချုပ်**
ပြည်ထောင်စု ယဉ်ကျေးမှုဌာန၊ ရှေးဟောင်း သုတေသန ဌာနခွဲ၊ ရန်ကုန်။ ၁၉၆၅

၁၃။ စပယ် (ဒီးဒုတ် ဦးဘချို)။ **ဘေဒ္ဓသီဟာ**
ဒုတိယနှိပ်ခြင်း၊ ရန်ကုန်။ (စစ်ပြီးခေတ်)

၁၄။ စု၊ ဦး။ **မြန်မာ့ယဉ်ကျေးမှုနှင့်အနုပညာဆိုင်ရာ ပိသုကာကျမ်း**
စာပေဗိမာန်ပုံနှိပ်တိုက်၊ ရန်ကုန်။ ၁၉၆၆

၁၅။ ဇေယျ။ **ဇေယျ၏စာ**
ရဲရဲတောက်ပုံနှိပ်တိုက်၊ ရန်ကုန်။ ၁၉၆၅

## ကျမ်းကိုးစာရင်း


၁၆။ ဇေယျသင်္ခယာ။ **ရွှေဘုံနိဒါန်း**
ဟံသာဝတီပုံနှိပ်တိုက်၊ ရန်ကုန်။ ၁၉၆၀

၁၇။ ဇော်ဂျီ။ "ပုဂံမြို့ဟောင်းနှင့်ကျွန်တော်" **ကုံဂေါ်မြိုင်စာတန်း**
ပုဂံစာအုပ်တိုက်၊ ရန်ကုန်။ ၁၉၆၅

၁၈။ တင်လှသော်။ "ရွှေတိဂုံစေတီတော်၏ သက်တော်"
**ကန်သာစိမ်းလဲ့စာတန်းများ**
မင်းလှစာပေ၊ ရန်ကုန်။ ၁၉၆၉

၁၉။ တင်၊ ဦး။ **မြန်မာမင်းအုပ်ချုပ်ပုံစာတမ်း (တ)**
ဗဟိုပုံနှိပ်တိုက်၊ ရန်ကုန်။ ၁၉၇၀

၂၀။ တောင်ပေါက် ဆရာတော်။ **ဗုဒ္ဓသာသနိကပဋ္ဌဝိဝင်**
သုမေ္မဝတီပုံနှိပ်တိုက်၊ ရန်ကုန်။ သက္ကရာဇ် ၁၃၂၀

၂၁။ **တို့ဗမာသီချင်း ၃၅ နှစ်မြောက်နှင့်**
**ဝိုင်၊ အမ်၊ ဘီ သခင်တင် အထိမ်းအမှတ်စာစောင်**
လုပ်အားပုံနှိပ်တိုက်၊ ရန်ကုန်။ ၁၉၆၅

၂၂။ တိက္ခဓမ္မာလင်္ကာရ၊ ဦး။ **မြန်မာရက်စွဲသမိုင်း**
ဗမာ့ခေတ်စာပေဖြန့်ချီရေး၊ မန္တလေး။ ၁၉၆၉

၂၃။ တွင်းသင်းတိုက်ဝန်၊ မဟာစည်သူ။ **တွင်းသင်းမြန်မာရာဇဝင်သစ်** (ပထမတွဲ)
မင်းရာဇာစာအုပ်တိုက်၊ ရန်ကုန်။ ၁၉၆၈

၂၄။ ထွန်းလှခိုင်၊ ဦး။ **အင်္ဂလိပ်-ရခိုင်-မြန်မာ နှစ်တရာပက္ခဒိန်**
ရခိုင် စာပုံနှိပ်တိုက်၊ စစ်တွေမြို့။ သက္ကရာဇ် ၁၃၂၂

၂၅။ ဒဂုန်နတ်ရှင်။ **မြန်မာစာပြု စာဆိုပုဂ္ဂိုလ်ကျော်များအတ္ထုပ္ပတ္တိ**
မခင်ရီ စာအုပ်တိုက်၊ ရန်ကုန်၊ သက္ကရာဇ် ၁၃၁၇

၂၆။ နဂါးဗိုလ် ထိပ်တင်ဒွေး။ **ရန်ကုန်ရာဇဝင်**
ဘားမင်း သတင်းစာတိုက်၊ ရန်ကုန်။ ၁၉၅၄

၂၇။ **နဝဒေးရတုပေါင်းချုပ်**
ဟံသာဝတီပိဋကတ်စာပုံနှိပ်တိုက်၊ မန္တလေး။ ၁၉၆၄

၂၈။ နတ်မောက် ဘုန်းကျော်။ **အင်္ဂလိပ်-မြန်မာစစ်သမိုင်း**
ပုဂံစာအုပ်တိုက်၊ ရန်ကုန်။ ၁၉၆၆

၂၉။ **နိုင်ငံတော်မှူး မဟာဂီတ** (ပ၊ ဒု၊ တ)
ပြည်ထောင်စု ယဉ်ကျေးမှုဌာန၊ ဗဟိုပုံနှိပ်တိုက်၊ ရန်ကုန်။
၁၉၆၉

# ကျမ်းကိုးစာရင်း


၃၀။ **ပုဂံရက်သတ္တပတ် ဟောစပြောချက်များ**
ရွှေးဟောင်းသုတေသနဌာန၊ ရန်ကုန်။ ၁၉၆၁

၃၁။ ဖာနီဗယ်၊ဂျေ၊အက်(စ်)၊ဒေါက်တာနှင့် ဖေမောင်တင်၊ ဒေါက်တာ။ (တည်းဖြတ်) **ဇမ္ဗူဒီပဥဆောင်းကျမ်း**
မြန်မာနိုင်ငံသုတေသနအသင်း၊ ရန်ကုန်။ ၁၉၆၀

၃၂။ ဗညားဒလ။ **"ရာဇာဓိရာဇ်အရေးတော်ပုံ" မြန်မာမင်းများအရေးတော်ပုံ**
နန်းမြင့်စာပေ၊ ရန်ကုန်။ ၁၉၇၀

၃၃။ **ဗိုလ်ချုပ်အောင်ဆန်းမိန့်ခွန်းများ**
စာပေဗိမာန်ပုံနှိပ်တိုက်၊ ရန်ကုန်။ ၁၉၇၁

၃၄။ ဘမောင်၊ သခင်။ **ဆရာကြီး သခင်ကိုယ်တော်မှိုင်း တင်စားပြောကြားခဲ့သည့် ပုံပြင်များ**
ဝင်းမော်ဦးစာပေဖြန့်ချိရေး၊ ရန်ကုန်။ ၁၉၆၇

၃၅။ ဘုရားဖြူ ဆရာတော် (သုတ်သင်ပြင်ဆင်) **ကလျာဏီကျောက်စာ (ပါဠိ၊ နိဿျ)**
သုဓမ္မဝတီစာပုံနှိပ်တိုက်၊ ရန်ကုန်။ ၁၉၃၈

၃၆။ ဘော၊ ဦး။ **ကဗျတ္ထ စန္ဒိကာကျမ်း (ရွှေနားတော်သွင်း ဧချင်းအဖြေ)**
မြန်မာ့အလင်း သတင်းစာပုံနှိပ်တိုက်၊ (ဒုတိယနှိပ်ခြင်း) ရန်ကုန်။ သက္ကရာဇ် ၁၂၈၈

၃၇။ မောင်ကြီး၊ လယ်တီပဏ္ဍိတ၊ ဦး။ **ကဗျာ့မဥ္စရီ**
ပညာအလင်းပြစာအုပ်တိုက်၊ ရန်ကုန်။ သက္ကရာဇ် ၁၃၂၃

၃၈။ မောင်မောင်တင်၊ ဦး။ **ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီး**
(ပ၊ ဒု၊ ၁၉၆၇)(တ၊ ၁၉၆၈)။
လယ်တီမဏ္ဍိုင်ပုံနှိပ်တိုက်၊ ရန်ကုန်မြို့။

၃၉။ မောင်မောင်၊ ဒေါက်တာ။ **မြန်မာ့နိုင်ငံရေးခရီးနှင့် ဗိုလ်ချုပ်ကြီးနေဝင်း**
ပုဂံစာအုပ်တိုက်၊ ရန်ကုန်၊ ၁၉၆၉

၄၀။ မောင်မှိုင်း၊ မစ္စတာ။ **ဘိုးကြင်းကောက်ဋီကာ**
အမျိုးသားစာပုံနှိပ်တိုက်၊ ရန်ကုန်မြို့။ ၁၉၂၇

၄၁။ ။ ။ **မျောက်ဋီကာ**
ဒဂုန်မဂ္ဂဇင်းတိုက်၊ ရန်ကုန်။ သက္ကရာဇ် ၁၂၈၄

# ကျမ်းကိုးစာရင်း


၄၂။ မောင်သုတ၊ (ဗိုလ်ကြီး ဘသောင်း)။ စာဆိုတော်များအတ္ထုပ္ပတ္တိ
ဟံသာဝတီပုံနှိပ်တိုက်၊ (ဒုတိယနှိပ်ခြင်း)
ရန်ကုန်။ ၁၉၆၆

၄၃။ မုံရွေးဇေတဝန်ဆရာတော်။ သမန္တစက္ခုဒီပနီကျမ်း (၃)
သုဓမ္မဝတီစာပုံနှိပ်တိုက်၊ ရန်ကုန်။ ၁၃၀၂

၄၄။ ။ ။ စေတီယကထာ (စာကူးစက်မှု)
ငွေယမုန်စာပေ၊ ရန်ကုန်

၄၅။ ။ ။ မုံရွေးဆရာတော်မှတ်စုများ
ဟံသာဝတီ ပုံနှိပ်တိုက်၊ ရန်ကုန်။ ၁၉၆၃

၄၆။ မြန်မာ့စွယ်စုံကျမ်းများ (အတွဲ ၃၊ ၄၊ ၇၊ ၁၁)
စာပေဗိမာန်၊ ရန်ကုန်

၄၇။ မှန်နန်းမဟာရာဇဝင်တော်ကြီး (ဒု-တ)
မန္တလေး ပိဋကတ်တိုက်၊ မန္တလေးမြို့။ သက္ကရာဇ် ၁၃၀၃

၄၈။ ရီရီ၊ ဒေါ်။ မြန်မာအင်္ဂလိပ်ပြက္ခဒိန်
မြန်မာနိုင်ငံ သမိုင်းကော်မရှင်ကျမ်းစဉ် - ၁၊ ရန်ကုန်။၁၉၆၅

၄၉။ ရန်ကုန်မြို့ ရွှေတိဂုံစေတီတော်ကြီး ဥပဒေလက်စွဲ
ဟံသာဝတီပုံနှိပ်တိုက်၊ ရန်ကုန်။ ၁၉၄၁

၅၀။ ရွှေတိဂုံပျို့ (ဆင့်ကူးပေမူ)

၅၁။ ရွှေတိဂုံဘုရားအနောက်မြောက်ထောင့်ရှိ ဦးရွှေနီ-ဒေါ်စော
တန်ဆောင်းအတွင်းရှိကြေးခေါင်းလောင်းစာ (လက်ရေးမူ)
မြန်မာနိုင်ငံသမိုင်းကော်မရှင်

၅၂။ ရွှေနော်၊ ဦး။ မှန်ရာဇဝင် စေတီတော်နှင့် သမိုင်းပေါင်းချုပ်
ဟံသာဝတီသတင်းစာတိုက်၊ ရန်ကုန်

၅၃။ ရွှေပြည် ဦးဘဝင်။ မြန်မာစာပေလောက
ကမ္ဘာ့ခေတ်စာပေတိုက်၊ မန္တလေးမြို့။ ၁၉၆၇

၅၄။ ရွှေသွေး စိန်မှန်ကင်းအစစ် ထင်းဖြစ်ခဲ့စဉ်
စန္ဒာဝင်းစာအုပ်တိုက်၊ ရန်ကုန်။ ၁၉၆၇

## ကျမ်းကိုးစာရင်း


၅၅။ လူထု ဦးလှ။(စုဆောင်းသူ) သတင်းစာများသည် သမိုင်းကိုပြောပြနေကြသည်
ကြီးပွားရေးပုံနှိပ်တိုက်၊ မန္တလေး။ ၁၉၆၃

၅၆။ ။ ။ သတင်းစာများကပြောတဲ့ စစ်အတွင်းမြန်မာပြည်
(ပ-ဒု-တ-စ)
ကြီးပွားရေးစာအုပ်တိုက်၊ မန္တလေး

၅၇။ လူဖေဝင်း၊ ဦး။ ရွှေတိဂုံ မှန်ကျောက်စာနှင့် ရတနာစကြံ့မှန်ကျောက်စာ
ပြည်ထောင်စု ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရန်ကုန်။ ၁၉၅၈

၅၈။ လက်ဝဲနော်ရထာနှင့် တွင်းသင်းတိုက်ဝန်။ အလောင်းဘုရား အရေးတော်ပုံ၊ နှစ်စောင်တွဲ
ပြည်ထောင်စု ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရန်ကုန်။ ၁၉၆၁

၅၉။ လွင်၊ ဦး။ ကဗျာသင်္ဂဟမေဒနီ
ဟံသာဝတီပုံနှိပ်တိုက်၊ ရန်ကုန်။ ၁၃၂၇

၆၀။ ဝံသအဂ္ဂ၊ ဆရာတော်၊ ဦး။ ရွှေတိဂုံသမိုင်းသစ်
ဟံသာဝတီပုံနှိပ်တိုက်၊ ရန်ကုန်။ ၁၉၆၃

၆၁။ ဝက်မစွတ်စာစု (လက်နှိပ်စက်မူ)
မြန်မာနိုင်ငံသမိုင်းကော်မီရှင်

၆၂။ သီလာနန္ဒာဘိဝံသ၊ အရှင်။ မြန်မာဗိသုကာပညာရှင်ဆရာဆိုင်
မြဇော်ပုံနှိပ်တိုက်၊ မန္တလေး။ ၁၉၇၁

၆၃။ ဝေသော်ဇင်၊ ဦး။ ရွှေဒဂုံဘုရား
စာပုလွေတိုက်၊ ၁၁၆/၇ ရန်ကင်း၊ ရန်ကုန်။ ၁၉၇၀

၆၄။ သံလျင်ရာဇဝင်
သစ္စဝါဒီသတင်းစာပုံနှိပ်တိုက်၊ ရန်ကုန်။ ၁၉၂၅

၆၅။ သန်းထွန်း။ ခေတ်ဟောင်းမြန်မာရာဇဝင်
မဟာဒဂုန်စာပေထုတ်ဝေရေး၊ ရန်ကုန်။ ၁၉၆၄

၆၆။ သိန်း၊ မှော်ဘီဆရာ။ ပညာယိုကြီးများအကြောင်း(ပထမနှိပ်ခြင်း)
ပညာအလင်းပြစာပုံနှိပ်တိုက်၊ နတ်တလင်းမြို့။ ၁၂၉၉

၆၇။ ။ ။ မြန်မာဝန်ကြီးမှူးကြီးများအတ္ထုပ္ပတ္တိ (ဒုတိယနှိပ်ခြင်း)
အေးအေးစာပုံနှိပ်တိုက်၊ ရန်ကုန်။ ၁၉၆၇

## ကျမ်းကိုးစာရင်း


၆၈။ သိန်း၊ မောင်ဘီဆရာ။ **ရှေးမြစ်စာတန်း (ဒုတိယနှိပ်ခြင်း)**
အေးအေးစာပုံနှိပ်တိုက်၊ ရန်ကုန်။ ၁၉၆၈

၆၉။ သိမ်းမောင်၊ ဦး။ **ရန်ကုန်ရာဇဝင်သမိုင်း**
ငွေစာပေရိပ်မြုံ၊ ရန်ကုန်။ ၁၉၆၂

၇၀။ သက်တင်၊ ဦး။ **ရွှေမော်ဓောသမိုင်း**
စာပေဗိမာန်ပုံနှိပ်တိုက်၊ ရန်ကုန်။ ၁၉၅၅

၇၁။ သွင်၊ ရတနာ၊ ဦး။ **ရွှေတိဂုံသမိုင်းချုပ်နှင့်ထီးတော်အကြောင်းသိကောင်းစရာ**
(ပဉ္စမနှိပ်ခြင်း)၊ ရတနာဦးသွင် ဆေးရောင်စုံပုံနှိပ်တိုက်၊
ရန်ကုန်။ ၁၉၇၁

၇၂။ **အခြေပြမြန်မာ့နိုင်ငံရေးသမိုင်း (ပထမတွဲ)**
မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ၊
ပါတီစည်းရုံးရေးဗဟိုကော်မီတီဌာနချုပ်၊ ရန်ကုန်၊ ၁၉၇၀

၇၃။ **အင်္ဂလိပ်-မြန်မာနှစ်တရာပြက္ခဒိန် (၁၂၂၅–၁၃၂၅)**
ပညာအလင်းပြစာအုပ်တိုက်၊ ရန်ကုန်။ ၁၉၆၄

၇၄။ အမာ၊ ဒေါ်။ **ရွှေရိုးဘကလေး(ပထမတွဲ)**
ကြီးပွားရေးပုံနှိပ်တိုက်၊ မန္တလေး

၇၅။ **အမျိုးသားနေ့နှင့် အမျိုးသားပညာရေး လှုပ်ရှားမှုသမိုင်း အကျဉ်း**
မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ၊ ပါတီစည်းရုံးရေး
ဗဟိုကော်မီတီဌာနချုပ်၊ ရန်ကုန်။ ၁၉၇၀

၇၆။ **အမျိုးသားနေ့ရွှေရတုသဘင်အထိမ်းအမှတ်စာစောင်၊၁၉၇၀**
မြန်ကြားရေးဝန်ကြီးဌာန၊ ရန်ကုန်

၇၇။ အာဒိစ္စရံသီ၊ အရှင်။ **ရွှေတိဂုံသမိုင်းတော်သစ်**
ဟံသာဝတီပုံနှိပ်တိုက်၊ ရန်ကုန်၊ ၁၉၆၇

၇၈။ ကျော်၊ ဦး။ **မြန်မာနိုင်ငံအမျိုးသားပညာရေးသမိုင်း**
ပုလဲပန်းစာပေ၊ ရန်ကုန်၊ ၁၉၇၀

# ကျမ်းကိုးစာရင်း

## မြန်မာဆောင်းပါးများ


၁။ ကိုယ်တော်မှိုင်း၊ သခင်။ "ငှက်မြတ်နားတင်လေးချိုး ၁၉၂၁"
ဒဂုန်မဂ္ဂဇင်း၊ ၁၉၂၁ ခု၊ မတ်လ၊ အတွဲ ၁၊ အမှတ် ၈။

၂။ ကြေးမုံသတင်းစာများ (၁၉၇၀-၇၁)

၃။ တင်လှသော်။ "မြတ်လှအစုံ ရွှေတိဂုံ"
ပြည်သူ့ကြယ်ဂျာနယ်၊ ၁-၁၀-၇၀။

၄။ ထားဝယ် ကျော်မင်း။ "ရွှေတိဂုံစေတီပေါ် ကျားတက်ဖိန်းသံ"
လုပ်သားပြည်သူ့နေ့စဉ်၊ ၂၈-၁၀-၇၀။

၅။ နိုင်ပန်းလှ။ "ရွှေတိဂုံ မှန်ကျောက်စာ"
ယဉ်ကျေးမှုစာစောင်၊ ၁၉၅၆ ခု၊ မတ်လ။

၆။ ။ ။ "စစ်ကဲမောင်ထော်လေး ကျောက်စာ"
မြဝတီမဂ္ဂဇင်း၊ ၁၉၇၀ ခု၊ ဖေဖော်ဝါရီလ။

၇။ မယ်သိခ်။ "ရွှေတိဂုံဆံတော်ပင့်ရာလမ်း"
အိုးဝေဂျာနယ်၊ ၁-၄-၇၁၊ (အမှတ် ၆၄)။

၈။ မင်းသုဝဏ်။ "ရှိသေသဒ္ဓါ ထုံးစဉ်လာဖြင့်"
ရှုမဝမဂ္ဂဇင်း၊ ၁၉၅၈ ခု၊ စက်တင်ဘာလ။

၉။ မောင်မောင်မြင့်(နတ္တလင်း)။ "ရွှေတိဂုံစိန်ဖူးတော်နှင့် ငှက်မြတ်နား အခြေအနေ မကောင်းပါ"
အိုးဝေဂျာနယ်၊ ၁၅-၁၁-၇၀၊ (အမှတ် ၅၅)။

၁၀။ မောင်ဘိုးတန်။ "မေ့မနိုတ် ပန်းသည်အိုကို နန်းမယ်ပျိုထင်၍"
ငွေတာရီမဂ္ဂဇင်း၊ ၁၉၇၀ ခု၊ ဖေဖော်ဝါရီလ။

၁၁။ လုပ်သားပြည်သူ့နေ့စဉ် သတင်းစာများ (၁၉၇၀-၇၁)

၁၂။ သူရိယသတင်းစာများ (၁၉၃၀)

၁၃။ သူရိယမဂ္ဂဇင်းများ (၁၉၁၈)

၁၄။ သူရိယ ၂၅ နှစ်မြောက် တထူးစာစောင်
၁၉၃၆ ခု၊ ဇူလိုင်လ။

၁၅။ သိန်း၊ မှော်ဘီဆရာ။ — "ပဲခူးဟံသာဝတီမြို့ကို မင်းအဖြစ်နှင့် စိုးစံတော်မူသော ရှင်စောပုအကြောင်း"
မြန်မာနိုင်ငံ သုတေသနအသင်းဂျာနယ်
အတွဲ ၁၊ အပိုင်း ၂၊ ၁၉၁၂။

၁၆။ သိမ်းမောင်၊ ဦး။ — "ဦးထော်လေးကျောက်စာ"
မြဝတီမဂ္ဂဇင်း၊ ၁၉၆၂ ခု၊ ဧပြီလ။

၁၇။ — သစ္စာဝါဒီ နှစ်သစ်ကူး အထူးရုပ်စုံသတင်း
ရန်ကုန်၊ ၁၂၉၃

၁၈။ ကျော်၊ ဦး။ — "ဗဒုံမင်းလက်ထက် ရန်ကုန်ဆိပ်ကမ်း"
ပညာပဒေသာစာစောင်၊ အတွဲ ၄၊ အပိုင်း ၂-၃၊ ၁၉၆၉

၁၉။ ။ ။ — "ဟံသာဝတီ ၃၂ မြို့ စစ်တမ်း"
ပညာပဒေသာစာစောင်၊ အတွဲ ၁၊ အပိုင်း ၄၊ ၁၉၆၆


## အင်္ဂလိပ်ဘာသာကျမ်းနှင့် ဂျာနယ်မဂ္ဂဇင်းများ


1. Aung Than, U ... *Shwedagon—The Sacred Shrine.* The Superintendent, Govt. Printing and Stationery, Burma, 1949.

2. Biggs, T. H. ... *The Shwedagon Pagoda, Rangoon.* A Hanthawaddy Publication, 1963. (First published 1895).

3. Bird, G. W. ... *Wanderings in Burma.* Simpkin, Marshal,Hamilton, Kent & Co., London 1897.

4. Brown, Percy ... *Indian Architecture* (Buddhist & Hindu) Taraporevala & Sons & Co. Ltd., Bombay, 1942.

5. ... *Burma Home Proceedings* General Dept. 23 May 1872. 30 May 1885.

6. Chit Thoung, Mrs. ... *Mi Cao Bu*
ရန်ကုန်တက္ကသိုလ် မွန်အသင်း နှစ်ပတ်လည်မဂ္ဂဇင်း
(အင်္ဂလိပ်ဘာသာကဏ္ဍ) ၁၉၅၆ - ၅၇

7. Christopher, S. A. ... *Big Game Hunting in Lower Burma.*
Burma Pictorial Press, Rangoon, 1916.

8. Cox, Capt. Hiram ... *Journal of a Residence in the Burhman Empire.*
London, 1821.

9. Desai, W. S. ... *A Pageant of Burmese History.*
Orient Longmans Ltd., 1961.

10. " " ... *History of the British Residency in Burma*
The A.B.M. Press, Rangoon, 1939.

11. Duroiselle, Charles ... "*The Age of The Shwedagon Pagoda.*"
*Archaeological Survey of India.*
(1923-24) pp. 126—128.

12. Fergusson, James ... *History of Indian and Eastern Architecture.*
2 Vols. London, 1910.
(Book VII, Further India, Chapter I
*Burma*, pp. 339—370).

13. Forchammer, Dr. Emil ... *Notes on the Early History and Geography of Burma.*
1. The Shwedagon Pagoda (Rangoon, 1883).

14. Fytche, Albert Kegan ... *Burma Past and Present.*
Paul & Co. London, 1878.

15. Gascoigne, Gwendolen Trench *Among Pagodas and Fair Ladies.*
A. D. Innes & Co. London, 1896.

16. Hall, D. G. E. ... *Europe and Burma.*
Oxford University Press, 1945.

17. Harvey, G. E. ... *History of Burma* (From the Earliest Times to 10 March 1924. The Beginning of the English Conquest).
Frank Cass & Co. London, 1967.

18. Khin Maung Nyunt, Dr. ... *The Shoe Question* or *The Loss and Regaining of Our Independence*. The Guardian Magazine. February, 1970.

19. Laurie, William F.B. ... *The Second Burmese War*. (A Narrative of the Operations at Rangoon in 1852). Smith, Elder & Co. London, 1853.

20. Maung Maung ... *Burma's Constitution*. Martinus Nighoff, The Hague, 1961. (Second Edition).

21. Nai Pan Hla ... *The Great Shwedagon Pagoda*. The Working Peoples' Daily Sunday Supplement (9-4-72)

22. Pearn, B. R. ... *A History of Rangoon*. American Baptist Mission Press, Rangoon, 1939.

23. Pe Maung Tin ... "*The Shwedagon Pagoda*." Journal of the Burma Research Society. Vol. XXIV, Part I (1934).

24. Scott O'Connor, V. C. ... *The Silken East*. Volume I. Hutchinson & Co., London, 1904.

25. Snodgrass,Major ... *Narrative of the Burmese War*. John Murray, Albemarle Street. London, 1823.

26. Symes, Michael ... *Journal of His Second Embassy to the Court of Ava in* 1802. Edited by D.G.E. Hall. George Allen & Unwin Co. London, 1955.

27. Temple, R. C. ... *A Note on the Name Shwedagon*. The Indian Antiquary Journal Vol. XXII January 1883, pp. 27-28.

28. Tun Yin, U ... *The Shwedagon Pagoda Tigress*. The Guardian Daily (17-2-71).

29. Vivian Ba ... *Ivan Pavlovich Minayeff and His Burma Diary.*
The Guardian Magazine, April – May, 1965.

30. White, Peter ... *Mosaic of Cultures.*
The National Geographic Magazine, March 1971,

31. Wright, Arnold (Ed.) ... *Twentieth Century Impressions of Burma.*
Lloyd's Greater Britain Publishing Co., London, 1910.

32. Yule, Henry ... *Narrative of The Mission to the Court of Ava in 1855.*
Oxford University Press, London, New York 1968.

# အက္ခရာစဉ်အညွှန်း

[အကြောင်းရပ်များကို အလွယ်တကူရှာဖွေနိုင်ရန် အက္ခရာစဉ်၍ ထည့်သွင်းထားပါသည်။ "မြန်မာ့စွယ်စုံကျမ်း"နှင့် "တက္ကသိုလ်မြန်မာအဘိဓာန်"တို့၌ အသုံးပြုသောကာရန်စနစ်အတိုင်း စီစဉ်ထည့်သွင်းပါသည်။ ဦး၊ ဒေါ်၊ ဆရာ စသည့်အသုံးအနှုန်းများကို အမည်၏နောက်၌ထားရှိပါသည်။ ဂဏန်းအမည်းများမှာ ရုပ်ပုံပါသောစာမျက်နှာကို ညွှန်းပါသည်။ အကြောင်းရပ်၏ အောက်တွင် လက်ယာဖက်သို့ တိုးကပ်ထားသောအကြောင်းရပ် ခွဲများမှာ အထက်ပိုဒ်အကြောင်းရပ်နှင့်ဆက်စပ်၍ ဖတ်ရန်ဖြစ်ပါသည်။]

(က)


ကဆုန်ညောင်ရေပွဲ ၆၀၊ ၂၃၄ – ၂၃၅၊ ၂၃၅
  သွန်းရန်ဗောဓိပင် ၂၈၁ – ၂၈၂
· ကမာရွတ်ခံတပ် ၇၉
ကရက်ဒေါက်၊ ဆာရယ်ဂျီနယ် ၁၉၁
ကလျာဏီသိမ် သမုတ်ခြင်း ၅၀
"ကဝိလက္ခဏာသတ်ပုံကျမ်း" ၃၄၀
ကုဋီ၊ အိမ်သာနှင့်ဝေယျာဝစ္စ
  သန့်ရှင်းရေးအဖွဲ့ ၂၆၅
ကုလားကြီး၊ ဦး။ ပြုပြင်လှူဒါန်းခြင်း ၂၇၇
  တန်ဆောင်း ၂၇၆
ကုလားရုပ်ကြီးများပုံ ၂၆၆
ကူး၊ ဆရာ ၃၃၉
ကေဘွတ်နှ်၊ ဗိုလ်မှူးချုပ် ၈၄
ကော်ပလင် (အင်အားဖြည့်
  ထိန်းချုပ်ကရိယာ) ၁၅၄
ကောကျွန်းရွာ ၃၃၉
ကင်းဘဲလ်၊ ဗိုလ်ချုပ် ၇၉၊ ၈၁၊ ၈၂
ကင်းဝန်မင်းကြီး ၈၊ ၁၂
  ရေးဖွဲ့သောကဗျာ ၃၂၅
  အဖွဲ့ဆွမ်းကျွေး ၁၈၅
ကောင်းမှုတော်စေတီ ၁၆၇
ကောင်းမှုရှင်များစာရင်း
  မပြည့်စုံနိုင်ပုံ ၂၉၃
ကစ်၊ ဦး။ ဒေါ်မမလေးကောင်းမှု ၂၅၅
ကန်တော်မင် (ဦးဥတ္တမ) ပန်းခြံ ၁၇၊ ၁၈
ကန်ဘဲ့ဝါပိုးတပ် ၈၃
"ကန်သာစိမ်းလဲ့စာတန်းများ" ၃၄၄
ကန်သည်ညီနောင်အမည်မှုကွဲများ ၃၃၇၊ ၃၃၈
ကုန်းတော်ကို လုယူရန်အကြံ ၉၃၊ ၁၈၂
  ကိစ္စပြည်သူ့ဆန္ဒတောင်းခြင်း ၂၀၁–၂၀၃
  ကိစ္စအင်္ဂလိပ်အစိုးရ
  လိုက်လျောရခြင်း ၂၀၃–၂၀၄
  ခံတပ် ၉၃၊ ၁၈၂
  ထိပ်ရင်ပြင်အကျယ် ၂၈၈
  မြေကိုအင်္ဂလိပ်က အုတ်တန်တိုင်းခတ် ၂၈၉
  မြေဂရန် ၂၀၁
  မြေအမျိုးအစား ၂၈၈
  မြေအလယ်ပစ္စယာ ၂၈၇ – ၂၈၈
ကုန်းတော်ပေါ်မှ
  ခဲယမ်းမီးကျောက်တိုက် ၁၉၆ – ၂၀၆
  စစ်တပ်ပြောင်းရွှေ့ရန်နှင့်
  ဂျီစီဘီအေ ၁၉၈ – ၁၉၉
  လူထုအစည်းအဝေးပွဲများ ၂၁၅
  လက်နက်တိုက် ပေါက်ကွဲခြင်း ၉၃
  သစ်တပ်ခံတပ် ၈၆
  အမြောက် ၈၁
  အင်္ဂလိပ်သင်္ချိုင်းရွှေ့ ၂၀၀
"ကုန်းဘောင်ဆက်မဟာရာဇဝင်" ၁၁၅၊ ၃၃၉
  ၃၄၃
ကမ္ဘောဒီးယား ၁၄၉
ကမ္ဘာအေးစေတီဘဏ္ဍာထိန်းအဖွဲ့ ၁၃၆
ကမ်းနားဈေးတန်ဆောင်း ၂၇၂၊ ၂၇၂
  ကို မီးရှို့ခြင်း ၂၁၂
ကျီးသဲလေးထပ်ဆရာတော် ၁၁
ကျော်ဇော၊ ဦး။ ကောင်းမှု ခေတ်လှေကား ၂၉၂
ကျော်ရ၊ ဦး။ ၏ တေးထပ် ၃၃၄
ကျောက်စာတိုင်ကြီးများ ၃၆၊ ၃၉
  မြေမှတူးယူရခြင်း ၂၇၈

# အက္ခရာစဉ် အညွှန်း


ကျောက်မြောင်း၊ ရွှေဂုဏ်မြင့်အဖွဲ့ ၂၅၇
ကျိုက်ခေါက်စေတီ ၅၈၊ ၂၈၃
ကျိုက်အသုတ်ဘုရား ၄၁
ကျောင်းသားသပိတ်များ ၁၆၊ ၁၃၂
၂၀၇ – ၂၀၈
၂၁၀၊ ၂၁၁
ကျည်းကန်ရှင်ကြီး ၈၊ ၁၀၊ ၁၁
  ၏ ရွှေတိဂုံမြို့ဘွဲ့ ၃၂၄ – ၃၂၅
ကြာနုအရေအတွက်အထက်၊ အောက် ၁၆၉ – ၁၇၀
ကြာမှောက်ကြာလန် ၁၆၇– ၁၇၀၊ ၁၆၈
ကြာသွတ်အိုး ၂၅၄
ကြေးစလောင်း ၁၅၄
ကြေးဘွတ် ၁၅၄
ကြင်စု၊ ဦး။ ကောင်းမှု ဓာတ်လှေကား ၂၉၂
ကြည့်မြင်တိုင် ၄၂၊ ၈၀
  ခံတပ် ၇၆၊ ၇၉
  အရပ်သားများကောင်းမှု ၉၉
  ဈေးကြီးဘုံတန်ဆောင်း ၂၆၉
ကြည်းဝန်း ၁၅၂၊ ၁၆၆
ကြက်ကျစ်မုံ၊ ပျားဆုပ်မုံ ၂၂

( ခ )

ခိုနန်းချိုးများ ၁၅၂၊ ၁၆၆
ခင်ကြီးဖျော် ဆရာတော် ၁၃
ခင်၊ ဆရာ။ ဗိသုကာ၏လက်ရာ ၂၅၆၊ ၂၅၉၊ ၂၇၅
ခေါင်းလောင်းနှား (နွတ်ခမ်းထူ) ၁၆၇
ခံကတုတ်သုံးဆင့် ၂၉၀
ခံတပ်နေရာ ၂၆၅
  ရွှေခြင်း ၂၀၀
  ဟောင်းများ ၂၈၉
  ဟောင်းနေရာပုံ
  အနောက်တောင်ထောင့်— ၂၉၀
  အဖြစ်ကုန်းတော်ကို အသုံးပြုခြင်း ၁၃၀
ချားစ်အော်စတင် ၈၇
ချိန်၊ ကန်။ ဦး၊
  ဒေါ်ကြည်ကြည်တန်ဆောင်း ၂၅၇၊ ၂၈၁
ခြေတော်ရာ (အဂ်ါထောင့်) ၂၈၃၊ ၂၈၃
  တန်ဆောင်း (မြောက်ဖက်) ၂၆၉
  နဂါးခွေပတ်ထားသော — ၂၆၆၊ ၂၆၇

ခြသေ့်ကြီးနှစ်ကောင်၊
  (တောင်ဖက်မှတ်) ၂၄၈
ခွာသားခေါ် အရံစောင့် ၂၃၀

( ဂ )

ဂရန်၊ ခြင်းချက်မပါသော — ၂၀၅
  ထုတ်ပေးခြင်း ၂၂၄
ဂေါတမဘုရားရှင် ၂၇၂
  မြတ်စွာ ပွင့်တော်မူသည့်နေ့ ၂၁
  မြတ်စွာဘုရား ၂၈၂
  မြတ်စွာဘုရား ပါရမီဖြည့်ရာ ကာလ ၂၉၄–၂၉၅
ဂေါပက လူကြီးများ ၁၈၅၊ ၂၂၁
  တို့၏ လုပ်ပိုင်ခွင့် ၁၄ ချက် (၁၈၇၂) ၂၁၉
  ပထမ ခြောက်ဦး ၁၀၀၊ ၂၁၈
  ပထမဆုံး (ဦးထော်လေး) ၉၄
  များ၏ပုံ (၁၉၀၆) ၂၂၂
  များ၏ပုံ (၁၉၇၀) ၂၂၇
  အစိုးရခန့် (၁၈၇၂) ၂၁၉
  အလှည့်ကျ— ၂၂၈–၂၂၉
ဂေါ်ဒွင်၊ ဗိုလ်ချုပ် ၈၆
ဂတ်စပရီဗာလဗီ ၃၊ ၅၃
ဂန္ဓကုဋိတိုက်စေတီ ၂၄၂
ဂျီ၊ စီ၊ ဘီ၊ အေ(မြန်မာအသင်းချုပ်ကြီး) ၁၉၈–၁၉၉
ဂျပ်ဒ်ဆင်မြင်တွေ့ခဲ့သော တပေါင်းပွဲ ၁၈၀
  ၏ ဇနီး ၂၄၄
ဂျိန်း ဖာဂပ်ဆင် ၁၄၉
ဂျွန် ကရောဖတ် ၁၈၀
ဂြိုဟ်တိုင် ၂၄၂

( င )

ငဇင်ကာခေါင်းလောင်းသယ်ခြင်း ၅၀
  စေတီ ပုထိုးဖျက်ခြင်း ၅၅
ငမိုးရိပ်မြစ် ၃၄၄
ငလျင်လှုပ်ခြင်း ၅၂၊ ၅၄၊ ၅၆၊ ၅၇
၅၈၊ ၁၂၃၊ ၁၂၈၊ ၁၃၃
  ဖြစ်ပေါ် စေသည့် မြေအောက်ရွှေပြတ် ၂၈၈
  ဒဏ်ကို ပြည်သူ့ပြုပြင်ခြင်း ၅၄
  ကြောင့်ပျက်စီးခြင်း (ဆင်ဖြူရှင်လက်ထက်) ၆၈
ငြိမ်းစေတီ ၁၃၃
  ဆရာ ကိုတင်လှ ၁၃၃

# အက္ခရာစဉ်အညွှန်း


ငြိမ်းဆင်နေဆဲပုံ(၁၉၇၀) ၁၃၄
မင်းတုန်းမင်း ထီးတင်စဉ်က
ထိုးသော — ၁၈၂–၁၈၃
ငွေဇင်၊ ဒေါ်။ ကောင်းမှု ၂၇၆
ငှက်ပျောဖူး ၁၇၀
၌ ရွှေပြားကပ်ခြင်း ၁၂၇–၁၂၈
ငှက်မြတ်နား ၁၅၇–၁၅၉
တင်ပွဲများ ၁၂၃–၁၂၄
မှ ရတနာစာရင်း ၁၅၉
အလေးချိန် ၁၃၅

(စ)

စာဆိုတို့အမြင် ၈–၁၂
စာတော်ပြန်ဆရာသိမ်း ၃၄၃
စာတိုက်ဌာန ဓမ္မာရုံ ၂၇၈
စေတနာသမ္မာရဝတ်အသင်း ၂၆၀
စေတီဥာဏ်တော် (ဗညားကင်းဒေါလက်ထက်) ၄၄
စေတီတော် ခုနစ်ထပ် ၃၃၊ ၁၅၂
တည်ထားသောနေ့ ၃၄
ပုံအငယ်ကြေးစေတီ ၂၈၃၊ ၂၈၅
မီးခဲ့စဉ်က ၁၃၁ – ၁၃၂၊ ၂၇၈
ဘွဲ့ စာများ ၃၂၀ – ၃၃၆
သမိုင်းဆိုင်ရာ ပုစ္ဆာများ ၃၂၃
သမိုင်း မပြည့်စုံနိုင်ပုံ ၂၉၃
သမိုင်းအထောက်အထားသုံးမျိုး ၃၃၇
သို့တက်ရာလမ်း ၅၊ ၆၆–၆၇
သို့တက်ရာလမ်းတလျှောက်ရှုခင်း ၆၇
စေတီယင်္ဂဏအသင်းတန်ဆောင်း ၂၆၉
စေတီရုံများ ၁၃၊၁၁၈၊၁၆၃၊ ၂၈၆
ရုံ ၄၈ ဆူ(ဗညားရန်စည်မင်း ကောင်းမှု) ၅၁
ရုံ ၆၄ ဆူ (ဦးဆော်လေးလက်ထက်) ၉၈
လေးမျိုး ၁၅၀
၏ အစိတ်အပိုင်းများ ၁၅၁–၁၅၂
စောလဖော်၊ ကယားစော်ဘွား ၁၉၊ ၂၆၉
စောလှိုင်၊ ဦး။ အမျိုးသားပညာဝန် ၁၃၀
စောင့်ရှောက်ရေးနှင့် ဘာသာရေး
အသင်းအဖွဲ့များ ၃၀၅–၃၀၆
စစ်ကျုံးတန်တားထိပ်မှ သံတံခါးကြီးပုံ ၂၉၁
စစ်ကွင်း ဆရာတော်တန်ဆောင်း ၂၆၉
စစ်တပ်ပြောင်းရွှေ့ရေး အရေးဆိုခြင်း ၁၉၆–၂၀၆
ပြောင်းရွှေ့ခြင်း ၁၆၊၂၂၄၊၁၃၀
စစ်ဒဏ်မှ လွတ်ကင်းအောင် စီစဉ်ခြင်း ၂၁၃ – ၂၁၄
မြို့သူမြို့သားများ ခိုလှုံခြင်း ၂၁၂
စစ်သင်္ချိုင်းရွှေ့ခြင်း ၁၂၉၊ ၂၀၀
စဉ့်ကူးမင်းကောင်းမှု ၇၁ – ၇၂
ခေါင်းလောင်းကြီး ၇၁ – ၇၂၊ ၁၈၂၊ ၂၆၂
ခေါင်းလောင်းစာ ၂၆၁ – ၂၆၃
ခေါင်းလောင်းအလေးချိန် ၂၆၂
စိန့်ပေါလ်ဘုရားရှိခိုးကျောင်း (လန်ဒန်) ၇
စိန္တကျော်သူဦးဩ ၆၅
စိန္တာ၊ ဦး။ သဘာဝဓမ္မဆရာတော် ၂၆၀
စိန်တောင် ၂၅၃
စိန်ဖူး ငှက်မြတ်နားတင်ပွဲများ ၁၂၉၊ ၁၃၇
စိန်ဖူးတော် ၁၃၊ ၁၅၉ – ၁၆၀
မှ ရတနာများ ၁၆၀
စိန်ဖူးတင် ရှစ်ဆယ်ပေါ်တေးထပ် ၃၂၇
အခမ်းအနား (၁၉၃၁) ၁၂၈ – ၁၂၉
ဩဘာရတု (လယ်တီပဏ္ဍိတ
ဦးမောင်ကြီး) ၁၂၉၊ ၃၂၆ – ၃၂၇
စိန်ဖူးတိုင် ၁၆၁
တန်ဖိုး (၁၉၂၁) ၁၂၈
တန်ဖိုး (၁၉၃၁) ၁၂၈ – ၁၂၉
စံချိန်၊ ဦး။ ကောင်းမှု
ဆံတော်တွင်း တန်ဆောင်း ၂၇၀
တန်ဆောင်း ၂၈၄– ၂၈၅၊ ၂၈၄
စံထွန်း၊ ဦး။ တန်ဆောင်း ၂၀၉
ဒေါ်နှစ် ကောင်းမှု ၂၆၃
စံမဟီ၊ ဒေါ်အေးမြ ၂၆၅
"စွယ်စုံကျော်ထင်ကျမ်း" ၁၁၊ ၃၄၄၊ ၃၄၅

(ဆ)

ဆရာတော်ကြီးများ၏ အရိုးအိုး (ပုံစာ) ၁၈၁
ဆာ၊ ဘိုးသာ။ ၁၉၈၊ ၂၇၂
ဆုတောင်းပြည့်ဘုရား၊
အရှေ့ မြောက်ဖက်မှ — ၂၇၂
အနောက် မြောက်ထောင့်မှ — ၂၆၄
ဆူးလေစေတီ ၆၄၊ ၉၉
ဘဏ္ဍာထိန်းအဖွဲ့ ၁၃၆
သို့ သွားသောလမ်း ၆၆
ဆူးလေနတ် ၃၀၊ ၃၁
ဆင်ဖြူရှင် မင်းတရား ၁၈၊ ၁၀၀၊ ၁၈၁
ကောင်းမှု ၆၈၊ ၆၉၊ ၇၀၊ ၂၄၄
ကြုံးဝါးပုံ ၁၈၁

# အက္ခရာစဉ်အညွှန်း


ဆင်ဖြူရှင်ညီတော်လှူသော ဆည်းလည်းပုံ ၁၃၉
  ထီးတော် ၇၀၊ ၇၁
  ထီးတင်ပွဲ (၁၇၇၅) ၁၃၇
ဆင်းတုခိုးခြင်း ၁၂၂ – ၁၂၃
ဆည်းလည်းများ ၁၃၅၊ ၁၃၇ – ၁၄၆
  စာများ ၁၃၆၊ ၁၃၈
  စာရင်းပြုလုပ်ခြင်း(ဦးထော်လေး) ၉၆
  ပုံနှိုင်းယှဉ်ချက် ၁၄၄
  ပုံ သဏ္ဍာန်အမျိုးမျိုး ၁၄၄
  ထူးခြားသော – ၁၄၃
  မှန်စာပါသော – ၁၄၁
  ရှမ်းစာပါသော – ၁၄၁
  အစောဆုံး ၁၃၈
  အမည်ပေးပုံ ၁၄၃
ဆိုင်၊ ဆရာ။ ဗိသုကာ ၂၅၆
ဆတ်သွားဖူး ၁၅၆ – ၁၅၇
ဆံတော်ကြိုလမ်း ၈၀၊ ၂၃၉၊ ၂၄၀
ဆံတော်ကြိုလမ်းနေရာ (ဂေါ်ရာကုန်း) ၂၈၂
ဆံတော်တွင်း ၂၆၉
  တန်ဆောင်း ၂၇၀၊ ၂၇၁
ဆံတော်နှစ်ဆူ နဂါးယူခြင်း ၂၄
ဆံတော်များကို ဌာပနာခြင်း ၃၂
  များဖြင့် စေတီတည်ထား
  ကိုးကွယ်ခြင်း ၃၃၇
  များ ရောက်ရှိခြင်း ၂၄
  များ ရောင်ခြည်တော်လွှတ်ခြင်း ၂၃
  ရှစ်ဆူပြန်၍တည်ခြင်း ၂၇
  လေးဆူစီ ရရှိပုံ ၃၃၉
  လေးဆူပျောက်ဆုံးခဲ့ပုံ ၂၆

(ဇ)

"ဇာတကအဋ္ဌကထာ" ၃၃၇
"ဇာတတ္ထကီ" ၃၃၇၊ ၃၃၉
ဇော်ဂျီရုပ် ၂၄၉၊ ၂၅၄
"ဇော်ဂျီ"၏ အမြင် ၁၄၈
"ဇမ္ဗူဒီပဥဆောင်းကျမ်း" ၃၄၀
ဇွန်းလေးဘုံ ၁၅၇
ဇွန်းလေးဘုံမှ အထက်သို့ မော်ဖူးရပုံ ၁၅၇

(ည)

ညာလက်ဖဝါးကိုလှန်၍ ဖြန့်ထား
  သော ရုပ်ပွား ၂၇၆၊ ၂၇၇
ဉယျ၊ ဦး။ ၂၈၈
ညို၊ ဦး။ ဒေါက်တာ၊ တန်ဆောင်း ၂၇၈–၂၇၉၊ ၂၈၀
ဉာဏ်တော်များ ၁၃၊ ၆၁၊ ၉၆
  အမြင့်နှိုင်းယှဉ်ချက်
  (စိန်ပေါ်ဘုရားကျောင်းထက်) ၇
ညွန့်၊ ဦး။ (မြိတ်သျှဘားမား)
  ကောင်းမှု ခေတ်လေ့ကား ၂၉၂

(ဌ)

ဌာပနာတိုက် ဖောက်ခြင်း ၉၅

(တ)

တနင်္ဂနွေဂြိုဟ်တိုင် ၂၇၅
တနင်္လာဂြိုဟ်တိုင်ပုံ ၁၆၃
တပေါင်းပွဲတော် ၅၉၊ ၁၈၀၊ ၂၃၃–၂၃၄
  ရွှင်း (အင်္ဂလိပ်ခေတ်) ၁၈၅–၁၈၆
  ပရိသတ်ပုံ ၂၃၃
တပေါင်းလပြည့် ဘုရားတည်ခြင်း ၃၄
တပုနှင့်တပေါ ၃၃၉
တပုဿနှင့် ဘလ္လိက ၉၊ ၂၀၊ ၂၂၊ ၁၇၈၊ ၃၃၇
  ၃၃၈–၃၃၉
  ကုန်ကူးရန် ရောက်ရှိလာခြင်း ၂၁၊ ၂၃
  ကျမ်းဂန်တွင်ပါရှိပုံ ၃၄
  ဆံတော်ရှစ်ဆူ ပေးအပ်ခြင်း ၂၂
  ဒွေဝါစိက သရဏဂုံတည်ခြင်း ၂၂
  ပေါက္ခရဝတီမြို့သို့ ရောက်ခြင်း ၂၄
  ဘုရားထံ ပြန်လည် ဆည်းကပ်ခြင်း ၃၇
တဖုဿ သောတာပန်တည်ခြင်း ၃၇
တလမည်ဒေါ ၄၀
တဝဂူ ဆုတောင်းပြည့်ဘုရား ၂၈၇
တာဂျိမဟာ ၆
တာမွေဝါးပိုးတယ် ၈၃
တိကုမ္မနဂရ ၃၄၀
"တိဂုမ္ဘထောမနာ ဂါထာ" ၃၄၃
တော်လှန်ရေးစစ်ထွက်
  အနောက်ဖက်ကွင်း ၂၁၄၊ ၂၁၄
  ပန်းခြံ ၂၉၂
တို့ဗမာသီချင်း ဆိုခြင်း
  ကုန်းတော်ပေါ်တွင် – ၁၈၈

# အက္ခရာစဉ်အညွှန်း


တိုဗမာသီချင်း သီဆိုပွဲ ၂၀၉ – ၂၁၀
တင်ယား၊ ဦး။ ဒေါ် နု ကောင်းမှု ၂၅၅
တောင်တာဖွဲ့ခြင်း ၃၄၁
တောင်ဖက်စောင်းတန်းထိပ်ရင်ပြင်ပုံ ၂၅၂
  အတက် ၂၄၉ – ၂၅၁
  အတက် စစ်ကျုံးတန်တား ၂၉၁
တောင်ဖက်မုတ် ၁၆
  ခြသေ့ပုံ ၂၄၈
  ရှေးကပုံ ၂၄၅
  မှ ချဉ်းကပ်သော် ဖူးရပုံ ၁၄၊ ၂၄၁
  မုတ်ဦးတန်ဆောင်းနှင့် ရင်ပြင်ပုံ ၂၈၆
တောင်ပေါက်ဆရာတော် ၃၃၈၊ ၃၄၄
တိုင်းရင်းသား ပလောင်
  အမျိုးသမီးများ ဘုရားဖူးနေပုံ ၁၈၄
  များ၏ စုပေါင်းကုသိုလ် ၁၈
  အလှူရှင်များကောင်းမှု
  ဆည်းလည်းများပုံ ၁၄၁
တိတ္ထိတက္ကဒွန်း နှစ်ဦး ရုပ်တု ၂၈၁
တန့်တော်မှုစေတီ ၂၄၀
တန်ဆောင်တိုင် မသိုးသင်္ကန်း
  ကပ်လှူရန် လှည့်လည်ပုံ ၂၃၇
တမ္မကုတ္တတောင် ၃၃၉
"တွက်ချက်မှု အမျိုးမျိုးနှင့်
  ပတ်သက်သော စံနှုန်းများ" ၃၄၁
တွံ့တေးမြို့ ၄၊ ၃၄၄

( ထ )

ထရန်စပို့လမ်း ၂၇၈
ထီးတော် ၁၃၊ ၁၈၊ ၁၅၆
  ကို တင်ထားပုံ ၁၅၃ – ၁၅၄
  ကပ်လှူစဉ် စက်ကြိုးဆင်သော နေရာ ၂၆၉
  စစ်ဆေးခြင်း (၁၉၇၀) ၁၃၃
  စစ်ဆေးခြင်း (မင်းတုန်းမင်း လက်ထက်) ၁၀၂
  စိန်ဖူးတော် တန်ဖိုး (ယခင်) ၁၃
  ဆိုက်ရောက်ခြင်း ၁၀၆
  တင်ခြင်း (ပြည်မင်းလက်ထက်) ၅၈
  တင်စဉ် ရှမ်းအမျိုးသားသုံးဦးသေဆုံးခြင်း ၁၈၂
  နှင့် စေတီတော် လိုက်ဖက်ပုံ ၁၇၁
  ပုံ စေတီများ ၂၇၅– ၂၇၆၊ ၂၇၆
  ပူပြင်ခြင်း (ဦးအေဘ်သေးလက်ဆက်) ၉၆
  ပွဲ အလှူဒါန မျိုးစုံ ၁၁၁
  ဘုံခုနစ်ဆင့် ၁၅၄ – ၁၅၅
  ထီးတော်ဘုံများ သယ်ယူသောအဖွဲ့ ၁၈၂
  ထားသောရုံ ၂၆၉
  သစ်တင်ခြင်း ၁၁၃ – ၁၁၄
  ဟောင်းချခြင်း ၁၁၁ – ၁၁၂
  ဟောင်းနှမ်းပျက်စီးသမျှ ၁၁၅
ထီးတင်ပွဲကိစ္စ အင်္ဂလိပ်အစိုးရ
  ကြောင့်ကြပုံ ၁၀၃ – ၁၀၅
  သံချပ်များ ၁၁၇
  အတွက်ပြင်ကြပုံ ၁၀၇ – ၁၀၈
  အတွင်း အခြေအနေ ၁၁၈ – ၁၂၀
  အကျေးအမှေး၊ မင်းတုန်းခေတ် ၁၈၃
ထူးခြားသော ခေါင်းလောင်းပုံ ၂၈၂
"ထေရာဘာသာပြန်" ၂၉၃– ၂၉၄၊ ၃၃၉
ထော်လေး၊ ဦး။ ၉၄၊ ၁၀၀၊ ၁၃၇၊ ၁၄၀၊ ၂၁၈
  ကောင်းမှု ၉၅ – ၉၉
  ကွယ်လွန် ၁၀၀
  စောင့်ရှောက်ခြင်း ၁၈၊ ၉၆
ထောင့်ရှစ်ထောင့်စေတီ ၂၆၁
ထောင်ပိုလ်လမ်း၊ ဦး။ ၂၃၉၊ ၂၄၀
ထိန်းသိမ်းစောင့်ရှောက်မှု ၂၁၇ – ၂၃၈
ထွန်းရှိန်၊ ဦး။ ၁၈၉
ထွန်းအောင်၊ ဦး။ (ဂျပန်ခေတ်) ၂၁၃
ထွန်းအောင်၊ ဦး။
  ပုဆိုးတန်းရပ်၊ ကျောင်းဒါယကာ ၁၀၀

( ဒ )

ဒဂုန် ၃၄၀
ဒဂုန်ခင်ခင်လေးကောင်းမှု ၂၆၉၊ ၂၇၁
  (မဒတ်လေ့ကား) ၂၉၂
ဒဂုန်ဘုရားကြီး ၄၊ ၇၆
"ဒဂုန်မဂ္ဂဇင်း" ၁၂၄
ဒဂုန်မြို့ထင်ရှားလာခြင်း ၅၄
  မှ ရန်ကုန်သို့ ၆၂၊ ၆၃
  ၏ ရင်းမြစ်အမည်များ ၃၄၀
ဒဂုံ ၃၄၁
ဒလ ၆၄၊ ၈၀၊ ၈၇
ဒလ (တွံ့တေး) ၄
ဒိဂုံ ၃၄၀ – ၃၄၁
ဒုတိယကမ္ဘာစစ် ၁၈
ဒုတိယစစ်ပွဲတွင် အင်္ဂလိပ်တို့
  ရန်ကုန်ဝင်လာခြင်း ၈၇
ဒေါက်တာဖော်ခင်းမား ၃၄၅

# အက္ခရာစဉ်အညွှန်း


ဒေါက်တာသန်းထွန်း ၃၄၄
ဒိုက်၊ ဦး။ ရန်ကုန်မြို့ဝန် ၂၇၅
ဒုဋ္ဌဂါမဏိတန်ဆောင်း ၂၈၀
ဒွတ္တပေါင်မင်းကြီး ပူဇော်ခြင်း ၃၈

(ဓ)

ဓနုဖြူခံတပ် ၈၄
ဓာတ်တော်များ ပြောင်းကြွခြင်း ၃၅၊ ၃၄၁၊ ၃၄၂
ဓာတ်တော်မွေတော်များကိုရှာခြင်း ၂၉ – ၃၁
များ တူးဖော်ရရှိခြင်း ၃၁
ဓာတ်လှေကားများ၏ အလှူရှင် ၂၉၂
ဓမ္မစေတီ ၃၉၊ ၄၆ – ၄၇
ကျောက်စာတိုင် ၃၉၊ ၄၉၊ ၃၃၈၊ ၃၆
ကျောက်စာရုံ ၂၇၀၊ ၂၇၉
ခေါင်းလောင်းလှူခြင်း ၅၀
ဝတ္ထုကနယ်မြေချုခြင်း ၅၀
ဓမ္မဓရ၊ ရှင်။ (ဓမ္မစေတီ) ၄၇

(န)

နဂါးရုံဘုရား ၂၅၇
နဝဒေးကြီး ၈၊ ၉၊ ၁၀၊ ၂၃၃
၏ ဘုရားတိုင်ရတု ၃၂၀ – ၃၂၂
နာဂရာဇ်မော် (မော်တင်စွန်း) ၂၄
နာဂိန္ဒ၊ ဦး။ မဏ္ဍပ်မှမီးကူးခြင်း ၁၃၁
တွင် လူငယ်အစည်းအရုံးဖွဲ့ ၂၁၀
နောင်တော်ကြီးစေတီ ၉၉၊ ၂၆၉၊ ၂၆၉၊ ၂၇၀
၏ တောင်ဖက် အာရုံခံတန်ဆောင်း ၂၇၃
၏ မုတ်ဦးအာရုံခံတန်ဆောင်းများ ၂၇၀
စေတီနှင့် စေတီငယ်တဆူပုံ ၂၇၄
နိုင်ငံခြားအသံလှယ်အမည်များ ၂၉၉ – ၃၀၁
နတ်ရုပ်ကြီးများ ၂၅၆
နန္ဒဘုရင်ကုသိုလ် ၅၂
နန်းလှိုင်၊ ဒေါ်။ တန်ဆောင်း ၂၈၅
နှစ်ကျိပ်ရှစ်ဆူရုပ်ပွားများ ၂၅၅
နှစ်ကျိပ်ရှစ်ဆူသိမ် ၂၇၅
နှစ်ပြားတန်ဆောင်း ၂၅၈၊ ၂၅၈ – ၂၅၉၊ ၂၈၁

(ပ)

"ပကိဏ္ဏကဝိသဇ္ဇနာကျမ်း" ၃၄၁
ပထမကမ္ဘာစစ် ၁၉၇
ပရက်စကော့ (ပုလိပ်မင်းကြီး)
ဘိနပ်စီး၍တက်ခြင်း ၂၁၂
"ပလိပ်စားနေချင်း" ၃၄၀၊ ၃၄၄
ပါသိန္နန်ဘုရားကျောင်း (ဂရိ) ၁၇၂
ပါရမီအဖွဲ့တန်ဆောင်း ၂၆၅
"ပါရာဇိကကဏ်အဋ္ဌကထာ" ၂၉၅
ပု၊ ဦး။ ၁၈၉
ပုဂံခေတ်နှင့်ဒဂုန် ၃၄၀
ပုဇွန်တောင် ၈၀၊ ၈၁
ပုဇွန်တောင်တပ်မြေနိမ့်ဗျာန်ဆော်ဝတ်အဖွဲ့ ၂၈၀
ပုထိုးစေတီ ၁၅၀
ပဲခူးမြို့ ၅၃
"ပိုးသားလွှမ်းသော အရှေ့တိုင်း" ၇
ပေါက္ခရဝတီမြို့ ၂၄၊ ၃၃၉
ပင်လယ်ဆိပ်ကမ်းမြို့၊ (ဟံသာဝတီ) ၁၈၀
ပင်းတလဲမင်းကောင်းမှု ၅၇
ပစ္စယာများ ၁၆၃ – ၁၆၆
ပဋ္ဌလောဟာဆည်းလည်း ၁၃၇
ပတ္တမြားမျက်ရှင်ဘုရား
(တဝဂူဆုတောင်းပြည့်ဘုရား) ၂၈၇၊ ၂၈၉
ပဏ္ဍိတ၊ ဦး။ ခေါ်ဦးပြား
သွေးဆေးကန်ဆရာတော် ၁၀၀၊ ၂၁၈
ပန်းဆွဲများ ၁၆၇
ပန်းတင်ခုံ ၁၆၂ – ၁၆၃
ခြေရင်းပုံ ၁၅၁
ပိန္နဲတိုင်စောင်းခြင်း (၁၉၇၀) ၁၃၃
တည့်မတ်ခြင်း ၁၃၃ – ၁၃၅
ထိုးစိုက်ပုံ ၁၅၃ – ၁၅၄
အရှည် ၁၅၆

ပုညကုသလဗဟုကရ
အသင်းတန်ဆောင်းပုံ ၂၅၄
ပုပ္ဖားဝန်ထောက်ရထားငှားမရခြင်း ၁၁၁
ထီးတော်အဖွဲ့ခေါင်းဆောင် ၁၀၈
အလှူရှင်များကို ခွင့်ပြုပုံ ၁၁၆
ပြုတိုက်တန်ဆောင်း ၂၈၄၊ ၂၈၄
ပြား၊ ဦး။ ဘုန်းတော်ကြီး ၁၀၀၊ ၂၁၈
ပြင်စည်မင်းသား မွန်သီချင်းဖွဲ့ခြင်း ၇၄
ပြည်မင်းကောင်းမှု ၅၇
ပွကြီး၊ ဦး။ ကောင်းမှု (ဓာတ်လှေကား) ၂၉၂
ပွကြီး၊ ဦး။ သား ဦးဖိုးငွေတန်ဆောင်း ၂၆၅
ပွဲတော်များ ၁၇၉ – ၁၈၀
ပွင့်၊ ဒေါ်။ တန်ဆောင်း ၂၅၇
အတွင်းမှ လျှောင်းတော်မူပုံ ၂၅၇

## အက္ခရာစဉ်အညွှန်း


ပြုံးချို၊ ဦး။ ၃၃၆

( ဖ )

ဖဆပလညီလာခံ ၁၉၄၆၊ အလယ်ပစ္စယံ ၂၁၅
ဖေ–ပု–ရှိန် ကြို့ဆိုခြင်း (ဘုရားရင်ပြင်၌) ၁၈၉
ဖေမောင်တင်၊ ဦး။ ၃၃၇
ဖိုးကျား၊ ဦး။ အမျိုးသားပညာဝန်
  စပ်ဆိုသောအိုင်ချင်း ၁၈၉
ဖိုးညွှန်း၊ ဦး။ (ဂေါပက) ၁၁၈
ဖောင်းရစ်များ ၁၆၇ – ၁၆၉
ဖွား၊ ဒေါ်။ ထီးတော်ရှုံအမ ၂၆၉

( ဗ )

ဗဟုဂံအစိတ်အပိုင်းများ ၁၆၄ – ၁၆၆
ဗိသုကာဆရာခင်၏လက်ရာ ၂၅၆၊ ၂၅၉၊ ၂၇၅
ဗိသုကာနှင့် မျက်စိအမြင်လှည့်စားမှု ၁၇၃
  ပညာအရှေ့တိုင်းတွင် ပျံ့နှံ့ပုံ ၁၄၉
  လက်ရာသုံးသပ်ချက် ၁၄၇ – ၁၇၅
  ဦးလုပ် (ထီးတော် အတင်အချ) ၁၁၂
ဗောဓိပင်၊ လွတ်လပ်ရေးနေ့တွင်
  စိုက်ပျိုးသော– ၂၆၄
ဗိုလ်ချုပ်အောင်ဆန်း ၁၇၆
  မိန့်ခွန်းပြောခြင်း ၁၇၇၊ ၁၇၇
ဗိုလ်တထောင်စေတီတော် ဘဏ္ဍာထိန်းအဖွဲ့ ၁၃၆
ဗိုလ်မှူးဗရေဇာ (ဝမ်းပိုက်တော်ဖောက်ခြင်း) ၉၂
ဗညားကင်းဒေါ ၄၃
ဗညားဓမ္မရာဇာ ၄၃
ဗညားနွဲ့(ရာဇာဓိရာဇ်) ၄၁
  ရွှေတိဂုံတွင် သစ္စာကျမ်းကြည့်ခြင်း ၄၁
  နှင့် ဒဂုန် ၄၀၊ ၄၁
ဗညားဗရူး ၄၃
ဗညားရန် စေတီတော်ပြင်ခြင်း ၄၃
ဗညားရန်စည်မင်း ၅၁
ဗညားရန်မင်း(ဗညားရန်ခိုက်) ၄၃
ဗညားဦး (ဆင်ဖြူရှင်) ၄၀
  ပြင်ဆင်ခြင်း ၃၉–၄၀
  မှုစသောမင်းများကောင်းမှု ၃၉
ဗန္ဓုဝမ္မိ ၃၃၉
ဗုဒ္ဓဇယန္တီမိုးညှင်းဓမ္မာရုံ ၂၈၈
ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်း
  (ဝိုင်အမ်ဘီအေ) ၁၈၈
ဗုဒ္ဓဘာသာမြန်မာနိုင်ငံသို့ အဦးဆုံးရောက်ပုံ ၃၅
  ယဉ်ကျေးမှု ၁၄၉
ဗုဒ္ဓဝင်တန်ဆောင်း ၂၇၆
  "ပါဠိတော်" ၂၄၉
  ပန်းချီကားများ ၂၅၁
"ဗုဒ္ဓသာသနိက ပထဝီဝင်ကျမ်း" ၃၃၈၊ ၃၄၀၊
  ၃၄၂၊ ၃၄၄
ဗုဒ္ဓဟူးဂြိုဟ်တိုင်ပုံ ၂၅၃
ဗံဂါလီပုံ ဗိသုကာလက်ရာ ၂၆၀

( ဘ )

ဘကလေး၊ ဦး။ ကာတွန်း ၁၉၃ – ၁၉၆
ဘကဲ၊ ဦး။ ဒေါ်ဒေါ်သိန်းတန်ဆောင်း ၂၈၃
ဘဖေ၊ ဦး။ (သူရိယ) ၁၈၉၊ ၁၉၂၊ ၂၀၁
ဘမော်၊ ဒေါက်တာ။ ၂၁၂–၂၁၃၊ ၂၁၅
ဘထော်၊ ဦး။ တန်ဆောင်း ၂၆၁
  နှင့် ဦးဖိုးအောင် ၂၅၆
ဘရီ၊ ဦး။ ဒေါ်သန်းမေကောင်းမှု ၂၂၂
  တန်ဆောင်း ၂၇၄
ဘိနပ်ကိစ္စ ကာတွန်းများပုံ ၁၉၄၊ ၁၉၅၊ ၁၉၆
  ကြောင့် ဓားနှင့်ခုတ်ခြင်း ၁၉၁
  ဝိုင်အမ်ဘီအေတွင် သဘောကွဲပုံ ၁၉၄–၁၉၅
  ဂျူဗလီ အစည်းအဝေး ၁၉၂
  နှင့် ပုလိပ်မင်းကြီး ၁၉၄
ဘိနပ်ချွတ်ရမည်စိုးသော အင်္ဂလိပ်သံ
  ဟီရမ်ကောက် ၁၉၀–၁၉၁
  ၍ တက်သော လေဘာအမတ် ၁၉၂–၁၉၃
  စီးသည့်ကိစ္စ ၁၉၀–၁၉၆
  ပြဿနာ၊ မြန်မာမင်းလက်ထက် ၁၉၀–၁၉၁
  နှင့် သတင်းစာများ ၁၉၃–၁၉၆
  နှင့် သခင်ကိုယ်တော်မှိုင်းတေးထပ် ၁၉၃
  မစီးရအမိန့်နှင့်ဆိုင်းဘုတ် ၁၉၁၊၁၉၂၊၂၂၄
ဘိနပ်တော် ၁၃၊ ၂၄၂
ဘီလပ်သွားမြန်မာကိုယ်စားလှယ်အဖွဲ့ ၁၉၇–၁၉၈
ဘီလစ်မောင်ပုတ်နီ ၁၀၉
ဘီလူးရုပ်(သာယာဝတီမင်းကောင်းမှု) ၂၄၉
  (ရှင်စောပုကောင်းမှု) ၂၆၇
ဘီအိုစီ ရေနံကုမ္ပဏီ(ရေနံချောင်း) ၂၁၁
ဘုရားကြီး၏ဝန်ထမ်းများ ၂၂၉–၂၃၀
ဘုရားပေါ် သို့ကျားတက်ခြင်း ၁၂၅–၁၂၇
ဘုရားပွဲတော်များ ၂၃၂–၂၃၈

ဘုရားပွဲတော်သို့ လာသော တိုင်းပြည်များ၊ ၁၄
တပေါင်းလပြည့် ၁၄
နေ့ ၅
ဘုရားဖူးတက်
ဝန်ကြီးချုပ် ၂၁၂
နိုင်ငံတော်အမိပတိ ၂၁၂
နိုင်ငံခြားဧည့်သည်များ ၂၂၄–၂၂၅
အများဆုံးတက်သောလမ်း ၂၃၉
များ မှတ်ဝတွင် ဆင်းကြတက်ကြပုံ ၁၇၈
ဘုရားလူကြီးများ (၁၉၃၉) ၂၂၆–၂၂၇
အရွေးခံနိုင်ခွင့်အရည်အခြင်း ၂၂၃
ရွေးကောက်ပွဲမဲဆန္ဒပေးနိုင်သူ ၂၂၃
ဘုရားရှင် ၃၃၉
ဘုရားလေးဆူ၏ ဓာတ်တော်မွေတော် ၂၀၊ ၃၄၁၊ ၃၄၂
ဘုရားလမ်းတလျှောက်(စစ်ပွဲအတွင်း) ၇၇
ဘုရားသို့တက်ရန်လမ်း ၄
ဘုရားသုံးဆူကို၏ ပရိဘောဂများ ၃၃၈၊ ၃၄၂
ဘုရင့်နောင်ပြပြင်ခြင်း ၅၂
ဘုရင်ခံတက်ရောက်အလေးအမြတ်ပြု ၂၁၆
ဘိုး၊ ဦး၊ ဒေါ်မိုးကောင်းမှု ၂၆၁
ဘိုးကင်း၊ ဦး။ ဒေါ်သက်စုကောင်းမှု ၂၆၃
ဘိုးကြီး၊ ဦး။ ဒေါ်ကြီးတန်ဆောင်း ၂၆၁
ဘိုးညွန့်၊ ဦး။ ဒေါ်ပုကောင်းမှု ၂၆၆
ဘိုးတော်ဘုရား စရပ်လှူခြင်း ၇၃
ဘိုးထုံး၊ ဦး။ တန်ဆောင်း ၂၇၅
ဘိုးနီ၊ ဦး။ ဒေါ်ခင်ကောင်းမှု ၂၈၃
ဘိုးမြ၊ ဦး။ စက္ကရီတေရီ ၁၉၇
ဘိုးဘိုးအောင် ဆုတောင်းပြည့်ဘုရား ၂၇၃
ဘိုးသက်၊ ဦး။ ပန်းပုဆရာ ၂၆၆
ဘိုးသောင်း၊ ဦး။ ဒေါ်ဒေါ်စု ၂၆၃
ဘိုက်၊ ဦး။ ဒေါ်သူတန်ဆောင်း ၂၈၃
ဘဏ္ဍာတော်ငွေအင်အား ၂၃၁
ထိန်းလူကြီးများ(လက်ရှိ) ၂၂၇၊ ၂၂၇–၂၂၈
(ဂေါပက–လည်းရှု)
ထိန်းလူကြီးများနှင့်ဘုရင်ခံ
တွေ့ခြင်း (၁၉၂၉) ၁၃၀
ဘဏ္ဍာတော်ထိန်းအဖွဲ့ ၂၂၃
ပထမဆုံးမဲဆန္ဒဖြင့်တင်သော– ၂၂၂
၁၈၅၅ ခုနှစ် ၂၀၄
ရုံး ပုံ ၂၈၅
အဖွဲ့က ပြည်သူ့ဆန္ဒတောင်းခြင်း ၂၀၁–၂၀၃
ဘဏ္ဍာတော်ထိန်းအဖွဲ့ တံဆိပ်တော် ၂၂၆
အဖွဲ့၏ စစ်တပ်ပြောင်းရေး
ဆောင်ရွက်မှု ၁၉၆–၂၀၆
အဖွဲ့အတွင်းရေးမှူး ၂၂၈
၏ ဘိုင်လော်များ ၂၂၆
၏ ဥပဒေ ၂၂၅–၂၂၆
ဘလ္လိကမထေရ် ၃၇၊ ၃၃၉


## ( မ )


မမြကလေးကောင်းမှု ၇၃–၇၄
မသိုးသက်နိုး ကပ်လှူပွဲ ၂၃၇–၂၃၈
ရက်ပြိုင်ပွဲ ၂၇၆
"မဟာဂီတ ပေါင်းချုပ်ကျမ်း" ၃၃၆
မဟာဿဏ္ဍ (စဉ့်ကူးမင်းခေါင်းလောင်း) ၂၆၁၊ ၂၆၂
မဟာတိသဒ္ဒဿဏ္ဍ
(သာယာဝတီခေါင်းလောင်း) ၂၇၄–၂၇၅၊ ၂၇၅
မဟာဒေဝီ ၄၀
မဟာဗောဓိစေတီ ၂၆၉၊ ၂၇၂
မဟာဗန္ဓုလ ၁၅၊ ၈၀၊ ၈၃၊ ၈၄
မာဃိယားတန်ဆောင်း ၂၆၅–၂၆၆၊ ၂၆၄၊ ၂၆၅
မိနေယဲ့၊ ရုရှားပါဠိပညာရှင် ၆
မီးလောင်ခြင်း၊ ပြာသာဒ်များ(၁၉၃၁) ၁၃၁–၁၃၂
မေကျာဂျင်နရယ်ဗိုက်ချ် ၁၀၂
မေကျာဒန်းကင်း ၁၁၉၊ ၁၈၃၊ ၁၈၄
မယ်တော်ဝိဟာရဒေဝီ (ရှင်စောပု) ၄၄–၄၅၊ ၁၇၈
မယ်ဒက်ဆရာတော် ဗောဓိပင်ပုံ ၂၈၂
မယ်လမု ၂၅
မော်လမြိုင်စရပ်၊ သပိတ်စခန်း ၂၁၀
တို့ဗမာအစည်းအရုံးဌာနချုပ် ၂၁၂
မိုးကုတ်မြို့နယ်အသင်း ဓမ္မာရုံ ၂၇၈
မင်းကံစီအရှိုးအိုး ရွှေတိဂုံမြို့ပြခြင်း ၄၂
မင်းကြီးစွာစော်ကဲ ၄၂
မင်းကြီးဦးဘ တန်ဆောင်း ၂၅၆
မင်းကွန်း တောရဆရာတော် အရှင်ပဏ္ဍဝံသ ၁၁
ဓမ္မာရုံ ၂၈၈
မင်းခေါင် ၄၂
မင်းတရား ရွှေထီးကုသိုလ် ၅၁–၅၂
မင်းတုန်းမင်း ၉၈–၁၀၇
ထီးတော်တန်ဖိုး ၁၁၅
အတိုင်းအတာ ၁၁၅

# အက္ခရာစဉ်အညွှန်း


မင်းတုန်းမင်းထီးတော်ကို ကမ်းနားမှ
ကုန်းတော်သို့ တင်ကြပုံ ၁၀၈–၁၀၉
ကောင်းမှု (နောက်ထပ်) ၉၉၊ ၁၁၈
ထီးတော်တင်ပွဲ ၁၃၇
ထီးတော်တင်ပွဲလုပ်အား ၁၈၂–၁၈၃
ထီးတော်ပင့်ဆောင်လာသောအဖွဲ့ ၁၅၀
ထီးတော်ပုံစေတီ ၂၇၆၊ ၂၇၆
ထီးတင်ရန် လျှောက်ထားခြင်း ၁၀၀–၁၀၂
သံသေဆည်းလည်း ပြုပြင်ရန်အမိန့် ၉၈
မင်းမြတ်စကြာ ကောင်းမှုဆည်းလည်းပုံ ၁၄၀
မင်းရဲဒိဗ္ဗကောင်းမှု ၅၆
မောင်ကလေး၊ ဦး။ ပန်းပုဆရာ ၂၇၂
ဒေါ်ကျုပ်ကောင်းမှု ၂၆၀
မောင်ဝိုက် (သံလျင်မြို့အုပ်) ၁၀၇
မောင်သကာလဲ၊ မယ်သတာပ် ၃၃၉
မောင်းထောင်ဆရာတော် ၈
မိုက်ကယ်ဆိုင်း ၄
မစ္စတာမောင်မှိုင်း (သခင်ကိုယ်တော်မှိုင်း) ၁၂၄
မုတ္တမ ၃၄၀
မြို့စားဗညားဒလ ၅၄
မုတ်ဦးစေတီများ ၂၈၇
စေတီလေးဆူ ၁၁၈
မန်လည်ဆရာတော် (ဘဒ္ဒန္တဇဝနမဟာထေရ်) ၁၁
"မုံရွေးဆရာတော်မှတ်စုများ" ၃၄၁
မြို့မဇဟိုဆွမ်းလောင်းအသင်း ၂၈၀
မြောက်ဖက်စောင်းတန်း ၈၃၊ ၂၆၆–၂၆၇
ထိပ်မှဖူးရသည့် စေတီတော်ပုံ ၂၆၈
မုတ်ဝ ၈၁
တက်ရန် ခြေသွားလမ်းပုံ ၂၄၀
မုတ်ဦးတန်ဆောင်း ၂၇၁
တန်ဆောင်းမှ ပန်းပုလက်ရာ ၂၇၂
တန်ဆောင်းရွှေမှုနတ်ရုပ် ၂၇၃
မြင်းပျံမတင့်အခန်းတော်အဖွဲ့ ၂၆၀
မြောင်းမြစားလောက်ဖျား ၄၂
မြစ်လယ်မှဖူးရပုံ ၈–၉
"မြန်မာဂေဇက်သတင်းစာ" ၁၀၆၊ ၁၁၀၊ ၁၁၄၊ ၁၁၆
"မြန်မာစာပေလောက" ၃၄၁
မြန်မာတို့ဂုဏ်ယူအပ်ပုံ ၂၉၃–၂၉၄
မြန်မာနိုင်ငံသမိုင်းကော်မရှင် ၁၃၆
"မြန်မာနိုင်ငံ သုတေသနအသင်း ဂျာနယ်" ၃၃၇
မြန်မာပြည် သုကကာရီ တံမြက်လှည်းအသင်း ၂၆၉
မြန်မာ ဗိသုကာလက်ရာ တဘာသာ ၁၄၇–၁၄၉
မြန်မာ့လူမှုရေးအချက်အချာ ၁၃၃၊ ၁၇၆–၂၁၆
မှန်ထော်၊ ဦး။ ၂၇၀
မှော်၊ ဦး။ ဒေါ်လေးကောင်းမှု ၂၅၇
မှော်ဘီနတ် ၃၀၊ ၃၁
မှန်စီရွှေချနတ်ရုပ်များပုံ ၂၈၄၊ ၂၈၅
မှို၊ ဦး။ (သံချက်ဝန်) ထီးတော်လုပ်ဆောင်သူ ၁၀၅
မှန်၊ ဦး။ ရန်ကုန်မြို့ဝန် ၈၆
မှိုန်း၊ ဆရာ။ ၏ တေးထပ် ၃၃၃–၃၃၄
မွှေမနိုတ် (ပီယဒေဝီမိဖုရား) ၄၁
"မွန်ရာဇဝင် စေတီတော်သမိုင်းပေါင်းချုပ်" ၃၃၈၊
၃၃၉၊ ၃၄၂၊ ၃၄၄
မွန်သလာပတ်ရာဇဝင်များ ၃၈၊ ၃၃၇

(ယ)

ယောဂရာတ်၊ ဗိုလ်မင်း ၁၇၈
ယွန်းပုံတန်ဆောင်း ၂၆၀၊ ၂၆၀

(ရ)

ရခိုင်တန်ဆောင်း ၂၅၆၊ ၂၅၇
ရတနာပစ္စည်းအလှူစာရင်း (၁၉၇၁) ၁၃၅–၁၃၆
ရဟန္တာရုပ်ပါသောတံခွန်တိုင်ပုံ ၂၈၁
ရာဇဂြိုဟ်ပြည် ၃၃၉
"ရာဇမဏိစူဠာ ကောင်းမှုတော်ကျောက်စာ" ၃၄၀
ရာဇဝတ်ဝန် မေဂျာဒန်းကင်း ၁၁၉၊ ၁၈၃၊ ၁၈၄
ရာဇာဓိရာဇ်ကောင်းမှု ၄၃၊ ၃၄၂
၏ သမီးတော် ၄၂
"ရာဇာဓိရာဇ် အရေးတော်ပုံ" ၃၄၂
ရာမရာဇာဓိရာဇ် ၄၃
ရာမညတိုင်း ၃၃၉၊ ၃၄၀
ရာသီ၊ ဦး။ ဒေါ်ကျုံး ၂၆၆
ရာဟုထောင့်မှ ဗောဓိပင် ၂၆၃
ရေကြည်တော်ဝတ်အသင်း ၂၇၆
ရေနံမြေသပိတ် ၁၆၊ ၂၁၂
ရင်ပြင်တော်(ရှင်စောပုလက်ထက်) ၄၇–၄၈၊ ၂၅၂
တံခွန်တိုင်အရေအတွက် ၂၄၇
ရှေးက – ၁၈၁၊ ၂၄၇
အဆောက်အအုံစာရင်း ၂၄၇
အကျယ် ၂၄၇
ရင်ပွဲစည်း ၁၆၇
ရောင်တော်ဖွင့်ခြင်း၊ ဆည်းလည်းများ ၁၃၅

# အက္ခရာစဉ်အညွှန်း


ရောင်တော်ဖွင့်အသင်း ၂၈၃
ရောင်လေး၊ ဦး။ ကောင်းမှု ၂၅၄
ရန်ကုန် (အလောင်းဘုရားတည်ခြင်း) ၆၃ – ၆၄
"ရန်ကုန်ဂေဇက်သတင်းစာ" ၁၂၂၊ ၁၈၅
ရန်ကုန်မြို့ကွက်နယ်နိမိတ်
(အလောင်းဘုရားလက်ထက်) ၆၄
"ရန်ကုန်ရာဇဝင်" ၃၃၄
"ရန်ကုန်ရာဇဝင်သမိုင်း" ၃၄၀
ရန်ကုန်သစ်တပ်မြို့ ၇၇
ရပ်ဖစ်ချ် ၄၊ ၅၃
ရိပ်၊ ဆရာ။ ၂၄၂
ရွှဲလုံးကြီးများပုံ ၁၆၈
ရွှေဘုရားသုံးဆူတို့၏ ဓာတ်တော်များ ၂၇၂–၂၇၃
ပရိဘောဂများ ၃၄၂–၃၄၃
ရှစ်မြှောင့် ၁၅၂၊ ၁၆၁
ရှင်စောပု ၄၂၊ ၄၅–၄၆
ကောင်းမှု ၄၅၊ ၄၇–၄၉
ကြပ်မဆောင်ရွက်ခြင်း ၄၄
ကွယ်လွန်ခြင်း ၄၉
ဘုရားဖူးတက်သောလမ်း ၂၃၉
လက်ထက်ကျောက်ပြားခင်း ၂၅၂
ရှင်မထီးတန်ဆောင်း ၂၇၀
ရှင်မဟာဗုဒ္ဓဃောသမထေရ် ၃၃၈
ရှင်သာရိပုတ္တရာနှင့် ရှင်မောဂ္ဂလာန် ၂၅၇
ရှင်အဋ္ဌဂေါဏ ၂၇၃
ရှမ်းထီး ၁၉၊ ၂၇၆၊ ၂၇၇
ရှမ်းအမျိုးသားများ ခိုက်မိ၍သေဆုံးခြင်း ၁၉၊ ၁၁၃
ရွှေချခြင်း(၁၆၁၀) ၁၇၉
ရွှေစည်းခုံစေတီ ၁၅၀
ရွှေဆိုင်းလှူဒါန်းရန် လှည့်လည်ပွဲ ၁၈၆
ရွှေဆံတော်စေတီ ၁၅၀
ရွှေတိဂုံကျောက်စာ ၁၉၊ ၁၇၁
ကျောက်စာတိုင်များနေရာ ၃၉
ခံတပ်တိုက်ပွဲ ၈၈၊ ၈၉
စေတီ၏ ဘွဲ့မည်များ ၁၃၊ ၃၅
"စေတီ၏ သက်တော်" ၃၄၄
"ရွှေတိဂုံမှန်ကျောက်စာ" ၃၄၂
"ရွှေတိဂုံသမိုင်း" ၂၀–၃၈
"ရွှေတိဂုံသမိုင်းချုပ်" ၃၄၂
"ရွှေတိဂုံသမိုင်းသစ်၊"
အကျယ်တဝင့် ရေးသားကြသော — ၃၄
"ရွှေတိဂုံသမိုင်းမှတ်တမ်း" ၃၄၂၊ ၃၄၃
"ရွှေတိဂုံသမိုင်းလင်္ကာ" ၁၀၊ ၃၄၃
"ရွှေတိဂုံသမိုင်းဟောင်း" ၃၄၂
ရွှေတိုက်စိုးမင်း(ပြီတယ်ကာမရတ္တာ) ၁၀၈
ရွှေတောင် ငွေတောင်တန်ဆောင်း ၂၅၅
ရွှေတောင်၊ ဦး။ ပန်းပုဆရာကြီး ၂၅၆
ရွှေတောင် ဆရာလွှမ်း၏ ပြဇာတ် ၁၂၇
ရွှေနီ၊ ဦး။ ဒေါ်စောကောင်းမှု ၂၆၁
ရွှေပြား သင်္ကန်းကပ်ခြင်း (ပထမ) ၂၂၂
ရွှေပြည်ဦးဘတင် ၃၄၁
ရွှေပြားသင်္ကန်းကပ်လှူပွဲများ ၁၃၇
ရွှေမော်ဓောစေတီ ၄၁
ကျောက်စာ ၃၄၂
ဘုရားနှင့် ဘိနပ်ပြဿနာ ၁၉၁–၁၉၂
ရွှေလုပ်၊ ဦး။ ဗိသုကာ ၁၀၇
ရွှေလုံတောင် ဆရာတော် ၃၃၉၊ ၃၄၂၊ ၃၄၃
ရွှေသင်္ကန်းကပ်လှူပွဲ(၁၈၈၇) ၁၃၇
ရွှေသင်္ကန်းကပ်လှူပွဲ(၁၉၀၄) ၁၂၇


## ( လ )


လူမှုရေးအချက်အချာဒေသ ၁၇၆
လူး၊ ဦး။ (ကျောင်းတကာ) ၉၅
လေယာဉ်ပေါ်မှ ဖူးရသောရှုခင်း ၁၇
လေးချိုးများ(သခင်ကိုယ်တော်မှိုင်း) ၃၂၈–၃၃၁
လေးထောင့်နှင့် စက်ဝန်းပုံတို့ကူးပြောင်းခြင်း ၁၅၂
လယ်တီပဏ္ဍိတ ဦးမောင်ကြီး ၈၊ ၁၂၊ ၃၂၇
လော့ဒ်ကာဇင် ၂၀၀
လော့ဒ်ဒါလဟိုဇီ ၆၊ ၉၂၊ ၉၃
လော့ဒ်မေရိုးလာရောက်ရာ၌
ကြိုဆိုသူနည်းခြင်း ၁၂၀၊ ၁၂၁
လော့ဒ်၊ ရက်ဒင်း ၁၉၉
လော်ရီ၊ ဗိုလ်ကြီး ၇၆၊ ၈၅
လကျ်ာရစ်လှည့်ဖူးခြင်း ၂၅၂–၂၅၃
လင်းလွန်းပင် ၂၅၅
လပ်ရော်လင်ဆင်၊ စစ်ဘုရင်ခံချုပ် ၁၉၈
လိပ်ကန်(မြောက်ဖက်) ၂၆၈
လမ်းမတော် ၇၅
လုံခြုံရေးအဖွဲ့များ ၁၃၆
လုံးတော်ဆရာတော် ၃၄၁
လှအောင်၊ ဦး။ ကောင်းမှု ဓာတ်လှေကား ၂၉၂
လှလှိုးပန်းများ ၂၆၀

# အက္ခရာစဉ်အညွှန်း

## ( ဝ )


ဝသုန္ဓရီနတ်သမီး ၂၅၄
ဝါကျွတ်ဆီမီးပူဇော်နေပုံ ၂၃၆
ဝါဝင်၊ ဝါထွက်ပွဲများ ၅၁၊ ၅၉၊ ၂၃၅–၂၃၆
ဝိစာရ၊ အရှင်၊ ဦး။ ၂၀၆၊ ၂၀၇
    ကျောက်တိုင်ဖွင့်ပွဲ ၂၀၆
    ကြေးရုပ် ၂၉၂
ဝိနည်းမဟာဝါပါဠိတော် (မြန်မာပြန်) ၃၃၉
    အဋ္ဌကထာ (နိဿယ) ၃၃၉
ဝိဝဋ္ဋနိဿိတဝတ်အသင်း ၂၆၁
ဝေ၊ ဦး။ ၂၄၄
    ၏ တေးထပ်များ ၄၁၊ ၃၃၁–၃၃၃
ဝေယျာဝစ္စဆောင်ရွက်ရသူများ
    (ရှင်စောပုလက်ထက်) ၄၇–၄၉
ဝေယျာဝစ္စအသင်းအဖွဲ့များ ၂၃၂၊ ၃၀၅–၃၀၆
    အဖွဲ့တို့မြက်လုံ့နေပုံ ၂၃၁
ဝေလမင်းသား ရွှေပြားလှူခြင်း ၁၂၈
ဝေါဟာရများ၊ အသံလှယ်နှင့် ၂၉၉–၃၀၁
ဝက်ဂျိဝုဒ်၊ ကာနယ် ၁၉၂–၁၉၃
ဝိုင်အမ်ဘီ ဆရာတင် ၂၁၀
ဝိုင်၊ အမ်၊ ဘီ၊ အေ
    (ဗုဒ္ဓဘာသာကလျာဏယုဝအသင်း) ၁၈၈၊ ၁၉၂
ဝတ္တကနယ်မြေ၊ ရှင်စောပုလက်ထက် ၄၇
    ဓမ္မစေတီလက်ထက် ၅၀
    လက်ရှိ ၂၃၂
ဝိဇ္ဇာ၊ ဦး။ ဒေါ်ပုတန်ဆောင်း ၂၈၀
ဝန်ကြီး ပဒေသရာဇာ ၈၊ ၁၀
    သမိုင်းကေပိုဒ် ၃၂၂–၃၂၃


## ( သ )


"သတပဒီကပုစ္ဆာဝိသဇ္ဇနာကျမ်း" ၁၁
သပိတ်မှောက်ကျောင်းသားများစည်းဝေးရာ
    ဗောဓိညောင်ပင် ၂၅၅
    အထိမ်းအမှတ်ကျောက်တိုင် ၂၅၆
    ကျောင်းသားများ (၁၉၃၆) ၂၀၉
သပိတ်မှောက်နှင့်
    ခေါင်းလောင်းပုံ ၁၆၆–၁၆၇၊ ၁၇၃
သမန္တစက္ခုဒီပနီ ၃၄၄
သမိုင်းရက်စွဲများ၊ စေတီတော် ၃၀၇–၃၁၉
သမိန်စောထွတ်ကုသိုလ် ၅၂
သမိန်မရူး ၄၀
သာထွန်း၊ ဦး။ ကောင်းမှု ၂၇၈
"သာသနာလင်္ကာရစာတမ်း" ၃၅၊ ၃၄၂၊ ၃၄၄
သာယာဝတီခေါင်းလောင်း ၂၇၄–၂၇၅
သာယာဝတီမင်း ကောင်းမှု ၇၃၊ ၂၄၉
    ရွှေသင်္ကန်းကပ် ၁၃၇
    ခေါင်းလောင်း ၇၄–၇၅
    ရန်ကုန်သို့ စုန်ဆင်းခြင်း ၇၃
သာလွန်မင်းကောင်းမှုထီးတော် ၅၆
သီကြားမင်း ၂၄
    ကုန်းတော်ရှာရာ၌ ကူညီခြင်း ၂၈
    ဆံတော်များကို ပူဇော်ခြင်း ၃၃
    နှင့်မယ်လမုရုပ်တု ၂၆၊ ၂၅၈
သီပေါမင်း ဖူးမြှော်ခြင်း ၁၂၂
သီရိမာသောကမင်းကြီး ၃၈
    စေတီပြုပြင်ခြင်း ၃၇
သီလရက္ခိတ ဥပသကာအဖွဲ့ ၂၅၆
သုကကာရီအသင်းတန်ဆောင်း ၂၇၀
သုဇာတာနို့ဆွမ်းလှူခြင်း ၂၂
သုတသောမရာဇာဓိရာဇ် ၄၃၊ ၃၄၂
"သုဓမ္မဝတီဗုဒ္ဓဝင်" ၃၃၉
သုရှင်တကာရွှတ်ပီ ၅၁
သုဝဏ္ဏဘုမ္မိတိုင်း ၃၇
"သုရိယမဂ္ဂဇင်း" ၁၉၃
"သုရိယသတင်းစာ" ၂၀၆
သောဏထေရ် ၃၇
သောမတ်ဘာဘာ ၇
သင်၊ ကို။ မသက်ပြင်း ကောင်းမှု ၂၅၆
သင်ပုတ်စင် ၂၄၂
သက်ရွှေ၊ ဦး။ ဒေါ်အိမ်စောင့် ၂၆၆
"သုတ္တနိပါတ် ပါရာယနဝဂ်" ၂၉၅
သန့်၊ ဆရာ။ မန္တလေး၏လက်ရာ ၂၈၀
သိမ်ပြုခံတပ် ၈၈
သိမ်းမောင်၊ ဦး။ ၂၀၁၊ ၂၁၃၊ ၃၄၀
    ဘိနပ်ကိစ္စကြိုးပမ်းခြင်း ၁၉၂
သိင်္ဂုတ္တရကုန်းတော် ၂၀
    အမြင့် ၁၃
    ၏ အမည်ခုနစ်ပါး ၂၈
သံရောင်၊ ဦး။ ပန်းပုဆရာ ၂၇၂
သံလျင် ၁၈၀၊ ၂၈၂၊ ၂၈၃
"သံလျင်ရာဇဝင်" ၅၉

# အက္ခရာစဉ်အညွှန်း


သံလျင်ဆိပ်ကမ်း တိမ်ကောခြင်း ၆၅၊ ၆၆
    ပင်လယ်သင်္ဘောဆိပ်ဖြစ်လာခြင်း ၅၄
သံသေဆည်းလည်းလှူခြင်း(သာယာဝတီမင်း) ၇၄
သံသေဆည်းလည်း ၁၄၀၊ ၁၄၂၊ ၁၄၃
ဆည်းလည်းမှ ကမ္ပည်း ၉၉
ဆည်းလည်း မြေခြင်း ၉၇
သွေးဆေးကန် ၈၂၊ ၂၆၇
သွေးဆေးကန်ဆရာတော် ၂၆၇

(ဟ)

ဟီရမ်ကောက် ၅၊ ၁၉၀–၁၉၁
ဟူးဘတ်၊ ရန်စီ။ ဆာ ၂၄၆
ဟယ်မီလတန်(အင်္ဂလိပ်ခရီးသည်) ၅၈
ဟသ်ာရှပ်တံခွန်တိုင် ၂၈၁
ဟံသာဝတီဂိုဏ်းအုပ်ဆရာတော် ၁၃၇
ဟံသာဝတီမြို့ ၁၈၀၊ ၃၄၀
"ဟံသာဝတီမြို့ စစ်တမ်း" ၂၃၀
မင်းဆက်ပြတ်ခြင်း ၅၁

(အ)

အကောက်ဝန်ဒွေ့က် ၁၀၉
"အဋ္ဌကထာများ" ၃၃၈
အကြီးတော် ဦးသံမှို၏ မော်ကွန်းလက်ာ ၃၂၅
အ᠁ုပ်တန်းဆာ᠁ဖေ ၁၂၁
အထက်᠁ယာသို့တက်သောလမ်း ၂၈၅
အ᠁ရထာမင်᠁ ပွဲဇော်ခြင်း ၃၈
အ᠁ ᠁ာင်ထောင့်မှ ဖူးရပုံ ၂၅၅
အနောက်ဖက် စေ᠁တန်းဖွင့်ပွဲ ၁၃၀–၁၃၁၊ ၁၃၁
    စ၍ ဖွင့်သောနေ့ ၂၀၆
အနောက်ဖက်လှန်မင်းအလှူ ၅၆
    ကောင်းမှု ထီးတော် (၁၆၁၉) ၅၅
အနောက်မုတ်အတွက် အရေးဆိုခြင်း ၁၆
    တောချူများကို ပြည်သူတို့ ရှင်းခြင်း ၂၀၆
    ပိတ်ထားခဲ့သောအချိန် ၁၉၇
    ဖွင့်လှစ်ရန် ကြေညာချက် ၁၉၆–၁၉၇
    ဖွင့်လှစ်ရေးနှင့်စစ်တပ်ပြောင်းရွှေ့ရေး ၁၉၆–၂၀၆
အနောက်မြောက် ရင်ပြင် ၂၆၁
အပျောက်တန်ဆောင်း ၂၈၃
အမျိုးသားနေ့ သတ်မှတ်ခြင်း ၁၀၈
    အခမ်းအနားများ ၁၆၊ ၂၀၈–၂၀၉
အမြောက်ထိုင်နေရာများ ၂၉၀
အမြတ်တော်ခွန်ဌာနမှုဂျ ၂၇၈
အမှုထမ်းပေါင်းစုံ သပိတ် ၂၁၅
အရေးတော်ပုံ၊ ၁၃၀၀ ပြည့်– ၂၁၀–၂၁၂
အရှေ့ဖက်စောင်းတန်း ၂၇၇–၂၇၈
အရှေ့မုတ်မှ ဝင်တိုက်ခြင်း ၈၉–၉၀
    အာရုံခံတန်ဆောင်း ၂၇၆၊ ၂၇၇
အလောင်းဘုရားကောင်းမှု ၆၃၊ ၆၄၊ ၆၅
    တည်သောရန်ကုန် ၆၄
    အဖူးအမြော်တက်ခြင်း ၆၄
အလုပ်သမားသပိတ်များ (၁၉၃၉) ၂၁၁
အလံပြဘုရားလမ်း ၆၆
အလှူခံပုံးများမှ တနှစ်ရရှိငွေ ၂၃၁
အလှူဒါနအစုစု (၁၉၇၀–၇၁) ၁၃၆
အသိတဋ္ဌန နဂိုရ်မြို့ ၃၃၉
အာချီဘော်ကင်းဘဲလ် ၇၆
အာရ်၊ စီ၊ တင်းပဲလ် ၃၄၀
အာဇာနည်ဗိမာန် ၂၁၆၊ ၂၉၂
အာဇာနည်ကုန်း ၂၆၈
အာရှလီအိဒင် (မဟာဝန်ရှင်တော်မင်းကြီး) ၁၀၈
"ကေနိပါတ်ဇာတ်အဋ္ဌကထာ" ၃၃၉
အင်ကောဝပ်ကျောင်းကြီး ၁၄၉
အင်္ဂတေ ဖော်စပ်နည်း ၃၄၃
အင်္ဂလိပ်တို့ လုယက်ဖောက်ထွင်းမှုများ ၉၀–၉၃
အင်္ဂလိပ်–မြန်မာစစ်ပွဲများ ၁၅၊ ၁၆၊ ၁၈၊ ၇၅–၉၃
အင်္ဂလိပ်မြန်မာစစ်ပွဲအတွင်း မြောက်ဖက်မုတ် ၇၉
အင်္ဂလိပ်–မြန်မာစစ်ပွဲအတွင်း
    ခံကတုတ်စစ်ဆင်ရေး ၇၈
အင်္ဂလိပ်အစိုးရသို့ ထီးတော်အပ်ခြင်း ၁၀၉
အင်္ဂလန်ပြန် မတ်ရပ်ရုပ်ပွား ၂၈၁
အင်္ဂါထောင့် ၂၈၃
"အင်္ဂုတ္တရနိကာယ" ၃၃၈
"အင်္ဂုတ္တိုရ်ပါဠိတော်" ၃၃၇
"အင်္ဂုတ္တိုရ်အဋ္ဌကထာ" ၃၃၇၊ ၃၃၉
"အင်းဒိီးယန်းအင်တီကွာရီဂျာနယ်" ၃၄၀
အောင်၊ ဦး။ ကောင်းမှုဆည်းလည်း ၁၄၀
အောင်ကြီး၊ ဦး။ ဒေါ်စောညွန့်ကောင်းမှု ၂၅၉
အောင်ခြင်းရှစ်ပါးမှုဂျ ၂၈၈
အောင်ခြင်းရှစ်ပါးပန်းချီ ၂၅၁
အောင်ခြင်းရှစ်ပါးပန်းချီကား ၂၅၀
အောင်ဆန်း၊ ဗိုလ်ချုပ် ၂၁၄၊ ၂၁၅၊ ၂၆၈

# အကၡရာစဉ်အညွှန်း


အောင်ဆန်း၊ ကျောင်းသားခေါင်းဆောင် — ၂၀၉
အောင်ဇေယျ၊ ဦး။ (အလောင်းဘုရား) ၆၃
အောင်ဇေယျ၊ ဦး။ ကောင်းမှု ၁၀၀–၁၀၁
အောင်မြေရန်နိုင်မြို့ ၇၃
အောင်ရွှေထီး တန်ဆောင်းမှုပန်းပုရုပ် ၂၅၆
အဇ္ဈတ္တနဂရမင်း ၂၄
အဇ္ဈတ္တနဂရမြို့သို့ ဆံတော်ရောက်ရှိခြင်း ၂၄
ဧည့်သည်တော် မှတ်တမ်းစာအုပ် ၂၈၃
ဥတ္တမ၊ ဦး။ ပန်းချီ ၂၄၈၊ ၂၉၂
ဥတ္တရထေရ် ၃၇
ဥက္ကလာ ၁၇၉
ဥက္ကလာပ ၃၃၉၊ ၃၄၀၊ ၃၄၃–၃၄၅
ဥက္ကလာပမင်းကြီး ၂၀၊ ၂၅၊ ၁၇၈၊ ၂၇၂
  ရုပ်တု ၂၆၀
  ၏ အမျိုးအနွယ် ၂၅–၂၆
ဥက္ကလာပမင်းဆက် ၃၂ ဆက် ၃၇
ဥက္ကလာပမြို့၏ အမည်ကွဲများ ၃၄၄
  ၏ ရင်းမြစ် ဆွေးနွေးချက် ၃၄၃–၃၄၄
အိန္ဒိယနှင့် အရှေ့တိုင်းဆိုင်ရာဗိသုကာပညာ ၁၄၉
အိမ်တော်ရာစေတီ ၁၉၁
ဦး၊ ဒေါ်။ တန်ဆောင်း ၂၅၆
ဩဝါဒါစရိယ ဆရာတော်ကြီးများ ၂၂၈


---

## အမှားပြင်ဆင်ချက်

| စာမျက်နှာ | စာကြောင်း | အမှား | အမှန် |
|---|---|---|---|
| ၇ | ၁၀ | သောမတ်ဘာတာ | သောမတ်ဘာဘာ |
| ၁၃ | ၉ | ပေ ၆၀ | ၆၆ ပေ |
| ၇၀ | ၁၅ | ၃၈ ပေ၊ ၆ လက်မ | ၃၈ ပေ၊ ၉ လက်မ |
| ၇၂ | ၁၁ | ၁၁ ပေ၊ ၃ လက်မ | ၁၁ ပေ၊ ၆ လက်မ |
| ၇၂ | ၁၁ | ထု ၁၃ို ပေ | ထု ၁.၃နို ပေ |
| ၁၃၇ | ၁၆ | ခရစ်နှစ် ၁၇၇၁ ခု | ခရစ်နှစ် ၁၇၇၅ ခု |
| ၁၆၄ | ၁ | ၈၈.၂၃ ပေ | ၁၁၂.၂၅ ပေ |
| ၂၇၆ | ၅ | မြောက်ဖက် | အရှေ့ဖက် |




၁၃၄၈၉

ရွှေဝင်စတော
မြေကဖွိုးမောက်
ပေါက်တိုသလော
တွေးတောမူးမော်
အောက်မေ့သော်မူ
ရှုမြော်မရဲ
တလဲလဲလျှင်
မစဲမည်
ရွှေတိလှုံမျှ

— နဝဒေးကြီး

